ကြည်မာစာပေ

www.burmeseclassic.com

# Harry Potter AND THE CHAMBER OF SECRETS

J. K. ROWLING



BURMESE CLASSIC

# ဟယ်ရီပေါ်တာ နှင့် လျှို့ဝှက်အခန်း

ကြည်ကြည်မာ ပြန်ဆိုသည်

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၂၂၆/၂၀၀၃ (၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၅၅/၂၀၀၃ (၂) |
| မျက်နှာဖုံးပုံနှိပ်သူ | ဦးကျော်စိန်<br>ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၀၉)<br>၁၇၀၊ ၃၃-လမ်း၊ ရန်ကုန်။ |
| အတွင်းပုံနှိပ်သူ | ဦးမြတ်ကျော် (မြ-၀၅၅၅)<br>စာလုပ်ငန်းပုံနှိပ်တိုက်<br>၁၉၄၊ ၃၃-လမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သန်းသန်းရီ<br>စန္ဒာဝင်းစာပေ (၀၁၆၃၀)<br>အမှတ်-၃၀၊ ဗိုလ်ကလေးဈေးလမ်း၊ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသည့်ကာလ | ဧပြီလ၊ ၂၀၀၃-ခုနှစ် |
| တန်ဖိုး | ၁၂၅၀ ကျပ် |


မူရင်း -

Harry Potter
and
the Chamber of Secrets
J.K.Rowling

ကျန်းအိုက်ရှင်း၏ တရုတ်ဘာသာပြန်မှ မြန်မာပြန်သည်


ကြည်ကြည်မာစာပေ
အမှတ်-၁၈၉(ခ)/၂၊ ၃၄-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၂၅၄၁၀၆


www.burmeseclassic.com

www.burmeseclassic.com

# ဟယ်ရီ–ပေါ်တာ

# နှင့်

# လျှို့ဝှက်အခန်း

ကြည်ကြည်မာ
(မြန်မာပြန်)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## ၁။ အခြေအနေအဆိုးဆုံးမွေးနေ့

ထိုနေ့က အမှတ်-၄၊ ရေဖယောင်းပင်လမ်းရဲ့နံနက် လက်ဖက်ရည်သောက်စဉ်မှာ အငြင်းအခုံ ဖြစ်ရပြန်တယ်။ အစောကြီး ရှိသေးတယ်။ မစ္စတာအန္တီ-ဒါစလီဟာ တူတော်သူ ဟယ်ရီ့အခန်းထဲက ဆူသံအော်သံကြောင့် နိုးလာရတယ်။

"ဒီအပတ်မှာ ဒါတတိယအကြိမ်ပဲ" သူက စာပွဲတစ်ဖက်ကနေ အော်သောက်တယ်။ "အဲဒီ ဇီးကွက်ကို မင်းမထိန်းသိမ်းနိုင်ဘူးဆိုရင်၊ ဒီမှာ မထားနဲ့"

ဟယ်ရီက နောက်တစ်ကြိမ်ရှင်းပြဖို့ ကြိုးစားတယ်။

"သူသိပ်ပျင်းနေလို့ပါ။ သူအပြင်မှာ ပျံသန်းလေ့ရှိပါတယ်။ ညည သူ့ကို လွှတ်ပေးရင် . . . ."

"မင်းက ငါ့ကို အေ့မျှားထင်နေသလား" ဦးလေး ဗာနွန်က ဟောက်တယ်။ ကြက်ဥကြော်တစ်မျှင်ဟာ သူ့ထူထဲတဲ့ မုတ်ဆိတ်ပေါ်မှာ လှုပ်ခါနေတယ်။ "ဇီးကွက်တစ်ကောင်ကို လွှတ်ပေးလိုက်ရင် ဘယ်လိုဖြစ်မယ်ဆိုတာ ငါသိတယ်"

သူဟာ သူ့ဇနီး ဖီချူနီယာနဲ့ အကြည့်ချင်း ဖလှယ်လိုက်တယ်။

ဟယ်ရီက ပြန်ချေပချင်တယ်။ ဒါပေမယ့် သူ့စကားဟာ အစ်ကိုဝမ်းကွဲ ဒါလီရဲ့ အသံကျယ်ကျယ် ရှည်ရှည်ထိုးလိုက်တဲ့ အဝလွန် ကြို့ထိုးသံထဲ ထိမ်မြုပ်သွားတယ်။

"ကျွန်တော် ဝက်ပေါင်ခြောက် နည်းနည်းလိုချင်သေးတယ်"

"ဒယ်အိုးထဲမှာ အများကြီး၊ ရတနာလေး" အဒေါ် ဖီချူနီယာဟာ မိမိရဲ့ အကောင်ကြီးကြီးသားလေးကို ရွှန်းလဲ့စွာကြည့်ပြီး ပြောတယ်။ "မင်းကို အချိန်ရသလောက် ဝတုတ်လာအောင် ကျွေးရမယ် ...... ကျောင်းထမင်း ကျောင်းဟင်းသံကြားရရင် ငါစိတ်မချမ်းသာဘူး ......"

"မဟုတ်တာကွာ၊ ကျွပ်စမယ်တင်မှာ ကျောင်းနေတုန်းက ဘယ်တုန်းကမှ မငတ်ခဲ့ပါဘူး" ဦးလေး ဒါစလီဟာ စိတ်လှုပ်ရှားစွာနဲ့ ပြောတယ်။ "ဒါလီ စားရတာမညံ့ဘူး မဟုတ်လား၊ သားလေး"

ဒါလီဟာ ဝလွန်းလို့ တင်ပါးပေါ်က အသားစိုင်ဟာ ထိုင်ခုံဘေးနှစ်ဘက်က ထွက်ကျနေတယ်။ သူက သွားဖြဲရယ်လိုက်ပြီး ဟယ်ရီ့ဘက်လှည့်ပြောတယ်။

"ဒယ်အိုးကမ်းပေးစမ်း"

"မင်း ဂါထာရွတ်ဖို့ မေ့နေပြီ" ဟယ်ရီက ဒေါသထွက်လို့ ပြောလိုက်တယ်။

ဒီလိုစကားလေးတစ်ခွန်းဟာ အိမ်ရှိ ကျန်လူများကို နားမလည်နိုင်လောက်အောင် ဂယက်ရိုက်သွားတယ်။ ဒါလီဟာ အသက်ရှူတန့်သွားပြီး ထိုင်ခုံပေါ်က ထိုးကျသွားတယ်။ မီးဖိုချောင်တစ်ခုလုံး တုန်ခါသွားတယ်။ မဒမ် ဒါစလီဟာ စူးရှစွာ အော်လိုက်ပြီး ပါးစပ်ကို လက်နဲ့ ပိတ်ထားတယ်။ မစ္စတာ ဒါစလီဟာ ခုန်ထလိုက်တယ်။ နားသယ်ပေါ်က အကြောတွေ ဖုထနေတယ်။

"ကျွန်တော် ပြောလိုတာက 'ကျေးဇူးပြုပြီး' လို့ ပြောဖို့ပါ" ဟယ်ရီက ဝမန်းဝတန်းပြောတယ်။ "ကျွန်တော်က ဟို —"

"ငါမင်းကို ပြောထားတယ် မှတ်လား" ဦးလေးက ဒေါသနဲ့ဆူတယ်။ တံတွေးတွေ စားပွဲပေါ်စင်ကျလာတယ်။ "ငါတို့အိမ်မှာ ဟိုဟာနဲ့ ဆိုင်တဲ့ စော်ဟာရ မပြောရဘူး"

"ဒါပေမယ့် ကျွန်တော် —"



"မင်းက ဒါလီကို ခြိမ်းခြောက်တာလား" ဦးလေး ဗာနွန်က စားပွဲကို ထုပြီး ဟောက်ဟစ်တယ်။

"ကျွန်တော်က —"

"ငါမင်းကို သတိပေးထားတယ်နော်။ မင်း ငါ့အိမ်မှာ မင်းရဲ့ ထူးခြားတဲ့ အတတ်ကို မပြောရဘူး"

"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ "ကောင်းပါပြီ ......"

ဦးလေး ဗာနွန်ထိုင်လိုက်တယ်။ မောနေတဲ့ ကြံ့တစ်ကောင်လို အသက်ပြင်းပြင်းရှူနေတယ်။ သူ့မျက်စိသေးသေးလေးနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။

ဟယ်ရီ နွေရာသီကျောင်းပိတ်ရက် အိမ်ပြန်လာတာတည်းက ဦးလေး ဗာနွန်ဟာ သူ့ကို ချိန်ကိုက်ဗုံးတစ်လုံးလို သဘောထားတယ်။ ဟယ်ရီဟာ ပုံမှန် ကလေးတစ်ယောက် မဟုတ်လို့ပဲ။ စင်စစ်သူဟာ အလွန့်ကို ပုံမမှန်ဘူး။

ဟယ်ရီ-ပေါ်တာဟာ မှော်ဆရာတစ်ယောက်ဖြစ်တယ် — ဟော့ဂ်ဝပ် မှော်ပညာကျောင်းမှာ ပထမနှစ်တက်ပြီးခဲ့သေးတယ်။ တကယ်လို့ ဒါစလီတွေ နွေရာသီကျောင်းပိတ်ရက် သူအိမ်ပြန်လာတာကြောင့် စိတ်ပျက်သွားကြရင် သူတို့ မပျော်တာ ဟယ်ရီခံစားရတာနဲ့စာရင် ဘာမှ မပြောပလောက်ပါဘူး။

သူဟာ ဟော့ဂ်ဝပ်ကို အရမ်းပဲ လွမ်းမိတယ်၊ ရင်ထဲမှာ နာနေအောင် လွမ်းတယ်။ အဲဒီ ရဲတိုက်ရှည်ကြီး၊ လျှို့ဝှက်တဲ့ လမ်းတွေနဲ့ ဝိညာဉ်တွေ သရဲတစ္ဆေတွေရှိတာကို လွမ်းတယ်။ အိမ်ရဲ့ ကျောင်းသင်ခန်းစာတွေကို သတိရတယ်။ (မှော်ဆေးပညာဆရာ စနိတ်ပ်ရဲ့ သင်ခန်းစာကလွဲလို့ပေါ့) ပြီးတော့ စာပို့ ဇီးကွက်တွေ လာတာတွေ၊ ခန်းမဆောင်ကြီးထဲက ထမင်းစားပွဲကို လွမ်းတယ်။ သူ့အဆောင်ထဲက တိုင်လေးတိုင်နဲ့ ခုတင်ကို လွမ်းတယ်။ တောအုပ်စပ်က သစ်သားအိမ်ကလေးနဲ့ တောစောင့်ကွင်းအစောင့် ဟက်ဂရစ်ကို လွမ်းတယ်။ ကွစ်ဒစ်ကို ပိုပြီးလွမ်းမိတယ် — မှော်လောကမှာ ခေတ်အစားဆုံး အားကစား (မြင့်တိုင်ပိုက်ကွင်းခြောက်ခု၊ ပျံတတ်တဲ့ ဘောလုံးလေးလုံး၊ တံမြက်စည်းစီးတဲ့ ကစားသမား ဆယ့်လေးယောက်)။

ဟယ်ရီအိမ်ပြန်ရောက်တာနဲ့ ဦးလေးဗာနွန်ဟာ သူ့ဂါထာစာအုပ်၊ မှော်ကြိမ်လုံး၊ ဝတ်ရုံရှည်၊ ဒေါက်ချွန်တဲ့ ဦးထုပ်နဲ့ အဆင့်မြင့်တံမြက်စည်း နင်းဘတ်စ် ၂၀၀၀ ကို လှေခါးအောက်က ဝမ်းလျှိုခန်းထဲ မှောင်မည်းနေတဲ့ အခန်းထဲ သော့ခတ်ထားလိုက်တယ်။ ဟယ်ရီဟာ နွေကျောင်းပိတ်ရက်တစ်လျှောက်လုံး

www.burmeseclassic.com



မလေ့ကျင့်လို့ ကျောင်းနွေဒစ်အသင်းက ထုတ်ပစ်တာခံရမှာကို ဒါစလီ အိမ်သားတွေ ဘာမှ ဂရုမစိုက်ဘူး။ ဟယ်ရီရဲ့ အိမ်စာတွေလည်း နည်းနည်းမှ မလုပ်ရသေးဘူး။ ကျောင်းပြန်ရောက်လို့ မအပ်နိုင်ရင်လည်း သူတို့နဲ့ ဘာမှ မဆိုင်ဘူးပေါ့။ ဒါစလီ အိမ်ထောင်ဟာ မှော်ဆရာတွေ ပြောတဲ့ "မတ်ဂေါ်" တွေဖြစ်တယ်။ (သွေးထဲ မှာ မှော်ဆရာသွေးတစ်စက်မှ မပါဘူး)။ သူတို့အဖို့ ပြောရရင် အိမ်မှာ မှော် ဆရာတစ်ယောက်ရှိတာဟာ သိပ်ကို ရှက်စရာကောင်းတယ်။ ဦးလေးဗာနွန်ဟာ ဟယ်ရီရဲ့ ဇီးကွက် ဟက်ဒဝစ်ကိုတောင် ၎င်းရဲ့ လှောင်အိမ်ထဲမှာ သော့ခတ် ထားတယ်။ ၎င်းကို မှော်လောကက လူတွေဆီ စာပို့ခွင့် မပေးဘူး။

ဟယ်ရီ ရုပ်ရည်ဟာ ဒီအိမ်ထောင်က လူတွေနဲ့ နည်းနည်းမှ မတူဘူး။ ဦးလေးဗာနွန်ဟာ ဝဝတုတ်တုတ်ကြီး၊ လည်ပင်းတောင်မရှိဘူး။ အလွန်ထူထဲတဲ့ မုတ်ဆိတ်ထားတယ်။ အဒေါ်ဗီချူနီယာကတော့ မျက်နှာရှည်ရှည်၊ အရိုး အဆစ်ကြီးကြီး။ ဒါလီဆံပင်က ရွှေရောင်၊ အသားအရေက ဖြူပြီး နီစပ်စပ်။ ဝဝတုတ်တုတ်။ ဟယ်ရီကတော့ ကိုယ်ထည်ပိန်သေးပြီး လင်းလက်တဲ့ မျက်စိ အစိမ်းရောင်ရှိတယ်။ မည်းနက်တဲ့ ဆံပင်ကတော့ အမြဲရှုပ်ပွနေတယ်။ နဖူး ပေါ်မှာ လျှပ်စီးလက်တဲ့ သဏ္ဍာန်နဲ့တူတဲ့ အမာရွတ် သေးသေးရှည်ရှည်လည်း ရှိတယ်။

ဒီအမာရွတ်ကြောင့် ဟယ်ရီဟာ မှော်ဆရာတွေထဲမှာတောင် တမူ ထူးခြားနေတယ်။ အဲဒီ အမာရွတ်ဟာ ဟယ်ရီရဲ့ လျှို့ဝှက်ဆန်တဲ့ အတိတ်က ပေးခဲ့တဲ့ တစ်ခုတည်းသော အမှတ်ရာဖြစ်တယ်။ လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်က သူ့ကို ဒါစလီတို့ အိမ်တံခါး နင်းတုံးပေါ် ဘာကြောင့် ချထားခံရသလဲဆိုတာကို ကိုးကားခန့်မှန်းဖို့အတွက် တစ်ခုတည်းသော သဲလွန်စဖြစ်တယ်။

ဟယ်ရီအသက်တစ်နှစ်အရွယ်မှာ ဗိုလဒီမွန့်ရဲ့ ကျိန်စာသင့်ပြီးနောက် အံ့ဩစဖွယ် အသက်ရှင်ကျန်ရစ်ခဲ့တယ်။ ဗိုလဒီမွန့်ဟာ သမိုင်းမှာ အဆော်ဆုံး မှော်နက်ဆရာဖြစ်တယ်။ မှော်ဆရာ မှော်ဆရာမအများစုဟာ သူ့နာမည်ကို မပြောဝံ့ကြဘူး။ ဟယ်ရီရဲ့ အဖေနဲ့ အမေဟာ အဲဒီ မှော်နက်ဆရာကြီး လက်ချက်နဲ့ သေရတာ။ ဒါပေမယ့် ဟယ်ရီကတော့ ဘေးဘေးက လွတ်ခဲ့တယ်။ အဲဒီလျှပ်စီးလက်တဲ့ ပုံသဏ္ဍာန်ရှိတဲ့ အမာရွတ်ပဲ ကျန်ရစ်ခဲ့တယ်။ ပြီးတော့ ဘာကြောင့်မှန်းမသိဘူး။ အဲဟို ဆိုးဝါးတဲ့ ကျိန်စာဟာ ဟယ်ရီအပေါ်မှာ ပျက်ပြယ်ခဲ့ရပြီးနောက်၊ ဗိုလဒီမွန့်ရဲ့ မှော်အစွမ်းဟာလဲ ချေမှုန်းခံလိုက်ရသလို ဖြစ်သွားတယ်။



ဒါကြောင့် ဟယ်ရီဟာ သူ့အဒေါ်နဲ့ အဒေါ့်ခင်ပွန်းတို့က မွေးမြူကြီးပြင်းလာတာ ဖြစ်တယ်။ သူဟာ ဒါစလီတို့အိမ်မှာ ဆယ်နှစ်နေခဲ့တယ်။ သူဟာ ထောင်မှတ်ဘဲ ထူးဆန်းတဲ့ အဖြစ်အပျက်တွေ ဖြစ်စေခဲ့တာကို သူ့အနေနဲ့ ဘာမှန်းကို မသိခဲ့ဘူး။ အကြောင်းက ဒါစလီတို့ မိသားစုက သူ့မိဘတွေ ဘာ့ဂ်တိုက်မှုမှာ သေဆုံးသွားကြပြီး သူ့အမာရွတ်ဟာလည်း ယာဉ်တိုက်မှုကြောင့် ရခဲ့တာလို့ ပြောထားလို့ဖြစ်တယ်။

လွန်ခဲ့တဲ့ တစ်နှစ်က ဟော့ဂ်ဝပ် မှော်ပညာကျောင်းက ဟယ်ရီကို စာရေးပေးတယ်။ ဒီတော့မှ မိမိဘဝအကြောင်းသိခဲ့ရတယ်။ သူဟာ မှော်ပညာ သင်ကျောင်းကို တက်ခဲ့တယ်။ အဲဒီမှာ သူရော သူ့အမာရွတ်ပါ နာမည်ကြီး သယ် . . . . . . ဒါပေမယ့် အခုတော့ ကျောင်းတစ်နှစ်ကုန်ဆုံးသွားပြီ။ သူဟာ ဒါစလီတို့ အိမ်ကို နွေရာသီကျောင်းပိတ်ရက်အတွက် ပြန်ရောက်လာတယ်။ သူတို့က သူ့ကို ညစ်ပတ်တဲ့ နေရာမှာ လူးလှိမ့်ဖူးတဲ့ ခွေးတစ်ကောင်လို သဘောထားတယ်။

ဒါစလီ မိသားစုဟာ ဒီနေ့ဟာ ဟယ်ရီရဲ့ ဆယ့်နှစ်နှစ်မြောက် မွေးနေ့ဆိုတာ မေ့နေတယ်။ ဟယ်ရီကလည်း သိပ်တော့ မမျှော်လင့်ပါဘူး။ သူတို့ဘာ သူ့ကို တူတူတန်တန်လက်ဆောင်ဆိုလို့ ဘယ်တုန်းကမှ မပေးခဲ့ဘူး။ မွေးနေ့ကိတ်ဆိုတာ ဝေလာဝေး — ဒါပေမယ့်၊ မေ့ထားတယ် မပြောဘူး . . .

ဒီအချိန်မှာပဲ ဦးလေးဗာနွန်က တမင်တကာ လည်ချောင်းရှင်းလိုက်တယ်။ သူက ပြောတယ်။ "တို့အားလုံး သိတာက ဒီနေ့ဟာ အလွန်အရေးကြီးတဲ့နေ့ပဲ"

ဟယ်ရီက ခေါင်းမော့လိုက်တယ်။ မိမိနားကိုတောင် မယုံဝံ့သလိုဖြစ်နေတယ်။

"ဒီနေ့ ကျုပ်ဘဝမှာ အကြီးမားဆုံးအရောင်းအဝယ် ဖြစ်လိမ့်မယ်လို့ ထင်တယ်" ဦးလေးဗာနွန်က ပြောတယ်။ "ရှစ်နာရီမှာ အားလုံးနေရာယူကြ ပီချူနီယာ၊ မင်းက — ?"

"ဧည့်ခန်းထဲမှာနေမယ်" အဒေါ်ပီချူနီယာက ချက်ချင်းပြောတယ် "သူတို့အလာကို ရင်းနှီးစွာ ကြိုဆိုဖို့စောင့်နေမယ်"

www.burmeseclassic.com

"သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်။ ဒါလီကကော"

"ကျွန်တော် သူတို့ကို တံခါးဖွင့်ပေးဖို့ စောင့်နေမယ်" ဒါလီဟာ မှုံရေ ထင်လုပ်တဲ့ အပြုံးနဲ့ "ကျွန်တော် အင်္ကျီလုထားပေးမယ်နော်၊ မစ္စတာ မေဆန်နဲ့ မဒမ် ?"

"သူတို့ သူ့ကို နှစ်သက်မှာ" အဒေါ်ဗီချူနီယာက ဝမ်းသာအားရ ပြောတယ်။

"သိပ်ကောင်းတာပဲ၊ ဒါလီ" ဦးလေးဗာနွန်က ပြောတယ်။ ဒီနောက် သူဟာ မျက်ထောက် ဟယ်ရီဘက်လှည့်လိုက်တယ်။ "ဒါဖြင့်ရင် မင်းကကော"

"ကျွန်တော် ကျွန်တော့် အခန်းထဲမှာ နေမယ်။ အသံနည်းနည်းမှ မထွက်ဘဲ ကျွန်တော် အိမ်မှာ မရှိသလိုနေမယ်" ဟယ်ရီက အသံအနိမ့်အမြင့် မရှိဘဲ ပြောတယ်။

"ဟုတ်ပြီ" ဦးလေး ဗာနွန်က မျက်နှာထားကြီးနဲ့ ပြောတယ်။ "ငါက သူတို့ကို ဧည့်ခန်းထဲခေါ် လာမယ်။ မင်းနဲ့ တွေ့ပေးမယ် — ဗီချူနီယာ၊ သူတို့ကို အချော်ရည်ကော ထည့်တိုက်မယ်။ ရှစ်နာရီ ၁၅ မိနစ် —"

"ကျွန်မက ညစာစားပွဲပြင်ပြီလို့ ကြေညာမယ်" အဒေါ်ဗီချူနီယာက ပြောတယ်။

"ဒါလီ၊ မင်းပြောရမှာက —"

"ကျွန်တော် ထမင်းစားခန်းလိုက်ပို့မယ် မဒမ်မေဆန်" ဒါလီက ပြောတယ်။ ပြောရင်း သူ့လက်မောင်း တုတ်တုတ်ကို မြင်ရသေးတဲ့ အဲဒီ အမျိုးသမီးကို ကမ်းပေးတယ်။

"တယ်လဲ စံချိန်မီတဲ့ လူကြီးလူကောင်းကလေး" အဒေါ်ဗီချူနီယာက နှာခေါင်းရှုံ့ရင်း ပြောတယ်။

"မင်းကကော" ဦးလေး ဒါစလီက မျက်နှာထားနဲ့ ဟယ်ရီကို မေးတယ်။

"ကျွန်တော် ကျွန်တော့်အိပ်ခန်းထဲမှာ အသံနည်းနည်းမှ မထွက်ဘဲ နေမယ်။ ကျွန်တော်အိမ်မှာ မရှိသလိုနေမယ်" ဟယ်ရီက စိတ်မပါဘဲ ပြောတယ်။

"ဟုတ်ပြီ။ အခု တို့ထမင်းစားချိန်မှာ ချီးကျူးတဲ့စကား ပြောရမယ်။ ဗီချူနီယာ မင်းသာအကြံပေးမယ်"



"မစ္စတာ မေဆန်။ ဗာနွန်က ကျွန်မကို ပြောတယ်။ ရှင် ဂေါ့ဖ်ရိုက် သိပ်တော်တာပဲတဲ့ . . . . . . မဒမ်မေဆန်၊ ရှင့်အင်္ကျီဘယ်မှာ ဝယ်တယ်ဆိုတာ ကျွန်မကို ပြောပြပါဦးရှင် . . . . . ."

"အလွန်ကောင်းတယ် . . . . . . ဒါလီကော"

"ဒီလိုကောင်းမလား၊ 'မစ္စတာ မေဆန်၊ ဆရာက ကျွန်တော့်ကို မိမိအကြည်ညိုဆုံး လူအကြောင်းရေးခိုင်းတယ်။ ကျွန်တော်က သင့်အကြောင်း ရေးပါတယ်' "

ဒီလိုဆိုတော့ အဒေါ်ဗီချူနီယာနဲ့ ဟယ်ရီတို့ သိပ်ကို စိတ်လှုပ်ရှားသွားစေတယ်။ ဗီချူနီယာက ဝမ်းသာလို့ မျက်ရည်များတောင် ကျလာတယ်၊ သူ့သားကိုလဲ တအားဖက်ထားတယ်။ ဟယ်ရီကတော့ ခေါင်းကို စားပွဲခုံအောက် ဝှက်ထားတယ်။ သူတအားရယ်တာ သူတို့တွေ့သွားမှာစိုးလို့။

"မင်းကကော၊ ဟယ်ရီ"

ဟယ်ရီက ကိုယ်ကိုမတ်ပြီး မျက်နှာကြီး တင်းအောင် မနည်းကြိုးစားတယ်။

"ကျွန်တော် အိပ်ခန်းထဲမှာနေမယ်။ အသံမထွက်ဘူး။ ကျွန်တော် အိမ်မှာ မရှိသလိုနေမယ်"

"ဒါဆိုမှန်တယ်" ဦးလေး ဗာနွန်က အားထုတ်ပြောတယ်။ "မေဆန်တို့ သင်မလားဟာ မင်းကိုသိတောင် မသိဘူး။ ဒီအတိုင်း ဆက်ရှိပစေ။ ဗီချူနီယာ ညစာစားပြီးနောက် မင်းနဲ့ မဒမ်မေဆန် ဧည့်ခန်းပြန်လာပြီး လက်ဖက်ရည်သောက်။ ငါက ဖောက်စက်ဖက် စကားလှည့်မယ်။ ကံကောင်းရင်တော့ ညဆယ်နာရီ သတင်းမလွှင့်ခင်မှာပဲ လက်မှတ်ထိုးတံဆိပ်နှိပ်ပြီးတဲ့ သဘောတူစာချုပ် လက်ထဲရောက်လိမ့်မယ်။ မနက်ဖြန် ဒီအချိန်မှာ မာဂျော်ခါက လုံးချင်းအိမ်ကို တို့ရွေးဝယ်နိုင်ပြီပေါ့"

ဟယ်ရီဟာ သိပ်စိတ်မလှုပ်ရှားပါဘူး။ ဒါစလီတို့ မိသားစု မာဂျော်ခါကို ရောက်လို့လဲ ရေဖယောင်းပင်လမ်းမှာထက် သူ့ကို နည်းနည်းပိုနှစ်သက်လိမ့်မယ်လို့ သူ မထင်ဘူး။

"ကောင်းပြီ — ငါမြို့ထဲသွားပြီး ဒါလီ့ဧည့်ခံပွဲ အဝတ်အစားသွားယူမယ်။ မင်းကကော" သူက ဟယ်ရီကို အော်ပြောတယ်။ "မင်းအဒေါ် အဝတ်လျှော်တဲ့အခါမှာ အနှောင့်အယှက်ပေးမနေနဲ့."

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ နောက်ဖေးတံခါးက ထွက်လာတယ်။ အပြင်မှာ ရာသီဥတု ကြည်လင်ပြီး နေပူနေတယ်။ သူဟာ မြက်ခင်းကို ဖြတ်ကျော်ပြီး ပန်းခြံထဲက ခုံတန်းရှည်ပေါ် ထိုင်ချလိုက်တယ်။ အသံနိမ့်ပြီး သီချင်းဆိုလိုက်တယ်။

"မွေးနေ့မှာ ပျော်ရွှင်ပါစေ . . . . . . မွေးနေ့မှာ ပျော်ရွှင်ပါစေ . . . . . ."

လက်ဆောင်ကဒ်မရှိဘူး။ လက်ဆောင်ပစ္စည်းမရှိဘူး။ ဒီနေ့ညမှာလည်း မိမိမရှိသလို အယောင်ဆောင်ရဦးမယ်။ သူဟာ သစ်ပင်ခြံစည်းရိုးကို ဝမ်းနည်းစွာစိုက်ကြည့်နေတယ်။ သူဘယ်တုန်းကမှ ခုလောက် အထီးကျန်သလို မခံစားခဲ့ရဘူး။

သူဟာ အကောင်းဆုံး သူငယ်ချင်း ရွန်-ဝယ်စလီနဲ့ ဟာမီး-ဂရန်ဂျာကို အထူးသတိရနေတယ်။ ဟော့ဂ်ဝပ်က ခွေဒစ်အပါအဝင် တခြားအရာအားလုံးထက် ပိုပြီး သတိရနေတယ်။ သူတို့ကတော့ သူ့ကို နည်းနည်းမှ သတိမရသလိုပဲ။ နွေရာသီကျောင်းပိတ်ရက် တစ်ခုလုံး ဘယ်သူမှ သူ့ကို စာရေးမပေးသလိုပဲ။ ရွန်က ဟယ်ရီကို သူ့အိမ်လာလည်ဖို့ ခေါ်မယ်လို့ပြောခဲ့သေးတယ်။

ဟယ်ရီဟာ ဟက်ဒဝစ် လှောင်အိမ်ကို မှော်ပညာနဲ့ ဖွင့်ပစ်ပြီး ရွန်နဲ့ ဟာမီးဆီ စာပို့ဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့တယ်။ ဒါပေမယ့် ဒါသိပ်ကို အန္တရာယ်ကြီးတယ်။ အရွယ်မရောက်သေးတဲ့ မှော်ဆရာဟာ ကျောင်းအပြင်ဘက်မှာ မှော်ပညာ သုံးခွင့်မရှိဘူး။ ဒီသတ်မှတ်ချက်ကို ဟယ်ရီက ဒါစလီမိသားစုကို ပြောမပြဘူး။ ဒီမိသားစုဟာ သူက သူတို့ကို ချေးပိုးကောင်ဖြစ်အောင် ဖန်ဆင်းမှာစိုးလို့သာ သူနဲ့ သူ့မှော်ကြိမ်လုံးတို့၊ မိုးပျံတံမြက်စည်းတို့ကို လှေခါးအောက်က ဘီဒိုခန်းထဲ သော့ခတ်ထားတာဆိုတာ သူသိတယ်။ အိမ်ပြန်ရောက်တဲ့ ပထမနှစ်ပတ်မှာ ဟယ်ရီဟာ ပါးစပ်က တတွတ်တွတ် ရွတ်ဟန်ဆောင်တယ်။ ပြီးနောက် ဒါလီဟာ ငိုရင်း သူ့ခြေထောက် တုတ်တုတ်နှစ်ချောင်း သယ်နိုင်သလောက် မြန်မြန် အိမ်ပြင်ထွက်ပြေးတာကို ဝမ်းသာစွာကြည့်နေတယ်။ ဒါပေမယ့် ရွန်နဲ့ ဟာမီးတို့ သူ့ကို စာမပို့တဲ့အတွက် ဟယ်ရီဟာ မိမိနဲ့ မှော်လောက အဆက်ပြတ်သွားသလို ခံစားရတယ်။ ဒါလီကို ကျီစားရတာလည်း အရသာမရှိတော့ဘူး — အခုဆိုရင် ရွန်နဲ့ ဟာမီးဟာ သူ့မွေးနေ့ကိုတောင် မေ့ထားကြပြီ။

ဟော့ဂ်ဝပ်က သတင်းလေး နည်းနည်းသာရမယ်ဆိုရင် ဘယ်မှော်ဆရာမ ဒါမှမဟုတ် မှော်ဆရာဆီကရရ သူစွန့်စားပစ်လိုက်မှာပဲ။ သူဟာ သူ့ရန်သူ



ဒြာခို-မော်ဖိုင်ကိုတောင် မြင်ရရင် မြင်တွေ့ချင်တယ်။ ဒါတွေအားလုံး အိပ်မက်မဟုတ်ဘူးဆိုတာ သက်သေပြလို့ရရင်ပေါ့ . . . . . .

သူဟာ ဟော့ဂ်ဝပ်မှာ နေခဲ့တဲ့ တစ်နှစ်အတွင်း အကုန်လုံး ပျော်စရာကြီး မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ကျောင်းပတ်မှာ ဟယ်ရီဟာ ဗိုလ်ဒီမွန့်နဲ့ မျက်နှာချင်းဆိုင် တွေ့ဆုံခဲ့တယ်။ ဗိုလ်ဒီမွန့်ဟာ အရင်ကနဲ့ ဘာမှမဆိုင်ပေမယ့် ရက်စက်ဆိုးဝါးပြီး ကြောက်စရာကောင်းမြဲ၊ ကောက်ကျစ်ကလိမ်ကျမြဲဖြစ်တယ်။ မိမိရဲ့ မှော်အစွမ်းကို ပြန်ရအောင်လုပ်ဖို့ ဆုံးဖြတ်ထားဆဲဖြစ်တယ်။ ဟယ်ရီဟာ ဗိုလ်ဒီမွန့်လက်က နောက်တစ်ကြိမ်လွတ်မြောက်ခဲ့တယ်။ ဒါပေမယ့် သိပ်ကို သီသီလေးရယ်။ အခု ရက်သတ္တပတ်အချို့ကြာခဲ့ပေမယ့် ဟယ်ရီဟာ ညည လန့်နိုးပြီး ချွေးစေးတွေပြန်နေတယ်။ ဗိုလ်ဒီမွန့် အခု ဘယ်မှာလဲဆိုတာ တွေးနေမိတယ်။ ၎င်းရဲ့ စိမ်းပြာပြာမျက်နှာနဲ့ ဝိုင်းနေအောင်ဖြဲထားတဲ့ ရူးသွပ်တဲ့ မျက်စိကို သတိရနေတယ် . . . . . .

ဟယ်ရီ ရုတ်တရက် မတ်မတ်ထိုင်လိုက်တယ်။ သူဟာ ခြံစည်းရိုးပင်တွေကို စိတ်မပါဘဲ စိုက်ကြည့်နေတာ — ဒါပေမယ့် အခုခြံစည်းရိုးပင်က သူ့ကို စိုက်ကြည့်နေတယ်။ သစ်ရွက်တွေကြားမှာ အံ့ဩလောက်အောင်ကြီးတဲ့ အစိမ်းရောင် မျက်စိနှစ်လုံး ပေါ်ထွက်နေတယ်။

ဟယ်ရီ ခုန်ထလိုက်တယ်။ ဒီအချိန်မှာ မြက်ခင်းတစ်ဖက်က ကဲ့ရဲ့တဲ့ ရယ်သံကြားလိုက်ရတယ်။

"ဒီနေ့ ဘာနေ့လဲဆိုတာ ငါသိတယ်" ဒါလီဟာ ကိုယ်ကိုယ်မှုမြီး သူ့ဆီ လျှောက်လာတယ်။

ဟိုမျက်လုံးကြီးနှစ်လုံးဟာ မျက်တောင်ခတ်လိုက်ပြီး ပျောက်သွားတယ်။

"ဘာ" ဟယ်ရီက ပြောတယ်။ မျက်စိကတော့ ဟိုနေရာကိုပဲ စိုက်ကြည့်နေတယ်။

"ဒီနေ့ ဘာနေ့လဲဆိုတာ ငါသိတယ်" ဒါလီက နောက်တစ်ကြိမ်ထပ်ပြောရင်း သူ့ဘေးရောက်လာတယ်။

"သိပ်ကောင်းတယ်" ဟယ်ရီက ပြောတယ်။

"မင်း ဘာနေ့လဲဆိုတာ တွက်တတ်လာပြီပေါ့"

"ဒီနေ့ မင်းမွေးနေ့ပဲ" ဒါလီက သရော်ပြီးပြောတယ်။ "မင်းမှာ မွေးနေ့ကဒ်တောင် မရဘူးနော်။ မင်း ဟိုနေရာစုတ်မှာ မိတ်ဆွေတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မှတောင် မရှိဘူးလား"

"မင်း ငါ့ကျောင်းအကြောင်းပြောတာ မင်းအမေမကြားစေနဲ့" ဟယ်ရီက အေးစက်စက် ပြောတယ်။

ဒါလီက ဘောင်းဘီကို အပေါ်ဆွဲတင်တယ်။ သူ့ဘောင်းဘီဟာ သူ့ဖင်ဝတုတ်ပေါ်ကနေ လျှောကျနေတယ်။

"မင်း ခြံစည်းရိုးပင်တွေ ဘာလို့ကြည့်နေတာလဲ" သူက သံသယနဲ့ မေးတယ်။

"ဘယ်လို ဂါထာနဲ့ ၎င်းကိုမီးထလောင်အောင် လုပ်ရမလဲ တွေးနေတာ" ဟယ်ရီက ပြောတယ်။

ဒါလီဟာ ဂယိမ်းဂယိုင်နဲ့ နောက်ကို လေးငါးလှမ်း ဆုတ်လိုက်တယ်။ မျက်နှာပေါ်မှာလဲ ကြောက်လန့်တဲ့ အမူအရာနဲ့။

"မင်းမလုပ်နဲ့ — ငါ့အဖေက မင်းကို မှော်ပညာမသုံးရဘူးလို့ ပြောထားတယ် — သူက မင်းကို မောင်းထုတ်မယ်လို့ ပြောတယ် — မင်းမှာ သွားစရာ နေရာမရှိဘူး — မင်းကို လက်ခံမယ့် မိတ်ဆွေမရှိဘူး —"

"ဂျစ်ဂရီ ဖိုခရီ" ဟယ်ရီက အသံပြင်းပြင်း ပြောတယ်။ "ဟိုးခတ်စ် ဖိုးခတ်စ် ...... စခွီး ဂလီ ဝတ်ဂလီ ......"

"အမေ — အမေ" ဒါလီ ကုန်းအော်တယ်။ အိမ်ထဲကို တိုက်တိုက်ခိုက်ခိုက် ပြေးဝင်သွားတယ်။ "အမေ — အမေ၊ သူဟိုဟာ လုပ်နေပြန်ပြီ"

ဟယ်ရီဟာ အဲဒီခနတာမျှ ပျော်ရွှင်မှုအတွက် တန်ဖိုးပေးရပြီ။ ဒါလီနဲ့ ခြံစည်းရိုးပင်တွေ ဘာမှမဖြစ်တဲ့အတွက် သူမှော်ပညာမသုံးဘူးဆိုတာ အဒေါ်ဖီချူနီယာသိတယ်။ ဒါပေမယ့် သူမဟာ ဆပ်ပြာရည်တွေပေနေတဲ့ ဒယ်အိုးပြားနဲ့ သူ့ခေါင်းကို ရိုက်လိုက်တယ်။ သူအရှောင်မြန်ပေလို့ တော်သေးတယ်။ ဒီနောက် သူ့ကို အလုပ်လုပ်ခိုင်းတယ်။ မပြီးရင် အစာမစားရဘူး။

ဒါလီဟာ ရေခဲမုန့်စားရင်း တယမ်းယမ်းနဲ့ ဟယ်ရီ ပြတင်းပေါက်သုတ်တာ၊ ကားရေဆေးတာ၊ မြက်ခင်းညှိတာ၊ ပန်းရုံပြုစုတာ၊ နှင်းဆီပင်ကို အကိုင်းညှပ် ရေလောင်းတာ၊ ပန်းခြံထဲက ခုံတန်းရှည်ကို ဆေးပြန်သုတ်တာကို လိုက်ကြည့်နေတယ်။ နေပူကျဲကျဲထဲမှာ ဟယ်ရီဂုတ်ပိုး ပူစပ်နေတာပဲ။ သူ ဒါလို့ ထောင်ချောက်ထဲ မဝင်သင့်ဘူးဆိုတာ ဟယ်ရီသိတယ်။ ဒါပေမယ့် ဒါလီဟာ ဟယ်ရီ့စိတ်ခံစားချက်ကို ပြောတာမှန်တယ် ...... သူ ဟော့ဂ်ဝပ်မှာ



မိတ်ဆွေ လုံးဝမရှိတာလည်း ဖြစ်နိုင်တယ်......

"နာမည်ကြီး ဟယ်ရီ-ပေါ်တာရဲ့ လက်ရှိ ပုံပန်းသဏ္ဌာန်ကို သူတို့မြင်စေချင်တယ်" ပန်းခင်းကို သဘာဝမြေသြဇာကျွေးတဲ့အခါမှာ သူဟာ စိတ်ဆိုးစွာနဲ့ တွေးတယ်။ သူဟာ ခါးလည်းနာလာတယ်။ ချွေးတွေလည်း မျက်နှာပေါ်က စီးကျလာတယ်။

ည ၇-နာရီခွဲတော့မှ အဒေါ်ဖီချူနီယာ သူ့ကို ခေါ်သံကြားရတော့တယ်။ သူ့မှာလည်း အားအင်ကုန်ခန်းတော့မယ်။

"ဝင်ခဲ့၊ သတင်းစာကို နင်းပြီးလျှောက်"

ဟယ်ရီဟာ ဝမ်းသာစွာနဲ့ အေးမြတဲ့၊ လက်နေအောင် သုတ်သင်ထားတဲ့ မီးဖိုချောင်ထဲ ဝင်လိုက်တယ်။ ရေခဲသေတ္တာအပေါ်မှာ ဒီညစားဖို့ပူတင်းမုန့်တင်ထားတယ်။ ခေါက်ထားတဲ့ ခရင်တွေလဲ တပုံကြီးပဲ။ ဒီပြင် သကြားပက်ဖျန်းထားတဲ့ ခရမ်းရောင်မြင်းခွာရွက်။ ကင်ထားတဲ့ အသားတုံးကြီးဟာ ကင်ဖိုထဲမှာ တဖျစ်ဖျစ်မြည်နေတယ်။

"မြန်မြန်စား။ မေဆန်တို့လာတော့မယ်" အဒေါ် ဖီချူနီယာ စားပွဲခုံပေါ်က ပေါင်မုန့်နှစ်ချပ်နဲ့ ဒိန်ခဲတစ်ပုံကို လက်ညှိုးထိုးပြရင်း တင်းတင်းပြောတယ်။ သူမဟာ လိမ်မော်ရောင်ဖျော့ဖျော့ ကောက်တေးပါတီဝတ် အဝတ်အစားကို ဝတ်ထားပြီးပြီ။

ဟယ်ရီဟာ လက်ဆေးပြီး ၎င်းအတွက် သနားစရာ ညစာကို ဂမန်းဂတန်း မျိုချလိုက်တယ်။ သူစားပြီးတာနဲ့ အဒေါ်ဖီချူနီယာက ပန်းကန်တို သိမ်း ပစ်လိုက်တယ်။ "အပေါ်ထပ်တက်။ မြန်မြန်"

ဧည့်ခန်းဝက ဖြတ်သွားစဉ် ဟယ်ရီက ပါတီပွဲတက် အဝတ်အစားဝတ်ပြီး လည်စည်း စည်းထားတဲ့ ဦးလေးဗာနွန်နဲ့ ဒါလီကို တစ်ချက်ကြည့်လိုက်တယ်။ သူ လှေခါးရင်း ရောက်ရုံရှိသေးတယ်။ တံခါး ဂလိုင်သံပေါ်ထွက်လာတယ်။ ဦးလေး ဗာနွန်ရဲ့ ဒေါသရောင်သမ်းတဲ့ မျက်နှာကြီး လှေခါးအောက်မှာ ပေါ်ထွက်လာတယ်။

"မှတ်ထားနော်၊ ငနဲလေး — မင်းအသံ နည်းနည်းထွက်ကြည့် ......"

ဟယ်ရီဟာ ခြေဖော့ပြီး မိမိအိပ်ခန်းဝထိ လျှောက်သွားတယ်။ အသာလေးဝင်ပြီး တံခါးပိတ်လိုက်တယ်။ လှည့်ပြီး သူ့ခုတင်ပေါ် ထိုးလှဲဖို့ လုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

ခက်ပိုက ခုတင်ပေါ်မှာ တစ်ယောက်ထိုင်နေတယ်။



## ၂။ ဒေါ့ဘီရဲ့ သတိပေးချက်

ဟယ်ရီ ထအော်ဖို့ နည်းနည်းပဲလိုတော့တယ်။ ခုတင်ပေါ်က အကောင်ဆန်းမှာ လင်းနို့လိုနားရွက်ကြီး နှစ်ခု၊ ပြူးထွက်နေတဲ့ မျက်စိစိမ်းစိမ်းကြီးဟာ တင်းနစ်ဘောလုံးလောက်ကြီးတယ်။ ဟယ်ရီ ချက်ချင်းတွေးမိတာကတော့ မနက်က ပန်းခြံ ခြံစည်းရိုးပင်အပြင်က သူ့ကို ကြည့်နေတဲ့ မျက်စိနှစ်လုံးပဲ။

သူတို့ မျက်လုံးချင်း အပြန်အလှန်စိုက်ကြည့်နေတယ်။ ဒါလို့အသံ ထွက်လာဆီက ကြားရတယ်။

"ကျွန်တော် အကျိုးယူပေးပါရစေ၊ မစ္စတာနဲ့ မဒမ်မေဆန်"

အဲဒီ အကောင်ဆန်းဟာ ခုတင်ပေါ်က လျှောဆင်းပြီး ဦးညွတ်အလေးပြုတယ်။ သေးသေးရှည်ရှည် နှာခေါင်းတောင် ကော်ဇောနဲ့ ထိသွားတယ်။ သူ့ကိုယ်ပေါ်မှာ ဝတ်ထားတာ ခေါင်းအုံးစွပ်အဟောင်း။ လက်နဲ့ ခြေထောက်နေရာမှာ အပေါက်တွေဖောက်ထားတာ ဟယ်ရီသတိပြုမိတယ်။

"အော — မင်္ဂလာပါ" ဟယ်ရီက တမျိုးကြီးဖြစ်ပြီး ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ရီ-ပေါ်တာ" အဲဒီ အကောင်ဆန်းက စူးစူးအော်ပြောတယ်။ အောက်ထပ်က ကြားနိုင်တယ်လို့ ဟယ်ရီတွေးတယ်။ "ဒေါ့ဘီက သင့်ကို တွေ့ချင်နေတာ။ မစ္စတာ . . . . . . သိပ်ကို ဂုဏ်ယူပါတယ် . . . . . ."

"ကျေး — ကျေးဇူးတင်ပါတယ်" ဟယ်ရီဟာ ထရုံကပ်ပြီး ရွှေ့သွားတယ်။ သူ့စာပွဲရှေ့က ထိုင်ခုံမှာ ထိုင်လိုက်တယ်။ လှောင်အိမ်ကြီးထဲ အိပ်နေတဲ့ ဟက်ဒဝစ်နဲ့ ကပ်နေတယ်။ သူက "ခင်ဗျားက ဘာလဲ" လို့ မေးချင်တယ်။ ဒါပေမယ့် ဒီလိုဆိုရင် သိပ်မယဉ်ကျေးဘူးလို့ ထင်တာနဲ့ "ခင်ဗျား ဘယ်သူလဲ" လို့ မေးလိုက်တယ်။

"ဒေါ့ဘီပါ။ မစ္စတာ၊ ဒေါ့ဘီလို့ ခေါ်ပါ။ အိမ်မွေးမှင်စာလေးဒေါ့ဘီ" အဲဒီ အကောင်ဆန်းက ပြောတယ်။

"အော — ဟုတ်လား" ဟယ်ရီက ပြောတယ်။ "အော — ကျွန်တော် မရိုင်းချင်ပါဘူး။ ဒါပေမယ့် ခုချိန်မှာ ကျွန်တော့် အိပ်ခန်းထဲမှာ အိမ်မွေးမှင်စာကို ဧည့်ခံဖို့ သိပ်မသင့်တော်ပါဘူးခင်ဗျ"

ဧည့်ခန်းကနေ ဗာဒေါ် ဖိချူနီယာ ဟန်လုပ်ပြီး အော်ရယ်သံပေါ်ထွက်လာတယ်။ မှင်စာကလေးဟာ ခေါင်းငုံ့ထားတယ်။

"ကျွန်တော် ခင်ဗျားကို တွေ့ရလို့ စိတ်ဆိုးတာမဟုတ်ပါဘူး" ဟယ်ရီက မြန်မြန်ပြောတယ်။ "ဒါပေမယ့် အော၊ ခင်ဗျား ဒီကိုလာတာ ဘာအကြောင်းထူးများရှိပါသလဲ"

"အော၊ ရှိပါတယ် မစ္စတာ" ဒေါ့ဘီက လိုက်လျောစွာ ပြောတယ်။ "ဒေါ့ဘီက သင့်ကို လာပြောချင်တာက၊ မစ္စတာ . . . . . . ပြောလို့ မကောင်းပါဘူး။ မစ္စတာ . . . . . . ဒေါ့ဘီ ဘယ်ကစပြောရမှန်း မသိဘူး"

"ထိုင်ပါ" ဟယ်ရီက ခုတင်ကို ညွှန်ပြပြီး ယဉ်ကျေးစွာ ပြောတယ်။

မျှော်လင့်မထားဘဲ မှင်စာလေးဟာ ရုတ်တရက် ချုံးမဲချငိုလိုက်တဲ့အတွက် ဟယ်ရီလန့်ဖျပ်သွားတယ်။ သူ့ငိုသံက အကျယ်ကြီး။

"ထိုင် — ထိုင်ပါ" ဒေါ့ဘီက ရှိုက်ရင်း ပြောတယ်။ "ဘယ်တုန်းကမှ . . . . . . ဘယ်တုန်းကမှ ဒီလို . . . . . ."

အိမ်အောက်ထပ်က အသံတွေ နည်းနည်းဆုတ်ဆိုင်းသွားသလို ဟယ်ရီ ကြားရတယ်။

"ဝမ်းနည်းပါတယ်" သူက တိုးတိုးပြောတယ်။ "ကျွန်တော် ခင်ဗျားကို



စိတ်အနှောင့်အယှက် မပေးချင်ပါဘူး"

"ဒေါ့ဘီကို စိတ်အနှောင့်အယှက်ပေးတယ် ဟုတ်လား" မှင်စာလေးက ရှိုက်ရင်းပြောတယ်။ "ဘယ်တုန်းကမှ မှော်ဆရာတစ်ယောက်ယောက်ဟာ ဒေါ့ဘီကို မထိုင်ခိုင်းခဲ့ဘူး — တန်းတူသူချင်း ဆက်ဆံသလို — "

ဟယ်ရီဟာ "ရှူး" လို့ မနည်းပြောရင်း သူ့ကို နှစ်သိမ့်ပုံပြတယ်။ ဒေါ့ဘီကို ခုတင်ပေါ်ပြန်ထိုင်ခိုင်းတယ်။ ဒေါ့ဘီဟာ ထိုင်ရင်းကြို့ထိုးနေတယ်။ အရုပ်ဆိုးတဲ့ ကလေးအရုပ်ကြီးနဲ့ တူနေတယ်။ နောက်ဆုံး သူဟာ မိမိကိုယ်မိမိ ထိန်းနိုင်လိုက်ပြီး မျက်ရည်တွေပြည့်နေတဲ့ မျက်လုံးကြီးနဲ့ ဟယ်ရီ့ကို ရိုသေချစ်မြတ်နိုးစွာ စိုက်ကြည့်နေတယ်။

"ခင်ဗျား တည်ကြည်မှန်ကန်တဲ့ မှော်ဆရာတွေနဲ့ မတွေ့ဖူးဘူးထင်တယ်" ဟယ်ရီက သူ့ကို ဝမ်းသာစေချင်တယ်။

ဒေါ့ဘီက ခေါင်းခါတယ်။ ဒီနောက် ဖြုန်းကနဲ့ ခုန်ထပြီး ခေါင်းနဲ့ ပြတင်းပေါက်ကို အရူးအမူးဆောင့်ပါတော့တယ်။ ပါးစပ်ကလည်း "ဆိုးတဲ့ ဒေါ့ဘီ၊ ဆိုးတဲ့ ဒေါ့ဘီ" လို့ အော်နေတယ်။

"ဒီလိုမလုပ်နဲ့ — ခင်ဗျား ဒါဘာလုပ်တာလဲ" ဟယ်ရီက စိုးရိမ်စွာနဲ့ တိုးတိုးပြောတယ်။ ခုန်ထပြီး ဒေါ့ဘီကို ခုတင်ပေါ် ပြန်ဆွဲခေါ်တယ်။ ဆူညံသံကြောင့် ဟက်ဒဝစ်နိုးလာတယ်။ အထူးကျယ်လောင်စွာ အော်လိုက်တယ်။ လှောင်အိမ်ထဲမှာ အရူးအမူး ခုန်ပျံနေတယ်။

"ဒေါ့ဘီ ကိုယ့်ကိုကိုယ်အပြစ်ပေးရမယ်၊ မစ္စတာ" မှင်စာလေးက ပြောတယ်။ သူ့မျက်စိဟာ အလယ်ကပ်မတတ်ဖြစ်နေတယ်။ "ဒေါ့ဘီဟာ သခင့် မကောင်းကြောင်း ပြောမိတော့မလို့ မစ္စတာ . . . . . ."

"သခင်၊ ဟုတ်လား"

"ဒေါ့ဘီ အလုပ်အကျွေးပြုတဲ့ အဲဒီမှော်ဆရာအိမ်။ မစ္စတာ . . . . . . ဒေါ့ဘီဟာ အိမ်မွေးမှင်စာလေးပါ — အိမ်တစ်အိမ်ကို ထာဝရအလုပ်အကျွေးပြုရတယ် . . . . . ."

"ခင်ဗျား ဒီရောက်နေတာ သူတို့သိသလား" ဟယ်ရီက အံ့သြစွာနဲ့ မေးတယ်။

ဒေါ့ဘီ ကြက်သီးထသွားတယ်။

"အော၊ ဟင့်အင်း၊ မစ္စတာ။ သူတို့မသိဘူး . . . . . . ဒေါ့ဘီဟာ

www.burmeseclassic.com

www.burmeseclassic.com



သင့်ကို လာတွေ့တဲ့အတွက် မိမိကိုယ်မိမိ အပြင်းထန်ဆုံး ဒဏ်ခတ်ရမယ်။ ဒေါ်ဘီတာ ကိုယ့်နားရွက်ကိုယ် ကင်ဖိုထဲ ပိတ်ထားရမယ်။ သူတို့သာ သိသွားခဲ့ရင်၊ မစ္စတာ — "

"ခင်ဗျားက နားရွက်ကို ကင်ဖိုထဲပိတ်ထားရင်ကော၊ သူတို့မတွေ့နိုင်ဘူးလား"

"မတွေ့နိုင်ဘူးလို့ ဒေါ်ဘီထင်တယ် မစ္စတာ။ ဒေါ်ဘီဟာ ကိစ္စတစ်ခုအတွက် အမြဲကိုယ့်ကိုကိုယ် ဒဏ်ခတ်တယ် မစ္စတာ။ သူတို့က ဒေါ်ဘီကို ဒီအတိုင်းလုပ်ခိုင်းတယ် မစ္စတာ။ တစ်ခါတစ်လေ သူတို့က ကျွန်တော့်ကို ပိုပြီး ပြင်းပြင်းထန်ထန် ကိုယ့်ကိုကိုယ် ဒဏ်ခတ်ဖို့ သတိပေးတယ် ......"

"ခင်ဗျား ဘာဖြစ်လို့ ထွက်မပြေးတာလဲ"

"အိမ်မွေးမှင်စာလေးတွေဟာ သခင်က လွှတ်မှ လွတ်မှာ။ ဒါပေမယ့် သခင်က ဒေါ်ဘီကို ဘယ်တော့မှလွှတ်မှာမဟုတ်ဘူး ...... ဒေါ်ဘီဟာ သခင့်အိမ်မှာ သေတဲ့အထိ အလုပ်လုပ်ရမှာ၊ မစ္စတာ......"

ဟယ်ရီငိုင်သွားတယ်။ သူက ပြောတယ်။

"ကျွန်တော့် ဒီမှာ တနင်္ဂနွေလေးပတ် ပိုနေရမှာတောင် ကျွန်တော် မခံနိုင်တော့ဘူး။ ဒီလို နှိုင်းယှဉ်ကြည့်တော့လဲ ဒါစလီမိသားစုဟာ စာနာစိတ်နည်းနည်းရှိသေးတယ်။ ခင်ဗျားကို ကူညီနိုင်သူမရှိဘူးလား။ ကျွန်တော် ခင်ဗျားကို ကူညီနိုင်မလား"

ဒီစကားပြောလိုက်တာကို ဟယ်ရီ ချက်ချင်းဆိုသလို နောင်တရလိုက်တယ်။ ဒေါ်ဘီဟာ စိတ်လှုပ်ရှားလွန်းလို့ ချက်ချင်း တအီးအီး အော်ငိုတယ်။

"ကျေးဇူးပြုပြီး" ဟယ်ရီက တုန်လှုပ်စွာ ပြောတယ်။ "တိုးတိုးလုပ်ပါ။ ဒါစလီတို့ ကြားသွားရင်၊ ခင်ဗျားဒီမှာရှိတာ သူတို့သိသွားရင် ......"

"ဟယ်ရီ-ပေါ်တာက သူ ဒေါ်ဘီကို ကူညီနိုင်မလားလို့ မေးတယ်... ...ဒေါ်ဘီ အစောကြီးကတည်းက သင်ကြီးမြတ်ကြောင်း ကြားထားပြီးပြီ မစ္စတာ။ ဒါပေမယ့် သင်စိတ်ကောင်းရှိတာ ဒေါ်ဘီအရင်က မသိခဲ့ဘူး... "

ဟယ်ရီက သူ့မျက်နှာပူလာတယ်လို့ ခံစားရတယ်။ ပြောလိုက်တယ်။ "ခင်ဗျား ကြားတာတွေအားလုံး လျှောက်ပြောတာ။ ကျွန်တော်ဟော့ဂ်ဝပ်မှာ အတန်းထဲမှာ ပထမတောင်မရဘူး။ ပထမရတာ ဟာမီး၊ သူမ — "

ဒါပေမယ့် သူချက်ချင်းရပ်သွားတယ်။ ဟာမီးကို သတိရတာနဲ့ သူစိတ်



ဆင်းရဲလာတယ်။

"ဟယ်ရီ-ပေါ်တာ ဒီလောက်တောင် နှိမ်ချတယ်" ဒေါ်ဘီဟာ ရိုသေစွာပြောတယ်။ မျက်စိကြီးနှစ်လုံးလက်နေတယ်။ "ဟယ်ရီ-ပေါ်တာဟာ ဟိုနာမည်တောင် ခေါ်လို့မဖြစ်တဲ့ ဘီလူးကြီးကို အောင်နိုင်တဲ့အကြောင်း မပြောဘူး"

"ဗိုလဒီမွန့်လား" ဟယ်ရီက ပြောတယ်။

ဒေါ်ဘီက လက်နဲ့ နားကို ပိတ်ထားတယ်။ ညည်းညည်းညူညူနဲ့ပြောတယ်။ "အား၊ အဲဒီနာမည်ကို မပြောပါနဲ့ မစ္စတာ။ အဲဒီနာမည်ကို မပြောပါနဲ့"

"ဝမ်းနည်းပါတယ်" ဟယ်ရီက ချက်ချင်းပြောတယ်။ "လူအများကြီးက သူ့ကို မနှစ်သက်တာ ကျွန်တော်သိပါတယ် — ကျွန်တော့် သူငယ်ချင်း ......"

သူရပ်သွားပြန်တယ်။ ရွန်ကို သတိရတာလဲ စိတ်ဒုက္ခရောက်စေတယ်။

ဒေါ်ဘီက ဟယ်ရီနား ကပ်လာတယ်။ သူ့မျက်စိဟာ ကားမီးအောက်ကြီးတယ်။

"ဒေါ်ဘီ ကြားတယ်" သူက အသံအကျယ်ကြီးနဲ့ ပြောတယ်။ "ဟယ်ရီ-ပေါ်တာဟာ လွန်ခဲ့တဲ့ ရက်သတ္တပတ်အချို့က အဲဒီဘီလူးကြီးနဲ့ တွေ့ပြန်တယ်ဆို ...... ဟယ်ရီ-ပေါ်တာ နောက်တစ်ကြိမ် လွတ်သွားပြန်တယ်တဲ့"

ဟယ်ရီက ခေါင်းညိတ်ပြတယ်။ ဒေါ်ဘီဟာ ချက်ချင်း မျက်ရည်တွေ ကျလာတယ်။

"အား၊ မစ္စတာ" သူက ရှိုက်ရင်း ညစ်ပေစုတ်ပြတဲ့ ခေါင်းအုံးစွပ်ဒေါင့်နဲ့ မျက်နှာကို သုတ်လိုက်တယ်။ "ဟယ်ရီ-ပေါ်တာ ဘာမှမသိရဲစွမ်းသတ္တိရှိတယ်။ သူဟာ အန္တရာယ်တွေကို ကျော်ဖြတ်ခဲ့တယ်။ ဒါပေမယ့် ဒေါ်ဘီဟာ ဟယ်ရီ-ပေါ်တာကို ကာကွယ်ချင်တယ်။ သူ့ကို သတင်းပေးချင်တယ်။ ပြီးမှ မိမိနားရွက်ကို ကင်ဖိုထဲထည့်ပိတ်ထားရင့် ထားရပါစေ...... ပြောချင်တာက ဟယ်ရီ-ပေါ်တာ ဟော့ဂ်ဝပ်ကို ပြန်လို့မဖြစ်ဘူး"

အခန်းထဲမှာ ငြိမ်သွားတယ်။ အောက်ထပ်က ဓားသံ၊ ခက်ရင်းသံ ကြားရတယ်။ ဦးလေး ဗာနွန်ရဲ့ ဝရုန်းဝရုန်းသံလဲ ကြားရတယ်။

"ဘာ — ဘာလဲ" ဟယ်ရီလန့်သွားတယ်။ "ကျွန်တော် ပြန်သွားမှ ဖြစ်မယ် — စက်တင်ဘာလ ၁ ရက် ကျောင်းဖွင့်မှာ။ ဒါ ကျွန်တော့်အဝရဲ့

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်ပါ။ ကျွန်တော် ဒီမှာ ဘယ်လိုနေရတယ်ဆိုတာ ခင်ဗျား မသိဘူး။ ကျွန်တော် ဒီနေရာနဲ့ မဆိုင်ဘူး။ ကျွန်တော် ခင်ဗျားတို့ လောကနဲ့သာဆိုင်တယ် — ဟော့ဂ်ဝပ်နဲ့ ဆိုင်တယ်"

"ဟင့်အင်း၊ ဟင့်အင်း၊ ဟင့်အင်း" ဒေါ့ဘီက စူးရှစွာ ပြောတယ်။ ခေါင်းကို တစ်အားယမ်းခါလို့ နားရွက်တွေက ဖျတ်ဖျတ်နဲ့အသံထွက်နေတယ်။ "ဟယ်ရီ-ပေါ်တာဟာ လုံခြုံတဲ့နေရာမှာ ရှိမှဖြစ်မယ်။ သူသိပ်ကို ကြီးမြတ်ပြီး စိတ်ကောင်းစေတနာရှိတဲ့အတွက် သူ့ကို ကျွန်တော်တို့ အဆုံးရှုံးမခံနိုင်ဘူး။ တကယ်လို့ ဟယ်ရီ-ပေါ်တာ ဟော့ဂ်ဝပ်ကို ပြန်သွားရင် သူ့အဖို့ အန္တရာယ်ရှိတယ်"

"ဘာဖြစ်လို့လဲ" ဟယ်ရီ အံ့ဩစွာမေးတယ်။

"အကြံယုတ်တစ်ခုကြံနေတယ်၊ ဟယ်ရီ-ပေါ်တာ။ ဒီနှစ် ဟော့ဂ်ဝပ်မှော်ပညာကျောင်းမှာ ကြောက်စရာအကောင်းဆုံးအဖြစ်အပျက်ဖြစ်လိမ့်မယ်" ဒေါ့ဘီက အသံနိမ့်ပြီး ပြောတယ်။ ရုတ်တရက် သူ့ကိုယ်တွေတုန်နေတယ်။ "ဒီကိစ္စကို ဒေါ့ဘီသိတာ လအချို့ရှိပြီ မစ္စတာ။ ဟယ်ရီ-ပေါ်တာ အန္တရာယ်ထဲ ဝင်လို့မဖြစ်ဘူး။ သူသိပ်ကို အရေးကြီးပါတယ်၊ မစ္စတာ"

"ဘာကြောက်စရာကောင်းတဲ့ ကိစ္စလဲ" ဟယ်ရီက ချက်ချင်းမေးတယ်။ "ဘယ်သူကြံစည်နေတာလဲ"

ဒေါ့ဘီဟာ ရယ်စရာကောင်းတဲ့ ရှိုက်သံထွက်လာပြီးနောက် သူ့ခေါင်းကို နံရံပေါ် အရူးအမူး ဆောင့်ပါလေရော။

"တော်တော့" ဟယ်ရီက အော်တယ်။ နောက်ထပ်မဆောင့်ရအောင် မှင်စာလေးရဲ့ လက်မောင်းကို ဆွဲထားတယ်။ "ခင်ဗျား ပြောလို့ မရဘူးဆိုတာ ကျွန်တော်မသိဘူး။ ဒါပေမယ့် ခင်ဗျားဘာဖြစ်လို့ ကျွန်တော့်ကို လာသတိပေးရတာလဲ" ရုတ်တရက် စိတ်မချမ်းသာစရာအတွေးတစ်ခု ခေါင်းထဲ ဝင်လိုက်တယ်။ "နေဦးနေဦး — ဒါ ဗို — ဝမ်းနည်းပါတယ် — ခင်ဗျားသိတဲ့ လျှို့ဝှက်တဲ့ သူနဲ့ ဆိုင်သလား။ ခင်ဗျားခေါင်းခါ ဒါမှမဟုတ်ရင် ခေါင်းညိတ်ပြရင်ရပါပြီ" သူဟာ စကားတစ်ခွန်း အမြန်ထပ်ဖြည့်ပြောတယ်။ အကြောင်းက ဒေါ့ဘီခေါင်းဟာ နံရံပေါ် ကပ်သွားနေပြန်လို့။

ဒေါ့ဘီဟာ ခေါင်းကို ဖြည်းဖြည်းခါတယ်။

"မဟုတ်ဖူး — ဟိုနာမည်တောင် ခေါ်လို့ မရတဲ့ ဘီလူး မဟုတ်ဘူး



မစ္စတာ"

ဒါပေမယ့် ဒေါ့ဘီဟာ မျက်စိကြီး ပြူးထားတယ်။ ဟယ်ရီကို တစ်ခုခု သိစေချင်သလိုပဲ။ ဒါပေမယ့် ဟယ်ရီကတော့ ဘာမှန်းမသိဘူး။

"သူ့မှာ ညီအစ်ကို မရှိပါဘူးနော်"

ဒေါ့ဘီခေါင်းခါတယ်။ မျက်စိကြီး ပိုပြူးလာတယ်။

"ဒါဆို ဟော့ဂ်ဝပ်မှာ ကြောက်စရာအကြမ်းဖက်မှုကို ဘယ်သူပြုလုပ်နိုင်သလဲဆိုတာ ကျွန်တော် မတွေးတတ်တော့ဘူး" ဟယ်ရီက ပြောတယ်။ "ကျွန်တော်ပြောချင်တာက၊ တစ်။ ဒမ်ဘာလီဒိုး — ခင်ဗျား ဒမ်ဘာလီဒိုးကို သိပါတယ်နော်"

ဒေါ့ဘီက ခေါင်းကိုငုံ့ချလိုက်တယ်။

"ဒေါ့ဘီသိပါတယ်။ အော်ဘတ်စ်-ဒမ်ဘာလီဒိုးဟာ ဟော့ဂ်ဝပ်ကျောင်းထောင်ကတည်းက အကြီးမြတ်ဆုံး ကျောင်းအုပ်ဆရာကြီးပါ။ ဒမ်ဘာလီဒိုးနဲ့ မှော်အစွမ်းဟာ နာမည်တောင် မခေါ်ရတဲ့ ဘီလူးကြီး ခွန်အားအကောင်းဆုံးအချိန်နဲ့ ယှဉ်နိုင်တယ်ဆိုတာ ဒေါ့ဘီသိပါတယ်။ ဒါပေမယ့် မစ္စတာ" ဒေါ့ဘီက တိုးတိုးနဲ့ လောလောပြောတယ်။ "ပညာတစ်ချို့ကို ဒမ်ဘာလီဒိုးတောင် မ. . . . မှန်ကန်တည်ကြည်တဲ့ ဘယ်မှော်ဆရာမှ မတတ်. . . . . "

ဟယ်ရီမတားနိုင်လိုက်စဉ်မှာပဲ ဒေါ့ဘီ ခုတင်ပေါ်က ခုန်ဆင်းပြီး ဟယ်ရီ့စာပွဲတင် မီးတိုင်ကိုကိုင်ပြီး ကိုယ့်ခေါင်းကို ထုပါတော့တယ်။ ကြေကွဲဖွယ် အော်ဟစ်သံလည်း ထွက်လာတယ်။

အောက်ထပ်က ရုတ်တရက် ငြိမ်ကျသွားတယ်။ နှစ်စက္ကန့်အတွင်း ရင်ခုန်သံ လုံးတဒိုင်းဒိုင်းခုန်နေတဲ့ ဟယ်ရီဟာ ဦးလေးဗားနွန် အိမ်ရှေ့တံခါးနား လျှောက်လာပြီးအော်တဲ့ အသံကြားရတယ်။ "ဒါလီ တီဗီပိတ်ဖို့ မေ့နေပြန်ပြီထင်တယ်၊ လူဆိုးလေး"

"မြန်မြန်လုပ်၊ အဝတ်ဘီဒိုထဲ" ဟယ်ရီက တိုးတိုးပြောတယ်။ သူဟာ ဒေါ့ဘီကို အဝတ်ဘီဒိုထဲ ထိုးထည့်လိုက်တယ်။ ဘီဒိုတံခါးပိတ်ပြီး ခုတင်ပေါ် ခုန်တက်လိုက်စဉ်မှာပဲ တံခါးလက်တံ လည်သွားပြီ။

"မင်း — ဘာတွေ — လုပ်နေတာလဲ" ဦးလေး ဗားနွန်က အံကြိတ်ပြီး ပြောတယ်။ မျက်နှာကို ဟယ်ရီအနားကပ်သွားတယ်။ ကြောက်စရာကောင်းအောင် နီးကပ်တယ်။ "ဂျပန်ဂေါ့ဖ်သမားအကြောင်း ဟာသထဲက

www.burmeseclassic.com

www.burmeseclassic.com



ခွင်အတော့ဆုံးနေရာ ပြောနေတုန်းမှာ မင်းကြောင့်ပွဲပျက်သွားတယ် ...... နောက်ထပ်အသံနည်းနည်းထွက်ရင် မင်းလူဖြစ်ရကျိုးမနပ်ဖူးဆိုတာ သိလိမ့်မယ်၊ ငနဲလေး"

သူဟာ ကြမ်းကို ဆောင့်နင်းပြီး ထွက်သွားတယ်။

ဟယ်ရီဟာ တုန်တုန်ယင်ယင်နဲ့ ဒေါ့ဘီကို အဝတ်ဘီဒိုထဲကနေ ဆွဲထုတ်လိုက်တယ်။

"ဒီနေရာက အခြေအနေကို မြင်တွေ့ရပြီ မဟုတ်လား။ ကျွန်တော် ဘာကြောင့် ဟော့ဂ်ဝပ်ကို ပြန်မှဖြစ်မယ်ဆိုတာ သိပြီမဟုတ်လား။ ကျွန်တော် အဲဒီနေရာပဲ သွားစရာရှိတယ် — ကျွန်တော် အဲဒီနေရာမှာ မိတ်ဆွေအချို့ရှိတယ်လို့ ထင်တယ်"

"ဘာမိတ်ဆွေလဲ၊ ဟယ်ရီ-ပေါ်တာကို စာတောင်တစ်စောင်မှ ရေးမပေးဘူးမှတ်လား" ဒေါ့ဘီက ကောက်ကျစ်စွာနဲ့ ပြောတယ်။

"ကျွန်တော်ထင်တယ်။ သူတို့ဟာ — ခနနေဦး" ဟယ်ရီမျက်မှောင်ကြုတ်လိုက်တယ်။ "ကျွန်တော့်မိတ်ဆွေတွေ ကျွန်တော့်ဆီ စာမရေးဘူးဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

ဒေါ့ဘီဟာ ခြေထောက်ကို ကြမ်းပေါ် ပွတ်တိုက်နေတယ်။

"ဟယ်ရီ-ပေါ်တာ ဒေါ့ဘီကို စိတ်မဆိုးနဲ့ — ဒေါ့ဘီဟာ သင့်အတွက် ......"

"ခင်ဗျား ကျွန်တော့်စာတွေကို ဖြတ်ယူထားတယ်ပေါ့"

"စာ ဒေါ့ဘီဆီမှာပါ၊ မစ္စတာ" မှင်စာလေးက ပြောတယ်။ သူဟာ ဟယ်ရီဖမ်းလို့မရနိုင်တဲ့နေရာကို ဖျတ်လတ်စွာ ခုန်ပြေးသွားတယ်။ သူဝတ်ထားတဲ့ ခေါင်းအုံးစွပ်ထဲကနေ စာတွေတစ်ထပ်ကြီး ဆွဲထုတ်တယ်။ ဟာမီးရဲ့ ညီညာတဲ့လက်ရေး၊ ရွန်ရဲ့ လက်ရေး သော့သော့ကို ဟယ်ရီမှတ်မိတယ်။ ရှုပ်ယှက်ခတ်နေတဲ့ လက်ရေးလည်းပါသေးတယ်။ ဟော့ဂ်ဝပ် တောလိုက်ကွင်းအစောင့် ဟက်ဂရစ်ရေးတာနဲ့ တူတယ်။

ဒေါ့ဘီဟာ စိတ်ပူပင်စွာနဲ့ မျက်တောင်ခတ်ရင်း ဟယ်ရီကို မော့ကြည့်နေတယ်။

"ဟယ်ရီ-ပေါ်တာ စိတ်မဆိုးနဲ့ ...... ဒေါ့ဘီမျှလက မျှော်လင့်တာက ..... တကယ်လို့ ဟယ်ရီ-ပေါ်တာဟာ သူ့မိတ်ဆွေတွေ သူ့ကို မေ့ပစ်



လိုက်ပြီလို့ ထင်ရင် ..... ဟယ်ရီ-ပေါ်တာဟာ ကျောင်းကို မပြန်ချင်တာဖြစ်နိုင်တယ်၊ မစ္စတာ ......"

ဟယ်ရီ နားမထောင်ချင်ဘူး။ စာကိုလှမ်းလုတယ်။ ဒါပေမယ့် ဒေါ့ဘီက ခုန်ပြီး ရှောင်လိုက်တယ်။

"ဟယ်ရီ-ပေါ်တာ အရင်ဆုံး ဒေါ့ဘီကို ဟော့ဂ်ဝပ်မပြန်ဘူးလို့ ကတိပေးရမယ်။ အမလေး မစ္စတာ။ ခင်ဗျား အဲဒီအန္တရာယ်ကို ရင်မဆိုင်ပါနဲ့။ ပြန်မသွားပါဘူးလို့ ပြောပါ မစ္စတာ"

"မပြောဘူး" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "ကျွန်တော့် မိတ်ဆွေတွေရဲ့ စာကို ပေးပါ"

"ဒါဆိုရင် ဒေါ့ဘီမှာ တခြားရွေးချယ်စရာ မရှိတော့ဘူး" မှင်စာလေးက ဝမ်းနည်းစွာ ပြောတယ်။

ဟယ်ရီ ဘာမှန်းမသိလိုက်ခင်မှာပဲ ဒေါ့ဘီဟာ တံခါးဆီပြေးသွားပြီး တံခါးကို ဆွဲဖွင့်ကာ အောက်ထပ်ကို ပြေးဆင်းသွားတယ်။

ဟယ်ရီပါးစပ်တွေ ခြောက်နေတယ်။ ဗိုက်ထဲက အော်ဂလီဆန်ချင်လာတယ်။ သူခုန်ထပြီး လိုက်တယ်။ အသံမထွက်အောင် ကြိုးစားတယ်။ နောက်ဆုံး လှေခါးထစ်ခြောက်ထစ်ကို တစ်ခါထဲ ခုန်ချလိုက်တယ်။ ကြောင်တစ်ကောင်လို အဝင်ဝ ကော်ဇောပေါ် ကျလာတယ်။ ဒေါ့ဘီကို ဟိုဟိုဒီဒီ လိုက်ကြည့်တယ်။ ထမင်းစားခန်းထဲမှာ ဦးလေးဗာနွန်က "..... မဒပ်မေဆန်းနီချူနီယာကို အမေရိကန် ပိုက်လိုင်း အလုပ်သမားတွေရဲ့ဟာသ ပြောပြပါဦး။ သူတော့ နားထောင်ချင်နေတာ ......" လို့ ပြောတာ သူကြားရတယ်။

ဟယ်ရီဟာ အိမ်အဝင်ခန်းကနေ မီးဖိုချောင်ထဲ ပြေးဝင်လိုက်တယ်။ ဗိုက်ဟာလဲ ဟာသွားသလိုပဲ။

အဒေါ်ပီချူနီယာရဲ့ အကောင်းဆုံးလက်ရာ ပူတင်း၊ ခရင်အပုံကြီးနဲ့ သကြားဖျန်း ခရမ်းရောင် မြင်းခွာရွက်တွေဟာ မျက်နှာကြက်နားထိ လွင့်တက်နေတယ်။ ဒေါ့ဘီဟာ ဒေါင့်က ပန်းကန်ဘီဒိုပေါ်မှာ ဆောင့်ကြောင့်ထိုင်နေတယ်။

"မလုပ်ပါနဲ့" ဟယ်ရီက အသံနှိမ့်ပြောတယ်။ "တောင်းပန်ပါတယ်။ သူတို့ ကျွန်တော့်ကို သတ်ပစ်လိမ့်မယ် ......"

"ဟယ်ရီ-ပေါ်တာ ကျောင်းမပြန်တော့ဘူးလို့ ကတိပေးမှဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ယ် — "

"ဒေါ်ဘီ . . . . . . တောင်းပန်ပါတယ် . . . . . ."

"ကတိပေးပါ၊ မစ္စတာ . . . . . ."

"မပေးနိုင်ဘူး"

ဒေါ်ဘီဟာ ဝမ်းနည်းစွာ သူ့ကို တစ်ချက်ကြည့်လိုက်တယ်။

"ဒါဆိုလဲ ဒေါ်ဘီ ဒီလိုလုပ်ရတော့မယ်၊ မစ္စတာ။ ဒါ ဟယ်ရီ-ပေါ်တာ ကောင်းဖို့ပါပဲ"

ပူတင်းပန်းကန်ကြီး ဂွမ်ဆိုပြုတ်ကျလာတယ်။ ဟယ်ရီဟာ မိမိနှလုံးခုန် ရပ်သွားတယ်လို့ ထင်တယ်။ ပန်းကန်လည်း ကွဲသွားပြီ။ ခရင်တွေဟာ နံရံပေါ်၊ ပြူတင်းပေါက်ပေါ် နေရာတကာစင်ကုန်တယ်။ ကြာပွတ်နဲ့ ရိုက်လိုက်သလို ဖြန်းဖြန်းအသံကြီးနဲ့အတူ ဒေါ်ဘီပျောက်သွားတယ်။

ထမင်းစားခန်းထဲကနေ စူးရှစွာအော်သံထွက်လာတယ်။ ဦးလေးဗာနွ်ဟာ မီးဖိုချောင်ထဲ ပြေးဝင်လာတယ်။ တစ်ကိုယ်လုံး အဒေါ်ဖီချူနီယာရဲ့ ပူတင်းတွေ ပေနေပြီး ကြက်သေသေရပ်နေတဲ့ ဟယ်ရီကို တွေ့ရတယ်။

အစမှာတော့ ဦးလေးဗာနွ်ဟာ ဒီကိစ္စကို ဖုံးပစ်လိုက်လို့ရသေးတယ် ("ကျွန်တော်တို့တူ — ခေါင်းသိပ်မကောင်းဘူး — သူစိမ်းတွေ့တာနဲ့ စိတ်လှုပ်ရှားတယ်၊ ဒါကြောင့် ကျွန်တော်တို့ သူ့ကို အပေါ်ထပ်မှာ နေခိုင်းတာ . . . .")။ သူဟာလန့်သွားတဲ့ မစ္စတာနဲ့ မစ္စစ်မေဆန်ကို ထမင်းစားခန်း ပြန်ချော့ခေါ်တယ်။ ဟယ်ရီကို ဧည့်သည်ပြန်သွားရင် သေဖို့ပြင်လို့ ပြောတယ်။ ပြီးတော့ ကြမ်းတိုက်တံကိုလဲ သူ့လက်ထဲထည့်ခဲ့တယ်။ အဒေါ်ဖီချူနီယာဟာ ရေခဲသေတ္တာထဲကနေ ရေခဲမုန့်တစ်ချို့ကော်ထည့်တယ်။ ဟယ်ရီဟာ မီးဖိုချောင်ကို စတင်သုတ်သင်တယ်။ လူလည်း တုန်နေတုန်းပဲ။

ဟို ဇီးကွက်ကြောင့်ပေါ့။ နို့မို့ရင် ဦးလေး ဗာနွ်ဟာ အရောင်းအဝယ် ဖြစ်ချင်ဖြစ်မှာ။

အဒေါ်ဖီချူနီယာဟာ ထမင်းစားပြီးစားဖို့ ပရုပ်သကြားလုံးတစ်ဗူးကို လိုက်ဝေပေးနေတယ်။ ရုတ်တရက် စပါးဇီးကွက်ကြီးတစ်ကောင်ဟာ လေပွေလို ထမင်းစားခန်းပြူတင်းပေါက်ကနေ ပျံဝင်လာပြီး စာတစ်စောင်ကို မစ္စစ်မေဆန် ခေါင်းပေါ်ပစ်ချပြီး လေပွေလို ပျံထွက်သွားတယ်။ မစ္စစ်မေဆန်ဟာ စူးရှစွာ အော်ပြီး ချက်ချင်း ဒီအိမ်ကထွက်ပြေးတယ်။ ပါးစပ်ကလည်း အရူး အရူးလို့



အော်သွားတယ်။ မစ္စတာ မေဆန်ဟာ နည်းနည်းပိုပြီး ရပ်နေတယ်။ ဒါစလီ တို့ အိမ်သားတွေကို သူ့မိန်းမဟာ ငှက်ကြီးငှက်ငယ်အမျိုးမျိုးကို သေအောင် ကြောက်တယ်လို့ ပြောပြတယ်။ ဒါဟာ သူတို့တမင်ပျော်ရအောင် စီစဉ်တာ သားလို့လဲ မေးတယ်။

ဟယ်ရီဟာ မီးဖိုချောင်ထဲမှာ ကြမ်းတိုက်တုတ်တံကို တင်းတင်းဆုပ် ပြီး မိမိကိုယ်ကို ထောက်မှီထားတယ်။ ဦးလေး ဗာနွ်ဟာ သူ့ဆီကပ်လာတယ်။ မျက်စိသေးသေးလေးထဲမှာ ဘီလူးဆိုးလို အရောင်တောက်နေတယ်။

"ဒါကို ဖတ်စမ်း" သူဟာ ဇီးကွက်ပို့လာတဲ့စာကို ယမ်းပြပြီး ဆိုးဝါး စွာပြောတယ်။ "ရော့ — ဖတ်လေ"

ဟယ်ရီ စာကို ယူလိုက်တယ်။ အထဲမှာ မွေးနေ့ဆုတောင်းစကား မပါဘူး။

မစ္စတာပေါ်တာ။

ကျွန်တော်တို့အစီရင်ခံချက်ရတယ်။ ဒီနေ့ည ၉ နာရီ ၁၂ မိနစ်မှာ သင်ဟာ သင့်နေအိမ်မှာ လွင့်တက်ဂါထာတစ်ခု အသုံးပြုခဲ့ တယ်။

သင်သိပြီးသလို အရွယ်မရောက်သေးတဲ့ မှော်ဆရာဟာ ကျောင်းအပြင်ပမှာ မှော်ပညာသုံးခွင့်မရှိပါ။ တကယ်လို့ သင့်မှာ ဒီလိုလုပ်ရပ်တွေ ရှိဦးမယ်ဆိုရင်၊ ဤကျောင်းမှ ထုတ်ပစ်ခံရနိုင်တယ်။ (အရွယ်မရောက်သေးတဲ့ မှော်ဆရာကို သင့်တော်စွာ ချုပ်ကိုင်တဲ့ ဥပဒေ၊ ၁၈၇၅ ခုနှစ်၊ အပိုဒ် ၃) ။

ဒိပြင် သတိပြုရန်မှာ အပြည်ပြည်ဆိုင်ရာ မှော်ဆရာအဖွဲ့ကြီး ရဲ့ လျှို့ဝှက်ချက် ထိန်းသိမ်းရေး ဥပဒေအပိုဒ် ၁၃ အရ မှော်လောက ဝင်မဟုတ်တဲ့သူများ (မတ်ဂေါ) သတိပြုမိနိုင်တဲ့ မှော်လှုပ်ရှားမှု အားလုံးဟာ တရားဥပဒေ ပြင်းထန်စွာချိုးဖောက်တဲ့ လုပ်ရပ်ဖြစ်တယ်။

နွေကျောင်းပိတ်ရက် ပျော်ပါစေ။

မာဖော်ဒါ-ဟော့ဗ်ခစ်

မှော်ပညာအရမ်းသုံးမှုတားမြစ်ရေးဌာန

မှော်ဝန်ကြီးဌာန

ဟယ်ရီခေါင်းမော့လိုက်တယ်။ လည်မျိုဆို့နေတယ်။

www.burmeseclassic.com



"မင်း တို့ကိုကျောင်းအပြင်ဘက်မှာ မှော်ပညာမသုံးရဘူးဆိုတာ ပြောမပြဘူး" ဦးလေးဗားနွန်က ပြောတယ်။ မျက်စိထဲမှာ ဆိုးဝါးတဲ့ အရောင်တောက်နေတယ်။ "ပြောဖို့မေ့သွားလို့......"

ပစ်ထားလိုက်တာပေါ့လေ၊ ငါထင်တယ်။

သူဟာ ခွေးဘီလူးကြီးတစ်ကောင်လို ဟယ်ရီပေါ် အုပ်ချပြီး သွားတွေအကုန်ပေါ်နေတယ်။ "အား၊ မင်းကို ပြောပြစရာသတင်းရှိတယ်၊ ငနဲလေး......ငါမင်းကို ပိတ်ထားမယ်......မင်းဟိုကျောင်းကို ပြန်ဖို့ ဘယ်တော့မှ မစဉ်းစားနဲ့......ဘယ်တော့မှ......တကယ်လို့ မင်းမှော်ပညာနဲ့ ထွက်ပြေးရင် — သူတို့ မင်းကိုကျောင်းထုတ်ပစ်မှာ"

ဦးလေးဗားနွန်ဟာ သူ့စကားအတိုင်း လုပ်တယ်။ နောက်နေ့မှာ လူတစ်ယောက်ကို ခိုင်းပြီး ဟယ်ရီ့ပြတင်းပေါက်ကို သံဇန်းတပ်လိုက်တယ်။ သူကိုယ်တိုင်အိမ်ခန်းတံခါးကို တံခါးရွက်ရှင်တစ်ခု တပ်ဆင်လိုက်တယ်။ တစ်နေ့သုံးကြိမ် အစားအစာ နည်းနည်းပို့ပေးတယ်။ သူတို့က ဟယ်ရီကို နေ့စဉ်မနက်နဲ့ညမှ အိမ်သာတက်ဖို့ ခွင့်ပေးတယ်။ ကျန်အချိန်များမှာ သူ့ကို အခန်းထဲ ပိတ်ထားတယ်။

သုံးရက်ကြာပြီးနောက် ဒါစလီအိမ်သားတွေမှာ သက်ညှာတဲ့ အရိပ်အယောင်မပေါ်သေးဘူး။ ဟယ်ရီဟာ ထွက်ဖို့ နည်းလမ်းရှာမရဘူး။ သူဟာ ခုတင်ပေါ်လှဲနေပြီး နေမင်းကြီး ပြတင်းသံဇန်းကြားက ကွယ်သွားတာကြည့်ရင်း မိမိနောင်လာမယ့် ကံကြမ္မာကို ဝမ်းနည်းစွာ တွေးတောနေတယ်။

ဟော့ဂ်ဝပ်က ကျောင်းထုတ်ခံရမယ်ဆိုရင် မှော်ပညာနဲ့ ထွက်ပြေးလို့ကော၊ ဘာအဓိပ္ပာယ်ရှိမှာလဲ။ ရေဖယောင်းပင်လမ်းမှာ နေရတာလဲ ဆက်နေလို့မရတော့ဘူး။ အခု ဒါစလီမိသားစုဟာ သူတို့ အိပ်ရာက နိုးလာတာနဲ့ လင်းနို့ဖြစ်မသွားနိုင်တော့ဘူးဆိုတာ သိသွားကြပြီ။ ဟယ်ရီ့တစ်ခုတည်းသော လက်နက်ဆုံးရှုံးသွားပြီ။ ဒေါ်ဘီကြောင့် ဟော့ဂ်ဝပ်က ကြောက်စရာ အန္တရာယ်ကို ဟယ်ရီရှောင်ရှားနိုင်ချင် ရှောင်ရှားနိုင်မယ်။ ဒါပေမယ့် ဒီအတိုင်းဆက်သွားရင် သူငတ်လို့ သေနိုင်တယ်။

တံခါးရွက်ရှင်အသံမြည်တာနဲ့ အဒေါ်ပီချူနီယာရဲ့လက်ဟာ အပေါက်ဝကနေ စည်သွပ်ဗူးဟင်းချို တစ်ပန်းကန် ထိုးသွင်းတယ်။ ဟယ်ရီမှာ ဆာလွန်းလို့ ဗိုက်တောင်နာနေပြီ။ ချက်ချင်း ခုတင်ပေါ်က ခုန်ဆင်းပြီး အဲဒီပန်းကန်



ကို ကောက်ယူတယ်။ ဟင်းရည်က အေးစက်နေတာပဲ။ ဒါပေမယ့် သူဟာ ဟင်းခါထဲ တစ်ဝက်သောက်ချလိုက်တယ်။ ဒီနောက် ဟက်ဒဝစ်ရဲ့လှောင်အိမ်ဆီသွားထိုင်ပြီး ပန်းကန်အောက်ခြေရှိ ရေစိမ်ဟင်းရွက်ဖတ် အနည်းငယ်ကို ၎င်းရဲ့ ငှက်စာခွက်အလွတ်ထဲ သွန်ချလိုက်တယ်။ ၎င်းဟာ အမွေးတွေထောင်ပြီး မနှစ်မြို့စွာနဲ့ သူ့ကိုကြည့်လိုက်တယ်။

"မင်းနှုတ်သီးကို ဒီလောက်စူမထားပါနဲ့။ တို့မှာ ဒါပဲရှိတယ်" ဟယ်ရီက မျက်နှာထားနဲ့ ပြောတယ်။

သူဟာ ပန်းကန်အလွတ်ကို တံခါးရွက်ရှင်ဘေး ပြန်ထားလိုက်ပြီး ခုတင်ပေါ်ပြန်လှဲနေတယ်။ ဟင်းရည်မသောက်ခင်ကထက် ပိုဆာတယ်လို့ ခံစားရတယ်၊

တကယ်လို့ တနင်္ဂနွေလေးပတ်နောက်မှာ သူအသက်ရှင်နေသေးပြီး ဟော့ဂ်ဝပ်ကို သွားမတက်နိုင်ရင် ဘယ်လိုဖြစ်မလဲ။ သူတို့က လူလွှတ်ပြီး ဘာဖြစ်လို့ ကျောင်းပြန်မသွားတာလဲဆိုတာ စုံစမ်းမလား။ သူတို့က ဒါစလီတို့ဆီက သူ့ကို လွှတ်အောင်လုပ်နိုင်မလား။

အခန်းထဲမှာ မှောင်မည်းလာပြီ။ ဟယ်ရီလည်း အားအင်ကုန်ခန်းပြီး အကြွတ်ကြွတ်ဆာနေပြီ။ ခေါင်းထဲမှာလည်း အဖြေမရှိတဲ့ မေးခွန်းတွေ အပြန်ပြန် အလှန်လှန် တွေးနေတယ်။ သူဟာ ဒီလိုနဲ့ အိပ်ပျော်သွားတယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့ မပျော်ဘူး။

သူ့ကို တိရစ္ဆာန်ရုံထဲ ထည့်ပြထားပြီး လှောင်အိမ်ပေါ်က ကဒ်ပေါ်မှာ "မှော်ဆရာလေး" လို့ ရေးထားတယ်။ လူတွေဟာ သံတိုင်တွေကြားက သူ့ကိုကြည့်ကြတယ်။ သူဟာ ကောက်ရိုးပေါ်လှဲနေပြီး သေလုမြောပါးဖြစ်နေတယ်၊ သူဟာ လူအုပ်ထဲမှာ ဒေါ်ဘီရဲ့ မျက်နှာကို မြင်ရတယ်။ သူ့ကို ကယ်ဖို့အမြန်အော်ခေါ်တယ်။ ဒါပေမယ့် ဒေါ်ဘီက အော်တယ်။ "ဟယ်ရီ-ပေါ်တာ အဲဒီနေရာမှာလုံခြုံတယ်၊ မစ္စတာ" ပြောပြီး ပျောက်သွားတယ်။ ဒီနောက် ဒါစလီမိသားစုတို့ မြင်ရတယ်။ ဒါလီဟာ လှောင်အိမ်သံတိုင်ကို လှုပ်ပြီး သူ့ကို ရယ်နေတယ်။

"တော်စမ်း" ဟယ်ရီက ဗလုံးဗထွေးပြောတယ်။ ဂရတ်ဂရင်ဆိုတဲ့ အသံဟာ သူ့နာကျင်နေတဲ့ အာရုံကြောကို ရိုက်ခတ်နေတယ်။ "မဆူပါနဲ့......ရပ်လိုက်ပါ......ကျွန်တော် အိပ်ချင်တယ်......"

www.burmeseclassic.com

www.burmeseclassic.com



သူမှုက်စိဖွင့်လိုက်တယ်။ လရောင်ဟာ ပြတင်းသံတိုင်ကြားက ဝင်လာတယ်၊ သံတိုင်အပြင်ကနေ လူတစ်ယောက်သူ့ကို စိုက်ကြည့်နေတယ်။ မှည့်ခြောက်တွေနဲ့ မျက်နှာ၊ ဆံပင်နီနီ၊ နှာခေါင်းရှည်ရှည်နဲ့လူ။

ရွှန်-ဝယ်စလီဟာ ဟယ်ရီရဲ့ ပြတင်းအပြင်ဘက်မှာ။



## ၃။ အညတရဂေဟာ

"ရွှန်" ဟယ်ရီဟာ အသာလေး အော်လိုက်တယ်။ ခြေဖော့လက်ဖော့[illegible] ပြတင်းရှေ့ကပ်သွားပြီး ပြတင်းတံခါးကို မတင်လိုက်တယ်။ ဒီလိုမှ သံတိုင်[illegible]ဟာ စကားပြောရတာကောင်းမှာ။ "ရွှန်၊ မင်းဘယ့်နှယ် — ဒါက — [illegible]လဲ"

မျက်စိရှေ့မှောက်က ရုပ်ပုံကို သေချာမြင်ရပြီးနောက် ဟယ်ရီပါးစပ်[illegible]ဟောင်းသားဖြစ်သွားတယ်။ ရွှန်ဟာ အစိမ်းရင့်ရောင် စလွန်းကားတစ်စီးရဲ့[illegible]တန်း ကားပြတင်းပေါက်ကနေ ကိုယ်ကိုထုတ်ပြီး သူ့ကိုကြည့်နေတယ်။ [illegible]ဟာ လေထဲမှာ ရပ်ထားတယ်။ ရွှန်ရဲ့ အမြွှာအစ်ကို ဖရက်နဲ့ ဂျော့တို့ဟာ[illegible]တန်းမှာ ထိုင်ပြီး သူ့ကို သွားဖြဲပြုံးပြနေတယ်။

"ဘယ်နှယ်လဲ၊ ဟယ်ရီ"

"ဘယ်လိုဖြစ်တာလဲ" ရွှန်က ပြောတယ်။ "မင်းဘာဖြစ်လို့ ငါ့ကို စာ[illegible]တာလဲ။ ငါမင်းကို ၁၂ ကြိမ်တောင် ဖိတ်တာ။ ဒီနောက်တော့ [illegible][illegible]တော့ ပြောပြတယ်၊ မင်း မတ်ဂေါ်တွေရှေ့မှာ မှော်ပညာသုံးလို့ သတိ

www.burmeseclassic.com



ပေးခဲ့ရတယ်တဲ့. . . . . ."

"ငါမဟုတ်ဖူး — သူဘယ်လိုသိတာလဲ"

"သူက ဝန်ကြီးဌာနမှာ အလုပ်လုပ်တယ်" ရွှန်က ပြောတယ်။ "တို့ကျောင်းအပြင်မှာ မှော်ပညာမသုံးရဘူးဆိုတာ မင်းသိပါတယ် —"

"မင်းပြောတာတော့ ဟုတ်နေတာပဲ" ဟယ်ရီက လေထဲမှာ ရပ်နေတဲ့ မော်တော်ကားကို ကြည့်ပြီး ပြောတယ်။

"အော၊ ဒါ မဆိုင်ဘူး" ရွှန်က ပြောတယ်။ "တို့က ငှားသုံးတာပါ။ ဒါအဖေ့ကား။ ငါတို့ ၎င်းကို မှော်ပညာနဲ့ စီရင်မထားပါဘူး။ ဒါပေမယ့် မင်းက မင်းနဲ့အတူနေတဲ့ မတ်ဂေါ်တွေရှေ့မှာ မှော်ပညာသုံးတယ်. . . . . ."

"ငါမင်းကို ပြောပြီးပြီနော်။ ငါမလုပ် — ဒါပေမယ့်၊ အခုရှင်းပြနေဖို့ အချိန်မရှိဘူး။ မင်းကျောင်းကို ပြောပေးနိုင်မလား။ ဒါစလီ မိသားစုဟာ ငါ့ကို အခန်းပိတ်ထားတယ်။ ငါ့ကို ကျောင်းမပြန်ရဘူးတဲ့။ ငါ့မှာ မှော်ပညာနဲ့ ထွက်ပြေးလို့ကလဲ မဖြစ်ဘူး။ ဝန်ကြီးဌာနက ငါသုံးရက်အတွင်း မှော်ပညာနှစ်ကြိမ်အသုံးပြုတယ်လို့ ထင်မှာ။ ဒါကြောင့် —"

"အပိုတွေ ပြောမနေနဲ့တော့" ရွှန်က ပြောတယ်။ "ငါတို့က မင်းကို အိမ်ခေါ်ဖို့ လာကြတာ"

"ဒါပေမယ့် မင်းတို့လဲ မှော်ပညာ မသုံးရဘူး —"

"တို့ သုံးစရာမလိုဘူး" ရွှန်က ခေါင်းကို ရှေ့တန်းဘက် ညိတ်ပြလိုက်ပြီး ရယ်ရင်းပြောတယ်။ "ငါ ဘယ်သူနဲ့ အတူလာတယ်ဆိုတာ မင်းမေ့နေပြီလား"

ဖရက်က ဟယ်ရီကို ကြိုးစတစ်စ ပစ်ပေးတယ်။ "သံဇန်းပေါ် ချည်လိုက်"

"ဒါစလီ မိသားစု နိုးလာရင် ငါသေမှာ" ဟယ်ရီက ပြောရင်း ကြိုးကို သံတိုင်တစ်တိုင်ပေါ် ခိုင်ခိုင်တုပ်ချည်လိုက်တယ်။ ဖရက်က ကားစက်နှိုးလိုက်တယ်။

"စိတ်မပူပါနဲ့" ဖရက်က ပြောတယ်။ "နောက်ဆုတ်ရပ်"

ဟယ်ရီဟာ အမှောင်ရိပ်ထဲ ဆုတ်လိုက်တယ်။ ဟက်ဒဝစ်အနားမှာ ၎င်းဟာလဲ အရေးကြီးမှန်းသိသလိုပဲ လှောင်အိမ်ထဲမှာ ငြိမ်နေတယ်။ ကားမောင်းတာသံ ပိုပိုကျယ်လာတယ်။ ရုတ်တရက် ဂတ်ဆိုတဲ့ အသံနဲ့အတူ သံဇန်း



ပြုတ်ထွက်သွားတယ်။ ဖရက်ဟာ ကားကို မိုးပေါ်တည့်တည့်မောင်းတက်သွားတယ် — ဟယ်ရီက ပြတင်းရှေ့ပြေးသွားတယ်။ သံဇန်းဟာ မြေပြင်နဲ့ ပေအနည်းငယ်မှာ လှုပ်ယမ်းနေတာ တွေ့ရတယ်။ ရွှန်က ဟောဟဲဟောဟဲနဲ့ ၎င်းတို့ ကားထဲဆွဲသွင်းလိုက်တယ်။ ဟယ်ရီက စိုးရိမ်စွာ နားထောင်ကြည့်တယ်။ ဒါစလီတို့ အိပ်ခန်းထဲမှာ ဘာသံမှ မကြားရဘူး။

ပြတင်းသံဇန်းကို ရွှန့်ဘေးက ထိုင်ခုံပေါ်မှာ လုံခြုံစွာထားရှိပြီးတာနဲ့ ဖရက်ကကားကို ဟယ်ရီ့ပြတင်းနဲ့ နီးနိုင်သလောက် နီးနီးပြန်ဆုတ်လာတယ်။

"ကားပေါ်တက်" ရွှန်က ပြောတယ်။

"ဒါပေမယ့် ကျွန်တော့် ကျောင်းပစ္စည်းတွေ. . . . . . မှော်ကြိမ်လုံး . . . . . . မိုးပျံတံမြက်စည်း . . . . . ."

"ဘယ်မှာလဲ"

"လှေခါး အောက်က ပန်းကန်ဘီဒိုခန်းထဲမှာ သော့ခတ်ထားတယ်။ ကျွန်တော်အပြင်ထွက်လို့ မရဘူး —"

"ဒါလွယ်ပါတယ်" ကားမောင်းသူဘေး ထိုင်ခုံမှာ ထိုင်နေတဲ့ ဂျော့က ပြောတယ်။ "နည်းနည်းဖယ်ပေး၊ ဟယ်ရီ"

ဖရက်နဲ့ ဂျော့ဟာ ပြတင်းကနေ ဟယ်ရီ့ အခန်းထဲကို သတိနဲ့ တွားသွားတယ်။ ဂျော့ဟာ အိတ်ကပ်ထဲကနေ ရိုးရိုးဆံညှပ်တစ်ချောင်းနှိုက်ထုတ်လိုက်ပြီး သော့ကို စကော်တယ်။ သူတို့မှ ဖြစ်မှာ၊ ဟယ်ရီက တွေးတယ်။

"မှော်ဆရာအများအပြားဟာ ဒီလို မတ်ဂေါ်တွေရဲ့ လုပ်ပုံကို သင်ယူတာ အချိန်ဖြုန်းတာပဲလို့ ထင်ကြတယ်" ဖရက်က ပြောတယ်။ "ဒါပေမယ့် တို့ကတော့ ဒါလဲ အတတ်ပညာတရပ်ပဲလို့ ထင်တယ်။ နှေးတော့ နည်းနည်း နှေးတာပေါ့"

ဝလစ်ဆိုတဲ့ အသံလေးနဲ့အတူ တံခါးပွင့်သွားတယ်။

"အခု — ငါတို့ မင်းသေတ္တာသွားယူမယ် — မင်းက မင်းလိုအပ်တဲ့ဟာတို့ မင်းအခန်းက ယူပြီး ရွှန်ကို လှမ်းပေး" ဂျော့က တိုးတိုးပြောတယ်။

"အောက်ဆုံး လှေခါးထစ်ကို သတိထား၊ မြည်တတ်တယ်" ဟယ်ရီက တိုးတိုးပြောတယ်။ အမြွှာနှစ်ယောက် မှောင်မည်းတဲ့ လှေခါးဝကနေ ပျောက်သွားတယ်။

ဟယ်ရီဟာ အခန်းထဲမှာ ဟိုပြေးဒီပြေးပြေးပြီး ပစ္စည်းတစ်ချို့ သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆည်းကာ ပြတင်းပေါက်ကနေ ရွန့်ကို လှမ်းပေးတယ်။ ဒီနောက် ဖရက်နဲ့ ဂျော့ကို သေတ္တာကူမတယ်။ ဦးလေးဗားနွ် ချောင်းဟန့်လိုက်တာ ဟယ်ရီကြားရတယ်။

သုံးယောက်သား ဟောဟဲဟောဟဲနဲ့ သေတ္တာကို အပေါ်ထပ် မ,ယူလာကြတယ်။ တစ်ခါ ဟယ်ရီ့အခန်းပြတင်းပေါက်ထိ မ,လာကြတယ်။ ဖရက်က ကားထဲ ပြန်တွားဝင်သွားတယ်။ ရွန်နဲ့အတူ သေတ္တာကို ဆွဲယူတယ်။ ဟယ်ရီနဲ့ ဂျော့က အခန်းထဲကနေ တွန်းကြတယ်။ သေတ္တာဟာ နည်းနည်းချင်း ပြတင်းအပြင်ဘက်သို့ လျှောထွက်လာတယ်။

ဦးလေးဗားနွ် ချောင်းတစ်ချက်ဆိုးတယ်။

“အားထုတ်လိုက်ပါဦး” ဖရက်က ဆွဲရင်း မောမောနဲ့ ပြောတယ်။ “တစ်အားတွန်းလိုက် . . . . . .”

ဟယ်ရီနဲ့ ဂျော့ဟာ ပခုံးနဲ့ သေတ္တာကို တစ်အားတိုက်လိုက်တယ်။ သေတ္တာဟာ ပြတင်းပေါက်ကနေ မော်တော်ကားနောက်တန်း ထိုင်ခုံပေါ် လျှောကျသွားတယ်။

“ကောင်းပြီ၊ တို့သွားကြရအောင်” ဂျော့က တိုးတိုးပြောတယ်။

ဒါပေမယ့် ဟယ်ရီပြတင်းပေါက်ပေါ် တက်လိုက်တဲ့အခါမှာ သူ့နောက်က စူးရှစွာ အော်သံထွက်လာတယ်။ ဆက်ပြီးတော့ ဦးလေးဗားနွ်ရဲ့ ဟိန်းဟောက်သံ။

“ဒီးကွက်စုတ်”

“ငါဟက်ဒဝစ်ကိုမေ့နေပြီ”

လှေခါးဝက မီးလင်းလာတယ်။ ဟယ်ရီဟာ အခန်းထဲအလျင်အမြန် ပြန်ဝင်တယ်။ ဟက်ဒဝစ်ရဲ့ လှောင်အိမ်ကို ဆွဲယူပြီး ပြတင်းဆီပြေးသွားတယ်။ လှောင်အိမ်ကို ရွန့်ပေးလိုက်တယ်။ သူအံဆွဲဘီဒိုပေါ် ပြန်တက်တဲ့အချိန်မှာ ဦးလေးဗားနွ်ဟာ သော့ခတ်မထားတဲ့တံခါးကို လာခေါက်မိပြီး — တံခါးပွင့်သွားတယ်။

ရုတ်တရက် ဦးလေးဗားနွ်ဟာ တံခါးဝမှာ ငိုင်သွားတယ်။ ဒီနောက် သူဟာ ဒေါသထနေတဲ့ နွားထီးတစ်ကောင်လို ကုန်းအော်လိုက်ပြီး ဟယ်ရီဆီ ခုန်အုပ်ပြီး သူ့ခြေမျက်စိကို ဆွဲထားတယ်။

ရွန်၊ ဖရက်နဲ့ ဂျော့တို့က ဟယ်ရီ့ လက်မောင်းကို ကိုင်ပြီး အတင်း



အပြင်ကို ဆွဲတယ်။

“ဗီချူနီယာ” ဦးလေးဗားနွ်က အော်တယ်။ “သူထွက်ပြေးတော့မယ်။ သူထွက်ပြေးတော့မယ်”

ဝယ်စလီ ညီအစ်ကိုတွေ တအားဆောင့်ဆွဲလိုက်တာနဲ့ ဟယ်ရီ့ခြေထောက်ဟာ ဦးလေးဗားနွ်လက်က လွှတ်ထွက်လာတယ်။ ဟယ်ရီကားထဲဝင်လိုက်ပြီး ကားတံခါးပိတ်လိုက်တယ်။ ရွန်က ချက်ချင်းအော်တယ်။ “လီဗာမြန်မြန်နင်း ဖရက်” ကားဟာ ဝုန်းဆို လဆီသို့ပြေးသွားတယ်။

ဟယ်ရီမယုံနိုင်စရာပဲ — သူလွတ်လပ်သွားပြီ။ သူက ကားမှန်ကို ချလိုက်တယ်။ ညလေဟာ သူ့ဆံပင်ကို ရိုက်ခတ်နေတယ်။ ရေဖယောင်းပင်အင်းက အိမ်ခေါင်မိုးဟာ အောက်ဘက်မှာ တဖြည်းဖြည်းသေးငယ်သွားတယ်။ ဦးလေးဗားနွ်၊ အဒေါ် ဗီချူနီယာနဲ့ ဒါလီတို့ ပြတင်းပေါက်မှာ ငိုင်ပြီး ကြောင်ကြည့်နေတုန်းပဲ။

“နောင်နှစ်ခါ နွေကျမှ ပြန်တွေ့ကြမယ်” ဟယ်ရီက အော်ပြောတယ်။

ဝယ်စလီ ညီအစ်ကိုတွေ တဟားဟား ရယ်ကြတယ်။ ဟယ်ရီဟာ ကျောမှီထိုင်ရင်း ဝမ်းသာလို့ ပါးစပ်မစေ့နိုင်ဘူး။

“ဟက်ဒဝစ်ကို လွှတ်လိုက်ပါ” သူက ရွန့်ကို ပြောတယ်။ “သူ့ တို့နောက်က ပျံလိုက်လာလို့ရတယ်။ သူတောင်ပံ မဖြန့်ရတာ နှစ်နဲ့ချီကြာနေပြီ”

ဂျော့က ဆံညှပ်ကို ရွန့်ကမ်းပေးလိုက်တယ်။ ခနနေတော့ ဟက်ဒဝစ်ဆော့ရွှင်စွာ ကားထဲက ပျံထွက်ပြီး ဝိညာဉ်လို သူတို့ဘေးမှာ ဝဲပျံနေတယ်။

“တို့ကို ပြောပြလို့ ရပြီထင်တယ်၊ ဟယ်ရီ” ရွန်က မအောင့်နိုင်ဘဲ မေးတယ်။ “ဘာတွေများဖြစ်ခဲ့သလဲ”

ဟယ်ရီက သူတို့ကို ဒေါ့ဘီအကြောင်း၊ ၎င်းက ဟယ်ရီ့ကို သတိပေးသော အောက်ပြုတ်ကျပေကျဲကုန်တဲ့ မြင်းခွာညှိပူတင်း အကြောင်းစုံပြောပြတယ်။ သူပြောပြီးနောက် ကားထဲမှာ အတော်ကြာကြာ ငြိမ်သက်နေတယ်။

“သိပ်သံသယရှိဖို့ ကောင်းတယ်” နောက်ဆုံး ဖရက်က ပြောတယ်။

“သိပ်ကို ကြံစည်ပုံပေါ်နေတယ်” ဂျော့က သဘောတူတယ်။ “ဒါတွေကို ဘယ်သူကြံစည်နေတယ်ဆိုတာ သူမပြောဘူးမှတ်လား”

“သူက ပြောလို့ မဖြစ်လို့ ထင်တယ်” ဟယ်ရီက ပြောတယ်။ “ငါခုန

www.burmeseclassic.com



က ပြောပြီးပြီ၊ သူတစ်ခုခုပြောထုတ်တော့မယ်လုပ်တိုင်း ခေါင်းနဲ့နံရံကို ဆောင့်တယ်"

ဖရက်နဲ့ ဂျော့ အကြည့်ချင်း ဖလှယ်လိုက်တာ သူတွေ့ရတယ်။

"ဘယ်လိုလဲ၊ မင်းတို့က သူငါ့ကို လိမ်နေတယ်ထင်လို့လား" ဟယ်ရီက ပြောတယ်။

"အင်း" ဖရက်က ပြောတယ်။ "ဒီလိုပြောရအောင် — အိမ်မွေးမှင်စာလေးရဲ့ မှော်ပညာဟာလဲ အလွန်တော်ပါတယ်။ ဒါပေမယ့် သခင့်ခွင့်ပြုချက်မရရင် သူတို့ဟာ ယေဘုယျအားဖြင့် မှော်ပညာမသုံးရဘူး။ ငါထင်တယ်၊ ဒေါ့ဘီဟာ တစ်ယောက်ယောက်က မင်းကိုဟော့ဂ်ဝပ်မပြန်အောင် တားခိုင်းတာထင်တယ်။ မင်းကို ဒုက္ခပေးချင်တဲ့ လူရှိတယ်။ မင်းကျောင်းမှာ ရန်သူရှိလား"

"ရှိတယ်" ဟယ်ရီနဲ့ ရွန်ဟာ ချက်ချင်းအတူဖြေတယ်။

"ဒြာခို-မော်ဖိုင်" ဟယ်ရီက ရှင်းပြတယ်။ "သူက ငါ့ကို မုန်းတယ်"

"ဒြာခို-မော်ဖိုင်၊ ဟုတ်လား" ဂျော့ သူတို့ဖက်လှည့်လိုက်တယ်။ "လူးရှပ်စ်-မော်ဖိုင်ရဲ့ သားလား"

"ဟုတ်မယ်ထင်တယ်၊ ဒီအမျိုးနာမည်သိပ်မတွေ့ရဘူး၊ ဟုတ်တယ်မဟုတ်လား" ဟယ်ရီက ပြောတယ်။ "ဘယ်လိုလဲ"

"အဖေ သူ့အကြောင်းပြောတာကြားဖူးတယ်" ဂျော့က ပြောတယ်။ "လူးရှပ်စ်-မော်ဖိုင်ဟာ လျှို့ဝှက်လူကို ထောက်ခံသူတဲ့"

"လျှို့ဝှက်လူ ပျောက်သွားပြီးနောက် " ဖရက်က ဟယ်ရီ့ကို လှည့်ကြည့်ပြီး ပြောတယ်။ "လူးရှပ်စ်-မော်ဖိုင်ပြန်လာပြီး ဟိုကိစ္စ သူနဲ့မဆိုင်ဘူးလို့ ပြောတယ်။ ဒါ ကလိန်ကျတာ — အဖေက သူဟာ လျှို့ဝှက်လူရဲ့ လူယုံလို့ ထင်တယ်"

မော်ဖိုင်တို့ရဲ့ အဲဒီသတင်းတွေကို ဟယ်ရီကြားဖူးတယ်။ ဒါကြောင့် သူနည်းနည်းမှ မအံ့ဩဘူး။ မော်ဖိုင်နဲ့ စာရင် ဒါလီဟာ ရိုးသားပြီး သိတတ်တဲ့ ကောင်လေးလို့တောင် ပြောလို့ရတယ်။

"မော်ဖိုင်တို့အိမ်မှာ မှင်စာလေးရှိမရှိ ကျွန်တော်မသိဘူး ......" ဟယ်ရီက ပြောတယ်။

"မှင်စာလေးရှိတဲ့ အိမ်ဟာ ရှေးမှော်မိသားစုဖြစ်မှာ သေချာတယ်။ ပြီး တော့ သိပ်ချမ်းသာတယ်" ဖရက်က ပြောတယ်။



"ဟုတ်တယ်၊ အမေဟာ အိမ်မှာ မီးပူတိုက်ပေးဖို့ မှင်စာလေးတစ်ကောင်လိုချင်နေတာ" ဂျော့ကပြောတယ်။ "ဒါပေမယ့် ကျွန်တော်တို့မှာ ထပ်ခိုးပေါ်က ရွှံ့စရာအလောင်းစားဖုတ်ကောင်နဲ့ ပန်းခြံတစ်ခုလုံးပြည့်နေတဲ့ မြေအောက်နေ နာနာဘာဝလေးတွေပဲရှိတယ်။ မှင်စာလေးဆိုတာ ရှေးကျတဲ့ သယ်ယာကွင်းကြီးတွေရဲ့ ရဲတိုက်ကြီးတွေထဲမှာသာရှိတာ။ တို့ အိမ်မှာတော့ မရှိနိုင်ဘူး ......"

ဟယ်ရီငြိမ်သွားတယ်။ ဒြာခို-မော်ဖိုင်သုံးတဲ့အရာအားလုံးဟာ အဆင့်အမြင့်ဆုံးချည်းပဲ။ သူတို့အိမ်မှာ မှော်ရွှေဒင်္ဂါးတွေ အများကြီးရှိတယ်။ မော်ဖိုင်တာ လယ်ယာကွင်း နေအိမ်ကြီးထဲမှာ ဝင့်ဝင့်ကြွားကြွား လမ်းလျှောက်ရင်း ထွက်ပြီး ဟယ်ရီ ဟော့ဂ်ဝပ်ကိုမပြန်နိုင်အောင် တားဆီးခိုင်းတာလဲ မော်ဖိုင်လုပ်တတ်တဲ့ အလုပ်မျိုးပဲလို့ ဟယ်ရီတွေးမိတယ်။ ဟယ်ရီဟာ ဒေါ့ဘီ ပြောတာကို အမှန်ယူတာ သိပ်များ အ,လွန်းနေမလား။

"ဘာပဲဖြစ်ဖြစ်၊ မင်းကိုလာကြိုရတာ ငါသိပ်ဝမ်းသာတာပဲ" ရွန်က ပြောတယ်။ "မင်းစာတစ်စောင်မှ မပြန်တော့ ငါသိပ်စိတ်ပူတာ။ စစချင်းမှာ တော့ အဲရော်များ ပြဿနာပေါ်လို့လားလို့ ထင်တာ —"

"အဲရော်ဆိုတာ ဘယ်သူလဲ"

"ငါတို့ဇီးကွက်။ သူအသက်ကြီးသွားပြီ။ အရင်က စာပို့တာ အားအင်ကုန်ခန်းတာဖြစ်ခဲ့ဖူးတယ်။ ဒါကြောင့် ငါက ဟားမက်စ်ကို ငှားချင်တာ—"

"ဘယ်သူ"

"ဖတ်စီ အတန်းခေါင်းဆောင်ဖြစ်လာပြီးနောက် အဖေအမေတို့ သူ့ကို ပေးထားတဲ့ ဇီးကွက်" ရှေ့မှာ ထိုင်နေတဲ့ ဖရက်က ပြောတယ်။

"ဒါပေမယ့် ဖတ်စီက ငါ့ကို မငှားဘူး" ရွန်ကပြောတယ်။ "သူ သုံးစရာရှိတယ်လို့ ပြောတယ်"

"ဖတ်စီ ဒီနှစ်နွေကျောင်းပိတ်ရက်မှာ အလွန်ထူးဆန်းတယ်" ဂျော့က မျက်မှောင်ကြုတ်ရင်း ပြောတယ်။ "သူစာတွေအများကြီးပို့တယ်။ တစ်ယောက်တည်း အမြဲလို အခန်းထဲပိတ်နေတယ် ...... အတန်းခေါင်းဆောင် တံဆိပ်ကို နောက်အကြိမ်ကြိမ်ပွတ်တိုက်ဖို့ လိုသလားဆိုတာ ငါနားမလည်ဘူး။ မောင်းတာ အနေောက်ဖက် သိပ်လွန်သွားပြီ၊ ဖရက်" သူက ဒိုင်ခွက်ပေါ်က

www.burmeseclassic.com

www.burmeseclassic.com



သော်ထံဘို ညွှန်ပြတယ်။ ဖရက်က စီရာရင်ကို လှည့်ပေးလိုက်တယ်။

"ဒါဆို မင်းတို့ကားမောင်းထွက်လာတာ မင်းတို့အဖေသိလား" တကယ်တော့ အဖြစ်မှန်ကို ဟယ်ရီ ခန့်မှန်းသိရှိနေပြီ။

"အော၊ မသိဘူး" ရွန်က ပြောတယ်။ "သူဒီနေ့ည အချိန်ပို အလုပ်ဆင်းရမယ်။ ငါတို့ ကားကို ကားဂိုဒေါင်ထဲ အမေမသိအောင် တိတ်တိတ်လေးမောင်းထည့်နိုင်ပါစေလို့ မျှော်လင့်တယ်"

"မင်းအဖေက မှော်ပညာဝန်ကြီးဌာနမှာ ဘာအလုပ်လုပ်သလဲ"

"သူက ညည်းငွေ့စရာအကောင်းဆုံးဌာနမှာ လုပ်တယ်" ရွန်က ပြောတယ်။ "မတ်ဂေါ်အရာဝတ္ထုများအလွဲသုံးစားပြုခြင်းတားမြစ်တဲ့ ဌာန"

"ဘာလဲ"

"အဲဒါ မတ်ဂေါ်တွေပြုလုပ်တဲ့ အရာဝတ္ထုအပေါ် မှော်ပညာသုံးတာ တားမြစ်တာ။ အဲဒီအရာဝတ္ထုတွေ မတော်လို့ မတ်ဂေါ်တွေရဲ့ ကုန်ဆိုင်ဒါမှမဟုတ် အိမ်ကို ပြန်ရောက်သွားမှာ စိုးလို့။ မနှစ်တုန်းကလိုပေါ့၊ မှော်ဆရာမအိုကြီးတစ်ယောက် သေဆုံးသွားတယ်။ သူမရဲ့ လက်ဖက်ရည် ပန်းကန် (တီးဆက်) ရှေးဟောင်းပစ္စည်းဆိုင်ကို အရောင်းခံရတယ်။ အဲဒီလက်ဖက်ရည် ပန်းကန်အသုံးအဆောင်တွေကို မတ်ဂေါ်အမျိုးသမီးတစ်ယောက်က ဝယ်သွားတယ်။ အိမ်မှာ မိတ်ဆွေတွေကို လက်ဖက်ရည်တိုက်တယ်။ တကယ့်ကို အိပ်မက်ဆိုးပဲ — အဖေက ရက်သတ္တပတ် အတော်များများ အချိန်ပိုဆင်းလိုက်ရတယ်"

"ဘယ်လိုဖြစ်လို့လဲ"

"လက်ဖက်ရည်အိုးက ရုတ်တရက် အရူးထပြီး ဆူပွက်နေတဲ့ လက်ဖက်ရည်ကို နေရာအကာ ပန်းထုတ်တယ်။ အမျိုးသားတစ်ယောက် ဆေးရုံတက်ရတယ်။ သကြားခဲကို ညှပ်တဲ့ညှပ်က သူ့နှာခေါင်းကို ညှပ်မိနေလို့ အဖေလဲ ဝရုန်းလည်နေတာပဲ။ ဌာနထဲမှာလဲ ဖတ်ခင်စ်လို့ခေါ်တဲ့ မှော်ဆရာအိုကြီးပဲရှိတယ်။ သူတို့ဟာ မတတ်သာဘဲ မေ့ပျောက်မှော်ဂါထာနဲ့ နည်းအမျိုးမျိုးကို သုံးပြီး ဖုံးဖိလိုက်ရတယ်. . . . . .။

"ဒါပေမယ့် မင်းအဖေ. . . . . . ဒီကား. . . . . ."

ဖရက်ကရယ်တယ်။ "ဟုတ်တယ်လေ၊ အဖေက မတ်ဂေါ်တွေနဲ့ ပတ်သက်တဲ့ဟာ အားလုံးကို နှစ်သက်မိနေတယ်။ ငါတို့တဲထဲမှာ မတ်ဂေါ်



ပစ္စည်းတွေ တပုံကြီးပဲ။ သူက အဲဒါတွေကို ဖြုတ်ပစ်ပြီး ၎င်းအပေါ် မှော်ပညာ စီရင်လိုက်တယ်။ တကယ်လို့ သူငါတို့အိမ်ကို လာစစ်ဆေးရင် သူ့ကိုယ်သူ ဖမ်းရလိမ့်မယ်။ အမေဟာ ဒီအတွက် ဒေါသထွက်လို့ ရူးမတတ်ပဲ"

"အဲဒါလမ်းမကြီး" ဂျော့ဟာ ကားရှေ့မှန်ကတဆင့် အောက်ဘက်ကို ကြည့်ပြောတယ်။ "ငါတို့ ဆယ်မိနစ်ဆိုရင် အဲဒီကို ရောက်နိုင်ပြီ. . . . . တော်ပါသေးတယ်၊ မိုးလင်းတော့မယ်. . . . . ."

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းဆီမှာ ပန်းနီရောင်သန်းလာပြီ။

ဖရက်က ကားကို နည်းနည်းနှိမ့်လိုက်တယ်။ လယ်ကွက်တွေ၊ သစ်အုပ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အရောင်ရင့်ရင့် ရုပ်ပုံတွေကို ဟယ်ရီမြင်တွေ့ရတယ်။

"ငါတို့ ရွာပြင်နားမှာ" ဂျော့က ပြောတယ်။ "အော့ထရီစိန့်ကက်ချ်ပိုး. . . . . . ."

ကားဟာ နိမ့်နိမ့်ဆင်းလာတယ်။ တောက်ပတဲ့ နေဝန်းနီဟာ အခုသစ်ပင်ကြားက ပေါ်ထွက်လာပြီ။

"မြေပေါ်ဆင်း" ဖရက်က အော်တယ်။ ကားဟာ အသာလေးတုန်ခါပြီး မြေပြင်နဲ့ ထိသွားတယ်။ သူတို့ဟာ ခြံဝန်းလေးတစ်ခုထဲက ပြိုလုဆဲဆဲ ကားဂိုဒေါင်ဘေး ဆင်းသက်ခဲ့ကြတယ်။ ဟယ်ရီက ရွန့်အိမ်ကို ပထမဆုံး အကြိမ်ကြည့်မြင်ရတယ်။

၎င်းဟာ အရင်က ကျောက်တုံးနဲ့ဆောက်ထားတဲ့ ဝက်ခြံနဲ့တူတယ်။ နောင်မှာ အခန်းတွေ ထပ်ဆောက်လို့ အထပ်တစ်ချို့မြင့်လာတယ်။ ပြီးတော့ တွန့်ကွေ့ကောက်ကောက်နဲ့ မှော်ပညာနဲ့ ဆောက်ထားသလိုပဲ (ဟယ်ရီက ဒီလိုဖြစ်နိုင်တယ်လို့ မိမိဖာသာသတိပေးတယ်)။ အနီရောင်ခေါင်မိုးပေါ်မှာ မီးခိုးခေါင်တိုင်လေးငါးခု ရှိတယ်။ အိမ်ရှေ့မှာ ဆိုင်းဘုတ်တစ်ခု စောင်းစောင်း စိုက်ထားတယ်။ "အညတရဂေဟာ" လို့ ရေးထားတယ်။ တံခါးမကြီးဘေးမှာ ဘွတ်ရှည်ဖိနပ်တစ်ချို့ပစ်ထားတယ်။ သံချေးတွေတက်နေတဲ့ ဆေးကျိုအိုးတစ်လုံးလည်းရှိတယ်။ ညိုမွဲမွဲကြက်ဝဝအကောင်အချို့ ခြံဝန်းထဲမှာ အစာရှာနေတယ်။

"သိပ်မကောင်းပါဘူးနော်" ရွန်က ပြောတယ်။

"သိပ်ကောင်းတာပဲ" ဟယ်ရီက ပျော်ရွှင်စွာ ပြောတယ်။ သူဟာ ရေ ဆောင်းပင်လမ်းကို သတိရမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကားပေါ်က ဆင်းလိုက်ကြတယ်။

"အခု တို့အပေါ် ထပ်ကို တိတ်တိတ်လေးတက်" ဖရက်က ပြောတယ်။ "အမေ နံနက်စောစောစာ စားဖို့ လာခေါ်တာစောင့်။ အဲဒီအချိန်ကျမှ ရွှန်က ပျော့ရွှင်စွာ ခုန်ပေါက်ဆင်းသွားပြီး ပြော။ 'အမေ၊ ဘယ်သူရောက်နေလဲဆိုတာ ကြည့်ပါဦး' သူမ ဟယ်ရီကို မြင်ရရင် မုချ သိပ်ဝမ်းသာမှာ။ ငါတို့ ကားသုံးတာ ဘယ်သူမှ သိမှာ မဟုတ်ဘူး"

"ကောင်းပြီ" ရွှန်က ပြောတယ်။ "လာ၊ ဟယ်ရီ ငါ့အိပ်ခန်းက—"

ရွှန့်မျက်နှာ စိမ်းပြာသွားတယ်။ မျက်စိဟာလဲ အိမ်ဘက်ဆီစိုက်ကြည့်နေတယ်။ ကျန်သုံးယောက် ကိုယ်ကိုလှည့်လိုက်တယ်။

မစ္စစ် ဝယ်စလီဟာ ခြံဝန်းတစ်ဖက်ကနေ အမြန်လျှောက်လာတယ်။ ကြက်တွေ ခြေဦးတည့်ရာ ထွက်ပြေးကြတယ်။ အံ့သြစရာကောင်းတာက သူမလို ဝဝတုတ်တုတ်၊ စိတ်ကောင်းရှိတဲ့ ပုံပေါ်တဲ့ အမျိုးသမီးဟာ သွားဖြဲထားတဲ့ ကျားတစ်ကောင်နဲ့ တူနေတာပဲ။

"အား" ဖရက်က ပြောတယ်။

"လုပ်ပါဦး" ဂျော့က ပြောတယ်။

"မင်္ဂလာနံနက်ခင်းပါ၊ မေမေ" ဂျော့ဟာ ပေါ့ပါးပြီး ချစ်စရာကောင်းတယ်လို့ ထင်တဲ့ လေသံနဲ့ ပြောတယ်။

"ငါ ဘယ်လောက်စိတ်ပူနေတယ်ဆိုတာ မင်းတို့ သိလား" မစ္စစ် ဝယ်စလီက ထိတ်လန့်ဖွယ်ရာ အသံနိမ့်ကြီးနဲ့ ပြောတယ်။

"ဝမ်းနည်းပါတယ်၊ မေမေ၊ ဒါပေမယ့် ကျွန်တော်တို့ —"

မစ္စစ်ဝယ်စလီရဲ့ သားသုံးယောက်စလုံး သူမထက် အရပ်မြင့်တယ်။ ဒါပေမယ့် သူမဒေါသထွက်တဲ့အခါမှာ သူတို့ အားလုံး တုန်နေတာပဲ။

"ခုတင်ပေါ်မှာ လူမရှိဘူး၊ စာလဲရေးမထားခဲ့ဘူး။ ကားလဲမရှိတော့ဘူး ...... ယာဉ်တိုက်မှုလဲဖြစ်နိုင်တယ် ...... ငါစိတ်ပူလို့ ရူးတော့မယ် ...... မင်းတို့သိကြရဲ့လား..... ဒီတစ်သက် တစ်ခါမှ မကြုံဖူးဘူး... ...မင်းတို့ အဖေပြန်လာတာကိုသာ စောင့်နေကြ။ ဘီးတို့ ချာလီတို့ ပတ်စီတို့ ဒီလိုမျိုးမဖြစ်ခဲ့ဖူးဘူး ......"

"ပြည့်စုံကုံလုံတဲ့ ပတ်စီ" ဖရက်က ပွစိပွစိပြောတယ်။

"မင်းသူ့ကို အတုခိုးစမ်းပါ" မစ္စစ် ဝယ်စလီက ဖရက်ရဲ့ ရင်ဘတ်ကို



လက်ညိုးနဲ့ ထောက်ပြီး ပြောတယ်။ "မင်းတို့ ပြုတ်ကျသေနိုင်တယ်။ သူများမြင်သွားနိုင်တယ်။ မင်းတို့ အဖေ့ကို အလုပ်ပြုတ်သွားစေနိုင်တယ် —"

နာရီ အချို့ကြာသွားသလိုပဲ။ မစ္စစ် ဝယ်စလီဟာ အသံတောင်ပြာလာပြီး ဒီတော့မှ ဟယ်ရီ့ဘက်ကို လှည့်လိုက်တယ်။ ဟယ်ရီက နောက်ကို နှစ်လှမ်းဆုတ်လိုက်တယ်။

"မင်းကိုတွေ့ရတာ သိပ်ဝမ်းသာတာပဲ၊ ချစ်လှစွာသော ဟယ်ရီ" သူမက ပြောတယ်။ "အိမ်ထဲဝင်ပြီး နံနက်စောစောစာ စားပါဦး"

သူမဟာ လှည့်ပြီး အိမ်ထဲဝင်သွားတယ်။ ဟယ်ရီက စိတ်လှုပ်ရှားစွာနဲ့ ရွှန်ကို ကြည့်လိုက်တယ်။ ရွှန်ခေါင်းညိတ်ပြတော့မှ သူလိုက်သွားတယ်။

မီးဖိုချောင်က ငယ်ငယ်လေးရယ်။ အတော်ကြပ်သပ်တယ်။ အလယ်မှာ သန့်သန့်ရှင်းရှင်း သုတ်ထားတဲ့ သစ်သားစားပွဲခုံနဲ့ ထိုင်ခုံအချို့။ ဟယ်ရီဟာ ခုံပေါ် ထိုင်တယ်။ ခုံအစွန်းလေးမှာပဲ ထိုင်တယ်။ သူဟာ ဟိုဟိုဒီဒီကြည့်တယ်။ အရင်က သူမှော်ဆရာအိမ်ကို မရောက်ဖူးဘူး။

တစ်ဖက် နံရံပေါ်က နာရီမှာ လက်တံတစ်ခုထဲရှိတယ်။ ဂဏန်းလဲ မရှိဘူး။ နာရီပေါ်မှာ "လက်ဖက်ရည်ကျို"၊ "ကြက်ကျွေး"၊ မင်းနောက်ကျတော့မယ်" စတာမျိုးတွေ ရေးထားတယ်။ မီးလင်းဖိုစင်ပေါ်မှာ စာအုပ်သုံးအုပ်ထပ်ထားတယ်။ (မင်းရဲ့ ဒိန်ခဲကို မှော်ပညာစီရင်ပါ)၊ (ပေါင်မုန့်ဖုတ်တဲ့ မှော်ပညာ) (စားပွဲကြီးတစ်ပွဲ ဖန်ဆင်း)၊ စသည် — မှော်စာအုပ်ချည်းပဲ။ ဟယ်ရီ့ နားက မှားမဟုတ်ရင် ညာနေတယ်လို့တောင် ထင်မိတယ်။ ရေကန်ဘေးက ရေဒီယိုဟောင်းကြီးက ပြောနေတယ်။ "ဆက်လက်ပြီး 'မှော်ပညာအစီအစဉ်' ဖြစ်ပါတယ်။ နာမည်ကြီးမှော်ဆရာမအဆိုကျော် စလက်စ်ထီနာ-ဝါးဘက်က ဆက်ပါတော့မယ်"

မစ္စစ် ဝယ်စလီ နံနက်စောစောစာ ချက်ပြုတ်နေတဲ့ ပန်းကန်ခွက်ယောက်သံကြားရတယ်။ သူမဟာ ဝက်အူချောင်းကို ဒယ်အိုးပြားထဲ ပစ်ထည့်ရင်း စိတ်ဆိုးဆိုးနဲ့ သားတွေကို မျက်စောင်းထိုးကြည့်တယ်။ ပါးစပ်ကလဲ တွတ်တွတ် ရွတ်နေတယ်။ "မင်းတို့ ဘယ်လိုတွေးတယ်မသိဘူး" "ယုံတောင် မယုံနိုင်ဘူး"

"ငါမင်းကို အပြစ်မတင်ဘူး၊ အချစ်လေး" သူမဟာ ဟယ်ရီ့ ပန်းကန်ထဲကို ဝက်အူချောင်းရှစ်ချောင်းကိုးချောင်း သွန်ထည့်ရင်း သူ့ကို နှစ်သိမ့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အာသာနဲ့ ငါလဲ မင်းကို စိတ်ပူတယ်။ မနေ့ညက တို့ပြောမိတယ်။ မင်းရွှန်တို့ နောက်ထပ်စာမပြန်ရင် ငါတို့ကိုယ်တိုင် မင်းကိုသွားကြိုဖို့။ ဒါပေမယ့်" (သူမဟာ ဟယ်ရီ့ပန်းကန်ထဲကို ကြက်ဥကြော်သုံးလုံးထပ်ထည့်ပေးလိုက်တယ်) "တရားမဝင်ကားတစ်စီးကို မောင်းပြီး နိုင်ငံတစ်ဝက်ဖြတ်ပျံလာတာ — ဘယ်သူမဆို မင်းတို့ကို မြင်နိုင်တယ် — "

သူမဟာ မှော်ကြိမ်လုံးနဲ့ ရေဇလုံထဲကပန်းကန်တွေကို ညွှန်လိုက်တယ်။ အဲဒီ ပန်းကန်တွေဟာ အလိုအလျောက်ဖာသာဆေးကြောလာကြတယ်။ ချွင်ချွင်ချွမ်ချွမ်သံတွေဟာ ဂီတနောက်ခံနဲ့ တူနေတယ်။

"အခြေအနေ သိပ်ကို မကောင်းဘူး၊ အမေ" ဖရက်က ပြောတယ်။

"ထမင်းစားတဲ့အခါမှာ စကားမပြောနဲ့" မစ္စစ် ဝယ်စလီက မာန်တယ်။

"သူတို့က သူ့ကို ထမင်းမကျွေးဘူး၊ အမေ" ဂျော့က ပြောတယ်။

"မင်းလဲ ပါးစပ်ပိတ်ထား"မစ္စစ် ဝယ်စလီက ပြောတယ်။ ဒါပေမယ့် သူမ ဟယ်ရီကို ပေါင်မုန့်လှီးပေး၊ ထောပတ်သုတ်ပေးတဲ့အခါမှာ သူမမျက်နှာပေါ်က အမူအရာဟာ နည်းနည်းပျော့ပျောင်းလာပြီ။

ဒီအချိန်မှာ ညဝတ်အင်္ကျီအရှည်ဝတ်ထားတဲ့ ဆံပင်နီနီကလေးမလေး ဖိုးဖိုချောင်ထဲ ဝင်လာတယ်။ တစ်ချက်အော်လိုက်ပြီး ပြန်ထွက်ပြေးသွားတယ်။

"ဂျင်နီ" ရွန်က ဟယ်ရီကို တိုးတိုးပြောတယ်။ "ငါ့ညီမလေး။ သူမ တစ်နွေလုံး မင်းအကြောင်းပြောနေတာ"

"ဟုတ်တာပေ့ါ၊ သူမက မင်းလက်မှတ်ထိုးပေးတာ လိုချင်တယ်တဲ့၊ ဟယ်ရီ" ဖရက်က ရယ်ရင်းပြောတယ်။ ဒါပေမယ့် မိခင်ရဲ့ မျက်ရိပ်ကို မြင်တာနဲ့ ချက်ချင်းထမင်းကုန်းစားတယ်။ စကားထပ်မပြောတော့ဘူး။ သူတို့အသံမထွက်ကြဘူး။ မကြာခင်မှာပဲ ပန်းကန်ပြားလေးခုပြောင်သွားတာပဲ။

"အား၊ မောလိုက်တာ" ဖရက်က ခေါ်၊ ခက်ရင်းချလိုက်ပြီး ပြောတယ်။ "ငါ သွားအိပ်တော့မယ် — "

"မရဘူး" မစ္စစ်ဝယ်စလီက အညှာတာကင်းမဲ့စွာ ပြောတယ်။ "တစ်ညလုံးမအိပ်ရတာ မင်းဟာမင်း မအိပ်တာ။ အခု မင်းပန်းခြံထဲက မြေထဲနေ နာနာဘာဝလေးတွေကို သွားရှင်းချေ။ သူတို့မနိုင်အောင် ဆိုးနေတယ်"

"အော၊ အမေ — "

"ပြီးတော့ မင်းတို့နှစ်ယောက်" သူမဟာ ရွန်နဲ့ ဖရက်ကို မြူးကြည့်



ပြောတယ်။ သူမက ဟယ်ရီကို ပြောပြန်တယ်။ "မင်းသွားအိပ်လို့ရတယ်၊ အချစ်လေး၊ မင်းက သူတို့ကို အဲဒီကားစုတ်မောင်းခိုင်းတာ မဟုတ်ဘူး"

ဒါပေမယ့် ဟယ်ရီဟာ နည်းနည်းမှ မအိပ်ချင်ဘူး။ ဒါနဲ့ ပြောတယ်၊ "ကျွန်တော် ရွန်နဲ့အတူဝိုင်းလုပ်မယ်။ မြေထဲနေ နာနာဘာဝကို သုတ်သင်တာ မမြင်ဖူးသေးဘူး — "

"ချစ်စရာကောင်းတဲ့ကလေး၊ ဒါပေမယ့် အဲဒါ ပျင်းစရာအလုပ်" မစ္စစ်ဝယ်စလီက ပြောတယ်။ "အခု လော့ဟတ် ဘယ်လိုပြောတယ်ဆိုတာ ကြည့်ရအောင်"

သူမဟာ မီးလင်းဖိုစင်ပေါ်ကနေ စာအုပ်ထုထူကြီးတစ်အုပ် ဆွဲထုတ်လိုက်တယ်။ ဂျော့က ညည်းညူလိုက်တယ်။

"အမေ ပန်းခြံထဲက မြေထဲနေ နာနာဘာဝလေးတွေကို ဘယ်လိုရှင်းရမယ်ဆိုတာ ကျွန်တော်တို့ သိတယ်"

အဲဒီစာအုပ်ရဲ့ အဖုံးမှာ ရွှေစာလုံး သော့သော့နဲ့ ဂစ်ဒရွိုင်း-လော့ဟတ်ရဲ့ သင့်ကို အိမ်တွင်းအဖျက်ပိုး သုတ်သင်နည်းသင်ပေးမယ်လို့ ရေးထားတာ ဟယ်ရီ မြင်ရတယ်။ စာအုပ်နာမည်အောက်မှာ ဓာတ်ပုံကြီးကြီးတစ်ပုံ ရှိတယ်။ ရုပ်ရည်ချောမောတဲ့ မှော်ဆရာတစ်ယောက်ဖြစ်တယ်။ ရွှေရောင်ဆံပင်ကောက်ကောက်၊ ကြည်လင်တဲ့ မျက်လုံးပြာပြာ။ မှော်လောကက ဓာတ်ပုံတွေဟာ လှုပ်ရှားတတ်တယ်။ ဓာတ်ပုံပေါ်က အဲဒီမှော်ဆရာ (ဟယ်ရီက ဝစ်ဒရွိုင်း-လော့ဟတ်ဆိုတာ သူပဲလို့ ခန့်မှန်းတယ်) ဟာ အတင့်ရဲစွာနဲ့ သူတို့ကို မျက်စိမှိတ်ပြနေတယ်။ မစ္စစ် ဝယ်စလီက တပြုံးပြုံးနဲ့ သူ့ကို ငုံ့ကြည့်နေတယ်။

"အော၊ သူသိပ်တော်တာ" သူမကပြောတယ်။ "သူက သူ့အိမ်မှာရှိတဲ့ အဖျက်ပိုးတွေအကြောင်း သိတယ်။ ဒါစာအုပ်ကောင်းတစ်အုပ်. . . . . "

"အမေက သူ့ကိုကြည်ညိုတယ်" ဖရက်က တိုးတိုးပြောတယ်။ ဒါပေမယ့် ရှင်းရှင်း ကြားရတယ်။

"လျှောက်မပြောနဲ့ ဖရက်" မစ္စစ် ဝယ်စလီမျက်နှာနီသွားတယ်။ "ကောင်းပြီ။ မင်းတို့ကိုယ်မင်းတို့ လော့ဟတ်ထက် ပိုနားလည်တယ်ထင်ရင် ဆက်သွားလုပ်ချေတော့။ ဒါပေမယ့် ငါလာစစ်ဆေးလို့ ပန်းခြံမှာ မြေထဲနေ နာနာဘာဝလေးတစ်ကောင် ကျန်နေသေးရင် သိမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝယ်စလီ ညီနောင်တွေ သမ်းဝေရင်း မကျေမနပ်ပြောနေတယ်။ ပျင်းအိအိထွက်သွားတယ်။ ဟယ်ရီက နောက်က လိုက်တယ်။ ပန်းခြံက အကြီးကြီးပဲ။ ပြီးတော့ ဟယ်ရီ စိတ်ကူးထဲက ပန်းခြံပုံစံပဲ။ ဒါစလီမိသားစုကတော့ မုချနှစ်သက်မှာ မဟုတ်ဘူး — ဒီမှာက မြက်ရိုင်းတွေပေါက်နေတယ်။ မြက်လည်းရိတ်ဖို့လိုပြီ — ဒါပေမယ့် နံရံခြေရင်းမှာ ယှက်လိမ်နေတဲ့ သစ်ပင်တွေ ပတ်ဝိုင်းနေတယ်။ ဟယ်ရီမမြင်ဖူးတဲ့ အပင်တွေဟာ ပန်းခင်းတွေထဲမှာ ပေါက်နေတယ်။ အစိမ်းရောင် ကန်ကြီးတစ်ကန်လည်း ရှိသေးတယ်။ အထဲမှာ ဖားတွေအများကြီးပဲ။

"မင်းသိပါတယ်၊ မတ်ဂေါ် ပန်းခြံထဲမှာလဲ နာနာဘာဝလေးတွေရှိတယ်" မြက်ခင်းကို ဖြတ်တဲ့အခါမှာ ဟယ်ရီက ရွန်ကို ပြောတယ်။

"အော၊ မတ်ဂေါ်တွေက နာနာဘာဝလို့ ထင်တဲ့ဟာ ငါတွေ့ဖူးတယ်" ရွန်က ပြောရင်း ခါးကုန်းပြီး ခေါင်းကို ဖီအိုနီထပ်တရာပန်းပင်ထဲ လျှိုလိုက်တယ်။ "ခရစ်စမတ် အဘိုးအို ဝဝတုတ်တုတ်ကြီး ငါးမျှားတံထမ်းထားတာနဲ့တူတယ် ......"

ပြင်းထန်စွာ ရုန်းကန်သံနဲ့အတူ ဖီအိုနီကိုင်းတွေ တအားလှုပ်ခတ်သွားတယ်။ ရွန် ခါးမတ်လိုက်တယ်။ "မြေထဲနေ နာနာဘာဝဆိုတာ ဒါပဲ" ရွန်က မျက်နှာထားကြီးနဲ့ ပြောတယ်။

"လွှတ်ပါ၊ လွှတ်ပါ" နာနာဘာဝလေးက တအားအော်တယ်။

နည်းနည်းမှ ခရစ်စမတ်အဘိုးအိုနဲ့ မတူဘူး။ ကိုယ်လုံးကိုယ်ထည်သေးသေးလေး၊ အသားအရေ ကြမ်းတမ်းမာကြောတယ်။ ခေါင်းတုံးပြောင်ပြောင် ခေါင်းဝိုင်းကြီးကလည်း အာလူးကြီးနဲ့ တူတယ်။ ရွန်က လက်ကိုဆန့်ပြီး ၎င်းကို မြှောက်ကိုင်ထားတယ်။ ၎င်းက အသားမာတက်နေတဲ့ ခြေထောက်ကလေးနဲ့ ကန်လိုက် ဆောင့်လိုက်လုပ်နေလို့။ သူက ၎င်းရဲ့ ခြေမျက်စိကို ကိုင်ပြီး ဇောက်ထိုးလုပ်လိုက်တယ်။

"မင်း ဒီလိုလုပ်မှ" သူက ပြောတယ်။ နာနာဘာဝလေးကို ခေါင်းပေါ်ကျော်အောင် မြှောက်လိုက်တယ်။ ("လွှတ်ပါ") ကြိုးကွင်းပစ်သလို လက်မောင်းကို ဝိုင်းပတ်ယမ်းပါတော့တယ်။ ဟယ်ရီ အံ့အားသင့်တဲ့ အမူအရာကိုကြည့်ပြီး ရွန်က ပြောတယ်။ "သူတို့ကို ဒုက္ခမရောက်စေပါဘူး — မင်း သူတို့ကို မူးအောင်လှည့်မှ သူတို့ ကျင်းပေါက်ရှာမတွေ့မှာ"



သူလက်လွှတ်လိုက်တာနဲ့ နာနာဘာဝလေး ပေ ၂၀ ပျံတက်သွားပြီး ဘုတ်ဆို သစ်ပင်ခြံစည်းရိုးနောက်က မြေကြီးပေါ် ကျသွားတယ်။

"ချာတယ်ကွာ" ဖရက်က ပြောတယ်။ "ဟိုသစ်ငုတ်ပေါ် ကျော်အောင် ပစ်ဖို့ အာမခံတယ်"

ချက်ချင်းပဲ ဟယ်ရီဟာ အဲဒီမြေထဲနေ နာနာဘာဝလေးတွေကို သနားတော့ဘူး။ အစက သူပထမဆုံး ဖမ်းမိတဲ့အကောင်ကို သစ်ပင်ခြံစည်းရိုးအပြင်ဘက်ကို အသာလေးသွားပစ်ဖို့။ ဒါပေမယ့် နာနာဘာဝလေးက တစ်ဘက်လူပျော့ညံ့တာ ခံစားရပြီး ၎င်းရဲ့ သွားချွန်ချွန်နဲ့ ဟယ်ရီ့လက်ကို တအားကိုက်ပစ်လိုက်တယ်။ သူ့မှာ ခါချလို့လဲ မရဘူး။ နောက်ဆုံး —

"ဝိုး၊ ဟယ်ရီ — မင်းပစ်လိုက်တာ ပေငါးဆယ်တော့ ရှိမယ် ......"

ပန်းခြံထဲမှာ မကြာခင် နာနာဘာဝလေးတွေ တစ်မိုးလုံးပျံနေတယ်။

"မင်းကြည့်လေ၊ သူတို့ သိပ်မလျင်ဘူး" ဂျော့က ပြောတယ်။ သူဟာ တစ်ချက်ထဲ လေးငါးကောင်ဖမ်းလိုက်တယ်။ "သူတို့ဟာ နာနာဘာဝတွေ ဘုတ်သင်တယ်လို့ကြားတာနဲ့ အားလုံး ပြေးလာကြည့်ကြတယ်။ ခုထိ မပါးနပ်ကြသေးဘူး"

မကြာခင်မှာပဲ အခင်းထဲက နာနာဘာဝလေးတွေဟာ ကပိုကယို တန်းစီပြီးထွက်သွားတယ်။ ပခုံးလေးတွေ ပင့်ထားလို့။

"သူတို့ ပြန်လာမှာ" သူတို့ဟာ အဲဒီ နာနာဘာဝလေးတွေ အခင်းတစ်ဘက်က ခြံစည်းရိုးသစ်ပင်နောက် ပျောက်သွားတာကြည့်ရင်း ရွန်က ပြောတယ်။ "သူတို့ ဒီနေရာကို နှစ်သက်တယ် .... အဖေက သူတို့ကို သိပ်သက်ညှာတာ။ သူက ၎င်းတို့ကို စိတ်ဝင်စားစရာကောင်းတယ်ထင်တာ ......"

ဒီအချိန်မှာပဲ တံခါးမကြီး ဒိုင်းဆို ပွင့်သွားတယ်။

"ပြန်လာပြီ" ဂျော့က ပြောတယ်။ "အဖေပြန်လာပြီ"

သူတို့ဟာ ပန်းခြံကိုဖြတ်ပြီး အိမ်ကို အမြန်ပြန်သွားတယ်။

မစ္စတာ ဝယ်စလီဟာ မီးဖိုချောင်ထဲက ထိုင်ခုံပေါ် ပျော့ခွေနေတယ်။ မျက်မှန်ချွတ်ထားပြီး မျက်စိနှစ်ဘက် ပိတ်ထားတယ်။ သူဟာ ပိန်ပါးသူဖြစ်ပြီး ဆံပင်လည်း ပြောင်စပြုနေပြီ။ ဒါပေမယ့် သူ့မှာ ကျန်ရှိနေသေးတဲ့ ဆံပင်တွေဟာ ကလေးတွေ လိုပဲ နီနေတယ်။ သူဟာ အစိမ်းရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားတယ်။ ခရီးပန်းတဲ့ ပုံပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအစ်ညှ သိပ်ဒုက္ခရောက်တယ်" သူက ပွစိပွစိပြောရင်း လက်ဖက်ရည်ခရားကို စမ်းနေတယ်။ ကလေးတွေအားလုံး သူ့အနားမှာ ထိုင်ကြတယ်။ "အိမ်တိုးအိမ်ရှာဖွေတယ်။ မွန်ဒွန်ဂတ်စ်-ဖလက်ချာဆိုတဲ့ အဘိုးကြီးက ငါတစ်ခုက်လှည့်လိုက်တုန်းမှာ မှော်ပညာနဲ့ လုပ်ဖို့ ကြိုးစားတယ် ......"

မစ္စတာ ဝယ်စလီဟာ လက်ဖက်ရည် တစ်လုတ်ကြီး သောက်လိုက်တယ်။ နည်းနည်း သက်သာသွားတယ်။

"ဘာတွေ ရှာတွေ့သလဲ အဖေ" ဖရက်က ခပ်လောလောမေးတယ်။

"သေးကျုံ့နိုင်တဲ့ အခန်းတံခါးသော့နဲ့ လူကို ကိုက်တတ်တဲ့ ရေခရားတစ်လုံးပဲ ရတယ်" မစ္စတာ ဝယ်စလီဟာ သမ်းဝေရင်း ပြောတယ်။ "အလွန်ကိစ္စရှုပ်တဲ့အရာတစ်ချို့ရှိတယ်။ ဒါပေမယ့် ငါတို့ ဌာနနဲ့ မဆိုင်ဘူး။ မွန့်လိတ်အိမ်မှာ အလွန်ထူးဆန်းတဲ့ နှင်းမြေပါကြီးတစ်မျိုးတွေ့တယ်။ စစ်မေးဖို့ သူ့ကို ခေါ်သွားတယ်။ ဒါပေမယ့် အဲဒါ မှော်ဂါထာ စမ်းသပ်ရေး ကော်မတီရဲ့ ကိစ္စတော်ပါသေးရဲ့ ......"

"ဘာဖြစ်လို့ သေးကျုံ့နိုင်တဲ့ သော့လုပ်ရတာလဲ" ဂျော့ခ်က ပြောတယ်။

"မတ်ဂေါ်တွေကို စဖို့" မစ္စတာ ဝယ်စလီက သက်ပြင်းချရင်း ပြောတယ်။ "မတ်ဂေါ်ကို သော့တစ်ချောင်းရောင်းပေးလိုက်တယ်။ နောက်ဆုံး သော့ဟာ သေးကျုံ့ပြီးမရှိတော့ဘူး။ သုံးမယ်ကြံတော့ ရှာလို့မတွေ့တော့ဘူး ......အမှန်တော့ ဒါ ဘယ်သူ့ကိုမှ ယုံအောင်ပြောပြလို့ မရဘူး။ အကြောင်းက ဘယ်မတ်ဂေါ်ကမှ မိမိသော့သေးကျုံ့သွားတယ်လို့ ဝန်မခံဘူး — သူတို့က သော့ပျောက်သွားတာလို့ပဲ ပြောမှာ။ အဲဒီမတ်ဂေါ်တွေဟာ မှော်ပညာကို ဘယ်တော့မှ မြင်ရက်နဲ့ မတွေ့ရှိကြဘူး။ သူတို့ရှေ့မှာ ရှိနေတယ်ပဲ ထားဦး ......ဒါပေမယ့်၊ တို့လူတွေ မှော်ပညာစီရင်ထားတဲ့ အရာဝတ္ထုတွေကျတော့ မင်းယုံတောင် မယုံနိုင်စရာပဲ —"

"ဥပမာ မော်တော်ကား၊ ဟုတ်တယ်မှုတ်လား"

မစ္စစ် ဝယ်စလီဝင်လာတယ်။ လက်ထဲမှာ မီးဆွတစ်ချောင်း မြှောက်ကိုင်ထားတယ်။ ဓားရှည်တစ်ချောင်းကိုင်ထားသလိုပဲ။ မစ္စတာ ဝယ်စလီဟာ မျက်လုံးကြီးပြူးသွားတယ်။ အပြစ်ရှိလို့ စိတ်အားငယ်တဲ့အမူအရာနဲ့ ဇနီးသည်ကို ကြည့်နေတယ်။

"က — ကား၊ မော်လီ၊ ချစ်လှစွာသော"



"ဟုတ်တယ်၊ အာသာ၊ ကား" မစ္စစ် ဝယ်စလီ မျက်စိထဲမှာ မီးတောက်နေတယ်။ "စဉ်းစားကြည့်ပါ၊ မှော်ဆရာတစ်ယောက်ဟာ သံချေးတက်နေတဲ့ ကားဟောင်းတစ်စီးဝယ်တယ်။ သူ့ဇနီးကို အတွင်းက ဖွဲ့စည်းပုံသိချင်လို့ ဖြုတ်ကြည့်ရုံလေးပါလို့ ပြောတယ်။ လက်တွေ့မှာတော့ သူက မှော်ပညာနဲ့ ကားကို ပျံတတ်တဲ့ ကားဖြစ်အောင်လုပ်တယ်"

မစ္စတာ ဝယ်စလီ မျက်တောင်ခတ်လိုက်တယ်။

"ကောင်းပြီ၊ ချစ်လှစွာသော၊ သူဒီလိုလုပ်တာ တရားဥပဒေ မချိုးဖောက်ဘူးဆိုတာ မင်းတွေ့လိမ့်မယ်။ သူဟာ သူ့ဇနီးကို ကြိုတင်ပြီး အဖြစ်မှန်ကို ပြောထားသင့်တာ ဖြစ်ပေမယ့် ......တရားဥပဒေမှာ ဟာပေါက်ရှိတယ်။ မင်းလဲ တွေ့ရှိမှာပေါ့ ...... ၎င်းကို ပျံသန်းတဲ့ နေရာမှာ မသုံးဘူးဆိုရင်၊ မော်တော်ကား ပျံတတ်တယ်ဆိုတဲ့ အဖြစ်မှန်ဟာ ဘာမှ —"

"အာသာ-ဝယ်စလီ၊ ရှင်ဥပဒေရေးဆွဲတဲ့အခါမှာ တမင်တကာ ဟာပေါက်ထားခဲ့တာ" မစ္စစ် ဝယ်စလီက အော်ပြောတယ်။ "အဲဒါ ရှင်တဲထဲမှာ အဲဒီ မတ်ဂေါ်တွေရဲ့ အမှိုက်တွေကို ဟိုလုပ်ဒီလုပ်လုပ်ဖို့ မှုတ်လား။ သိအောင်ပြောလိုက်မယ်။ ဒီနေ့ မနက် ဟယ်ရီဟာ အဲဒီရှင်က ပျံသန်းဖို့မဟုတ်ဘူးဆိုတဲ့ မော်တော်ကားနဲ့လာတာ"

"ဟယ်ရီ ?" မစ္စတာ ဝယ်စလီက ကြောင်တောင်တောင်နဲ့ ပြောတယ်။ "ဘယ် ဟယ်ရီလဲ"

သူဟာ လှည့်ပတ်ကြည့်လိုက်တယ်။ ဟယ်ရီကို မြင်တာနဲ့ ခုန်ထလိုက်တယ်။

"ဘုရား ဘုရား၊ ဒါ ဟယ်ရီ-ပေါ်တာလား။ မင်းကိုတွေ့ရတာ အလွန့်ကို ဝမ်းသာတယ်။ ရွန်က တို့ကို မင်းအကြောင်းတွေ အများကြီး —"

"ရှင့်သားမနေ့ညက အဲဟိုကားကို မောင်းပြီး ဟယ်ရီတို့ အိမ်ကို ပျံသွားပြီး ဟယ်ရီကို ခေါ်လာတာ" မစ္စစ် ဝယ်စလီက အော်တယ်။ "ရှင်ဘာပြောဦးမလဲ ဟင် ?"

"တကယ်လား" မစ္စတာ ဝယ်စလီက သိချင်ဇောနဲ့ မေးတယ်။ "ကားကောင်းကောင်းရဲ့လား။ ငါ — ငါက ပြောတာ" မစ္စစ် ဝယ်စလီမျက်စိထဲက မီးစတွေ မြင်တော့ သူက ပြင်ပြောရတယ်။ "ဒါသိပ်ကို မှားတယ်။ ကလေးတို့ အလျှံ့အလွန်ကို မှားတယ် ......"

www.burmeseclassic.com



"သူတို့ဟာ သူတို့ ဆူကြပစေ" မစ္စစ် ဝယ်လီဟာ ဖားကြီးတစ်ကောင်လို ရင်အတ်ကြီး ဖောင်းလာတော့၊ ရွှန်က ဟယ်ရီကို တိတ်တိတ်ပြောလိုက်တယ်၊ "လာ၊ ငါမင်းကို ငါ့အိပ်ခန်းလိုက်ပြမယ်"

သူတို့ မီးဖိုချောင်က လစ်ထွက်ခဲ့ပြီး စကြိုကျဉ်းကျဉ်းကိုဖြတ်ရင်း အနိမ့်အမြင့် မညီညာတဲ့ လှေခါးရှေ့ ရောက်လာတယ်။ လှေခါးဟာ ကွေ့ကောက်ရစ်ပတ်နေတယ်။ တတိယလွှာ လှေခါးဝက တံခါးတစ်ချပ်ဟနေတယ်။ တောက်ပတဲ့ အညိုရောင်မျက်စိတစ်စုံဟာ သူ့ကို စိုက်ကြည့်နေတာ ဟယ်ရီ မြင်လိုက်ရပြီး ဂတ်ဆို တံခါးပိတ်သွားတယ်။

"အဲဒါ ဂျင်နီ" ရွှန်က ပြောတယ်။ "မင်းမသိဘူး၊ သူမဒီလို ရှက်တတ်တာ ဘာမှန်းကိုမသိဘူး။ သူမ ခါတိုင်းဘယ်တော့မှ တံခါးမပိတ်ဘူး —"

သူတို့ နောက်ထပ်နှစ်လွှာတက်ခဲ့ကြတယ်။ သုတ်ထားတဲ့ ဆေးတွေ ကြွေကျကုန်တဲ့ တံခါးရွက်ရှေ့ရောက်လာတယ်။ ဆိုင်းဘုတ်လေးပေါ်မှာ "ရွှန့်အခန်း" လို့ ရေးထားတယ်။

ဟယ်ရီ ဝင်လိုက်တယ်။ ရွှဲစောင်းတဲ့ မျက်နှာကြက်ဟာ သူ့ခေါင်းနဲ့ထိတော့မယ်။ သူမျက်တောင်တဖျပ်ဖျပ်ခတ်တယ်။ မီးဖိုကြီးထဲ ဝင်ရသလိုပဲ၊ ရွှန့်အခန်းထဲက ပစ္စည်းအားလုံးဟာ မျက်စိစူးတဲ့ လိမ်မော်ရောင် ချည်းပဲ၊ ခုတင်ဖုံး၊ နံရံ၊ မျက်နှာကြက်ထိပဲ။ ဒီနောက် ဟယ်ရီတွေ့ရှိတာကတော့ ရွှန်ဟာ နံရံကပ်စက္ကူအဟောင်းတွေပေါ်မှာ ပိုစတာတွေနဲ့ တစ်လက်မ,မကျန်ကပ်ထားတယ်။ ရှိသမျှ ပိုစတာတွေပေါ်မှာက အဲဒီမှော်ဆရာမနဲ့ မှော်ဆရာ ခုနစ်ယောက်ချည်းပဲ။ တောက်ပတဲ့ လိမ်မော်ရောင် ဝတ်ရုံရှည်ဝတ်ထားတယ်။ မိုးပျံတံမြက်စည်းထမ်းပြီး ဝမ်းသာအားရ လက်ပြနေတယ်။

"မင်းရဲ့ ခွေဒစ်ဘောသင်းလား" ဟယ်ရီက ပြောတယ်။

"ချူဒလီ အမြောက်အဖွဲ့" ရွှန်က လိမ်မော်ရောင် ခုတင်ဖုံးကို လက်ညှိုးထိုးလိုက်တယ်။ အပေါ်မှာ တောက်ပတဲ့ C စာလုံးကြီး ၂ လုံး ရိုက်နှိပ်ထားတယ်။ ဒီပြင် ပျံထွက်သွားတဲ့ အမြောက်ဆံတစ်လုံးလည်း ပါသေးတယ်။ "တလပ်အသင်းထဲမှာ နဝမနေရာလိုက်တယ်"

ရွှန်ရဲ့ မှော်ဖတ်စာအုပ်တွေ အခန်းထောင့်မှာ ဖရိုဖရဲပုံထားတယ်။ ဘေးမှာ အခန်းဆက် ကာတွန်းစာအုပ်တွေ ရှိတယ်။ အားလုံး (အရူး မတ်ဂေါ်မာတင်-မစ်ရဲ့ စွန့်စားခန်း) တွေချည်းလိုပဲ။ ရွှန့်မှော်ကြိမ်လုံးဟာ ပြတင်းခုံ



ပေါ်က ရွှေငါးစည်ကြီးပေါ်မှာ တင်ထားတယ်။ စည်ထဲမှာ ဖားဥတွေအများကြီး ရှိထားတယ်။ သူ့ကြွက်မွဲဝဝကြီး အစက်အပြောက်လေးဟာ ငါးစည်ဘေး နေရောင်အောက်မှာ တခေါခေါအိပ်နေတယ်။

ဟယ်ရီဟာ ကြမ်းပေါ်က အလိုအလျောက် ဖဲကလဖန်ထိုးစက်ကို ကျော်ပြီး ပြတင်းပေါက်ကလေးအပြင်ကို ကြည့်တယ်။ အောက်က အခင်းထဲမှာ မြေထဲနေ နာနာဘာဝတစ်အုပ်ဟာ တစ်ကောင်ပြီးတစ်ကောင် ဝယ်စလီတို့အိမ်က သစ်ပင်ခြံစည်းရိုးကို တိတ်တိတ်တိုးဝင်နေတယ်။ ဒီနောက် သူကိုယ်သူ လှည့်လိုက်တယ်။ ရွှန်ဟာ စိတ်လှုပ်ရှားစွာနဲ့ သူ့ကို ကြည့်နေတာ တွေ့ရတယ်။ သူ့အကဲဖြတ်တာကို စောင့်နေသလိုပဲ။

"နည်းနည်းကျဉ်းတယ်" ရွှန်က လောလောပြောတယ်။ "မင်း မတ်ဂေါ်တိတ အခန်းလောက် မကောင်းဘူး။ ငါ့အပေါ်မှာက ထပ်ခိုး၊ အထဲမှာ ဟိုအလောင်းစားဖုတ်ကောင်နေတယ်။ သူက ပိုက်လုံးကို ခေါက်ခေါက်နေ တယ်။ ပြီးတော့ တအင်းအင်းတအဲအဲနဲ့ . . . . . ."

ဟယ်ရီကတော့ ပျော်ရွှင်စွာ ရယ်လာတယ်။ "ဒါ ငါတွေ့ဖူးတဲ့ အကောင်းဆုံးအခန်းပဲ" လို့ ပြောတယ်။

ရွှန့် နားရွက် နီလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ အောင်မြင်ခြင်းနှင့် အမည်းကွက် စာအုပ်ဆိုင်တွင်

အညတရဂေဟာ ဘဝနဲ့ ရေဖယောင်းပင်လမ်းက ဘဝဟာ မိုးနဲ့ မြေလို ကွာခြားတယ်။ ဒါ့စလီမိသားစုဟာ ဘာမဆိုသပ်ရပ်ပြီး စနစ်တကျရှိတာကြိုက်တယ်။ ဝယ်စလီတို့ အိမ်ကတော့ ထူးဆန်းပြီး မျှော်လင့်မထားတာတွေချည်းပဲ။ မီးဖိုချောင် မီးလင်းဖိုစင်ပေါ်က မှန်ဟာ ဟယ်ရီကို ထိတ်လန့်သွားစေတယ်။ သူပထမဆုံးအကြိမ် မှန်ကြည့်တဲ့အခါမှာ မှန်က တစ်အားထအော်တယ်။ "ရှပ်အင်္ကျီကို ဘောင်းဘီထဲ ထည့်ဝတ်။ သေသေသပ်သပ်မရှိဘူး" ထပ်ခိုးပေါ်က အလောင်းစားဖုတ်ကောင်ဟာ အိမ်မှာ သိပ်ငြိမ်သက်နေတယ်ထင်ရင် အကျယ်ကြီးအော်လာတယ်။ ပိုက်လုံးကို တဂွမ်ဂွမ်ခေါက်နေတယ်။ ဖရက်နဲ့ ဂျော့တို့ အိပ်ခန်းထဲက ပေါက်ကွဲသံသေးသေးလေးကို ပုံမှန်လို့ နားလည်ကြတယ်။ ဒါပေမယ့် ဟယ်ရီအဖို့ ပြောရရင် ရွှန်တို့အိမ်က အထူးခြားဆုံးနေရာဟာ စကားပြောတတ်တဲ့ မှန်လည်းမဟုတ်ဘူး။ တဂွမ်ဂွမ်ခေါက်နေတဲ့ အလောင်းစားဖုတ်ကောင်လည်း မဟုတ်ဘူး။ ဒီကလူအားလုံး သူ့ကို အလွန်



နှစ်သက်တာပဲ ဖြစ်တယ်။

မစ္စစ် ဝယ်စလီက သူ့ခြေအိတ်ဖာပေးတယ်။ ထမင်းစားတိုင်း သူ့ကို လေးကြိမ်ထပ်ထည့်ခိုင်းတယ်။ မစ္စတာ ဝယ်စလီဟာ ထမင်းစားတိုင်း ဟယ်ရီ သူ့ဘေးထိုင်တာ နှစ်သက်တယ်။ ပြီးတော့ ဟယ်ရီ့ဆီကနေ မတ်ဂေါ်တွေရဲ့ ဘဝအကြောင်းမေးတယ်။ မီးပလပ်နဲ့ စာတိုက်ဆိုတာ ဘာလဲ မေးတယ်။

"သိပ်စိတ်ဝင်စားစရာပဲ" ဟယ်ရီက သူ့ကို တယ်လီဖုန်း ဘယ်လိုသုံးရသလဲဆိုတာ ပြောပြပြီးနောက် သူက ပြောတယ် — "တယ်ဉာဏ်ရှိတာပဲ၊ မတ်ဂေါ်တွေဟာ မှော်ပညာမသုံးဘဲ နေထိုင်နိုင်တဲ့ နည်းတွေ အများကြီး ရှာတွေ့ထားတာပဲ"

အညတရဂေဟာ ရောက်တာ တစ်ပတ်လောက်ရှိပြီ။ သာယာတဲ့ နံနက်ခင်းတစ်ခုမှာ ဟယ်ရီ ဟော့ဂ်ဝပ်က လာတဲ့စာ ရတယ်။ ထိုနေ့က သူနဲ့ ရွန်တို့ အောက်ထပ်ဆင်းပြီး ထမင်းစားတယ်။ ဝယ်စလီဇနီးမောင်နှံနဲ့ ဂျင်နီတို့ စားပွဲမှာ ထိုင်နေပြီ။ ဂျင်နီဟာ ဟယ်ရီကို မြင်တာနဲ့ သူမရဲ့ ဆန်ပြုတ်ပန်းကန် ပေါ်တဆမှောက်ကျသွားတယ်။ အသံကျယ်ကျယ် ထွက်လာတယ်။ ဟယ်ရီအခန်းထဲဝင်လာတိုင်း ဂျင်နီဟာ တစ်ခုခုထိခိုက်မိတတ်တယ်။ သူမဟာ စားပွဲအောက်ငုံ့ပြီး ပန်းကန်ကို ကောက်တယ်။ ပြန်ထွက်လာတော့ မျက်နှာဟာ ဆည်းဆာလိုနီရဲနေတယ်။ ဟယ်ရီကမမြင်ချင်ယောင်ဆောင်ပြီး ဝင်ထိုင်လိုက်တယ်။ မစ္စစ် ဝယ်စလီကမ်းပေးတဲ့ ပေါင်မုန့်ချပ်တွေကို ယူလိုက်တယ်။

"ကျောင်းကစာလာပြီ" မစ္စတာ ဝယ်စလီက ပြောတယ်။ ဟယ်ရီရော ရွန်ပါ အဝါရောင် သိုးရေစက္ကူစာအိတ် တစ်လုံးစီရကြတယ်။ လိပ်စာကို မင်စိမ်းနဲ့ ရေးထားတယ်။ "ဟယ်ရီ၊ မင်းဒီရောက်နေတာ ဒမ်ဘာလီဒိုးသိနေပြီ — ဒီလူတာလေ၊ ဘာမှ သူ့ကိုလိမ်လို့ မရဘူး။ မင်းတို့နှစ်ယောက်စာလဲ ပါတယ်" ဖရက်နဲ့ ဂျော့တို့ဟာ ဖြည်းဖြည်းလျှောက်ဝင်လာတယ်။ ညဝတ်အင်္ကျီဝတ်ထားတုန်းပဲ။

မိနစ်အနည်းငယ်လောက် ဘယ်သူမှ စကားမပြောဘူး။ အားလုံးကိုယ့်စာကိုယ်ဖတ်နေတယ်။ စာထဲမှာ ခုနှစ်အတွက် အသုံးပြုရမယ့် စာအုပ်သစ်နဲ့ စာအုပ်စာရင်းပါတယ်။

ဒုတိယနှစ်ကျောင်းသားများ လိုအပ်စာအုပ်မှာ

စံဂါထာ၊ အဆင့် ၂။ မီရန်ဒါ-ဂိုရှော့ခ်

www.burmeseclassic.com

www.burmeseclassic.com



သရဲမနဲ့ အဆုံးသတ် ကွဲခြင်း။ ဂစ်ဒရိုင်း-လော့ဟတ်
အလောင်းစားဖုတ်ကောင်နဲ့ အတူလည်ပတ်ခြင်း။ ဂစ်ဒရိုင်း-လော့ဟတ်
စုန်းမနဲ့ နားရက်မှာ အတူနေခြင်း။ ဂစ်ဒရိုင်း-လော့ဟတ်
ဘီလူးနဲ့ ခရီးသွားခြင်း။ ဂစ်ဒရိုင်း-လော့ဟတ်
သွေးစုတ်ကောင်နဲ့ တစ်လှေတည်းခရီးစဉ်။ ဂစ်ဒရိုင်း-လော့ဟတ်
ဝံပုလွေလူသားနဲ့ လျှောက်သွားခြင်း။ ဂစ်ဒရိုင်း-လော့ဟတ်
နှင်းလူနဲ့ အတူနေတဲ့နှစ်။ ဂစ်ဒရိုင်း-လော့ဟတ်

ဖရက်က မိမိစာအုပ်စာရင်းကို ဖတ်ပြီးတာနဲ့ ဟယ်ရီဟာ ခေါင်းပြူကြည့်တယ်။

"မင်းလဲ ဂစ်ဒရိုင်း-လော့ဟတ်စာအုပ်ဝယ်ရမယ်" သူက ပြောတယ်။ "နောက်ရောက်လာမယ့် မှော်နက်ကာကွယ်တဲ့အတတ်ပညာ ဆရာဟာ သူ့ကို ကြည်ညိုတဲ့လူ ဖြစ်မယ် — မှော်ဆရာမလဲ ဖြစ်ချင်ဖြစ်မယ်"

ဖရက်ဟာ သူ့အမေ့အကြည့်ကို မြင်တာနဲ့ ချက်ချင်းခေါင်းငုံ့ပြီး သူ့လိမ်မော်ယိုကို စားနေတယ်။

"အဲဒီစာအုပ်တွေ ဈေးမသေးဘူး" ဂျော့က မိဘကို အမြန်ကြည့်လိုက်ပြီး ပြောတယ်။ "ဂစ်ဒရိုင်း-လော့ဟတ်ရဲ့ စာအုပ်ဟာ တကယ့်ကို ဈေးကြီးတာ ......"

"ကောင်းပြီ၊ တို့နည်းလမ်းရှာရမှာပေါ့" မစ္စစ် ဝယ်စလီကပြောတယ်။ ဒါပေမယ့် ကြည့်ရတာ နည်းနည်းပူပင်နေသလိုပဲ။ "ဂျင်နီ့ပစ္စည်းတွေ အတော်များများကို တစ်ပတ်ရစ်ဝယ်လို့ရတယ်"

"အော၊ မင်းလဲ ဒီနှစ် ဟော့ဂ်ဝပ်တက်မှာလား" ဟယ်ရီက ဂျင်နီကို မေးတယ်။

သူမက ခေါင်းညိတ်ပြတယ်။ မီးလိုနီတဲ့ ဆံပင်ဟာ အမြစ်ထိနီသွားတယ်။ တတောင်ဆစ်ဟာလဲ ထောပတ်ပန်းကန်ထဲ ရောက်သွားတယ်။ ဟယ်ရီက လွဲပြီး တခြား ဘယ်သူမှ မတွေ့လို့တော်ပါသေးတယ်။ အကြောင်းက ဒီအချိန်မှာပဲ ရွန့်အစ်ကို ဖတ်စီဝင်လာလို့ပဲ။ သူဟာ ဝတ်စားထားပြီးပြီ။ အတန်းခေါင်းဆောင်တံဆိပ်ကို လက်ပြတ်ကိုယ်ကပ်အကျႌပေါ် ချိတ်ထားတယ်။



"အားလုံးမင်္ဂလာနံနက်ခင်းပါ" ဖတ်စီကပေါ့ပါးစွာ ပြောတယ်။ "ရာသီဥတုကောင်းတယ်"

သူဟာ တစ်ခုံထဲ ကျန်တဲ့ ထိုင်ခုံပေါ် ထိုင်လိုက်တယ်။ ဒါပေမယ့် ချက်ချင်းခုန်ထလိုက်ပြီး ဖင်အောက်ကနေ အမွေးကျွတ်နေတဲ့ ကြက်မွေးကို ဆွဲထုတ်လိုက်တယ် — အနည်းဆုံးတော့ ဟယ်ရီက အဲဒါကြက်မွေးလို့ထင်တယ်။ ဒီနောက်မှ ၎င်းအသက်ရှူနေသေးတာ တွေ့ရတယ်။

"အဲရော်" ရွန်က ပြောတယ်။ သူဟာ ဖတ်စီလက်ထဲက နာနေတဲ့ ဇီးကွက်ကိုယူပြီး ၎င်းတောင်ပံကြားကနေ စာတစ်စောင်ဆွဲထုတ်လိုက်တယ်။ "၎င်းက ဟာမီးစာယူပြန်နိုင်ခဲ့ပြီ။ ငါသူမကို ငါတို့ ဒါစလီတို့ အိမ်သွားပြီး ငါ့ကို ကယ်ထုတ်မယ်လို့ စာရေးပြောထားတယ်"

သူဟာ အဲရော်ကို နောက်ဖေးတံခါးဘေးက ငှက်နားတဲ့ သစ်ကိုင်းရှေ့ သယ်သွားပြီး ၎င်းကို အပေါ်မှာ ရပ်နေစေချင်တယ်။ ဒါပေမယ့် အဲရော်ဟာ အောက်ကိုချည်း လိမ့်ကျနေတယ်။ ရွန်ဟာ ၎င်းကို ရေသယောက်မပေါ်ပဲ တင်လိုက်ရတယ်။ ပါးစပ်ကလဲ တဖွဖွနဲ့ "သနားစရာ၊ သနားစရာ" လို့ ပြောနေတယ်။ ဒီနောက် ဟာမီးစာကို ဖောက်ပြီး အော်ဖတ်တယ်။

ချစ်လှစွာသော ရွန်၊ ဟယ်ရီလဲပါတယ်၊ တကယ်လို့ နင်လဲရှိနေရင် —

အားလုံးအဆင်ပြေပါစေ။ ဟယ်ရီဘေးမသီရန်မခ ရှိပါစေ။ သူ့ကို ကယ်တဲ့အခါမှာ တရားဥပဒေ ချိုးဖောက်တာ ဘာမှ မပြုမိဖို့ မျှော်လင့်ပါတယ်။ အဲဒါကလဲ ဟယ်ရီကို ဒုက္ခရောက်စေနိုင်လို့ပါပဲ။ ငါလဲ သိပ်ကို စိတ်ပူနေတယ်။ ဟယ်ရီအဆင်ပြေရင် ချက်ချင်း ငါ့ဆီအကြောင်းကြားပါ။ ဒါပေမယ့် တခြားငှက်တစ်ကောင်လဲရင် ကောင်းမယ်။ နောက်တစ်ကြိမ် ထပ်စာပို့ခိုင်းရင် ဒီငှက်အသက်ပျောက်လိမ့်မယ်။

ငါကတော့ ကျောင်းစာတွေနဲ့ အလုပ်ရှုပ်နေတာပဲပေါ့ — "သူမ ဘယ့်နှယ်လို့ဖြစ်တာလဲ" ရွန်က အံ့အားသင့်သွားတယ်။ "အခုနွေကျောင်းပိတ်ရက်ကြီး" — ငါလာမဲ့ ဗုဒ္ဓဟူးနေ့ လန်ဒန်သွားပြီး စာအုပ်ဝယ်မယ်။ ငါတို့ ဒိုင်ယာဂွန်လမ်းမှာ တွေ့ကြမယ် မကောင်းဘူးလား။

နင်တို့ အခြေအနေကို အမြန်ဆုံး ငါ့ပြောပြပါ။ ချစ်ခင်စွာဖြင့်၊ ဟာမီး

"အတော်ပဲ၊ တို့လဲ အဲဒီနေ့မှာ သွားဝယ်မှာ" မစ္စစ် ဝယ်စလီကစတင်

www.burmeseclassic.com



အော်ဟစ်ခဲ့တယ်။ "မင်းတို့ ဒီနေ့ ဘာအစီအစဉ်ရှိလဲ"

ဘယ်ရီ၊ ရွန်၊ ဖရက်နဲ့ ဂျော့တို့ဟာ တောင်ပေါ်ရှိ ဝယ်စလီမိသားစု ပိုင် မြင်းလှေ့ကျင့်ကွင်းသို့ သွားဖို့စီစဉ်တယ်။ အဲဒီမှာ သစ်ပင်တွေ ပတ်ဝိုင်း နေတယ်၊ အောက်က ရွာထဲက လူတွေ မမြင်နိုင်ဘူး။ သူတို့ အဲဒီမှာ ခွေးဒစ် ကစားလေ့ကျင့်နိုင်တယ်။ သိပ်မြင့်မြင့် မပျံရင်ပြီးတာပဲ။ ဒါပေမယ့် သူတို့ဟာ ခွေးဒစ်ဘောလုံးအစစ်နဲ့ ကစားလို့ မရဘူး။ မတော်လို့ ဘောလုံးတွေ ရွာ အပေါ်ပျံသွားရင် ဖြေရှင်းဖို့ ခက်တယ်။ ဒါကြောင့် သူတို့ဟာ အပြန်အလှန် ပန်းသီးပစ်ကစားတာပဲရှိတယ်။ သူတို့ဟာ ဟယ်ရီရဲ့ အလင်းစကြာ နှစ်ထောင်ကို တစ်လှည့်စီစီးကြတယ်။ ရင်းဟာ ကျန်လူတွေရဲ့ တံမြက်စည်း ထက် အများကြီးကောင်းတယ်။ ရွန်နဲ့ "ကြယ်ကြွေ" တံမြက်စည်းဟောင်းကြီး ကို ပျံလာတဲ့ လိပ်ပြာတွေက ခနခနကျော်တက် သွားတယ်။

ငါးမိနစ်ကြာပြီးနောက်၊ လေးယောက်သား တံမြက်စည်းထမ်းပြီး တောင်ပေါ်တက်သွားတယ်။ အစကတော့ ဖတ်စီပါ ခေါ်ချင်တာ။ ဒါပေမယ့် သူက မအားဘူးလို့ ပြောတယ်။ ခုချိန်ထိ ဟယ်ရီဟာ ထမင်းစားချိန်ကျမှပဲ ဖတ်စီကို မြင်ရတယ်။

"သူ ဘာလုပ်နေတယ်ဆိုတာ ငါသိချင်လိုက်တာ" ဖရက်က မျက် မှောင်ကြုတ်ရင်းပြောတယ်။ "ခုတလော သူတစ်မျိုးကြီးပဲ။ မင်းမလာခင် တရက် မှာ သူအမှတ်စာရင်းရတယ်။ O.W. Ls ဆယ့်နှစ်ခုရတာတောင် သိပ်နှစ်သက်ကျေနပ်ပုံမပေါ်ဘူး"

"O.W. Ls က ရိုးရိုးမှော်ဆရာစာမေးပွဲကိုခေါ်တာ" ဟယ်ရီနားမလည်တဲ့ အမူအရာကို မြင်တော့ ဂျော့က ရှင်းပြတယ်။ "ဘီးလဲ ဆယ့်နှစ်ခု ရဖူးတယ်။ တကယ်လို့ တို့သိပ်သတိမထားရင် အိမ်မှာ ယောက်ျားလေး ကျောင်းသားခေါင်းဆောင်တစ်ယောက် ပေါ်ထွက်လာဦးမှာ။ ငါဒီလိုအရှက် တော့ အကွဲမခံနိုင်ဘူး"

ဘီးဟာ ဝယ်စလီညီအစ်ကိုတွေထဲက အကြီးဆုံး။ သူနဲ့ ဒုတိယ အစ်ကို ချာလီတို့ဟာ ဟော့ဂ်ဝပ်က ကျောင်းပြီးသွားပြီ။ ဟယ်ရီသူတို့ကို မတွေ့ ဖူးဘူး။ ဒါပေမယ့် ချာလီဟာ ရိုမေးနီးယားမှာ နဂါးကို သုတေသနပြုနေတာနဲ့ ဘီးဟာ အီဂျစ်မှာ ဂရင်းဂေါ့စ် (ဝိ) မှော် ဆရာဘဏ်အတွက် အလုပ်လုပ်နေ တာ သိတယ်။



တို့အတွက် ဒီနှစ်ကျောင်းသုံးပစ္စည်းတွေ ဝယ်ဖို့ အမေနဲ့ အဖေဘယ် က ငွေရှာမယ်မသိဘူး" ခနနေတော့ ဂျော့ကပြောတယ်။ "လော့ဟတ်ရဲ့ စာအုပ်က ငါးစုံ။ ဂျင်နီလဲ ဝတ်ရုံရှည်နဲ့ မှော်ကြိမ်လုံးလိုသေးတယ်. . . . . ."

ဟယ်ရီ စကားမပြောဘူး။ သူ တမျိုးကြီးဖြစ်နေတယ်။ သူ့မိဘ သူ့ အတွက် ထားရစ်ခဲ့တဲ့ သနားစရာအမွေလေးကို ဂရင်းဂေါ့စ်မြေအောက်ဘဏ် မှာ အပ်ထားတယ်။ သူ့ငွေဟာ မှော်လောကထဲမှာသာ သုံးနိုင်တယ်။ မတ်ဂေါ် ဆိုင်ထဲမှာ ဂါလုံး၊ စစ်ခေါ်၊ နတ်ထ်တို့နဲ့ ဝယ်လို့မရဘူး။ ဟယ်ရီဟာ ဒါစလီ မိသားစုကို သူဂရင်းဂေါ့စ်မှာ ထားတဲ့ ငွေအကြောင်း ဘယ်တုန်းကမှ မပြောဘူး။ သူတို့ဟာ မှော်ပညာနဲ့ ပတ်သက်တာအားလုံးကို ကြောက်ရွံ့ပေမယ့် ဒီလို ကြောက်ရွံ့ခြင်းဟာ ရွှေဒင်္ဂါးတစ်ပုံကြီးပေါ်ထိ တိုးချဲ့ရောက်ရှိသွားလိမ့်မယ်လို့ ဟယ်ရီမထင်ဘူး။

•

လာမယ့်ဗုဒ္ဓဟူးနေ့မှာ မစ္စစ် ဝယ်စလီဟာ သူတို့ကို အစောကြီးနိုး တယ်၊ သူတို့အားလုံး ဘေကွန်ပေါင်မုန့် ဒါဇင်ဝက်လောက်စီစားပြီး နောက် ဂျာကင်အကျီဝတ်လိုက်ကြတယ်။ မစ္စစ်ဝယ်စလီဟာ မီးလင်းဖိုစင်ပေါ်ကငွေ ခွက်တစ်လုံးကိုယူပြီး အထဲကို ကြည့်တယ်။

"သိပ်မကျန်တော့ဘူး၊ အာသာ" သူမက သက်ပြင်းချလိုက်တယ်။ "ဒီနေ့ နည်းနည်းဝယ်ဦးမှ. . . . . ကောင်းပြီ။ ဧည့်သည်အရင်ဆုံး သွား။ ဟယ်ရီ မင်းအရင်လာခဲ့"

သူမက ပန်းအိုးကို သူ့ရှေ့ပို့လိုက်တယ်။

ဟယ်ရီငိုင်သွားတယ်။ အားလုံးသူ့ကို ကြည့်နေတယ်။

"ကျွန် — ကျွန်တော် ဘယ်လိုလုပ်ရမလဲ" သူက အ,ထစ်စွာပြော တယ်။

"သူဖလူးပေါင်ဒါမှုန့်နဲ့ ခရီးမသွားဖူးဘူး" ရွန်က ရုတ်တရက် ပြောတယ်။ "ဝမ်းနည်းပါတယ်၊ ဟယ်ရီ၊ ငါမေ့နေတာ"

"ခသုံးဖူးဘူး ?" မစ္စတာ ဝယ်စလီက မေးတယ်။ "ဒါဆို မင်းမနှစ်က ဒိုင်ယာဂွန်လမ်းကို ဘယ်လိုလုပ်သွားပြီး ကျောင်းသုံးပစ္စည်းဝယ်တာလဲ"

"ကျွန်တော် မြေအောက်ရထားနဲ့ သွားတာ — "

"ဟုတ်လား" မစ္စတာ ဝယ်စလီဟာ စိတ်အားထက်သန်စွာ မေးတယ်။

www.burmeseclassic.com



"ခာတ်လေ့ခါ်ရှိလား။ ဘယ်လိုလဲ ပြောစမ်းပါ —"

"အခု မမေးနဲ့တော့၊ အာသာ" မစ္စစ် ဝယ်စလီက ပြောတယ်။ "ဟယ်ရီ့ ဖလူးပေါင်ဒါသုံးတာ အများကြီးမြန်တယ်။ ဒါပေမယ့် ဘုရား ဘုရား၊ မင်းအရင်က မသုံးဖူးရင် —"

"သူပြဿနာမရှိပါဘူး၊ အမေ" ဖရက်က ပြောတယ်။ "ဟယ်ရီ၊ တို့ ဘယ်လိုလုပ်တယ်ဆိုတာ အရင်ကြည့်"

သူဟာ ပန်းအိုးထဲကနေ လက်နေတဲ့ အမှုန့်တစ်ဆုပ်နှိုက်လိုက်တယ်။ မီးဖိုရှေ့ သွားပြီး အမှုန့်ကို မီးတောက်ထဲ ပစ်ထည့်လိုက်တယ်။

ဝူးဆိုတဲ့ အသံနဲ့အတူ မီးဟာ အစိမ်းရောင်ဖြစ်သွားတယ်။ မီးတောက်တာ ဖရက်ထက်တောင် မြင့်သေးတယ်။ သူဟာ မီးထဲကို တန်းဝင်သွားပြီး "ဒေါင်ဖြတ်လမ်း" လို့ အော်လိုက်တယ်။ မျက်စိတစ်မှိတ်အတွင်းမှာ ပျောက်သွားရော။

"မင်း ပီသအောင်ပြောနော်၊ အချစ်ကလေး" မစ္စစ် ဝယ်စလီက ဟယ်ရီတို့ ပြောတယ်။ ဂျော့ကလဲ ပန်းအိုးထဲ လက်နှိုက်လိုက်တယ်။ "ထွက်တဲ့အခါမှာ အပေါက်မှန်အောင် သတိပြု. . . . . ."

"ဘာ မှန်ရမယ်" ဟယ်ရီဟာ စိတ်လှုပ်ရှားစွာ မေးတယ်။ မီးတောက်တဖျစ်ဖျစ်တက်လာတဲ့အခါမှာ ဂျော့လဲပျောက်သွားတယ်။

"ကောင်းပြီ၊ မော်မီးအမျိုးမျိုးရှိတယ်။ မင်းရွေးရမယ်၊ မင်းသိပါတယ် ဒါပေမယ့် မင်းပီပီသသပြောရင် —"

"သူ ဘာမှမဖြစ်နိုင်ပါဘူး၊ မော်လီ၊ သိပ်စိတ်မပူပါနဲ့" မစ္စတာ ဝယ်စလီက ပြောတယ်။ သူလည်း ဖလူးပေါင်ဒါ နည်းနည်းယူလိုက်တယ်။

"ဒါပေမယ့် ချစ်လှစွာသော၊ တကယ်လို့ သူနဲ့ ကွဲပျောက်သွားရင် သူ့အဒေါ်နဲ့ ဦးလေးကို ဘယ်လိုပြောရပါမလဲ"

"သူတို့စိတ်ပူမှာ မဟုတ်ပါဘူး" ဟယ်ရီက သူမကို နှစ်သိမ့်တယ်။ "ဗွန်တော်မီးခိုးခေါင်းတိုင်ထဲမှာ ပျောက်သွားတာ အကောင်းဆုံး ဟာသလို့ ဒါလီကထင်မှာ၊ မစိုးရိမ်ပါနဲ့"

"ဒါဆို. . . . . . ကောင်းပြီ. . . . . . မင်း အာသာနောက်ကလိုက်" မစ္စစ် ဝယ်စလီက ပြောတယ်။ "မှတ်ထား၊ မီးထဲရောက်တာနဲ့ မင်းသွားမယ့်နေရာကိုပြော —"



"လက်ကိုကပ်ထား" ရွန်က သူ့ကို သင်ပေးတယ်။

"မျက်စိမှိတ်ထား" မစ္စစ်ဝယ်စလီက ပြောတယ်။ "မီးခိုးရှိတယ်—"

"လျှောက်မလှုပ်နဲ့" ရွန်က ပြောတယ်။ "နို့မို့ရင် မင်း တခြားမီးဖိုပေါက်က ထွက်ကျသွားလိမ့်မယ် —"

"ဒါပေမယ့်လဲ ပျာယီးပျာယာမလုပ်နဲ့။ သိပ်စောစောကြီး မထွက်နဲ့။ မင်း ဖရက်နဲ့ ဂျော့ကို မြင်တဲ့ထိစောင့်"

ဟယ်ရီဟာ ဒါတွေအားလုံးကို စိတ်ထဲမှတ်ထားတယ်။ ဖလူးပေါင်ဒါ မှုန့်နည်းနည်းယူလိုက်ပြီး မီးတောက်အနားလျှောက်သွားတယ်။ သူဟာ အသက်ပြင်းပြင်းရှူလိုက်ပြီး အမှုန့်ကို မီးထဲပက်လိုက်တယ်။ ရှေ့သို့လျှောက်သွားတယ်။ မီးတောက်ဟာ လေပူလိုပဲ သူပါးစပ်ဟလိုက်တာနဲ့ ချက်ချင်းပူလောင်နေတဲ့ မီးခိုးမှုန်တွေ ရှူသွင်းမိတယ်။

"ဒေါင်း — ဒေါင်ဖြတ်လမ်း" သူချောင်းဆိုးရင်း ပြောတယ်။

ကြီးမားတဲ့ ပလပ်ပေါက်ကြီးထဲ စုတ်သွင်းခံရတယ်လို့ သူခံစားရတယ်။ သူ့ကိုယ်လုံးဟာ အလျင်အမြန်လည်ပတ်နေတယ် . . . . . . နားထဲက အော်သံဟာလည်း နားကွဲမတတ်ပဲ . . . . . . သူမျက်စိဖွင့်ဖို့ တစ်အားကြိုးစားတယ်၊ ဒါပေမယ့် လည်ပတ်နေတဲ့ အစိမ်းရောင်မီးတောက်က သူ့ကို မူးဝေစေတယ် . . . . . . မာကျောတဲ့ အရာတစ်ခုခု သူ့တတောင်ဆစ်ကို လာတိုက်တယ်၊ သူက လက်ကို တအားကပ်ထားတယ်။ ဒီလိုပဲ မနားတမ်းလည်ပြီးရင်းလည်နေတယ် . . . . . . အခု အေးစက်တဲ့ လက်နဲ့ သူ့ပါးနှစ်ဖက်ကို ပုတ်နေသလိုပဲ . . . . . . သူဟာ မျက်စိမှေးပြီး မျက်မှန် မှန်ချပ်ကတစ်ဆင့် ကြည့်လိုက်တယ်။ မီးဖိုပေါက်တွေ တသီကြီး လှစ်ကနဲဖြတ်သွားတာ မသဲမကွဲမြင်ရတယ်၊ မီးလင်းဖိုအပြင်က အိမ်ခန်းကိုလဲ မသဲမကွဲ မြင်ရတယ် . . . . . . ကြက်သွန်ဥပ်ပေါင်မုန့်တွေဟာ သူ့ဗိုက်ထဲမှာ ပြောင်းဆန်နေတယ် . . . . . . သူ မျက်စိကို မြန်မြန်မှိတ်ထားလိုက်တယ်။ မြန်မြန်ရပ်ပါတော့လို့ ဆုတောင်းတယ်၊ ဒီနောက် — သူက ကျောက်ခဲကြမ်းပြင်ပေါ် မှောက်ရက်ကြီး ကျသွားတယ်၊ သူ့မျက်မှန်ကွဲသွားတာ ခံစားရတယ်။

သူခေါင်းတွေ မူး၊ မျက်စိတွေ ပျာနေတယ်။ အသားလဲ ညိုပြီး ထွက်လာတယ်။ တစ်ကိုယ်လုံး ပြာတွေအလူးလူးနဲ့။ သူဟာ အသာလေးထ ပြီးတော့ ကွဲနေတဲ့ မျက်မှန်ကို မျက်စိရှေ့ မြှောက်ကြည့်တယ်။ သူဟာ တစ်

သောက်ထားတည်း ဖြစ်နေတယ်။ ဒါပေမယ့် ဒါဘယ်နေရာလဲဆိုတာ သူမသိဘူး သူတာ ကျယ်ဝန်းပြီးမှောင်တဲ့ မှော်ဆရာ ကုန်ဆိုင်တစ်ဆိုင်ရဲ့ ကျောက်ခဲခင်းလင်းဖိုရှေ့မှာ ရပ်နေသလိုပဲ — ဒါပေမယ့် ဒီကပစ္စည်းတွေဟာ ဟော့ဂ်ဝပ်ကျောင်းက ပေးတဲ့ ဝယ်ရန်စာရင်းထဲပါတာ တစ်ခုမှ မရှိသလိုပဲ။

ဘေးနားရှိ မှန်ဗူးထဲက အောက်ခံအခင်းပေါ်မှာ လူလက်ခြောက်တစ်ချောင်း၊ သွေးတွေစွန်းပေနေတဲ့ စက္ကူကဒ်များနဲ့ မလှုပ်မယှက်စိုက်ကြည့်နေတဲ့ မှန်မျက်စိတစ်လုံး။ ကြောက်စရာ ရုပ်ပုံနဲ့ မျက်နှာဖုံးတွေဟာ နံရံပေါ်ကနေ ငုံ့ကြည့်နေတယ်။ ဈေးရောင်းခုံပေါ်မှာ လူရိုးမျိုးစုံတင်ထားတယ်။ သံချေးတက်နေတဲ့ အစွယ်သဏ္ဍာန်ကိရိယာတွေဟာ မျက်နှာကြက်ပေါ်ကနေ တွဲလောင်းချထားတယ်။ ပိုပြီး ဆိုးတာက ဖုန်တွေနဲ့ ပြည့်နေတဲ့ ကုန်စည်အလှပြ ပြတင်းအပြင်က မှောင်မှောင်ကျဉ်းကျဉ်းလမ်းကလေးဟာ ဒေါင့်ဖြတ်လမ်း မဟုတ်တာ သေချာတယ်။

ဒီကနေ အမြန်ဆုံးထွက်ခွာမှ။ မီးဖိုကြမ်းပြင်နဲ့ ဆောင့်မိတဲ့ နှာခေါင်းက ဝူစပ်နေတုန်းပဲ။ ဟယ်ရီဟာ ခြေဖွပြီး တံခါးပေါက်ဆီလျှောက်သွားတယ်။ ဒါပေမယ့် လမ်းတစ်ဝက်တောင် မရောက်သေးဘူး၊ အပြင်က လူနှစ်ယောက် ပေါ်လာတယ် — ၎င်းအနက် တစ်ယောက်ဟာ ဟယ်ရီ ခုလိုလမ်းမှားနေချိန်း တစ်ကိုယ်လုံးလဲ ပြာတွေပေကျံနေပြီး မျက်မှန်အကွဲကို တပ်ထားတဲ့ အချိန်မှာ မတွေ့ချင်ဆုံးလူပဲ။ သူကတော့ ဒရာခို-မော်ဖိုင်။

ဟယ်ရီဟာ ဘေးပတ်လည်ကို အမြန်ကြည့်လိုက်တယ်။ ဝဲဘက်မှာ အနက်ရောင် ဘီဒိုကြီးတစ်လုံးကို မြင်ရတယ်။ ဒါနဲ့ အထဲဝင်လိုက်တယ်၊ တံခါးကိုပိတ်ပြီး အပေါက်ကလေး သေးသေးဖွင့်ထားတယ်။ စက္ကန့်အနည်းငယ်ကြာတော့ ဂလိုင်သံပေါ်လာပြီး မော်ဖိုင် ဆိုင်ထဲဝင်လာတယ်။

သူ့နောက်က အမျိုးသားဟာ သူ့အဖေပဲဖြစ်ရမယ်။ သူလိုပဲ ဖြူဖွပ်ဖြူယော် မျက်နှာချွန်ချွန်၊ အေးစက်စက် မီးခိုးရောင်မျက်စိရှိတယ်။ မစ္စတာ မော်ဖိုင်ဟာ ဆိုင်ထဲဝင်လာပြီး ပြထားတဲ့ ပစ္စည်းတွေကို ပျင်းရိစွာ ကြည့်နေတယ်။—သူ့သားဘက်လှည့်မကြည့်ခင် ကောင်တာပေါ်က ဂလိုင်ကို ခေါက်လိုက်တယ်။ "ဘာမှ မထိနဲ့၊ ဒရာခို"

မော်ဖိုင်ဟာ ဟိုမှန်မျက်လုံးကို ကိုင်မယ်လုပ်နေတုန်းပြောတယ်။ "ကျွန်တော်က လက်ဆောင်တစ်ခုခု ဝယ်ပေးမယ် ထင်နေတာ"



"ငါက မင်းကို ပြိုင်ပွဲသုံးတံမြက်စည်းပဲ ဝယ်ပေးမယ်လို့ပြောတာ" အဖေက လက်ချောင်းနဲ့ စားပွဲကိုခေါက်ပြီး ပြောတယ်။

"ကျွန်တော် ဟောက်စ်အသင်းက အသင်းသား မဟုတ်ရင် တံမြက်စည်းတော့ကော၊ ဘာအသုံးကျမှာလဲ" မော်ဖိုင်က စိတ်ဆိုးဆိုးနဲ့ ပြော "မနှစ်က ဟယ်ရီ-ပေါ်တာ အလင်းစကြာနှစ်ထောင်ရတယ်။ ဒမ်ဘယ်လီ သူ့ကို ဂရစ်ဖင်းဒေါဟောက်စ်ကိုယ်စား ပြိုင်ပွဲဝင်ဖို့ အထူးခွင့်ပြုခဲ့တယ်။ ထိုးဝမတန်ပါဘူး။ သူနာမည် နည်းနည်းကြီးလို့ . . . . . . သူ့နဖူးပေါ် တိုးတဲ့ အမာရွတ်ရှိလို့ ကျော်ကြားတာ . . . . . ."

မော်ဖိုင်ဟာ တစ်စင်လုံးပြည့်နေတဲ့ ခေါင်းခွံရိုးတွေကို ခါးကုန်းပြီး ကြည့်တယ်။

". . . . . . ရှိသမျှ လူအားလုံးက သူ့ကို သိပ်တော်တယ်လို့ ထင် အံ့သြဖွယ်ထူးခြားတဲ့ ဟယ်ရီ-ပေါ်တာနဲ့ သူ့အမာရွတ်။ သူ့မိုးပျံ ည်းလဲ ပါသေးတယ် — "

"မင်း ငါ့ကို ပြောတာ အနည်းဆုံး ဆယ့်လေးကြိမ်ရှိပြီ" မစ္စတာ မော်ဖိုင် သူ့သားကို အကြည့်နဲ့ တားလိုက်ပြီး ပြောတယ်။ "မင်းကို နောက်ထပ် ရဦးမယ်။ လူအများစုက ဟယ်ရီ-ပေါ်တာကို အမှောင်အရှင်ဘခင် မောင်းထုတ်တဲ့ သူရဲကောင်းလို့ သဘောထားချိန်မှာ မင်းက သူ့ကို ယောင်မဆောင်တာဟာ အ — အမြော်အမြင်မရှိတာပဲ — အော၊ ဘော်ဂျင်"

ဦးညွှတ်ခါးကွေးတဲ့ လူတစ်ယောက် ကောင်တာနောက်မှာ ပေါ်ထွက် ယ်၊ ဆီပြောင်နေတဲ့ ဆံပင်ကို လက်နဲ့ နောက်သို့ ပွတ်သပ်နေတယ်။

"မစ္စတာ မော်ဖိုင်၊ သင့်ကို ထပ်တွေ့ရတာ သိပ်ကို ဝမ်းသာမိတယ်" ဘော်ဂျင်ဟာ သူ့ဆံပင်လို ပြောင်ချောတဲ့ လေသံနဲ့ ပြောတယ်။ ဝုဏ်ယူတယ် — ပြီးတော့ ငယ်ရွယ်တဲ့ မစ္စတာ မော်ဖိုင် — ကြိုဆိုပါ ကျွန်တော် သင့်အတွက် ဘာများ ဆောင်ရွက်ပေးရမလဲ။ ကျွန်တော် ယ်။ ဒီနေ့မှ ရောက်တဲ့ ဈေးနှုန်းအလွန်မှန်ကန်တဲ့ — "

"ကျွန်တော် ဒီနေ့ ဈေးမဝယ်ဘူး၊ မစ္စတာ ဘော်ဂျင်၊ ကျွန်တော်က သာရောင်းတာ" မစ္စတာ မော်ဖိုင်က ပြောတယ်။

"ပစ္စည်းရောင်းမယ်" မစ္စတာ ဘော်ဂျင်မျက်နှာပေါ်က ပြုံး နည်း

www.burmeseclassic.com

www.burmeseclassic.com



နည်း လျှောသွားတယ်။

"ခင်ဗျားကြားပြီးရောပေါ့။ ဝန်ကြီးဌာနက ရှာဖွေသိမ်းဆည်းတာ လုပ်လာတယ်" မစ္စတာ မော်ဖိုင်က ပြောရင်း အင်္ကျီအတွင်း အိတ်ကပ်ထဲ နေ ဆိတ်ရေစက္ကူလိပ်တစ်လိပ် ယူထုတ်လိုက်ပြီး မစ္စတာ ဘော်ဂျင်ကို ပြန် တယ်။ "ကျွန်တော့် အိမ်မှာ — တချို့ရှိတယ် — အင်း — ကျွန်တော့် အ အဆင်မပြေစေတဲ့ အရာဖြစ်နိုင်တယ်။ တကယ်လို့ ဝန်ကြီးဌာနကလာပြီ ......"

မစ္စတာ ဘော်ဂျင်ဟာ နှာခေါင်းညှပ်မျက်မှန်ကို တပ်လိုက်ပြီး စာရင်း ဇယားကို ငုံ့ကြည့်တယ်။

"ဝန်ကြီးဌာနက သင့်ကို သွားမနှောင့်ယှက်ဘူးထင်တယ်၊ မစ္စတာ" မစ္စတာ မော်ဖိုင်က နှုတ်ခမ်းစူလိုက်တယ်။

"ခုတော့ မလာသေးဘူး။ မော်ဖိုင်ရဲ့ နာမည်က ဩဇာရှိနေသေးတယ်။ ဒါပေမယ့် ဌာနက ကြာလေစွက်ဖက်ချင်လေဖြစ်လာတယ်။ "မတ်ဂေါ်ကာ ကွယ်တဲ့ ဥပဒေ" ဆိုတာ ထွက်မယ်ပြောတယ် — အဲဒါ မလောက်လေးတဲ့ ကောင်၊ မတ်ဂေါ်ချစ်ငတုံး အာသာ-ဝယ်စလီချယ်လှယ်နေတယ်ဆိုတာ သံသယရှိစရာ မလိုဘူး — "

ဟယ်ရီ ဒေါသထလာတယ်။

"— ခင်ဗျားသိပါတယ်။ ဒီပေါ်က အဆိပ်တစ်ချို့ ငရင်းကိုဖြစ်စေ မယ် — "

"ကျွန်တော် နားလည်ပါတယ်၊ မစ္စတာ။ ဒါဖြစ်ရမှာပေါ့" မစ္စတာ ဘော်ဂျင်က ပြောတယ်။ "ကျွန်တော်ကြည့်ရအောင် ......"

"ဟိုဟာ ယူကြည့်လို့ရမလား" ဒရာကိုက ကူရှင်ပေါ်က လက်ခြောက်ကို ညွှန်ပြပြီး မေးတယ်။

"အား၊ ဂုဏ်ပြောင်တဲ့လက်" မစ္စတာ ဘော်ဂျင်က ပြောတယ်။ မစ္စတာ မော်ဖိုင်ရဲ့ စာရင်းဇယားကို ပစ်ထားခဲ့ပြီး ဒရာကိုရှေ့ပြေးသွားတယ်။ "ဖယောင်း တိုင် တစ်တိုင်ထွန်း၊ ငရင်းကို ကိုင်ထားသူသာ အလင်းရောင်မြင်ရတယ်။ သူခိုး ဓားပြတွေရဲ့ အကောင်းဆုံးမိတ်ဆွေပဲ။ ခင်ဗျားသား သိပ်ကို အမြင်ရှိတာပဲ၊ မစ္စတာ"

"ကျုပ်က ကျုပ်သားကို သူခိုးဓားပြထက် သာစေချင်တယ်။ မစ္စတာ



ဘော်ဂျင်" မစ္စတာ မော်ဖိုင်က အေးစက်စက်ပြောတယ်။ မစ္စတာ ဘော်ဂျင်က ချင်းပြောတယ်။ "ဗွေမယူမပါနဲ့ ဆရာ၊ ကျွန်တော် ဒီသဘောမဟုတ်ပါ ဘူး — "

"ဒါပေမယ့် သူကျောင်းမှာ အမှတ်ကောင်းမလာဘူးဆိုရင်" မစ္စတာ မော်ဖိုင်က ပိုပြီးအေးစက်စွာ ပြောတယ်။ "သူအဲဒါတွေပဲ လုပ်ရချင်လုပ်ရမှာ"

"ဒါ ကျွန်တော့်အမှား မှုတ်ဖူး" ဒရာကိုက ပြန်ပြောတယ်။ "ဆရာတွေက လိုက်တယ်။ ဟို ဟာမိုး-ဂရိန်ဂျာ — "

"မော်ဆရာ အိမ်ထောင်က မဟုတ်တဲ့ ကောင်မလေးဟာ စာမေးပွဲတိုင်း ခင်းထက်သာတယ်။ ငါက မင်းရှက်မယ်ထင်တာ" မစ္စတာ မော်ဖိုင်က သံနဲ့ ပြောတယ်။

"ဟား" ဟယ်ရီဟာ ဒရာကို ရှက်လဲ ရှက်၊ ဒေါသလဲ ထွက်တာမြင်တော့ ထွက်တော့မလို့။

"နေရာတိုင်းမှာ ဒီလိုပဲ" မစ္စတာဘော်ဂျင်က လုပ်သံနဲ့ ပြောတယ်။ "မော်ဆရာမျိုးရိုးဟာ ကြာလေတန်ဖိုးမရှိလေပဲ"

"ကျုပ် ဒီလိုမယူဆဘူး" မစ္စတာ မော်ဖိုင်က ပြောတယ်။ သူ့နှာခေါင်း ကြီးဟာ ပွစိပွစိနဲ့ လေမှုတ်ထုတ်နေတယ်။

"ကျွန်တော်လဲ မထင်ဘူး၊ မစ္စတာ" မစ္စတာ ဘော်ဂျင်က ကုန်းပြီး ပြုရင်းပြောတယ်။

"ဒါဆိုရင် ကျုပ်စာရင်းဇယားကို ဆက်ကြည့်လို့ရပြီး ထင်တယ်" မစ္စတာ မော်ဖိုင်က စိတ်မရှည်ပဲ ပြောတယ်။ "ကျုပ်အချိန်သိပ်မရှိဘူး၊ ဘော်ဂျင်၊ ဒီနေ့ အရေးကြီးကိစ္စလုပ်စရာ ရှိသေးတယ်"

သူတို့ဟာ စပြီး ဈေးစကားပြောနေကြတယ်။ ဒရာကိုက ဆိုင်ထဲ ရောင်း ပစ္စည်းတွေကို ကြိုက်သလို ကြည့်နေတယ်။ ဟယ်ရီ ပုန်းနေရာနား ရောက် တော့မယ်။ ဟယ်ရီ ရင်တမမဖြစ်နေတယ်။ ဒရာကိုက ရပ်ပြီး ကြိုးရှည် တစ်ချောင်းကိုလှေ့လာတယ်။ တစ်ခါ အမိပွာယ်မရှိရယ်ရင်း ထည်ဝါတဲ့ ကျောက်လည်ဆွဲပေါ်က ကဒ်ကို ဖတ်နေတယ်။ သတိပြုရန် — မထိ ဝါတာနဲ့ စီရင်ထားပြီးပြီ — မတ်ဂေါ်ဆယ့်ကိုးယောက်ရဲ့ အသက်ပါသွား

ဒရာကို လှည့်လိုက်တယ်။ ဟိုဘီဒိုကို မြင်သွားတယ်။ သူ့ရှေ့သို့ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ် . . . . . . . . တံခါးလက်ကိုင်ဆီ လက်လှမ်းလိုက်တယ် . . . . . .

"ဖြစ်ပြီ" မစ္စတာ မော်ဖိုင်က ကောင်တာဆီက လှမ်းပြောတယ်။ "လာခဲ့ ဖွာခို"

ဖွာခိုလှည့်ထွက်သွားတယ်။ ဟယ်ရီက အကျီလက်နဲ့ နဖူးကို သုတ်လိုက်တယ်။

"နောက်တွေ့မယ်၊ မစ္စတာ ဘော်ဂျင်။ မနက်ဖြန် ကျုပ်အိမ်မှာ ခင်ဗျား ပစ္စည်းလာယူတာ စောင့်နေမယ်"

တံခါးပိတ်သွားတာနဲ့ မစ္စတာ ဘော်ဂျင်ဟာ မျက်နှာလို မျက်နှာရေ အပြုံးမူကို ရပ်လိုက်တယ်။

"တွေ့သေးတာပေါ့၊ မစ္စတာ မော်ဖိုင်။ ပြောနေကြတာ မှန်ခဲ့ရင် ခင်ဗျား ကျုပ်ကိုရောင်းပေးတဲ့ ပစ္စည်းဟာ ခင်ဗျား သိုဝှက်ထားတာရဲ့ တစ်ဝက်တောင် မရှိသေးဘူး . . . . . ."

မစ္စတာ ဘော်ဂျင်ဟာ မကျေမနပ် ပွစိပွစိလုပ်ရင်း နောက်ခန်းထဲ ဝင်သွားတယ်။ သူပြန်ထွက်လာမှာ စိုးလို့ ဟယ်ရီခနစောင့်နေလိုက်တယ်။ ဒီနောက် တတ်နိုင်သလောက် အသံမထွက်အောင် ဘီဒိုထဲက ထွက်လိုက်တယ်။ မှန်ဘီဒိုနိမ့်တွေကို ဖြတ်ပြီး ဆိုင်တံခါးက ထွက်ခဲ့တယ်။

သူဟာ မျက်မှန်ကွဲကို မျက်နှာပေါ်ကပ်ပြီး ဘေးပတ်လည်ကို ကြည့်တယ်။ မျက်စိရှေ့မှာက ညစ်ပတ်တဲ့ လမ်းကလေး။ ဘေးနှစ်ဖက်မှာက မှော်နက်ဆိုင်တွေလိုပဲ။ သူခုနက ထွက်လာတဲ့ ဆိုင်က ဘော်ဂျင် — ဘတ်ခ်စ်လို့ ခေါ်တယ်။ ကြည့်ရတာ အကြီးဆုံးလိုပဲ။ ဒါပေမယ့် မျက်နှာချင်းဆိုင်ရှိ ဆိုင်က ညစ်ပတ်တဲ့ မှန်ပြတင်းထဲမှာ ပြထားတာက လူခေါင်းအခြောက်တွေ။ ဆိုင်နှစ်ဆိုင်ခြားရှိ ခြင်းကြီးတစ်ခြင်းထဲမှာ ပင့်ကူနက်အကြီးကြီးတွေ အုပ်လိုက်မည်းနေတာပဲ။ မှန်ပွဲ့တဲ့ တံခါးပေါက်ထဲမှာ အဝတ်အစားစုတ်ပြတ်နေတဲ့ မှော်ဆရာနှစ်ယောက်ဟာ သူ့ကို ကြည့်ပြီး တိုးတိုးပြောနေကြတယ်။ ဟယ်ရီဟာ ကြက်သီးမွေးညင်းထလာတယ်။ ဒီနေရာက အမြန်ထွက်ခွာရမယ်။ သူဟာ တလမ်းလုံး မျက်မှန်ကို တည့်အောင်ကိုင်ပေးရတယ်။ စိတ်ထဲမှာ သူ ဒီကထွက်ဖို့ လမ်းရှာတွေ့ပါစေလို့ မျှော်လင့်နေတယ်။

အဆိပ်ဖယောင်းတိုင်ရောင်းတဲ့ ဆိုင်တစ်ဆိုင်ရှေ့မှာ ချိတ်ထားတဲ့ သစ်သားလမ်းနာမည် ဆိုင်းဘုတ်အဟောင်းတစ်ခုက ဒါ ကျွမ်းပြန်လမ်းဆို



တာ ပြောပြနေတယ်။ ဒါဘာမှ အသုံးမကျဘူး။ ဟယ်ရီ ဘယ်တုန်းကမှ ဒီနေရာကို မကြားဖူးဘူး။ သူဟာ ဝယ်စလီတို့ အိမ်က မီးဖိုထဲမှာ မီးခိုးပြာတွေ ပါးစပ်အပြည့်နဲ့ နေရာနာမည်ကို ရှင်းအောင် မပြောမိလို့လို့ သူတွေးတယ်။ သူကြိုးစားပြီး တည်ငြိမ်အောင်လုပ်တယ်။ ဘယ်လိုလုပ်ရမလဲဆိုတာ တွေးနေတယ်။

"လမ်းမှားတာ မဟုတ်ပါဘူးနော်၊ အချစ်လေး" သူ့နဘေးမှာ စကားသံပေါ်လာတယ်။ သူလန့်ခုန်လိုက်တယ်။

သူ့ရှေ့ စုန်းမအိုကြီးရပ်နေတယ်။ သူမလက်ထဲမှာ လူသေလက်သည်းအချပ်တွေထည့်ထားတဲ့ ပန်းကန်ပြားကိုင်ထားတယ်။ သူမက သူ့ကို စောင်းငဲ့ကြည့်နေတယ်။ ရေညှိတွေနဲ့ သွားတွေပေါ်နေတယ်။ ဟယ်ရီဂမန်းကတန်း နောက် ဆုတ်လိုက်တယ်။

"ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ကျေးဇူးတင်ပါတယ်" သူက ပြောတယ်။ "ကျွန်တော်က —"

"ဟယ်ရီ၊ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ"

ဟယ်ရီ့ရင်တွေ တအားခုန်လာတယ်။ ဟိုစုန်းမကြီးလဲ လန့်သွားတယ်။ လက်သည်းတွေဟာ သူမခြေဖမိုးပေါ် ကျကုန်တယ်။ သူမ ကျိန်ဆဲနေတယ်။ ထောင်မောင်းတဲ့ တောလိုက်ကွင်းအစောင့် ဟက်ဂရစ်ဟာ သူတို့ဆီကို ခြေလှမ်းကျဲကျဲ လျှောက်လာတယ်။ ပိုးပိတုန်းလို မည်းနက်တဲ့ မျက်စိဟာ မုတ်ဆိတ်အပေါ်မှာ လင်းလက်နေတယ်။

"ဟက်ဂရစ်" ဟယ်ရီရင်ထဲပေါ့သွားတယ်။ အသံသြသြနဲ့ အော်ပြောတယ်။ "ကျွန်တော် မျက်စိလည်နေတယ် . . . . . . ဖလူးပေါင်ဒါ . . . . . ."

ဟက်ဂရစ်ဟာ ဟယ်ရီကို ဂုတ်ကဆွဲပြီး စုန်းမအိုကြီးဘေးက ဆွဲထုတ်လိုက်တယ်။ တစ်ခါ သူမ လက်ထဲက ပန်းကန်ပြားကို ရိုက်ချလိုက်တယ်၊ သူမရဲ့ စူးရှတဲ့ အော်သံဟာ သူတို့ကွေ့ကောက်တဲ့ လမ်းကလေးကိုဖြတ်ပြီး တောက်ပတဲ့ နေရောင်အောက်ရောက်တဲ့အထိ လိုက်လာတယ်။ ဟယ်ရီဟာ အဝေးကြီးကတည်းက ရင်းနှီးပြီးသား နှင်းလိုဖြူဖွေးတဲ့ မာဘယ်ကျောက် အဆောက်အဦကို မြင်ရတယ်။ ဂရင်းဂေါ့စ်ဘဏ်။ ဟက်ဂရစ်က သူ့ကို ဒေါင့်ဖြတ်လမ်းဆီ တိုက်ရိုက်ခေါ်လာတယ်။

"မင်းပုံပန်းလဲကြည့်ပါဦး" ဟက်ဂရစ်က အသံလေးလေးကြီးနဲ့ ပြော

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဟယ်ရီကိုယ်ပေါ်က ပြာတွေကို ပုတ်ခါပေးတယ်။ အားကြီးလွန်းလို့ သူ့ကို ဆေးဆိုင်တစ်ဆိုင်ရှေ့က နဂါးချေးပုံးထဲ တွန်းချသလိုဖြစ်တော့မလို့။

"ကျွမ်းပြန်လမ်းထဲမှာ လျှောက်သွားနေတယ်။ မင်းမသိဘူး — အဲဒါ ကောင်းတဲ့နေရာ မဟုတ်ဘူး။ ဟယ်ရီ မင်းအဲဒီမှာ သွားတာ သူများမမြင်စေနဲ့ —"

"ကျွန်တော်လဲ သိပါတယ်" ဟက်ဂရစ်က သူ့ကို ဖုန်ခါပေးဖို့ လုပ်ပြန်တာ ဟယ်ရီမြင်တော့ အမြန်ပုန်းရှောင်လိုက်တယ်။ "ခင်ဗျားကို ကျွန်တော် မျက်စိလည်တာလို့ ပြောပြီးပြီပဲ — ခင်ဗျား အဲဒီမှာ ဘာလုပ်တာလဲ"

"ကျုပ် အဲဒီမှာ အသားစားပက်ကျိ မောင်းတဲ့ ဆေးရှာနေတာ" ဟက်ဂရစ်က အသံလေးကြီးနဲ့ ပြောတယ်။ "ဂုင်းတို့ဟာ ကျောင်းက မုန်ညင်းထုပ်တွေကို ဖျက်ဆီးလို့ ကုန်တော့မယ်။ မင်းတစ်ယောက်ထဲ မဟုတ်ပါဘူးနော်"

"ကျွန်တော် အခုဝယ်စလီတို့ အိမ်မှာနေတယ်။ ဒါပေမယ့် ကျွန်တော်တို့ လမ်းကွဲသွားလို့" ဟယ်ရီက ရှင်းပြတယ်။ "ကျွန်တော် သူတို့ကို သွားရှာရမယ် ......"

သူတို့အတူတကွ ရှေ့သို့သွားတယ်။

"မင်း ဘာဖြစ်လို့ ကျုပ်ကို စာမပြန်တာလဲ" ဟက်ဂရစ်က မေးတယ်။ ဟယ်ရီက သူ့ဘေးကနေ အပြေးလေးပြေးလိုက်တယ် (သူသုံးလှမ်းလှမ်းမှ ဟက်ဂရစ် ဘွတ်ဖိနပ်ကြီး တစ်လှမ်းကို မှီတယ်)။ ဟယ်ရီက ဒေါ့ဘီနဲ့ ဒါစလီ မိသားစု အခြေအနေအားလုံး သူ့ကို ပြောပြတယ်။

"စက်ဆုပ်ဖွယ် မတ်ဂေါ်" ဟက်ဂရစ် အော်တယ်။ "ကျုပ်သာသိခဲ့ရင် —"

"ဟယ်ရီ၊ ဟယ်ရီ၊ ဖြန်မြန်လာ"

"ဟယ်ရီ မော့ကြည့်လိုက်တာနဲ့ ဟာမီး-ဂရန်ဂျာ-ဂရင်းဂေါ့စ်ရဲ့ လှေခါးထစ်ဖြူဖြူထိပ်မှာ ရပ်နေတာ မြင်ရတယ်။ သူမက ပြေးဆင်းလာပြီး သူတို့ကို ကြိုဆိုတယ်။ အညိုရောင် ဆံပင်ပွပွက သူမနောက်ဘက်မှာ လွင့်ပျံနေတယ်။

"နင့် မျက်မှန် ဘာဖြစ်လဲ။ ဟဲလို၊ ဟက်ဂရစ် ...... အော၊ အိုး ရှင်တို့နှစ်ယောက်နဲ့ တွေ့ရပြန်ပြီ။ သိပ်ကောင်းတာပဲ ...... နင် ဂရင်းဂေါ့စ်သွားမလို့လား၊ ဟယ်ရီ"



"ငါ ဝယ်စလီတို့ မိသားစုကို ရှာတွေ့ပြီးရင် သွားမယ်" ဟယ်ရီက ပြောတယ်။

"မင်း ကြာကြာမရှာရပါဘူး" ဟက်ဂရစ်က ရယ်ပြီးပြောတယ်။

ဟယ်ရီနဲ့ဟာမီးတို့ ဘေးပတ်လည်ကို လှည့်ကြည့်လိုက်တာနဲ့ ရွန်၊ ဖရက်၊ ဂျော့၊ ဖတ်စီနဲ့ မစ္စတာ ဝယ်စလီတို့ လူကြပ်နေတဲ့ လမ်းထဲက အမြန်ပြေးလာတာ တွေ့ရတယ်။

"ဟယ်ရီ" မစ္စတာ ဝယ်စလီက မောမောနဲ့ အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ "မင်း မီးဖိုပေါက် တစ်ခုပဲ လွန်သွားပါစေလို့ မျှော်လင့်တာ . . ." သူက ပြောင်လက်နေတဲ့ ခေါင်းကို သုတ်လိုက်တယ်။ "မော်လီက သိပ်ကို စိတ်ပူနေတာ — သူမ ခုတွင် လာလိမ့်မယ်"

"မင်း ဘယ်က ထွက်လာတာလဲ" ရွန်က မေးတယ်။

"ကျွမ်းပြန်လမ်း" ဟက်ဂရစ်က မျက်နှာထားနဲ့ ပြောတယ်။

"တယ် ဟုတ်ပါလား" ဖရက်နဲ့ ဂျော့တို့ အတူတကွ အော်ကြတယ်။

"လူကြီးတွေက တို့ကို ဘယ်တုန်းကမှ သွားခွင့်မပြုဘူး" ရွန်က အားကျပြီး ပြောတယ်။

"မသွားတာအကောင်းဆုံးလို့ ထင်တယ်" ဟက်ဂရစ်က အသံလေးကြီးနဲ့ ပြောတယ်။

မစ္စစ် ဝယ်စလီဟာ တတောက်တောက်နဲ့ ပြေးလာတယ်။ လက်တစ်ဘက်မှာ ကိုင်ထားတဲ့ လက်ကိုင်အိတ်ဟာ တအားလှုပ်ယမ်းနေတယ်။ ဂျင်နီကို သူမ ကျန်လက်တစ်ဖက်ကို ဆွဲပြီး မနည်းမှီအောင်လိုက်လာတယ်။

"အိုး၊ ဟယ်ရီ — အိုး၊ အချစ်လေး — မင်းဘယ်မဆို ရောက်သွားနိုင်တယ် —"

သူမဟာ မောရှိုက်ရင်း အထုပ်ထဲကနေ အကျီတိုက် ဘရပ်ကြီးတစ်ခု ထုတ်ပြီး ဟက်ဂရစ် ခါမချနိုင်တဲ့ ပြာတွေကို တိုက်ချတယ်။ မစ္စတာ ဝယ်စလီက ဟယ်ရီရဲ့ မျက်မှန်ကို ယူပြီး မှော်ကြိမ်လုံးနဲ့ တို့လိုက်တယ်။ သူ့ကို ပြန်ပေးတဲ့ မျက်မှန်ဟာ အသစ်အတိုင်းပဲ။

"အင်း၊ ကျုပ်သွားရတော့မယ်" ဟက်ဂရစ်က ပြောတယ်။ သူ့လက်ကို မစ္စတာ ဝယ်စလီ တင်းတင်းဆုပ်ထားခံနေရတယ်။ ("ကျွမ်းပြန်လမ်းတဲ့ မှာ သူတို့ သွားတွေ့လို့ တော်ပါသေးတယ်၊ ဟက်ဂရစ်") "မှော့ဂ်ဝပ်မှာ တွေ့

www.burmeseclassic.com



မယ်" သူဟာ ခြေလှမ်းကျဲကြီးနဲ့ ထွက်ခွာသွားတယ်။ လမ်းပေါ်က လူအားလုံးထက် ခေါင်းတစ်ခေါင်းနဲ့ ပခုံးတစ်ခုမြင့်နေတယ်။

"ငါဘော်ဂျင် - ဘတ်ခ်စ် ဆိုင်ထဲမှာ ဘယ်သူ့ကို တွေ့သလဲဆိုတာသိလား" ဂရင်းဂေါ့စ် လှေခါးထစ်ကို တက်တဲ့အချိန်မှာ ဟယ်ရီက ရွန်နဲ့ ဟာမီးကို မေးတယ်။ "မော်ဖိုင်နဲ့ သူ့အဖေ"

"လူးရှပ်စ်-မော်ဖိုင် ဘာတွေဝယ်သလဲ"

မစ္စတာ ဝယ်စလီက သူတို့ ကျောဘက်ကနေ သတိနဲ့ မေးတယ်။

"မဝယ်ဘူး။ သူပစ္စည်းသွားရောင်းတာ"

"သူကြောက်နေပြီ" မစ္စတာ ဝယ်စလီက တည်တည်ကြည်ကြည်နဲ့ ကျေနပ်စွာ ပြောတယ်။ "အော၊ ကျုပ် လူးရှပ်စပ်-မော်ဖိုင်ရဲ့ သက်သေခံပစ္စည်း ဖမ်းမိချင်တယ် ......"

"သတိထားနော်၊ အာသာ" မစ္စစ် ဝယ်စလီက သူ့ကို သတိပေးတယ်။ သရဲလေးတစ်ကောင်ခါးကိုင်းပြီး သူတို့ကို ဘဏ်ထဲခေါ်သွားတယ်။ "အဲဒီမိသားစုက မလွယ်ဘူး။ ရှင်မကိုက်နိုင်တဲ့ အရိုးကို မကိုက်ပါနဲ့"

"မင်းက ငါ မော်ဖိုင်ကို မယှဉ်နိုင်ဘူးထင်လို့လား" မစ္စတာ ဝယ်စလီ ဒေါသနဲ့ ပြောတယ်။ ဒါပေမယ့် သူ့စိတ်ဝင်စားမှုဟာ တစ်နေရာပြောင်းသွားတယ်။ အကြောင်းက သူ ဟာမီးရဲ့မိဘ ဘာလုပ်ရမှန်းမသိပဲ မာဘယ်ခန်းမဆောင်ကြီးတစ်ခုလုံး အပြည့်ရှိတဲ့ ကောင်တာစာပွဲဘေးမှာရပ်နေပြီး ဟာမီးလာမိတ်ဆက်ပေးဖို့ စောင့်နေလို့ပဲ။

"အား၊ ခင်ဗျားတို့က မတ်ဂေါ်ပေါ့" မစ္စတာ ဝယ်စလီက ဝမ်းသာစွာပြောတယ်။ "ကျွန်တော်တို့ အတူတကွသွားသောက်ကြဦးမှ၊ ခင်ဗျား လက်ထဲကိုင်ထားတာ ဘာလဲ။ အော၊ ခင်ဗျားတို့က မတ်ဂေါ်ငွေကိုလဲနေတာလား။ မော်လီ၊ မင်းကြည့်စမ်း" သူဟာ စိတ်လှုပ်ရှားစွာနဲ့ မစ္စတာ ဂရန်ဂျာလက်ထဲက ဆယ်ပေါင်ငွေစက္ကူကို ညွှန်ပြရင်း ပြောတယ်။

"ခနနေရင် ဒီမှာပဲ တွေ့မယ်" ရွန်က ဟာမီးကို ပြောတယ်။ ဝယ်စလီမိသားစုနဲ့ ဟယ်ရီကို ဂရင်းဂေါ့စ်က သရဲလေးက ဦးဆောင်ပြီး သူတို့ရဲ့ မြေအောက်ဘဏ်ခန်းကို သွားတယ်။

သရဲလေးမောင်းတဲ့ လှည်းကလေးဟာ သံလမ်းအသေးစားကလေးပေါ်မှာ ပြေးနေတယ်။ ဘဏ်ရဲ့ မြေအောက်လိုဏ်ခေါင်းကိုဖြတ်ပြီး ဘဏ်ခန်းအသီး



သီးကို ရောက်သွားတယ်။ ဟယ်ရီဟာ အဲဒီအပြင်းပြေးတဲ့ ခရီးကို ဇိမ်ရှိတယ်လို့ ထင်တယ်။ ဒါပေမယ့် ဝယ်စလီတို့ မိသားစုရဲ့ ဘဏ်ခန်းဖွင့်လိုက်တော့ ဒိုင်ယာဂွန်လမ်းမှာထက် ကြောက်စရာကောင်းတယ်လို့ ခံစားရတယ်။ အတွင်းမှာက ငွေစစ်ခေါ် အပုံသေးသေးလေးရယ်၊ ရွှေဂါလုံးတစ်ခုထဲရှိတယ်။ မစ္စစ် ဝယ်စလီဟာ ဒေါင့်တွေတောင် အကုန်စမ်းတယ်။ နောက်ဆုံးမှ ဒင်္ဂါးအားလုံးကို သူ့အိတ်ထဲ ယက်ချတယ်။ သူ့ဘဏ်ခန်းရောက်တော့ ဟယ်ရီ ပိုပြီး အနေရခက်တယ်။ သူဟာ တတ်နိုင်သလောက် သူများမမြင်အောင် ဒင်္ဂါးလေးတချို့ကို ဒမန်းကတန်း သားရေအိတ်ထဲ ယက်ထည့်လိုက်တယ်။

သူတို့ဟာ ဘဏ်ရှေ့က မာဘယ်ကျောက်လှေခါးထစ်ပေါ်မှာ လမ်းခွဲလိုက်ကြတယ်။ ဖတ်စီက ငှက်မွေးကလောင်အသစ်တစ်ချောင်းဝယ်ဖို့ ပွစိပွစိပြောနေတယ်။ ဖရက်နဲ့ ဂျော့တို့ဟာ သူတို့ရဲ့ ဟော့ဂ်ဝပ်က သူငယ်ချင်းလီ-ဂျော်ဒန်ကို တွေ့ရတယ်။ မစ္စစ် ဝယ်စလီနဲ့ ဂျင်နီက ဝတ်ရုံရှည် အဟောင်းဆိုင်ကို သွားကြမယ်။ မစ္စတာ ဝယ်စလီက ဂရန်ဂျာမိသားစုနဲ့ ခွက်စုတ်ဘားမှာ တခွက်သောက်ဖို့ လုပ်တယ်။

"တစ်နာရီကြာရင် အောင်မြင်ခြင်းနဲ့ အမည်းကွက် စာအုပ်ဆိုင်မှာ ဆုံကြမယ်။ မင်းတို့ကို ဖတ်စာအုပ်ဝယ်ပေးမယ်" မစ္စစ် ဝယ်စလီဟာ မှာရင်း ဂျင်နီကို ခေါ်ပြီး ထွက်သွားတယ်။ "ကျွမ်းပြန်လမ်းကို မသွားရဘူး" သူမက အမြွာညီအစ်ကိုရဲ့ ကျောဘက်က အော်ပြောတယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ကျောက်စလစ်ခဲ လမ်းကွေ့ကွေ့ကောက်ကောက်ပေါ်မှာ လျှောက်နေတယ်။ ရွှေဒင်္ဂါး ငွေဒင်္ဂါးနဲ့ ကြေးပြားတွေဟာ ဟယ်ရီ့ အိတ်ကပ်ထဲမှာ ပျော်ရွှင်စွာ မြည်နေတယ်။ သူတို့ကို သုံးပစ်ဖို့ အကျယ်ကြီးပြောနေတယ်။ ဒါနဲ့ သူက စတော်ဘယ်ရီ၊ မြေပဲ၊ ထောပတ်ရေခဲမုန့် အကြီးကြီးသုံးခု ဝယ်လိုက်တယ်။ သူတို့ဟာ ရေခဲမုန့်ကို ပျော်ရွှင်စွာစားရင်း လမ်းထဲမှာလည်ပတ်နေတယ်။ ဆွဲဆောင်မှုအပြည့်နဲ့ ဆိုင်တွေရဲ့ အလှပြ ပြတင်းကို ကြည့်ကြတယ်။ ရွန်က ခွေဒစ်အကောင်းစားပစ္စည်းဆိုင်မှာ ပြထားတဲ့ 'ချာဒလီအမြောက်အသင်းရဲ့ ဝတ်ရုံတစ်စုံလုံး' ကို အကြာကြီး ငေးကြည့်နေတယ်။ ဟာမီးက သူ့ကို ဘေးက ဆိုင်တစ်ဆိုင်မှာ မင်နဲ့ သားရေစက္ကူဝယ်ဖို့ ဆွဲခေါ်တဲ့အထိပဲ။ စွန့်စားနောက်ပြောင် မှော်ပညာသဆိုင်မှာ သူတို့ ဖရက်၊ ဂျော့နဲ့ လီ- ဂျော်ဒန်တို့နဲ့ ဆုံမိတယ်။ သူတို့ဟာ 'ဒေါက်

www.burmeseclassic.com



တာ ဖင်လစ်ဘတ်စတာရဲ့ "အံ့ဖွယ် စိုရင် မီးတောက်မပူတဲ့ ဗျောက်အိုး" တွေ တအားဝယ်တယ်။ မော်ကြိမ်လုံးအစုတ်တွေ၊ ကြေးချိန်ခွင် ခနော်နီခနော် နဲ့ တွေနဲ့ ဆေးစက်တွေ စွန်းထင်းနေတဲ့ ဖြုံထည်အဟောင်းတွေ ပုံထားတဲ့ အဟောင်းဆိုင်တစ်ဆိုင်ထဲမှာ ဖတ်စီဟာ အလွန်ခြောက်သွေ့တဲ့ စာအုပ်တစ်အုပ်ဖြစ်တဲ့ 'အတန်းခေါင်းဆောင်ဟာ အာဏာဘယ်လိုရသလဲ' ဆိုတဲ့ စာအုပ်ကို စိတ်ဝင်တစား ဖတ်နေတာတွေ့ရတယ်။

"ဟော့ဂ်ဝပ်က အတန်းခေါင်းဆောင်နဲ့ ၎င်းတို့ကျောင်းမှ ထွက်ခွာပြီး နောက် လုပ်တဲ့အလုပ်များ" ရွန်က စာအုပ်ကျောဖုံးပေါ်က စာကို အကျယ်ကြီး အော်ဖတ်တယ်။ "ကြားရတာ ဆွဲဆောင်မှုရှိတယ် ......"

"သွားစမ်း" ဖတ်စီက ဒေါသနဲ့ ပြောတယ်။

"ဒါပေါ့၊ သူက အလွန်အောင်မြင်ကြီးပွားချင်တာ၊ ဖတ်စီ၊ သူက အားလုံးစီမံကိန်းချထားပြီးသား .... သူကမှော်ဝန်ကြီးဌာနဝန်ကြီးလုပ်မှာ ...." သူတို့ ဖတ်စီဆီက ထွက်ခွာလာတော့ ရွန်က ဟယ်ရီနဲ့ ဟာမီးကို တိုးတိုး ပြောတယ်။

တစ်နာရီ ကြာတော့ သူတို့ အောင်မြင်ခြင်းနဲ့ အမည်းကွက် စာအုပ်ဆိုင်ကို သွားကြတယ်။ စာအုပ်ဆိုင်ကို သွားတဲ့ လူဟာ သူတို့လောက်တင် မဟုတ်ဘူး။ ဆိုင်ရှေ့မှာ လူအုပ်လိုက်ကြီး တိုးနေတယ်။ အားလုံးအထဲဝင်ချင် နေကြတာကို သူတို့အံ့ဩစွာ တွေ့မြင်ရတယ်။ အပေါ်ထပ် ပြတင်းကနေ နဖူးစီးစာတန်းကြီး ချိတ်ထားတယ်။

ဂစ်ဒရိုင်း-လော့ဟတ်

ကိုယ်ရေးအတ္ထုပ္ပတ္တိလက်မှတ်ထိုးရောင်းသည်။

'မှော်ပညာတတ်တဲ့ ကျွန်ုပ်'

ဒီနေ့ ညနေပိုင်း ၁၂ း ၃၀ — ၄ း ၃၀

"ငါတို့ သူ့ကို လူကိုယ်တိုင်တွေ့ရတော့မယ်" ဟာမီးက အော်တယ်။ "ငါပြောတာက၊ စာအုပ်စာရင်းထဲက စာအုပ်အားလုံးလိုလို သူရေးတာချည်းပဲ"

လူအုပ်ထဲမှာ အများစုဟာ မစ္စစ် ဝယ်စလီအရွယ် မှော်ဆရာမချည်း လိုပဲ။ မျက်နှာနွမ်းနေတဲ့ မှော်ဆရာတစ်ယောက် တံခါးဝမှာရပ်ပြီး ပြောတယ်။ "အမျိုးသမီးများ ခင်ဗျား၊ ငြိမ်ငြိမ်နေပါ ...... မတိုးကြပါနဲ့ ......



သတိပြုပါ စာအုပ်တွေ ......"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ လူကြားထဲက တိုးဝင်သွားတယ်။ ကွေ့ ကောက်ကောက် အတန်းစီထားတဲ့တံခါးဝကနေ စာအုပ်ဆိုင်နောက်ဘက်ထိပဲ။ ဂစ်ဒရိုင်း-လော့ဟတ်ဟာ အဲဒီမှာပဲ လက်မှတ်ထိုး စာအုပ်ရောင်းနေတယ်။ သူတို့ဟာ "သရဲမနဲ့ အဆုံးသတ်ကွဲခြင်း" စာအုပ်ကို တစ်အုပ်စီ ဆွဲယူပြီး တျန်တဲ့ ဝယ်စလီမိသားစုနဲ့ ဂရန်ဂျာဇနီးမောင်နှံတို့ တန်းစီတဲ့ထဲကို ခိုးဝင် လိုက်ကြတယ်။

"အိုး၊ မင်းတို့လာပြီ၊ သိပ်ကောင်းတာပဲ" မစ္စစ် ဝယ်စလီ အသက်ရှူ ဖြင်းပြင်းနဲ့ ပြောတယ်။ ဆံပင်ကို အဆက်မပြတ်ပုတ်နေတယ်။ "တို့ သူ့ကို ခနနေရင် တွေ့ရတော့မယ် ......"

တဖြည်းဖြည်းနဲ့ ဂစ်ဒရိုင်း-လော့ဟတ် သူတို့မြင်ကွင်းထဲ ရောက်လာ ပြီ။ သူဟာ စားပွဲခုံနောက်မှာ ထိုင်နေတယ်။ မိမိရဲ့ ဓာတ်ပုံကြီးတွေ ဝိုင်းပတ် နေတယ်။ ဓာတ်ပုံပေါ်က မျက်နှာတွေဟာ လူအုပ်ကို မျက်စိမှိတ်ပြနေတယ်။ ချက်စိစူးမတတ် ဖြူဖွေးတဲ့သွားတွေ ပေါ်နေတယ်။ လော့ဟတ်အစစ်ဟာ ဒိုကိုမမေ့ပါနဲ့ ပန်းလိုအပြာရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားတယ်။ သူ့မျက်စိ ပြာပြာနဲ့ အလွန်လိုက်တယ်။ မှော်ဆရာဦးထုပ်ချွန်ဟာ ဆံပင်ကောက် ကောက်တွေပေါ်မှာ စောင်းစောင်းဆောင်းထားတယ်။

စိတ်တိုနေတဲ့ ယောကျ်ားပုပုဟာ အနက်ရောင်. ကင်မရာကြီးကို မြှောက်ပြီး သူ့ကို လှည့်ပတ်ခုန်ဆွ ဓာတ်ပုံရိုက်နေတယ်။ မီးလင်းသွားတိုင်း မှာ ကင်မရာထဲကနေ ခရမ်းရောင် မီးခိုးတွေ ထွက်ထွက်လာတယ်။

"ဖယ်စမ်း" သူက ရွန်ကို ပြောရင်း နောက်ဆုတ်ပြီး ပိုကောင်းတဲ့ ရှုဒေါင့်ကို ရှာတယ်။ "ဒါက 'ကြိုဟောဆရာများနေ့စဉ်' အတွက် ရိုက်တာ"

"သိပ်တော်တာပဲ" ရွန်က ဟိုလူ နင်းလို့နာနေတဲ့ ခြေဖမိုးကို ပွတ်သပ် ရင်းပြောတယ်။

ဂစ်ဒရိုင်း-လော့ဟတ်ကြားသွားတယ်။ သူခေါင်းမော့လိုက်တယ်။ ရွန် ကို တွေ့တယ်။ ဆက်ပြီး ဟယ်ရီကို တွေ့တယ်။ သူဟာ ဟယ်ရီကို ခနိုက် ကြည့်နေတယ်။ ခုန်ထပြီး အော်တယ်။ "ဒါ ဟယ်ရီ-ပေါ်တာ မဟုတ်ဘူးလား"

လူအုပ်ဟာ လမ်းဖယ်ပေးတယ်။ စိတ်လှုပ်ရှားစွာ တိုးတိုးပြောနေကြ တယ်။ လော့ဟတ်ဟာ ပြေးလာပြီး ဟယ်ရီ့လက်မောင်းကို ဖမ်းဆွဲထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရှေ့သို့ ဆွဲခေါ်သွားတယ်။ လူအုပ်ကြီးဆီက လက်ခုပ်သံပေါ်လာတယ်။ ဟယ်ရီမျက်နှာတွေ ပူနေတယ်။ လော့ဟတ်က သူ့လက်ကိုကိုင်ပြီး ဓာတ်ပုံဆရာကို ဓာတ်ပုံရိုက်ခိုင်းတယ်။ ပုပုအမျိုးသားဟာ ခလုတ်ကို အရှုးအမူး ထပ်ကာထပ်ကာ နှိပ်နှိပ်ချနေတယ်။ မီးခိုးတွေဟာ ဝယ်စလီမိသားစုကိုယ်ပေါ် မြန့်လွင့်သွားတယ်။

"ရယ်တာ သိပ်ကိုလှတယ်၊ ဟယ်ရီ" လော့ဟတ်ကိုယ်တိုင်လဲ ပြောင်လက်တဲ့ သွားတွေကို ဖော်ပြနေတယ်။ "တို့နှစ်ယောက် မျက်နှာဖုံးမှာပါမယ်"

သူ နောက်ဆုံး ဟယ်ရီလက်ကို လွှတ်လိုက်တော့ ဟယ်ရီ့ လက်တွေ ထုံနေပြီ။ သူက ဝယ်စလီမိသားစုဆီ လစ်ပြေးချင်တယ်။ ဒါပေမယ့် လော့ဟတ်ရဲ့ လက်တစ်ဘက်ဟာ သူ့ကိုဖက်ထားပြီး သူ့ကိုယ်နဲ့ ဆွဲကပ်ထားတယ်။

"အမျိုးသမီးများ၊ အမျိုးသားများခင်ဗျာ" လော့ဟတ်က အကျယ်ကြီး ပြောတယ်။ ငြိမ်သက်ဖို့ လက်ပြတယ်။ "ဒါဟာ ဘယ့်လောက်ထူးခြားတဲ့ အချိန်ပိုင်းပါလဲ။ ဒီလိုပြည့်စုံတဲ့အချိန်လေးကို အကြောင်းပြုပြီး ကိစ္စလေးတစ်ခု ကြေညာချင်ပါတယ်။ ဒီကိစ္စကို ကျွန်တော် မပြောဘဲထားတာ အချိန်တစ်ပိုင်း ရှိနေပါပြီ။

"ငယ်ရွယ်တဲ့ ဟယ်ရီ ဒီမှာအောင်မြင်ခြင်းနဲ့ အမည်းကွက်သို့ ဝင်ရောက်လာတာဟာ ကျွန်တော့်ရဲ့ အတ္ထုပ္ပတ္တိစာအုပ် ဝယ်ဖို့သာ ဖြစ်ပါတယ် — ကျွန်တော် ခုဒီမှာပဲ ဒီစာအုပ်ကို သူ့ကို အခမဲ့လက်ဆောင် ပေးချင်ပါတယ်" လက်ခုပ်သံများပေါ်ထွက်လာပြန်တယ်။

"— သူမသိသေးပါဘူး" လော့ဟတ်က ဆက်ပြောတယ်။ ဟယ်ရီကို လှုပ်လိုက်တယ်။ ဒါကြောင့် ဟယ်ရီ့မျက်မှန် နှာဖျားကိုလျှောကျသွားတယ်။ "သူမကြာခင်မှာ ကျွန်တော်ရေးတဲ့ 'မှော်ဆရာ ကျွန်ုပ်' ထက် ပိုတန်ဖိုးရှိတဲ့ အရာကို ရတော့မှာ။ စင်စစ်၊ သူနဲ့ သူ့သူငယ်ချင်းတွေဟာ မှော်ပညာတတ်တဲ့ ကျွန်တော် စစ်စစ်ကိုရကြတော့မှာ။ ဟုတ်ပြီ။ အမျိုးသမီးများ အမျိုးသားများ ခင်ဗျား၊ ဒီနှစ်စက်တင်ဘာလမှာပဲ ကျွန်တော်ဟာ ဟော့ဂ်ဝပ်မှော်ပညာနဲ့မှော် အတတ်ကျောင်းကြီးရဲ့ မှော်နက်ပညာကာကွယ်ရေး အတတ်ပညာဆရာဖြစ်ပါတော့မယ်ဆိုတာကို ကျွန်တော်အတိုင်းမသိ ဝမ်းသာဂုဏ်ယူစွာ ကြေညာအပ်ပါတယ်"



လူအုပ်ဟာ လက်ခုပ်တီးသြဘာပေးကြတယ်။ ဟယ်ရီဟာ မိမိဂစ်ဒရိုင်း ...ဟတ်ရဲ့ စာအုပ်တစ်စုံလုံး ရပြီး လေးလွန်းလို့ လမ်းလျှောက်တာ ...နည်းယိုင်နေတယ်။ သူဟာ လူအများစုးစိုက်တဲ့ နေရာကနေ အခန်း ...သို့ ကြိုးစားထွက်ခဲ့တယ်။ အဲဒီမှာ ဂျင်နီဟာ သူမရဲ့ ဆေးကျိုအိုးသေး ...နေတယ်။

"ဒါတွေ မင်းယူတော့" ဟယ်ရီဟာ ပါးစပ်က မသဲမကွဲပြောရင်း ...ပ်တွေကို ဆေးကျိုအိုးထဲ သွန်ထည့်လိုက်တယ်။ "ငါသပ်သပ်ထပ်ဝယ် ... —"

"မင်း ဒီလိုမျိုးကြိုက်တယ် မှတ်လား၊ ပေါ်တာ" ဘယ်လိုမှ မလွဲနိုင်တဲ့ ... ဟယ်ရီ့ကိုယ်ကို ဖက်လိုက်တယ်။ ဗျာခို-မော်ဖိုင်နဲ့ မျက်နှာချင်းဆိုင်မိ ...။ သူ့မျက်နှာပေါ်မှာက ခါတိုင်းလို သရော်ပြုံးနဲ့။

"ကျော်ကြားတဲ့ ဟယ်ရီ-ပေါ်တာ" မော်ဖိုင်က ပြောတယ်။ "စာအုပ် ...ဆိုင်သာတာတောင် မျက်နှာဖုံးသတင်း မဖြစ်ဘဲမနေနိုင်ပါလား"

"သူ့ ဖာသာနေပါစေ၊ သူဒါတွေ မလိုလားပါဘူး" ဂျင်နီက ပြောတယ်။ ...အာ သူမ ဟယ်ရီရှေ့မှာ ပထမဆုံးစကားပြောတာပဲ။ မော်ဖိုင်ကို ဒေါသနဲ့ ...ကြည့်နေတယ်။

"ပေါ်တာ၊ မင်းရည်းစားရှိပြီပေါ့" မော်ဖိုင်က အသံကို ဆွဲပြီးပြောတယ်။ ...နီမျက်နှာနီလာတယ်။ ရွန်နဲ့ ဟာမီးတိုးထွက်လာတယ်။ နှစ်ယောက်စလုံး ...ဟတ်စာအုပ် တထပ်ကြီးပိုက်လာတယ်။

"အော၊ မင်းလား" ရွန်က မော်ဖိုင်ကို ကြည့်ရတာ ဖိနပ်အောက်ကပ် ...တဲ့ ရွှံ့စရာအရာလိုပဲ။ "မင်း ဒီမှာ ဟယ်ရီကို မြင်ရတော့ သိပ်အံ့သြသွား ...ဆဲ့၊ ဟင်"

"မင်းကို စာအုပ်ဆိုင်မှာ တွေ့တာလောက်တော့ မအံ့သြသေးပါဘူး ...ယ်စလီ" မော်ဖိုင်က ပြန်ပြောတယ်။ "မင်းကို ဒါတွေ ဝယ်ပေးရလို့ မင်းအဖေ ... နောက်လအငတ်ခံရတော့မယ် ထင်တယ်"

ရွန့်မျက်နှာဟာ ဂျင်နီလိုပဲ နီရဲလာတယ်။ စာအုပ်တွေကို ဆေးကျိုအိုး ...ဲ ဝစ်ထည့်လိုက်ပြီး မော်ဖိုင်ဆီ ခုန်ထွက်သွားတယ်။ ဟယ်ရီနဲ့ ဟာမီးက ...တ်ကနေ သူ့အင်္ကျီကို ဆွဲထားတယ်။

"ရွန်" မစ္စတာ ဝယ်စလီဟာ ဖရက်နဲ့ ဂျော့ကို ခေါ်ပြီး တိုးထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ "မင်း ဘာလုပ်နေတာလဲ။ ဒီကလူတွေ ရှုံးကုန်ပြီ။ ငါတို့ ထွက်သွားရအောင်"

"အမလေးလေး — အာသာဝယ်စလီ"

မစ္စတာ မော်ဖိုင်ဖြစ်တယ်။ သူ့လက်တစ်ဖက်ဟာ ဂွာခို့ ပခုံးဖက်ထားတယ်။ မျက်နှာပေါ်မှာက သူ့သားနဲ့ တစ်ပုံစံထဲ သရော်ပြုံး။

"လူးရှုပ်စ်" မစ္စတာ ဝယ်စလီက အေးစက်စက်ခေါင်းညိတ်ပြတယ်။

"ဌာနမှာ အလုပ်တွေ သိပ်လုပ်နေတယ်ကြားတယ်" မစ္စတာ မော်ဖိုင်က ပြောတယ်။ "အဲဒီ ရုတ်တရက် ရှာဖွေစစ်ဆေးတာတွေ . . . . . . သူတို့က ခင်ဗျားကို အချိန်ပိုလုပ်ခပေးတယ်ထင်ပါရဲ့"

သူဟာ ဂျင်နီရဲ့ ဆေးကျိုအိုးထဲလက်နှိုက်ပြီး အသစ်စက်စက် လော့ဟတ်စာအုပ်တွေထဲကနေ ဟောင်းနွမ်းနေတဲ့ 'ကနဦးရုပ်ပြောင်းလမ်းညွှန်' စာအုပ်ကို ဆွဲထုတ်လိုက်တယ်။

"ကြည့်ရတာ မရဘူးနဲ့တူတယ်" သူက ပြောတယ်။ "တော်သေးတာပေါ့၊ အခကြေးငွေ ကောင်းကောင်းမရရင် မှော်ဆရာနာမည်ပျက်ခံတော့ရော ဘာများအကျိုးရှိမှာလဲ"

မစ္စတာ ဝယ်စလီ့မျက်နှာဟာ ရွှန်နဲ့ ဂျင်နီထက် ပိုပြီး နီရဲနေတယ်။

"ကျွန်တော်တို့ မှော်ဆရာနာမည်ပျက်တယ်ဆိုတာမှာ အမြင်မတူဘူး မော်ဖိုင်" သူက ပြောတယ်။

"ရှင်းပါတယ်" မစ္စတာ မော်ဖိုင်က ပြောတယ်။ သူ့ရဲ့ အရောင်ဖျော့ဖျော့ မျက်စိက ဂရန်ဂျာဇနီးမောင်နှံပေါ် ရောက်သွားတယ်။ "မင်းပေါင်းသင်းတဲ့ မိတ်ဆွေပဲ ကြည့်လေ၊ ဝယ်စလီ . . . . . . မူလက မင်းတို့မိသားစု အဆုံးစွန်ကိုရောက်နေပြီထင်တာ" ဂျင်နီရဲ့ ဆေးကျိုအိုးကြီး ဝှမ်ခနဲပျံထွက်သွားတယ်။ မစ္စတာ ဝယ်စလီဟာ မစ္စတာ မော်ဖိုင့်ကို ဝင်အုပ်တယ်။ သူ့ကို စာအုပ်စင် တစ်စင်ပေါ် ဝင်ဆောင့်တယ်။ ဂါထာစာအုပ်ထူထူ ဒါဇင်အချို့ သူတို့ ခေါင်းပေါ် ကျလာတယ်။ ဖရက်နဲ့ ဂျော့က "ချသာချ၊ အဖေ" လို့ အော်တယ်။ မစ္စစ် ဝယ်စလီက အော်တယ်။ "မလုပ်နဲ့၊ အာသာ၊ မလုပ်နဲ့" လူအုပ်က လန့်ပြီး နောက်ဆုတ်တယ်။ စာအုပ်စင်တွေ နောက်ထပ်လဲကျကုန်တယ်။ "လူကြီးမင်းတို့၊ ကျေးဇူးပြုပြီ — ကျေးဇူးပြုပြီ" ဆိုင်စာရေးက အော်တယ်။ ဒီနောက် အသံအားလုံးထက် ကျယ်တဲ့ အသံတစ်သံပေါ်လာတယ်။ "ဖယ်ကြ



ပါ လူကြီးမင်းတို့၊ ဖယ်ကြပါ —"

ဟက်ဂရစ်ဟာ စာအုပ်ပင်လယ်ထဲက ဖြတ်ပြီး လျှောက်လာတယ်။ ...တပြက်အတွင်းမှာ မစ္စတာ ဝယ်စလီနဲ့ မစ္စတာ မော်ဖိုင်ကို ဆွဲခွဲလိုက်တယ်။ မစ္စတာ ဝယ်စလီ ပါးစပ်ကွဲသွားတယ်။ မစ္စတာ မော်ဖိုင်ရဲ့ မျက်စိတစ်...က် 'အဆိပ်မှို စွယ်စုံကျမ်း" အထုခံရတယ်။ သူ့လက်ထဲမှာ ဂျင်နီရဲ့ ရုပ်...ပြောင်းစာအုပ် ဟောင်းနွမ်းကို ကိုင်ထားသေးတယ်။ သူက စာအုပ်ကို ဂျင်နီ့...ထဲ ထိုးထည့်တယ်။ သူ့မျက်စိထဲမှာ မလိုမုန်းတီးတဲ့ အရောင်တောက်...နေတယ်။

"ဒီမှာ၊ ကောင်မလေး — မင်းစာအုပ်ကို ယူထား — ဒါမင်းအဖေ...ပေးနိုင်တဲ့ အကောင်းဆုံးအရာပဲ —"

သူက ဟက်ဂရစ်လက်က ရုန်းထွက်လိုက်တယ်။ ဂွာခိုကို လက်ပြလိုက်...ပြီး ဆိုင်ထဲက ပြေးထွက်သွားတယ်။

"သူ့ကို အရေးလုပ်စရာမလိုဘူး၊ အာသာ" ဟက်ဂရစ်က ပြော တယ်။ ...စ္စတာ ဝယ်စလီ ဝတ်ရုံကို သူကပြန့်အောင် ပွတ်သပ်ပေးတာ မစ္စတာ ဝယ်...စလီ မြောက်သွားဖို့ နည်းနည်းလိုတယ်။ "ဒီကောင် သိပ်ဆိုးတာ၊ သူတို့ တစ်...မိလုံး ဒီလိုပဲ။ လူအားလုံးသိကြပါတယ်။ မော်ဖိုင်မိသားစု စကားနားထောင်...စရာမလိုဘူး။ သွေးပုပ်တွေ။ ဒီတိုင်းချည့်ပဲ။ သွားကြမယ်။ ဒီက ထွက်...သွားကြမယ်"

ဆိုင်စာရေးက သူတို့ကို တားထားချင်သလိုပဲ။ ဒါပေမယ့် သူ့အရပ်က ...ဟက်ဂရစ်ရဲ့ ခါးလောက်ရှိတာ။ ဒါကြောင့် ဘာမှထပ်မပြောတော့ဘူး။ သူတို့ ...လမ်းပေါ်သို့ အမြန်လျှောက်သွားတယ်။ ဂရန်ဂျာဇနီးမောင်နှံဟာ ကြောက်...လို့ တုန်နေတယ်။ မစ္စစ် ဝယ်စလီကတော့ သိပ်ကို ဒေါသထွက်နေတယ်။

"ကလေးတွေကို စံနမူနာကောင်းပြတာ . . . . . . လူရှေ့ သူရှေ့ရန်...ဖြစ်တယ် . . . . . . ဂစ်ဒရိုင်း-လော့ဟတ်က ဘယ်လိုတွေးမလဲ . . . . . ."

"သူက ဝမ်းသာတာပေါ့" ဖရက်က ပြောတယ်။ "ကျွန်တော်တို့ ...ထွက်လာတုန်းက ပြောတာ မကြားဘူးလား။ သူက 'ကြိုဟောဆရာများနေ့...စဉ်' က ဟိုပုဂ္ဂိုလ်ကို မေးတယ်။ ရန်ဖြစ်တဲ့ အကြောင်းပါ သတင်းစာထဲရေး...ဖို့ ရမလားတဲ့ — ဒါက လူ့ပ်အောင်လုပ်နိုင်တယ်လို့ သူက ပြောတယ်"

ဒါပေမယ့် ခွက်စုတ်ဘားက မီးလင်းဖိုဘေး ပြန်ရောက်တော့ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



တော်တော်တည်ငြိမ်နေပြီ။ ဟယ်ရီနဲ့ ဝယ်စလီမိသားစု ဝယ်တဲ့ ပစ္စည်းတွေကို ဖလူးပေါင်ဒါနဲ့ အညာတရဂေဟာကို ပြန်သယ်သွားရမယ်။ ဂရန်ဂျာမိသားစုက မြို့ရဲ့ ဟိုဘက် မတ်ဂေါ်တွေနေတဲ့ လမ်းကိုပြန်ရမယ်။ သူတို့ဟာ ဘားမှာ နှုတ်ဆက်ခွဲခွာကြတယ်။ မစ္စတာ ဝယ်စလီက သူတို့ကို ကားဂိတ်ဆိုတာ ဘယ်လိုဟာမျိုးလဲလို့ မေးချင်တယ်။ ဒါပေမယ့် မစ္စစ် ဝယ်စလီအမူအရာမြင်တာနဲ့ အမြန်ဆုံး ပါးစပ်ပိတ်လိုက်တယ်။

ဟယ်ရီဟာ မျက်မှန်ချွတ်လိုက်ပြီး အသာလေးအိတ်ကပ်ထဲထည့်ပြီးမှ ဖလူးပေါင်ဒါမှုန့်သွားယူတယ်။ ဒါဟာ သူအနှစ်သက်ဆုံး ခရီးသွားနည်း မဟုတ်တာ သေချာတယ်။



# ၅။ ရိုက်တတ်တဲ့ မိုးမခပင်

ဟယ်ရီဟာ နွေကျောင်းပိတ်ရက် ကုန်ဆုံးတာ သိပ်မြန်တယ်လို့ ထင်တယ်။ သူဟော့ဂ်ဝပ်ကို ပြန်ချင်တယ်။ ဒါပေမယ့် အညာတရဂေဟာမှာ နေရတဲ့ တစ်လအချိန်ဟာ သူ့ဘဝမှာ အပျော်ရွှင်ဆုံး အချိန်ပဲ။ ဒါဝယ်လီမိသားစုနဲ့ သူနောက်တစ်ခါ ရေဖယောင်းပင်လမ်းကိုပြန်ရင် သူတို့ ဆက်ဆံပုံတို တွေးမိတော့ ရွှန်ကို မနာလိုဘဲ မနေနိုင်ဘူး။

နောက်ဆုံး ညမှာ မစ္စစ်ဝယ်စလီဟာ ကြွယ်ဝတဲ့ ညစာ စားပွဲတို ခင်းဆင်းလိုက်တယ်။ အားလုံး ဟယ်ရီအကြိုက်ဆုံး အစားအစာတွေချည်းပဲ၊ နောက်ဆုံး စားရတာက သွားရည်ကျစရာ သကာရည်လောင်း ပူတင်း။ ဖရက်နဲ့ ဂျော့တို့ရဲ့ ဖစ်လစ်ဘတ်စတာ ဗျောက်မီးပန်း တင်ဆက်မှုကလဲ ဒီညကို ပြီးလှုပစေတယ်။ မီးဖိုချောင်ထဲမှာ ကြယ်အနီ၊ ကြယ်အပြာတွေ ဆင်မြန်းတယ်၊ ကြယ်တွေဟာ မျက်နှာကြက်နဲ့ နံရံကြားမှာ ခုန်ပေါက်နေတာအနည်းဆုံး နာရီဝက်လောက် ကြာတယ်။ ဒီနောက် လူတိုင်း နောက်ဆုံး ချော့ကလက်ပူပူတစ်ခွက်သောက်ပြီး အိပ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့နံနက်သွားဖို့ပြင်တာ အချိန်အတော်ကြာသွားတယ်။ ကြွတ်တွန်တာနဲ့ သူတို့ အိပ်ရာထကြတယ်။ ဒါပေမယ့် လုပ်စရာတွေအများကြီး ကျန်နေသေးသလိုပဲ။ မစ္စစ်ဝယ်စလီဟာ ဟိုပြေးဒီပြေးနဲ့ အရံသုံးဖို့ ခြေစွပ်နဲ့စောင် ရှာနေတယ်။ မစ္စတာ ဝယ်စလီဟာ ဂျင်နီရဲ့ သေတ္တာကို ကားဆီ သယ်သွားစဉ် ခြံဝန်းထဲမှာ ကြက်တစ်ကောင်ကို ခလုတ်တိုက်မိလို့ လိမ့်ကျတာ လည်ပင်းကျိုးမတတ်ပဲ။

လူက ရှစ်ယောက်၊ သေတ္တာကြီးက ၆ ခု၊ ဇီးကွက်နှစ်ကောင်နဲ့ ကြွက်တစ်ကောင်ကို ဖို့ဒ်အင်ဂလီယာ ကားသေးသေးလေး ဘယ်လိုဆံ့မလဲဆိုတာ ဟယ်ရီမတွေးတတ်ဘူး။ စင်စစ် သူဟာ မစ္စတာ ဝယ်စလီ ထပ်ဖြည့်ထားတဲ့ ထူးခြားမှုကို သူမမြင်ဘူး။

"မော်လီကို မပြောနဲ့" သူက ကားနောက်ဖုံးကို ဖွင့်ပြီး သူဘယ်လို ဆန်းကြယ်စွာ ကျယ်အောင်လုပ်ထားတာ ဟယ်ရီကို ပြတယ်။ အဲဒီ သေတ္တာအားလုံးထည့်လို့ ဆံ့တယ်။

နောက်ဆုံးမှာ သူတို့အားလုံး ကားထဲရောက်လာတယ်။ မစ္စစ်ဝယ်စလီဟာ နောက်တန်းကိုလှည့်ကြည့်တယ်။ ဟယ်ရီ၊ ရွန်၊ ဖရက်၊ ဂျော့နဲ့ ဖတ်စီတို့ နောက်တန်းမှာ သက်သောင့် သက်သာထိုင်နေကြတယ်။ "မုတ်ဂေါ်တွေဟာ ထင်ထားတာထက် ဉာဏ်ရှိတယ်၊ မဟုတ်ဘူးလား" သူမက ပြောပြီး ဂျင်နီနဲ့အတူ ရှေ့ခန်းဝင်ထိုင်တယ်။ သူတို့ ထိုင်ခုံလဲ ပန်းခြံထဲက ခုံတန်းလျားလောက်ရှိအောင် ချဲ့ထားတယ်။ "အထဲမှာ ဒီလောက်ချောင်ချိမယ်လို့ အပြင်က မထင်ရဘူးနော်၊ မဟုတ်ဘူးလား"

မစ္စတာ ဝယ်စလီက ကားစက်နှိုးလိုက်တယ်။ ကားခြံဝန်းအပြင်မောင်းထွက်လာတယ်။ ဟယ်ရီက နောက်လှည့်ပြီး ဒီအိမ်ကို နောက်ဆုံးကြည့်လိုက်တယ်။ ဘယ်တော့မှ ၎င်းကို ပြန်မြင်ရမလဲဆိုတာ မတွေးရသေးခင်မှာပဲ ပြန်ရောက်လာတယ်။ ဂျော့က သူ့ဖစ်လစ်ဘတ်စတာ ဗျောက်မီးပန်းကို အိမ်မှာမေ့ထားခဲ့လို့တဲ့။ ငါးမိနစ်ကြာတော့ ကားဟာ ခြံဝန်းထဲမှာ ဘရိတ်အုပ်လိုက်ပြန်တယ်။ ဖရက်ပြေးပြီး သူ့မိုးပျံတံမြက်စည်းယူတယ်။ ကားလမ်းမပေါ်ရောက်ခါနီးမှာ ဂျင်နီက ထအော်ပြန်တယ်။ သူမ နေ့စဉ်မှတ်တမ်း စာအုပ်မေ့နေတယ်လို့ ပြောတယ်။ သူမ ကားထဲ ပြန်ဝင်လာတော့ အချိန်က သိပ်နောက်ကျနေပြီ။ စိတ်တွေလဲ ဆိုးနေကြပြီ။



မစ္စတာ ဝယ်စလီက လက်ပတ်နာရီကို ကြည့်လိုက်ပြီးနောက် သူ့ဇနီးကို ကြည့်နေတယ်။

"မော်လီ၊ အချစ် — "

"မဖြစ်ဖူး၊ အာသာ"

"ဘယ်သူမှ မမြင်ပါဘူး၊ ဒီမှာ ခလုတ်ကလေးတစ်ခုရှိတယ်။ ကျုပ်လုပ်ထားတဲ့ ကိုယ်ပျောက်အောင် တွန်းတင်ပေးတဲ့ ကိရိယာ — ၎င်းက ကျုပ်တို့ကို မိုးပေါ်ပို့ပေးမယ်။ ပြီးတော့ တိမ်လွှာအပေါ်မှာ ပျံသန်းမယ်။ ဆယ်မိနစ်ဆိုရောက်ပြီ။ ဘယ်သူမှ မသိပါဘူး . . . . . ."

"မရဘူးလို့ ပြောနေတယ်၊ အာသာ။ နေ့ခင်းကြောင်တောင်ကြီးမှာ"

သူတို့ဟာ ဆယ့်တစ်နာရီ တစ်မတ်အလိုမှာ ဘုရင့်ကြက်ခြေဘူတာရောက်တယ်။ မစ္စတာ ဝယ်စလီဟာ ကားလမ်းကို ဖြတ်ပြေးပြီး အထုပ်အပိုးသယ်တဲ့ လှည်းကလေးသွားယူတယ်။ အားလုံးဘူတာထဲ အမြန်ဝင်ခဲ့ကြတယ်။

ဟယ်ရီ မနှစ်က ဟော့ဂ်ဝပ်အထူးအမြန်ရထားစီးခဲ့ဖူးတယ်။ ပြုလုပ်ရမယ့်သော့ချက်ကတော့ ၉¾ စင်္ကြံကို ရောက်ဖို့ပဲ။ အဲဒီစင်္ကြံဟာ မုတ်ဂေါ်တွေ မမြင်နိုင်ဘူး။ စင်္ကြံအမှတ် ၉ နဲ့ ၁၀ကြား ခြားထားတဲ့ နံရံကို ဖြတ်ဝင်ရမယ်။ နည်းနည်းမှ မနာဘူး။ ဒါပေမယ့် မုတ်ဂေါ်တွေ သင်ပျောက်သွားတာ မမြင်အောင် သတိထားရမယ်။

"ဖတ်စီ ပထမဝင်" မစ္စစ်ဝယ်စလီဟာ ချိတ်ထားတဲ့ နာရီကြီးကို လောလောနဲ့ ကြည့်ရင်းပြောတယ်။ သူတို့ဟာ ငါးမိနစ်အတွင်းမှာ ဘာမှ မဖြစ်သလိုနဲ့ နံရံကို ဖြတ်ဝင်ရမယ်။

ဖတ်စီဟာ သုတ်သုတ်လျှောက်သွားပြီး ပျောက်သွားတယ်။ ဆက်လက်ပြီး မစ္စတာ ဝယ်စလီဝင်သွားတယ်။ ဒီနောက် ဖရက်နဲ့ ဂျော့။

"ငါ ဂျင်နီကို ခေါ်သွားမယ်။ မင်းတို့နှစ်ယောက် ဆက်လိုက်ခဲ့" မစ္စစ်ဝယ်စလီဟာ ဟယ်ရီနဲ့ ရွန်ကို ပြောပြီးတာနဲ့ ဂျင်နီ့လက်ဆွဲပြီး ရှေ့သို့လျှောက်သွားတယ်။ မျက်စိတစ်မှိတ်ထဲမှာပဲ ပျောက်သွားရော။

"တို့ အတူဖြတ်ကြမယ်၊ တစ်မိနစ်ပဲ ကျန်တော့တယ်" ရွန်က ပြောတယ်။

ဟယ်ရီက ဟက်ဒဝစ်ရဲ့ လှောင်အိမ်သေတ္တာအပေါ်မှာ ခိုင်ခိုင်စိုက်ထားလားဆိုတာ ကြည့်လိုက်တယ်။ ဒီနောက် ပစ္စည်းတင်လှည်းကလေးကို နံရံ

www.burmeseclassic.com

www.burmeseclassic.com



ဘတ်လှည့်ဆိုက်တယ်။ သူလုံးဝယုံယုံကြည်ကြည်ရှိတယ်။ ဖလူးပေါင်ဒါသုံး ဘာသို့ အနေရခက်မှူး။ သူတို့နှစ်ယောက်ဟာ ကိုယ်ကို တွန်းလှည်းလက်ကိုင်ပေါ် ကုန်းချိုးပြီး နံရံဆီသို့ ခိုင်ခိုင်မာမာ လျှောက်သွားတယ်။ အရှိန်တဖြည်းဖြည်း မြှင့်လိုက်တယ်။ နံရံနဲ့ပေအနည်းငယ်အလိုမှာ သူတို့ စပြေးတယ် —

ဒိုင်း။

လှည်းနှစ်စီး နံရံကို ဝင်ဆောင့်ပြီး ပြန်ကန်လာတယ်။ ရွှန်ရဲ့ သေတ္တာဟာ ကြမ်းပေါ် တအားပြုတ်ကျသွားတယ်။ ဟယ်ရီလဲ တိုက်မိပြီး လိမ့်ကျသွားတယ်။ ဟက်ဒဝစ်ရဲ့ လှောင်အိမ်ဟာ ပြောင်လက်နေတဲ့ ကြမ်းပေါ် ဆောင့်ကျသွားပြီး လိမ့်သွားတယ်။ ဟက်ဒဝစ်က ဒေါသနဲ့ အော်ဟစ်နေတယ်။ လူအများ သူတို့ကို ဝိုင်းကြည့်ကြတယ်။ ဘေးမှာ အစောင့်တစ်ယောက်က အော်တယ်။ "မင်းတို့ ဘာတွေလုပ်နေတာလဲ"

"လှည်းလွတ်ထွက်သွားလို့" ဟယ်ရီက ရှိုက်ဖိုစွာ ပြောတယ်။ နံရိုးကို ပွတ်ရင်း မတ်တတ်ရပ်လိုက်တယ်။ ရွှန်က ပြေးပြီး ဟက်ဒဝစ်လှောင်အိမ်ကို ကောက်လိုက်တယ်။ ငှက်ဟာ အော်ဆူနေတုန်းပဲ။ ဒါကြောင့် ဝိုင်းကြည့်တဲ့ လူတွေက သူတို့ကို တိရစ္ဆာန် ညှဉ်းဆဲတယ်ပြောနေတယ်။

"ငါတို့ ဘာဖြစ်လို့ ဖြတ်မရတာလဲ" ဟယ်ရီက ရွှန့်ကို တိုးတိုးမေးတယ်။

"ငါ မသိဘူး — "

ရွှန်ဟာ စိတ်ပူပင်စွာ ပတ်ဝန်းကျင်ကို ကြည့်တယ်။ လူဆယ်ယောက်လောက် သူတို့ကို ကြည့်နေတုန်းပဲ။

"ငါတို့ ရထားမီမှာ မဟုတ်တော့ဘူး" ရွှန်က တိုးတိုး ပြောတယ်။ "ဝင်ပေါက် ဘာဖြစ်လို့ အလိုလိုပိတ်သွားတယ်ဆိုတာ ငါနားမလည်ဘူး ......"

ဟယ်ရီက နာရီကြီးကို မော့်ကြည့်တယ်။ သူနည်းနည်းမူးပြီး အန်ချင်လာတယ်။ ဆယ်စက္ကန့် ...... ကိုးစက္ကန့် ......

သူက လှည်းကို သတိနဲ့ နံရံဘေးကပ်ပြီး ရှိသမျှအားနဲ့ တွန်းတယ်။ နံရံကတော့ လှုပ်ကို မလှုပ်ဖူး။

သုံးစက္ကန့် .... နှစ်စက္ကန့် .... တစ်စက္ကန့် ....

"သွားပါပြီ" ရွှန်က ကြောင်နေရင်း ပြောတယ်။ "ရထားထွက်သွားပြီ။



အဖေနဲ့ အမေတို့ တို့ကိုလာကြိုလို့ မရရင် ဘယ်လိုလုပ်မလဲ။ မင်းကိုယ်ပေါ်မှာ မတ်ဂေါ်ပိုက်ဆံပါလား"

ဟယ်ရီက ခပ်ခြောက်ခြောက်ရယ်လိုက်တယ်။ "ဒါစလီတို့က ငါ့ကို မုန့်ဖိုးမပေးတာ ခြောက်နှစ်ရှိပြီ"

ရွှန်က နားရွက်ကို အေးစက်တဲ့ နံရံပေါ် ကပ်ထားတယ်။

"ဘာသံမှ မရှိဘူး" သူက စိတ်ပူစွာ ပြောတယ်။ "တို့ ဘယ်လိုလုပ်မလဲ။ အဖေနဲ့ အမေ ဘယ်လောက်ကြာမှ တို့ကို လာရှာမယ်မသိဘူး"

သူတို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်။ လူတချို့ သူတို့ကို ကြည့်နေ တုန်းပဲ။ အဓိကအကြောင်းကတော့ ဟက်ဒဝစ်က တအားအော်နေသေးလို့။

"ငါတို့ ကားဘေးမှာ သွားစောင့်တာ အကောင်းဆုံးလို့ ငါတွေးတယ်" ဟယ်ရီက ပြောတယ်။ "ဒီမှာက သူများသတိ — "

"ဟယ်ရီ" ရွှန် မျက်စိထဲမှာ မျှော်လင့်ချက် ရောင်ခြည်တောက်နေတယ်။ သူက အော်တယ် "ကား"

"ဘာဖြစ်လို့လဲ"

" ငါတို့ ကားမောင်းပြီး ဟော့ဂ်ဝပ်ကို ပျံသွားနိုင်တယ်"

"ဒါပေမယ့်၊ ငါစဉ်းစားတယ် — "

"ငါတို့ ပိတ်မိနေပြီ၊ ဟုတ်တယ်မှတ်လား။ ငါတို့ ကျောင်းကို မီအောင် ပြန်ရမယ်၊ မဟုတ်ဘူးလား။-တကယ့် အရေးကြီးတဲ့ အခြေအနေမှာ မှော်ဆရာလေးလဲ မှော်ပညာသုံးနိုင်တယ်။ 'ကန့်သတ်စည်းမျဉ်း' ပုဒ်မ ၁၉ လား ဘယ်လောက်မှာလား သတ်မှတ်ချက်ရှိတယ် ......"

ဟယ်ရီဟာ ထိတ်လန့်ခြင်းကနေ ဝမ်းသာအားရခြင်းသို့ ချက်ချင်းပြောင်းသွားတယ်။

"မင်းမောင်းတတ်လား"

"ပြဿနာမရှိဘူး" ရွှန်က ပြောရင်း လှည်းကလေးကို ထွက်ပေါက်ဘက်လှည့်ဆိုက်တယ်။ "မြန်မြန်သွားရအောင်၊ အမြန်လိုက်လိုက်ရင် တို့ ဟော့ဂ်ဝပ်အထူးအမြန်ရထားကို မီမှာ"

သူတို့ဟာ အုံ့သြနေတဲ့ လူအုပ်ကို အမြန်ဖြတ်ပြီး ဘူတာက ထွက်ခဲ့တယ်။ လမ်းဘေးရပ်ထားတဲ့ ဖို့ဒ် အင်ဂလီးယား ကားအိုကြီးနား ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ထွာညီး

ရွှန်က မော်ကြိမ်လုံးနဲ့ ၄-၅ ချက်ဆက်တို့လိုက်ပြီး ကားနောက်ဖုံး ကျယ်ကျယ်ကို ဖွင့်လိုက်တယ်။ သူတို့ သေတ္တာကို မသွင်းတယ်။ ဟက်ဒဝစ်တို့ နောက်တန်းထိုင်ခုံပေါ် တင်လိုက်တယ်။ ပြီးတော့ ရှေ့ခန်းဝင်ထိုင်ကြတယ်။

"တို့ကို သတိထားတဲ့ လူရှိလား ကြည့်လိုက်ပါဦး" ရွှန်က ပြောရင်း မော်ကြိမ်လုံးနဲ့ တို့ပြီး ကားကိုနှိုးလိုက်တယ်။ ဟယ်ရီက ကားပြင်ကို ခေါင်းထုတ်လိုက်တယ်။ မိန်းလမ်းပေါ်မှာ ယာဉ်တွေတဝုန်းဝုန်းသွားနေတယ်။ သူတို့ရှိတဲ့ လမ်းထဲမှာတော့ ဘာမှ မရှိဘူး။

"လူမရှိဘူး"

ရွှန်ဟာ ဒိုင်ခွက်ဘုတ်ပေါ်က ငွေရောင်ခလုတ် သေးသေးလေးကို နှိပ်ချလိုက်တယ်။ သူတို့ကား မမြင်ရတော့ဘူး — သူတို့နှစ်ယောက်လည်း ကိုယ်ပျောက်သွားပြီ။ ဟယ်ရီဟာ ထိုင်ခုံတုန်ခါနေတာ ခံစားရတယ်။ မော်တာသံကြားရတယ်။ သူ့လက်နှစ်ဖက် ဒူးပေါ်တင်ထားတာနဲ့ မျက်မှန်နှာခေါင်းပေါ်မှာရှိတာ ခံစားရတယ်။ ဒါပေမယ့် သူမြင်နိုင်တာကတော့ သူဟာ မျက်စိတစ်စုံပဲ ဖြစ်နေတယ်။ မြေပြင်နဲ့ ပေအနည်းငယ်အကွာ ကားတွေအပြည့်ရပ်ထားတဲ့ ညစ်ညစ်ပတ်ပတ် လမ်းပေါ်မှာ လွင့်ပျံနေတယ်။

"သွားကြစို့" ရွှန့်အသံက သူ့ ညာဘက်က ပြောတယ်။

ဘေးနှစ်ဖက်က မြေပြင်နဲ့ ညစ်ပတ်တဲ့ အဆောက်အဦတွေ နိမ့်ဆင်းသွားတယ်။ ခနနေတော့ မမြင်ရတော့ဘူး။ ကားဟာ ကြာလေမြင့်လေပဲ။ စက္ကန့်အနည်းငယ်ကြာတော့ သူတို့အောက်ဘက်မှာ မီးခိုးတွေဝေပြီး တလက်လက်အရောင်တောက်နေတဲ့ လန်ဒန်မြို့တစ်မြို့လုံး ပေါ်လာတယ်။

ရုတ်တရက် ဘုတ်ဆိုတဲ့အသံနဲ့အတူ ဟယ်ရီနဲ့ ရွှန်ဟာ ပြန်ပေါ်လာတယ်။

"အမလေး" ရွှန်က ကိုယ်ပျောက်တွန်းတင်ကိရိယာကို နှိပ်ရင်းပြောတယ်။ "ဒီခလုတ်ပြဿနာ ရှိတယ် — " သူတို့ အတူတကွ အဲဒီခလုတ်ကို တအားထုကြတယ်။ ကားကွယ်ပျောက်သွားတယ်။ ဒါပေမယ့် ချက်ချင်းပဲ တလက်လက်နဲ့ ပေါ်လာပြန်တယ်။

"ကိုင်ထား" ရွှန်က အော်လိုက်ပြီး လီဗာကို တအား နင်းတယ်။ သူတို့



ဟာ ခပ်နိမ့်နိမ့် ဝါဂွမ်းသဏ္ဍာန်တိမ်တိုက်ထဲကို တည့်မတ်စွာ ပြေးဝင်သွားတယ်။ အရာရာဟာ မှုန်မှိုင်းပြီး မသဲမကွဲဖြစ်လာတယ်။

"အခု ဘယ်လိုလုပ်မလဲ" ဟယ်ရီက မေးတယ်။ ဘက်အသီးသီးက ဖိလာတဲ့ တိမ်တွေကြောင့် သူမျက်နှာ ပြာနေတယ်။

"ငါတို့ မီးရထားကို မြင်မှ ဘယ်ဦးတည်ချက်ကို သွားရမယ်ဆိုတာသိမှာ" ရွှန်က ပြောတယ်။

"အောက် ပြန်နှိမ့်ချ — မြန်မြန် — "

သူတို့ဟာ တိမ်တိုက်တွေအောက်ကို ပြန်ဆင်းလာတယ်။ ထိုင်ခုံပေါ်မှာ ကိုယ်ကို တွန့်လိမ်ပြီး မြေပြင်ကို မျက်စိမှေးပြီး ရှာဖွေတယ်။

"တွေ့ပြီ" ဟယ်ရီက အော်တယ်။ "ရှေ့မှာပဲ — ဟိုမှာ"

ဟော့ဂ်ဝပ်အထူးအမြန်ရထားဟာ မြွေနီကြီးတစ်ကောင်လို သူတို့အောက်မှာ ပြေးနေတယ်။

"မြောက်ဖက်တည့်တည့်" ရွှန်က ဘုတ်ပေါ်က ဒိုင်ခွက်ကို စစ်ဆေးကြည့်ရှုပြီး ပြောတယ်။ ကောင်းပြီ။ တို့နာရီဝက်တစ်ကြိမ် ဆင်းလာကြည့်ရုံပဲ။ ကိုင်ထား ......"မော်တော်ကားဟာ တိမ်တိုက်ထဲ အမြန်တိုးဝင်သွားတယ်။ တစ်မိနစ် ကြာတော့ သူတို့ဟာ မျက်စိစူးတဲ့နေရောင်ထဲ ရောက်သွားတယ်။

ဒါဟာ တခြားကမ္ဘာတစ်ခု။ ကားဘီးဟာ ဖောင်းပွပျော့ပျောင်းတဲ့ တိမ်ပင်လယ်ထဲမှာ ပျံသန်းနေတယ်။ မျက်စိစူးတဲ့ နေရောင်ဖြူဖြူအောက်မှာ အဆုံးအစ မရှိတဲ့ အပြာရောင်။

"အခု တို့လေယာဉ်ကိုပဲ သတိထားရမယ်" ရွှန်က ပြောတယ်။

သူတို့ဟာ ဒဏ္ဍာရီဆန်တဲ့ အိပ်မက်ထဲ ရောက်နေသလိုပဲ။ ဒါဟာ အကောင်းဆုံး ခရီးသွားတဲ့ နည်းပဲလို့ ဟယ်ရီက တွေးတယ်။ ဝဲလို၊ ပြာသာဒ်လို တိမ်ဖြူတွေ ဖြတ်သွားပြီး နွေးထွေးပြီး နေရောင်တွေ ပြည့်နေတဲ့ ကားထဲမှာ ဒိုင်ခွက်ဘုတ်အောက်မှာက တော်ဖီထုပ်နဲ့။ သူတို့ ထူးဆန်းစွာ မိုးပေါ်က ဆင်းသက်လာပြီး ဟော့ဂ်ဝပ်ရဲတိုက်ကြီး ရှေ့က မြက်ခင်းကြီးပေါ်ကို ချောမွေ့ပြေပြစ်စွာ ဆင်းသက်လာစဉ် ဖရက်နဲ့ ဂျော့တို့ မျက်နှာပေါ်က မနာလိုတဲ့ အမူအရာကိုလည်း တွေးထင်ကြည့်လို့ရသေးတယ်။

သူတို့ မြောက်ဘက်သို့ ပို၍ ဝေးဝေးပျံသန်းသွားတယ်။ မီးရထား

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ဦးတည်ချက်ကိုလည်း မှန်မှန်ချိန်ကိုက်ကြည့်တယ်။ အောက်ကို နီမို့ ဆင်းတိုင်း မတွေ့တဲ့ ရှုခင်းကို မြင်ရတယ်။ လန်ဒန်ဟာ ဟိုဝေးကြီးမှာ ကျန်ရစ်ခဲ့ပြီ။ ငုင်းအစား ညီညာတဲ့ လယ်ကွက်စိမ်းစိမ်းတွေ၊ ဒီနောက် ကျယ်ပြောတဲ့ ခရမ်းရောင် အင်းအိုင်၊ ရွာလိုက် ရွာလိုက်တွေ၊ ရွာထဲက ဘုရားရှိခိုးကျောင်းဟာ ကလေးကစားစရာလိုပဲ။ ဒီနောက် စည်ကားတဲ့ မြို့ကြီးတစ်မြို့။ ကားတွေဟာ ရောင်စုံ ပုရွက်ဆိတ်တွေလိုပဲ။

ဒါပေမယ့် နာရီအနည်းငယ်ကြာတော့ ပျော်ရွှင်မှုဟာ တဖြည်းဖြည်း ပျောက်ပျက်ကုန်ပြီဆိုတာ ဟယ်ရီ ဝန်မခံလို့ မဖြစ်တော့ဘူး။ တော်ဖီ သကြားလုံးက သူတို့ကို ရေတအားဆာစေတယ်၊ သောက်စရာ ရေလဲမရှိ။ သူရော ရွန်ပါ အပေါ်ဖုံး အကျႌချွတ်ပစ်ကြတယ်။ ဒါပေမယ့် ဟယ်ရီ့တီရှပ်ဟာ သူ့ထိုင်ခုံ နောက်မှီမှာ ကပ်နေပြီး မျက်မှန်ကလည်း ချွေးစိုနေတဲ့ နှာဖျားပေါ် လျှောကျနေတယ်။ သူဟာ တိမ်တိုက်တွေရဲ့ ဆန်းပြားမှုကိုလည်း စိတ်မဝင်စားတော့ဘဲ မိုင်ပေါင်း ဆယ်နဲ့ချီဝေးကွာတဲ့ အောက်ရှိ ရထားကို သတိရနေတယ်။ အဲဒီမှာ မှော်ဆရာမ ဝတုတ်တုတ်က လှည်းတွန်းပြီး ရေခဲစိမ် ဖွှေဖရုံရည် အော်ရောင်းတာရှိတယ်။ သူတို့ ဘာဖြစ်လို့ ၉ ¾ စကြီကို ဝင်လို့ မရတာလဲ။

"သိပ်မဝေးတော့ဘူးထင်တယ်" နောက်ထပ် တစ်နာရီ ကြာတော့ ရွန်ဟာ အသံသြသြနဲ့ ပြောတယ်။ နေလုံးဟာ တိမ်တိုက်အောက် စတင်နစ်မြုပ်သွားပြီ။ တိမ်ပင်လယ်ကို ပန်းနီရောင် ဆိုးပေးလိုက်တယ်။ "မီးရထားကို ဆင်းကြည့်လိုက်ဦးမှပဲ"

မီးရထားဟာ သူတို့ အောက်ဘက်မှာ နှင်းဖြူတွေ ဖုံးနေတဲ့ တောင်မြင့်ကြီးကို ကွေ့ကောက်ပတ်သွားနေတယ်။ တိမ်တိုက်တွေအောက်မှာက မှိုး ပိုချုပ်နေတယ်။

ရွန်က လီဗာကို နင်းပြီး အပေါ်ကို ပြန်တက်တယ်။ ဒါပေမယ့် လီဗာက စပြီးညည်းညူလာတယ်။

ဟယ်ရီနဲ့ ရွန်ဟာ စိုးရိမ်စွာ အကြည့်ချင်း ဖလှယ်လိုက်တယ်။

"ငုင်း မောပန်းသွားတာပဲ ဖြစ်မယ်" ရွန်က ပြောတယ်။ "ငုင်း ဒီလောက် ဝေးဝေး မသွားဖူးဘူး . . . . . ."

မိုးပိုပိုချုပ်လာတာနဲ့အတူ ညည်းညူသံလဲ ပိုကျယ်လာတယ်။ သူတို့



အာ မကြားချင်ယောင်ဆောင်နေကြတယ်။ အမှောင်ညမှာ ကြယ်လေးတွေ ဆင်းသက်လာတယ်။ ဟယ်ရီက အပေါ်ဖုံးအကျႌ ဝတ်လိုက်တယ်။ ကားရှေ့ မှန်ပေါ်က သုတ်တံဟာ ဆန္ဒပြနေသလို အားနည်းစွာ လှုပ်ယမ်းနေတာကို သတိထားမိသလောက် မမြင်ချင်ယောင်ဆောင်နေတယ်။

"မဝေးတော့ဘူး" ရွန်က ဟယ်ရီကို မဟုတ်ဘဲ ကားကို ပြောတာနဲ့ တူနေတယ်။ "အခု မဝေးတော့ဘူး" သူက စိတ်လှုပ်ရှားစွာ ဒိုင်ခွက်ဘုတ်ကို ပုတ်လိုက်တယ်။

ခနကြာတော့ သူတို့ တိမ်အောက်ပြန်ဆင်းလာတယ်။ မျက်စိမှေးပြီး အမှောင်ထဲမှာ သူတို့ ရင်းနှီးတဲ့ မြေပြင် အမှတ်တစ်ခုကို ရှာတယ်။

"မှာ" ဟယ်ရီက အော်တယ်။ ရွန်နဲ့ ဟက်ဒဝစ်ကို လန့်သွားစေတယ်။ "ရှေ့တည့်တည့်မှာ"

မှောင်မည်းတဲ့ မိုးကုပ်စက်ဝိုင်းပေါ်မှာ၊ ကန်တစ်ဖက်က မြင့်မားတဲ့ ကျောက်ဆောင်ထိပ်မှာ ဟော့ဂ်ဝပ်ရဲတိုက်ရဲ့ မျှော်စင်နဲ့ အိမ်ချွန်တို့ ရပ်တည်နေတယ်။

ဒါပေမယ့် ကားဟာ စတင်တုန်ခါပြီး အရှိန်ကျလာတယ်။

"လုပ်ပါဦး" ရွန်က စီရာရင်ကို အသာလှုပ်ရင်း ချော့ပြောတယ်။ "ရောက်တော့မှာပါ၊ လုပ်ပါဦး — "

လီဗာက ညည်းညူရင်း စက်ခေါင်းဖုံး အောက်ကနေ ရေငွေ့တွေ ပန်းထွက်လာတယ်။ သူတို့ ကန်ပေါ်သို့ ပျံသွားတယ်။ ဟယ်ရီဟာ ထိုင်ခုံနဘေးကို တင်းတင်းဆုပ်ထားတယ်။

ကားဟာ ပြင်းထန်စွာ တုန်ခါလိုက်တယ်။ ဟယ်ရီက ပြတင်းအပြင်ကို ကြည့်လိုက်တယ်။ တစ်မိုင်အကွာအောက်ဘက်မှာ ငြိမ်သက်မှောင်မည်းပြီး မှန်လို ညီညာတဲ့ ရေပြင်ကို တွေ့ရတယ်။ စီရာရင်ကို ကိုင်ထားတဲ့ ရွန့်လက်တွေတောင် ဖြူဖွေးနေပြီ။ ကားက လှုပ်ခါလာပြန်တယ်။

"လုပ်ပါဦး" ရွန်က တဖွဖွပြောတယ်။

သူတို့ ကန်ရေပြင်ကို ဖြတ်ပျံခဲ့ပြီ . . . . . . ရဲတိုက်က ရှေ့တည့်တည့်မှာ . . . . . . . ရွန် သူ့ခြေထောက်ကို နင်းချလိုက်တယ်။

ဂရတ်ဆိုတဲ့ အသံထွက်လာပြီး ဘတ်ဘတ်သံနဲ့အတူ လီဗာမီးငြိမ်းသွားတယ်။

"အမလေး" ရွန့်အသံ ငြိမ်နေတဲ့အထဲက ထွက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားခေါင်း ငိုက်ကျပြီး အောက်သို့ ကျဆင်းသွားတယ်။ အရှိန်ဝိုဝို မြန်လာတယ်။ ရဲတိုက်တံတိုင်းကို ပြေးဆောင့်တယ်။

"အမလေး — " ရွှန်က အော်တယ်။ စီရာရင်ကို တအားလှည့်တယ်။ ကားဟာ ကွေ့ဝိုက်ပြီး တံတိုင်းဘေး ကပ်ပွတ်သွားတယ်၊ မည်းမှောင်နေတဲ့ အန္တေးခန်း ဟင်းရွက်ခင်းကို ဖြတ်ပျံပြီး အပြင်က အနက်ရောင် မြက်ခင်းပေါ် ရောက်သွားတယ်။ အောက်ကို ကျဆင်းနေတယ်။

ရွှန်ဟာ စီရာရင်ကို လွှတ်ပစ်လိုက်တယ်။ ကျောဘက်က အင်္ကျီထဲက နေ မှော်ကြိမ်လုံး ဆွဲထုတ်တယ်။

"ရပ်၊ ရပ်" သူက ဒိုင်ခွက်ဘုတ်နဲ့ ရှေ့မှန်ကို ရိုက်ရင်းအော်နေတယ်။ ဒါပေမယ့် သူတို့ အလျှင်အမြန် သက်ဆင်းနေတယ်။ မြေပြင်က သူတို့ဆီ ပြေးဝင်လာတယ်. . . . . . ။

"ဟိုသစ်ပင်ကို သတိထား" ဟယ်ရီက တအားအော်တယ်။ စီရာရင်ကို လှမ်းဆွဲတယ်။ ဒါပေမယ့် သိပ်နောက်ကျသွားပြီ —

ဂရုတ်။

သတ္တုနဲ့ သစ်ပင်ဝင်ဆောင့်တဲ့ အသံကြီးနဲ့အတူ သူတို့ ကြီးမားတဲ့ သစ်ကိုင်းကို ဝင်တိုက်မိပြီး မြေပြင်ပေါ် ကျလာတယ်။ ကား တအား တုန်ခါသွားတယ်။ မုံပျက်သွားတဲ့ ကားစက်ခေါင်းဖုံးအောက်က ရေငွေ့တွေ ပန်းထွက်လာတယ်။ ဟက်ဒဝစ်က ကြောက်လို့ စူးရှစွာအော်တယ်။ ဟယ်ရီ့ခေါင်းဟာ ရှေ့မှန်နဲ့ ဝင်ဆောင့်တယ်။ ဂေါ့ဖ်ဘောလုံးလောက်ကြီးတဲ့ အဖုကြီး ထသွားတယ်။ ရွှန်က သူ့ဘေးမှာ မျှော်လင့်ချက်မဲ့စွာ ညည်းနေတယ်။

"မင်း ဘာမှမဖြစ်ပါဘူးနော်" ဟယ်ရီက စိတ်ပူစွာ မေးတယ်။

"ငါ့ မှော်ကြိမ်လုံး" ရွှန့် အသံတုန်နေတယ်။ "ငါ့မှော်ကြိမ်လုံးကို ကြည့်ပါဦး"

၎င်းဟာ နှစ်ပိုင်းကျိုးမတတ်ဖြစ်နေတယ်။ အပေါ်ပိုင်းက ကျိုးကျနေပြီး သစ်စအနည်းငယ်သာ တွဲနေတုန်းပဲ။

ဟယ်ရီက ကျောင်းရောက်ရင် ၎င်းကို ပြန်ပြင်မယ်လို့ ပြောမယ်လုပ်တုန်းမှာ တစ်ခုခု သူ့ဘက်ခြမ်းက ကားကို ဝင်ဆောင့်တယ်။ အဲဒီ အားဟာ တအားပြေးလာတဲ့ နွားထီးတစ်ကောင်ရဲ့ အားလောက်ကြီးတယ်။ သူ့ကို ရွှန်ဘက် လဲသွားစေတယ်။ ဒီအချိန်မှာ ဒီအတိုင်းပဲ နောက်ထပ်ဆောင့်ခံရပြန်



တယ်။

"ဘယ်လို ဖြစ်တာလဲ— "

ရွှန်ဟာ ပင့်သက်ရှိုက်မိရင်း ရှေ့မှန်ကို စိုက်ကြည့်နေတယ်။ ဟယ်ရီ လှည့်လိုက်တော့ စပါးကြီးမြွေကြီးလောက် တုတ်တဲ့ သစ်ကိုင်းက မှန်ကို လာရိုက်တာ မြင်လိုက်ရတယ်။ ကားဝင်တိုက်မိတဲ့ သစ်ပင်က သူတို့ကို တိုက်ခိုက်နေတာ။ ၎င်းရဲ့ သစ်ကိုင်းဟာ လေးကိုင်းသဏ္ဍာန်ကွေးနေတယ်။ အဆစ်တွေနဲ့ သစ်ကိုင်းဟာ ၎င်းမှီတဲ့ ကားရဲ့ နေရာအားလုံးကို ရိုက်နှက်နေတယ်။

" အား — " ရွှန်က အော်တယ်။ ကွေ့ကောက်နေတဲ့ သစ်ကိုင်းကြီး တစ်ခုက သူ့ကားတံခါးကို ချိုင့်သွားအောင် ရိုက်လိုက်တယ်။ လက်ချောင်း အရွယ် သစ်ခက်အများအပြားဟာ မိုးသီးကြွေသလို ပြင်းထန်စွာ တိုက်ခိုက်တဲ့အတွက် ကားရှေ့မှန်တုန်ခါနေတယ်။ ထုတုံးအကြီးကြီးနဲ့တူတဲ့ သစ်ကိုင်းဟာ ကားခေါင်မိုးကိုထုနေတယ်။ ကားခေါင်မိုး ချိုင့်ကျလာတော့မယ် —

"မြန်မြန်ပြေး" ရွှန်က တအားအော်တယ်။ ရှိသမျှ အင်အားနဲ့ ကားတံခါးကို တွန်းတယ်။ ဒါပေမယ့် ဒီအချိန်မှာပဲ တခြား သစ်ကိုင်းတစ်ကိုင်းက သူ့ကို ရက်စက်တဲ့ပင့်လက်သီးတစ်ချက် ပေးလိုက်လို့ ဟယ်ရီ့ပေါင်ပေါ် သဲကျသွားတယ်။

"ငါတို့ သေပြီ" သူက ကားခေါင်မိုးပြိုကျလာတာကိုကြည့်ရင်း ညည်းတယ်။ ဒါပေမယ့် ကားအောက်က ရုတ်တရက် တုန်ခါလာတယ် — ကားစက် ပြန်နိုးလာတယ်။

"ဆုတ်" ဟယ်ရီက အော်တယ်။ ကားဟာ ရှူးဆို နောက်ဆုတ်သွားတယ်။ အဲဒီသစ်ပင်က သူတို့ကို ရိုက်ချင်သေးတယ်။ သစ်ကိုင်းတွေဟာ အလျှင်အမြန်ထွက်ပြေးတဲ့ ကားကို လှမ်းရိုက်တယ်။ ၎င်းဟာ ကိုယ်ကို ကိုင်းပြီး ရှေ့သို့လှမ်းတယ်။ ပင်စည်တောင် ကွဲအက်ကုန်ပြီ။ သူတို့ သစ်ပင်အမြစ် အရွတ်ဂွတ်မြည်သံကို ကြားရတယ်။

"တကယ့်ကိုပဲ" ရွှန်က မောရှိုက်စွာ ပြောတယ်။ "သိပ်တော်တဲ့ ကားလေး"

ဒါပေမယ့် ကားရဲ့ သည်းခံနိုင်အားဟာ အဆုံးစွန်ရောက်နေပြီ။ ဘမ်းဘမ်းသံ နှစ်သံပေါ်လာပြီး တံခါးပွင့်ထွက်သွားတယ်။ ဟယ်ရီဟာ ထိုင်ခုံ စောင်းသွားတယ်လို့ ခံစားရပြီး ဘာမှန်းမသိရသေးခင်မှာပဲ မြေကြီးစိုစိုပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှောက်ကျသွားတယ်။ လေးပင်တဲ့ အသံက ကားဟာ သူတို့ ပစ္စည်းတွေကို ဖော်ထုတ်နေပြီဆိုတာ သိစေတယ်။ ဟက်ဒဝစ်လှောင်အိမ် မိုးပေါ်ပျံတက်သွားပြီး ပွင့်သွားတယ်။ ၎င်းပျံထွက်လာပြီး ဒေါသနဲ့ အော်လိုက်တယ်။ လှည့်မကြည့်တော့ပဲ ရဲတိုက်ဆီ ပျံသွားတယ်။ ဒီနောက် ဒဏ်ရာတွေ၊ ချိုင့်တွေ၊ ရေငွေ့တွေနဲ့ ကားဟာ အမှောင်ထဲကို တဂျိမ်းဂျိမ်းမောင်းဝင်သွားတယ်။ ကားနောက်မီးဟာ ဒေါသနဲ့ လက်နေတုန်းပဲ။

"ပြန်လာခဲ့" ရွန်က မော်ကြိမ်လုံးစုတ်ကို ယမ်းပြီး အော်တယ်။ "အဖေက ငါ့ကို သတ်လိမ့်မယ်"

ဒါပေမယ့် ကားအိတ်ဇောပိုက်ကနေ လေတစ်ချက် မှုတ်ထုတ်ပြီး မြင်ကွင်းက ပျောက်သွားတယ်။

"ဒီလောက်ကံကောင်းတာ မင်းယုံနိုင်သေးရဲ့လား" ရွန်က မျက်နှာကြီးအိုပြီး ပြောတယ်။ ကုန်းပြီး ကြွက်အစက်အပြောက်လေးကို ချီလိုက်တယ်။ "အပင်တွေ ဒီလောက်များတာ၊ လူရိုက်သတ်တဲ့ သစ်ပင်ကိုမှ ဝင်တိုက်တယ်"

သူက အဲဒီ ရှေးသစ်ပင်ကို လှည့်ကြည့်တယ်။ ၎င်းဟာ ၎င်းရဲ့ အကိုင်းတွေ ယမ်းပြီး ခြိမ်းခြောက်နေသေးတယ်။

" သွားကြစို့" ဟယ်ရီက နွမ်းနယ်စွာပြောတယ်။ " တို့ ကျောင်းကို သွားတာ ကောင်းမယ် . . . . . . "

သူတို့အစက တွေးထင်သလို အောင်မြင်စွာ ဆိုက်ရောက်ခြင်း မဟုတ်ဘူး။ သူတို့ခြေလက်တွေ တောင့်နေပြီး အေးလည်းအေး၊ နာလည်းနာနေတယ်။ သူတို့ဟာ သူတို့သေတ္တာတွေကို ဆွဲယူပြီး ကုန်းလျှောပေါ် ဆွဲသွားတယ်။ ဝက်သစ်ချ တံခါးကြီး နှစ်ချပ်ဆီသို့ ရှေ့ရှုချီတက်သွားကြတယ်။

" ညစာစားပွဲ စပြီထင်တယ်" ရွန်က သူ့သေတ္တာကို လှေခါးအောက်မှာ ချထားလိုက်တယ်။ လင်းနေတဲ့ ပြတင်းတစ်ခုစီ တိတ်တိတ်ကပ်သွားပြီး အထဲကို ချောင်းကြည့်တယ်။ " ဟေး၊ ဟယ်ရီ၊ မြန်မြန်လာကြည့်စမ်း — အမျိုးအစား ခွဲနေတယ်"

ဟယ်ရီက အမြန်လိုက်သွားပြီး ရွန်နဲ့အတူ ခန်းမကြီးထဲ ကြည့်တယ်။

မရေမတွက်နိုင်တဲ့ ဖယောင်းတိုင်တွေ လေထဲမှာ တန့်နေပြီး လေးဘက်လေးတန်မှာ လူတွေပြည့်နေတဲ့ စာပွဲခုံရှည်ကြီးတွေကို အလင်းရောင်ပေးနေတယ်။ ရွှေရောင်ပန်းကန်ပြားတွေနဲ့ ခြေတံရှည်ဖန်ခွက်တွေ လက်နေတယ်။



မျက်နှာကြက်ပေါ်မှာ ကြယ်တွေလက်နေတယ်။ အဲဒီ မျက်နှာကြက်ဟာ မှော်ပညာနဲ့ စီရင်ထားတာ။ အပြင်က မိုးကောင်းကင်ကို ထာဝရ ရောင်ပြန်ဟပ်ပြနေတယ်။

အနက်ရောင်ထိပ်ချွန် ဟော့ဂ်ဝပ်ဦးထုပ် တစ်အုပ်ကြီးကို ကျော်ပြီး၊ ကျောင်းသားသစ်တွေ တန်းရှည်ကြီးစီပြီး ရင်တမမနဲ့ ခန်းမထဲဝင်လာတာ ဟယ်ရီတွေ့ရတယ်။ ဂျင်နီလည်းပါတယ်။ သူမခေါင်းက ဝယ်စလီမိသားစုရဲ့ အထူးဆံပင်အနီဟာ သိပ်ပေါ်လွင်တာပဲ။ တစ်ချိန်ထဲမှာ မျက်မှန်တပ်တဲ့ ဆံထုံးတင်းနေအောင် ထုံးထားတဲ့ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ နာမည်ကြီး ဟော့ဂ်ဝပ် အမျိုးအစားခွဲ ဦးထုပ်ကို ကျောင်းသားသစ်တွေ ရှေ့က ထိုင်ခုံပေါ် တင်လိုက်တယ်။

နှစ်စဉ်နှစ်တိုင်း အဲဒီအဟာအထေးနဲ့ ညစ်ပတ်စုတ်ပြတ်တဲ့ ဦးထုပ်ဟာ ကျောင်းသားသစ်တွေကို ဟော့ဂ်ဝပ်ရဲ့ ဟောက်စ် ကျောင်းလေးကျောင်း (ဂရစ်ဖင်းဒေါ၊ ဟတ်ဖ်ဖတ်၊ ရေဗင်ခလောနဲ့ စလေးသရင်း)သို့ ခွဲဝေပေးတယ်။ လွန်ခဲ့တဲ့တစ်နှစ်က သူဒီဦးထုပ်ဆောင်းရစဉ်က အခြေအနေကို ဟယ်ရီ ကောင်းကောင်းမှတ်မိတယ်။ ၎င်းက နားနားမှာ တတွတ်တွတ် ပြောတာကို ကြောက်စိတ်စွာ နားထောင်ရင်း ၎င်းရဲ့ ဆုံးဖြတ်ချက်ကို စောင့်မျှော်နေရတယ်။ တွန့်အချို့မှာ ဦးထုပ်က သူ့ကို စလေးသရင်း ပို့မယ်ထင်လို့ ကြောက်လန့်ခဲ့ရသေးတယ်။ ဒီဟောက်စ်ကျောင်းက ထွက်တဲ့မှော်နက်ဆရာဟာ တခြားဟောက်စ်ကျောင်းတွေထက် များတယ် — ဒါပေမယ့် နောက်တော့ သူ့ကို ဂရစ်ဖင်းဒေါ ပို့လိုက်တယ်။ ရွန်၊ ဟာမီးနဲ့ ဝယ်စလီညီအစ်ကိုများနဲ့အတူ ဖြစ်တယ်။ လွန်ခဲ့တဲ့ ကျောင်းပတ်က ဟယ်ရီနဲ့ရွန်ဟာ ဂရစ်ဖင်းဒေါအတွက် ဟောက်စ်ကျောင်း ဖိုလ်ဆွဲအောင် လုပ်နိုင်ခဲ့တယ်။ ဒါကတော့ သူတို့ ဟောက်စ် ခုနစ်နှစ်အတွင်းမှာ ပထမဆုံးအကြိမ် စလေးသရင်းကို အောင်နိုင်တာပဲ။

အလွန်ပိန်သေးတဲ့ ဆံပင်မွဲမွဲအရောင်ရှိတဲ့ကောင်လေး ရှေ့သို့ ထွက်လာတယ်။ အမျိုးအစားခွဲဦးထုပ် ဆောင်းလိုက်တယ်။ ဟယ်ရီ့ အကြည့်ဟာ ဆရာများစားပွဲမှာ ထိုင်နေတဲ့ အမျိုးအစားခွဲ အခမ်းအနား ကြည့်နေတဲ့ ကျောင်းအုပ်ဆရာကြီး ဒမ်ဘလီဒိုးဆီ ရောက်သွားတယ်။ ၎င်းရဲ့ ငွေရောင်မုတ်ဆိတ်ရှည်နဲ့ လခြမ်းသဏ္ဌာန်မျက်မှန်ဟာ ဖယောင်းတိုင်မီးအောက်မှာ လက်နေတယ်။ လေးငါးယောက်ခြားမှာ စိမ်းနုရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝစ်ခရိုင်း-လော့ဟတ်ကို တွေ့ရတယ်။ အစွန်ဆုံးမှာ ထိုင်နေတာက ထွားကျိုင်းပြီး အမွေးအမျှင်တွေနဲ့ ဟက်ဂရစ်။ ခွက်ပြောက်ပြီး အရက်တွေ ကျိုက်ချနေတယ်။

"နေဦး. . . . . ." ဟယ်ရီက ရွန်ကို တိုးတိုးပြောတယ်။ "ဆရာစားပွဲမှာ တစ်နေရာလွတ်နေတယ် . . . . စနိတ်ပ် ဘယ်ရောက်သွားလဲ"

ပါမောက္ခ ဆီးဗရပ်စ်-စနိတ်ပ်ဟာ ဟယ်ရီမနှစ်သက်ဆုံးဆရာပဲ။ ဟယ်ရီကလည်း စနိတ်ပ်မနှစ်သက်ဆုံး ကျောင်းသား။ စနိတ်ပ်ဟာ လူတိုင်းကို ရက်စက်တယ်။ ဒုက္ခပေးတတ်တယ်။ သူ့ဟောက်စ်ကျောင်းက (ဂရစ်ဖင်းဒေါ) ကျောင်းသားတွေကလွဲရင် ဘယ်သူမှ သူ့ကို မနှစ်သက်ဘူး။ သူသင်ပြတာက မှော်ဆေးပညာ။

"သူနေမကောင်းဘူးနဲ့ တူတယ်" ရွန်က မျှော်လင့်စွာနဲ့ ပြောတယ်။

"သူသွားပြီနဲ့ တူတယ်" ဟယ်ရီက ပြောတယ်။ "သူမှော်နက်ပညာ ကာကွယ်တဲ့ အတတ်ဆရာ မလုပ်ရလို့"

"သူ့ကို အလုပ်ဖြုတ်လိုက်ပြီထင်တယ်" ရွန်က တက်ကြွစွာပြောတယ်။ "ငါဆိုချင်တာက လူတိုင်း သူ့ကိုမုန်းတယ် —"

"သို့မဟုတ်" အေးစက်စက် အသံတစ်သံက သူတို့ ကျောဘက်က ပြောတယ်။ "သူက မင်းတို့နှစ်ယောက် ဘာကြောင့် ကျောင်းရထားစီးမလာတာလဲဆိုတာ ပြောဖို့စောင့်နေတယ် ထင်ထယ်"

ဟယ်ရီ ဇတ်ခနဲ လှည့်လိုက်တယ်။ စနိတ်ပ်ဟာ ရှေ့မှာရပ်နေတယ်။ သူ့ဝတ်ရုံအနက်ဟာ လေအေးထဲမှာ လှုပ်ခါနေတယ်။ သူဟာ ပိန်ပါးပြီး အသားအရေ ပြာနှမ်းတယ်။ သိန်းငှက်နှုတ်သီးလို နှာခေါင်းရှိတယ်။ ဆီစိုတဲ့ ဆံပင်နက်ဟာ ကျောပေါ်ထိချထားတယ်။ ခုချိန်မှာ ၎င်းမျက်နှာပေါ်က အပြုံးက ဟယ်ရီကို ပြောပြနေတာက သူနဲ့ ရွန်တို့ ဒုက္ခကြီးကြီး ရောက်တော့မယ်ဆိုတာပဲ။

"လိုက်ခဲ့" စနိတ်ပ်က ပြောတယ်။

ဟယ်ရီနဲ့ ရွန်ဟာ သူ့ကို မကြည့်ဝံ့ဘူး။ စနိတ်ပ်နောက်လိုက်ပြီး လှေခါးထစ်ပေါ်တက်၊ မီးတုတ်ထွန်းထားတဲ့ ကျယ်ပြောပြီး ပဲ့တင်သံရှိတဲ့ အဝင်ခန်းထဲ ရောက်လာတယ်။ ခန်းမကြီးထဲကနေ အစားအစာ အမွှေးနံ့ ရောက်လာတယ်။ ဒါပေမယ့် စနိတ်ပ်က သူတို့ကို နွေးထွေးမှုနဲ့ အလင်းရောင်



ကို ခွဲခွာစေပြီး ကျဉ်းမြောင်းတဲ့ ကျောက်လှေခါးကနေ မြေအောက်ခန်းကို ခေါ်သွားတယ်။

"အထဲဝင်" သူက စင်္ကြံပေါ်ရှိ တံခါးရွက်တစ်ခုကို ဖွင့်ပြီး အထဲကို ညွှန်ပြရင်း ပြောတယ်။

သူတို့ စနိတ်ပ် ရုံးခန်းထဲသို့ တုန်ယင်စွာ ဝင်သွားကြတယ်။ အခန်း မှောင်မည်းနေတယ်။ နံရံတွေဘေးမှာ ဖန်ဗူးတွေ အများကြီးစီထားတယ်။ ဗူးထဲမှာ အန်ချင်စရာ ပစ္စည်းအမျိုးမျိုး ပေါလောပေါ်နေတယ်။ ခုချိန်မှာ ဟယ်ရီဟာ ၎င်းတို့ အခေါ်အဝေါ်ကို မသိချင်ဘူး။ မီးလင်းဖိုဟာ မှောင်ပြီး ဘာမှ မရှိဘူး။ စနိတ်ပ်က တံခါးကိုပိတ်ပြီး သူတို့ဘက်လှည့်ကြည့်နေတယ်။

"ကဲ" သူက တိုးတိုးပြောတယ်။ "နာမည်ကြီး ဟယ်ရီ-ပေါ်တာနဲ့ သူ့ချစ်သူငယ်ချင်း ဝယ်စလီက ပိုပြီး ထိုးဆွမှုရှိတာ စီးလာချင်တယ်ပေါ့လေ။ မဟုတ်ဘူးလား ကောင်လေးတွေ"

"မဟုတ်ဘူး၊ ဘုရင့်ကြက်ခြေဘူတာက နံရံကြောင့်ပါ။ ၎င်း —"

"ငြိမ်ငြိမ်နေ" စနိတ်ပ်က အေးစက်စက် ပြောတယ်။ "မင်းတို့ ကားကို ဘာလုပ်ထားလဲ"

ရွန်ဆို့နေတယ်။ ဒါဟာ စနိတ်ပ်က ဟယ်ရီကို သူဟာ သူများစိတ်ကူး ဖတ်တတ်တယ်လို့ ဖော်ပြတဲ့ ပထမဆုံးအကြိမ်တော့ မဟုတ်ဘူး။ ဒါပေမယ့် ခဏကြာခင်မှာ စနိတ်ပ်က ထိုနေ့ထွက် 'ကြိုဟောဆရာများနေ့စဉ်' ကို ဖြန့်လိုက်တာနဲ့ သူနားလည်သွားတယ်။

"မင်းတို့ကို မြင်သွားပြီ" သူက အညာတာ ကင်းစွာ ပြောတယ်၊ သတင်းစာပေါ်က ခေါင်းစဉ်ကိုလဲ သူတို့ကို ပြတယ်။ 'ပျံတတ်သည့် ဖို့ဒ် အင်ဂလီယာကားကို မတ်ဂေါ်များအထူးအံ့သြကြသည်' သူစပြီး အသံထွက် ဖတ်တယ်။ "လန်ဒန်က မတ်ဂေါ်နှစ်ယောက်ဟာ သူတို့ကားဟောင်းတစ်စီး တိုက်အဆောက်အဦကြီးပေါ်က ပျံသွားတာ တွေ့ရတယ်လို့ ယုံကြည်တယ် . . . . . . နေ့လယ်က နော့ဖော့ခ်မှာ မစ္စစ် ဟတ်ထီ-ဘေးလစ် အဝတ်လှန်းနေစဉ် . . . . . . ဖီးဘောစ်က မစ္စတာ အင်ဂတ်စ်-ဖလီးထ်က ရဲကို သတင်းပို့တယ်. . . . . . အားလုံး မတ်ဂေါ်ခြောက်ယောက် ခုနစ်ယောက်ရှိ တယ်။ ငါမှတ်မိတာက မင်းအဖေဟာ မတ်ဂေါ်အရာဝတ္ထုများ အလွဲသုံးစား ပြုခြင်း တားမြစ်တဲ့ ဌာနမှာ အလုပ်လုပ်တာ မဟုတ်လား" သူက ရွန်ကို

www.burmeseclassic.com



ခေါ်ကြည့်ပြီး ပိုမိုကောက်ကျစ်စွာ ပြုံးနေတယ်။ "အလိုလေးလေး ...... သူ့သားတ......"

သူ့ဗိုက်ကို ဟိုသစ်ပင်ရှူးကြီးရဲ့အကိုင်းကြီးက တအားရိုက်လိုက်သလို ဟယ်ရီခံစားရတယ်။ မစ္စတာ ဝယ်စလီ ကားကို မှော်ပညာစီရင်တာ လူသိသွားရင် ...... သူဒါကို မတွေးခဲ့ဖူးဘူး ......

"ငါ ပန်းခြံကို စစ်ဆေးတော့ အလွန်တန်ဖိုးရှိတဲ့ ရိုက်တတ်မိုးမခပင်တစ်ပင် အများကြီး ထိခိုက်တာတွေ့ရတယ်" စနိတ်ပ်က ဆက်ပြောတယ်။

"အဲဒီသစ်ပင် ကျွန်တော်တို့ကို ပေးတဲ့ထိခိုက်မှုက ပို — " ရွန့် ပါးစပ်က ထွက်သွားတယ်။

"ငြိမ်ငြိမ်နေ" စနိတ်ပ်က ထပ်ဟောက်တယ်။ "သိပ်နှမြောဖို့ကောင်းတယ်။ မင်းတို့ဟာ ငါ့ဟောက်စ်က ကျောင်းသားမဟုတ်လို့ မင်းတို့ကို ကျောင်းမထုတ်နိုင်ဘူး။ အခုဒီလို ပျော်စရာအခွင့်အရေးတကယ်ရှိတဲ့ လူကို ခေါ်လာခဲ့မယ်။ မင်းတို့ ဒီမှာစောင့်နေ"

ဟယ်ရီနဲ့ ရွန်ဟာ မျက်နှာသွေးရောင်မရှိပဲ အပြန်အလှန်ကြည့်နေတယ်။ ဟယ်ရီ မဆာတော့ဘူး။ သူသိပ်နေလို့ မကောင်းဘူး။ စနိတ်ပ်စာပွဲနောက်၊ စင်ပေါ်က အစိမ်းရောင်အရည်ထဲ ပေါလောပေါ်နေတဲ့ ချွဲပျစ်ပျစ်အရာကြီးကို မကြည့်မိအောင် နေတယ်။ စနိတ်ပ်က ပါမောက္ခမက်ဂေါ်နာဂေါ်ကို ခေါ်လာရင် ပိုသက်သာမှာတော့ မဟုတ်ဘူး။ သူမဟာ စနိတ်ပ်ထက် နည်းနည်းတော့ တရားမျှတလိမ့်မယ်။ ဒါပေမယ့် တင်းကြပ်တာတော့ အတူတူပဲ။

ဆယ်မိနစ်ကြာတော့ စနိတ်ပ်ပြန်လာတယ်။ သူ့နဲ့အတူ လာတာက ပါမောက္ခ မက်ဂေါ်နာဂေါ်မှ မက်ဂေါ်နာဂေါ်ပဲ။ အရင်က ဟယ်ရီဟာ ပါမောက္ခမက်ဂေါ်နာဂေါ် ဒေါသထွက်တာ အကြိမ်အချို့ မြင်ဖူးတယ်။ ဒါပေမယ့် သူမ ဒေါသထွက်တဲ့အခါ ပါးစပ်ကို တင်းတင်းစေ့ထားတာ မေ့နေသလိုပဲ။ သူမဒီနေ့လောက် ဒေါသထွက်တာ မမြင်ဖူးတာလဲ ဖြစ်မယ်။ သူမဝင်လာပြီး မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ဟယ်ရီနဲ့ ရွန်ဟာ နောက်ကြုံ့လိုက်တယ်။ ဒါပေမယ့် သူမဟာ ဘာမှ မရှိတဲ့ မီးလင်းဖိုကို ညွှန်လိုက်တာပဲ ဖြစ်တယ်။ မီးဖိုထဲမှာ ချက်ချင်းမီးတောက်လာတယ်။

"ထိုင်" သူမက ပြောတယ်။ သူတို့နှစ်ယောက်စလုံး မီးဖိုဘေးက ထိုင်ခုံပေါ်သို့ ဆုတ်သွားတယ်။



"ရှင်းပြ" သူမရဲ့ မျက်မှန်ဟာ နိမိတ်မရှိလက်နေတယ်။

"...... ကျွန်တော်တို့မှာ တခြားနည်းလမ်းမရှိဘူး။ ပါမောက္ခ၊ ကျွန်တော်တို့ ရထားပေါ် တက်လို့မရဘူး"

"ဘာဖြစ်လို့ ဇီးကွက်နဲ့ ဒီကို စာမပို့တာလဲ။ မင်းမှာ ဇီးကွက်တစ်ကောင်ရှိတယ် မဟုတ်လား" ပါမောက္ခ မက်ဂေါ်နာဂေါ်က ဟယ်ရီကို အေးတိစက်ပြောတယ်။

ဟယ်ရီ အနေတယ်။ သူမပြောမှပဲ ဇီးကွက်နဲ့ စာပို့တာ လွယ်လွယ်လေးလိုပဲ။

"ကျွန်တော် — ကျွန်တော်မတွေး — "

"အဲဒါ လွယ်လွယ်နဲ့ တွေးမိနိုင်ပါတယ်" ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်။

တံခါးခေါက်တယ်။ စနိတ်ပ် တံခါးသွားဖွင့်တယ်။ သူ့မျက်နှာပေါ်က အမူအရာက ပိုပျော်နေတယ်။ အပြင်မှာ ရပ်နေသူက သူတို့ ကျောင်းအုပ် ပါမောက္ခ ဒမ်ဘာလီဒိုး။

ဟယ်ရီတစ်ကိုယ်လုံး ထုံကျဉ်နေပြီ။ ဒမ်ဘာလီဒိုးရဲ့ အမူအရာက အလွန်တည်နေတယ်။ သူဟာ အကြည့်ကို သူ့ကွေးကောက်တဲ့ နှာတံကနေ သူတို့ဆီရောက်သွားတယ်။ ဟယ်ရီဟာ ရုတ်တရက် သူနဲ့ရွန်ကို ဟိုနေရာမှာ ရိုက်တတ်တဲ့ မိုးမခပင် ရိုက်တာ ခံချင်လာတယ်။

အကြာကြီး ငြိမ်နေတယ်။ ဒီနောက် ဒမ်ဘာလီဒိုးက ပြောတယ်၊ "မင်းတို့ ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ ရှင်းပြပါ"

အကျယ်ကြီး အော်ဆူရင်တော်သေးတယ်။ သူ့စိတ်ပျက်တဲ့ လေသံကို ဟယ်ရီကြားရမှာ သိပ်ကြောက်တယ်။ ဘာကြောင့်မှန်းမသိဘူး။ သူဒမ်ဘာလီဒိုးရဲ့ မျက်စိကို တည့်တည့်မကြည့်ဝံ့ဘူး။ သူ့ဒူးကို ကြည့်ပြီး ပြောရတယ်။ သူက အားလုံး ဒမ်ဘာလီဒိုးကို ပြောပြတယ်။ ဟိုကားဟာ မစ္စတာ ဝယ်စလီ့ကားဆိုတာပဲ မပြောဘူး။ သူနဲ့ ရွန်တို့ အပြင်မှာ ပျံတတ်တဲ့ ကားတစ်စီးနဲ့ တိုးမိသလိုပဲ။ ဒမ်ဘာလီဒိုးဟာ ချက်ချင်းဒါကို သိလိမ့်မယ်ဆိုတာ သူသိတယ်။ ဒါပေမယ့် ဒမ်ဘာလီဒိုးက ကားအကြောင်းမမေးဘူး။ ဟယ်ရီပြောပြီးနောက် သူဟာ မျက်မှန်ထဲကနေ သူတို့ကို ဆက်ကြည့်နေတယ်။

"ကျွန်တော်တို့ ပစ္စည်းတွေသွားယူမယ်" ရွန် မျှော်လင့်ချက်ကင်းမဲ့

www.burmeseclassic.com

www.burmeseclassic.com



ရွာ ပြောတယ်။

"မင်း ဘာပြောနေတာလဲ၊ ဝယ်စလီ" ပါမောက္ခ မက်ဂေါ်နာဂေါက ထောက်တယ်။

"ကျွန်တော်တို့ကို ကျောင်းထုတ်မယ် မဟုတ်လား" ရွှန်က ပြောတယ်။ ဟယ်ရီက ဒမ်ဘယ်ဒိုးကို အမြန်ကြည့်လိုက်တယ်။

"ဒီနေ့ မဟုတ်ဖူး၊ မစ္စတာ ဝယ်စလီ" ဒမ်ဘယ်ဒိုးက ပြောတယ်။ "ဒါပေမယ့် မင်းတို့ အပြုအမူရဲ့ ဆိုးဝါးမှုကို မင်းတို့ကို သိစေရမယ်။ ကျုပ် ဒီညပဲ မင်းတို့ အိမ်ကို စာရေးမယ်။ မင်းတို့ကို သတိလဲ ပေးရဦးမယ်။ နောက်ထပ် ဒါမျိုးဖြစ်ခဲ့ရင် မင်းတို့ကို ကျောင်းထုတ်ဖို့ပဲ ရှိတော့တယ်"

စနိတ်ပ်ရဲ့ အမူအရာဟာ ခရစ်စမတ်ပွဲ ပယ်ဖျက်လိုက်တာ ကြားရသလိုပဲ။ သူက လည်ချောင်းရှင်းလိုက်ပြီး ပြောတယ်။ "ပါမောက္ခ ဒမ်ဘယ်ဒိုး ဒီကျောင်းသားနှစ်ယောက်ဟာ အရွယ်မရောက်သေးတဲ့ မှော်ဆရာများ မှော်ပညာအသုံးပြုခြင်း ကန့်သတ်တဲ့ အမိန့်ကို မျက်စိထဲမထားဘူး။ တန်ဖိုးရှိတဲ့ ရှေးသစ်ပင်တစ်ပင်ကို ပြင်းထန်စွာ အပျက်အစီးဖြစ်စေတယ်. . . . . ဒီလို အပြုအမူသဘောကိုက. . . . ."

"ဒီကျောင်းသားနှစ်ယောက်ကို အပြစ်ပေးဖို့ ပါမောက္ခ မက်ဂေါ်နာဂေါ် ဆုံးဖြတ်ပါလိမ့်မယ်။ ဆီးဗရက်စ်" ပါမောက္ခ ဒမ်ဘယ်ဒိုးက ပြောတယ်။ "သူတို့က သူမဟောက်စ်က ကျောင်းသား။ သူတာဝန်ယူသင့်တယ်" သူက ပါမောက္ခ မက်ဂေါ်နာဂေါ်ဘက် လှည့်လိုက်တယ်။ "ကျုပ်ညစာ စားပွဲဆီ ပြန်မှ ဖြစ်မယ်၊ မီနာဗာ၊ အကြောင်းကြားချက်တစ်ချို့ ကြေညာရမယ်။ လာ ဆီးဗရက်စ်၊ ကြက်ဥနို့သစ်သီး အဆာသွတ်မုန့်တစ်မျိုး ကြည့်ရတာ မဆိုးဘူး၊ ကျုပ် မြည်းကြည့်ချင်တယ်"

စနိတ်ပ်ဟာ ဟယ်ရီနဲ့ ရွှန်ကို ရန်ငြိုးနဲ့ ကြည့်လိုက်ပြီး ရုံးခန်းထဲက ဆွဲခေါ်တာခံရတယ်။ အခန်းထဲမှာ သူတို့နှစ်ယောက်နဲ့ ပါမောက္ခ မက်ဂေါ်နာဂေါ်ပဲ ကျန်တယ်။ သူမဟာ ဒေါသထနေတဲ့ သိန်းငှက်လို သူတို့ကို စိုက်ကြည့်နေတုန်းပဲ။

"မင်းဆေးခန်းသွားပြရင် ကောင်းမယ်။ ဝယ်စလီ၊ မင်းသွေးထွက်နေတယ်"

"ကိစ္စမရှိပါဘူး" ရွှန်က အင်္ကျီလက်နဲ့ မျက်လုံးပေါ်က ဒဏ်ရာကို



သုတ်လိုက်တယ်။ "ပါမောက္ခ ခင်ဗျား၊ ကျွန်တော့် ညီမလေးရဲ့ အမျိုးအစား ခွဲ အခမ်းအနားကို ကျွန်တော်ကြည့်ချင်တယ် — "

"အခမ်းအနားပြီးသွားပြီ" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "မင်းညီမလေးလဲ ဂရစ်ဖင်းဒေါမှာပဲ ကျတယ်"

"အိုး၊ ကောင်းလိုက်တာ" ရွှန်က ပြောတယ်။

"ဂရစ်ဖင်းဒေါဆိုတော့ — " ပါမောက္ခ မက်ဂေါ်နာဂေါက ပြင်းထန်စွာ ပြောတယ်။ ဒါပေမယ့် ဟယ်ရီက ဖြတ်ပြောတယ်။ "ပါမောက္ခ ခင်ဗျား ကျွန်တော်တို့ မော်တော်ကား စီးစဉ်က ကျောင်းမဖွင့်သေးဘူး။ ဒါကြောင့် — ဒါကြောင့် ဂရစ်ဖင်းဒေါကို အမှတ်မလျှော့ပါနဲ့။ ဟုတ်တယ်မှတ်လား" ပြောပြီး သူမကို ကြောင့်ကြစွာကြည့်နေတယ်။

ပါမောက္ခ မက်ဂေါ်နာဂေါက စူးရှစွာ ပြန်ကြည့်လိုက်တယ်။ ဒါပေမယ့် သူမမှာ အပြုံးလေးပေါ်လာတယ်လို့ သူထင်တယ်။ ဘာပဲ ဖြစ်ဖြစ်၊ သူမ နှုတ်ခမ်းဟာ အစကလောက် တင်းတင်းစေ့မထားတော့ဘူး။

"ဂရစ်ဖင်းဒေါကို အမှတ်မလျှော့ပါဘူး" သူမက ပြောတယ်။ ဟယ်ရီ့ စိတ်ထဲမှာ အများကြီး သက်သာသွားတယ်။ "ဒါပေမယ့် မင်းတို့ကို ဒီမှာ ဒဏ်ပေးထားမယ်"

ဒါဟာ ခန့်မှန်းတာထက် အများကြီးကောင်းတယ်။ ဒမ်ဘယ်ဒိုးက ဒါစလီဇနီးမောင်နှံဆီ စာရေးတာကတော့ လုံးဝအရေးမကြီးဘူး။ သူတို့ဟာ ရိုက်တတ်တဲ့ မိုးမခက သူ့ကို ပြားအောင် မရိုက်လိုက်တာကိုပဲ နှမြောနေမယ် ဆိုတာ ဟယ်ရီသိတယ်။

ပါမောက္ခ မက်ဂေါ်နာဂေါက မှော်ကြိမ်လုံးကို မြှောက်လိုက်ပြန်တယ်။ စနိတ်ပ်စားပွဲကို ညွှန်လိုက်တာနဲ့ စားပွဲပေါ်မှာ ဆင်းဒဝစ် အစာညှပ်ပေါင်မုန့် တစ်ပန်းကန်ပြားကြီးရယ်၊ ငွေခွက်နှစ်ခွက်နဲ့ ရေခဲစိမ် ရွှေဖရုံသီးအရည်တစ် ဂူလင်း ပေါ်လာတယ်။

"မင်းတို့ ဒီမှာပဲ စားကြ။ ပြီးတော့ အိပ်ဆောင်ကို တန်းပြန်သွား" သူမက ပြောတယ်။ "ငါလဲ ညစာစားပွဲကို ပြန်သွားရမယ်"

တံခါး ပိတ်သွားပြီးနောက် ရွှန်က ရှည်ရှည်လေးနဲ့ တိုးတိုးလေး လေ တစ်ချက် ချွန်လိုက်တယ်။

"ငါက တို့ဒုက္ခရောက်ပြီထင်တာ" သူက အစာညှပ် ပေါင်မုန့်တစ်ခု

www.burmeseclassic.com



ဆွဲယူရင်း ပြောလိုက်တယ်။

"ငါလဲ အဲဒီလိုထင်တာ" ဟယ်ရီလည်း တစ်ခုဆွဲယူလိုက်တယ်။

"ငါတို့ ကံလဲ ကြည့်ပါဦးနော်" ရွန်နဲ့ ပါးစပ်ထဲမှာ ကြက်သားနဲ့ ဝက်ပေါင်ခြောက်တွေ ပြည့်နေတယ်။ မသဲမကွဲပြောတယ်။ "ဖရက်နဲ့ ဂျော့တို့ငါးကြိမ်ခြောက်ကြိမ်ပျံသန်းဖူးတာ သေချာတယ်။ ဘယ်မတ်ဂေါ်မှ မမြင်ဘူး" သူဟာ ပါးစပ်ထဲက အစာကို မျိုချလိုက်ပြီး နောက်ထပ် တစ်ကိုက်ကြီး ကိုက်လိုက်တယ်။ "ငါတို့ ဘာဖြစ်လို့ အဲဒီနံရံကို ဖြတ်လို့မရတာလဲ"

ဟယ်ရီက ပခုံးတွန့်ပြတယ်။ "နောင်ကို တို့လဲ နည်းနည်းသတိထားရမယ်" သူဟာ ပေါ့ပါးစွာ ရွှေဖရုံသီးရည်ကို ကျိုက်ချလိုက်တယ်။ "ညစာစားပွဲကို သွားချင်လိုက်တာ......"

"သူမက တို့ကို သွားမကြွားစေချင်ဘူး" ရွန်က အမြော်မြင်ရှိရှိ ပြောတယ်။ "ပျံတတ်တဲ့ ကားစီးပြီး ကျောင်းတက်ဖို့ လာတာ ဂုဏ်ရှိတဲ့ အလုပ်လို့ တခြားသူတွေ ထင်မှာစိုးလို့"

သူတို့ဟာ ဗိုက်ထဲမဆံ့တဲ့ထိ စားကြတယ်။ (အကြောင်းက ပန်းကန်ပြားထဲက အစာညှပ်ပေါင်မုန့်ဟာ စားပစ်လိုက်တာနဲ့ အလိုအလျောက် ပြန်ပြည့်လာတယ်)။ ဒီနောက် ရုံးခန်းက ထွက်ခွာပြီး ကျွမ်းကျင်ပြီးသား လမ်းကလေးကနေ ဂရစ်ဖင်းဒေါ် အိမ်ချွန်ဆီ လျှောက်သွားတယ်။ ရဲတိုက်ထဲမှာ ငြိမ်သက်နေတယ်။ ညစာစားပွဲပြီးသွားပြီထင်တယ်။ သူတို့ဟာ တတွတ်တွတ် စကားပြောနေတဲ့ လူရုပ်ပုံနဲ့ တကြို့ကြို့မြည်နေတဲ့ ချပ်ဝတ်တန်းဆာကို ဖြတ်ခဲ့တယ်။ ကျောက်လမ်းကျဉ်းကျဉ်းလေးကို တက်ကြပြီး ဂရစ်ဖင်းဒေါ် အိမ်ချွန်ရဲ့ လျှို့ဝှက်ဝင်ပေါက်ရှိရာ စင်္ကြံသို့ ရောက်လာကြတယ်။ အဲဒီဝင်ပေါက်ဟာ ဆီဆေးပန်းချီကားတစ်ချပ်နောက်မှာ ရှိတယ်။ ပန်းချီကားပေါ်မှာ ပန်းရောင်ပိုးအင်္ကျီဝတ်ဆင်ထားတဲ့ ဝဝအမျိုးသမီး။

"စကားဝှက်" သူတို့အနီး ကပ်သွားတော့ မိန်းမဝဝက ပြောတယ်။

"အဲ —" ဟယ်ရီ မဖြေတတ်ဖူး။

သူတို့ဟာ ဂရစ်ဖင်းဒေါ် အတန်းခေါင်းဆောင်တစ်ယောက်ယောက်နဲ့မှ မတွေ့သေးဘူး။ ဒါကြောင့် ဒီကျောင်းပတ်ရဲ့ စကားဝှက်ကို မသိဘူး။ ဒါပေမယ့် ကယ်တင်မယ့်သူ ချက်ချင်းရောက်လာတယ်။ ကျောဘက်က ခြေလှမ်းမြန်မြန် လျှောက်လာသံကြားလို့ လှည့်ကြည့်လိုက်တော့ ဟာမီး သူတို့ဆီ



ပြေးလာနေတယ်။

"နင်တို့နှစ်ယောက် ဒီမှာ။ နင်တို့ ဘယ်သွားနေတာလဲ။ အားလုံးထင်ကြေးပေးနေကြတယ် — တချို့က နင်တို့ ပျံတတ်တဲ့ကားတစ်စီး မောင်းလို့ ကျောင်းထုတ်ခံရပြီလို့ ပြောတယ်"

"ငါတို့ ကျောင်းထုတ်မခံရဘူး" ဟယ်ရီက သူမကို နှစ်သိမ့်လိုက်တယ်။

"နင်က နင်တို့ ပျံလာတယ်လို့ ပြောတာလား" ဟာမီးလေသံဟာ ဒါမောက္ခ မက်ဂေါ်နာဂေါ်လို ပြင်းထန်နေတယ်။

"ငါတို့ကို ပို့ချမနေနဲ့" ရွန်က စိတ်မရှည်ဘဲ ပြောတယ်။ "စကားဝှက်ဆို ပြောပြ"

"စကားဝှက်က 'ဝေါ့ထယ်ငှက်' " ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်။ "ဒါပေမယ့် ဒါက ပြဿနာ မဟုတ်ဘူး — "

ဒါပေမယ့် သူမစကားပြတ်သွားတယ်။ အကြောင်းက မိန်းမဝဝအရုပ်ဟာ ဖတ်ခနဲ ပွင့်သွားတယ်။ အတွင်းကနေ မိုးခြိမ်းသံလို လက်ခုပ်သံတွေ ထွက်လာလို့။ ဂရစ်ဖင်းဒေါ် ဟောက်စ်ကျောင်းက ကျောင်းသားတွေ မအိပ်ကြသေးဘူးလိုပဲ။ အားလုံး အများနားနေခန်း အဝိုင်းကြီးထဲမှာ သူတို့ကို စောင့်နေတယ်။ လက်တွေ အများကြီး အပေါက်ဝကနေ ထွက်လာပြီး ဟယ်ရီနဲ့ ရွန်တို့ ဆွဲသွင်းကြတယ်။ ဟာမီးကတော့ ကိုယ့်ဖာသာ တွားဝင်ခဲ့ရတော့တယ်။

"မိုက်တယ်ကွာ" ဟယ်ရီနဲ့ စကားမပြောဖူးတဲ့ ပဉ္စမနှစ်ကျောင်းသားတစ်ယောက်က ပြောတယ်။ တချို့က ဟယ်ရီ့ ကျောကို ပုတ်နေတယ်။ သူဟာ ခွင်ပဲ မာရသွန်ပြေးပွဲ ပထမရသွားသလိုပဲ။ ဖရက်နဲ့ ဂျော့ဟာ ရှေ့သို့ တိုးထွက်လာပြီး တစ်ပြိုင်နက် မေးတယ်။ "ဘာဖြစ်လို့ တို့ကို ပြန်မခေါ်တာလဲ" ရွန်ရဲ့မျက်နှာကြီးနီနေတယ်။ ရှက်ရှက်နဲ့ ရယ်နေတယ်။ ဒါပေမယ့် လူတစ်ယောက်ဟာ နည်းနည်းမှ ဝမ်းမသာတာ ဟယ်ရီမြင်တယ်။ ဖတ်စီဟာ စိတ်လှုပ်ရှားတဲ့ ကျောင်းသားသစ်တချို့ နောက်ဘက်မှ ရပ်ပြီး သူတို့ကို ထွက်သွားဆို့ပြောနေသလိုပဲ။ ဟယ်ရီက ရွန့်နံဘေးကို တို့လိုက်ပြီး ခေါင်းကို ဖတ်စီဘက် ညိတ်ပြလိုက်တယ်။ ရွန်ချက်ချင်းသဘောပေါက်သွားတယ်။

"အပေါ်တက်တော့မယ် — နည်းနည်းပင်ပန်းနေတယ်" သူက ပြောတယ်။ နှစ်ယောက်သား အခန်းမျက်နှာချင်းဆိုင်ဘက်ရှိ တံခါးဆီသို့ တိုးသွားတယ်။ အခန်းပြင်ဘက်မှာ သူတို့အိပ်ခန်းရောက်တဲ့ ကြောင်လိမ်လှေခါးရှိ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊

"မင်္ဂလာ ညချမ်းပါ" ဟယ်ရီက ဟာမီးကို လှည့်အော်ပြောတယ်။ သူမဟာ ဖတ်စီလိုပဲ မျက်နှာထားကြီးနဲ့။

သူတို့ဟာ နောက်ဆုံးမှာ အနားယူခန်းရဲ့ တစ်ဘက်ကို ရောက်လာတယ်။ ဒီအချိန်မှာ သူတို့ကျောကို ပုတ်နေတဲ့ လူရှိသေးတယ်။ အပြင်ဘက်မှာက အေးချမ်းတဲ့ လေ့ခါး။ နှစ်ယောက်သား ထိပ်ဆုံးထိ အမြန်တက်လာကြတယ်။ နောက်ဆုံး သူတို့ရဲ့ အိပ်ခန်းကို ရောက်လာတယ်။ အခန်းမှာ "ဒုတိယနှစ်" လို့ ရေးထိုးထားတယ်။ သူဟာ ရင်းနှီးတဲ့ အခန်းဝိုင်းဝိုင်းထဲ ဝင်လိုက်တယ်။ အနီရောင် စိန်ကတ္တီပါနဲ့ အလှဆင်ထားတဲ့ တိုင်လေးတိုင် ခုတင်ငါးလုံးနဲ့ ပြတင်းပေါက် ကျဉ်းကျဉ်းမြင့်မြင့်တွေ မြင်ရတယ်။ သူတို့ သေတ္တာတွေ သယ်ယူလာခဲ့ပြီး သူတို့ ခုတင်ခြေရင်းမှာ ထားထားတယ်။

ရွှန်က အားနာနာနဲ့ ဟယ်ရီကို ရယ်ပြနေတယ်။

"ငါ ဒီလို ကျေနပ်မနေသင့်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် —"

အိပ်ခန်းတံခါးပွင့်သွားတယ်။ တခြားဂရစ်ဖင်းဒေါ် ဒုတိယနှစ်ကျောင်းသားတစ်ချို့ ပြေးဝင်လာတယ်။ သူတို့ကတော့ စီးမတ်စ်-ဖင်နီဂင်၊ ဒိန်း-သောမတ်နဲ့ နီဗီး-လွန်ဘော့တမ်။

"မယုံနိုင်စရာပဲ" စီးမတ်စ်အပြုံးဟာ တောက်ပနေတယ်။

"မိုက်တယ်ကွာ" ဒိန်းက ပြောတယ်။

"အံ့ဩစရာပဲ" နီဗီးက ကြည်ညိုစွာ ပြောတယ်။

ဟယ်ရီ မအောင့်နိုင်တော့ဘဲ သူလည်း ရယ်တယ်။



## ၆။ ဂစ်ဒရိုင်း-လော့ဟတ်

သို့ပေမယ့် နောက်နေ့မှာ ဟယ်ရီဟာ တစ်နေ့လုံး တစ်ခါမှ မပြုံးဘူး။ မနက်ပိုင်း ခန်းမကြီးထဲမှာ နံနက်စောစောစာ စားချိန်ကစပြီး အခြေအနေကဆင်းလာတယ်။ မှော်ပညာနဲ့ စီရင်ထားတဲ့ မျက်နှာကြက်အောက်မှာ (ဒီနေ့ဟာ မှုန်မှိုင်းတဲ့ တိမ်မွဲမွဲရောင်)။ ဟောက်စ်ကျောင်းလေးကျောင်း စားပွဲခုံရှည်ကြီးတွေပေါ်မှာ ဆန်ပြုတ်ပန်းကန်တွေ၊ ငါးဆားနယ် ပန်းကန်တွေ၊ တောင်လိုပုံနေတဲ့ ပေါင်မုန့်ချပ်နဲ့ ကြက်ဥနဲ့ အသားငံ ပန်းကန်တွေ။ ဟယ်ရီနဲ့ ရွှန်ဟာ ဂရစ်ဖင်းဒေါ်စားပွဲမှာ ထိုင်လိုက်ကြတယ်။ ဘေးမှာက ဟာမီး။ သူမရဲ့ 'သွေးဆာတဲ့ဖုတ်ကောင်နဲ့ ခရီးသွားခြင်း' စာအုပ်ကို နွားနို့ခရားပေါ် ဖွင့်တင်ထားတယ်။ သူမက "မင်္ဂလာ နံနက်ခင်းပါ" လို့ ပြောတာ အသံနည်းနည်းမာတယ်။ သူမက သူတို့ ကျောင်းကိုလာတဲ့ နည်းကို မကျေနပ်ဘူးဆိုတာ ဟယ်ရီသိတယ်။ နီဗီး-လွန်ဘော့တမ်ကတော့ ဝမ်းသာအားရနဲ့ သူတို့ကို နှုတ်ဆက်တယ်။ နီဗီးဟာ အမြဲတမ်းပြဿနာတက်တတ်တဲ့ မျက်နှာဝိုင်းဝိုင်းနဲ့ ကောင်လေး။ သူ့လောက်မေ့တတ်တဲ့ လူကို ဟယ်ရီ ဘယ်တုန်းကမှ မတွေ့

www.burmeseclassic.com



ခဲ့ဘူး။

"စာပို့သမားလာတော့မယ် — အဖွားက ကျွန်တော်မွေးရစ်ခဲ့တဲ့ ပစ္စည်းတွေ ပို့လာမယ် ထင်တယ်"

ဟယ်ရီ ဆန်ပြုတ်စသောက်ရုံရှိသေးတယ်။ ခေါင်းပေါ်မှာ ဆူဆူညံညံ အသံတွေ ကြားရပါပြီ။ ဇီးကွက်ရာကျော် ပြုဝင်လာပြီး ခန်းမကြီးထဲမှာ ဝဲနေတယ်။ စာနဲ့ အထုပ်တွေကို စကားပြောနေတဲ့ လူအုပ်ထဲ ပစ်ချတယ်။ အထုပ်ဖောင်းဖောင်းကြီး တစ်ထုပ် နီဗီးခေါင်းပေါ် ကျလာတယ်။ တစ်စက္ကန့်အကြာမှာ မွဲမွဲကြီးတစ်ခုဟာ ဟာမီးခရားထဲကျလာတယ်။ နွားနို့နဲ့ အမွေးတွေ သူတို့ကို စင်ကုန်တယ်။

"အဲရော်" ရွန်က ပြောရင်း စိုရွှဲနေတဲ့ ဇီးကွက်ကို ခြေထောက်က ဆွဲထုတ်လိုက်တယ်။ အဲရော်ဟာ စားပွဲခုံပေါ်မှာ မေ့မြောနေတယ်။ ခြေနှစ်ချောင်း မိုးပေါ်ထောင်နေတယ်။ နှုတ်သီးမှာ စိုနေတဲ့ စာအိတ်အနီတစ်ခု ခဲထားဆဲပဲ။

"အိုး မလိုချင်ဘူး — "ရွန်က အော်တယ်။

"ကိစ္စမရှိဘူး။ သူအသက်ရှင်နေသေးတယ်" ဟာမီးက ပြောရင်း အဲရော်ကို လက်ချောင်းနဲ့ တို့လိုက်တယ်။

"မဟုတ်ဖူး — ဟိုဟာ"

ရွန်က စာအိတ်အနီကို ညွှန်ပြတယ်။ အဲဒီစာဟာ ဟယ်ရီ့အဖို့ ရိုးရိုးပဲ။ ဒါပေမယ့် ရွန်နဲ့ နီဗီးအဖို့တော့ ၎င်းဟာ ထပေါက်တော့မလိုပဲ။

"ဘယ်လိုဖြစ်တာလဲ" ဟယ်ရီက မေးတယ်။

"အမေ — အမေက ငါ့ကို ကြိမ်းမောင်းစာပို့တာ" ရွန်က ချည့်နဲ့စွာ ပြောတယ်။

"မင်းဖွင့်လိုက်ရင်ကောင်းမယ်၊ ရွန်" နီဗီးက ရှက်ရှက်နဲ့ တိုးတိုးပြောတယ်။ "မဖွင့်ရင် ပိုဆိုးမယ်။ အဖွားက ငါ့ကို တစ်စောင်ပို့ဖူးတယ်။ ငါက ပစ်ထားတယ်။ ဒီနောက် — " သူ လေစုတ်သွင်းလိုက်တယ်။ "သိပ်ကြောက်စရာကောင်းတာပဲ"

ဟယ်ရီဟာ သူတို့ ထိတ်လန့်တဲ့ အမူအရာကို မြင်ရပြီး ဟိုစာအိတ်နီကို ကြည့်လိုက်ပြန်တယ်။

"ကြိမ်းမောင်းစာဆိုတာ ဘာလဲ" သူက မေးတယ်။

"ဒါပေမယ့် ရွန့်အာရုံဟာ စာပေါ်ရောက်နေတယ်။ စာအိတ်ရဲ့ ထောင့်



လေးခုဟာ စတင်မီးခိုးထွက်လာနေပြီ။

"မြန်မြန်ဖွင့်လိုက်" နီဗီးက တိုက်တွန်းတယ်။ "မိနစ်အနည်းငယ်ပဲ ရှိတာ ......"

ရွန်ဟာ တုန်ယင်တဲ့ လက်နဲ့ အဲရော်ပါးစပ်ထဲကနေ ဟိုစာအိတ်ကို အသာယူပြီး ဖြဲလိုက်တယ်။ နီဗီးက လက်ချောင်းနဲ့ နားကို ဆို့ထားတယ်။ ဘာကြောင့်လဲဆိုတာ ဟယ်ရီချက်ချင်းသိသွားတယ်။ အစမှာတော့ ပေါက်ကွဲတယ်လို့ သူထင်တာ။ ခန်းမကြီးတစ်ခုလုံး အသံအကျယ်ကြီးကြားရတယ်။ မျက်နှာကြက်ပေါ်က ဖုံတွေတောင် တုန်ခါလို့ ကျလာတယ်။

"...... ကားခိုးသွားတယ်။ သူတို့ မင်းကိုကျောင်းထုတ်ခဲ့ရင် ငါလုံးဝ မအံ့ဩဘူး။ သေဖို့သာပြင်ပေတော့။ မင်းအဖေနဲ့ငါ ကားပျောက်သွားတာ တွေ့တော့ ဘယ်လို စိုးရိမ်တယ်ဆိုတာ မင်းမတွေးဘူး ......"

မစ္စစ် ဝယ်စလီရဲ့ အသံ။ ခါတိုင်းထက် အဆတစ်ရာ ကျယ်တယ်။ စားပွဲပေါ်က ပန်းကန်ပြားနဲ့ ဇွန်းတွေ အသံကြောင့် ဂတ်ဂတ်မြည်ကုန်အောင် အော်တယ်။ နံရံလေးဘက်က သံပြန်ကြောင့် နားကန်းမတတ်ပဲ။ ခန်းမထဲက သူအားလုံး ကြိမ်းမောင်းစာ ဘယ်သူရလဲလို့ လှည့်ကြည့်ကြတယ်။ ရွန်က ထိုင်ခုံထဲ နိမ့်ဆင်းသွားတယ်။ နီရဲတဲ့ ဆံပင်ကိုပဲ မြင်ရတယ်။

"ညက ဒမ်ဘယ်လီဒိုးစာရတယ်။ မင်းအဖေက ရှက်လို့ သေတော့မယ်။ ငါတ မင်းတို့ကို ကြီးပြင်းအောင် မွေးလာတာ ဒါမျိုးလုပ်ဖို့ မှုတ်ဖူး။ မင်းနဲ့ ဟယ်ရီတို့နှစ်ယောက် အသက်တောင်ပါနိုင်တယ် ......"

ဟယ်ရီက သူ့နာမည် ဘယ်တော့ပေါ်ထွက်လာမလဲလို့ နားထောင်နေတယ်။ သူ့နားစည်ကို ရိုက်ခတ်နေတဲ့ အသံကို မကြားချင်ယောင် အတင်းဆောင်နေတယ်။

"...... သိပ်ကို စိတ်ဆိုးတယ်။ မင်းအဖေဟာ ဌာနမှာ စစ်ဆေးခံရမယ်။ ဒါ အားလုံးမင်းအမှား။ မင်းစည်းနဲ့ကမ်းနဲ့ မနေရင် ချက်ချင်းအိမ်ပြန်ခေါ်သွားမယ်"

အော်သံရပ်သွားတယ်၊ နားထဲမှာ တအုန်းအုန်းမြည်နေတယ်။ ရွန့်လက်ထဲက ပြုတ်ကျသွားတဲ့ စာအိတ်နီဟာ မီးလောင်လာတယ်။ တွန့်လိမ်ပြီး ပြာဖြစ်သွားတယ်။ ဟယ်ရီနဲ့ ရွန်ငိုင်ထိုင်နေတယ်။ သူတို့ ကိုယ်ပေါ် ဒီလှိုင်းရိုက်ခံရသလိုပဲ။ လူအချို့ ရယ်လိုက်တယ်။ စကားသံတွေ ပြန်ထွက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟာမီးက 'သွေးစုတ်ဖုတ်ကောင်နဲ့ ခရီးသွားခြင်း' ကို ပိတ်လိုက်တယ်။ ငုံ့ပြီး ရွှန့်ခေါင်းကို ကြည့်တယ်။

"အင်း၊ နင် ဘာများ မျှော်လင့်လို့ ရမှာလဲ၊ ရွှန်၊ ဒါပေမယ့် နင်— "

"ငါ့ကို ကိုယ့်ထိုက်နဲ့ ကိုယ်လို့ မပြောနဲ့" ရွှန်က မကျေမနပ် ပြောတယ်။

ဟယ်ရီက သူ့ဆန်ပြုတ် ထားလိုက်တယ်။ စိတ်မကောင်းလို့ စားမရတော့ဘူး။ မစ္စတာ ဝယ်စလီ အစစ်ဆေးခံရတော့မယ်။ နွေကျောင်းပိတ်ရက်က သူတို့ ဖနီးမောင်နှံ သူ့ပေါ် သိပ်ကောင်းကြတာ . . . . . ."

ဒါပေမယ့် သူကြာကြာ စဉ်းစားနေချိန်မရဘူး။ ပါမောက္ခ မက်ဂေါ်နာဂေါက ဂရစ်ဖင်းဒေါစာပွဲ တစ်လျှောက် ကျောင်းအချိန်ဇယား လိုက်ဝေနေတယ်။ ဟယ်ရီလည်း သူ့အတွက် အချိန်ဇယားရတယ်။ ပထမဆုံး သင်တန်းက ဆေးဘက်ဝင်အပင် သင်တန်း။ ဟပ်ဖ်ဖတ်က ကျောင်းသားတွေနဲ့အတူ တက်ရမယ်။

ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတို့ ရဲတိုက်ကအတူထွက်လာတယ်။ ဟင်းသီးဟင်းရွက်စိုက်ခင်းကို ဖြတ်ပြီး အနွေးခန်းဆီလျှောက်သွားတယ်။ အနွေးခန်းမှာ မှော်အစွမ်းရှိတဲ့ အပင်တွေ စိုက်ပျိုးထားတယ်။ ကြိမ်းမောင်းစာဟာ အနည်းဆုံး ကောင်းတာတစ်ခုတော့ရှိတယ်။ ဟာမီးဟာ သူတို့လုံလောက်စွာ အပြစ်ပေးခံရပြီးပြီလို့ ထင်တဲ့အတွက် အရင်ကလို ခင်ခင်မင်မင် ပြန်ဖြစ်လာတယ်။

သူတို့ အနွေးခန်းအနီး ရောက်တာနဲ့ တခြားကျောင်းသားတွေအပြင်မှာ ရပ်ပြီး ပါမောက္ခစပရောက်ကို စောင့်နေတာ တွေ့ရတယ်။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတို့ ဝင်လာရုံရှိသေးတယ်။ ပါမောက္ခစပရောက်ဟာ မြက်ခင်းပေါ်ကနေ ခြေလှမ်းကျဲကျဲ လျှောက်လာတာတွေ့ရတယ်။ သူ့ဘေးမှာက ဂစ်ဒရိုင်း-လော့ဟတ်။ ပါမောက္ခ စပရောက်ရဲ့ လက်မောင်းပေါ်မှာ ပတ်တီးတွေ အများကြီးတင်လာတယ်။ ဟယ်ရီဟာ အဝေးကြီးကနေ ဟိုရိုက်တတ်တဲ့ မိုးမခရဲ့ သစ်ကိုင်းတစ်ချို့ ပတ်တီးနဲ့ ဆွဲထားတာမြင်ရလို့ စိတ်မကောင်းဖြစ်ရပြန်တယ်။

ပါမောက္ခ စပရောက်ဟာ ပုပုဝဝမှော်ဆရာမ။ လွင့်နေတဲ့ ဆံပင်ပေါ်မှာ အဖာနဲ့ ဦးထုပ်ဆောင်းထားတယ်။ အကျီပေါ်မှာလည်း မြေကြီးတွေနဲ့ချည်းပဲ။ တကယ်လို့ အဒေါ်ဗီချူနီယာ သူမလက်သည်းကို မြင်ရရင် မေ့တောင်သွား



လိမ့်မယ်။ ဂစ်ဒရိုင်း-လော့ဟတ်ကတော့ သန့်ပြန့်နေတာပဲ။ လွင့်ပျံနေတဲ့ စိမ်းပြာရောင် ဝတ်ရုံရှည်၊ လက်နေတဲ့ ရွှေရောင်ဆံပင်ပေါ်မှာ စိမ်းပြာရောင်ရွှေနားတွပ် ဦးထုပ်ကို တည့်မတ်စွာ ဆောင်းထားတယ်။

"အိုး၊ နေကောင်းကြတယ်နော်" လော့ဟတ်ဟာ ပြုံးရွှင်စွာနဲ့ ကျောင်းသားတွေကို အော်ပြောတယ်။ "ခုနက ပါမောက္ခ စပရောက်ကို လူရိုက်တတ်တဲ့ မိုးမခကို ဆေးကုနည်း နမူနာပြခဲ့တယ်။ ဒါပေမယ့် ကျုပ်ဆေးဘက်ဝင်အပင် ပညာဘက်မှာ သူမထက်သာတယ်လို့တော့ မထင်ပါနဲ့။ ကျုပ်က ခရီးသွားစဉ်မှာ ဒီလို ထူးဆန်းတဲ့ အပင်အချို့တွေ့ဖူးတာ ရှိပါတယ် . . . . . ."

"ဒီနေ့ တတိယအနွေးခန်းသွားမယ်" ပါမောက္ခ စပရောက်က ပြောတယ်။ သူမဟာ ခါတိုင်းလို ပျော်ရွှင်တဲ့ အမူအရာနဲ့ ဆန့်ကျင်ပြီး စိတ်ဆိုးနေပုံပေါ်နေတယ်။

ကျောင်းသားတွေဟာ စိတ်ဝင်စားစွာ ပြောဆိုနေတယ်။ သူတို့ဟာ ပထမ အနွေးခန်းပဲ ဝင်ဖူးတာ — တတိယအနွေးခန်းထဲက အပင်တွေဟာ ပိုစိတ်ဝင်စားစရာကောင်းတယ်။ ပိုအန္တရာယ်ရှိတယ်။ ပါမောက္ခ စပရောက်ဟာ ခါးပတ်ပေါ်ကနေ သော့တွဲကြီးကို ဖြုတ်ပြီး တံခါးဖွင့်လိုက်တယ်။ ဟယ်ရီဟာ စိုစိုနဲ့ မြေသြဇာအနံ့ရတယ်။ ပြီးတော့ ပန်းနံ့လည်း မွှေးကြိုင်နေတယ်။ အဲဒီပန်းတွေဟာ ထီးလောက်ကြီးတယ်။ မျက်နှာကြက်ပေါ်ကနေ တွဲလောင်းချိတ်ဆွဲထားတယ်။ သူဟာ ရွှန်နဲ့ ဟာမီးတို့နဲ့ အတူဝင်သွားမယ် လုပ်တုန်းမှာ လော့ဟတ်က သူ့ကို တားထားတယ်။

"ဟယ်ရီ၊ ကျုပ် မင်းနဲ့ စကားပြောချင်နေတာ — ပါမောက္ခ စပရောက်၊ သူ မိနစ်အနည်းငယ်နောက်ကျတာ စိတ်မရှိပါဘူးနော်"

ပါမောက္ခ စပရောက်ရဲ့ အမူအရာကို ကြည့်ရင် သူမကြိုက်မှန်းသိတယ်။ ဒါပေမယ့် လော့ဟတ်က "ဒါခွင့်ပေးပြီ" ဆိုပြီး သူမရှေ့မှာပဲ တံခါးကို ပိတ်လိုက်တယ်။

"ဟယ်ရီ" လော့ဟတ်က ပြောတယ်။ သူခေါင်းခါတဲ့အခါမှာ ဖြူဖွေးတဲ့ သွားကြီးတွေဟာ နေရောင်အောက်မှာ လက်နေတယ်။ "ဟယ်ရီ၊ ဟယ်ရီ၊ ဟယ်ရီ"

ဟယ်ရီ ဘာမှန်းကို မသိဘူး၊ ပြန်မဖြေဘူး။

"ကျုပ်ကြားတော့ — အင်း၊ ဒါကတော့ ကျုပ်အမှားပါပဲ။ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ခြေနဲ့တောင် ကန်ချင်တာ"

သူ ဘာပြောနေမှန်း ဟယ်ရီ မသိဘူး။ သူက မေးမယ်လုပ်တုန်းမှာ လော့ဟတ်က ဆက်ပြောတယ်။ "ကျုပ် ဘယ်တုန်းကမှ ဒီလောက်အံ့အားမသင့်ဖူးဘူး။ ကားနဲ့ ဟော့ဂ်ဝပ်ကို ပျံသန်းလာတယ်လေ။ အင်း၊ ဒါပေါ့လေ၊ မင်းဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ ကျုပ်ချက်ချင်း သိလိုက်တယ်။ ရှင်းနေတာပဲ။ ဟယ်ရီ၊ ဟယ်ရီ၊ ဟယ်ရီ"

ထူးခြားလိုက်ပုံက သူစကားမပြောဘဲနေတဲ့အခါမှာ တောက်ပတဲ့ သွားတွေ ဖော်ထားနိုင်သေးတယ်။

"ငါ မင်းကို နာမည်ကျော်ကြားတဲ့ အရသာရစေတယ်၊ မဟုတ်ဘူးလား" လော့ဟတ်က ပြောတယ်။ "မင်းကို စွဲသွားစေတယ်။ မင်းနဲ့ငါ သတင်းစာမျက်နှာဖုံးမှာပါလာပြီး နောက်တစ်ကြိမ်အငမ်းမရ ဖြစ်နေတယ်ပေါ့"

"အိုး — မဟုတ်ပါဘူး၊ ပါမောက္ခ၊ ကျွန်တော် — "

"ဟယ်ရီ၊ ဟယ်ရီ၊ ဟယ်ရီ" လော့ဟတ်က သူ့ပခုံးကို လက်နဲ့ ဖမ်းဆွဲထားတယ်။ "ကျုပ်သဘောပေါက်ပါတယ်။ အရသာတစ်ကြိမ်ခံရရင် နောက်ထပ်ခံချင်တာ သဘာဝပါပဲ — မင်းကို အရသာတွေ့အောင် လုပ်မိလို့ ကျုပ်ကိုယ်ကျုပ်အပြစ်တင်မိတယ်။ အကြောင်းက မင်းအသိဉာဏ်မဲ့ ဖြစ်သွားလိမ့်မယ်။ ဒါပေမယ့် ဒီမှာ လူငယ်လေး၊ မင်းအခု ကားမောင်းပြီး မိုးပေါ်မှာ ပျံပြီး လူတွေ သတိပြုမိအောင် လုပ်လို့ မဖြစ်ဘူး။ တည်ငြိမ်အောင်နေ။ မကောင်းဘူးလား။ မင်းကြီးပြင်းလာရင် အချိန်တွေအများကြီး ရှိပါသေးတယ်။ ဟုတ်တယ်၊ ဟုတ်တယ်၊ မင်း ဘာတွေးနေတယ်ဆိုတာ ကျုပ်သိတယ်။ 'သူ့အဖို့ကတော့ အားလုံးအဆင်ပြေတာပေါ့။ သူက ကမ္ဘာသိမှော်ဆရာကြီးကိုး' ဒါပေမယ့် ကျုပ်အသက် ဆယ့်နှစ်နှစ်တုန်းက မင်းအခုလိုပဲ အညတရပါ။ စင်စစ် မင်းထက်ပိုပြီး အညတရ ဆန်ပါတယ်။ ကျုပ်ပြောလိုတာက လူတစ်ချို့ မင်းကို သိနေကြပြီ။ မဟုတ်ဖူးလား။ ပြီးတော့ ဟို 'နာမည်တောင် မခေါ်ရတဲ့လူ' နဲ့ ပတ်သက်တဲ့ ကိစ္စ" သူက ဟယ်ရီနဖူးပေါ်က လျှပ်စီးလက်တဲ့ သဏ္ဌာန်နဲ့ အမာရွတ်ကို ကြည့်လိုက်တယ်။ "ကျုပ်သိတယ်၊ ကျုပ်သိတယ်။ ဒါဟာ ငါးကြိမ်တိုင်တိုင် 'မှော်ဆရာ အပတ်စဉ်' ကပေးတဲ့ တပ်မက်ဖွယ် အကောင်းဆုံး အပြုံးဆု ဆက်တိုက်ရတာလောက် မကောင်းသေးဘူး။ ဒါပေမယ့် ဒါက အစပဲ ရှိသေးတယ်။ ဟယ်ရီ၊ အစသာရှိသေးတာ"



သူက ဟယ်ရီကို ရင်းနှီးစွာ မျက်စိမှိတ်ပြပြီး ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားတယ်။ ဟယ်ရီဟာ မိနစ်အနည်းငယ် ငိုင်နေပြီးမှ သူအခန်းခန်း သွားသင့်တယ်လို့ သတိရပြီး တံခါးဖွင့်ဝင်သွားတယ်။

ပါမောက္ခ စပရောက်ဟာ အခန်းခန်းအလယ်က ဒေါက်ခုံနောက် ရပ်နေတယ်။ ခုံပေါ်မှာ အရောင်မတူတဲ့ နားရွက်ဖုံးနှစ်ဆယ်လောက်ရှိတယ်။ ဟယ်ရီဟာ ရွန်နဲ့ ဟာမီးဘေးမှာ ထိုင်လိုက်စဉ် သူမက ပြောတယ် "ဒီနေ့ မင်ဒရိတ်ပင်တွေကို အိုးလဲ စိုက်ရမယ်။ အခု မင်ဒရိတ်ပင်ဟာ ဘာအာနိသင်ရှိတယ်ဆိုတာ ဘယ်သူပြောပြနိုင်သလဲ"

ဟာမီး အရင်ဆုံး လက်မြှောက်တယ်။ ဒါကတော့ အားလုံး မျှော်လင့်ထားတဲ့အတိုင်းပါပဲ။

"မင်ဒရိတ်ပင်ကို မင်ဒရိတ်မြစ်လို့လဲ ခေါ်တယ်။ အာနိသင်ကောင်းတဲ့ မူလအတိုင်း ပြန်ဖြစ်စေတဲ့ ဆေးဖြစ်တယ်" ဟာမီးဟာ ဖတ်စာကို မြိုချထားသလိုပဲ။ အလွန်ကြေညက်စွာ ပြောတယ်။ "ငင်းကို ရုပ်ပြောင်းတဲ့ လူ ဒါမှမဟုတ်ရင် မှော်ကျိန်စာမိတဲ့လူ မူလအနေအထားပြန်ရောက်ဖို့ အသုံးပြုပါတယ်"

"သိပ်ကောင်းတယ်၊ ဂရစ်ဖင်းဒေါကို ဆယ်မှတ်ပေးတယ်" ပါမောက္ခ စပရောက်ပြောတယ်။ "မင်ဒရိတ်ပင်ဟာ ဖြေဆေးအများစုမှာ အဓိကပါတဲ့ ဆေးဖြစ်တယ်။ ဒါပေမယ့် အန္တရာယ်ရှိတယ်။ ဘာကြောင့်ဆိုတာ ပြောနိုင်တဲ့ သူရှိလား"

ဟာမီး ဖတ်ခနဲလက်မြှောက်လိုက်တာ ဟယ်ရီ့ မျက်မှန်တောင် တိုက်မိပြီး ပြုတ်ကျတော့မယ်။

"မင်ဒရိတ်ပင် ငိုသံကြားရတဲ့လူ သေတတ်တယ်" သူမက ချက်ချင်း ပြောတယ်။

"တိကျမှန်ကန်တယ်။ နောက်ထပ် ဆယ်မှတ်ပေးတယ်" ပါမောက္ခ စပရောက်ကပြောတယ်" အားလုံးကြည့်ကြ။ တို့မင်ဒရိတ်ပင်တွေ ငယ်သေးတယ်"

သူမက စောက်နက်နက် ပန်းကန်ပြားတစ်တန်းကို ညွှန်ပြပြီး ပြောတယ်၊ အားလုံး ရှေ့ကို တိုးကြတယ်။ ရှင်းရှင်းမြင်ရအောင်လို့။ ဒီနေရာမှာ အစိမ်းထဲမှာ ခရမ်းရောင်သမ်းနေတဲ့ ပင်ပေါက်ကလေးတစ်ရာခန့်ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရီတတော့ ရင်းတို့ သိပ်မထူးခြားဘူးလို့ ထင်တယ်။ ဟာမီးပြောတဲ့ မင်းဒရိုက် 'ငိုသံ' ဆိုတာ ဘာမှန်းကို မသိဘူး။

"လူတိုင်း နားရွက်အုပ် တစ်ခုစီ ယူ" ပါမောက္ခစပရောက်က ပြောတယ်။

အားလုံးဝိုင်းလုကြတယ်။ ဘယ်သူကမှ ပန်းရောင်နဲ့ အမွေးဖွားတာကို မလိုချင်ဘူး။

"မင်းတို့ကို နားရွက်ဖုံးစွပ်ကြဆိုရင် နားကို လုံနေအောင် တင်းတင်း အုပ်ထား" ပါမောက္ခ စပရောက်က ပြောတယ်။ "နားရွက်ဖုံးကို လုံခြုံစွာ ချွတ်ပစ်လို့ရတဲ့အခါမှာ၊ ငါ လက်မနှစ်ချောင်းထောင်ပြမယ်။ ကောင်းပြီ — နားရွက်ဖုံးစွပ်ကြ"

ဟယ်ရီ ချက်ချင်းပြောတဲ့အတိုင်းလုပ်တယ်။ ချက်ချင်းပဲ အပြင်က အသံတွေ မကြားရတော့ဘူး။ ပါမောက္ခစပရောက်ကိုယ်တိုင်လဲ ပန်းရောင် အမွေးဖွားနားရွက်ဖုံး တစ်ခုစွပ်လိုက်တယ်။ အင်္ကျီလက်မောင်းပင့်လိုက်တယ်။

အရွက်တွေကို တင်းတင်းစုကိုင်ပြီး တအားဆွဲနုတ်တယ်။ ဟယ်ရီဟာ သူများမကြားရတဲ့ အံ့ဩသံထွက်သွားတယ်။

မြေကြီးထဲက ဆွဲနုတ်လိုက်တာ အမြစ်မဟုတ်ဘဲ အလွန်အကျည်းတန်တဲ့ ခလေးလေးဖြစ်နေတယ်။ အရွက်တွေဟာ သူ့ခေါင်းပေါ်မှာ ပေါက်နေတယ်။ သူ့အသားရောင်က အစိမ်းဖျော့ဖျော့ အပေါ်မှာ အစက်အပြောက်တွေနဲ့။ သူတအား အော်ဟစ်နေတာ သေချာတယ်။

ပါမောက္ခ စပရောက်ဟာ စားပွဲအောက်ကနေ ပန်းအိုးအကြီးတစ်လုံး ယူလိုက်တယ်။ မင်ဒရိတ်ခလေးလေးကို ထိုးစိုက်လိုက်ပြီး စွတ်စိုတဲ့ အရောင်ရင့်ရင့် မြေဆွေးမြေသြဇာနဲ့ အုပ်ထားလိုက်တယ်။ အပြင်မှာ ဝေဆာတဲ့ အရွက်တွေပဲ ချန်ထားတယ်။ သူမဟာ လက်ပေါ်က မြေကြီးတွေကို ခါချပြီး သူတို့ကို လက်မကြီးနှစ်ချောင်း ထောင်ပြတယ်။ ဒီနောက် မိမိနားရွက်ဖုံးတို ချွတ်ပစ်လိုက်တယ်။

"တို့ မင်ဒရိတ်ပင်တွေဟာ ပင်ပေါက်လေးတွေရှိသေးတာ။ သူတို့ အသံကြားပေမယ့် မသေနိုင်ဘူး" သူမက အေးဆေးစွာ ပြောတယ်။ သူမဟာ ခုနက သရက်ထည်မန်းပင်ကို ရေလောင်းလိုက်သလို ရိုးရိုးလေးရယ်။ "သို့ပေမယ့် လူကို နာရီတချို့ မေ့မြောသွားစေနိုင်တယ်။ မင်းတို့ ဘယ်သူမှ ကျောင်း



ဖွင့်တဲ့ရက်နဲ့ မလွဲချင်ကြဘူးလို့ ထင်တယ်။ ဒါကြောင့် အားလုံး အလုပ်လုပ်တဲ့အခါမှာ နားရွက်ဖုံးစွပ်ထားရမယ်။ သိမ်းဆည်းရမယ့်အခါကျရင် မင်းတို့ သတိပြုမိအောင် လုပ်မှာပါ"

"လေးယောက်တစ်ပန်းကန်ပြား — ဒီမှာ ပန်းအိုးတွေ အများကြီးရှိတယ် — မြေဆွေးမြေသြဇာက ဟိုဘက်က အိတ်ထဲမှာ — အဆိပ်ပါတဲ့ သတ်ဇာကို သတိထား။ ရင်း သွားပေါက်နေတယ်"

သူမဟာ ဆူးချွန်တွေပေါက်နေတဲ့ အနီရင့်ရောင် အပင်ကို တအားပုတ်လိုက်တယ်။ သူမဆီလှမ်းလာတဲ့ လက်တံကို ပြန်ရုပ်သွားစေတယ်။

ဟယ်ရီ၊ ရွန်၊ ဟာမီးနဲ့ ဆံပင်ကောက်ကောက် ဟပ်ဖဲဖတ်ကျောင်းသားလေးတို့ ပန်းကန်ပြားတစ်ချပ်ဘေးမှာ ရပ်နေတယ်။ ဟယ်ရီက သူ့ကို မြင်ဖူးသယ် ထင်နေတယ်။ ဒါပေမယ့် သူနဲ့ စကားမပြောဖူးဘူး။

"ကျွန်တော့် နာမည်က ဂျတ်စတင် ဖင့်ချ်-ဖလက်ချလီ" သူက ပျော်ရွှင်စွာ ပြောတယ်။ ဟယ်ရီ့လက်ကို တအားလှုပ်ယမ်းနေတယ်။ "ခင်ဗျား ကိုသိတာပေါ့။ နာမည်ကြီး ဟယ်ရီ-ပေါ်တာ . . . . . ခင်ဗျားက ဟာမီး-ဂရိန်ဂျာ — ထာဝရပထမ . . . . . ." (ဟာမီးလက်လည်း လှုပ်ယမ်းခံရတယ်။ သူမက ကျေနပ်စွာ ပြုံးနေတယ်) "ပြီးတော့ ရွန်-ဝယ်စလီ၊ ဟိုကားပျံက ခင်ဗျားလားဟ"

ရွန်က မရယ်ဘူး။ ကြိမ်းမောင်းစာကို တွေးနေတယ်ထင်တယ်။

"ဟိုလော့ဟတ်ဆိုလားခေါ်တဲ့" သူတို့ဟာ ပန်းအိုးထဲကို နဂါးချေးမြေဆွေး မြေသြဇာထည့်တဲ့အခါမှာ ဂျတ်စတင်က ပျော်ရွှင်စွာ ပြောတယ်။ "သတ္တိရှိတဲ့လူ။ ခင်ဗျားတို့ သူ့စာအုပ်ဖတ်ပြီးပလား။ ကျွန်တော့်ကို ဝံပုလွေလူသားက ဖုန်းခန်းထဲ ပိတ်ထားတာခံရရင် အစောကြီးတတည်းက သေခဲ့လို့ သေပြီ။ သူကတော့ သိပ်ကို တည်ငြိမ်တာ — ဇွတ်ဇွတ် — ဆုံးဆန်းလိုက်တာ"

"ကျွန်တော်အစက အီတန်မှာ တက်ဖို့၊ ဒါပေမယ့် နောက်တော့ ဒီကို လာတက်တာ။ ကျွန်တော် ဝမ်းသာလိုက်တာ လွန်ရော။ ကျွန်တော့်အမေကတော့ နည်းနည်း စိတ်ပျက်တာပေါ့။ ဒါပေမယ့် ကျွန်တော် သူမကို လော့ဟတ် စာအုပ်ဖတ်ခိုင်းပြီးနောက်၊ သူမလဲ အိမ်မှာ သေချာလေ့ကျင့်ထားတဲ့ မှော်ဆရာတစ်ယောက်ရှိတာ ဘယ်လောက် အသုံးကျတယ်ဆိုတာ စတင်

www.burmeseclassic.com



မြင်တွေ့ပြီ ထင်တယ် ......"

ဒီနောက်တော့ စကားပြောဖို့ အခွင့်အရေး မရတော့ဘူး။ သူတို့ နားရွက် ဖုံးတွေ ပြန်တပ်ကြရတယ်။ ပြီးတော့ အာရုံစူးစိုက်ပြီး မင်ဒရိတ်ပင်ကို တိုင် တွယ်ရတယ်။ ခုနက ပါမောက္ခစပရောက် လုပ်တာကြည့်ရတာ အလွန် လွယ်ကူသလိုပဲ။ စင်စစ် လုံးဝမလွယ်ဘူး။ မင်ဒရိတ်ပင်ဟာ အနုတ်မခံချင်ဘူး။ သို့ပေမယ့် ပြန်လဲမသွားချင်ဘူး။ သူတို့ဟာ တွန့်လိမ်ပြီး ခြေထောက်နဲ့ အရမ်းကန်တယ်။ လက်သီးချွန်ချွန်လေးတွေကို မြှောက်ပြီး အံကြိတ်ပြတယ်။ ဟယ်ရီဟာ ဆယ်မိနစ်ကြီးများတောင် ကြာမှ အလွန်ဝတဲ့ ခလေးလေးကို ပန်းအိုးထဲ ထိုးစိုက်လို့ ရတော့တယ်။

ကျောင်းဆင်းတော့ ဟယ်ရီဟာ တခြားကျောင်းသားတွေလိုပဲ ချွေးတဒီးဒီးနဲ့ နာကျင်ကိုက်ခဲပြီး မြေကြီးတွေ ပေကုန်ပြီ။ သူတို့ဟာ နွမ်းနယ်စွာ ရဲတိုက်ပြန်ပြီး ရေအမြန်ချိုးတယ်။ ဒီနောက် ဂရစ်ဖင်းဒေါ ကျောင်းသားတွေနဲ့ အတူ ရုပ်ပြောင်းသင်တန်းကို အမြန်သွားတက်ကြတယ်။

ပါမောက္ခမက်ဂေါ်နာဂေါ်ရဲ့ သင်တန်းဟာ အမြဲတမ်းပဲ သိပ်ခက်တယ်။ ဒီနေ့က ခါတိုင်းထက် ခက်တယ်။ ဟယ်ရီ မနှစ်ကသင်ခဲ့ရတဲ့ သင်ခန်းစာဟာ နွေကျောင်းပိတ်ရက်မှာ ခေါင်းထဲက ထွက်သွားကုန်ပြီ လိုပဲ။ သူ့ကို ပိုးပိုးတုန်းကောင်ကို ကြယ်သီးအဖြစ် ပြောင်းခိုင်းတယ်။ သို့ပေမယ့် သူအကြာကြီး ကြိုးစားပေမယ့် အဲဒီ ပိုးပိုးတုန်းကောင်ကို လေ့ကျင့်ခန်း လုပ်ပေးလိုက်သလို ဖြစ်နေတယ်။ ပိုးပိုးတုန်းကောင်က မှော်ကြိမ်လုံးကို ရှောင်ပြီး စာပွဲပေါ် လျှောက်ပြေးတယ်။ သူဘယ်လိုမှ တို့လို့မရဘူး။

ရွှန်က ပိုဆိုးသေးတယ်။ သူက မှော်တိတ်တချို့ချေးပြီး မှော်ကြိမ်လုံးကို ဖာထေးလိုက်တယ်။ ဒါပေမယ့် ဖာထေးလို့ မရတော့ဘူးလိုပဲ။ မကြာမကြာ တဖျစ်ဖျစ်မြည်ပြီး မီးပွင့်လာတယ်။ ပိုးပိုးတုန်းကောင်ကို ရုပ်ပြောင်းအောင် လုပ်မယ်ကြံတိုင်း မီးခိုးရောင် ကြက်ဥပုပ်နံ့ထွက်တဲ့ မီးခိုးတွေက သူ့ကို ဖုံးလွှမ်းသွားတယ်။ သူဘာမှ သေချာမမြင်ဘဲ တံတောင်ဆစ်နှင့် ဖိမိလို့ နောက်တစ်ကောင် ထပ်တောင်းရတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်က သိပ်မကျေနပ်ဘူး။

နေ့လယ်စာ စားတဲ့ ဂလိုင်သံ ကြားရတော့ ဟယ်ရီ့မှာ သက်သာရာ ရသွားတယ်။ သူ့ဦးနှောက်ဟာ ရေညှစ်ထားတဲ့ ရေမြှုပ်လိုပဲ။ အားလုံးစာသင်



ခန်းက ထွက်ခွာသွားကြတယ်။ သူနဲ့ ရွှန်ပဲကျန်တယ်။ ရွှန်က ဒေါသထပြီး မှော်ကြိမ်လုံးနဲ့ စာပွဲကို ခေါက်နေတယ်။

"တော့ ...... အသုံးမကျတဲ့ ...... ဟာ ......"

"အိမ်ကို စာရေးပြီး နောက်ထပ်တစ်ချောင်း တောင်းပေါ့" ဟယ်ရီက အကြံပေးတယ်။ အဲဒီမှော်ကြိမ်လုံးဟာ ဗျောက်အိုးခွဲသလို တစ်ဖြောက်ဖြောက် အသံမြည်နေတယ်။

"ဟုတ်တယ်လေ၊ နောက်ထပ်ကြိမ်းမောင်းစာ တစ်စောင်ရမယ်" ရွှန်ကပြောရင်း စတင်ပြီး တရှိုးရှိုးမြည်လာတဲ့ မှော်ကြိမ်လုံးကို လွယ်အိတ်ထဲ ထိုးထည့်လိုက်တယ်။ "မင်းမှော်ကြိမ်လုံး ကျိုးတာ မင်းအပြစ် —"

နှစ်ယောက်သား ထမင်းစားဖို့ သွားကြတယ်။ ဟာမီးက သူတို့ကို ပိုးပိုးတုန်းကောင်ကနေ ရုပ်ပြောင်းထားတဲ့ လှပတဲ့ ကုတ်အင်္ကျီကြယ်သီး လက်တစ်ဆုပ်စာကို ပြပေမယ့် ရွှန်စိတ်ပျော်မလာဘူး။

"ဒီညနေဘာတက်ရမှာလဲ" ဟယ်ရီက စကားစကို အမြန်ပြောင်းလိုက်တယ်။

"မှော်နက်ပညာ ကာကွယ်တဲ့အတတ်" ဟာမီးက ချက်ချင်းဖြေတယ်။

"ဘာ" ရွှန်က အံ့ဩစွာပြောတယ်။ သူမရဲ့ အချိန်ဇယားကို ဆွဲယူလိုက်တယ်။ "နင် လော့ဟတ်သင်မယ့် သင်ခန်းစာ အားလုံးကို အသဲသဏ္ဌာန်လေးတွေနဲ့ အမှတ်အသား လုပ်ထားတယ် ဟုတ်လား"

ဟာမီးက အချိန်ဇယားကို ဆွဲယူလိုက်တယ်။ စိတ်ဆိုးလို့ မျက်နှာကြီး နီနေတယ်။

သူတို့ ထမင်းစားပြီးနောက် မိုးအုံ့တဲ့ ခြံဝန်းထဲ ထွက်လာတယ်။ ဟာမီးဟာ ကျောက်လှေခါးထစ်ပေါ် ထိုင်ချပြီး 'သွေးစုတ်ကောင်နဲ့ အတူ ခရီးသွားခြင်း' ကို မျက်နှာနဲ့မခွာ ဖတ်နေပြန်တယ်။ ဟယ်ရီနဲ့ ရွှန်ဟာရပ်ပြီး ခွေဒစ်အကြောင်း မိနစ်အချို့ ပြောနေကြတယ်။ ဟယ်ရီက သူ့ကိုတစ်ယောက်ယောက် သေချာစိုက်ကြည့်နေမှန်း သိလိုက်တယ်။ သူခေါင်းမော့လိုက်တယ်၊ မနေ့ညက အရွေးအစားခွဲ အခမ်းအနားတုန်းက အလွန်ပိန်သေးတဲ့ ဆံပင်မွဲမွဲနဲ့ ကောင်လေးဟာ သူ့ကို စူးစိုက်ကြည့်နေတာ တွေ့ရတယ်။ သူ့လက်ထဲက အရာဟာ ရိုးရိုး မတ်ဂေါ်ကင်မရာလိုဘဲ။ ဟယ်ရီ သူ့ကို ကြည့်လိုက်တာနဲ့ ကောင်လေး မျက်နှာ နီသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းတယ်နော်၊ ဟယ်ရီ။ ကျွန်တော် — ကျွန်တော်က ခိုလင်-ခရီဒီးပါ" သူက အသက်အောင့် ပြောတယ်။ ရှေ့သို့ တစ်လှမ်းတိုးကြည့်လိုက်တယ်။ "-ကျွန်တော်လဲ ဂရစ်ဖင်းဒေါမှာပဲ။ ခင်ဗျားအနေနဲ့ — ရမလား — ကျွန်တော် ဓာတ်ပုံ ရိုက်လို့ရမလား" သူက ပြောပြီး မျှော်လင့်စွာနဲ့ ကင်မရာကို မြှောက်လိုက်တယ်။

"ဓာတ်ပုံ ?"ဟယ်ရီက ဘာမှန်းမသိဘဲ လိုက်ပြောတယ်။

"ဒါမှ ကျွန်တော် ခင်ဗျားနဲ့ တွေ့တယ်ဆိုတာ သက်သေပြလို့ ရမှာ" ခိုလင်-ခရီဗီးက လှိုက်လှဲစွာပြောရင်း ရှေ့ကို ထပ်တိုးလိုက်တယ်။ "ခင်ဗျား အကြောင်း ကျွန်တော် အကုန်သိတယ်။ လူတိုင်း ကျွန်တော့်ကို ပြောပြတယ်၊ ခင်ဗျား ဟိုသိထားသူလက်က ဘယ်လိုလွတ်ခဲ့တယ်။ ၎င်းဘယ်လို ပျောက်ကွယ်သွားတယ် စတာတွေပေါ့။ ပြီးတော့ ခင်ဗျား နဖူးမှာ ခုထိလျှပ်စီးလက်တဲ့ သဏ္ဌာန် အမာရွတ်ရှိနေသေးတာ" (သူ့အကြည့်ဟာ ဟယ်ရီဆံစပ်မှာ ရှာဖွေနေတယ်)။ "ကျွန်တော်တို့ အိပ်ခန်းထဲက ကောင်လေးတစ်ယောက်က ပြောတယ်၊ ကျွန်တော် မှန်ကန်တဲ့ ဆေးနဲ့ ဖလင်ဆေးရင်၊ ဓာတ်ပုံပေါ်ကလူ လှုပ်ရှားနိုင်တယ်တဲ့" ခိုလင်က အသက်ပြင်းပြင်း ရှူလိုက်တယ်။ စိတ်လှုပ်ရှားလို့ နည်းနည်းတုန်နေတယ်။ "ဒီမှာက သိပ်ဟန်ကျတာပဲ။ မဟုတ်ဘူးလား၊ ဟော့ဂ်ဝပ်က စာမရခင်က ကျွန်တော် လုပ်တတ်တဲ့ ထူးဆန်းတဲ့အဖြစ်တွေဟာ မှော်ပညာဆိုတာ မသိခဲ့ဘူး။ ကျွန်တော့်အဖေက နွားနို့ပို့သမား။ သူလဲ မယုံကြည်နိုင်ဘူး။ ဒါကြောင့် ကျွန်တော် ဓာတ်ပုံတွေအများကြီးရိုက်ပြီး သူ့ကို ပို့ပေးမယ်။ သူသာ ခင်ဗျားဓာတ်ပုံတစ်ပုံရရင် —"သူက မေတ္တာရပ်ခံတဲ့ သဘောနဲ့ ဟယ်ရီကို ကြည့်နေတယ်။ "— ကျွန်တော် ခင်ဗျားဘေးမှာ ရပ်ပြီး ခင်ဗျား သူငယ်ချင်းကို ရိုက်ပေးခိုင်းလို့ ရမလား။ ပြီးတော့ ခင်ဗျားဆိုင်းထိုး ပေးနိုင်မလား"

"ဆိုင်းထိုးတဲ့ ဓာတ်ပုံ ? မင်းဆိုင်းထိုးတဲ့ ဓာတ်ပုံပေးနေသလား၊ ပေါ်တာ"

ဒြာခို-မော်ဖိုင်ရဲ့ စူးရှကျယ်လောင်တဲ့အသံဟာ ခြံဝန်းထဲမှာ ပဲတင်ထပ်သွားတယ်။ သူက ခိုလင်နောက်မှာ ရပ်နေတယ်။ ဟော့ဂ်ဝပ်မှာ ဆိုရင် အကောင်ကြီးကြီး၊ လူဆိုးဂိုက်နဲ့။ သူ့အဖော်နှစ်ယောက်ဖြစ်တဲ့ ခရပ်နဲ့ ဂိုး သူ့အနားမှာ အမြဲရှိတယ်။



"အားလုံး တန်းစီ" မော်ဖိုင်က လူအုပ်ဆီ လှမ်းအော်တယ်။ "ဟယ်ရီ ပေါ်တာက ဆိုင်းထိုးဓာတ်ပုံ ဝေမလို့တဲ့"

"မဟုတ်ဘူး။ မဝေပါဘူး" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ လက်သီး တင်းတင်းဆုပ်ထားတယ်။ "ပါးစပ်ပိတ်ထား၊ မော်ဖိုင်"

"မင်းက မနာလိုတာ" ခိုလင်က အော်ပြောတယ်။ သူ့တစ်ကိုယ်လုံးဟာ ကြက်ခြင်ရဲ့ လည်ပင်းလောက်ပဲ တုတ်တယ်။

"မနာလိုလို့ ?" မော်ဖိုင်က ပြောတယ်။ သူအော်ဖို့ မလိုတော့ဘူး။ ခြံဝန်းထဲက လူတစ်ဝက်လောက်ဟာ နားထောင်နေတယ်။ "ဘာကို မနာလိုရမှာလဲ။ ငါက ခေါင်းပေါ်မှာ အရုပ်ဆိုးတဲ့ အမာရွတ် မလိုချင်ပါဘူး။ ကျေးဇူးပဲ။ ခေါင်းကို ခုတ်ခွဲခံရတာနဲ့ ထူးခြားလာမယ်လို့ မထင်ပါဘူး။ ငါမယုံဘူး"

ခရပ်နဲ့ ဂိုးက ထိုင်းအအ ရယ်တယ်။

"ပက်ကျိသွားစား ၊မော်ဖိုင်" ရွန်က စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ ခရပ် ရယ်တော့ဘူး။ သစ်အယ်သီးနဲ့တူတဲ့ သူ့လက်ဆစ်တွေကို တအားပွတ်ချေနေတယ်။

"သတိထား၊ ဝယ်စလီ" မော်ဖိုင်က ကဲ့ရယ်ပြောတယ်။ "မင်းနောက်ထပ် ဒုက္ခမရှာနဲ့တော့၊ နို့မို့ရင် မင်းအမေက အိမ်ပြန်ခေါ်သွားရလိမ့်မယ်" သူက စူးရှရှအသံ တမင်လုပ်ပြောတယ်။ "မင်းနောက်ထပ် စည်းလွတ်ကမ်းလွတ်ဆိုရင် —"

ဘေးရှိ စလေးသရင်း ပဥ္စမနှစ်ကျောင်းသားတစ်စုက ဝိုင်းရယ်ကြတယ်။

"ဝယ်စလီက ဆိုင်းထိုးဓာတ်ပုံတစ်ပုံ လိုချင်လို့တဲ့၊ ပေါ်တာ" မော်ဖိုင်က ကျေနပ်စွာ ရယ်နေတယ်။ "ဒါက သူတို့ နေအိမ်ထက် တန်ဖိုးရှိသေးတယ်"

ရွန်က မှော်ကြိမ်လုံး ဆွဲထုတ်တယ်။ ဒါပေမယ့် ဟာမီးက 'သွေးစုတ်ကောင်နဲ့ အတူ ခရီးသွားခြင်း' ကို ပိတ်လိုက်ပြီး တိုးတိုးပြောတယ်။ "သတိထား"

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ" ဂစ်ဒရိုင်း-လော့ဟတ် သူတို့ဆီ ခြေလှမ်းကျဲကျဲ လျှောက်လာတယ်။ စိမ်းဝါရောင် ဝတ်ရုံရှည်ဟာ သူ့နောက်မှာ လွင့်ပျံ့နေတယ်။ "ဘယ်သူ ဆိုင်းထိုးဓာတ်ပုံ ဝေနေတာလဲ"

ဟယ်ရီ စကားပြောမယ်လုပ်တုန်းမှာ လော့ဟတ်က သူ့ပခုံးကို ဖက်ပြီး ပျော်ရွှင်စွာ အော်ပြောတယ်။ "မေးစရာမလိုဘူး။ တို့ ဆုံတွေ့ပြန်ပြီ၊ ဟယ်ရီ"

www.burmeseclassic.com



ဟယ်ရီဟာ လော့ဟတ်ဘေးမှာ ဖက်ထားခံရပြီး ရှက်လွန်းလို့ ပူထူ...တယ်။ မော်ဖိုင် ကျေနပ်စွာ လူအုပ်ကြားထဲ ဆုတ်သွားတာ တွေ့လိုက်ရတယ်။

"လုပ်ပါ၊ မစ္စတာ ခရီဗီး" လော့ဟတ်က ခရီဗီးကို ပြုံးပြုံးကြီး ခေါ်...တယ်။ "နှစ်ယောက်တွဲ။ ဒါသိပ်ကို တွက်ခြေကိုက်တာ။ တို့နှစ်ယောက် မင်း... ဆိုင်းထိုးပေးမယ်"

ခိုလင်က ပသွက်မလက်နဲ့ ကင်မရာကို ကိုင်လိုက်တယ်။ နေ့လယ်ပိုင်း... ကျောင်းတက်ခေါင်းလောင်းသံ ပေါ်ထွက်လာချိန်မှာ ခလုတ်နှိပ်ချလိုက်တယ်။

"သွားကြတော့၊ မြန်မြန်သွား ကျောင်းတက်ကြ" လော့ဟတ်က... လူအုပ်ကို အော်ပြောတယ်။ ဒီနောက် ဟယ်ရီကို ခေါ်ပြီး ရဲတိုက်ဆီ ထွက်... သွားတယ်။ ဟယ်ရီက တင်းတင်းဖက်ထား ခံနေရဆဲပဲ။ သူဟာ ကိုယ်ပျောက်... ဂါထာတစ်ခု သိဖို့ မျှော်လင့်နေတယ်။

"ပြောပြစရာရှိတယ်၊ ဟယ်ရီ" သူဟာ ဘေးတံခါးကနေ အဆောက်... အဦထဲ ဝင်လာတယ်။ လော့ဟတ်က ဖခင်လို ပြောတယ်။ "ကျုပ်က ခရီဗီး... ရှေ့မှာ မင်းကို ဖုံးပေးတာ — သူရိုက်တာ တို့နှစ်ယောက်ဓာတ်ပုံဆိုရင်... မင်းသူငယ်ချင်းတွေက မင်းသိပ်မာနကြီးနေတယ်လို့ မထင်တော့ဘူးပေါ့..."

လော့ဟတ်ဟာ ဟယ်ရီ အထစ်စွာ ရှင်းပြတာကို လုံးဝနားမထောင်ဘဲ... သူ့ကိုဖက်ပြီး ကျောင်းသားတွေ အပြည့်ရပ်နေတဲ့ စင်္ကြံကိုဖြတ်ပြီး လှေခါး... တက်ခဲ့တယ်။ ကျောင်းသားတွေဟာ သူတို့ကို စိုက်ကြည့်နေကြတယ်။

"ကျုပ်ပြောတာ နားထောင်၊ မင်း အခု ဒီအဆင့်ကတည်းက ဆိုင်းထိုး...တဲ့ ဓာတ်ပုံဝေတာ ဉာဏ်အမြော်အမြင်မရှိတာပဲ — ဟယ်ရီ၊ အမှန်အတိုင်း... ပြောရရင် ဒါဟာ နည်းနည်းမာနကြီးပုံ ပေါ်နေတယ်။ နောင်တစ်နေ့မှာ... မင်းလဲ ငါလိုပဲ ဘယ်သွားသွား ဓာတ်ပုံအထပ်လိုက် ယူသွားရလိမ့်မယ်... ဒါပေမယ့် — " သူက အသာလေး ရယ်လိုက်တယ်။ "မင်းအဲဒီအချိန်မရောက်... သေးဘူးလို့ ကျုပ်ထင်တယ်"

လော့ဟတ်ရဲ့ ကျောင်းခန်းရောက်မှ သူက လက်ကို ဖြည်ချ... လိုက်တယ်။ ဟယ်ရီက တွန့်နေတဲ့အင်္ကျီကို သပ်ချလိုက်တယ်။ နောက်ဆုံး... တန်းက နေရာတစ်နေရာမှာ ထိုင်လိုက်ပြီး လော့ဟတ်ရဲ့ စာအုပ်ခုနစ်အုပ်... ရှေ့မှာ မြန်မြန်ပုံချလိုက်တယ်။ လူအစစ်ကို မမြင်ရအောင်လို့။

ကျန်ကျောင်းသားတွေဟာ စကားပြောရင်း ကျောင်းခန်းထဲ ဝင်လာ...



...တယ်။ ရွန်နဲ့ ဟာမီးက ဟယ်ရီရဲ့ တစ်ဖက်တစ်ချက်မှာ ဝင်ထိုင်တယ်။

"မင်းမျက်နှာပေါ်မှာ ကြက်ဥကြော်လို့ ရနေပြီ" ရွန်က ပြောတယ်။ "...င်း ခရီဗီးနဲ့ ဂျင်နီ မတွေ့ဆုံပါစေနဲ့လို့ ဆုတောင်းရင် ကောင်းမယ်။ ...တို့နှစ်ယောက်က ဟယ်ရီ-ပေါ်တာ ကြည်ညိုသူများ ကလပ်အသင်းဖွဲ့ဖို့ ...ကြလိမ့်မယ်"

"လျှောက်မပြောနဲ့" ဟယ်ရီက ဝေါက်လိုက်တယ်။ သူဟာ "ဟယ်ရီ-ပေါ်တာ ကြည်ညိုသူများကလပ်" ဆိုတဲ့ အပြောအဆိုကို လော့ဟတ်ကြား...တယ်။

ကျောင်းသားအားလုံး ထိုင်ကြပြီးနောက်၊ လော့ဟတ်က အကျယ်ကြီး ...ချောင်းဟန့်ပြီး လည်ချောင်းရှင်းလိုက်ခြင်းဖြင့် အားလုံးငြိမ်သက်အောင် ...လုပ်လိုက်တယ်။ သူက နီဗီး-လွန်ဘော့တမ်ရဲ့ 'ဘီလူးကြီးနဲ့ ခရီးသွားခြင်း' ...စာအုပ်ကိုယူပြီး ကိုင်မြှောက်ထားတယ်။ အဖုံးပေါ်က မိမိမျက်စိမှိတ်ပြနေတဲ့ ...ဓာတ်ပုံကို ပြသနေတယ်။

"ကျုပ်" သူက မိမိဓာတ်ပုံကို ညွှန်ပြရင်း မျက်စိလည်းမှိတ်ပြပြီး ပြော...တယ်။ "ဂစ်ဒရိုင်း-လော့ဟတ်။ မယ်လင် တတိယဆုတံဆိပ်ရ မှော်နက်ပညာ ...ဆန့်ကျင်ရေးအဖွဲ့ ဂုဏ်ထူးဆောင် အသင်းသား၊ 'မှော်ဆရာအပတ်စဉ် ...စာနယ်' တွင် ဆွဲဆောင်မှုအရှိဆုံး အပြုံးဆု ငါးကြိမ်ရရှိသူ — ဒါပေမယ့် ...ကျုပ်က အဲဒါကို ပြောနေတာ မဟုတ်ပါဘူး။ ကျုပ်ဟာ ဘန်ဒွန်းက သရဲမတို့ ...အပြုံးအတုနဲ့ မောင်းနှင်တာ မဟုတ်ဘူး"

အများက ရယ်လာတာကို သူစောင့်နေတယ်။ လူတချို့ ပြုံးလိုက်...တယ်။

"မင်းတို့က ကျုပ်စာအုပ်အားလုံးကို ဝယ်တာ တွေ့ရတယ် — ...သိပ်ကောင်းတယ်။ ဒီနေ့ အရင်ဆုံးစစ်ဆေးမှုလေးတစ်ခု လုပ်သင့်တယ်လို့ ...ကျုပ်ထင်တယ်။ မကြောက်ကြပါနဲ့ — မင်းတို့ ဖတ်ထားတဲ့ အခြေအနေ ...ဘယ်လောက်သဘောပေါက်လဲဆိုတာ သိချင်လို့ပါ......"

သူက မေးခွန်းလွှာဝေပေးကာ စကားပြောစင်မြင့်ပေါ် ပြန်သွားပြီး ပြောတယ်။ "မင်းတို့ကို မိနစ် (၃၀) ပေးမယ်။ အခု — စ"

ဟယ်ရီက မေးခွန်းလွှာကို ကြည့်ပြီး ဖတ်တယ်။

(၁) ဂစ်ဒရိုင်း-လော့ဟတ် ဘယ်အရောင်ကို အကြိုက်ဆုံးလဲ။

www.burmeseclassic.com

www.burmeseclassic.com



(၂) ဂစ်ဒရိုင်း-လော့ဟတ်ရဲ့ လျှို့ဝှက်တဲ့ ရည်မှန်းချက်က ဘာလဲ။

(၃) ဂစ်ဒရိုင်း-လော့ဟတ်ရဲ့ ဒီနေ့ထိ အောင်မြင်မှုဟာ ဘာလို့ သင်ထင်သလဲ။

စတာတွေ ဖြစ်ပြီး ၊ စာမျက်နှာ သုံးမျက်နှာတိတိရှိတယ်။ နောက်ဆုံး မေးခွန်းက —

၅၄။ ဂစ်ဒရိုင်း-လော့ဟတ်ရဲ့ မွေးနေ့ဟာ ဘယ်နေ့လဲ။ သူ့စိတ်ကူးထဲက ရလိုတဲ့ မွေးနေ့လက်ဆောင်ဟာ ဘာလဲ။

နာရီဝက်ကြာတော့ လော့ဟတ်က အဖြေလွှာကို သိမ်းယူပြီး ကျောင်းသားအားလုံးရှေ့မှာ လှန်လှောကြည့်နေတယ်။

"ကွျတ်ကျွတ် — ကျုပ် တမာပန်းအရောင်ကြိုက်တာ ဘယ်သူမှ မမှတ်မိပါလား။ 'တီဗက်နှင်းလူနဲ့ အတူနေတဲ့ တစ်နှစ်တာ' ထဲမှာ ပြောထားတယ်လေ။ ကျောင်းသားတစ်ချို့ 'ဝံပုလွေလူသားနဲ့ ရက်သတ္တပတ်ကုန်ရက်မှာ အတူနေ' ကို ပိုပြီး သေချာဖတ်ရမယ် — ကျုပ်စာအုပ်ထဲ အခန်း (၁၂) မှာ ကျုပ်စိတ်ကူးထဲက ရလိုတဲ့ မွေးနေ့လက်ဆောင်ဟာ မှော်ပညာတတ်သူနဲ့ မတတ်သူအားလုံး သင့်သင့်မြတ်မြတ်နေကြဖို့။ ဒါပေမယ့် အော့ဂဒန်နှစ်ချို့ မီး ဝီစကီပုလင်းကြီးကိုလဲ မငြင်းပယ်ပါဘူး"

သူက သူတို့ကို မျက်စိမှိတ်ပြလိုက်ပြန်တယ်။ အခု ရွန်က မယုံကြည်တဲ့ အမူအရာနဲ့ သူ့ကို ကြည့်နေတယ်။ ရှေ့ဘက်က စီးမတ်စ်-ဖင်နစ်ဂင်နဲ့ ဒင်းသောမတ်စ်တို့ဟာ အသံမထွက်ဘဲ ရယ်နေတာ တစ်ကိုယ်လုံးတုန်နေတာဘဲ။ ဒါပေမယ့် ဟာမီးကတော့ စိတ်ဝင်တစား နားထောင်နေတယ်။ လော့ဟတ်ဟာ ရုတ်တရက် သူမနာမည်ကို ခေါ်လိုက်လို့ ဟာမီးလန့်သွားတယ်။

" . . . . . . ဒါပေမယ့် မစ်ဟာမီး-ဂရန်ဂျာက ကျုပ်ရဲ့ လျှို့ဝှက်ရည်မှန်းချက်ဟာ ကမ္ဘာပေါ်ရှိ မကောင်းမှု အကုသိုလ်တွေကို သုတ်သင်ဖို့နဲ့ ကျုပ်ရဲ့ ဆံပင် ကာကွယ်ဆေးအတွဲလိုက်ကို ဈေးကွက်ဝင်အောင် လုပ်ဖို့ပဲ — တော်တဲ့ကောင်မလေး။ စင်စစ် — " သူက သူမရဲ့ အဖြေလွှာကို ပြန်လှန်လိုက်တယ်။ " ၁၀၀မှတ်။ မစ်ဟာမီး-ဂရန်ဂျာဘယ်မှာလဲ "

ဟာမီးက တုန်နေတဲ့ လက်တစ်ဖက်ကို မြှောက်လိုက်တယ်။

" သိပ်ကောင်းတယ် " လော့ဟတ်က ရယ်ပြီးပြောတယ်။ " သိပ်ကို ကောင်းတယ်။ ဂရစ်ဖင်းဒေါ်ကို ဆယ်မှတ်ပေးတယ်။ အခု၊ သင်တန်းစမယ်"



သူဟာ စာသင်စင် နောက်ကနေ အဝတ်ဖုံးဖုံးထားတဲ့ လှောင်အိမ်ကြီးကို ကုန်းယူပြီး စာပွဲပေါ်တင်လိုက်တယ်။

" အခု — သတိထားကြပါ။ ကျုပ်တာဝန်က မင်းတို့ကို မှော်လောကမှာ သိထားပြီးတဲ့ အဆိုးရွားဆုံး အရာကို ခုခံနိုင်အောင် သင်ပေးဖို့ပဲ။ မင်းတို့ဟာ ဒီစာသင်ခန်းထဲမှာ ကြောက်စရာအကောင်းဆုံးအရာနဲ့ ရင်ဆိုင်ရသိမ့်မယ်။ ဒါပေမယ့် မှတ်ထားရမှာက၊ ကျုပ်ဒီမှာ ရှိနေရင် မင်းတို့ ဘယ်လိုမှ မထိခိုက်နိုင်ဘူး။ မင်းတို့ တည်တည်ငြိမ်ငြိမ်နေဖို့ပဲ ကျုပ်တောင်းဆိုတယ်"

ဟယ်ရီဟာ သူ့ဖာသာ မထင်မှတ်ဘဲ စာအုပ်ပုံနောက်က ခေါင်းပြူထွက်လိုက်တယ်။ ဟိုလှောင်အိမ်ကို သေချာကြည့်ချင့်လို့။ လော့ဟတ်ဟာ လက်တစ်ဖက်ကို အဝတ်ဖုံးပေါ် တင်ထားတယ်။ ဒင်းနဲ့ စီးမတ်စ် အရယ်ရပ်သွားတယ်။ ပထမအတန်းက နီဗီးဟာ နောက်ကို ကြုံ့သွားတယ်။

" မင်းတို့ကို ထမအော်ပါနဲ့လို့ အရင်ဆုံး မှာကြားချင်တယ် " လော့ဟတ်က အသံကို နှိမ့်ပြောတယ်။ " အဲဒါ သူတို့ကို ဒေါသထွက်စေလိမ့်မယ်"

ကျောင်းသားအားလုံး အသက်ရှူအောင့်ထားတယ်။ လော့ဟတ်က အဝတ်ဖုံးကို လှန်လိုက်တယ်။

" ကောင်းပြီ " သူက ပြဇာတ်လေသံနဲ့ ပြောတယ်။ " ခုမှ ဖမ်းလာတဲ့ ခေါ်နစ်မှင်စာလေးတွေလေ "

စီးမတ်စ်-ဖင်နစ်ဂင်ဟာမထိန်းနိုင်ဘဲ ခစ်ကနဲ ရယ်ထွက်လာတယ်။ အဲဒါ လော့ဟတ်တောင်ကြောက်လို့ ထအော်တယ်လို့ ထင်လို့မရဘူး။

" ဘယ့်နှယ်လဲ " သူက ပြုံးပြီး စီးမတ်စ်ကို မေးတယ်။

" အင်း၊ ဒင်းတို့က — ဒင်းတို့က သိပ်ပြီးတော့ — အန္တရာယ်မရှိပါဘူးထင်တယ်နော် " စီးမတ်စ်ဟာ ဗိုက်နာအောင် ရယ်နေတယ်။

" ဒီလောက် အသေအချာ မမှတ်ယူနဲ့ " လော့ဟတ်က စိတ်ဆိုးစွာနဲ့ သူ့ကို လက်ညှိုးယမ်းပြပြီး ပြောတယ်။ " ဒင်းတို့ဟာ ဘီလူးလိုပဲ ကောက်ကျစ်တဲ့ ဖျက်ဆီးရေးသမားတွေ ဖြစ်နိုင်တယ်"

အဲဒီ မှင်စာလေးတွေဟာ အစိမ်းပုပ်ရောင်ရှိပြီး ရှစ်လက်မခန့် မြင့်တယ်။ မျက်နှာချွန်ချွန်၊ အသံကအလွန် စူးရှတယ်။ သြစတေးလျှ ကြက်တူရွေးတွေ ရန်ဖြစ်နေတာ ကြားရသလိုပဲ။ အဖုံးလှန်လိုက်တာနဲ့ ဒင်းတို့ဟာ ဇြိုး

www.burmeseclassic.com



ဆူဆူညံညံနဲ့ ခုန်ပေါက်နေတယ်။ လှောင်အိမ်တန်းတွေကို လှုပ်ခါတယ်။ အနီးရှိလူတွေကို ကိုးယိုးကားယား အမူအရာတွေ လုပ်ပြတယ်။

" ကောင်းပြီ " လော့ဟတ်က အကျယ်ကြီး ပြောတယ်။ " သူတို့ကို မင်းတို့ ဘယ်လိုတတ်နိုင်မလဲဆိုတာ ကြည့်ရအောင် " သူက လှောင်အိမ်ကို ဖွင့်ပေးလိုက်တယ်။

အခုရှုပ်ယှက်ခတ်ကုန်ပြီ။ မျောက်စာလေးတွေဟာ ဗုံးပျံလို အရပ်လေးမျက်နှာ လျှောက်ပျံနေတယ်။ နှစ်ကောင်ကဆိုရင် နီဗီးရဲ့ နားရွက်ကို ဖမ်းလိမ်ကြတယ်။ တချို့က ပြတင်းအပြင်ဘက်ကို တိုက်ရိုက် ပျံထွက်လို့ ကျောင်းခန်းနောက်ဆုံးတန်းမှာ မှန်ကွဲစတွေချည်းပဲ။ ကျန်တာတွေက ကျောင်းခန်းထဲမှာ ဖျက်ဆီးရေးတွေ လုပ်ချင်တိုင်း လုပ်နေကြတယ်။ ကြံ့တစ်ကောင် ထင်တိုင်းကျဲနေတာထက် ပိုဆိုးတယ်။ ၎င်းတို့ဟာ မှင်ပုလင်းကို ကိုင်ပြီး လျှောက်ပက်တယ်၊ စာအုပ်နဲ့ စက္ကူတွေကို ဆုတ်ဖြဲပစ်တယ်။ နံရံပေါ်က ကားချပ်တွေကို ဆွဲချတယ်၊ အမှိုက်ပုံးကို သွန်မှောက်ပစ်တယ်။ လွယ်အိတ်နဲ့ စာအုပ်တွေကို ပေါက်နေတဲ့ ပြတင်းကနေ ပစ်ထုတ်ပြန်တယ်။ မိနစ်အနည်းငယ်ကြာတော့ ကျောင်းသား တစ်ဝက်ခန့်ဟာ စာပွဲခုံအောက် ပုန်းနေကြတယ်။ နီဗီးကတော့ မှတ်နှာကြက် မီးဆွဲပေါ်မှာ လှုပ်ယမ်းနေတယ်။

" လာကြ ကြ၊ ၎င်းတို့ကို တစ်နေရာတည်း ရောက်အောင် မောင်းကြ၊ တစ်နေရာထဲ ရောက်အောင် ်ငင်းကြ။ ၎င်းတို့ဟာ မှင်စာလေးတွေပါပဲ . . . . . " လော့ဟတ်က အော်တယ်။

သူဟာ အကျီလက်မောင်းကိုပင့်တယ်။ မှော်ကြိမ်လုံးကို မြှောက်ယမ်းပြီး အော်ဟစ်တယ်။ " ဖက်စ်ခီဖစ်ခ်စီ ဖက်စ်ထာနိုမီ "

ဘာမှ အသုံးမကျဘူး။ မှင်စာလေးတစ်ကောင်က လော့ဟတ်ရဲ့ မှော်ကြိမ်လုံးကို ဆွဲယူပြီး ပြတင်းအပြင်ဘက် လွှင့်ပစ်လိုက်တယ်။ လော့ဟတ်လန့်သွားပြီး စားသင်စင်အောက် ဝင်ပုန်းတာ နီဗီးနဲ့ ဓိဆောင့်မိတော့မလို့။ အကြောင်းက အဲဒီအချိန်လောက်မှာပဲ မျက်နှာကြက်မီးပန်းဆွဲဟာ မခံနိုင်တော့ဘဲ ပြုတ်ကျလာလို့။

ကျောင်းဆင်းခေါင်းလောင်းသံ ထွက်ပေါ်ပြီ။ အားလုံး ကျောင်းခန်းပေါက်ကနေ ထွက်ပြေးကြတယ်။ ဒီနောက် တစ်စုံတစ်ရာ ငြိမ်သက်မှု ရလာစဉ် လော့ဟတ်ဟာ ခါးဆန့်လိုက်တယ်။ တံခါးဝရောက်နေတဲ့ ဟယ်ရီ၊ ရွန်



နဲ့ ဟာမီးကို မြင်တော့ပြောတယ်။ "အား၊ ကျန်တာတွေကို လှောင်အိမ်ထဲ ခမ်းထည့်ဖို့ မင်းတို့သုံးယောက်ကို အကူညီတောင်းပါတယ်" သူက သူတို့ ရှေ့ကနေ ကျောင်းခန်းကထွက်သွားတယ်။ အပြင်ရောက်တာနဲ့ တံခါးကို ပိတ်ထားလိုက်တယ်။

"မင်း သူ့ကို ယုံနိုင်မလား" ရွန်က အော်တယ်။ မှင်စာလေးတစ်ကောင် က သူ့နားရွက်ကို ကိုက်ထားတယ်၊ သိပ်နာတယ်။

"သူက ငါတို့ကို လက်တွေ့ အတွေ့အကြုံရဖို့ လုပ်တာပါ" ဟာမီးက ပြောတယ်။ သူမက ဉာဏ်ရှိရှိနဲ့ ရေခဲစေတဲ့ ဂါထာနဲ့ မှင်စာလေးတွေကို ခဲထားလိုက်ပြီး လှောင်အိမ်ထဲ ထိုးထည့်လိုက်တယ်။

"လက်တွေ့ ဟုတ်လား" ဟယ်ရီက မှင်စာလေးတစ်ကောင်ကို ဖမ်းမယ် လုပ်တုန်းမှာ ၎င်းကပေါ့ပါးစွာ ရှောင်ပြေးသွားတယ်။ သူ့ကို လျှာထုတ်ပြလိုက်သေးတယ်။ "ဟာမီး၊ သူ့ဟာသူ ဘာလုပ်နေတယ်ဆိုတာတောင် လုံးဝသိဟန် မတူဘူး"

"လျှောက်ပြောတယ်" ဟာမီးက ပြောတယ်၊ "နင်တို့ သူ့စာတွေဖတ်ဖူး ကြပြီပဲ — သူလုပ်ဆောင်ခဲ့တဲ့ အံ့ဖွယ်တွေကို သတိရပါဦး . . . . . ."

"သူလုပ်ဖူးတယ်ဆိုတာ သူ့ဟာသာ ပြောတာပဲ ရှိတယ်" ရွန်က ပွစိပွစိ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၇။ ရွံ့သွေးနဲ့ တိုးတိုးသံ

ဒီနောက်ပိုင်း ရက်အချို့မှာ ဟယ်ရီဟာ ဂစ်ဒရိုင်း-လော့ဟတ် စကြီ တစ်ဖက်က လျှောက်လာတာတွေ့တာနဲ့ ပုန်းရှောင်ပြီးသွားတယ်။ ဒါပေမယ့် ပိုပြီး အရှောင်ရခက်တာက ခိုလင်-ခရီဗီး။ သူဟာ ဟယ်ရီရဲ့ ကျောင်းချိန်း ဇယားကို အလွတ်ကျက်ထားသလိုပဲ။ ခိုလင်အဖို့ ပြောရရင် ကမ္ဘာပေါ်မှာ စိတ်အလှုပ်ရှားရဆုံး ကိစ္စဟာ နေ့စဉ် "မင်္ဂလာပါ၊ ဟယ်ရီ" လို့ခြောက်ကြိမ် ခုနစ်ကြိမ်ပြောရတာနဲ့ "မင်္ဂလာပါ၊ ခိုလင်" လို့ ပြန်ဖြေတာ ကြားရတာပဲ။ ဟယ်ရီ ပြန်ဖြေတဲ့ အသံဟာ စိတ်ကသိကအောက်ဖြစ်ဖြစ် မဖြစ်ဖြစ်။

ဟက်ဒဝစ်ဟာ ဒုက္ခရောက်တဲ့ မော်တော်ကားခရီး သွားရပြီးနောက် ဟယ်ရီကို စိတ်ဆိုးနေတုန်းပဲ။ ရွှန်ရဲ့ မှော်ကြိမ်လုံးဟာလည်း ပုံမှန်မရှိပြဲ သောကြာနေ့ မနက်ပိုင်းမှာ ပိုပြီး ဆိုးနေတယ်။ မှော်ကြိမ်လုံးဟာ မှော်ဂါထာ သင်တန်းအတွင်း ရွှန့်လက်ထဲက ပျံထွက်သွားပြီး ပိန်သေးသေး ပါမောက္ခ ဖလစ်ဝစ်ရဲ့ မျက်ခုံးကြားသွားမှန်တယ်။ ညိုမည်းမည်းအဖုကြီး ချက်ချင်းပေါ် လာပြီး တဆတ်ဆတ်ခုန်နေတယ်။ ဒီလိုအခြေအနေအမျိုးမျိုးကြောင့် ဟယ်ရီ



ဟာ အပတ်ကုန်ရက် ရောက်လာတာကို သိပ်ဝမ်းသာတယ်။ သူ၊ ရွှန်နဲ့ ဟာမီး ယိုနီတို့ဟာ စနေနေ့ နံနက်မှာ ဟက်ဂရစ်ဆီသွားဖို့ ဆုံးဖြတ်ကြတယ်။ ဒါပေမယ့် ဟယ်ရီဟာ နံနက်စောစောကတည်းက ဂရစ်ဖင်းဒေါ် ခွေဒစ်အသင်းခေါင်း ဆောင် အော်လီဗာ-ဝုဒ် လှုပ်နှိုးခံရတယ်။ သူက နောက်ထပ် နာရီအချို့ အိပ် ချင်သေးတာ။

"ဘာ — ဘာကိစ္စလဲ" ဟယ်ရီက အိပ်မှုန်စုံမွှားမေးတယ်။

"ခွေဒစ်လေ့ကျင့်ရမယ်" ဝုဒ်က ပြောတယ်။ "မြန်မြန်ထ"

ဟယ်ရီဟာ ပြတင်းအပြင်ဘက်ကို မျက်စိမှေးကြည့်တယ်။ ပန်းနု ရောင်ရွှေရောင်ဝင်းတဲ့ မိုးကောင်းကင်ကို နှင်းပါးပါးလေး ဖုံးနေတယ်။ အပြင်က ငှက်သံလေးတွေက ဆူလို့။ သူခုန ဘာကြောင့် မနိုးသလဲဆိုတာ အံ့သြ နေတယ်။

"အော်လီဗာ" ဟယ်ရီက အပြစ်တင်တယ် "ခုမှ မိုးလင်းရုံရှိသေးတယ်"

"ဟုတ်တယ်" အော်လီဗာဟာ အရပ်မြင့်ပြီး ခိုင်ခံ့တဲ့ ပဥ္စမတန်း ကျောင်းသား။ အခု သူ့မျက်လုံးထဲမှာ လိုက်လှဲတဲ့ အရိပ်အယောင်ပေါ်နေ တယ်။ "ဒါက တို့လေ့ကျင့်ရေးအစီအစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းပေါ့။ မြန်မြန် လေး မိုးပျံတံမြက်စည်းကို ယူ၊ ငါနဲ့ လိုက်ခဲ့" ဝုဒ်က လောဆော်တယ်။ "တခြား အသင်းတွေ လေ့ကျင့်ရေးမစသေးဘူး၊ တို့ဒီနှစ်ပထမလု. . . . . . "

ဟယ်ရီက သမ်းဝေရင်း အနည်းငယ်တုန်နေတယ်။ ခုတင်ပေါ်က ဆင်းပြီး သူ့အသင်းဝတ်စုံကို ရှာတယ်။

"သူငယ်ချင်းရေ" ဝုဒ်က ပြောတယ်။ "၁၅-မိနစ် ကြာရင် ဘောကွင်း မှာ ဆုံမယ်"

ဟယ်ရီဟာ မိမိရဲ့ နီနီရဲရဲ အသင်းဝတ်စုံကို ရှာတွေ့သွားပြီ။ ပြီးတော့ အအေးခံနိုင်အောင် သူ့ခြုံထည်ကို ခြုံလိုက်တယ်။ သူက ရွှန့်ကို စာတိုလေး တစ်စောင် ဂမန်းဂတန်းရေးထားခဲ့ပြီး ကြောင်လိမ်လှေခါးကနေ နားနေခန်းကို လျှောက်သွားတယ်။ မိမိရဲ့ အလင်းစကြာ ၂၀၀၀ ကို ထမ်းလာခဲ့တယ်။ ရုပ် ပုံ အားချပ်နောက်က ကျင်းပေါက်ရောက်ရုံရှိသေးတယ်၊ နောက်ဘက်အ သံတဖျပ်ဖျပ်ကြားရတယ်။ ခိုလင်-ခရီဗီးဟာ လှေခါးပေါ်က ပြေးဆင်းလာ တယ်။ လည်ပင်းပေါ်က ကင်မရာဟာ တအားလှုပ်ခါနေတယ်။ လက်ထဲမှာ တစ်ခုခုနဲ့။

www.burmeseclassic.com

www.burmeseclassic.com



"တယ်ရီ။ ကျွန်တော် လေ့ခါးပေါ်မှာ ခင်ဗျားနာမည်ခေါ်တာကြားပါတယ်။ ကျွန်တော် ဘာယူလာတယ်ဆိုတာ ကြည့်။ ဓာတ်ပုံကူးပြီးပြီ။ ခင်ဗျားကို ပြချင်လို့ —"

ဟယ်ရီဟာ ခိုလင် သူ့ကို ယမ်းပြတဲ့ ဓာတ်ပုံကို ငိုင်ကြည့်နေတယ်။

အဖြူအမည်း၊ လှုပ်တတ်တဲ့ လော့ဟတ်ဟာ လက်မောင်းတစ်ဖက်ကို တအားဆွဲနေတယ်။ အဲဒီ လက်မောင်းဟာ မိမိလက်မောင်းမှန်း ဟယ်ရီ သိတယ်။ ဓာတ်ပုံပေါ်က မိမိဟာ တအားခုခံနေတယ်။ အဆွဲမခံဘူးဆိုတာ မြင်ရလို့ သူဝမ်းသာမိတယ်။ လော့ဟတ်ဟာ နောက်ဆုံးမှာ စွန့်လွှတ်လိုက်ပြီး ဓာတ်ပုံရဲ့ အဖြူရောင်နူတ်ခမ်းသားဘက် လှည့်ပြီး မောဟိုက်နေတယ်။

"ခင်ဗျား ဆိုင်းထိုးပေးနိုင်မလား" ခိုလင်က အလောတကြီးမေးတယ်။

"မရဘူး" ဟယ်ရီက ပြတ်ပြတ်ပြောလိုက်တယ်။ ဘေးနားမှာ လူရှိမရှိ ကြည့်လိုက်တယ်။ "ဝမ်းနည်းပါတယ်၊ ခိုလင်။ ကျွန်တော် အရေးကြီးကိစ္စရှိတယ် — ခွေဒစ်လေ့ကျင့်ရမယ်"

သူက ရုပ်ပုံကားချပ် ကျင်းပေါက်ကနေ တွားထွက်သွားတယ်။

"အို၊ ဝိုး၊ ကျွန်တော့် စောင့်ပါဦး၊ ကျွန်တော်ဘယ်တုန်းကမှ ခွေဒစ် မမြင်ဖူးဘူး"

ခိုလင်ဟာ ဂမန်းဂတန်း နောက်ကလိုက်တွားထွက်ခဲ့တယ်။

"ပျင်းစရာကြီး" ဟယ်ရီက အမြန်ပြောတယ်။ ဒါပေမယ့် ခိုလင်က မရဘူး။ စိတ်လှုပ်ရှားလို့ မျက်နှာအရောင်တောက်နေတယ်။

"ခင်ဗျားဟာ နှစ်တစ်ရာအတွင်း အသက်အငယ်ဆုံး ဟောက်စ်ကျောင်းက အသင်းသားမဟုတ်လား ဟယ်ရီ။ ခင်ဗျား ဟုတ်တယ်မှုတ်လား" ခိုလင်က သူ့ဘေးက အပြေးလေးလိုက်ရင်း ပြောတယ်။ "ခင်ဗျားမုချ သိပ်တော်မှာ။ ကျွန်တော်ဘယ်တုန်းကမှ မပျံဖူးဘူး၊ ခက်သလား။ ဒါက ခင်ဗျားရဲ့ မိုးပျံတံမြက်စည်းလား။ အကောင်းဆုံးလား"

သူ့ကို ဘယ်လို ရှောင်ရမလဲဆိုတာ ဟယ်ရီမသိဘူး။ သူ့ဘေးမှာ အထူးစကားပြောချင်တဲ့ အရိပ်ပါလာသလိုပဲ။

"ကျွန်တော် ခွေဒစ်အကြောင်း သိပ်မသိဘူး" ခိုလင်က အားကျစွာ ပြောတယ်။ "ဘောလုံးလေးလုံး ဟုတ်လား။ ၎င်းအနက် နှစ်လုံးက ဟိုဒီပျံပြီး ဘောသမားကို တံမြက်စည်းပေါ်က တိုက်ချတယ်ဆို ဟုတ်လား"



"မှန်တယ်" ဟယ်ရီက လေးပင်စွာ ဖြေတယ်။ မတတ်သာဘဲ ခွေဒစ်ရဲ့ ရှုပ်ထွေးတဲ့ စည်းမျဉ်းတွေကို စတင်ရှင်းပြတယ်။ "အဲဒီဘောတွေကို ဘလတ်ဂါလို့ ခေါ်တယ်။ အသင်းတိုင်းမှာ တိုက်ခိုက်သူနှစ်ယောက် ဘလဒ်ဂါကို ရိုက်တံနဲ့ မောင်းပစ်ရတယ်။ ဖရက်နဲ့ ဂျော့-ဝယ်စလီဟာ ဂရစ်ဖင်းဒေါ်က တိုက်ခိုက်သူတွေပဲ"

"ကျန်ဘောတွေက ဘာလုပ်တာလဲ" ခိုလင်က မေးတယ်။ ပါးစပ်ဟပြီး ဟယ်ရီကို ကြည့်နေတယ်။ လေ့ခါးဆင်းတော့ ခလုတ်တိုက်လိုက်သေးတယ်။

"အော၊ ခွပ်ဖော်။ အဲဒါ အနီရောင်ဘောလုံးအကြီးကြီး။ ဂိုးဝင်ရင် အမှတ်ရတဲ့ ဘော။ အသင်းတိုင်းမှာ ဘောလိုက်သမား သုံးယောက်က ခွပ်ဖော်ကို ပေးကစားတယ်။ ၎င်းကို ဘောကွင်းထိပ်ဆုံးက ဂိုးပေါက်ကို ဖြတ်သွားအောင် လုပ်ရတယ်။ အဲဒါ ထိပ်မှာ ဝွင်းဝိုင်းရှိတဲ့ တိုင်ရှည်သုံးခုပေါ့"

"စတုတ္ထ ဘောလုံး —"

"— အဲဒါ ရွှေဘောလုံးပျံလေး" ဟယ်ရီက ပြောတယ်။ "၎င်းဟာ သိပ်ငယ်တယ်၊ သိပ်မြန်ပြီး ဖမ်းဖို့ ခက်တယ်။ ဒါပေမယ့် ရှာဖမ်းသမားက ၎င်းကို မိအောင်ဖမ်းရမယ်။ ၎င်းကို မဖမ်းမိရင် ခွေဒစ်ပြိုင်ပွဲအဆုံးမသတ်နိုင်လို့၊ ရွှေဘောလုံးပျံလေးကို ဖမ်းမိရင် အမှတ် ၁၅၀ ရတယ်"

"ခင်ဗျားက ဂရစ်ဖင်းဒေါ်က ရှာဖမ်းသမား မဟုတ်လား" ခိုလင်က အံ့ကျစွာ မေးတယ်။

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ သူတို့ ရဲတိုက်က ထွက်ခွာပြီး နှင်းဖွေးဖွေးမြက်ခင်းပေါ် ရောက်လာတယ်။ "ဂိုးစောင့်တစ်ယောက်ရှိသေးတယ်၊ ဂိုးပေါက်စောင့်ရတယ်။ ဒါပါပဲ"

ဒါပေမယ့် မြက်ခင်းကုန်းလျှောအတိုင်း ဆင်းလာတဲ့ လမ်းမှာလည်း ခိုလင်ဟာ မနားတမ်း ဟိုမေးဒီမေးမေးလာတာ အဝတ်လဲခန်း အပေါက်ဝ ရောက်မှ ဟယ်ရီလွတ်ကျွတ်တော့တယ်။ ခိုလင်က သူ့ကျောဘက်က အော်ပြောတယ်။ "ကျွန်တော် နေရာကောင်းကောင်းမှာ ထိုင်လိုက်မယ်၊ ဟယ်ရီ" ဒီနောက် ပွဲကြည့်စင်ဆီ အမြန်ပြေးသွားတယ်။

ဂရစ်ဖင်းဒေါ်အသင်းက ကျန်အသင်းသားအားလုံး အဝတ်လဲခန်း ရောက်နေနှင့်ပြီ။ သူတို့ ကြည့်ရတာ ဝုဒ်တစ်ယောက်ပဲ သေချာနိုးသေးတယ်။ ဖရက်နဲ့ ဂျော့-ဝယ်စလီတို့ ထိုင်နေကြပြီး မျက်ခွံတွေမို့လို့ ဆံပင်တွေလည်း

www.burmeseclassic.com



ရှင်သွေးနေတာပဲ။ ဘေးရှိ စတုတ္ထနှစ်ကျောင်းသူ အလစ်စီယာ-စပင်းနက် ကတော့ နံရံကို မှီပြီး အိပ်ငိုက်နေတယ်။ ကျန် ဘောလိုက်သမားနှစ်ယောက် ဖြစ်တဲ့ ခက်ထီ-ဘဲနဲ့ အင်ဂလီနာ-ဂျွန်ဆင်တို့ဟာ မျက်နှာချင်းဆိုင်ဘက်မှာ ထိုင်ရင်း အဆက်မပြတ် သမ်းဝေနေတယ်။

"မင်းလာပြီလား ဟယ်ရီ၊ ဘယ့်နှယ်နောက်ကျလှချည်လား" ဝုဒ်က တက်ကြွစွာ ပြောတယ်။ "ကောင်းပြီ။ ကွင်းထဲ မဆင်းခင် စကားနည်းနည်း ပြောချင်တယ်။ ငါဒီနွေကျောင်းပိတ်ရက်မှာ လေ့ကျင့်ရေးစီမံကိန်း တစ်ခုရေးဆွဲတယ်။ အသုံးကျလိမ့်မယ်လို့ ထင်တယ် ......"

ဝုဒ်က ခွေဒစ်ဘောကွင်းပုံတူပြ ကားကြီးကို မြှောက်လိုက်တယ်။ အပေါ်မှာ ရောင်စုံ မျဉ်းတွေ၊ မြှားတွေနဲ့ ကြက်ခြေခတ်တွေရှိတယ်။ သူက မှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး ကြမ်းကို တို့လိုက်တာနဲ့ အဲဒီမြှားတွေဟာ ပိုးလောက်လန်းတွေလို တလန်းလန်းလှုပ်လာတယ်။ ဝုဒ်က မိမိရဲ့ နည်းဗျူဟာ သစ်ကို စတင်ရှင်းပြတယ်။ ဖရက်-ဝယ်စလီရဲ့ ခေါင်းဟာ အလစ်စီယာ-စပင်းနက် ပခုံးပေါ် ငိုက်ကျပြီး ဟောက်နေတယ်။

ပထမပုံပြကားချပ်ကို မိနစ် ၂၀ ခန့် ကြာအောင် ရှင်းပြမှ ပြီးတယ်၊ ဒါပေမယ့် ဒုတိယ ကားချပ်၊ တတိယ ကားချပ်တွေ ကျန်သေးတယ်။ ဝုဒ်မနား မနေပြောနေစဉ်မှာပဲ ဟယ်ရီဟာ မှုန်တုံ့မှုန်တေ့ ဖြစ်လာတယ်။

"ဒီအတိုင်းပါပဲ" ဝုဒ်နောက်ဆုံးမှာ ပြောပြီးသွားတယ်။ ချက်ချင်းပဲ ဟယ်ရီလည်း အတွေးထဲကလန့်နိုးလာတယ်။ အကြောင်းက သူအဲဒီအချိန်မှာ ရဲတိုက်မှာ ဘာနံနက်စာစားစာ ကျွေးမလဲဆိုတာတွေးနေလို့။ "ရှင်းပြီလား ဘာပြဿနာရှိသေးလဲ"

"မေးစရာရှိတယ်၊ အော်လီဗာ" ခုတွင် လန့်နိုးလာတဲ့ ဂျော့က ပြောတယ်။ "ခင်ဗျား ဘာဖြစ်လို့ မနေ့တုန်းက ကျွန်တော်တို့ အားလုံး နိုးနေချိန်မှာ မပြောတာလဲ"

ဝုဒ်က သိပ်မကြိုက်ဖူး။

"နားထောင်ကြ၊ သူငယ်ချင်းတို့" သူက မျက်နှာထားနဲ့ ပြောတယ်၊ "တို့ မနှစ်တုန်းကတည်းက ခွေဒစ် ဆုဖလားရရမှာ။ တို့ အရည်အချင်းက ကျန်အသင်းတွေထက် သာတာ သေချာတယ်။ ကံမကောင်းတာက၊ တို့မတတ်နိုင်တဲ့ အခြေအနေကြောင့် ......"



ဟယ်ရီဟာ စိတ်မကောင်းစွာနဲ့ ခုံပေါ်မှာ လှုပ်လိုက်တယ်။ မနှစ်က နိဂုံးနယ်ပွဲမှာ သူဆေးရုံရောက်နေတယ်။ မေ့မြောနေတယ်။ ဂရစ်ဖင်းဒေါ အသင်းမှာ ဘောသမားတစ်ယောက် လျော့နေတော့ အနှစ်သုံးရာအတွင်း အရှုံးကြီး ရှုံးခဲ့ရတယ်။

ဝုဒ်ဟာ အချိန်အနည်းငယ်ယူပြီး မိမိကိုယ်မိမိ ထိန်းလိုက်တယ်။ ပြီးခဲ့တဲ့အကြိမ်က ရှုံးနိမ့်မှုဟာ သူ့ကို နှိပ်စက်နေတာ သေချာတယ်။

"ဒါကြောင့်၊ ဒီနှစ်မှာ တို့တတွေ ဆထက်တံပိုး တိုးပြီး လေ့ကျင့်ရမယ် ...... ကောင်းပြီ၊ ငါတို့ရဲ့သဘောတရားအသစ်ကို လက်တွေ့ကျင့်သုံးကြ စို့" ဝုဒ်အကျယ်ကြီးပြောတယ်။ တံမြက်စည်းကို ဆွဲယူပြီး အဝတ်လဲခန်းကနေ ဦးဆောင်ထွက်သွားတယ်။ သူ့အသင်းသားတွေဟာ သမ်းဝေရင်း ထုံကျဉ်တဲ့ ခြေထောက်ကို ဆွဲပြီး သူ့နောက်က လိုက်သွားကြတယ်။

သူတို့ဟာ အဝတ်လဲခန်းထဲမှာ အကြာကြီးနေခဲ့လို့ နေတောင်အတော် မြင့်နေပြီ။ ဒါပေမယ့် အားကစားကွင်းထဲက မြက်ခင်းပေါ်မှာ နှင်းကြွင်းနှင်း ကျန်လေးတွေ လွင့်ပျံနေသေးတယ်။ ဟယ်ရီဘောကွင်းထဲ ဝင်လာတော့ ရွန်နဲ့ ဟာမီးတို့ ပွဲကြည့်စင်ပေါ် ထိုင်နေတာ တွေ့ရတယ်။

"လေ့ကျင့်လို့ မပြီးသေးဘူးလား" ရွန်က မယုံနိုင်ဘဲ မေးတယ်။

"စတောင် မစရသေးဘူး" ဟယ်ရီဟာ ရွန်နဲ့ ဟာမီးတို့ ခန်းမဆောင် ကြီးထဲက ယူထုတ်လာတဲ့ ပေါင်မုန့်နဲ့ ယိုကို အားကျစွာ ကြည့်နေတယ်၊ "ဝုဒ်က တို့ကို နည်းဗျူဟာ အသစ်ပြောနေတာ"

သူက တံမြက်စည်းကို စီးလိုက်တယ်။ ခြေထောက်နဲ့ မြေကြီးကို ဆန့်လိုက်တာနဲ့ ရှူးဆိုပျံထွက်သွားတယ်။ အေးမြတဲ့ နံနက်လေဟာ သူ့မျက်နှာ ကို ပုတ်ခတ်နေတယ်။ ဝုဒ်ရဲ့ဟောပြောစကားအရှည်ကြီးနဲ့ ဟာရှင် သူ့ကို ချက်ချင်းလန်းဆန်းသွားစေတယ်။ ခွေဒစ်ဘောကွင်းထဲ ပြန်ရောက်လာ တဲ့ ခံစားချက်ဟာ သိပ်ကို ကောင်းတယ်။ သူဟာ အမြန်ဆုံး နှုန်းနဲ့ အားကစား ကွင်းကို ပတ်ပျံသွားတယ်။ ဖရက်နဲ့ ဂျော့တို့နဲ့ ပြိုင်တယ်။

"ဘယ်က ချပ်ချပ်သံလဲ" သူတို့ အမြန်ကွေ့လိုက်တော့ ဖရက်က အော်ပြောတယ်။

ဟယ်ရီက ပွဲကြည့်စင်ကို ကြည့်လိုက်တယ်။ ခိုလင်ဟာ အမြင့်ဆုံး အတန်းမှာ ထိုင်ပြီး ကင်မရာကို မြှောက်ကာ ဆက်ကာဆက်ကာ ရိုက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



တာလာဟင်းလင်း ဖြစ်နေတဲ့ အားကစားကွင်းထဲမှာ ဒီအသံက အံ့ဩစရာ ပိုကျယ်နေတယ်။

"ဒီဘက်ကို ကြည့်၊ ဟယ်ရီ" ခိုလင်က စူးရှစွာ အော်တယ်။

"အဲဒါ ဘယ်သူလဲ" ဖရက်က မေးတယ်။

"မသိဘူး" ဟယ်ရီက လိမ်ပြောပြီး ခိုလင်နဲ့ ဝေးနိုင်သမျှ ဝေးအောင် အရှိန်မြှင့်ပျံထွက်သွားတယ်။

"ဘယ်လိုဖြစ်တာလဲ" ဝုဒ်က သူတို့အနား ပျံလာတယ်။ မျက်မှောင် ကြုတ်ပြီးမေးတယ်။ "ဟိုကျောင်းသားသစ်က ဘာဖြစ်လို့ ဓာတ်ပုံရိုက်တာလဲ။ ငါမကြိုက်ဘူး။ သူက စလေးသရင်းက သူလျှိုဖြစ်နိုင်တယ်။ ငါတို့ရဲ့ လေ့ကျင့်ရေးစနစ်သစ်ကို ထောက်လှမ်းချင်လို့ ထင်တယ်"

"သူက ဂရစ်ဖင်းဒေါ်ကပါ" ဟယ်ရီက အမြန်ပြောတယ်။

"စလေးသရင်းက လူလဲ သူလျှိုမလိုပါဘူး၊ အော်လီဗာ" ဂျော့က ပြောတယ်။

"မင်း ဘယ်လိုလုပ်သိလဲ" ဝုဒ်က ဒေါသနဲ့ ပြောတယ်။

"သူတို့ ကိုယ်တိုင်ရောက်နေလို့" ဂျော့က အောက်ဖက်ကို ညွှန်ပြပြီး ပြောတယ်။

အစိမ်းရောင် ဝတ်ရုံဝတ်ဆင်ထားတဲ့ လူတစ်ချို့ ဘောကွင်းထဲ ဝင်လာတယ်။ လက်ထဲမှာလဲ မိုးပျံတံမြက်စည်းတွေနဲ့။

"ငါတောင် မယုံဘူး" ဝုဒ်က ဒေါသနဲ့ အသံနိမ့်ပြောတယ်။ "ဒီနေ့ ဘောကွင်းကို ငါငှားထားတာ။ ကဲ ကြည့်သေးတာပေါ့"

ဝုဒ်ဟာ မြေပြင်သို့ ထိုးဆင်းသွားတယ်။ ဒေါသမီးတောက်နေလို့ မြေပေါ်ကျတဲ့ အခါမှာ သူခန့်မှန်းထားတာထက် ပိုပြင်းတယ်။ သူဟာ အနည်း ငယ် ယိမ်းယိုင်စွာ တံမြက်စည်းပေါ်က ခွကျော်ဆင်းလိုက်တယ်။ ဟယ်ရီ ဖရက်နဲ့ ဂျော့တို့လည်း လိုက်ဆင်းလာတယ်။

"ဖလင့်" ဝုဒ်က စလေးသရင်း အသင်းရဲ့ အသင်းခေါင်းဆောင်ကို အော်ပြောတယ်။ "ဒါက ငါတို့ လေ့ကျင့်ချိန်။ ငါတို့ တမင်အစောကြီး အိပ် ရာထလာတာ။ မင်းတို့ထွက်သွားပါ"

မာခူးစ်-ဖလင့်ဟာ ဝုဒ်ထက် ထွားကျိုင်းတယ်။ သူက ဘီလူးတစ် ကောင်ရဲ့ ကောက်ကျစ်တဲ့ အမူအရာနဲ့ ဖြေတယ်။ "ဒီမှာ နေရာတွေ



အများကြီးပဲ၊ ဝုဒ်"

အင်ဂလီနာ၊ အလစ်စီယာနဲ့ ခက်ထီတို့လည်း ရောက်လာကြပြီ။ စလေးသရင်း အသင်းက အသင်းသားထဲမှာ မိန်းကလေးမပါဘူး။ သူတို့ဟာ ခုံးချင်းယှဉ်ပြီး တန်းစီရပ်နေတယ်။ အမူအရာတစ်ပုံစံထဲနဲ့ ဂရစ်ဖင်းဒေါ အသင်းက ဘောသမားတွေကို မျက်စိဒေါင့်ကပ်ကြည့်နေတယ်။

"ငါက ဘောကွင်းကို ငှားထားပြီးသား" ဝုဒ်က ပြင်းထန်စွာ ပြောတယ်။ "ငါ ငှားထားပြီးသား"

"အား" ဖလင့်က ပြောတယ်။ "ငါ့မှာ ပါမောက္ခ စနိတ်ပ်လက်မှတ်ပါ တယ်။ ကျွန်ုပ်၊ ပါမောက္ခ အက်စ်-စနိတ်ပ်၊ စလေးသရင်း အသင်းကို ဒီနေ့ ခွင့်ပြုလိုက်တယ်" ဘောကွင်းမှာ ၎င်းတို့ရဲ့ ရှာဖမ်းသမား အသစ်ကို လေ့ကျင့်ပေးဖို့

"မင်းတို့မှာ ရှာဖမ်းသမား အသစ်ရထားသလား" ဝုဒ်ရဲ့ အာရုံဟာ တခြားရောက်သွားတယ်။ "ဘယ်မှာ လဲ"

ကြီးမားတဲ့ ဘောသမား ၆ ယောက်နောက်ကနေ ခုနစ်ယောက်မြောက် နည်းနည်းသေးငယ်တဲ့ ယောကျ်ားလေးထွက်လာတယ်။ ဖြူဖပ်ဖြူယော် မျက်နှာ ချွန်ချွန်ပေါ်မှာ ကျေနပ်တဲ့ အပြုံးနဲ့။ သူကတော့ ဒရာခို-မော်ဖိုင်။

"မင်းက လူးရှပ်စ်-မော်ဖိုင်ရဲ့သား မဟုတ်လား" ဖရက်က ရွံရှာစွာ မေးတယ်။

"မင်းက ဒရာခိုရဲ့ အဖေကို ပြောတော့ အမိပွာယ်ရှိတယ်ပေါ့" စလေးသရင်းက အသင်းသားအားလုံး ကျေကျေနပ်နပ်ကြီး ရယ်နေကြတယ်။ "ဒါဆိုရင် သူက စလေးသရင်းအသင်းကို ရက်ရက်ရောရောပေးတဲ့ လက် ဆောင်ကို ကြည့်ပါဦး"

ခုနစ်ယောက်စလုံး တံမြက်စည်းကို ရှေ့သို့မြှောက်လိုက်တယ်။ အသစ်စက်စက် ပြောင်ချော အရောင်တောက်နေတဲ့ မိုးပျံတံမြက်စည်း ခုနစ် ချောင်း။ လှပတဲ့ "အလင်းစကြာ ၂၀၀၁" ရွှေစာလုံးခုနစ်တန်း။ နံနက်ခင်း နေရောင်ခြည်အောက်မှာ ဂရစ်ဖင်းဒေါ အသင်းသားတွေရဲ့ မျက်စိကို ကျိန်း စေတယ်။

"နောက်ဆုံးပေါ် ပုံစံ။ လွန်ခဲ့တဲ့လကမှ ထွက်တာ" ဖလင့်က ပေါ့ပေါ့ ဆဆပြောလိုက်ပြီး သူ့တံမြက်စည်းထိပ်က ဖုံအနည်းငယ်ကို အသာလေး

www.burmeseclassic.com

www.burmeseclassic.com



တောက်လိုက်တယ်။ "ငှင်းဟာ အလင်းစကြာ ၂၀၀၀ စီးရီးအဟောင်းထက် အများကြီး မြန်မယ်လို့ ငါယုံကြည်တယ်။ ပုံစံဟောင်း ခလင်း စဝိဖ်ကတော့" သူက သဘောယုတ်နဲ့ ဖရက်နဲ့ ဂျော့ကို ရယ်ပြလိုက်တယ်။ သူတို့နှစ်ယောက် လက်ထဲမှာ ခလင်းစဝိဖ်အမှတ် ၅ တစ်လက်စီကိုင်ထားတယ်။ "ငှင်းတို့နဲ့ ကြွမ်းပဲလုံ့တော့"

ဂရစ်ဖင်းဒေါအသင်းက အသင်းသားတွေဟာ ရုတ်တရက် ဘာမှ မပြောနိုင်ကြဘူး။ မော်ဖိုင်ဟာ ဝမ်းသာစွာ ရယ်နေတာ သူ့အေးစက်တဲ့ မျက်လုံးဟာ အမြှောင်းကလေးသာ ကျန်တော့တယ်။

"အိုး ကြည့်ပါ" ဖလင့်က ပြောတယ်။ "ဘောကွင်းထဲ လူဝင်လာတယ်"

ရွန်နဲ့ ဟာမီးဟာ မြက်ခင်းပေါ်က ဖြတ်လျှောက်လာပြီး ဘာများဖြစ် နေသလဲဆိုတာ လာကြည့်တယ်။

"ဘာဖြစ်လဲ" ရွန်က ဟယ်ရီကို မေးတယ်။ "မင်းတို့ ဘာဖြစ်လို့ ဘောမကစားတာလဲ။ သူတို့ ဒီမှာ ဘာလုပ်နေတာလဲ"

ရွန်ဟာ အံသြစွာနဲ့ စလေးသရင်းခွေဒစ်အသင်းဝတ်စုံ ဝတ်ထားတဲ့ မော်ဖိုင်ကိုကြည့်နေတယ်။

"ငါက စလေးသရင်းအသင်းက ရှာဖမ်းသမား အသစ်လေ၊ ဝယ်စလီ" မော်ဖိုင်က မော်ကြွားစွာ ပြောတယ်။ "ခုနက အားလုံး ငါ့အဖေ ငါတို့အသင်းကို ဝယ်ပေးတဲ့ တံမြက်စည်းကို ကြည့်ရှုနေကြတာ"

ရွန်ဟာ ပါးစပ်အဟောင်းသားနဲ့ သူ့ရှေ့က အဆင့်တန်းမြင့်တံမြက် စည်း ခုနစ်လက်ကို ကြည့်နေတယ်။

"ကောင်းတယ် မဟုတ်လား" မော်ဖိုင်က ညင်သာစွာ ပြောတယ်။ "ဒါပေမယ့် ဂရစ်ဖင်းဒေါအသင်းဟာလဲ ရွှေနည်းနည်းရှာပြီး တံမြက်စည်း အသစ်ဝယ်ချင်ဝယ်နိုင်မှာ။ မင်းတို့က အဲဒီ ခလင်းစဝိဖ်အမှတ် ၅တွေကို မဲဖောက်ရောင်းလို့ရတယ်။ ပြတိုက်က ငှင်းတို့ကို ဈေးပေး ဝယ်လိမ့်မယ်လို့ ငါထင်တယ်"

စလေးသရင်း အသင်းသားတွေ အော်ဟစ်လှောင်ပြောင် ရယ်ကြ တယ်။

"အဖျင်းဆုံး အောက်ထစ်၊ ဂရစ်ဖင်းဒေါ အသင်းထဲမှာ ငွေပေးပြီး အသင်းဝင်ရတဲ့ လူတစ်ယောက်မှ မရှိဘူး" ဟာမီးက စူးရှစွာ ပြောတယ်။



"သူတို့ အားလုံး အရည်အချင်းရှိလို့ အသင်းဝင်ဖြစ်တာ"

မော်ဖိုင်ရဲ့ ကျေနပ်တဲ့ မျက်နှာဟာ မှိန်ကျသွားတယ်။

"ဘယ်သူမှ မင်းကို မမေးဘူး။ နံစော်နေတဲ့ ရွှံ့သွေး" သူက မုန်းမုန်း နဲ့ ပြောတယ်။

မော်ဖိုင်ပြောတာ တော်တော်ဆိုးတယ်ဆိုတာ ဟယ်ရီ ချက်ချင်းသိလိုက် တယ်။ အကြောင်းက ငှင်းကြောင့် ပေါက်ကွဲတဲ့ တုံ့ပြန်မှု ဖြစ်လာလို့ပဲ။ ဖလင့်ဟာ ပြေးသွားရပြီး ဖရက်နဲ့ ဂျော့တို့ ဂွာခိုကိုယ်ပေါ် ခုန်မအုပ်မိအောင် ကာကွယ်ရတယ်။ အလစ်စီယာ ထအော်တယ်။ "နင်ဘယ့်နှယ်ပြောလိုက်တာ သဲ" ရွန်က ဝတ်ရုံထဲကနေ မှော်ကြိမ်လုံး ဆွဲထုတ်ပြီး အော်ပြောရင်း "မင်း ဒါအတွက် တန်ဖိုးပေးရမယ်၊ မော်ဖိုင်" သူက ဒေါသနဲ့ ဖလင့် လက်မောင်း အောက်ကနေ မော်ဖိုင်ရဲ့ မျက်နှာကို ချိန်ထားတယ်။

ကြီးမားတဲ့ ပေါက်ကွဲသံကြီး အားကစားကွင်းတစ်ခုလုံးမှာ ဟိန်းသွား တယ်။ အစိမ်းရောင်ရောင်ခြည်တန်း မှော်ကြိမ်လုံးနောက်ဖက်မှ ပန်းထွက်လာ ပြီး ရွန့်ဗိုက်ကိုလာမှန်တယ်။ သူ့ကို ဂယိမ်းဂယိုင် ပြိုလဲသွားစေတယ်။

"ရွန်၊ ရွန်၊ နင်ဘာမှ မဖြစ်ပါဘူးနော်" ဟာမီးက အော်တယ်။

ရွန်က စကားပြောဖို့ ပါးစပ်ဟလိုက်ပေမယ့် အသံတော့ ထွက်မလာဘဲ အကျယ်ကြီးထိုးလိုက်တယ်။ ပက်ကျိအချို့ သူ့ပါးစပ်ထဲကနေ ပေါင်ပေါ် ကျလာတယ်။

စလေးသရင်းက အသင်းသားတွေ ကွေးနေအောင် ရယ်ကြတယ်။ ဖလင့်ဟာ ရယ်လိုက်တာ ခါးမဆန့်နိုင်ဘူး။ တံမြက်စည်း အသစ်ကို ထောက်မှီ ထားတယ်။ မော်ဖိုင်ဟာ လေးဘက်ကုန်းပြီး လက်သီးနဲ့ မြေကြီးကို ထုနေ တယ်။ ဂရစ်ဖင်းဒေါအသင်းက အသင်းသားတွေ ရွန့်ဘေးဝိုင်းအုံနေတယ်။ ရွန်ဟာ ပက်ကျိတွေ အဆက်မပြတ် အန်ထုတ်နေတယ်။ ဘယ်သူမှ သူ့ကို ထိချင်သလိုပဲ။

"တို့ သူ့ကို ဟက်ဂရစ်ဆီ ခေါ်သွားရင်ကောင်းမယ်၊ အဲဒီက အနီး ဆုံးပဲ" ဟယ်ရီက ဟာမီးကို ပြောတယ်။ သူမက သတ္တိရှိရှိနဲ့ ခေါင်းညိတ်ပြ တယ်၊ သူတို့နှစ်ယောက်ဟာ ရွန့်လက်မောင်းကို ဆွဲပြီး ရွန့်ကို ထူလိုက်တယ်၊

"ဘယ်လိုလဲ၊ ဟယ်ရီ။ ဘယ်လို ဖြစ်တာလဲ။ သူနေမကောင်းဘူးလား၊ ခင်ဗျား သူ့ကို ကုနိုင်တယ် မဟုတ်ဖူးလား" ခိုလင်ပြေးလာပြီး သူတို့နဲ့ အတူ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆွခုန်ဆွနဲ့ ဘောကွင်းက ထွက်လာတယ်။ ရွှန့်ကိုယ်ခန္ဓာ ပြင်းထန်စွာ နှိတ်ဖိုလာပြီး ပက်ကျိတွေ သူ့ရင်ဘတ်ပေါ် ပိုများများ ကျလာတယ်။

"အော — " ခိုလင်က အလွန်စိတ်ဝင်စားစွာနဲ့ ကင်မရာကို မြှောက်လိုက်တယ်။ "မင်းသူ့ကို မလှုပ်အောင် ထိန်းထားနိုင်မလား၊ ဟယ်ရီ"

"သွားစမ်း၊ ခိုလင်" ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ သူနဲ့ ဟာမီးဟာ ရွှန့်ကို ဖေးမကာ အားကစားကွင်းက ထွက်လာပြီး သစ်တောဘေးကို လျှောက်သွားတယ်။

"ရောက်တော့မယ်၊ ရွှန်" ဟာမီးက ပြောတယ်။ တောလိုက်ကွင်း ကွင်းစောင့်ရဲ့အိမ်ကလေး ရှေ့မှာပေါ်လာတယ်။ "မင်းခနနေရင် ပျောက်သွားမှာပါ . . . . . ရောက်တော့မယ် . . . . ."

သူတို့ ဟက်ဂရစ် အိမ်ကလေးနဲ့ အလှမ်းနှစ်ဆယ်ခန့် အကွာရောက်တော့ အိမ်တံခါး ရုတ်တရက်ပွင့်လာတယ်။ ဒါပေမယ့် ထွက်လာတာ ဟက်ဂရစ်မဟုတ်ဖူး။ ဂစ်ဒရိုင်း-လော့ဟတ်ဖြစ်နေတယ်။ သူဒီနေ့ အဖျော့ဆုံး ခရမ်းဖျော့ ဝတ်ရုံရှည် ဝတ်ထားတယ်။

"မြန်မြန်ပုန်း" ဟယ်ရီက တိုးတိုးပြောရင်း ရွှန်ကို ဆွဲပြီး အနီးဆုံး ချုံပုပ်နောက် ဝင်ပုန်းတယ်။ ဟာမီးလည်း လိုက်ပုန်းတယ်။ ဒါပေမယ့် သိပ်တော့ မကျေနပ်ဘူး။

"ခင်ဗျားတတ်သွားရင်၊ လုပ်ရတာ လွယ်လွယ်လေးပါ" လော့ဟတ်က အကျယ်ကြီး ဟက်ဂရစ်ကို ပြောနေတယ်။ "အကူအညီတစ်ခုခုလိုရင် ကျုပ်ဆီလာပါ။ ကျုပ် ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိပါတယ်၊ ကျုပ်က ကျုပ်ရေးတဲ့ စာအုပ် တစ်အုပ်ပေးမယ် — ခင်ဗျားမှာ တစ်အုပ်မှ မရှိတာ ကျုပ်သိပ်အံ့သြမိတယ်။ ကျုပ်ဒီညပဲ ဆိုင်းထိုးပြီး လာပေးပါမယ်၊ သွားတော့မယ်" သူက ရဲတိုက်ဆီ ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားတယ်။

ဟယ်ရီဟာ လော့ဟတ်ကို လုံးဝမတွေ့ရတော့မှ ရွှန့်ကို ချုံပုပ်နောက်က ဆွဲထုတ်ပြီး ဟက်ဂရစ် တံခါးရှေ့ သွားတယ်။ အလောတကြီး တံခါးခေါက်တယ်။

ဟက်ဂရစ် ချက်ချင်းထွက်လာတယ်။ မျက်နှာပေါ်မှာ ဒေါသနဲ့၊ ဒါပေမယ့် အပြင်က သူတို့ ဖြစ်နေမှန်းသိတာနဲ့ ချက်ချင်းပြုံးရယ်လာတယ်။

"မင်းတို့ ဘယ်တော့ ကျုပ်ဆီလာမလဲလို့ မျှော်နေတာ — ဝင်ခဲ့



ဝင်ခဲ့ — ခုနက ပါမောက္ခ လော့ဟတ်ပြန်လာပြန်ပြီ ထင်နေတာ"

ဟယ်ရီနဲ့ ဟာမီးဟာ ရွှန့်ကို တွဲရင်း တံခါးမင်းတုပ်ကိုကျော်ပြီး အိမ်ကလေးထဲဝင်လိုက်တယ်။ တဖက်က နံရံဘေးမှာ အထူးကြီးတဲ့ ခုတင်တစ်လုံးရှိတယ်။ ကျန်တစ်ဖက်မှာ မီးဖိုမီးဟာ ပျော်ရွှင်စွာ တဖျစ်ဖျစ်အသံမြည်နေတယ်။ ဟယ်ရီက ရွှန်ကို ကုလားထိုင်ပေါ် တွဲတင်တယ်။ ဟက်ဂရစ်ကို ရွှန် ပက်ကျိအန်တဲ့ အခြေအနေကို အလောတကြီး ပြောပြတယ်။ ဟက်ဂရစ်ကတော့ သိပ်စိုးရိမ်ပုံမပေါ်ဘူး။

"အန်ထုတ်တာ မျိုချတာထက်ကောင်းတယ်"သူက ပျော်ရွှင်စွာ ပြောရင်း ကြေးဇလုံကြီးတစ်လုံးယူပြီး ရွှန့်ရှေ့ချလိုက်တယ်။ "အားလုံးအန်ထုတ်၊ ရွှန်"

"သူ့ဖာသာ ရပ်သွားတာစောင့်တာကလွဲပြီး တခြားနည်းလမ်းမရှိဘူး" ရွှန်ကြေးဇလုံကြီးပေါ် မှိုးနေတာကြည့်ပြီး ဟာမီးက စိုးရိမ်စွာ ပြောတယ်။ "အကောင်းဆုံး အခြေအနေမှာတောင် အဲဒါအလွန်အောင်မြင်ခဲ့တဲ့ ကျိန်စာ။ ခုဟာ မှော်ကြိမ်လုံး အစုတ်နဲ့ . . . . ."

ဟက်ဂရစ်က သူတို့ကို လက်ဖက်ရည် ကျိုတိုက်ဖို့ အလုပ်ရှုပ်နေတယ်။ သူ့တောလိုက်ခွေးကြီး ဖန်း (အစွယ်ကြီး)ရဲ့ သွားရည်တွေ ဟယ်ရီ့ကိုယ်ပေါ် ကျနေတယ်။

"လော့ဟတ် ဒီကို ဘာလာလုပ်တာလဲ၊ ဟက်ဂရစ်" ဟယ်ရီက အစွယ်ကြီးရဲ့ နားကို ကုတ်ပေးရင်းမေးတယ်။

"ကျုပ်ကို ရေသရဲရေတွင်းထဲ မဝင်အောင် ဘယ်လို ကာကွယ်ရမလဲဆိုတာ သင်ပေးတာ" ဟက်ဂရစ်က မကျေမနပ်ပြောတယ်။ သန့်ရှင်းအောင် သုတ်ထားတဲ့ စားပွဲပေါ်ကနေ အမွေးတစ်ဝက်နုတ်ထားတဲ့ ကြက်ဖကို ဖယ်လိုက်ပြီး လက်ဖက်ရည်ခရားကို တင်လိုက်တယ်။ "ကျုပ်မသိဘူးများ ထင်နေသလိုပဲ။ ဘူသရဲမကို ဘယ်လို မောင်းနှင်တယ်ဆိုတာလဲ ကြွားသေးတယ်။ သူပြောတဲ့အထဲမှာ အမှန်တစ်ခွန်းပါရင် ကျုပ်လက်ဖက်ရည်ခရားကို စားပစ်လိုက်မယ်"

ဟော့ဂ်ဝပ်က ဆရာကို ဝေဖန်တာဟာ ဟက်ဂရစ်ရဲ့ အမူအကျင့် မဟုတ်ဘူး။ ဟယ်ရီက အံ့သြစွာ သူ့ကို ကြည့်နေတယ်။ ဟာမီးကတော့ ခပ်တိုးထက် အနည်းငယ်မြင့်တဲ့အသံနဲ့ ပြောတယ်။ "ရှင်ညည်းနေညည်းတော့

www.burmeseclassic.com



မတေရားဘူးလို့ ကျွန်မထင်တယ်။ ပါမောက္ခ ဒမ်ဘလီဒိုးဟာ သူ့ကို အသင့်တော်ဆုံးလို့ ထင်လို့သာ —"

"တစ်ဦးတည်းသောသူ" ဟက်ဂရစ်က သူတို့အတွက် နို့နှစ်သကြားလုံးပျော့ တစ်ပန်းကန်ချပေးတယ်။ ရွန်က ဇလုံကို မျက်နှာမှုပြီး တဟတ်ဟတ် ချောင်းဆိုးနေတယ်။ "ကျုပ်က တစ်ဦးတည်းထဲ ရှိတဲ့ လူလို့ပြောတာ။ အခု မှော်နက်ပညာ ကာကွယ်ရေးအတတ်ပညာဆရာရဖို့ သိပ်ခက်တာ။ မလုပ်ချင်ကြဘူး။ ဒီအလုပ်က နိမိတ်မကောင်းဘူးလို့ ထင်ကြတာ။ ဘယ်သူမှ ကြာကြာမလုပ်ဖူး။ ကျုပ်ကို ပြောပြစမ်း" ဟက်ဂရစ်က ခေါင်းလှည့်ပြီး ရွန့်ကို ကြည့်ရင်း ပြောတယ်။ "သူက ဘယ်သူ့ကို ကျိန်ချင်တာလဲ"

"မော်ဖိုင်က ဟာမီးကို ဆဲတယ်။ သိပ်ဆိုးဝါးတဲ့ စကားပဲ ဖြစ်မယ်။ အကြောင်းက အားလုံး သိပ်ကို စိတ်ဆိုးနေတယ်"

"သိပ်ကို ဆိုးဝါးတယ်" ရွန်က အက်ကွဲတဲ့ အသံနဲ့ ပြောတယ်။ စားပွဲ ပေါ်က ခေါင်းပေါ်လာတယ်။ သူ့မျက်နှာဖြူဖပ်ပြီး ချွေးတွေနဲ့။ "မော်ဖိုင်တာ သူမကို 'ရွံ့သွေး' လို့ ခေါ်တယ်၊ ဟက်ဂရစ် —"

ရွန်က အမြန်ပြန်ကုန်းလိုက်တယ်။ ပက်ကျိတွေ နောက်ထပ် ပန်းထွက်လာတယ်။ ဟက်ဂရစ် သိပ်စိတ်ဆိုးပုံ ပေါ်နေတယ်။

"တကယ်လား" သူက ဟာမီးကို ကြည့်ပြီး အော်ပြောတယ်။

"ဟုတ်တယ်" သူမက ပြောတယ်။ "ဒါပေမယ့် အဲဒါ ဘာအဓိပ္ပာယ်လဲ ဆိုတာ ကျွန်မ မသိဘူး။ အဲဒါအလွန်ရိုင်းပျတယ်ဆိုတာတော့ ကျွန်မသိတာပေါ့ . . . . ."

"ဒါက သူတွေးလို့ရတဲ့ အစော်ကားဆုံး စကား" ရွန်က ခေါင်းဖော် လာပြန်တယ်။ စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ "ရွံ့သွေးမျိုးဆိုတာ မတ်ဂေါ်က လာတဲ့လူကို — တစ်နည်းအားဖြင့် မိဘတွေအားလုံး မှော်ပညာမတတ်တဲ့ လူကို စော်ကားတဲ့ အခေါ်အဝေါ်။ တချို့ မော်ဖိုင်တို့ အိမ်ထောင်လို မှော်ဆရာတွေဟာ သူတို့သာ သူများထက်သာတယ်။ သူတို့ကသာ သွေးသန့်မျိုးပေါ့" သူက ကျို့ကလေးထိုးလိုက်တယ်။ ပက်ကျိတစ်ကောင် သူ့လက်ဖဝါး ထဲကျလာတယ်။ သူက ဇလုံထဲပစ်ထည့်လိုက်ပြီး ဆက်ပြောတယ်။ "စင်စစ် ကျွန်တော်တို့ တခြားလူအားလုံးက ဒါ ဘာမှမဆိုင်ဘူးဆိုတာ သိတယ်။ နီဗီး-လွန်ဘော့တမ်ကိုပဲ ကြည့် — သူက သွေးသန့်မျိုး။ ဒါပေမယ့် သူဟာ ဆေးကျို



အိုးတောင် တည့်မှန်အောင် မထားတတ်ဘူး"

"တို့ ဟာမီး မသုံးတတ်တဲ့ မှော်ဂါထာကို သူတို့မတီထွင်ရသေးဘူး" ဟက်ဂရစ်က ဂုဏ်ယူစွာ ပြောတယ်။ ဟာမီးကတော့ ရှက်လို့ မျက်နှာကြီးနီနေ တယ်။

"ဒါက သိပ်နားကြားပြင်းကတ်စရာ အခေါ်အဝေါ်" ရွန်က တုန်ယင် တဲ့ လက်နဲ့ နဖူးပေါ်က ချွေးကို သုတ်လိုက်ပြီး ပြောတယ်။ "အဓိပ္ပာယ်ကတော့ ညစ်ပတ်တဲ့ ညံ့ဖျင်းတဲ့ မျိုးရိုး။ အရူးစကားပါ။ အခု မှော်ဆရာအများစုဟာ သွေးရောတွေချည်းပဲ။ မတ်ဂေါ်တွေနဲ့ အိမ်ထောင်မပြုရင် ကျွန်တော်တို့ အစောကြီးကတည်းက အမျိုးပြုတ်ကုန်ပြီ"

သူက ပျို့တက်လာပြီး ပြန်ကုန်းချလိုက်တယ်။

"အင်း၊ မင်း သူ့ကို ကျိန်တာ ကျုပ်အပြစ်မတင်ဘူး၊ ရွန်" ဟက်ဂရစ်က ပက်ကျိတွေ ဇလုံထဲကျတဲ့ ဘတ်ဘတ်သံထဲမှာ ပြောတယ်။ "ဒါပေမယ့် မင်းမှော်ကြိမ်လုံး ပြဿနာဖြစ်တာ တော်သေးတယ်။ တကယ်လို့ မင်း ဟိုင်နဲ့ ကို တကယ်ကျိန်စာ ထိသွားစေရင် လူးရှပ်စ်-မော်ဖိုင်က ဒါသနဲ့ ကျောင်း ရောက်လာမှာ။ အနည်းဆုံးတော့ မင်းဒုက္ခမရောက်ဘူးပေါ့"

ဟယ်ရီက ဘယ်လောက် ဒုက္ခရောက်ရောက် ပါးစပ်ထဲက ပက်ကျိထွက် တာထက် ဘယ်လောက်မှ ဆိုးမယ်မထင်ဘူးလို့ ပြောချင်တာ။ ဒါပေမယ့် သူပါးစပ်ဟလို့မရဘူး။ ဟက်ဂရစ်ရဲ့ နို့နှစ်သကြားလုံးပျော့က သူ့အပေါ် သွားရော အောက်သွားပါ ကပ်နေတယ်။

"ဟယ်ရီ" ဟက်ဂရစ်က ရုတ်တရက် တစ်ခုခုစဉ်းစားမိသလိုနဲ့ ပြော တယ်။ "ကျုပ် မင်းနဲ့ စာရင်း ရှင်းစရာရှိတယ်။ မင်းဓာတ်ပုံ ဆိုင်းထိုးဝေတယ် ကြားတယ်။ ကျုပ် ဘာလို့မရတာလဲ"

ဟယ်ရီ တအားဒေါသထွက်လာပြီး ကပ်နေတဲ့ ပါးစပ်ကို တအားဟ ဆိုက်တယ်။

"ကျွန်တော် ဆိုင်းထိုးတဲ့ ဓာတ်ပုံမဝေပါဘူး" သူက ပြင်းထန်စွာ ငြင်းခံ့တွက်တယ်။ "တကယ်လို့ လော့ဟတ်ဟာ ဒီလိုကောလဟာလ သတင်း တွေ လျှောက်ဖြန့်နေရင် —"

ဒါပေမယ့် ဟက်ဂရစ် ရယ်လာတာ သူတွေ့ရတယ်။

"ကျုပ်က စတာပါ" သူက ရင်းနှီးစွာ ဟယ်ရီ့ ကျောကို ပုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဝုတ်အားကြောင့် ဟယ်ရီမျက်နှာ စာပွဲနဲ့ သွားဆောင့်တယ်။ "မင်း မလုပ်ဖူးဆိုတာ ကျုပ်သိတယ်။ ကျုပ်က လော့ဟတ်ကို မင်း ဒါမျိုးလုပ်စရာ မလိုဘူးလို့ ပြောလိုက်တယ်။ မင်းဘာမှ မလုပ်ရပဲ သူ့ထက်နာမည်ကြီးနေပြီလို့"

"သူ ကြိုက်မှာ မဟုတ်ဘူး" ဟယ်ရီက မတ်မတ်ထိုင်လိုက်ပြီး မေးစေ့ကို ပွတ်ရင်းပြောတယ်။

"သိပ်ကြိုက်ပုံမပေါ်ဘူး" ဟက်ဂရစ်မျက်စိအရောင်လက်နေတယ်။ "ပြီးတော့ ကျုပ်က သူ့ကို ကျုပ် သူ့စာအုပ် ဘယ်တုန်းကမှ မဖတ်ဖူးဘူးလို့ ပြောလိုက်တော့ သူက နှုတ်ဆက်ပြန်ဖို့ ဆုံးဖြတ်တယ်။ နို့နှစ်သကြားလုံး ပျော့ နည်းနည်းစားပါလား၊ ရွန်" ရွန် ခေါင်းမော့လာပြန်တာမြင်တော့ သူက မေးလိုက်တယ်။

"ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်" ရွန် အားပျော့စွာ ပြောတယ်။ "မစားပဲနေတာ ကောင်းမယ်"

"ကျုပ်စိုက်ထားတာ လာကြည့်ကြပါဦး" ဟယ်ရီနဲ့ ဟာမီး လက်ဖက်ရည်သောက်ပြီးနောက် ဟက်ဂရစ်က ပြောတယ်။

အိမ်ကလေးနောက်ဘက်က ဟင်းရွက်ခင်းထဲမှာ ရွှေဖရုံသီးကြီး ၁၂ လုံး သီးနေတယ်။ ဒီလောက်ကြီးတဲ့ ရွှေဖရုံသီးကို ဟယ်ရီ မမြင်ဖူးဘူး။ တစ်လုံး တစ်လုံးကို လူတစ်ဝက်လောက် မြင့်တယ်။

"မဆိုးဘူးနော်" ဟက်ဂရစ်က တပျော်ပျော်နဲ့ ပြောတယ်။ "ဟောလိုး ဝင်း ထမင်းစားပွဲမှာ သုံးဖို့ — အဲဒီ အချိန်ကျရင် တော်တော်ကြီးလာလိမ့်မယ်"

"ခင်ဗျား ဘာမြေဩဇာထည့်လဲ" ဟယ်ရီက မေးတယ်။

ဟက်ဂရစ်က တခြားလူရှိမရှိ ဟိုဟိုဒီဒီ ကြည့်လိုက်တယ်။

"ဟေးဟေး၊ ကျုပ်က သူတို့ကို — ဘယ်လို ပြောရမလဲ — နည်းနည်း အကူအညီ ပေးလိုက်တယ်"

ဟက်ဂရစ်ရဲ့ ထီးပန်းရောင်ဟာ အိမ်ကလေးနောက်ဖက် နံရံမှာ ထောင်ထားတာ ဟယ်ရီတွေ့တယ်။ အစကတည်းက ဟယ်ရီအဖို့ ဒီထီးဟာ မြင်သလို ရိုးရိုးထီးတော့ မဟုတ်ဖူးလို့ ယုံကြည်စရာအကြောင်းရှိတယ်။ စင်စစ် ဟက်ဂရစ်ကျောင်းနေတုန်းက အသုံးပြုခဲ့တဲ့ မှော်ကြိမ်လုံး အဟောင်းဟာ ထီးထဲမှာ ဝှက်ထည့်ထားတယ်လို့ သူတော်တော် သံသယရှိတယ်။ ဟက်ဂရစ်



ဟာ မှော်ပညာသုံးခွင့် မရှိဘူး။ သူတတိယနှစ်မှာ ဟော့ဂ်ဝပ်က ကျောင်းထုတ်လိုက်တယ်။ ဒါပေမယ့် ဘာကြောင့်လဲဆိုတာ ဟယ်ရီ မသိခဲ့ဘူး။ ဒီအကြောင်း ကိုပြောတိုင်း ဟက်ဂရစ်ဟာ အကျယ်ကြီးချောင်းဟန့်လိုက်ပြီး ထူးဆန်းစွာ နားချင်ယောင်ဆောင်နေတာ စကားစပြောင်းသွားတဲ့ အထိပဲ။

"ဖောင်းပွ မှော်ဂါထာ မှုတ်လား" ဟာမီးက သိပ်ဟုတ်တယ် မထင်ပေမယ့် စိတ်ဝင်စားစရာကောင်းတယ်လို့ ထင်တယ်။ "အော၊ ရှင် သိပ်အောင်မြင်တယ်"

"မင်း ညီမလေးကလဲ ဒီလိုပဲ ပြောတယ်" ဟက်ဂရစ်က ရွန့်ကို ခေါင်းညိတ်ပြတယ်။ "မနေ့ကမှ သူမကို တွေ့ဖူးတာ" ဟက်ဂရစ်က ဟယ်ရီကို ခိုးချက်ကြည့်လိုက်တယ်။ မုတ်ဆိတ်မွေးတွေ လှုပ်ခါနေတယ်။ "သူမက ပြောတယ်၊ ဟိုဟိုဒီဒီ လျှောက်ကြည့်တာတဲ့။ သူမက ကျုပ်အခန်းထဲမှာ တစ်ယောက်ယောက်ကို တွေ့ချင်လို့လို့ ကျုပ်ထင်တယ်" သူက ဟယ်ရီကို မျက်စိမှိတ်ပြတယ်။ "ကျုပ်အထင် သူမဟာ ဆိုင်းထိုးခါတ်ပုံတစ်ပုံကို ငြင်းဆန်မယ်လို့ မထင်ဘူး —"

"အမလေး၊ အရမ်းမပြောပါနဲ့" ဟယ်ရီက ပြောတယ်။ ရွန်က ဟိုဆို ထွက်လာတယ်။ ပက်ကျိတွေ မြေကြီးပေါ် ကျကုန်တယ်။

"သတိထား" ဟက်ဂရစ် အော်လိုက်တယ်။ ရွန့်ကို မိမိအကြိုက် ရွှေဖရုံသီးဘေးက ဆွဲယူလိုက်တယ်။

နေ့လယ်စာ စားချိန်ရောက်တော့မယ်။ ဟယ်ရီဟာ နံနက်စောစောက နို့နှစ်သကြားလုံးပျော့နည်းနည်းပဲ စားရသေးတယ်။ ဒါကြောင့် ကျောင်း ထမင်းစားချင်နေတယ်။ သုံးယောက်သား ဟက်ဂရစ်ကို နှုတ်ဆက်ပြီး ရဲတိုက်ကို အတူတကွပြန်ခဲ့ကြတယ်။ ရွန်က ကျို့ထိုးလိုက်တယ်။ ဒါပေမယ့် သေးသေးတဲ့ ပက်ကျိလေးနှစ်ကောင်ပဲ ကျလာတယ်။

အေးမြတဲ့ အခန်းထဲ ဝင်လိုက်တာနဲ့ အသံတစ်ခုထွက်ပေါ်လာတယ်။ "မင်းတို့ ပြန်လာပြီလား၊ ပေါ်တာ၊ ဝယ်စလီ" ပါမောက္ခ မက်ဂေါ်နာဂေါ် ခက်ထားတင်းတင်းနဲ့ သူတို့ဆီ လျှောက်လာတယ်။ "မင်းတို့ နှစ်ယောက် ညနေ ကျောင်းပိတ်မယ်"

"ကျွန်တော်တို့ ဘာလုပ်ရမလဲ၊ ပါမောက္ခ" ရွန်က မျှော်ရှင်း ကျို့ထိုး ဖျာပျာသလဲ အောင့်ထားတယ်။

www.burmeseclassic.com



"မင်း-မစ္စတာ ဖစ်ချ်ကို ကူပြီး ဆုဖလား အခန်းထဲက ငွေထည်ပစ္စည်းတွေ သုတ်ရမယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ မှော်ပညာ မသုံးရဘူး ဝယ်စလီ — လက်နဲ့အားလုံးကို သုတ်"

ရွန် အသက်အောင့်သွားတယ်။ တံခါးစောင့် ဖစ်ချ်ဟာ ကျောင်းသားအားလုံး မုန်းတဲ့လူ။

"ပေါ်တာ၊ မင်းက ပါမောက္ခ လော့ဟတ်ကို ကူညီ၊ သူ့ကို ကြည်ညိုတဲ့ သူတွေဆီ စာပြန်ရမယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။

"အား၊ ဟင့်အင်း။ ကျွန်တော်လဲ ဆုဖလား သွားသုတ်လို့ရမလား" ဟယ်ရီက မျှော်လင့်ချက်ကင်းမဲ့စွာ တောင်းပန်တယ်။

"ဘယ်ရမလဲ" ပါမောက္ခ မက်ဂေါ်နာဂေါက မျက်ခုံးမွေး ပင့်လိုက်တယ်။ "ပါမောက္ခ လော့ဟတ်က မင်းကို နာမည်နဲ့ တောင်းထားတာ။ မင်းတို့နှစ်ယောက်မှတ်ထား၊ ည ၈ နာရီတိတိ"

ဟယ်ရီနဲ့ ရွန်တို့ စိတ်ပျက်လက်ပျက်နဲ့ ခန်းမကြီးထဲ ဝင်ခဲ့ကြတယ်။ ဟာမီးက နောက်ကလိုက်လာတယ်။ မျက်နှာပေါ်က အမူအရာက "နင် တို့က ကျောင်းစည်းကမ်းဖောက်တာကိုး" လို့ ပြောနေသလိုပဲ။ ထမင်းစားတဲ့အခါမှာ အာလူးအစာသွတ် ကြော်ကတောင် ဟယ်ရီ့ကို ခံတွင်း မတွေ့စေတော့ဘူး။ သူနဲ့ ရွန်တို့ဟာ တစ်ယောက်ထက် တစ်ယောက်က ပိုဒုက္ခရောက်တယ်လို့ ထင်ကြတယ်။

"ဖစ်ချ်က ငါ့ကို တညလုံး ဒုက္ခ ပေးလိမ့်မယ်" ရွန်က ငိုမဲ့မဲ့ ပြောတယ်။ "မှော်ပညာ မသုံးရဘူး။ အဲဒီအခန်းထဲမှာ အနည်းဆုံး ဆုဖလား တစ်ရာရှိတယ်။ ငါကလဲ မတ်ဂေါ်တွေလို သုတ်သင်တတ်တာ မှုတ်ဖူး"

"ငါ အချိန်မရွေး မင်းနဲ့ နေရာချင်းလဲမယ်"ဟယ်ရီက စိတ်ပျက်စွာ ပြောတယ်။ "သုတ်သင်ဆေးကြောတဲ့ အလုပ်က ငါ ဒါစလီတို့ အိမ်မှာ ကျင့်သား ရပြီးသား။ ဒါပေမယ့် လော့ဟတ်ကြည်ညိုသူတွေဆီ စာပြန်ရမှာ .... အဲဒါ အိပ်မက်ဆိုးပဲ ဖြစ်မယ် ...."

စနေနေ့ မွန်းလွဲပိုင်းဟာ ဒီလိုနဲ့ ကုန်ဆုံးသွားတယ်။ အချိန်ဟာ လှစ်ကနဲ ၈ နာရီ ၅ မိနစ် ရောက်လာတယ်။ ဟယ်ရီဟာ မသွားချင်ပဲနဲ့ ခြေနှစ်ချောင်းဆွဲပြီး တတိယထွာ စင်္ကြံကနေ လော့ဟတ်ရုံးခန်းကို လျှောက်သွားတယ်။ သူက အံကြိတ်ပြီး တံခါးခေါက်လိုက်တယ်။



တံခါး ချက်ချင်းပွင့်သွားတယ်။ လော့ဟတ်က ပြုံးပြီး သူ့ကို ကြည့်နေတယ်။

"အား၊ လူဆိုးလေးလာပြီ။ ဝင်ခဲ့ ဟယ်ရီ၊ ဝင်ခဲ့ပါ"

နံရံပေါ်မှာ လော့ဟတ် မှန်ဘောင်သွင်းဓာတ်ပုံတွေ မရေမတွက်နိုင်အောင် ချိတ်ထားတယ်။ ဖယောင်းတိုင်အများအပြားကြောင့် အလွန်လင်းနေတယ်။ ဓာတ်ပုံအချို့ပေါ်မှာ သူဆိုင်းထိုးထားတယ်။ စားပွဲပေါ်မှာလဲ ဓာတ်ပုံတွေ တစ်ထပ်ကြီးပဲ။

"မင်း စာတစ်စောင်ရေးနိုင်တယ်" လော့ဟတ်က ဟယ်ရီကို ပြောတယ်။ ဒါဟာ သူ့ကို အများကြီး ပစားပေးသလိုပဲ။ "ပထမစာက ဂလက်ဒီ-ဝဒ်ဂျင်း။ ဘုရားသခင်စောင့်ရှောက်ပါစေ — ကျုပ်ကို လှိုက်လှဲစွာ ကြည်ညိုသူတစ်ယောက်"

အချိန်ဟာ နှေးကွေးလွန်းတယ်။ ဟယ်ရီဟာ လော့ဟတ် ပြောချင်သလို ပြော၊ တခါတလေမှာ "အင်းအဲ" "ဟုတ်တယ်" လုပ်လိုက်တယ်။ တစ်ခါတလေ အသံတစ်ခွန်းနှစ်ခွန်း နားထဲရောက်လာတယ်။ "ကျော်ကြားခြင်းဆိုတာ ပုံမှန်မဲ့တဲ့ မိတ်ဆွေ၊ ဟယ်ရီ"၊ သို့မဟုတ် "မှတ်ထား၊ နာမည်ကြီးဆိုတာ နာမည်ကြီးတို့ရဲ့ ဟိတ်ဟန်ရှိရတယ်" စသဖြင့်ပေါ့။

ဖယောင်းတိုင်ဟာ တိုတိုလာတယ်။ မီးရောင်ဟာ သူတို့ကို စိုက်ကြည့်နေတဲ့ လှုပ်တတ်တဲ့ လော့ဟတ် မျက်နှာပေါ်မှာ ခုန်နေတယ်။ ဟယ်ရီဟာ နာကျင်တဲ့ လက်နဲ့ ဗီရိုနစ်ကာ-စမက်သလေးရဲ့ လိပ်စာရေးနေတယ်။ ဒါဟာ တစ်ထောင်မြောက် စာအိတ်လို့ ခံစားရတယ်။ အချိန်ရောက်တော့မယ်ထင်တယ်၊ ဟယ်ရီက နာကျင်စွာ စဉ်းစားတယ်။ မြန်မြန်လေး ရောက်ဖို့ ဆုတောင်း ပါတယ် ......

ရုတ်တရက် သူအသံတစ်မျိုးကြားရတယ် — ကုန်ခါနီးဖယောင်းတိုင်ရဲ့ ဆူညံဖောက်သံ ဒါမှမဟုတ်ရင် လော့ဟတ်ရဲ့ တဖွဖွ ပြောသံတို့နဲ့ လုံးဝမတူတဲ့ အသံ။

စကားပြောသံ။ လူကို ကြက်သီးမွေးညင်းထသွားစေတဲ့၊ အသက်ရှူရပ်သွားစေတဲ့ အေးစက်ဆိုးသွမ်းတဲ့ စကားသံ။

"လာ .... လာခဲ့ .... ငါ မင်းကို ဆုတ်ဖြဲပစ်မယ် .... မင်းကို အပိုင်းပိုင်းဖြတ်မယ် .... သတ်ပစ်မယ် ......"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ ဒိုင်းဆို ထခုန်တယ်။ ဗီရိုနစ်ကာ -စမက်သလေးရဲ့ လိပ်စာထဲ တာ လမ်းနာမည်ပေါ်မှာ ပန်းတမာရောင်မင်ကွက် စွန်းသွားတယ်။

"ဘာလဲ" သူက အကျယ်ကြီး ပြောတယ်။

"ကျုပ်သိတယ်" လော့ဟတ်က ပြောတယ်။ "ခြောက်လလုံးလုံး အရောင်းသွက်စာအုပ် ထိပ်ဆုံးမှာ ရှိတယ်။ မကြုံဖူးတဲ့ မှတ်တမ်းပဲ"

"မဟုတ်ဖူး" ဟယ်ရီ အရှုးအမူး ပြောတယ်။ "ဟို အသံ"

"ဝမ်းနည်းပါတယ်" လော့ဟတ်က နားမလည်စွာနဲ့ မေးတယ်။ "ဘာ အသံလဲ"

"ဟို — ဟိုအသံက ပြောတယ် — ခင်ဗျားမကြားဘူးလား"

လော့ဟတ်က အလွန်အံ့အားသင့်စွာနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။

"မင်း ဘာပြောနေလဲ ဟယ်ရီ၊ မင်း အိပ်ချင်နေပြီ ထင်တယ်။ ဘုရား ဘုရား — ဘယ်နှစ်နာရီရှိပြီလဲ။ ကျုပ်တို့ ဒီမှာ လေးနာရီတောင်ရှိတော့မယ်။ ကျုပ်မယုံနိုင်စရာပဲ — အချိန်ကုန်တာ မြန်လွန်းတယ်။ မဟုတ်ဖူးလား"

ဟယ်ရီမဖြေဘူး။ သူက အာရုံစူးစိုက်ပြီး ဟိုအသံကို နားထောင်တယ်။ ဒါပေမယ့် နောက်ထပ် မကြားရတော့ဘူး။ လော့ဟတ်က သူ့ကို တဖွဖွပြော နေတာပဲ ကြားရတယ်။ သူ့ကို ကျောင်းပိတ်ခံရတိုင်း ဒီလိုကံကောင်းဖို့ မမျှော် လင့်နဲ့လို့ ပြောနေတယ်။ ဟယ်ရီဟာ ဝေခွဲမရတဲ့ စိတ်နဲ့ ထွက်ခွာခဲ့တယ်။

ဂရစ်ဖင်းဒေါ် အများနားနေခန်းထဲမှာ လူမရှိသလောက်ပဲ။ ဟယ်ရီ ဟာ တိုက်ရိုက် အပေါ်ထပ်တက်ပြီး အိပ်ခန်းပြန်ခဲ့တယ်။ ရွန်ပြန်မလာသေး ဘူး။ ဟယ်ရီက ညဝတ်အင်္ကျီဝတ်ပြီး ခုတင်ပေါ်လှဲရင်း ရွန့်ကို စောင့်နေတယ်။ နောက်တစ်နာရီကြာတော့ ရွန်ဟာ ညာလက်မောင်းကို ပွတ်သပ်ရင်း ဝင်လာ တယ်။ မှောင်မည်းတဲ့ အခန်းထဲကို ကြေးချွတ်အရောင်တင်ဆီနံ့တွေ သယ် ဆောင်လာတယ်။

"ငါ့ကြွက်သားတွေ တောင့်နေတာပဲ" သူက ညည်းညူရင်း ခုတင်ပေါ် လှဲချလိုက်တယ်။ "သူက ငါ့ကို ဟိုခွေဒစ် ဆုဖလားကို လေးကြိမ်တိုက်ခိုင်းပြီး ကျေနပ်တယ်။ နောက်တော့ ငါ 'ကျောင်းကို အထူးအကျိုးပြုဆု' ဆိုတဲ့ ဆု တံဆိပ်ကို သုတ်တဲ့အခါမှာ ပက်ကျို တစ်ကြိမ် အန်သေးတယ်။ ရာစုနှစ် တစ်ခုကြာအောင် အဲဒီအချွဲတွေ သုတ်ရတယ် ......လော့ဟတ်ဆီမှာ ဘယ်လိုလဲ"



ဟယ်ရီက အသံတိုးပြီး နီဗီး၊ ဒင်းနဲ့ စီးမတ်စ်တို့ မနိုးအောင် သူကြား ခဲ့ရတဲ့ အသံအကြောင်း ရွန့်ကို ပြောပြတယ်။

"လော့ဟတ်က သူမကြားဘူးလို့ ပြောလား" ရွန်က မေးတယ်။ လရောင်အောက်မှာ ရွန်မျက်မှောင်ကြုတ်ထားတာ ဟယ်ရီမြင်ရတယ်။ "သူလိမ်ပြောတယ်လို့ မင်းထင်သလား။ ဒါပေမယ့် ငါနားမလည်တာက — ကိုယ်ဖျောက် ထားတဲ့ လူလဲ တံခါးတော့ ဖွင့်ရမှာပဲ"

"ဟုတ်တယ်လေ" ဟယ်ရီက လှဲ အိပ်တယ်၊ တိုင်လေးတိုင် ခုတင်ရဲ့ အမိုးကို ကြည့်နေတယ်။ "ငါလဲ နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



# ၈။ သေနေ့ပါတီပွဲ

အောက်တိုဘာလရောက်လာပြီ။ စိုထိုင်းတဲ့ အအေးဓာတ်ဟာ မြေပေါ် ဖုံးလွှမ်းပြီး ရဲတိုက်ထဲထိ ဝင်လာတယ်။ ကျောင်းလုပ်သားနဲ့ ကျောင်းသားတွေ ရုတ်တရက် အအေးမိရောဂါရလို့ မဒမ်ဖွမ်ဖရေ ခြေမနိုင်လက်မနိုင် ဖြစ်နေတယ်။ သူမရဲ့ ငရုတ်ကောင်းဆေးဟာ ချက်ချင်း အကျိုးသက်ရောက်မှုရှိတယ်။ ဒါပေမယ့် ဒီဆေးသောက်တဲ့ လူဟာ နာရီအချို့ဆက်တိုက် နားထဲက မီးခိုး ထွက်နေတယ်။ ဂျင်နီ-ဝယ်စလီဟာ ခုတလော တရှောင်ရှောင်ဖြစ်နေတယ်။ ပတ်စီက သူမကို ဒီဆေးမျိုးအတင်းသောက်ခိုင်းတယ်။ ဒီတော့ သူမရဲ့ နီရဲတဲ့ ဆံပင်အောက်ကနေ အငွေ့တွေ တက်လာတယ်။ ခေါင်းတစ်ခုလုံး မီးတောက် နေသလိုပဲ။

ကျည်ဆံလောက်ရှိတဲ့ မိုးစက်တွေ ရဲတိုက်ပြတင်းကို တဖျပ်ဖျပ်ရိုက် ခတ်နေတယ်။ ရက်တော်တော်ကြာတာတောင် မစဲသေးဘူး။ ကန်ရေတက်လာ တယ်။ ပန်းခင်းထဲမှာ ရွှံ့ရေစီးကြောင်းတွေနဲ့။ ဟက်ဂရစ်စိုက်တဲ့ ရွှေဖရုံသီးတွေ ဟာ ပန်းရုံကြီးလောက် ဖောင်းပွလာတယ်။ သို့ပေမယ့် အော်လီဗာ-ဝုဒ်ရဲ့



အချိန်မှန် ခွေဒစ်လေ့ကျင့်တဲ့ တက်ကြွမှုဟာ ဒီအတွက်ကြောင့်တော့ လျော့ သွားဘူး။ ဒါကြောင့်သာ ကျွန်မတို့ဟာ ဟောလိုးဝင်းပွဲတော်မတိုင်မီ ရက်အနည်းငယ် မိုးလေသည်းထန်တဲ့ စနေနေ့ညနေမှာ ဟယ်ရီလေ့ကျင့်ပြီး နောက် ဂရစ်ဖင်းဒေါ်ရဲတိုက်ကို ပြန်လာတာ တွေ့ရတယ်။ သူ့တစ်ကိုယ်လုံး စိုရွှဲပြီး ရွှံ့တွေပေလို့။

လေမတိုက်မိုးမရွာခဲ့ရင်လည်း ဒီအကြိမ်လေ့ကျင့်မှုဟာလည်း ပျော် ရွှင်မှာမဟုတ်ဖူး။ ဖရက်နဲ့ ဂျော့ဟာ စလေးသရင်းအသင်း အခြေအနေကို အခြေထောက်လှမ်းနေတယ်။ သူတို့ဟာ ဟိုအလင်းစကြာ ၂၀၀၁ တံမြက်စည်း တွေရဲ့ အရှိန်နှုန်းကို မျက်မြင်တွေ့ခဲ့ရတယ်။ သူတို့ ပြန်လာပြီး အစီရင်ခံတာ ကတော့ စလေးသရင်း အသင်းသားတွေဟာ အခုဆိုရင် မသဲမကွဲ ဝေဝါးတဲ့ အစိမ်းနုရောင် အရိပ်မျှသာဖြစ်ပြီး ဂျက်လေယာဉ်လို တဝီးဝီး ပျံသွားနေတယ်။

ဟယ်ရီဟာ ဖွတ်ဇတ်ဖွတ်ဇတ်နဲ့ လူမရှိတဲ့ စင်္ကြံမှာလျှောက်လာတယ်။ ရုတ်တရက် သူ့လိုပဲ သောကတွေနဲ့ လူတစ်ယောက်ကို သွားမြင်တယ်။ ဂရစ် ဖင်းဒေါ်ရဲတိုက်က ဝိညာဉ်၊ "ခေါင်းပျောက်ဖို့ နည်းနည်းလိုတော့တဲ့" နစ်ခ်ဟာ စိတ်မကောင်းစွာနဲ့ ပြတင်းအပြင်ဘက်ကို ကြည့်နေတယ်။ ပါးစပ်ကလဲ တိုးတိုး ရေရွတ်နေတယ်။ ". . . . သူတို့ သတ်မှတ်ချက်နဲ့ မညီဘူး . . . . . . လက်မ တစ်ပဲလိုတာ၊ တကယ်လို့ဟို . . . . . ."

"မင်္ဂလာပါ၊ နစ်ခ်" ဟယ်ရီက ပြောတယ်။

"မင်္ဂလာပါ၊ မင်္ဂလာပါ" ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ခ် လန့် သွားတယ်။ အရပ်လေးမျက်နှာကို ကြည့်လိုက်တယ်။ ၎င်းရဲ့ ဆံပင် တွန့်တွန့် ရှည်ရှည်ပေါ်မှာ အလွန်ခေတ်ဆန်တဲ့ ငှက်မွေးတပ် ဦးထုပ်ဆောင်းထားတယ်။ ကိုယ်ပေါ်မှာ ဒူးထိရှည်တဲ့ ခါးကြပ်အပေါ်အင်္ကျီဝတ်ထားတယ်။ အင်္ကျီပေါ်မှာ ဇာတွန့်လည်ပတ်ကော်လာရှိပြီး သူ့လည်ပင်းလုံးဝနီးနီး အဖြတ်ခံရတဲ့ အဖြစ် မှန်ကို ဖုံးကွယ်ထားတယ်။ သူဟာ မီးခိုးလို ဖျော့တော့နေတယ်။ ဟယ်ရီဟာ သူ့ကိုယ်ကို ထိုးဖောက်ပြီး အပြင်က မည်းမှောင်တဲ့ မိုးကောင်းကင်နဲ့ ချုန်းမဲရွာ တဲ့ မိုးကို လှမ်းမြင်ရတယ်။

"မင်းကြည့်ရတာ သောကရှိနေသလိုပဲ လူငယ်ပေါ်တာ" နစ်ခ်က ပြောရင်း ဒိုးယိုပေါက်မြင်နိုင်တဲ့ စာတစ်စောင်ကို ခေါက်ပြီး ကိုယ်ကြပ်အပေါ် အင်္ကျီထဲ ဝှက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလဲ ဒီလိုပဲလေ" ဟယ်ရီက ပြောတယ်။

"အား" ခေါင်းပျောက်ဖို့ နည်းနည်းလိုတော့တဲ့ နစ်ခ်က သွယ်လျတဲ့ လက်တံကို ယမ်းနေတယ်။ "သေးသေးလေးပါ . . . . ကျုပ်က တကယ်ပါဝင်ချင်လို့ မှတ်ပါဘူး . . . . ကျုပ်က လျှောက်လို့ရမယ်ထင်တာ။ ဒါပေမယ့် ကျုပ် 'သတ်မှတ်ချက်နဲ့ မညီ' ဘူး ထင်တယ်"

သူ့လေသံကတော့ အရေးမလုပ်တဲ့ လေသံ။ ဒါပေမယ့် သူ့မျက်နှာပေါ်မှာ အလွန်နက်ရှိုင်းစွာ စိတ်ဒုက္ခရောက်နေပုံ ပေါ်နေတယ်။

"မင်း ပြောစမ်း" သူရုတ်တရက် ပေါက်ကွဲလာတယ်။ ဟိုစာကို အိတ်ကပ်ထဲက ဆွဲထုတ်လိုက်တယ်။ "လည်ပင်းကို ပုဆိန်ထက်ထက်နဲ့ အချက်ပေါင်း ၄၅ ချက် အခုတ်ခံရတဲ့သူ ခေါင်းမရှိသူ အမဲလိုက်အသင်းပါဝင်ခွင့်ရှိသလား မရှိဘူးလား"

"အိုး — ရှိတယ်" ဟယ်ရီဟာ သဘောတူကြောင်း ပြရမယ်။

"ကျုပ်ပြောလိုတာက၊ ကျုပ်ဟာ ဘယ်သူထက်မဆို ရှင်းရှင်းပြတ်ပြတ် ဖြစ်ချင်တာ။ ကျုပ်ခေါင်း လုံးဝအကုန်အစင် ပြတ်သွားစေချင်တာ။ ကျုပ်ပြောလိုတာက ဒါမှ ကျုပ်ကို ဒုက္ခအများကြီးမှ သက်သာစေမှာ။ သူများကဲ့ရယ်တာ က လွတ်မှာ။ သို့ပေမယ့် . . . . " ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ခ်ဟာ စာကို ခါဖြန့်လိုက်ပြီး ဒေါသနဲ့ ဖတ်ပါတော့တယ်။

"ကျွန်ုပ်တို့သည် ခေါင်းနှင့်ကိုယ် ကွဲနေသည့် အမဲလိုက်သူကိုသာ လက်ခံနိုင်ပါသည်။ သင်အပြည့်အဝ သဘောပေါက်ရမည်မှာ၊ အကယ်၍ ဒီလိုမဟုတ်ရင် အသင်းဝင်သည် မြင်းကျောကုံး လက်လှည့်ကစားခြင်းနှင့် ခေါင်းနှင့် ပိုလိုကစားခြင်းတွင် ပါဝင်ဖို့ရန် မဖြစ်နိုင်ပါ။ သို့ဖြစ်ပါ၍ အလွန်စိတ် မကောင်းစွာဖြင့် သင့်အားအကြောင်းကြားအပ်သည်မှာ သင်သည် ကျွန်ုပ်တို့ သတ်မှတ်ချက်နှင့် မကိုက်ညီပါကြောင်း။ ကောင်းစွာ ဆုတောင်းပေးလိုက်ပါသည်။ **ဆာဖတ်ထရစ်-ဒီလင်စီ-ဖော့ဒမော့**"

ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့ နစ်ခ်ဟာ ရှုံးရှုံးရှဲရှဲနဲ့ စာကို အင်္ကျီထဲ ထိုးထည့်လိုက်တယ်။

"အရေပြားနဲ့ အရွတ် လက်မဝက်လောက်သာ ကျုပ်လည်ပင်းနဲ့ တွဲနေတာပါ၊ ဟယ်ရီ။ လူအများစုက စင်စစ်မှာ ခေါင်းပြုတ်သွားတာနဲ့ အတူတူပဲလို့ ထင်ကြပါတယ်။ ဒါပေမယ့် မရဘူး။ ဆာ ခေါင်းလုံးဝပြတ်တဲ့ ဖော့ဒ်မို့



အဖို့ဒါနဲ့ မလုံလောက်သေးဘူး"

ခေါင်းပျောက်ဖို့ နည်းနည်းလိုတော့တဲ့ နစ်ခ်ဟာ အသက်ပြင်းပြင်း ၃-၄ ခါ ရှူလိုက်ပြီးနောက် တည်ငြိမ်တဲ့ လေသံနဲ့ ပြောတယ်။ "ဒါဖြင့်ရင် — မင်းကကော ဘယ်အတွက် သောကရောက်နေတာလဲ။ ကျုပ် ကူညီလို့ရမလား"

"မရဘူး" ဟယ်ရီက ပြောတယ်။ "ခင်ဗျား ကျွန်တော်တို့ ပြိုင်ပွဲမှာ အလေးသရင်းကို ယှဉ်ပြိုင်ဖို့ အလင်းစကြာ ၂၀၀၁ တံမြက်စည်း ခုနစ်လက် ရှာပေးနိုင်ရင်တော့ တစ်မျိုးပေါ့ — "

"ညောင် — " ဟယ်ရီ ခြေမြက်စိအနားကနေ စူးရှတဲ့ အသံတစ်သံ ရုတ်တရက်ပေါ်လာတယ်။ သူတို့စကားသံကို ဖုံးလွှမ်းသွားတယ်။ သူခေါင်းငုံ့ကြည့်လိုက်တော့ မီးလိုလက်နေတဲ့ မျက်စိအဝါနှစ်လုံးကို တွေ့ရတယ်။ အဲဒါ မစ္စစ် နော်ရီးစ်။ အဲဒီ ဝိန်ညောင်ညောင် ကြောင်မွဲဟာ တံခါးစောင့်သူ ဖစ်ချ် အလေးထားခံရတယ်။ ၎င်းနဲ့ ကျောင်းသားတွေကြား အဆုံးမရှိတဲ့ တိုက်ပွဲထဲမှာ ၎င်းရဲ့ လက်ထောက်ဖြစ်တယ်။

"မင်းဒီကထွက်သွားရင် ကောင်းမယ်။ ဟယ်ရီ" နစ်ခ်က အမြန်ပြောတယ်။ "ဖစ်ချ် စိတ်ဆိုးနေတယ်။ သူအအေးမိနေတယ်။ တတိယနှစ် ကျောင်းသားအချို့ ဖားဦးနှောက်ကို မြေအောက် စာသင်ခန်းအမှတ် ၅ ရဲ့ မျက်နှာကြက်မှာ သုတ်ထားတယ်။ သူတစ်မနက်လုံး ဆေးကြောသုတ်သင်ရတယ်။ မင်း ရွှံ့ရည်တွေ နေရာတကာ ပေအောင် လုပ်တာ မြင်ရင် . . . . "

"ဟုတ်တယ်" ဟယ်ရီက ပြောရင်း မစ္စစ် နော်ရီးစ်ရဲ့ အပြစ်တင်တဲ့ အကြည့်က နောက်ဆုတ် ထွက်ခွာလိုက်တယ်။ ဒါပေမယ့် မမီတော့ဘူး။ ဖစ်ချ်နဲ့ ၎င်းရဲ့ မုန်းစရာကြောင်ကြားမှာ လျှို့ဝှက်တဲ့ အားတစ်ခု ဆက်သွယ်နေတယ်နဲ့တူတယ်။ သူဟာ ရုတ်တရက်ကြီး နံရံချိတ်ကော်ဇောနောက်ကနေ ဟယ်ရီ့ ညာဘက်ကို ပြေးလာတယ်။ ဟဲဟောဟောနဲ့ ဒေါသနဲ့ ဟိုဒီကြည့်ပြီး ကျောင်းသည်းကမ်းချိုးဖောက်သူကို ရှာတယ်။ သူ့ခေါင်းပေါ်မှာ အကွက်ပါတဲ့ ခေါင်းဆောင်းထူထူကြီး ပေါင်းထားတယ်။ နှာခေါင်းကလည်း နီလိုက်တာပုံမှန်မကျဘူး။

"ညစ်ပတ်တဲ့ဟာ" သူက အော်ရင်း ဟယ်ရီရဲ့ ခွဲဒစ် ဝတ်စုံအောက ကျနေတဲ့ ရွှံ့ညစ်ပတ်ရည်တွေကို လက်ညှိုးထိုးရင်း မျက်လုံးကြီး လန့်စရာ ပြူးထားတယ်။ မေးနှစ်ထပ်ကလည်း တုန်ခါနေတယ်။ "နေရာတကာ ညစ်ပေ

www.burmeseclassic.com



နေတယ်။ ရှုပ်ယှက်ခတ်နေတာပဲ။ မင်းသိဖို့က ကျုပ်မခံနိုင်တော့ဘူး။ ပေါ်ထာ ကျော်နဲ့ လိုက်ခဲ့"

ဟယ်ရီဟာ စိတ်ညစ်ညစ်နဲ့ ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့ နစ်ခ်ကို လက်ပြနှုတ်ဆက်လိုက်ပြီး ဖစ်ချ်နဲ့အတူ လှေခါးဆင်းတယ်။ ကြမ်းပေါ်မှာ ရွှံ့ခြေရာတွေ ကျန်ရစ်ခဲ့ ပြန်တယ်။

အရင်က ဟယ်ရီဟာ ဖစ်ချ်ရုံးခန်းကို မရောက်ဖူးဘူး။ ကျောင်းသားအများစုဟာ ဒီနေရာကို ဝေးဝေးက ရှောင်တယ်။ အခန်းဟာ မှောင်ပြီး ညစ်ပတ်တယ်။ ပြတင်းပေါက်မရှိဘူး။ ဆီမီးတစ်ခုသာ မျက်နှာကြက်နိမ့်နိမ့်က တွဲလောင်းကျနေတယ်။ လေထုထဲမှာ ငါးကြော်အနံ့ နည်းနည်းရှိတယ်။ နံရံလေးဘက်အောက်မှာ သစ်သားစာရွက်စာတမ်း ဘီဒိုတွေရှိတယ်။ လေဘယ်ပေါ်ကနေ ဒီအထဲမှာ ဖစ်ချ်အပြစ်ပေးခဲ့တဲ့ ကျောင်းသားတိုင်းရဲ့ အသေးစိတ် အချက်အလက်တွေ သိမ်းဆည်းထားမှန်း ဟယ်ရီ သိရတယ်။ ဖရက်နဲ့ ဂျော့ချ် နှစ်ယောက်နဲ့တွင် အံဆွဲတစ်ခုလုံး ပြည့်နေတယ်။ ဖစ်ချ် စာရေးစာပွဲနောက်က နံရံပေါ်မှာ ပြောင်လက်နေတဲ့ ချိန်းကြိုးနဲ့ လက်ထိတ် ခြေထိတ် စတာတွေ ချိတ်ထားတယ်။ အားလုံးသိပြီးတာကတော့ ဖစ်ချ်ဟာ ကျောင်းသားတွေရဲ့ ခြေမျက်စိကိုချည်ပြီး မျက်နှာကြက်ကနေ ဇောက်ထိုးဆွဲထားဖို့ရန် ဒမ်ဘယ်ဒိုးကို ခွင့် ပြုဖို့ ခန ခန တောင်းဆိုတယ်။

ဖစ်ချ်ဟာ စာရေးစာပွဲပေါ်က ခွက်တစ်ခုထဲကနေ ငှက်မွေးကလောင် တစ်ချောင်း ဆွဲယူလိုက်တယ်။ ဒီနောက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီး သိုးရေစက္ကူရှာတယ်။

"ချေးလိုပဲ" သူက ဒေါသနဲ့ ပွစိပွစိပြောတယ်။ "တရှိုရှိုမြည်တဲ့ ပက်ကျိ ကြီးတွေ. . . . ဖားဦးနှောက်. . . . ကြွက်အူ. . . . ကျုပ်မခံနိုင်တော့ဘူး . . . .

". . . . ဇယားကော , . . . ဒီမှာ . . . ."

သူက စာရေးစာပွဲအံဆွဲထဲက ဆိတ်ရေစက္ကူလိပ်ကြီး ဆွဲထုတ်ပြီး မြန်မြန်ခင်းလိုက်တယ်။ ဒီနောက် ငှက်မွေးအနက်ကလောင် ရှည်ရှည်ကြီးနဲ့ မင်ထဲ တို့လိုက်တယ်။

"နာမည် . . . ." ဟယ်ရီ-ပေါ်တာ။ အပြစ် . . . ."

"ရွှံ့ရည်လေးနည်းနည်းလေးပါ" ဟယ်ရီက ပြောတယ်။

"မင်း အဖို့က ရွှံ့ရည်နည်းနည်းလေးပေါ့။ ကလေး။ ဒါပေမယ့် ကျုပ်



အဖို့ ပြောရရင် ဆေးကြောသုတ်သင်ရမှာ တစ်နာရီလောက်ကြာမယ်" ဖစ်ချ်က ပြောတယ်။ သူ့နှာခေါင်း ဖောင်းပွပွကြီးရဲ့ နှာဖျားမှာ ရွှဲစရာနှပ်ချေးတစ်စက် လှုပ်နေတယ်။ "အပြစ် . . . . ရဲတိုက်ကို ညစ်ပေအောင် လုပ်တယ် . . . . အပြစ်ပေးရန် အကြံပြုချက် . . . . . ."

ဖစ်ချ်က စီးကျလာတဲ့ နှပ်ချေးကို သုတ်လိုက်ပြီး မျက်စိမှေးကာ အဘောဆိုးနဲ့ ဟယ်ရီကို ကြည့်နေတယ်။ ဟယ်ရီဟာ အသက်အောင့်ပြီး ဒီလင်ချက်ချမှာကို စောင့်နေတယ်။

သို့ပေမယ့် ဖစ်ချ်ရဲ့ကလောင် ရေးမယ်လုပ်တုန်းမှာ ရုံးခန်းမျက်နှာကြက်ပေါ်ကနေ အသံကြီးတစ်ခုပေါ်လာတယ်။ "ဘမ်း" ဆီမီးဟာ တုန်ခါပြီး ဆော်ခတ်သံ ထွက်နေတယ်။

"သရဲ ဖီးဗိစ်" ဖစ်ချ် အော်တယ်။ ဒေါသထွက်ပြီး ငှက်မွေးကလောင်ကို ပစ်ပစ်လိုက်တယ်။ "ဒီတစ်ကြိမ်တော့ မင်းကို မထားဘူး။ ဖမ်းပစ်မယ်"

သရဲဖီးဗိစ်ဟာ ကျောင်းမှာ အမြဲကျီစားလွန်းတဲ့ သရဲ။ တစ်နေကုန် သီးသီးဟားဟားနဲ့ မိုးပေါ်မှာ ဟိုဒီသွားပြီး ပြဿနာလုပ်တယ်။ ဒုက္ခပေးတယ်။ ဒုက္ခရောက်အောင် လုပ်တယ်။ ဟယ်ရီဟာ သရဲဖီးဗိစ်ကို သိပ်မကြိုက်ဖူး။ ဒါပေမယ့် သရဲဖီးဗိစ် ဒီတစ်ခါတော့ အချိန်ကိုက် လာရှုပ်တာ ကျေးဇူးတင်မိတယ်။ သရဲဖီးဗိစ် ဘာပဲ လုပ်လုပ် (အသံကြားရတာ သူအရာဝတ္ထုအကြီးကြီးတို့ ခွဲပစ်လိုက်သလိုပဲ) ဖစ်ချ်ရဲ့ အာရုံကို ဟယ်ရီ့ ကိုယ်ပေါ်က တခြား ရောက်သွားစေနိုင်တယ်။

ဟယ်ရီဟာ ဖစ်ချ်ပြန်လာမှာကို စောင့်ရမယ်လို့ ယူဆပြီး စာရေးစာပွဲဘေးက ပိုးထိုးထားတဲ့ ကုလားထိုင်ပေါ်မှာ ထိုင်လိုက်တယ်။ စာပွဲပေါ်မှာ သူ့ကိစ္စဖြည့်ရေးနေတဲ့ ဖောင်အပြင် တခြားအရာတစ်ခုရှိသေးတယ်။ ဖောင်းဖောင်း ခရမ်းရောင် စာအိတ်။ အပေါ်မှာ ငွေစာလုံးတွေ ရိုက်နှိပ်ထားတယ်။ ဟယ်ရီဟာ တံခါးပေါက်ဆီ အလျင်အမြန်ကြည့်လိုက်ပြီး ဖစ်ချ်ပြန်မလာသေးတာ သေချာမှ စာအိတ်ကို ကောက်ကိုင်ပြီး ဖတ်တယ်။

**အလျင်အမြန် ဂါထာရွတ်နည်း**

**ကနဦး လေ့လာသူများအတွက် မှော်ပညာ စာပေးစာယူသင်တန်း**

ဟယ်ရီဟာ ဘာမှန်းမသိတာနဲ့ စာအိတ်ကို ဖွင့်လိုက်ပြီး အတွင်းက သိုးရေစက္ကူကို ဆွဲထုတ်လိုက်တယ်။ ပထမစာမျက်နှာပေါ်မှာလဲ ငွေရောင်စာ

www.burmeseclassic.com

www.burmeseclassic.com



လုံးသော့သော့တွေကို တွေ့ရတယ်။

သင်ဟာ ခုခေတ် မော်လောကရဲ့ ခြေလှမ်းကို မမီဘူး ထင်သလား။ သင်ဟာ အကြောင်းရှာပြီး လွယ်ကူတဲ့ မော်ပညာကို ပြသခြင်းမပြုတာ မိမိဖာသာ တွေ့ရှိပါသလား။ သင်ဟာ ညံ့ဖျင်းတဲ့ မော်ကြိမ်လုံးအတတ်ကြောင့် ကဲ့ရဲ့ခံနေရပါသလား။ အဖြေ ဒီမှာ ရှိပါတယ်။

အလျှင်အမြန် ဂါထာရွတ်ခြင်းဟာ အမှားမရှိပဲ အကျိုးသက်ရောက်မှု မြန်ဆန်ပြီး လွယ်ကူစွာ သင်ယူနိုင်တဲ့ သင်ခန်းစာ အသစ်စက်စက်ဖြစ်တယ်။ မော်ဆရာ၊ ဆရာမ ရာထောင်ချီပြီး အလျှင်အမြန် ဂါထာရွတ်နည်းကနေ အလွန် အကျိုးရှိသွားကြတယ်။

တော့ဖ်ရှမ်က မဒမ်ဇီ-နက်ထော်က ရေးတယ်-

"ကျွန်မ ဂါထာတွေ မမှတ်မိဖူး။ ကျွန်မဖော်စပ်တဲ့ မော်ဆေးဟာ အိမ်သားတွေ ကဲ့ရဲ့တာခံရတယ်။ အခု၊ အလျှင်အမြန် ဂါထာရွတ် သင်တန်းတစ်ပတ် လေ့လာလိုက်ပြီးနောက် ကျွန်မဟာ ပါတီပွဲတွေမှာ အများသတိပြုရတဲ့ ဗဟိုနေရာ ရောက်နေပြီ။ မိတ်ဆွေတွေက ကျွန်မဆီကနေ တဖျတ်ဖျတ် တောက်ပဆေးဖော်စပ်နည်းကို တောင်းနေကြပါပြီ"

ဒစ်စဆွရီက ဝါးလော့ ဒီ-ဂျေ-ဖရော့က ပြောတယ် -

"ကျွန်တော့် မိန်းမဟာ အရင်ဆိုရင် ကျွန်တော့်ညံ့ဖျင်းတဲ့ မော်ပညာကို ကဲ့ရဲ့လေ့ရှိတယ်။ ဒါပေမယ့် ခင်ဗျားတို့ရဲ့ ထူးဆန်းအံ့ဩဖွယ် ကောင်းတဲ့ အလျှင်အမြန် ဂါထာရွတ်နည်း သင်တန်းမှာ တစ်လ သင်ကြားပြီးနောက် ကျွန်တော်ဟာ သူမကို အမွေးဖွား နွားကြီးဖြစ်အောင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့တယ်။ ကျေးဇူးတင်ပါတယ်၊ အလျှင်အမြန်ဂါထာရွတ်နည်း သင်တန်း"

ဟယ်ရီ စိတ်ဝင်စားလာတယ်။ သူက စာအိတ်ထဲက ကျန်သိုးရေစက္ကူတွေကို လက်ချောင်းနဲ့ လှန်လှောနေတယ်။ ဖစ်ချ် ဘာဖြစ်လို့ အလျှင်အမြန် ဂါထာရွတ်နည်း သင်ရတာလဲ။ ဒါဟာ သူမော်ဆရာအစစ်မဟုတ်ဖူးလို့ ပြော



သလား။ ဟယ်ရီဟာ "သင်ခန်းစာ ၁၊ သင့်မော်ကြိမ်လုံးကို ကိုင်ပါ (အသုံးကျတဲ့ အကြံပြုချက်)" ကို ဖတ်ရှုရှိသေးတယ်။ အပြင်ဘက်က ဖေါက်ဖေါက်ဖေါက်နဲ့ လျှောက်လာတဲ့ ခြေသံပေါ်လာတယ်။ ဖစ်ချ်ပြန်လာပြီဆိုတာ သိတာနဲ့ သိုးရေစက္ကူကို စာအိတ်ထဲ မြန်မြန်ပြန်ထည့်ပြီး စာပွဲပေါ် ပစ်တင်လိုက်တယ်။ အဲဒီအချိန်မှာပဲ တံခါးပွင့်သွားတယ်။

ဖစ်ချ်ဟာ အောင်ပွဲခံလာတဲ့ ပုံနဲ့။

"အဲဒီ ပျောက်ကွယ်ခြင်းဘီဒို အလွန်တန်ဖိုးရှိတယ်" သူက ဝမ်းသာစွာနဲ့ ခွေစ် နော်ရီးစ်ကို ပြောတယ်။ "ဒီတစ်ချီတော့ တို့သရဲဖီးဗိစ်ကို မောင်းပစ်ရပြီ၊ ချစ်လှစွာသော"

သူ့အကြည့်ဟာ ဟယ်ရီ့ ကိုယ်ပေါ် ကျရောက်လာတယ်။ တစ်ခါ အလျှင်အမြန် ဂါထာရွတ်နည်း စာအိတ်ပေါ် ချက်ချင်း ရောက်သွားပြန်တယ်။ အခု ဟယ်ရီတွေ့ရှိတာက စာအိတ်ဟာ ခုနက နေရာနဲ့ နှစ်ပေလောက် ကွာနေတယ်၊ ဒါပေမယ့် မတတ်နိုင်တော့ဘူး။

ဖစ်ချ်ရဲ့ ဖြူဖပ်တဲ့ မျက်နှာဟာ ချက်ချင်းနီရဲသွားတယ်။ ဟယ်ရီဟာ သတ္တိမွေးပြီး သူ့ဒေါသပုန်ထမှာကို စောင့်နေတယ်။ ဖစ်ချ်ဟာ ထော့နဲ့ထော့နဲ့ စာပွဲဆီလျှောက်လာတယ်။ စာအိတ်ကို ဆွဲယူပြီး အံဆွဲထဲ ပစ်ထည့်လိုက်တယ်။

"မင်းက — မင်းကြည့်သလား — " သူဟာ ထစ်ထစ်ငေါ့ငေါ့ မေးတယ်။

"ဟင့်အင်း" ဟယ်ရီ မြန်မြန်လိမ်လိုက်တယ်။

ဖစ်ချ်ဟာ အဆစ်တွေ ငေါထွက်နေတဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားတယ်။

"မင်း ငါ့ပုဂ္ဂလိက ပစ္စည်းကို ခိုးကြည့်တယ်လို့ ငါထင်ရင် ...... မဟုတ်ဖူး၊ ဒါငါ့ဟာ မဟုတ်ဖူး ...... မိတ်ဆွေတစ်ယောက်အတွက် .... ဘာပဲဖြစ်ဖြစ်ပါ ...... ဒါပေမယ့် ......"

ဟယ်ရီက သူ့ကို ကြည့်နေရင်း သိပ်ကို အံ့ဩသွားတယ်။ ဖစ်ချ်ဟာ ဒီတုန်းကမှ ဒီလောက် ဒေါသမဖြစ်ဖူး။ သူ့မျက်လုံးပြူးထွက်နေတယ်၊ သူ့မှာကျနေတဲ့ ပါးပြင်တစ်ဖက်ဟာ ရုတ်တရက် အကြောဆွဲလာတယ်။ ခေါင်းမှာ အကွက်ပါတဲ့ ခေါင်းပေါင်းပေါင်းထားပေမယ့်လည်း ဘာမှအသုံးမကျဘူး။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော်တယ် . . . . သွားတော့ . . . . တစ်လုံးမှ ထုတ်မပြောနဲ့ . . . . ကျုပ်က ပြောတာမှတ်ဖူး . . . . ဒါပေမယ့် မင်းမကြည့်ဖူးဆိုရင် . . . . မင်းသွားတော့။ ငါသရဲ ဖီးဗိစ်ရဲ့ အစီရင်ခံစာ ရေးရဦးမယ် . . . . သွားတော့ . . . . . ."

ဟယ်ရီဟာ မိမိကုသိုလ်ကံကို မယုံနိုင်အောင်ပဲ။ ဒါနဲ့ ရုံးခန်းကနေ အပြေးထွက်ပြီး စင်္ကြံကို ဖြတ်ကာ အပေါ်ထပ်တက်လာတယ်။ ဘာမှ အပြစ်ပေးမခံရဘဲ ဖစ်ချ်ရုံးခန်းက ထွက်လာနိုင်တာဟာလဲ ဒီကျောင်းရဲ့ စံချိန်သစ်တင်တယ်လို့ ပြောရမှာပဲ။

"ဟယ်ရီ၊ ဟယ်ရီ၊ အဆင်ပြေရဲ့လား"

ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့ နစ်ခ်က စာသင်ခန်းတစ်ခုကနေ လှစ်ကနဲ ထွက်လာတယ်။ သူ့ကျောဘက်မှာ အနက်ရောင်နဲ့ ရွှေရောင်ကျားတဲ့ ဘီဒိုတစ်လုံးကွဲကျနေတာ ဟယ်ရီတွေ့ရတယ်။ ကြည့်ရတာ အမြင့်ကြီးက ကျလာသလိုပဲ။

"ကျုပ်က သရဲဖီးဗိစ်ကို ဖစ်ချ်ရဲ့ ရုံးခန်းပေါ် ပစ်ချဖို့ နားချလိုက်တာ" နစ်ခ်က လောလောပြောတယ်။ "ဒါမှ သူ့အာရုံပြောင်းသွားမှာ — "

"လက်စသတ်တော့ ခင်ဗျားကိုး" ဟယ်ရီက ကျေးဇူးတင်စွာ ပြောတယ်။ "ဟုတ်ကဲ့၊ သိပ်အဆင်ပြေသွားတယ်။ ကျွန်တော် ကျောင်းပိတ်တောင်မခံရဘူး။ ကျေးဇူးတင်ပါတယ်၊ နစ်ခ်"

သူတို့အတူတကွ စင်္ကြံပေါ် လျှောက်ကြတယ်။ ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့ နစ်ခ်လက်ထဲမှာ ဆာဖက်ထရစ်ရဲ့ ငြင်းဆန်တဲ့ စာကို ဟယ်ရီသတိပြုမိတယ်။

"ခေါင်းမဲ့ အမဲလိုက်အသင်းကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ခင်ဗျားအတွက် တစ်ခုခု လုပ်ပေးနိုင်ဖို့ မျှော်လင့်တယ်" ဟယ်ရီ ကပြောတယ်။

ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတဲ့ နစ်ခ်က ချက်ချင်း ခြေလှမ်းရပ်လိုက်တယ်။ ဟယ်ရီက သူ့ကိုယ်ခန္ဓာထဲက တိုက်ရိုက်ဖြတ်သွားတယ်။ သူ ဒီလိုမလုပ်မိချင်ဘူး။ သူခံစားရတာက ရေခဲရေချိုးလိုက်ရသလိုပဲ။

"မင်း ကျုပ်အတွက် တစ်ခုလုပ်ပေးနိုင်ပါတယ်" နစ်ခ်က တက်ကြွစွာ ပြောတယ်။ "ဟယ်ရီ — ကျုပ်တောင်းဆိုတာ လွန်များသွားလား — မဖြစ်ဘူး၊ မင်းလုပ်ချင်မှာ မဟုတ်ဘူး — "



"ဘာများလဲ" ဟယ်ရီက မေးတယ်။

"ကောင်းပြီ၊ ဒီနှစ်ဟောလိုးဝင်းပွဲတော်ဟာ ကျုပ်ရဲ့ အနှစ်ငါးရာမြောက် အသယ်လွန်တဲ့နေ့ပါ" ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့ နစ်ခ်က ပြောတယ်။ သူ့ရင်ကို ကော့ထားတယ်။ အလွန်အဆင့်အတန်းမြင့်တဲ့ပုံ ပေါ်နေတယ်။

"အော" ဟယ်ရီက ပြောတယ်။ ဒီသတင်းနဲ့ ပတ်သက်ပြီး သူဝမ်းနည်းခြင်း ဒါမှမဟုတ် ဝမ်းသာခြင်း ဘယ်ဟာဖော်ပြရမှန်း မသိဖြစ်နေတယ်။ "ဟုတ်လား"

"နည်းနည်းကျယ်ဝန်းတဲ့ မြေအောက်စာသင်ခန်းထဲမှာ ပါတီပွဲတစ်ခုသတ်မယ်။ မိတ်ဆွေတွေဟာ နိုင်ငံအနှံ့က လာကြလိမ့်မယ်။ မင်းလဲ တက်ရောက်မယ်ဆိုရင် ကျုပ်သိပ်ကို ဂုဏ်ယူမှာ။ မစ္စတာ ဝယ်စလီနဲ့ မစ်ဂရန်ဂျာတို့လဲ သိပ်ကို အကြိုဆိုခံရတဲ့ သူတွေပဲပေါ့ — သို့ပေမယ့် ကျုပ်ပြောဝံ့တာကမင်းဟာ ကျောင်းက ညစာ စားပွဲကိုပဲ တက်ချင်မှာပါ။ ဟုတ်လား" သူက စိုးရိမ်စိတ်နဲ့ ဟယ်ရီကို ကြည့်နေတယ်။

"မဟုတ်ပါဘူး" ဟယ်ရီက ချက်ချင်းပြောတယ် "ကျွန်တော်လာမှာပါ — "

"ချစ်လှစွာသော ကောင်လေး။ ဟယ်ရီ-ပေါ်တာ၊ ကျုပ်သေနေ့ ပါတီကို တက်ရောက်မယ်။ သိပ်ဟန်ကျတာပဲ။ ပြီးတော့" သူတုံ့ဆိုင်းနေတယ်။ သိပ်ကို စိတ်လှုပ်ရှားပုံရတယ်။ "ကျေးဇူးပြုပြီး ဆာဖက်ချရစ်ကို မင်းအနေနဲ့ ကျုပ်ဟာ သိပ်ကိုကြောက်စရာကောင်းတယ်။ သိပ်ကို ထင်ထင်ရှားရှား မှတ်မိစေတယ်လို့ ပြောပေးပါလား။ ကောင်းလား"

"ဟုတ် — ဟုတ်ကဲ့ ရပါတယ်" ဟယ်ရီက ပြောတယ်။

ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ခ်က သူ့ကို ပြုံးပြတယ်။

"သေနေ့ပါတီပွဲ ဟုတ်လား" ဟာမီးက သိပ်စိတ်ဝင်စားစွာ ပြောတယ်။ "အသက်ရှင်နေတဲ့ လူဘယ်နှစ်ယောက်ကမှ သူတို့ ဒီပွဲမျိုးတက်ဖူးတယ် ပြောဆိုသူ ရှိမှာမဟုတ်ဖူး — သိပ်ကို ထူးဆန်းမှာပဲ" ဒီအချိန်မှာ ဟယ်ရီသတိရပြီးသွားပြီ။ အများနားနေခန်းထဲမှာ သူမနဲ့ ရွန်ကို တွေ့ဆုံတယ်။

"ဘာဖြစ်လို့ သူတို့သေတဲ့နေ့ကို ဂုဏ်ပြုပွဲ ကျင်းပရတာလဲ" ရွန်က

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးသလို ပြောတယ်။ သူဟာ မှော်ဆေးပညာ အိမ်စာလုပ်နေတယ်။ "ကြားရတာ တစ်မျိုးကြီး လေးပင်နေသလိုပဲ . . . . . ."

အပြင်ဘက်မှာ ချုံးမဲမိုး ရွာနေတုန်းပဲ။ မိုးဟာမှင်လိုမှောင်မည်းနေတယ်။ ဒါပေမယ့် အိပ်ခန်းထဲမှာတော့ လင်းချင်းပြီး ပျော်ရွှင်စရာပဲ။ မီးရောင်ဟာ ပျော့ပျောင်းတဲ့ လက်ရန်းပါ ထိုင်ခုံတွေကို အလင်းပေးနေတယ်။ လူတွေဟာ ခုံပေါ် ထိုင်ပြီး စာဖတ်တယ်။ စကားစမြည်ပြောတယ်။ အိမ်စာလုပ်တယ်။ ဖရက်နဲ့ ဂျော့-ဝယ်စလီ အမြွှာညီနောင်ကတော့ မီးကင်းလိတ်ရှောကို ဖစ်လစ်ဘတ်စထာဗျောက်အိုးကွေးကြည့်ရင် ဘယ်လိုဖြစ်မလဲဆိုတာ လေ့လာနေတယ်။ ဖရက်ဟာ အဲဒီလိမ္မော်ရောင် မီးကင်းလိပ်ရှောကို ထူးဆန်းအံ့သြဖွယ်သတ္တဝါများ ကာကွယ်ရေး သင်တန်းတက်နေစဉ် "ကယ်တင်" ယူခဲ့တာဖြစ်တယ်။ အခု ကင်းလိပ်ရှောဟာ စာပွဲပေါ် မှောက်လျက်တငွေ့ငွေ့လောင်ကျွမ်းနေတယ်။ ဘေးမှာ အံ့သြစွာ ဝိုင်းကြည့်သူတွေနဲ့။

ဟယ်ရီက ဖစ်ချ်နဲ့ အလျင်အမြန်ဂါထာရွတ် စာပေးစာယူသင်တန်းအကြောင်း ရွန်နဲ့ ဟာမီးကို ပြောမယ်လုပ်တုန်းမှာ ရုတ်တရက် ဟိုဘက်ထမီးလောင်းကင်းလိပ်ရှောဟာ မိုးပေါ် ပျံတက်ပြီး အခန်းထဲမှာ အရှုးအမူးလည်ပတ်ရင်း မီးပန်းတွေ တဖျတ်ဖျတ် ထွက်နေတယ်။ ဘမ်းဘမ်းသံကြီးတွေလဲ ပါသေးတယ်။ ဖတ်စီက အသံအက်ကြီးနဲ့ ဖရက်နဲ့ ဂျော့ကို တအားဆူနေတယ်။ မီးကင်းလိပ်ရှောရဲ့ ပါးစပ်ထဲကနေ လိမ္မော်ရောင် ကြယ်တွေထွက်လာတာ အလွန်လှပပြီး ကြည့်လို့ ကောင်းတယ်။ ၎င်းဟာ ဆက်ခါဆက်ခါပေါက်ကွဲသံနဲ့အတူ မီးဖိုထဲ ပြေးဝင်သွားတယ်။ ဒါတွေကြောင့် ဟယ်ရီဟာ ဖစ်ချ်နဲ့ အလျင်အမြန်ဂါထာရွတ်နည်း စာအိတ်အကြောင်း လုံးဝမေ့သွားတယ်။

ဟောလိုးဝင်းပွဲတော်ရောက်လာပြီ။ ဟယ်ရီဟာ လွယ်လွယ်နဲ့ သေနေ့ပါတီပွဲကို တက်ရောက်ဖို့ ကတိပေးမိတာကို နောင်တရနေတယ်။ ခန်းမကြီးဟာ အသုံးပြုနေကျ လင်းနို့အရှင်တွေနဲ့ ပြင်ဆင်ထားတယ်။ ဟက်ဂရစ်စိုက်တဲ့ ရွှေဖရုံသီးကြီးတွေဟာ မီးပုံးကြီးတွေဖြစ်အောင် ထွင်းထားတယ်။ ကြီးတာမှ အထဲမှာ လူသုံးယောက် ဝင်ထိုင်နိုင်တယ်။ ဒမ်ဘလီဒိုးဟာ အများပျော်ကြဖို့ အရိုးစု ကဇာတ်အဖွဲ့ မှာထားတယ်လို့ ပြောနေကြသေးတယ်။

"ထွေးပြီးတဲ့တံတွေး ပြန်မျိုချလို့ မရဘူး" ဟာမီးက မျက်နှာထားနဲ့



ဟယ်ရီကို သတိပေးတယ်။ "နင် သေနေ့ပါတီပွဲ သွားတက်မယ်လို့ နင်ပြောထားတာပဲ"

ဒါနဲ့ ခုနစ်နာရီထိုးတော့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ လူသွားလမ်းဆီ ဖြတ်ခဲ့ကြတယ်။ အဲဒီလမ်းဟာ လူပြည့်နေတဲ့ ခန်းမကို သွားနိုင်တယ်။ အဲဒီမှာ အလှအပဆင်ထားပြီး ဖယောင်းတိုင်မီးတွေ လင်းလက်နေတယ်။ စာပွဲပေါ်မှာ ရွှေပန်းကန်ပြားတွေ ခင်းထားတယ်။ အလွန်စွဲမက်စရာပဲ။ ဒါပေမယ့် သူတို့ဟာ မြေအောက် စာသင်ခန်းဆီ လျှောက်သွားကြတယ်။

ခေါင်းပျောက်ဖို့နည်းနည်းလိုတော့တဲ့ နစ်ခ်ရဲ့ ပါတီပွဲဆီသွားတဲ့ လူသွားလမ်းဟာလည်း ဖယောင်းတိုင် ထွန်းထားပြီးပြီ။ ဒါပေမယ့် အကျိုးသက်ရောက်မှုက ပျော်ရွှင်စရာမရှိဘူး။ ၎င်းတို့ဟာ မည်းပြီးသေးသွယ်တဲ့ ဖယောင်းတိုင်လေးတွေချည်းပဲ။ တောက်လောင်နေစဉ် မီးက ပြာနှမ်းနှမ်းနဲ့။ သူတို့လို အသက်ရှင်နေသူ အားကောင်းတဲ့ လူသုံးယောက်မျက်နှာပေါ် အလင်းကျတာတောင် ကြောက်မက်ဖွယ် ဖြစ်နေတယ်။ သူတို့ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း အပူချိန်လျော့လာတယ်။ ဟယ်ရီဟာ တုန်နေတယ်။ အကျႌကို ကိုယ်နဲ့တင်းတင်းဆွဲထားတယ်။ ဒီအချိန်မှာ သူအသံတစ်သံကြားရတယ်။ လက်သည်းတစ်ထောင် ကျောက်သင်ပုန်းကြီးပေါ်မှာ ခြစ်ကုတ်နေသလိုပဲ။

"ဒါလဲဂီတတဲ့လား" ရွန်က တိုးတိုးပြောတယ်။ သူတို့ ဒေါင့်ချိုးတစ်ခုချိုးလိုက်တယ်။ ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့နစ်ခ် တံခါးပေါက်ဝတစ်ခုမှာ ရပ်နေတာ မြင်ရတယ်။ ကိုယ်ပေါ်မှာ အနက်ရောင် စိန်ကတ္တီပါ လိုက်ကာခြုံထားတယ်။

"ချစ်လှစွာသော မိတ်ဆွေတို့" သူက အလွန်တရာ ဝမ်းနည်းစွာနဲ့ ပြောတယ်။ "ကြိုဆိုပါတယ်။ ကြိုဆိုပါတယ် . . . . မင်းတို့လာတဲ့အတွက် ကျေးဇူးပဲ . . . . . ."

သူက ငှက်မွေးထိုးထားတဲ့ ဦးထုပ်ကို ချွတ်ပြီး ဦးညွှတ်အလေးပြုကာ သူတို့ကို အတွင်းဝင်စေတယ်။

မျက်စိရှေ့က ရှုခင်းဟာ ယုံကြည်နိုင်စရာမရှိဘူး။ မြေအောက်စာသင်ခန်းထဲမှာ မျက်နှာငွေရောင်လိုဖြူတဲ့၊ အလင်းရောင် ထိုးဖောက်နိုင်တဲ့ ကိုယ်ရောင် ရာအချို့နဲ့ ပြည့်နေတယ်။ သူတို့အများစုဟာ ကြမ်းပြင်ပေါ်မှာ ကခုန်နေတဲ့ အတွင်းထဲမှာ စီးမျောသွားလာနေတယ်။ ဂီတလွှကြီးသုံးရာဆီက ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတဲ့ ကြောက်မက်ဖွယ်ရာ တုန်ခါတဲ့ အသံနဲ့ စည်းချက်ညီစွာ ရော့ အတာ ကနေကြတယ်။ ဂီတလွှကြီးတွေ တီးတဲ့ တေးဂီတအဖွဲ့ဟာ အဝတ်နက် ခင်းထားတဲ့ ဇာတ်ခုံပေါ်မှာ ထိုင်နေတယ်။ ခေါင်းပေါ်က မျက်နှာကြက်ဆွဲ မီးပန်းမှာ ဖယောင်းတိုင်တစ်ထောင်-ထွန်းညှိထားတယ်။ ညသန်းခေါင်မှာ အပြာရောင်ဖြာထွက်နေတယ်။ သူတို့သုံးယောက် အသက်ရှူလို့ မျက်နှာရှေ့မှာ အငွေ့တွေထနေတယ်။ ရေခဲခန်းထဲဝင်လာသလိုပဲ။

"တို့ ဟိုဟိုဒီဒီ သွားကြည့်ရအောင်" ဟယ်ရီက အကြံပေးတယ်။ သူ့ခြေထောက် နည်းနည်းနွေးအောင်လို့။

"သတိထား၊ တစ်ယောက်ယောက် ကိုယ်ခန္ဓာထဲက ဖြတ်မသွားနဲ့" ရွန်က စိုးရိမ်စွာ ပြောတယ်။ သူတို့ဟာ အကကွင်းဘေးကိုပတ်ပြီး ဖြည်းဖြည်း သွားတယ်။ စိတ်ညစ်နေတဲ့ သီလရှင်တစ်စု၊ သံကြိုးခတ်ထားတဲ့ အဝတ်အစား စုတ်ပြတ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ဘုန်းကြီးဝဝကို ဖြတ်လာခဲ့တယ်။ ဟတ်ဖ်ဖတ်က ဝိညာဉ်တစ်ယောက် ပျော်တတ်သူ။ သူဟာ နဖူးမှာ မြားစိုက်နေတဲ့ မြင်းစီးသူရဲနဲ့ စကားစမြည်ပြောနေတယ်။ ဟယ်ရီဟာ သွေးဘာရွန်ကိုလည်း မြင်တယ်။ ဒါကတော့ တွက်ထားပြီးသားပါ။ သွေးဘာရွန်ဟာ စလေးသရင်းက ဝိညာဉ်။ အရိုးပဒေသာနဲ့။ မျက်လုံးက သေနေတယ်။ ကိုယ်ပေါ်မှာ ငွေရောင်သွေးစက်တွေနဲ့။ ကျန်ဝိညာဉ်တွေက သူ့ကို နေရာအကျယ်ကြီးဖယ်ပေးထားတယ်။

"အိုး ခက်တာပဲ" ဟာမီး ရုတ်တရက် ခြေလှမ်းတုံ့သွားတယ်။ "မြန်မြန် ပြန်လှည့်၊ မြန်မြန်ပြန်လှည့်။ ငါဒီညည်းတဲ့ မားထော်နဲ့စကားမပြော ချင်ဘူး — "

"ဘယ်သူ ?" သူတို့လာလမ်းအတိုင်း ဂမန်းဂတန်းပြန်လာစဉ် ဟယ်ရီက မေးတယ်။

"သူမဟာ အောက်ထပ်က အမျိုးသမီး သန့်စင်ခန်းထဲမှာနေတယ်" ဟာမီးက ပြောတယ်။

"ဟုတ်တယ်။ သန့်စင်ခန်းဟာ တစ်နှစ်ပတ်လုံး ပျက်ပျက်နေတာ။ သူမကလဲ အဆက်မပြတ် စိတ်ဆိုးနေပြီး ရေနဲ့လျှောက်ပက်နေတာ။ ငါတော့ တတ်နိုင်ရင် အဲဒီကို မသွားဘူး။ အိမ်သာတက်နေရင် သူမက ဆူဆူညံညံအော်ဟစ်ငိုတယ်။ သိပ်ကြောက်စရာ ကောင်းတယ် — "



"ကြည့်ကြစမ်း၊ စားတဲ့ အစာတွေ" ရွန်ကပြောတယ်။

မြေအောက်စာသင်ခန်းရဲ့ တခြားတစ်ဘက်မှာ စာပွဲရှည်ကြီးတစ်လုံး ရှိတယ်။ အနက်ရောင် စိန်ကတ္တီပါခင်းထားတယ်။ သူတို့ဟာ အငမ်းမရ အနားကပ်သွားတယ်။ ချက်ချင်းပဲ လန့်ဖျန့်ပြီး ရပ်လိုက်တယ်။ အနံ့သိပ်ဆိုးတယ်။ ပုပ်ပြနေတဲ့ အသားတုံးကြီးတွေကို လှပတဲ့ ငွေပန်းကန်ပြားထဲ ထည့်ထားတယ်။ လင်ဗန်းထဲမှာ မည်းနေတဲ့၊ မီးသွေးဖြစ်နေတဲ့ ကိတ်မုန့်ပုံကြီး။ မှိုတွေ လောက်တက်နေတဲ့ အသားသွတ်ဆိတ်အူတွေ။ အစိမ်းရောင်မှိုမျှင်တွေ တက်နေတဲ့ ဒိန်ခဲတစ်တုံး။ စာပွဲအလယ်တည့်တည့်မှာ သင်္ချိုင်းကျောက်တိုင်ပုံစံ မီးခိုးရောင် ကိတ်အကြီးကြီးတစ်လုံး။ အပေါ်မှာ ကတ္တရာစေးလို သကာရည်နဲ့ ဒီလိုစာရေးထားတယ်။

ဆာ နစ်ခိုလတ်စ် - ဒီ - မင်စီ - ဖော်ဖင်တန်

၃၁ - ရက် ၁၀ လ -၁၄၉၂ ခုနှစ်တွင် ကွယ်လွန်

ဟယ်ရီကြည့်ရင်းအံ့ဩလို့ ငိုင်သွားတယ်။ ဒီအချိန်မှာ ဝိညာဉ်ဝဝကြီး လွင့်ဆီလျှောက်လာတယ်။ သူက ဆောင့်ကြောင့်ထိုင်လိုက်ပြီး စာပွဲအလယ်က နေ တိုက်ရိုက်ဖြတ်သွားတယ်။ ပါးစပ်ကြီးအကျယ်ကြီးဟထားတယ်။ နံစော်နေတဲ့ ဆော်လမွန် ငါးကြီးကို ဖြတ်သွားတယ်။

"ဒီလို တိုက်ရိုက်ဖြတ်သွားတော့ အရသာရလို့လား" ဟယ်ရီက ဝိညာဉ်ကို မေးတယ်။

"မဆိုးပါဘူး" ဝိညာဉ်က ဝမ်းနည်းစွာ ပြောရင်း ကိုယ်လှည့်လွင့်ထွက်သွားတယ်။

"သူတို့က အစားအစာကို ပုပ်အောင်လုပ်တာဟာ အနံ့ပိုပြင်းစေချင်လို့နေမှာပေါ့ တူတယ်" ဟာမီးက အမြင်ရှိရှိနဲ့ ပြောတယ်။ သူမဟာ နှာခေါင်းကို လက်နဲ့ အုပ်ပြီး အသားသွတ်ဆိတ်အူကို ရှေ့နားတိုးပြီး သေချာကြည့်တယ်။

"သွားကြစို့။ ငါအန်ချင်လာပြီ" ရွန်က ပြောတယ်။

သူတို့ကိုယ်ကို မလှည့်ရသေးခင်မှာ ပုသေးသေး သရဲထီးတစ်ကောင် စာပွဲအောက်ကနေ ရုတ်တရက်ထွက်လာပြီး သူတို့ရှေ့ လေထဲမှာ ရပ်လိုက်တယ်။

"မင်္ဂလာပါ၊ သရဲဖီးဗိစ်" ဟယ်ရီက သတိထားပြောတယ်။

www.burmeseclassic.com



သရဲဖိုးဇိစ်ဟာ နောက်ပြောင်ဒုက္ခပေးတာချည်းလုပ်တဲ့ သရဲ။ ရင်းနဲ့ ရင်းပတ်ဝန်းကျင်က ဝိညာဉ်တွေနဲ့ မတူဘူး။ ဖြူဖပ်ထွင်းဖောက် မမြင်ရဘူး ဒါနဲ့ ဆန့်ကျင်စွာပဲ၊ ခေါင်းပေါ်မှာ လီမွှော်ရောင်တောက်တောက် ပါတီခွဲ ဦးထုပ်တစ်လုံးဆောင်းထားတယ်။ လည်ပတ်နေတဲ့ လိပ်ပျာတောင် လည်စည်းတပ် ထားတယ်။ ဆိုးပြတဲ့ မျက်နှာကျယ်ကျယ်ပေါ်မှာ သွားဖြဲရယ်ပြနေတယ်။

"နည်းနည်းစားချင်လား" သူက အသံချိုချိုနဲ့ ပြောရင်း မှိုတက်နေတဲ့ မြေပဲ တစ်ပန်းကန်ကို ထိုးပေးတယ်။

"ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်" ဟာမီးက ပြောတယ်။

"မင်းတို့ သနားစရာကောင်းတဲ့ မားထော်အကြောင်း ပြောနေတာ ကြားရတယ်" သရဲဖိုးဇိစ်က ပြောတယ်။ မျက်စိကလည်ကလည်နဲ့။ "သနား စရာကောင်းတဲ့ မားထော်အတင်းပြောတာ မယဉ်ကျေးဘူး" သူက အသံ ပြင်းပြင်းရှူလိုက်ပြီး တအားအော်လိုက်တယ်။ "ဝေး — မားထော်"

"အိုး၊ ဟင့်အင်း၊ သရဲဖိုးဇိစ်။ ကျွန်မပြောတဲ့ စကားကို သူမ ပြောမပြ ပါနဲ့။ သူမသိပ်စိတ်ထိခိုက်သွားမယ်" ဟာမီးက စိုးရိမ်စွာနဲ့ တိုးတိုးပြောတယ်။ "ကျွန်မက အပျော်အပြက်ပြောတာပါ။ သူမ အဲလိုဖြစ်တာ ကျွန်မဘာမှ မဖြစ် ပါဘူး — အိုး မင်္ဂလာပါ၊ မားထော်"

ပုဝကောင်မလေးတစ်ယောက်ရဲ့ဝိညာဉ် လွင့်ပျံရောက်ရှိလာတယ်။ သူမမျက်နှာဟာ ဟယ်ရီမြင်တွေ့ဖူးတဲ့ မျက်နှာထဲက ဝမ်းနည်းကြေကွဲဆုံး မျက်နှာ။ ဆံပင်ရှည်ဖြောင့်ဖြောင့်နဲ့ ပုလဲရောင် မျက်မှန်ထူထူကြီးက မျက်နှာ တစ်ဝက်ကို ဖုံးလွှမ်းနေတယ်။

"ဘယ်လိုလဲ" သူမက မျက်နှာထား တင်းတင်းနဲ့ မေးတယ်။

"မင်္ဂလာပါ၊ မားထော်" ဟာမီးက သိပ်ပျော်ယောင်ဆောင်ထားတဲ့ အသံနဲ့ ပြောတယ်။ "သန့်စင်ခန်းအပြင်ဘက်မှာ တွေ့ရတာ သိပ်ဝမ်းသာ တာပဲ"

မားထော်က နှာခေါင်းတစ်ချက် ရှုံ့လိုက်တယ်။

"မစ်ဂရန်ဂျာ ခုနက ခင်ဗျာ့ အတင်းပြောနေတယ် —" သရဲဖိုးဇိစ်က တလိန်ကျကျနဲ့ မားထော် နားနား ကပ်ပြောတယ်။

"ကျွန်မက — ပြောတာက — ရှင်ဒီည သိပ်လှတယ်လို့ ပြောတာ" ဟာမီးက သရဲဖိုးဇိစ်ကို မျက်စောင်းထိုးရင်း ပြောတယ်။



မားထော်ဟာ သံသယနဲ့ ဟာမီးကို ကြည့်နေတယ်။

"ရှင်တို့က ကျွန်မကို ကဲ့ရဲ့ရယ်နေကြတာ" သူမက ပြောရင်း ဒိုးယိုပေါက် မြင်ရတဲ့ မျက်စိကလေးထဲကနေ မျက်ရည်တွေတဒေါက်ဒေါက် ထွက်ကျလာ တယ်။

"မဟုတ်ဘူး — တကယ်ပါ — ကျွန်မခုနက မားထော်သိပ်လှတယ်လို့ ပြောနေတယ် မဟုတ်လား" ဟာမီးပြောရင်း တံတောင်နဲ့ ဟယ်ရီနဲ့ ရွန်ကို တွတ်တယ်။

"ဟုတ်တယ်လေ ......"

"သူမက ဒီအတိုင်း ပြောတာ ......"

"ကျွန်မကို မညာနဲ့" မားထော်က ရှိုက်ရင်းပြောတယ်။ မျက်ရည်တွေ ပါးပြင်ပေါ် အဆက်မပြတ်စီးကျလာတယ်။ သရဲဖိုးဇိစ်ဟာ သူမ ကျောဘက် မှာ ဝမ်းသာလို့ တခစ်ခစ် ရယ်နေတယ်။ "သူများတွေက ကျွန်မကို နောက်မှာ ဘယ်လိုခေါ်တယ်ဆိုတာ မသိဘူးများထင်နေသလား။ ဝတုတ်မ မားထော်၊ အရုပ်ဆိုးတဲ့ မားထော်။ သနားစရာ ငိုငိုယိုယို မပျော်မရွှင် မားထော်တဲ့"

"ဝက်ခြံတွေနဲ့ဆိုတာ ကျန်နေသေးတယ်" သရဲဖိုးဇိစ်က သူ့နားနား ကပ်ပြောတယ်။

ငိုရှိုက်တဲ့ မားထော်ဟာ ရုတ်တရက် ဝမ်းနည်းစွာ ရှိုက်ငိုရင်း ဓမြ အောက်စာသင်ခန်းက ပြေးထွက်သွားတယ်။ သရဲဖိုးဇိစ်က သူမနောက်တ အားအားလိုက်ပြီး မှိုတက်မြေပဲနဲ့ သူမကို ပေါက်ရင်း အော်တယ်။ "ဝက်ခြံချည်း ပဲ ဝက်ခြံချည်းပဲ"

"အိုး၊ ဘုရား ဘုရား" ဟာမီး ဝမ်းနည်းစွာ ပြောတယ်။

ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့ နစ်ခ်ဟာ လူအုပ်ထဲကနေ လွင့်ပျံရောက်ရှိလာတယ်။

"ပျော်ကြရဲ့လား"

"အော၊ ပျော်ပါတယ်" သူတို့ ညာပြောတယ်။

"တက်ရောက်သူအရေအတွက်က ကျေနပ်မှု ရပါတယ်" ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့ နစ်ခ်ဟာ ဂုဏ်ယူစွာ ပြောတယ်။ "ငိုပွဲတဲ့ မုဆိုး တွေဟာ ဟိုးအဝေးကြီးက ကင့်ပြည်နယ်ကနေ လာတယ် ..... ကျွန်ုပ် စကားပြောဖို့အချိန် ရောက်တော့မယ်။ ကျုပ်တီးဝိုင်းကို သွားသတိပေးဦးမှ"

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ ဒီအချိန်မှာ တီးဝိုင်းက အတီးရပ်သွားတယ်။ သူတို့နဲ့ မြေအောက်စာသင်ခန်းထဲက လူတိုင်းဟာ ငြိမ်ကျသွားပြီး အရပ်လေးမျက်နှာကို စိတ်ဝင်စားစွာ ကြည့်ကြတယ်။ အမဲလိုက်ခရာသံ တစ်သံ ပေါ်ထွက်လာတယ်။

မြေအောက်စာသင်ခန်းနံရံထဲကနေ ရုတ်တရက် မြင်းသရဲ ၁၂ ကောင် ပြေးထွက်လာတယ်။ မြင်းတွေပေါ်မှာ ခေါင်းမရှိတဲ့ မြင်းစီးသူတစ်ယောက်စီ ပါတယ်။ ပါတီပွဲလာ ပရိသတ်အားလုံး လှိုက်လှဲစွာ လက်ခုပ်တီးကြတယ်။ ဟယ်ရီလည်း လက်ခုပ်တီးတယ်။ ဒါပေမယ့် နစ်ခ်မျက်နှာ အရိပ်အခြည် မြင်တာနဲ့ မြန်မြန်ရပ်လိုက်တယ်။

သရဲမြင်း ၁၂ ကောင်ဟာ အကကွင်းအလယ်ကို ပြေးသွားပြီး ရပ်လိုက်တယ်။ အလျှင်ဆုံး နောက်ခြေနဲ့ မတ်တတ်ရပ်ပြတယ်။ တစ်ခါနောက် ခြေကို ကန်ပေါက်တယ်။ အရှေ့ဆုံးက မြင်းပေါ်မှာ စီးတာက အကောင်ကြီးကြီး သရဲ။ မုတ်ဆိတ်မွေးပေါက်နေတဲ့ ခေါင်းကို ချိုင်းကြားညှပ်ထားရင်း ခရာမှုတ်နေတယ်။ သူက မြင်းပေါ်က ခုန်ဆင်းပြီး ဦးခေါင်းကို လေထဲမြှောက်ထားတယ်။ ဒီလိုဆိုတော့ သူဟာ အပေါ်စီးကနေ ပရိသတ်ကို ကြည့်လို့ရတာပေါ့ (အားလုံး တဟားဟားရယ်ကြတယ်)။ သူက ခေါင်းပျောက်ဖို့ နည်းနည်းသာ လိုတော့တဲ့ နစ်ခ်ဆီ ခြေလှမ်းကျဲကျဲလျှောက်လာရင်း ခေါင်းကို လည်ပင်းပေါ် ပြန်တင်လိုက်တယ်။

"နစ်ခ်" သူက အော်ပြောတယ်။ "နေကောင်းလား။ ခေါင်းက တွဲနေတုန်းပဲလား"

သူက ကြမ်းတမ်းစွာ အော်ရယ်တယ်။ ခေါင်းပျောက်ဖို့ နည်းနည်းသာ လိုတော့တဲ့ နစ်ခ် ပခုံးကို ပုတ်လိုက်သေးတယ်။

"ကြိုဆိုပါတယ်၊ မစ္စတာ ဖက်ချရစ်" နစ်ခ်က မာကျောကျောပြောတယ်"

"လူရှင်" မစ္စတာ ဖက်ချရစ်က ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကို မြင်တာနဲ့ အံ့ဩချင်ယောင်ဆောင်ပြီး ဝမ်းသာစွာ ထခုန်တယ်။ ဒီတော့ ဦးခေါင်းပြုတ်ကျလာတယ် (အားလုံး ဝါးကနဲ ရယ်ကြတယ်)။

"သိပ်ပျော်စရာကောင်းတယ်" ခေါင်းပျောက်ဖို့ နည်းသာလိုတော့တဲ့ နစ်ခ်က မျက်နှာတည်တည်နဲ့ ပြောတယ်။



"နစ်ခ်ကို လွှတ်ထား" မစ္စတာ ဖက်ချရစ်ရဲ့ခေါင်းက ကြမ်းပေါ်ကနေ အော်ပြောတယ်။ "သူ့ကို အမဲလိုက်အသင်းထဲ မထည့်လို့ သူက စိတ်ဆိုးနေသေးတယ်။ ဒါပေမယ့် ကျုပ် ပြောချင်တယ် — ခင်ဗျားတို့ ဒီ သူ့ကို ကြည့်ပါ —"

"ကျွန်တော် ထင်တယ်" ဟယ်ရီက နစ်ခ်ရဲ့ အဓိပ္ပာယ်ပါတဲ့ အကြည့်ကို မြင်တာနဲ့ ဂမန်းဂတန်းပြောတယ်။ "နစ်ခ်က သိပ်ပြီး — လန့်စရာကောင်းတယ် — ပြီးတော့ — အော —"

"ဟားဟား" မစ္စတာ ဖက်ချရစ်ရဲ့ ခေါင်းက အော်တယ်။ "သူက ခင်းကို ဒီလို ပြောခိုင်းတာ မဟုတ်လား"

"အားလုံး သတိမူကြပါ။ အခု ကျွန်တော် စတင်စကားပြောပါတော့မယ်" ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့ နစ်ခ်က အကျယ်ကြီး ပြောရင်း စကားပြောစင်ဆီ လျှောက်သွားတယ်။ အေးစက်စက် အပြာရောင် မီးစုအောက် ရောက်လာတယ်။

"ကွယ်လွန်ခဲ့ပြီးတဲ့ လော့များ၊ အမျိုးသမီးနဲ့ အမျိုးသားများ ခင်ဗျား။ ကျွန်တော်ဟာ အလွန်ဝမ်းနည်းစွာနဲ့ . . . . ."

နောက်ပိုင်းက စကားတွေကို မကြားရတော့ဘူး။ မစ္စတာ ဖက်ချရစ်နဲ့ ခေါင်းမဲ့ အမဲလိုက်အသင်းက ကျန်အသင်းသားတွေဟာ ခေါင်းနဲ့ ဟော်ကီကစားနေကြတယ်။ အားလုံး သူတို့ကို လှည့်ကြည့်ကြတယ်။ ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့ နစ်ခ်ဟာ ပရိသတ်ကို ဆွဲခေါ်နိုင်အောင် အချည်းနှီးကြိုးစားပေမယ့် မစ္စတာ ဖက်ချရစ်ရဲ့ ဦးခေါင်းဟာ အားပေးသံတွေ ကြားထဲမှာ သူ့ဘေးကိုယ်နားကနေ ပျံထွက်သွားပြီး သူရှုံးသွားတယ်။

ဒီအချိန်မှာ ဟယ်ရီသိပ်ချမ်းနေပြီ။ ဗိုက်လည်း ဆာလွန်းလို့ မြည်နေတယ်။

"ငါသည်းမခံနိုင်တော့ဘူး" ရွန်က ပွစိပွစိပြောတယ်။ သူ့သွားတွေတဂျက်ဂျက်မြည်နေတယ်။ ဒီအချိန်မှာ တီးဝိုင်းက အီအီအာအာနဲ့ တီးပြန်တယ်။ သရဲကြီးငယ်တို့ အကကွင်းထဲ လွင့်ပျံသွားကြတယ်။

"သွားကြစို့" ဟယ်ရီက သဘောတူတယ်။

သူတို့ တံခါးဝဆီ ရွေ့လျားလာတယ်။ သူတို့ကို ကြည့်နေသူတွေကို ခေါင်းညိတ်ပြုံးပြတယ်။ တစ်မိနစ်ကြာတော့ သူတို့ဟာ ဖယောင်းတိုင် အမည်း

www.burmeseclassic.com



ထွန်းညှိထားတဲ့ လူသွားလမ်းပေါ် ရောက်လာပြီ။

"ပူတင်းတော့ ကျန်ဦးမယ်ထင်တယ်" ရွှန်က မျှော်လင့်စွာ ပြောတယ်။ ဦးဆောင်ပြီး ရှေ့ခန်းဆီပေါက်မယ့် လှေခါးထစ်ဆီ လျှောက်သွားတယ်။

ဒီအချိန်မှာ ဟယ်ရီကြားရတယ်။

"......ဆုတ်ဖြဲပစ်မယ် .... မင်းကို ဆုတ်ဖြဲပစ်မယ် .... မင်းကို သတ်ပစ်မယ် ......"

ဟိုအသံပဲ။ သူလော့ဟတ်ရုံးခန်းထဲမှာ ကြားခဲ့ရတဲ့ အေးစက်စက်နဲ့ သတ်မယ် တကဲကဲနဲ့ အသံ။

သူဟာ ဂယိမ်းဂယိုင်နဲ့ ရပ်လိုက်တယ်။ ကျောက်နံရံကို ဖမ်းကိုင်ထားတယ်။ အာရုံစူးစိုက်ပြီး နားထောင်ရင်း ဘေးပတ်လည်ကို ကြည့်တယ်။ မျက်စိမှေးပြီး မှောင်မည်းတဲ့ လူသွားလမ်းထဲမှာ အပေါ်အောက် ရှာကြည့်တယ်။

"ဟယ်ရီ၊ မင်းဘာဖြစ်တာလဲ —"

"ဟိုအသံပေါ်လာပြန်ပြီ — စကားမပြောနဲ့ဦး —"

"......ဆာလှပြီ ...... သိပ်ကို ကြာလှပြီ ......"

"နားထောင်" ဟယ်ရီက အလောတကော ပြောတယ်။ ရွှန်နဲ့ ဟာမီး ကြောင်ပြီး သူ့ကိုကြည့်နေတယ်။

".... လူသတ်ဖို့ .... အချိန်ရောက်ပြီ ......"

အသံကကြာလေ အားပျော့လေ။ ၎င်းရွှေ့ရှားနေတယ်ဆိုတာ ဟယ်ရီ သေချာပြောနိုင်တယ် — အထက်သို့ ရွှေ့ရှားနေတယ်။ သူဟာ မှောင်မည်းနေတဲ့ မျက်နှာကြက်ကို စိုက်ကြည့်ရင်း စိတ်ထဲမှာ ကြောက်လဲကြောက် စိတ်လည်း လှုပ်ရှားတဲ့ ခံစားချက်ဖြစ်လာတယ်။ ၎င်းဘာကြောင့် အထက်ကို ရွှေ့လျားသွားနိုင်တာလဲ။ ၎င်းဟာ ဝိညာဉ်လား။ ကျောက်သားနဲ့ ပြုလုပ်ထားတဲ့ မျက်နှာကြက်ဟာ ၎င်းကို ကာထားလို့ ဘယ်ရမလဲ။

"ဒီက သွား" လို့ သူက အော်ရင်း ချက်ချင်း ပြေးသွားပြီး လှေခါးထစ် တက်၊ ရှေ့ခန်းထဲဝင်ခဲ့တယ်။ ဒီနေရာမှာ ဟောလိုးဝင်းထမင်းစားပွဲက ရယ်သံတွေ လွင့်ပျံနေတယ်။ တခြားအသံတွေ သိပ်မကြားနိုင်ဘူး။ ဟယ်ရီဟာ မာဘယ်ကျောက်လှေခါးကို အရှိန်ကုန်ပြေးတက်ပြီး ဒုတိယလွှာကို ရောက်လာတယ်။ ရွှန်နဲ့ ဟာမီးဟာ ဟိုတိုက် ဒီတိုက်နဲ့ နောက်ကလိုက်လာတယ်။

"ဟယ်ရီ၊ ငါတို့ ဘာလုပ်နေတာလဲ —"



"ရှူး"

ဟယ်ရီက နားစွင့်ထောင်နေတယ်။ အဝေးကြီး အပေါ်ထပ်ကနေ အဲဒီအသံပေါ်လာပြန်တယ်။ ပိုပြီး အားနည်းနေတယ်။ "...... ကျုပ်သွေးညှီနံ့ရတယ် .... ကျုပ် သွေးညှီနံ့ရတယ်"

ဟယ်ရီ့ ဗိုက်ဟာ ရုတ်တရက် ကြွက်တက်လာတယ်။ "၎င်းက လူသတ်တော့မယ်" သူက အော်တယ်။ ဒီနောက် ရွှန်နဲ့ ဟာမီးတို့ ကြောင်နေတာကို ဂရုမစိုက်ဘဲ လှေခါးထစ်တွေ ကျော်လွှားပြီး တစ်ထပ်တက်လိုက်တယ်။ တက်ရင်း ခြေသံလေးလေးကြားက နားစွင့်နေတယ်။

ဟယ်ရီဟာ တတိယလွှာကို အပြေးသွားပြီး ပတ်ကြည့်တယ်။ ရွှန်နဲ့ ဟာမီးက သူ့နောက်က ဟောဟဲဟောဟဲနဲ့ လိုက်နေတယ်။ သုံးယောက်သား နားတမ်း သွားကြတာ နောက်ဆုံး နံရံဒေါင့်ကို ကွေ့ပြီး လူမရှိတဲ့ လူသွားလမ်းတစ်ခုထဲ ရောက်လာတယ်။

"ဟယ်ရီ၊ ဒါ ဘယ်လိုဖြစ်တာလဲ" ရွှန်က မေးရင်း မျက်နှာပေါ်က ချွေးတွေကို သုတ်လိုက်တယ်။ "ငါ ဘာမှ မကြားဘူး ......"

ဟာမီးဟာ ရုတ်တရက် အသက်အောင့်သွားပြီး စင်္ကြံအောက်ဘက်ကို လက်ညှိုးထိုးပြတယ်။

"ကြည့်"

သူတို့ ရှေ့က နံရံပေါ်မှာ တစ်ခုခုအရောင်လက်နေတယ်။ သူတို့ ဖြည်း ဖြည်း ကပ်သွားတယ်။ မျက်စိမှေးပြီး အမှောင်ထဲမှာ ဝေခွဲကြည့်တယ်။ ပြတင်းပေါက်နှစ်ခုကြား မြေပြင်နဲ့ တစ်ပေအကွာ နံရံပေါ်မှာ စာတစ်ချို့ ရေးခြစ်ထားတယ်။ မီးတုတ်ရဲ့ မီးရောင်အောက်မှာ နည်းနည်းအရောင်တောက်နေတယ်။

လျှို့ဝှက်အခန်း ဖွင့်လိုက်ပြီ။

ဆက်ခံသူကို ရန်ပြုသူ သတိထား။

"အဲဒါဘာလဲ — အောက်မှာ တွဲလောင်းဖြစ်နေတာ" ရွှန်က ပြောတယ်။ အသံက နည်းနည်းတုန်တယ်။

သူတို့ အသာလေးကပ်သွားတယ်။ ဟယ်ရီ ချော်လဲမလိုဖြစ်သွားတယ်။ ကြမ်းပေါ်မှာ ရေတွေ။ ရွှန်နဲ့ ဟာမီးက သူ့ကို ဆွဲထားလိုက်တယ်။ သူတို့တာ

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းချောင်း ဟိုစာတန်းဆီကပ်သွားတယ်။ မျက်စိက အောက်ဘက်ရှိ အမိုးမည်းမည်းကို အသေစိုက်ကြည့်ထားတယ်။ သုံးယောက်သား တစ်ချိန်တည်း အဲဒါ ဘာလဲဆိုတာ မြင်တွေ့သွားကြတယ်။ လန့်ပြီး နောက်သို့ ခုန်ပြေးတယ်။ ရေတွေ စဉ်ကုန်တယ်။

အဲဒါ မစ္စစ်နော်ရီးစ်။ တံခါးစောင့်ရဲ့ ဟိုကြောင်။ အမြီးကို မီးတုတ်စင်မှာ ချိတ်ထားတယ်။ ကိုယ်ခန္ဓာဟာ သစ်သားလို မာကျောနေတယ်။ မျက်စိကြီးပြူးနေပြီး တည့်တည့်ကြီး စိုက်ကြည့်နေတယ်။

သုံးယောက်သား မလှုပ်မယှက်ရပ်နေကြတာ မိနစ်တော်တော်ကြာတယ်။ ဒီနောက် ရွန်က ပြောတယ်။ "တို့ ဒီက အမြန်ထွက်သွားရအောင်"

"ကယ်တင်ဖို့ ကြိုးစားရမလား — " ဟယ်ရီက မပြေမပြစ်ပြောတယ်။

"ငါ ပြောတာ နားထောင်" ရွန်က ပြောတယ်။ "ဒီမှာ လူတွေ မခံနိုင်ဘူး"

သို့ပေမယ့် မမှီတော့ဘူး။ ဆူညံသံသဲ့သဲ့ဟာ အဝေးကနေ မိုးချုန်းသလို ပေါ်ထွက်လာတယ်။ သူတို့ကို ညစာစားပွဲ ပြီးဆုံးသွားပြီလို့ ပြောပြနေတယ်။ သူတို့ ရောက်နေတဲ့ စင်္ကြံရဲ့ နှစ်ဘက်ကနေ ခြေထောက် ရာချီတက်လာတဲ့ အသံနဲ့ လူတွေစားလို့ သောက်လို့ ဝပြီးနောက် ပျော်ရွှင်စွာ ရယ်မောပြောဆိုသံတွေ ရောက်လာတယ်။ ဆက်လက်ပြီး ကျောင်းသားတွေဟာ တွန်းတိုက်ပြီး စင်္ကြံနှစ်ဘက်ဆီကနေ လူသွားလမ်းထဲ ဝင်လာတယ်။

ရှေ့ကလူတွေ ဖောက်ထိုးတွဲလောင်းကျနေတဲ့ ကြောင်ကို မြင်တာနဲ့ လိုက်လှဲဆူညံတဲ့ အသံတွေ ပျောက်ကွယ်သွားတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမိုင်ယွန်းတို့ဟာ စင်္ကြံအလယ်မှာ ထီးထီးရပ်နေကြတယ်။ ကျောင်းသားတွေ ချက်ချင်းကြီး ငြိမ်သွားပြီး ဒီကြောက်စရာ မြင်ကွင်းကို ရှေ့တိုးလာပြီး ကြည့်ရှုကြတယ်။



# ၉။ နံရံပေါ်ကစာ

"ဒီမှာ ဘာဖြစ်လဲ။ ဘာဖြစ်လဲ"

ဖစ်ချ်ဟာ မော်ဖိုင်အော်သံကြောင့် ရောက်လာတာ သေချာတယ်။ သူက ပခုံးနဲ့ လူတွေကို တိုးဝင်လာတယ်။ ဒီနောက် သူမစ္စစ်နော်ရီးကို မြင်သွားတယ်။ သူဟာ နောက်ကို ဂယိမ်းဂယိုင်ဆုတ်လိုက်ပြီး ထိတ်လန့်စွာ မိမိမျက်နှာကို လက်နဲ့ ကိုင်ထားတယ်။

"ကျုပ်ကြောင်။ ကျုပ်ကြောင်။ မစ္စစ် နော်ရီးစ် ဘယ်လိုဖြစ်တာလဲ" သူက စူးရှစွာအော်တယ်။

ဒီအချိန်မှာ ဂုင်းရဲ့ပြူးနေတဲ့ မျက်စိက ဟယ်ရီ့ကို မြင်သွားတယ်။

"မင်း" သူက စူးစူးအော်တယ်။ "မင်း၊ မင်း ငါ့ကြောင်ကို သတ်တယ်။ မင်း ၎င်းကို သတ်တယ်။ ငါမင်းကို သတ်ပစ်မယ်။ ငါ — "

"ဖစ်ချ်"

ဒမ်ဘလီဒိုး အခင်းဖြစ်ပွားရာ ရောက်လာတယ်။ သူ့နောက်မှာ တခြားဆရာတွေပါလာတယ်။ မျက်စိတစ်မှိတ်အတွင်းမှာ သူ ဟယ်ရီ၊ ရွန်နဲ့ ဟာမိုင်း

www.burmeseclassic.com



တို့ သားတ ဖြတ်ပြီး မစ္စစ်နော်ရီးစ်ကို မီးတုတ်စင်ပေါ်က ဖြေချလိုက်တယ်။

"တချပ်နဲ့လိုက်ခဲ့ပါ၊ ဖစ်ချ်" သူက ဖစ်ချ်ကို ပြောတယ်။ "ပြီးတော့ ခင်းတို့၊ မစ္စတာ ပေါ်တာ၊ မစ္စတာ ဝယ်စလီ၊ မစ်ဂရန်ဂျာ"

လော့ဟတ်က အလောတကော တိုးဝင်လာတယ်။

"ကျွန်တော့် ရုံးခန်းအနီးဆုံးပဲ၊ ကျောင်းအုပ်ကြီး — အပေါ်ထပ်မှာပဲ — ခင်ဗျားတို့ အသုံး — "

"ကျေးဇူးတင်ပါတယ်၊ ဂစ်ဒရိုင်း" ဒမ်ဘလီဒိုးက ပြောတယ်။

တိတ်ဆိတ်နေတဲ့ လူအုပ်ဟာ ဘေးနှစ်ဘက်သို့ ကွဲသွားပြီး သူတို့ ဖြတ်သွားစေတယ်။ လော့ဟတ်ဟာ အလွန်စိတ်လှုပ်ရှားနေတယ်။ သိပ်အရေး ပါတဲ့ ပုံနဲ့ ဒမ်ဘလီဒိုးအနားက လိုက်သွားတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ် နဲ့ စနိတ်ပ်လည်း လိုက်သွားတယ်။

သူတို့ လော့ဟတ်ရဲ့ မှောင်မည်းမည်း ရုံးခန်းထဲဝင်လိုက်တော့ နံရံပေါ် မှာ ရုတ်တရက် လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ ဓာတ်ပုံတစ်ချို့ထဲက လော့ ဟတ်ဟာ ပျာယီးပျာယာနဲ့ ပုန်းလိုက်ကြတယ်။ သူတို့ ခေါင်းပေါ်မှာ ဆံပင် လိပ်တဲ့ ဗိုက်လုံးလေးတွေရှိနေသေးတယ်။ ဒီအချိန်မှာ လော့ဟတ်အစစ်က စာပွဲပေါ်က ဖယောင်းတိုင်ကို ထွန်းညှိလိုက်ပြီး နောက်ဆုတ်နေလိုက်တယ်။ ဒမ်ဘလီဒိုးဟာ မစ္စစ်နော်ရီးစ်ကို ရှင်းလင်းသန့်ရှင်းတဲ့ စာပွဲပေါ် ချပြီး သေချာ စစ်ဆေးတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ စိတ်လှုပ်ရှားစွာ အကြည့်ချင်း ဖလှယ်လိုက်ပြီး ဖယောင်းတိုင်မီး မရောက်တဲ့ ထိုင်ခုံအချို့ပေါ် ထိုင်လိုက်ကြ တယ်။ သတိနဲ့ စောင့်ကြည့်နေကြတယ်။

ဒမ်ဘလီဒိုးရဲ့ ရှည်လျားတဲ့ သိန်းငှက်နှုတ်သီးလို နှာခေါင်းဟာ မစ္စစ် နော်ရီးစ် ကိုယ်ပေါ်က အမွေးနဲ့ ထိခါနီးနေပြီ။ သူဟာ လခြမ်းသဏ္ဍာန်မျက် မှန်က တစ်ဆင့် ၎င်းကို သေချာကြည့်နေတယ်။ သွယ်လျတဲ့ လက်ချောင်းနဲ့ ဟိုဟိုဒီဒီတို့ ကြည့်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ကိုယ်ကို ကိုင်းထား တယ်။ သူမ မျက်နှာဟာလည်း ကြောင်နဲ့ထိတော့မယ်။ မျက်စိမှေးပြီး သေသေ ချာချာကြည့်နေတယ်။ စနိတ်ပ်ဟာ သူတို့ နောက်မှာ ရပ်နေတယ်။ ကိုယ်လုံး တစ်ဝက် အမှောင်ထဲ ဝှက်ထားတဲ့အတွက် ကြက်သီးထစရာ ဖြစ်နေတယ်။ သူ့မျက်နှာပေါ်က အမူအရာဟာ အလွန်ထူးဆန်းတယ်။ မိမိကိုယ်မိမိ မရယ် မိအောင် ချုပ်တည်းနေသလိုပဲ။ လော့ဟတ်ဟာ သူတို့ဘေးမှာ ဟိုဒီသွားနေ



င်း အကြံအမျိုးမျိုးပေးနေတယ်။

"ကျိန်စာတစ်ခုကြောင့် ၎င်းသေတာ သေချာတယ် — အသွင်ပြောင်း နိုင်နှက်တဲ့ မှော်ကျိန်စာဖြစ်မယ်။ သူများ ဒီကျိန်စာ သုံးတာ ကျွန်တော်အကြိမ် ကြိမ်တွေ့ဖူးတယ်။ ကျွန်တော် ထိုစဉ်က အနားမှာ မရှိတာ သိပ်ဝမ်းနည်း တယ်။ ကျွန်တော်က ဒီကျိန်စာဖြေနည်းကို သိတယ်။ အစကဆို ၎င်းကို ကယ် နိုင်မှာ . . . . . ."

လော့ဟတ်စကားဟာ ဖစ်ချ်ရဲ့ မျက်ရည်မပါတဲ့ ဝမ်းနည်းစွာ ငိုကြွေး သံကြောင့် ပြတ်သွားတယ်။ ဖစ်ချ်ဟာ စာပွဲဘေးက ကုလားထိုင်ခုံပေါ်မှာ ထွေတျနေတယ်။ မျက်နှာကို လက်နဲ့ အုပ်ထားတယ်။ မစ္စစ် နော်ရီးစ်ကို မကြည့် နိုင်ဘူး။ ဟယ်ရီဟာ ဖစ်ချ်ကို မနှစ်သက်ပေမယ့် ခုအချိန်မှာ သူ့ကို စာနာမိ တယ်။ ဒါပေမယ့် သူပိုပြီးစာနာတာက သူ့ကိုယ်သူ။ တကယ်လို့ ဒမ်ဘလီဒိုး ဖစ်ချ်စကားကို ယုံသွားရင် သူကျောင်းထုတ်ခံရဖို့ သေချာတယ်။

ဒီအချိန်မှာ ဒမ်ဘလီဒိုးက အံ့သြစရာစကားကို တိုးတိုးရွတ်ဆိုရင်း သူ့မှော်ကြိမ်လုံးနဲ့ မစ္စစ်နော်ရီးစ်ကို ခေါက်ကြည့်တယ်။ ဒါပေမယ့် ဘာမှ ထူး ပြန်ဘူး။ မစ္စစ်နော်ရီးစ်ဟာ ဟိုနေရာမှာပဲ တောင့်မြဲတောင့်နေတယ်။ အသွင်ပြုလုပ်ပြီးတဲ့ နမူနာ ရုပ်ခြောက်လိုပဲ။

". . . . . ဘိုဂါဂါဒိုဂိုမှာ ဒါမျိုးဖြစ်ဖူးတာ ကျွန်တော်မှတ်မိတယ်" လော့ဟတ်က ပြောတယ်။ "အဆက်မပြတ်တိုက်ခိုက်မှု၊ ကျွန်တော့်ကိုယ်ရေး အတ္ထုပ္ပတ္တိထဲမှာ သေချာမှတ်တမ်းတင်ထားတယ်။ ထိုစဉ်က ကျွန်တော် အရပ် သားတွေကို ခုမဲမျိုးစုံ ပေးတာ ချက်ချင်းပြဿနာပြေလည်သွားတယ် . . . ."

သူစကားပြောတဲ့အခါမှာ နံရံပေါ်က လော့ဟတ်တွေဟာ ခေါင်း ညိတ်ညိတ်နဲ့ သဘောတူကြတယ်။ ၎င်းအနက် တစ်ယောက်ဟာ ဆံပင် အုပ်ပိုက်ကွန်ကို ဖြုတ်ဖို့ မေ့နေသေးတယ်။

နောက်ဆုံးမှာ ဒမ်ဘလီဒိုး ကိုယ်ကိုမတ်လိုက်တယ်။

"၎င်းမသေသေးဘူး၊ ဖစ်ချ်" သူက တိုးတိုးပြောတယ်။

လော့ဟတ်ဟာ သူ သတ်ဖြတ်မှုဘယ်နှစ်ခုကို တားဆီးနိုင်ခဲ့တယ် ဆိုတာ ရေတွက်နေတယ်။ ဒီအချိန်မှာ ရုတ်တရက် ရပ်သွားတယ်။

"မသေသေးဘူး ဟုတ်လား" ဖစ်ချ်က ရှိုက်ရင်းမေးတယ်။ လက်ချောင်း ကြားကနေ မစ္စစ်နော်ရီးစ်ကို ကြည့်တယ်။ "ဒါဆို ဘာဖြစ်လို့ တစ်ကိုယ်လုံး

www.burmeseclassic.com



— ဘစ်တိုယ်လုံး မာတောင့်နေတာလဲ။ ရေခဲနေသလိုပဲ"

"ရင်းကျောက်ဖြစ်အောင်လုပ်ခံရတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ ("အား၊ ကျုပ်လဲ ဒီလိုပဲ ထင်တာ" လော့ဟတ်က ပြောတယ်)။ "ဒါပေမဲ့ ဘာကြောင့် ဖြစ်တာလဲဆိုတာတော့ ကျုပ် မရှင်းဘူး ......"

"သူ့ကို မေး" ဖစ်ချ်က အော်တယ်။ မျက်ရည်တွေ ပေရေနေတဲ့ မျက်နှာကို ဟယ်ရီ့ဘက် လှည့်လိုက်တယ်။

"ဒုတိယနှစ်ကျောင်းသားဟာ ဒါမျိုးမလုပ်နိုင်ဘူး" ဒမ်ဘလီဒိုးက ပြတ်သားစွာ ပြောတယ်။ "ဒါဟာ အနက်ရှိုင်းဆုံး မှော်နက်ပညာလိုတယ် —"

"သူလုပ်တာ၊ သူလုပ်တာ" ဖစ်ချ်က တံတွေးတွေ ပျံနေအောင်အော်တယ်။ ဝဖောင်းနေတဲ့ မျက်နှာဟာ ကြက်သွေးရောင်ဖြစ်သွားတယ်။ "သူနံရံပေါ်မှာ ရေးတဲ့ စာကို ခင်ဗျားတို့ မြင်တယ်မဟုတ်လား။ သူတွေ့သွားတယ် — ကျုပ် ရုံးခန်းမှာ — သူက ကျုပ်ကို — ကျုပ်ကို —"ဖစ်ချ်မျက်နှာဟာ ကြောက်စရာအကြောဆွဲနေတယ်။ "သူက ကျုပ်ကို အဆံမပါတဲ့ ဗျောက်မှန်းသိတယ်"

"ကျွန်တော် မစွစ်နော်ရီးစ်ကို လုံးဝမထိဘူး" ဟယ်ရီက အကျယ်ကြီး ပြောတယ်။ နံရံပေါ်က လော့ဟတ်တွေအပါအဝင် အားလုံး သူ့ကိုကြည့်နေမှန်း သူစိတ်မတည်မငြိမ်နဲ့ သိနေတယ်။ "ကျွန်တော် အဆံမပါတဲ့ ဗျောက်ဆိုတာတောင် ဘာမှန်းမသိဘူး"

"ညာပြောတယ်"ဖစ်ချ်က ဟိန်းဟောက် ပြောတယ်။ "သူက ကျွမ်းစာပေးစာယူ အလျင်အမြန် ဂါထာရွတ်နည်းစာကို ဖတ်ပြီးပြီ"

"ကျွန်တော့်ကို ပြောခွင့်ပေးပါ၊ ကျောင်းအုပ်ဆရာကြီး" စနိတ်ပ်က အမှောင်ထဲက ပြောတယ်။ ဟယ်ရီ့ရင်ထဲက မကောင်းတဲ့ ခံစားချက်ပိုပြင်းထန်လာတယ်။ စနိတ်ပ်ပြောတဲ့ စကားဟာ မိမိအတွက် ဘယ်လိုမှ ကောင်းကျိုးမှာ မဟုတ်ဘူးလို့ သူယုံကြည်တယ်။

"ပေါ်တာနဲ့ သူ့သူငယ်ချင်းတွေဟာ အဲဒီအချိန် အဲဒီနေရာမှာ ရောက်မနေသင့်တာလဲ ဖြစ်ချင်ဖြစ်မယ်" စနိတ်ပ်က ပြောတယ်။ နှုတ်ခမ်းတွေ လှုပ်ပြီး သရော်ရယ်ရိပ်သမ်းလာတယ်။ သူက ဒါကို သိပ်သံသယရှိနေသလိုပဲ။ "ဒါပေမယ့် ကျွန်တော်တို့မှာ သံသယဖြစ်ရမယ့် အချက်တွေ တသီကြီးရှိနေတယ်။ သူတို့ ဘာဖြစ်လို့ အပေါ်က စင်္ကြံကိုသွားရတာလဲ။ သူတို့



ဘာဖြစ်လို့ ဟောလိုးဝင်း ထမင်းစားပွဲကို မတက်ရတာလဲ"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ သူတို့ သေနေ့ပါတီသွားရောက်တဲ့ အကြောင်း အလုံးအယက်ရှင်းပြကြတယ်။ " .... ဝိညာဉ်ရာအချို့တက်ရောက်တယ်။ ကျွန်တော်တို့ ဟိုမှာရှိတယ်ဆိုတာ သူတို့ သက်သေပြနိုင်တယ် —"

"ဒါပေမယ့် ဒီနောက်ကော၊ ဘာဖြစ်လို့ ထမင်းစားပွဲလာမတက်တာလဲ" စနိတ်ပ်က ပြောတယ်။ မည်းမှောင်နေတဲ့ မျက်စိဟာ ဖယောင်းတိုင်မီးထဲမှာ လက်နေတယ်။ "ဘာဖြစ်လို့ အပေါ်က စင်္ကြံကို သွားရတာလဲ"

ရွန်နဲ့ ဟာမီးတို့ ဟယ်ရီကို ကြည့်နေတယ်။

"အကြောင်းက — အကြောင်းက —" ဟယ်ရီက ပြောတယ်။ သူ့ရင်တွေ တဒုန်းဒုန်းခုန်နေတယ်။ သူသိသလိုလိုရှိတာက တကယ်လို့ သူက သူတို့ကို သူတစ်ယောက်ထဲသာ ကြားရတဲ့ ရုပ်မရှိတဲ့ အသံက အဲဒီနေရာကို ခေါ်သွားတာလို့ ပြောရင် ဘာမှ သက်သေခိုင်လုံမှာ မဟုတ်ဖူး။ "အကြောင်းက ကျွန်တော်တို့ မောနေပြီ။ စောစော အိပ်ချင်လို့ပါ"သူက ပြောတယ်။

"ညစာမစားဘူး ?" စနိတ်ပ်က ပြောတယ်။ ပိန်ခြောက်တဲ့ မျက်နှာပေါ်မှာ ကျေနပ်တဲ့ အပြုံးလေး လှစ်ကနဲဖြတ်သွားတယ်။ "ကျုပ်ထင်တယ်၊ ဝိညာဉ်ပါတီပွဲကကျွေးတဲ့ အစားအစာဟာ လူရှင်နဲ့ မသင့်တော်ဘူးထင်တယ်"

"ကျွန်တော်တို့ မဆာဘူး" ရွန်က အကျယ်ကြီး ပြောတယ်။ တချိန်ထဲမှာ သူ့ဗိုက်က တကြုတ်ကြုတ်မြည်လာတယ်။

စနိတ်ပ်ရဲ့ ကြည့်ရဆိုးတဲ့ အပြုံးဟာ ပိုပြီး ပေါ်လွင်လာတယ်။

"ကျွန်တော့်ထင်မြင်ချက်ကတော့ ကျောင်းအုပ်ဆရာကြီး၊ ပေါ်တာဟာ အမှန်အတိုင်း အကုန်မပြောဘူး" သူက ပြောတယ်။ "ကျွန်တော်တို့ သူ့ရဲ့ အထူးအခွင့်အရေးတစ်ချို့ကို ပယ်ဖျက်သင့်တယ် ထင်တယ်၊ ကိစ္စတို့ အပြည့်အစုံ အမှတ်အတိုင်း ကျွန်တော်တို့ကို ပြောပြတဲ့ အထိပေါ့။ ကျွန်တော့် တစ်ဦးတစ်ယောက်အမြင်ကတော့ သူ့ကို ဂရစ်ဖင်းဒေါ ခွေဒစ်အသင်းက ထုတ်ထားပြီး သူ သဘောထားရိုးသားမှုရှိမှ ထပ်စဉ်းစားတာပေါ့"

"စင်စစ်မှာ၊ ဆီးဗရတ်စ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြင်းပြင်းထန်ထန်စွာ ပြောတယ်။ "ကျွန်မ အမြင်တော့ ဒီကလေးကို ဘောလုံး ကစားခွင့် မပြုဖို့ အထူးအကြောင်း မရှိပါဘူး။ ဒီကြောင်ဟာလဲ တံမြက်စည်းနဲ့ ခေါင်းထိ လို့မှ

www.burmeseclassic.com



မတူတ်တာ။ ပြီးတော့ ပေါ်တာ ဘာအများပြုမိတယ်ဆိုတာ သက်သေလဲ ဘာမှ မရှိဘူး"

ဒမ်ဘာလီဒိုးဟာ စမ်းစစ်တဲ့ အကြည့်နဲ့ ဟယ်ရီကို ကြည့်လိုက်တယ်။ ၎င်းရဲ့ တောက်ပတဲ့ မျက်လုံးအပြာ စိုက်ကြည့်ခံရတော့ ဟယ်ရီဟာ မိမိတို့ ထိုးထွင်းမြင်သွားပြီလို့ ခံစားရတယ်။

"အပြစ်ရှိတယ်လို့ သက်သေအပြမခံရရင် အပြစ်မရှိတာပဲ၊ ဆီးဗားရတ်စ်" သူက ပြတ်သားစွာ ပြောတယ်။

စနိတ်ပ်ဟာ အလွန်စိတ်ဆိုးနေပုံ ပေါ်တယ်။ ဖစ်ချ်လည်း ဒီအတိုင်းပဲ။

"ကျုပ်ကြောင်ကျောက်ဖြစ်အောင် လုပ်ခံထားရတာလေ" သူက ဒူးဒူး အော်တယ်။ မျက်လုံးပြူးထွက်နေတယ်။ "တယောက်ယောက် အပြစ်ပေးခံရတာ ကျုပ်မြင်ချင်တယ်"

"ကျုပ်တို့ သူမကို ကုလို့ရပါတယ်၊ ဖစ်ချ်" ဒမ်ဘာလီဒိုးက စိတ်ရှည်ရှည်နဲ့ ပြောတယ်။ "မဒမ်စပရောက်စ် ခုတလော မင်ဒရိတ်ပင်တချို့ ရထားတယ်။ ၎င်းတို့ ကြီးပြင်းရင့်မှည့်လာရင် ကျုပ်မှာ မန္တစ် နော်ရီးစ်ကို ပြန်ရှင်လာအောင် လုပ်ဖို့ဆေးရှိပါတယ်"

"ကျွန်တော်ဖော်စပ်မယ်" လော့ဟတ်က ဝင်ပြောတယ်။ "ကျွန်တော် ဖော်စပ်တာ အကြိမ်တစ်ရာရှိတာ သေချာတယ်။ ကျွန်တော် အိပ်မက်မက်ရင်း မင်ဒရိတ်ပြန်လည်အသက်ရှင်ဆေးကို ဖော်စပ်တယ် —"

"ခွင့်လွှတ်ပါ" စနိတ်ပ်က အေးစက်စက်ပြောတယ်။ "ကျွန်တော်သာ လျှင် ဒီကျောင်းက မှော်ဆေးပညာဆရာလို့ ထင်ပါတယ်"

တစ်မျိုးကြီး တိတ်ဆိတ်နေတယ်။

"မင်းတို့သွားလို့ရပြီ" ဒမ်ဘာလီဒိုးက ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကိုပြောတယ်။

သူတို့ မြန်နိုင်လောက် မြန်မြန်သွားတယ်။ ထပြေးဖို့ နည်းနည်းသာ လိုတော့တယ်။ လော့ဟတ် ရုံးခန်းရဲ့ အပေါ်ထပ်ရောက်တော့ သူတို့ စာ ကျောင်းခန်း အလွတ်တစ်ခန်းထဲဝင်ပြီး တံခါးကို အသာအယာပိတ်လိုက်တယ်။ ဟယ်ရီက မျက်စိမှေးပြီး အမှောင်ထဲက သူငယ်ချင်းနှစ်ယောက်မျက်နှာကို ကြည့်နေတယ်။

"မင်းတို့ ပြောစမ်း၊ ငါသူတို့ကို ဟိုအသံကြားရတယ်လို့ ပြော



သင့်သလား မပြောသင့်ဘူးလား"

"မပြောနဲ့" ရွန်က တွေးမနေဘဲ ပြောတယ်။ "သူများမကြားတဲ့ အသံကြားတာ ကောင်းတဲ့ နိမိတ်မဟုတ်ဖူး။ မှော်လောကထဲမှာလဲ ဒီအတိုင်းပဲ"

ဟယ်ရီဟာ ရွန့်အသံထဲကနေ တစ်ခုခု သိလိုက်သလိုပဲ။ သူက မေးတယ်။ "မင်း ငါ့ကို ယုံတယ်၊ ဟုတ်လား"

"ငါ ယုံတာပေါ့" ရွန်က မြန်မြန်ပြောတယ်။ "ဒါပေမယ့် — မင်း ဒါသိပ် ပုံမှန်မဟုတ်ပဲ ထူးဆန်းတယ်ဆိုတာ ဝန်ခံရမယ် ....."

"ဒါသိပ်ပုံမှန်မဟုတ်တာ ငါသိတယ်" ဟယ်ရီက ပြောတယ်။ "အဖြစ်အပျက်တစ်ခုလုံး ပုံမှန်မဟုတ် ဆန်းကြယ်နေတယ်။ နံရံပေါ်က စာတွေက ဘယ်လို သဘောလဲ။ လျှို့ဝှက်အခန်း ဖွင့်ခံရတယ် ..... ဒါ ဘာ အဓိပ္ပာယ်လဲ"

"အိုး၊ ဒါက ငါ့ကို တစ်ခု သတိရစေတယ်" ရွန်က ဖြည်းဖြည်းပြောတယ်။ "တစ်ကြိမ်က ဘယ်သူလဲ မသိဘူး၊ ငါ့ကိုပြောဖူးတယ်။ ဟော့ဂ်ဝပ်က လျှို့ဝှက်အခန်း .... ဘီပြောတာနဲ့တူတယ် ......"

"အဆံမပါတဲ့ အမြောက်ဆိုတာကော ဘာလဲ" ဟယ်ရီက မေးတယ်။

သူ့ကို အံ့ဩစေတာက ရွန်ဟာ ပါးစပ်ကို လက်နဲ့ အုပ်ပြီး တခစ်ခစ် ရယ်လာတယ်။

"ဒီလိုလေ — စင်စစ် ရယ်စရာ မကောင်းပါဘူး — ဒါပေမယ့် ဖစ်ချ်ကတော့ ......" သူက ပြောတယ်။ "အဆံမပါတဲ့ အမြောက်ဆိုတာ မှော်ဆရာအိမ်ထောင်မှာ ပေါက်ဖွားလာသူတစ်ယောက် ဖြစ်ပြီး ဆန်းကြယ်တဲ့ အစွမ်းနည်းနည်းမှ မရှိတာကို ပြောတာ။ အဆံမပါတဲ့ အမြောက်နဲ့ ပေါ်ပေါက်လာတဲ့ မှော်ဆရာဟာ ဆန့်ကျင်ဘက်။ ဒါပေမယ့် အဆံမပါတဲ့ အမြောက်က သိပ်နည်းပါတယ်။ တကယ်လို့ ဖစ်ချ်ဟာ စာပေးစာယူ အလျင်အမြန်ဝါထာရွတ်နည်းနဲ့ မှော်ပညာသင်ချင်တယ်ဆိုရင် သူဟာ အဆံမပါတဲ့ အမြောက်ဖြစ်မှာ သေချာတယ်။ ဒါက ပြဿနာအများကြီးကို အဖြေရနိုင်စေတယ်။ ဥပမာ-သူဘာကြောင့် ကျောင်းသားတွေကို မုန်းသလဲဆိုတာတို့" ရွန်က ကျေနပ်တဲ့ အပြုံးလေးပေါ်လာတယ်။ "သူမနာလိုလို့"

တစ်နေရာရာက ခေါင်းလောင်းသံ ပေါ်လာတယ်။

"၁၂ နာရီထိုးပြီ" ဟယ်ရီက ပြောတယ်။ "တို့ မြန်မြန်သွားအိပ်ကြရ

www.burmeseclassic.com

www.burmeseclassic.com



အောင်။ တော်ကြာ စနိတ်ပ်က တို့ကို အပြစ်လာရှာပြီး မတရား စွပ်စွဲလိမ့်ဦးမယ်"

ဆက်တိုက်ရက်အချို့မှာ ကျောင်းသားတွေ တခြားကိစ္စကို မပြောဘဲ မစ္စစ်နော်ရီးစ် အတိုက်ခိုက်ခံရတဲ့ကိစ္စပဲ ပြောနေကြတယ်။ ဖစ်ချ်ရဲ့ ဖော်ပြချက်ဟာ အားလုံးကို ဒီကိစ္စသတိရနေစေတယ်။ သူဟာ မစ္စစ် နော်ရီးစ်တိုက်ခိုက်ခံရတဲ့နေရာမှာ ခေါက်တုံ့ လှမ်းလျှောက်နေတယ်။ တိုက်ခိုက်သူ ပြန်လာမယ် ထင်လို့နဲ့ တူတယ်။ သူဟာ မစ္စစ် စခိုးဝါ တံဆိပ် အစွန်းမျိုးစုံ ချွတ်ဆေးနဲ့ နံရံပေါ်က စာတွေကို သုတ်သင်တာ ဟယ်ရီ မြင်တွေ့ရတယ်။ ဒါပေမယ့် အလကားပဲ။ အဲဒီစာလုံးတွေဟာ ကျောက်နံရံပေါ်မှာ တောက်ပစွာ ရှိနေဆဲပဲ။ ဖစ်ချ်ဟာ အခင်းဖြစ်ပွားရာမှာ ကင်းလှည့်မနေရင် မျက်စိနီနီကြီးကို ပြူးပြီး စင်္ကြံထဲမှာ တိတ်တိတ်ပုန်းနေတယ်။ ဒီနောက် ရုတ်တရက် ဘာမှ သတိမထားတဲ့ ကျောင်းသားတွေဆီ ပြေးထွက်ပြီး အကြောင်းအမျိုးမျိုးနဲ့ သူတို့ကို အခန်းပိတ်တယ်။ ဥပမာ ပြောရရင် သူတို့ "အသက်ရှူတာ အသံသိပ်ကျယ်တယ်" ဒါမှ မဟုတ်ရင် "ဖြစပ်စပ်နဲ့"။

ဂျင်နီ-ဝယ်စလီဟာ မစ္စစ်နော်ရီးစ်အတိုက်ခံရတာနဲ့ ပတ်သက်ပြီး အလွန်မတည်မငြိမ်ဖြစ်နေတယ်။ ရွန်ပြောပြချက်အရ သူမဟာ ကြောင်ကို သိပ်ချစ်တာတဲ့။

"စင်စစ်မှာ မင်း မစ္စစ်နော်ရီးစ်ကိုမှ မသိတာ" ရွန်က သူမကို စိတ်ပြေစေချင်တယ်။ "အမှန်အတိုင်းပြောရရင် ၎င်းမရှိတာ တို့ ပိုတောင်လွတ်လပ်သေးတယ်" ဂျင်နီရဲ့ နှုတ်ခမ်း စတင်တုန်လှုပ်လာတယ်။ "ဒါမျိုးဟော့ဂ်ဝတ်မှာ ခနခနမဖြစ်ပါဘူး" ရွန်က သူမကို "သူတို့ မကြာခင်မှာ အဲဒီလက်သည်အရူးကို ဖမ်းမိမှာ။ သူ့ကို ဒီကနေ မောင်းထုတ်ပစ်မှာ။ ငါကတော့ သူမောင်းထုတ်မခံရခင်မှာ ဖစ်ချ်ကိုပါ ကျောက်ဖြစ်အောင် လုပ်စေချင်တယ်။ ငါနောက်စရာ ပြောတာပါနော် —"ရွန်ဟာ ဂျင်နီ မျက်နှာဖြူဖပ်သွားတာတွေ့တော့ အမြန်ဆက်ပြောလိုက်တယ်။

တိုက်ခိုက်မှုဟာ ဟာမီးကိုလဲ ဂယက်ရိုက်စေတယ်။ ဟာမီးဟာ ခါတိုင်းအချိန် အများကြီးစာဖတ်တယ်။ အခုတော့ တစ်နေကုန် ဘာမှ မလုပ်ဘူး။ ဟယ်ရီနဲ့ ရွန်က သူမကို ဘာလုပ်နေလဲလို့ မေးရင် သူမဟာ ဂရုမစိုက် ချင်သလိုပဲ။ ဒုတိယ ဗုဒ္ဓဟူးနေ့ရောက်မှ ဒီပဟေဠိကို သူတို့ဖော်



တော့တယ်။

ဟယ်ရီဟာ မှော်ဆေးပညာသင်တန်းမှာ ကျောင်းပိတ်ခံရတယ်။ စနိတ်ပ်က သူ့ကို စာပွဲပေါ်က အမွေးများ ပိုးကောင်တွေကို သုတ်သင်ခိုင်းတယ်။ ဟယ်ရီဟာ နေ့လယ်စာကို ဂမန်းဂတန်းစားပြီး အပေါ်ထပ်စာကြည့်တိုက်မှာ ရွန်ကို လာတွေ့တယ်။ လမ်းမှာ သူနဲ့အတူ မှော်ဆေးပညာ သင်တန်းအတူတက်တဲ့ ဟပ်ဖဲလ်ပတ်က ကောင်လေး ဂျက်စတင်-ဖင့်ချ်-ဖလက်ချလီနဲ့ မျက်နှာချင်းဆိုင်တွေ့တယ်။ ဟယ်ရီက နှုတ်ဆက်မယ်လုပ်တယ်။ ဒါပေမယ့် ဂျက်စတင်ဟာ သူ့ကို မြင်တာနဲ့ ရုတ်တရက်လှည့်ပြီး ဆန့်ကျင်ဘက်ဆီသို့ ထွက်ပြေးတယ်။

ဟယ်ရီဟာ စာကြည့်တိုက် နောက်ဖက်မှာ ရွန့်ကို တွေ့တယ်။ သူဟာ ဆတံနဲ့ သူ့မှော်သမိုင်း အိမ်စာကို တိုင်းတာနေတယ်။ ပါမောက္ခ ဘင်းစ်က ကျောင်းသားတွေကို သုံးပေရှည်လျားတဲ့ "အလယ် ရာစုမှ ဥရောပမှော်ဆရာများအစွယ်စုံ" စာစီစာကုံးတစ်ခု ရေးခိုင်းထားတယ်။

"ငါတကယ့်ကို မယုံကြည်နိုင်ဘူး၊ ရှစ်လက်မတောင်လိုသေးတယ် ...." ရွန်က စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ လက်လွှတ်လိုက်တာနဲ့ သိုးရေစာရွက်ဟာ ပြန်လိပ်သွားတယ်။ "ဟာမီးက လေးပေခုနစ်လက်မရေးတယ်။ ပြီးတော့ သူမ လက်ရေးက သေးသေးလေးရယ်"

"သူမ ဘယ်မှာလဲ" ဟယ်ရီက မေးတယ်။ ပေတံခွေကို ဆွဲပြီး မိမိအိမ်စာကို ဖြန့်လိုက်တယ်။

"ဟိုမှာလေ" ရွန်က စာအုပ်စင်တွေကို လက်ညှိုးထိုးပြပြီး ပြောတယ်။ "စာအုပ်ရှာနေပြန်ပြီ။ သူမဟာ ခရစ်စမတ်မတိုင်ခင် ရှိသမျှ စာကြည့်တိုက်ထဲက စာအုပ်တွေ အကုန်ဖတ်မယ်နဲ့ တူတယ်"

ဟယ်ရီက ရွန့်ကို ပြောပြတယ်။ ခုနက ဂျက်စတင်-ဖင့်ချ်-ဖလက်ချလီဟာ သူ့ကို တွေ့တာနဲ့ ထွက်ပြေးတယ်။

"သူ ဘာလို့ ဂရုစိုက်နေရတာလဲ။ သူကြောင်တောင်တောင်နဲ့လို့ ငါထင်တယ်" ရွန်က ပြောရင်း လက်ရေးသော့သော့နဲ့ စာရေးနေတယ်။ စာလုံးကိုလည်း ကြီးနိုင်သလောက် ကြီးကြီးရေးတယ်။ "အသုံးမကျတဲ့ စကားတွေချည်းပဲ။ လော့ဟတ် ဘယ်လောက်ကြီးမြတ်တယ် ဘာညာနဲ့ —

ဟာမီးဟာ စာအုပ်စင်ကြားက ထွက်လာတယ်။ သူမကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါသ ထွက်နေသလိုပဲ။ ဒါပေမယ့် သူတို့နဲ့ စကားပြောလာပြီ။

"'ဟော့ဂ်ဝပ်၊ သမိုင်းတစ်ခန်း' အုပ်အချို့ရှိတာ အားလုံးငှားသွားကြပြီ" သူမက ပြောရင်း ဟယ်ရီနဲ့ ရွန်ဘေးဝင်ထိုင်တယ်။ "စာအုပ်ငှားဖို့ စာရင်းပေးထားတဲ့လူတွေ နောက်နှစ်ပတ်ထိ ရှိနေတယ်။ အင်း၊ ငါ့ ဟိုစာအုပ်ကို အိမ်မှာ မထားခဲ့မိရင် ကောင်းမှာပဲ။ ဒါပေမယ့် သေတ္တာထဲမှာ လော့ဟတ် စာအုပ်တွေ အများကြီး ထည့်ရလို့ ထပ်ထည့်မရတော့ဘူး"

"နင် အဲဒီစာအုပ်ကို ဘာလို့ ဖတ်ချင်တာလဲ" ဟယ်ရီက မေးတယ်။

"အဲဒါပြဿနာပဲ၊ ငါမမှတ်မိတော့ဘူး" ဟာမီးက နှုတ်ခမ်းကိုက်ရင်း ပြောတယ်။ "ငါတခြားနေရာမှာ အဲဒီပုံပြင်ကို ရှာလို့မရဘူး —"

"ဟာမီး၊ နင့် စာစီစာကုံးကို ငါ့ပြစမ်းပါ" ရွန်က လက်ပတ်နာရီကို ကြည့်ရင်း ပူပင်စွာ ပြောတယ်။

"ဟင့်အင်း၊ မရဘူး" ဟာမီးက ပြောတယ်။ ရုတ်တရက် တည်သွားတယ်။ "နင် အစက အချိန်ဆယ်ရက်တောင်ရှိတာ၊ ပြီးနိုင်တာပဲ"

"ငါ နှစ်လက်မပဲ လိုတော့တယ်၊ နောက်ထပ် ......"

ကျောင်းတက်ခေါင်းလောင်းမြည်ပြီ။ ရွန်နဲ့ ဟာမီးဟာ တစ်လမ်းလုံး ရန်ဖြစ်ရင်း မှော်သမိုင်း စာသင်ခန်းဆီ လျှောက်သွားကြတယ်။

မှော်သမိုင်းဟာ သူတို့ ကျောင်းချိန်ဇယားထဲက အခြောက်သွေ့ဆုံး ဖြစ်တယ်။ သူတို့ရဲ့ ဆရာအားလုံးထဲမှာ ဒီသင်ခန်းစာကို သင်တဲ့ ဆရာဘင်းစ် တစ်ယောက်သာ သရဲဖြစ်တယ်။ သူ့သင်တန်းမှာ စိတ်အလှုပ်ရှားစေဆုံး ကတော့ သူဟာ ကျောက်သင်ပုံးကို ဖောက်ပြီး ကျောင်းခန်းထဲဝင်လာတာပဲ။ သူ သိပ်အိုနေပြီ။ အသားအရေတွေ တအားတွန့်ရှုံ့နေပြီ။ လူတွေက ပြောတယ်။ သူက မိမိသေပြီဆိုတာကို သိပ်အရေးမထားဘူးတဲ့။ သူအသက် ရှင်စဉ်က တစ်နေ့မှာ စာသွားသင်ဖို့ မတ်တတ်ရပ်လိုက်တယ်၊ သတိမထားမိ လို့ ကိုယ်ကို ဆရာဝန်ထမ်းများနားနေခန်း မီးဖိုရှေ့က လက်ရန်းပါတဲ့ ကုလားထိုင်တစ်လုံးပေါ် ကျန်နေရစ်တယ်။ အဲဒီကစပြီး သူ့နေ့စဉ်လှုပ်ရှားမှုဟာ ပုံမှန်အတိုင်း နည်းနည်းမှ မပြောင်းလဲတော့ဘူး။

ဒီနေ့ အတန်းထဲမှာ ခါတိုင်းလိုပဲ ပျင်းစရာကောင်းနေတယ်။ ပါမောက္ခ ဘင်းစ်ဟာ မိမိရဲ့ မှတ်စုကို ဖွင့်လိုက်ပြီး ခြောက်သွေ့တဲ့ အသံကြောင်ကြောင်နဲ့ ဖတ်နေတယ်။ ဟောင်းနွမ်းအိုမင်းတဲ့ ဖုံစုတ်စက်ကြီးလိုပဲ။ နောက်ဆုံး



ကျောင်းသားအားလုံး မှိုင်တွေမိုက်ဖြစ်ပြီး တစ်ခါတရံ သတိပြန်ရလာရင် နာမည်တစ်ခု ဒါမှမဟုတ် နေ့စွဲတစ်ခုကူးမှတ်လိုက်တယ်။ ဒီနောက် နိုးတထ အခြေအနေပြန်ရောက်သွားတယ်။ သူက နာရီဝက်ခန့် ပြောပြီးနောက် အလျှင်ကမဖြစ်ခဲ့ဖူးတဲ့ ကိစ္စတစ်ခုဖြစ်လာတယ်။ ဟာမီးက လက်ညှိုးထောင်တယ်။

ပါမောက္ခ ဘင်းစ်ဟာ အလွန်ခြောက်သွေ့စွာနဲ့ ၁၂၈၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မှော်ဆရာများ အစည်းအဝေးကြီးအကြောင်း ပြောနေတယ်။ သူက ခေါင်းမော့ကြည့်တယ်။ အလွန်အံ့ဩသလိုပဲ။

"မင်းက —"

"ကျွန်မ ဂရန်ဂျာပါ၊ ပါမောက္ခ။ ကျွန်မကို ကျွန်မတို့ရဲ့ လျှို့ဝှက်တဲ့ အခန်းဟာ ဘာလဲဆိုတာ ပြောပြနိုင်မလား" ဟာမီးအသံ ရှင်းလင်းစွာ ပြောတယ်။

ဒင်း-သောမတ်စ်ဟာ ပါးစပ်အဟောင်းသားနဲ့ ပြတင်းအပြင်ကို ကြည့်နေတာ၊ အခု ရုတ်တရက် ငိုင်နေရာက နိုးလာတယ်။ လာဗင်ဒါ-ဘရောင်းရဲ့ ခေါင်းဟာ လက်မောင်းထဲက ထောင်ထလာတယ်။ နီဗီးရဲ့ လက်မောင်းဟာ စားပွဲပေါ်ကနေ အောက်ချလိုက်တယ်။

ပါမောက္ခ ဘင်းစ်ဟာ မျက်တောင်ခတ်လိုက်တယ်။

"ကျုပ် သင်တာ မှော်ပညာသမိုင်း" သူက ခြောက်သွေ့တဲ့ မောသံပါတဲ့ အသံနဲ့ ပြောတယ်။ "ကျုပ်က အဖြစ်မှန်ကို သုတေသနပြုတာ။ မစ်ဂရန်ဂျာ။ ဒဏ္ဍာရီတို့ ယုံတမ်းစကားတို့ မဟုတ်ဖူး" သူက လည်ချောင်းရှင်းလိုက်ပြီး မြေဖြူခဲ ကျိုးသွားတဲ့ အသံသဲ့သဲ့ ပေါ်လာတယ်။ ဆက်ပြောပြန်တယ်။ "ထိုနှစ် စက်တင်ဘာလမှာ ဆာဒင်ကျွန်း မှော်ဆရာများနဲ့ ဖွဲ့စည်းထားတဲ့ အထူးအဖွဲ့ဟာ —"

သူဟာ ထစ်ငေါ့စွာ ပြောရင်း ရပ်သွားတယ်။ ဟာမီးက လက်တို မြှောက်ပြီး ယမ်းပြနေတယ်။

"မစ်ဂရန်ဂျာလား"

"ကျွန်မ မေးချင်ပါတယ်။ ဆရာ။ ဒဏ္ဍာရီတို့ ယုံတမ်းစကားတို့ဟာ အဖြစ်မှန်အခြေခံ တစ်စုံတစ်ရာ ရှိပါတယ်။ မဟုတ်ဖူးလား"

ပါမောက္ခ ဘင်းစ်က သူမကို ကြည့်နေတယ်။ အလွန်အံ့ဩသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခ ဘင်းစ်ဟာ သူ့အသက်ရှင်စဉ်ကရော သေပြီးနောက်ပါ ဒီလို ဒ္ဒ စကားကို ဖြတ်ပြောတဲ့ ကျောင်းသားနဲ့ မကြုံခဲ့ရဘူးလို့ ဟယ်ရီ ယုံတယ်။

"ကောင်းပြီ" ပါမောက္ခဘင်းစ်က ဖြည်းနှေးစွာ ပြောတယ်။ "ဟုတ်တယ်လေ။ ကျုပ်ထင်တယ်၊ မင်းဒီလို ပြောလို့ရပါတယ်" သူဟာ ဂရန်ဂျာကို တအားစိုက်ကြည့်တယ်။ အရင်က ဒီကျောင်းသူကို သေချာမကြည့်ရသလို။ "ဒါပေမယ့်၊ မင်းပြောတဲ့ ဒဏ္ဍာရီယုံတမ်းစကားဆိုတာ အလွန်ကြောက်စရာကောင်းပြီး အလွန်ရယ်စရာ ကောင်းတဲ့ ပုံပြင်ပါ ......"

အခု ကျောင်းသားအားလုံး ပါမောက္ခ ဘင်းစ်ရဲ့ စကားလုံးတိုင်းကို အာရုံစူးစိုက်နားထောင်နေတယ်။ သူက အဖိုးအို မျက်စိမသဲမကွဲနဲ့ သူတို့ကို ကြည့်နေတယ်။ မျက်နှာအားလုံး သူ့ဆီကြည့်နေတယ်။ အားလုံးဟာ ခါတိုင်းနဲ့ မတူတဲ့ စိတ်ဝင်စားမှု ဖော်ပြလာတဲ့အတွက် ပါမောက္ခ ဘင်းစ်အဖို့ သိပ်ကို အကြပ်တွေ့နေတယ်ဆိုတာ ဟယ်ရီတွေ့ရတယ်။

"အော၊ ဒါဆိုလဲ ကောင်းပြီ" သူက ဖြည်းဖြည်းပြောတယ်။ "ကျုပ် တွေးကြည့်မယ် ...... လျှို့ဝှက်အခန်း ......

"မင်းတို့အားလုံး သိပြီးဖြစ်မယ်။ ဟော့ဂ်ဝပ်ကျောင်းတော်ဟာ လွန်ခဲ့တဲ့ အနှစ်တစ်ထောင်ကျော်က တည်ထောင်ခဲ့တာ — အခိုင်အမာနေ့စွဲတော့ သိပ်မသေချာတော့ဘူး — တည်ထောင်သူဟာ ထိုစဉ်က အကြီးမြတ်ဆုံး မှော်ဆရာ၊ မှော်ဆရာမ လေးဦးဖြစ်တယ်။ ဟောက်စ်ကျောင်းလေးကျောင်းဟာ ၎င်းတို့နာမည်တွေနဲ့ နာမည်ပေးထားတာ။ ဂေါ့ဒရစ်-ဂရစ်ဖင်းဒေါ်၊ ဟော်ဂါ-တာ့ဖ်ဖတ်၊ ရိုဝီးနာ-ရေဗင်ခလောနဲ့ ဆလာဇာ-စလေးသရင်း။ မတ်ဂေါ်တွေ ရဲ့ မြင်တွေ့မှုမှ အဝေးကြီးကင်းကွာတဲ့ နေရာမှာ သူတို့ဟာ ဒီရဲတိုက်ကြီးကို အတူတည်ဆောက်ခဲ့ကြတယ်။ အကြောင်းက ထိုစဉ်နှစ်များမှာ အရပ်သားတွေဟာ မှော်ပညာကို ကြောက်ကြတယ်။ မှော်ဆရာ၊ ဆရာမတွေဟာ ဖိနှိပ်ခံကြရတယ်"

ပါမောက္ခဘင်းစ် စကားရပ်သွားတယ်။ မသဲမကွဲနဲ့ ကျောင်းခန်းထဲကို ဝေ့ကြည့်လိုက်ပြီး ဆက်ပြောတယ်။ "စစချင်း နှစ်အချို့မှာ တည်ထောင်သူတွေဟာ အတူတကွ ညီညွတ်စွာ အလုပ်လုပ်ကြတယ်။ မှော်အစွမ်းအစရှိတဲ့ လူငယ်တွေကို နေရာတကာမှာ လိုက်ရှာတယ်။ သူတို့ကို ရဲတိုက်ဆီခေါ်ဆောင် လာပြီး ပျိုးထောင်ပေးတယ်။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ သူတို့ အချင်းချင်း

ကွဲပြားလာတယ်။ စလေးသရင်းနဲ့ တခြားလူများအကြား အကွဲအပြဲတွေ ကြာလေကြီးလေဖြစ်လာတယ်။ စလေးသရင်းက ဟော့ဂ်ဝပ်က ကျောင်းသား လက်ခံတဲ့ နေရာမှာ လူရွေးရမယ်လို့ မျှော်လင့်တယ်။ မှော်အိမ်ထောင်စုစစ်က လူသာ လက်ခံသင်ကြားရမယ်လို့ မြင်တယ်။ သူဟာ မတ်ဂေါ်တွေ မွေးတဲ့ ကလေးကို လက်မခံချင်ဘူး။ သူတို့ဟာ မယုံကြည်ရဘူးလို့ ထင်တယ်။ နောက်အတန်ကြာတော့ စလေးသရင်းနဲ့ ဂရစ်ဖင်းဒေါ်ဟာ ဒီပြဿနာကြောင့် ပြင်းထန်စွာ အငြင်းပွားကြတယ်။ နောက်တော့ စလေးသရင်းကျောင်းက ခွဲခွာသွားတယ်"

ပါမောက္ခ ဘင်းစ်ဟာ ရပ်နေပြန်တယ်။ နှုတ်ခမ်းကို စူထားလို့ လိပ်အိုအရေတွန့်ကြီးနဲ့ တူနေတယ်။

"ခိုင်လုံတဲ့ သမိုင်းအချက်အလက်က ဒါတွေပဲ ကျုပ်တို့ကို ပြောပြတယ်" သူက ပြောတယ်။ "ဒါပေမယ့် အဲဒီ အဖြစ်မှန်သက်သက်ကို လျှို့ဝှက်အခန်းဆိုတဲ့ ထူးဆန်းတဲ့ ဒဏ္ဍာရီ စကားတွေက ဖုံးလွှမ်းသွားတယ်။ အဲဒီပုံပြင်က စလေးသရင်းဟာ ရဲတိုက်ထဲမှာ လျှို့ဝှက်အခန်းတည်ဆောက်ထားတယ်။ ကျန်တည်ထောင်သူတွေ မသိကြဘူးတဲ့။

"အဲဒီ ယုံတမ်းစကားအရ၊ စလေးသရင်းက လျှို့ဝှက်အခန်းကို ပိတ်ပစ်လိုက်တယ်။ ဒီတော့ ဘယ်သူမှ ဖွင့်လို့ မရတော့ဘူး။ ၎င်းရဲ့ ဆက်ခံသူ အစစ် ရောက်လာတဲ့အထိပေါ့။ အဲဒီ ဆက်ခံသူကသာ လျှို့ဝှက်အခန်းကို ဖွင့်လို့ ရမယ်။ အထဲက ကြောက်စရာ အရာကို လွှတ်ပြီး ကျောင်းကို သန့်စင်အောင် လုပ်မယ်။ မှော်ပညာ မသင့်သင့်သူအားလုံးကို ရှင်းပစ်မယ်"

ပုံပြင်ဆုံးသွားပြီ။ ကျောင်းသားအားလုံး ငြိမ်သက်နေတယ်။ ခါတိုင်း ပါမောက္ခဘင်းစ် သင်ကြားစဉ် အိပ်ချင်မူးတူးငြိမ်သက်ခြင်းမျိုး မဟုတ်ဖူး။ သူတိုင်း သူ့ကို စိုက်ကြည့်နေဆဲ။ နောက်ထပ် ဆက်ပြောစေချင်ကြတယ်။ လေထုက မငြိမ်မသက်ဖြစ်နေတယ်။ ပါမောက္ခ ဘင်းစ်ဟာ အနည်းငယ် ဒေါသထွက်ပုံပေါ်နေတယ်။

"စင်စစ်တော့ ဒီကိစ္စတစ်ခုလုံးဟာ လျှောက်ပြောတာချည်းပဲ" သူက ပြောတယ်။ "ကျောင်းက ဒီလိုလျှို့ဝှက်အခန်းရှိ မရှိ စုံစမ်းစစ်ဆေးဖူးတယ်။ အကြိမ်မနည်း စုံစမ်းစစ်ဆေးတယ်။ စစ်ဆေးဖို့ ဖိတ်ခေါ်ခံရသူတွေဟာ ပညာ အရှိဆုံး မှော်ဆရာ၊ ဆရာမတွေချည်းပဲ။ လျှို့ဝှက်အခန်းမရှိဘူး။ ဒါ ပုံပြင်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မှုသာ ဖြစ်တယ်။ စဉ်းစားဉာဏ်နည်းသူကို ခြောက်လှန့်ဖို့ပါပဲ"

ဟာမီးဟာ လက်ကို မြှောက်လိုက်ပြန်တယ်။

"ဆရာ — ခုနက လျှို့ဝှက် 'အခန်းထဲက ကြောက်စရာအရာ' လို့ ပြောတာ ဘာကို ညွှန်တာလဲ"

"လူတွေက သတ္တဝါဆန်းတစ်မျိုးလို့ ထင်တယ်။ စလေးသရင်းကို ဆက်ခံသူသာ ချုပ်ကိုင်နိုင်တယ်" ပါမောက္ခ ဘင်းစ်က ၎င်းရဲ့ ခပ်ခြောက်ခြောက် သေးငယ်တဲ့ အသံနဲ့ ပြောတယ်။

ကျောင်းသားတွေဟာ စိုးရိမ်စွာ အကြည့်ချင်းဖလှယ်လိုက်တယ်။

"မင်းတို့ သိထားရမှာက အဲဒီအရာ လုံးဝမရှိဘူး" ပါမောက္ခ ဘင်းစ်ဟာ မသွက်မလက်နဲ့ မှတ်စုစာအုပ်တွေကို သိမ်းဆည်းရင်း ပြောတယ်။ "လျှို့ဝှက်အခန်းမရှိဘူး။ သတ္တဝါဆန်းလဲ မရှိဘူး"

"ဒါပေမယ့်၊ ဆရာ" စီးမတ်စ်-ဖင်နစ်ဂင်က ပြောတယ်။ "ဒီလျှို့ဝှက်အခန်းဟာ စလေးသရင်းရဲ့ ဆက်ခံသူအစစ်ကမှ ဖွင့်နိုင်တယ်ဆိုရင်၊ ကျန်လူတွေ လုံးဝတွေ့ရှိနိုင်မှာ မဟုတ်ဖူး၊ ဟုတ်လား"

"တွေ့ကရာတွေ မပြောနဲ့ အိုဖလာဟာထီ" ပါမောက္ခဘင်းစ်က ဒေါသသံနဲ့ ပြောတယ်။ "အဆက်ဆက် ကျောင်းအုပ်တွေ အများကြီးကတောင် အဲဒီအရာကို မတွေ့ရှိခဲ့ရင် — "

"ဒါပေမယ့် ပါမောက္ခ" ဖတ်ဗေတီ-ဖာထီ အသံစူးစူးနဲ့ စကားပြောတယ်။ "မှော်နက်ပညာနဲ့မှ ဖွင့်လို့ရမယ်ထင်တယ် — "

"မှော်ဆရာတစ်ယောက်ဟာ မှော်နက်ပညာကို အသုံးမပြုတာဟာ သူမတတ်လို့ဆိုတဲ့အဓိပ္ပာယ် မပေါက်ဘူး။ မစ် ဖန်နီဖဲသား" ပါမောက္ခ ဘင်းစ်က တောက်တယ်။ "ကျုပ် နောက်တစ်ကြိမ်ပြောမယ်၊ ဒမ်ဘလီဒိုးလို လူမျိုးတောင် — "

"စလေးသရင်းနဲ့ ပတ်သက်တဲ့ လူကမှ ဖွင့်နိုင်ချင် ဖွင့်နိုင်မှာ။ ဒါကြောင့် ဒမ်ဘလီဒိုးလဲ မရဘူး — " ဒင်း-သောမတ်စ်စကားမဆုံးမီ ပါမောက္ခဘင်းစ် စိတ်မရှည်တော့ဘူး။

"တော်ပြီ" သူက ဆူတယ်။ "ဒါ ဒဏ္ဍာရီမျှသာ ဖြစ်တယ်။ လုံးဝမရှိဘူး။ စလေးသရင်းဟာ ဒီလိုလျှို့ဝှက် တံမြက်စည်းခန်းလိုဟာမျိုး တည်ဆောက်ထားတယ်ဆိုတဲ့သက်သေ စိုးစဉ်းမျှ မရှိဘူး။ ကျုပ်မင်းတို့ကို ဒီအဓိပ္ပာယ်မရှိ ပုံပြင်



ကို ပြောပြမိတာ နောင်တရတယ်။ မင်းတို့သဘောတူရင် သမိုင်းဆီပြန်လှည့်ရအောင်။ တိတိကျကျ ယုံကြည်လောက်တဲ့၊ အားကိုးလောက်တဲ့ လက်တွေ့ဆီ ပြန်သွားရအောင်"

ငါးမိနစ်တောင် မကြာလိုက်ဘူး၊ ကျောင်းသားတွေဟာ အိပ်ချင်မူးတူး အနေအထား ပြန်ရောက်သွားတယ်။

"ငါအစောကြီးကတည်းက ဆလာဇာ-စလေးသရင်းဟာ ပုံမမှန်တဲ့ အရူးကြီးမှန်း သိတယ်" ရွန်က ဟယ်ရီနဲ့ ဟာမီးကို ပြောတယ်။ ဒီအချိန်မှာ ကျောင်းဆင်းလို့ သူတို့ စင်္ကြံက တိုးဝှေ့ထွက်လာပြီး ထမင်းစားဖို့ လွယ်အိတ်တွေ ချထားကြတယ်။ "ဒါပေမယ့် သူကဗီလိုသွေးစစ်ဆိုတဲ့ဟာမျိုး သူက စတယ်ဆိုတာ ငါမသိဘူး။ ငါ့ကို ပိုက်ဆံအလကားပေးရင်တောင် သူ့ဟောက်စ်ထဲကျောင်းကို ငါမနေဘူး။ အမှန်အတိုင်းပြောမယ်။ ထိုစဉ်က အမျိုးအစားခွဲဦးထုပ်က ငါ့ကို စလေးသရင်း ဟောက်စ်ပို့ရင်၊ ငါချက်ချင်း ရထားတန်းစီးပြီး အိမ်ပြန်မယ် ......"

ဟာမီးက လိုက်လှဲစွာ ခေါင်းညိတ်တယ်။ ဒါပေမယ့် ဟယ်ရီကတော့ ဘာမှ မပြောဘူး။ သူ့စိတ်ဟာ ဘယ်လိုမှန်းမသိဘဲ လေးသွားတယ်။

ဟယ်ရီက ရွန်နဲ့ ဟာမီးကို ပြောမပြခဲ့ဘူး။ ထိုစဉ်က အမျိုးအစားခွဲဦးထုပ်ဟာ သူ့ကို စလေးသရင်းမှာ ထားဖို့သေချာစဉ်းစားသေးတယ်။ လွန်ခဲ့တဲ့ တစ်နှစ်က သူဦးထုပ်ကို ဆောင်းလိုက်တော့ သူ့နားနားကပ်ပြောတဲ့ အသံသေးကို ရှင်းရှင်းမှတ်မိနေသေးတယ်။ ဒါတွေဟာ မနေ့ကမှ ဖြစ်ခဲ့သလိုပဲ။

"မင်း အလွန်အောင်မြင်မှာ။ မင်းသိလား။ မင်းခေါင်းထဲမှာ ရှိနေတယ်။ စလေးသရင်းက မင်းကို အောင်မြင်အောင် ကူညီမှာ။ ဒါ ဘာမှ သံသယရှိစရာ မလိုဘူး ......"

ဒါပေမယ့် ဟယ်ရီဟာ စလေးသရင်းဟောက်စ်ကျောင်းဟာ မှော်နက်ဆရာတွေကို မွေးမြူတဲ့ ကျောင်းမို့ နာမည်မကောင်းမှန်း ကြိုသိထားလို့ သူတာ အတင်းခေါင်းထဲမှာ ပြောနေတယ်။ "စလေးသရင်းကို မသွားဘူး" ဒီတော့ ဦးထုပ်က ပြောတယ်။ "အော၊ ကောင်းပြီ။ မင်း ဒီလောက် သေချာတယ်ဆိုရင် .... ဂရစ်ဖင်းဒေါ သွားလိုက်ပါ ...."

သုံးယောက်စလုံး တိုးဝှေ့လာတဲ့လူအုပ်ကြောင့် ဘေးရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ခိုလင်-ခရီဗီး သူတို့ဘေးက ဖြတ်သွားတယ်။

"ဟိုင်းရာ၊ ဟယ်ရီ"

"ဟဲလို၊ ခိုလင်" ဟယ်ရီက အလျှဉ်းသင့် ပြန်ဖြေတယ်။

"ဟယ်ရီ — ဟယ်ရီ — ငါတို့ အတန်းက ကျောင်းသားတစ်ယောက် ခုတလော မင်းကို ပြောနေတယ် —"

ဒါပေမယ့် ခိုလင်က သိပ်ပုတော့ သူ့ကို ခန်းမဆီသို့ တွန်းပို့တဲ့ လူအုပ်အားကို မခုခံနိုင်ဘူး။ သူ့အော်သံကြားရပြီး "နောက်မှ တွေ့မယ်၊ ဟယ်ရီ" လို့ ပြောရင်း ပျောက်သွားတယ်။

"သူတို့ အတန်းက ကျောင်းသားက နင့်ကို ဘာပြောလဲ" ဟာမီးက မေးတယ်။

"ငါထင်တယ်၊ ငါ့ကို စလေးသရင်းရဲ့ ဆက်ခံသူလို့ ပြောမယ်ထင်တယ်" ဟယ်ရီက ပြောတယ်။ သူ့စိတ်လည်း လေးသွားပြန်တယ်။ သူဟာ ရုတ်တရက်နေ့လယ်စာစားတုန်းက ဂျက်စတင်-ဖင့်ချ်-ဖလက်ချလီ သူ့ကို ရှောင်ပြေးတာ သတိရလို့။

"ဒီကလူတွေဟာ ဘာမဆို ယုံတယ်" ရွန်က ရွံရှာစွာ ပြောတယ်။

လူအုပ်ကျဲလာတယ်။ သူတို့လည်း သက်သက်သာသာ လှေခါးထက်လာနိုင်တယ်။

"မင်းလျှို့ဝှက်အခန်းရှိတယ်လို့ ထင်သလား" ရွန်က ဟာမီးကို မေးတယ်။

"ငါမသိဘူး" သူမက ပြောတယ်။ မျက်မှောင်ကြုတ်လို့။ "ဒမ်ဘလီဒိုး မဖွစ်နော်ရီးစ်ကို ကုလို့မရဘူး။ ဒါက ငါ့ကို အတွေးဖြစ်စေတာကတော့ ၎င်းတို့ တိုက်ခိုက်တဲ့ အရာဟာ အင်း-လူသားမဟုတ်ဘူး"

သူမစကားပြောတဲ့အခါမှာ အခန်းဒေါင့်တစ်ခုကို ချိုးကွေ့လိုက်တယ်။ သူတို့ တိုက်ခိုက်မှုဖြစ်ပွားတဲ့ စင်္ကြံရဲ့ ထိပ်ကို ရောက်နေတာ တွေ့ရတယ်။ မျက်စိရှေ့က အခြေအနေဟာ ဟိုနေ့ညကနဲ့ တူတူပဲ။ ဟိုကျောက်ဖြစ်သွားတဲ့ကြောင် မီးတုတ်စင်ပေါ်မှာ မရှိတာပဲ ကွာတယ်။ "လျှို့ဝှက်အခန်းဖွင့်လိုက်ပြီ" ဆိုတဲ့ စာတွေ ရေးထားတဲ့ နံရံမှာ ကုလားထိုင် အလွတ်တစ်လုံး ကပ်ထားတယ်။

"ဒီမှာအမြဲ ဖစ်ချ် ကင်းစောင့် နေတယ်" ရွန်က တိုးတိုးပြောတယ်။



သူတို့ အကြည့်ချင်းဖလှယ်လိုက်တယ်။ စင်္ကြံထဲမှာ လူမရှိဘူး။

"ငါတို့ရှာကြည့်ရအောင်" ဟယ်ရီက ပြောရင်း လွယ်အိတ်ကို လွှင့်လိုက်ပြီး ကြမ်းပေါ် လေးဘက်ထောက် တွားသွားကာ သဲလွန်စရှာတယ်။

"မီးလောင်ကျွမ်းတဲ့အရာ" သူက ပြောတယ်။ "ဒီမှာ — နောက်မှာ —"

"ဒါကိုလာ ကြည့်ကြစမ်း" ဟာမီးက ပြောတယ်။ "သိပ်စိတ်ဝင်စားစရာပဲ ......"

ဟယ်ရီက ထလိုက်ပြီး နံရံပေါ်က စာတွေဘေးရှိ ပြတင်းပေါက်ဆီသွားတယ်။ ဟာမီးက အပေါ်ဆုံးက မှန်ကို လက်ညှိုးထိုးပြတယ်။ အဲဒီနေရာမှာ ပင့်ကူအကောင်နှစ်ဆယ်လောက် ပျားယီးပျာယာ သွားနေတယ်။ မှန်ပေါ်ရှိ အက်ကလေးတစ်ခုကနေ တိုးထွက်သွားချင်သလိုပဲ။ ငွေရောင်အမျှင် ရှည်ရှည်တစ်ချောင်းဟာ ကြိုးတစ်ချောင်းလို တွဲလောင်းကျနေတယ်။ ၎င်းတို့ဟာ ဒီအမျှင်ကနေ မြန်မြန် တွားတက်ပြီး ပြတင်းအပြင်ကို ပြေးတာနဲ့ တူတယ်။

"နင် ပင့်ကူ ဒီလို ဖြစ်တာ မြင်ဖူးလား" ဟာမီးက တွေဝေစွာ မေးတယ်။

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။ "မင်းကော။ ရွန် ? ရွန် ?"

သူခေါင်းလှည့်လိုက်တယ်။ ရွန်ဟာ နောက်ဘက်ခပ်လှမ်းလှမ်းမှာ ရပ်နေတယ်။ ထွက်ပြေးချင်တာကို မနည်းထိန်းနေရပုံပဲ။

"ဘာဖြစ်လဲ" ဟယ်ရီက မေးတယ်။

"ငါ — ပင့်ကူကို — မကြိုက်ဖူး" ရွန်က စိတ်တထင့်ထင့်နဲ့ ပြောတယ်။

"ဒါ ငါအရင်က မသိဘူး" ဟာမီးက ပြောတယ်။ ရွန့်ကို အံ့သြစွာ ကြည့်နေတယ်။ "နင် မှော်ဆေးပညာသင်တန်းမှာ ပင့်ကူကို အကြိမ်ကြိမ်သုံးခဲ့တာပဲ ......"

"ပင့်ကူအသေက ကိစ္စမရှိဘူး" ရွန်က ပြောတယ်။ သူ့အကြည့်ကို ပြတင်းပေါက်ကနေ သတိထားရှောင်လိုက်တယ်။ "ငါက ၎င်းတို့ တွားသွားတဲ့ ပုံကို မနှစ်သက်တာပါပဲ ......"

ဟာမီးက တခစ်ခစ်ရယ်တယ်။

"ဘာရယ်စရာရှိလို့လဲ" ရွန်က စိတ်ဆိုးစွာ ပြောတယ်။ "နင် သိရမှာ ငါ သုံးနှစ်အရွယ်မှာ ဖရက်က ငါ သူ့ကစားစရာ တံမြက်စည်းကို ဖျက်ပစ်

www.burmeseclassic.com



တယ်ဆိုပြီး ငါ့ ငါ့ဝက်ဝံရုပ်ကို အရုပ်ဆိုးတဲ့ ပင့်ကူကြီးဖြစ်အောင် လုပ်ပစ်လိုက်တယ်။ နင်လဲ ငါ့လိုဖြစ်ခဲ့ရင် ၎င်းတို့ကို ကြိုက်မှာမှတ်ဖူး။ တကယ့်ကို နင့်ဝက်ဝံရုပ်ကို ပိုက်ထားစဉ် ရုတ်တရက် ခြေထောက်တွေအများကြီး ထွက်လာပြီး ......"

သူဟာ ကြက်သီးထသွားတယ်။ ဆက်မပြောနိုင်တော့ဘူး။ ဟာမီးယာ ရယ်ချင်တာကို ထိန်းထားရပုံပေါ်နေသေးတယ်။ ဟယ်ရီက သူတို့ ဒီအကြောင်းမပြောတာ ကောင်းမယ်လို့ ထင်တယ်။ ဒါနဲ့ ပြောတယ်။ "ကြမ်းပေါ်က ရေတွေကို သတိရသေးလား။ ဘယ်ကလာတာလဲ။ ကြမ်းတိုက်ထားတယ်"

"ဒီနားမှာပဲ" ရွန်က ပြောတယ်။ ဖြည်းဖြည်းချင်း စိတ်သက်သာလာပြီ။ ဖစ်ချ် ထိုင်ခုံကို ဖြတ်ဖြတ်နဲ့ ကျော်ဖြတ်ပြီး သူတို့ကို လက်ညှိုးထိုးပြတယ်။ "ဒီတံခါးနဲ့ တပြေးထဲမှာ"

သူက ကြေးဝါတံခါး လက်ကိုင်အလုံးကို သွားဆွဲမယ်လုပ်ပြီး ရုတ်တရက် ပြန်ယုတ်လိုက်တယ်။ မီးပူလိုက်သလိုပဲ။

"ဘာဖြစ်တာလဲ" ဟယ်ရီက မေးတယ်။

"ဝင်လို့ မဖြစ်ဖူး" ရွန်က မကြည်မသာ ပြောတယ်။ "အမျိုးသမီး သန့်စင်ခန်း"

"အော၊ ရွန်၊ အထဲမှာ လူမရှိပါဘူး" ဟာမီးက ပြောတယ်။ သူမဟာ ကိုယ်ကို မတ်လိုက်ပြီး လျှောက်လာတယ်။ "ဒါက ငိုရှိုက်တဲ့ မားထော်ရဲ့ နယ်မြေ။ လာ၊ တို့ဝင်ကြည့်ရအောင်"

သူမဟာ "ပျက်နေတယ်" လို့ ရေးချိတ်ထားတဲ့ ဆိုင်းဘုတ်ကို အရေး မလုပ်ပဲ တံခါးတွန်း ဖွင့်လိုက်တယ်။

ဒီနေရာဟာ ဟယ်ရီရောက်ဖူးတဲ့ အမှောင်မည်းဆုံး၊ အလှောင်ဆုံး နေရာ။ အစွန်းအကွက်တွေနဲ့ အက်ကွဲနေတဲ့ မှန်ကြီးအောက်မှာ မျက်နှာပြင် ကွဲပဲ့နေတဲ့ ကျောက်ရေကန် အတန်းလိုက်ရှိတယ်။ ကြမ်းပေါ်မှာ စိုရွှဲနေတယ်။ ဖယောင်းတိုင်တိုတချို့ ဖယောင်းတိုင်စင်ပေါ်မှာ နိမ့်နိမ့်လေး မီးလောင်နေတယ်။ မွဲမွဲအရောင်က ကြမ်းခင်းကို ကြောက်စရာကြီးလို ဖြစ်နေစေတယ်။ အိမ်သာခန်းတွေနဲ့ သစ်သားတံခါးပေါ် သုတ်ထားတဲ့ ဆေးတွေ ကြွေကျနေပြီး အခြစ်ရာတွေချည်းပဲ။ တံခါးတစ်ခုရဲ့ ပတ္တာပြုတ်နေလို့ တံခါးဟာ တွဲလောင်း



ကြီးဖြစ်နေတယ်။

ဟာမီး လက်နဲ့ ပါးစပ်ကို ပိတ်ပြီး အတွင်းဆုံးအိမ်သာခန်းဆီ လျှောက်သွားတယ်။ တံခါးဝရောက်တော့ သူမက ပြောတယ်။ "ဟဲလို၊ မားထော်၊ နေကောင်းရဲ့လား"

ဟယ်ရီနဲ့ ရွန်လည်း လိုက်သွားကြည့်တယ်။ ငိုရှိုက်တဲ့ မားထော်ဟာ အိမ်သာရေပုံးထဲမှာ ပေါလောပေါ်နေတယ်။ မေးစေ့တစ်နေရာကို ကိုင်ထားတယ်။

"ဒါက မိန်းကလေးသန့်စင်ခန်း" သူမက ပြောတယ်။ သံသယ အကြည့်နဲ့ ဟယ်ရီနဲ့ ရွန်ကို အကဲခတ်ကြည့်တယ်။ "သူတို့က မိန်းကလေး မဟုတ်ဖူး"

"ဟုတ်တယ်" ဟာမီးက သဘောတူတယ်။ "ကျွန်မသူတို့ကို ဒီနေရာ — ဒီနေရာ — ဘယ်လောက်လှတယ်ဆိုတာ လာပြတာပါ"

သူမဟာ ညစ်ပတ်တဲ့ မှန်နဲ့ ရေစိုကြမ်းပြင်ကို ဘာလိုလို လက်ယမ်း ပြလိုက်တယ်။

"သူမကို ဘာမြင်တွေ့သလဲ မေးပါ" ဟယ်ရီက အသံနိမ့်ပြီး ဟာမီး ကို ပြောတယ်။

"မင်း ဘာတိတ်တိတ်ပြောနေတာလဲ" မားထော်က သူတို့ကို စိုက်ကြည့် ပြီး မေးတယ်။

"ဘာမှမဟုတ်ပါဘူး" ဟယ်ရီက အမြန်ပြောတယ်။ "ကျွန်တော်တို့ ခင်ဗျားကို မေးချင် — "

"ငါ့ကို နောက်မှာ အတင်းမပြောစေချင်ဘူး" မားထော်က ငိုသံနဲ့ ပြောတယ်။ "ငါလဲ စိတ်ခံစားတတ်တယ်။ မင်းတို့ သိပါတယ်။ ငါသေသွားပြီ ဖြစ်ပေမယ့်"

"မားထော်၊ ဘယ်သူမှ ခင်ဗျားကို စိတ်မကောင်းဖြစ်အောင် လုပ်ချင် ပါဘူး" ဟာမီးက ပြောတယ်။ "ဟယ်ရီက — "

"ငါ့ကို စိတ်မကောင်းဖြစ်အောင် မလုပ်ချင်ကြဘူး။ ဒါ ရယ်စရာကြီး ပဲ" မားထော်က ငိုယိုပြောတယ်။ "ငါဒီမှာနေရတာ ပျော်ရွှင်မှုမရှိဘူး မိမဲ့နည်း ခြင်းပဲ ရှိတယ်။ အခု ငါသေသွားတာတောင် လူတွေက ငါ့ကို အလွတ်မပေး သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က ရှင့်ကို ခုတလော ဘာစိတ်ဝင်စားစရာများ တွေ့လဲလို့ မေးချင်တာပါ" ဟာမီးက အမြန်ပြောတယ်။ "ဟောလိုးဝင်းနေ့တုန်းက ကြောင်တစ်ကောင် ရှင့်တံခါးမကြီး အပြင်ဘက်မှာ တိုက်ခိုက်ခံရလို့"

"အဲဒီနေ့ညက ခင်ဗျား ဒီအနီးအနားမှာ ဘယ်သူ့ကို မြင်ရသလဲ" ဟယ်ရီက မေးတယ်။

"ငါသတိမထားမိဘူး" မားတော်က အမူအရာ လုပ်ပြောတယ်။ "သူ့ ပီဗိစ်ဟာ ငါ့ကို ရက်ရက်စက်စက် ဒုက္ခပေးလို့ ငါဒီကို ပြေးလာပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေမလို့။ နောက်မှ တကယ်တော့ ငါသတိရလာတယ် -ငါ — ငါ — "

"သေပြီးပြီ" ရွန်က သူမစကားကို ကူအဆုံးသတ်ပေးလိုက်တယ်။

မားတော်ဟာ ဝမ်းနည်းကြေကွဲစွာ ရှိုက်ငိုလိုက်ပြီး လေထဲ တက်သွားတယ်။ ကိုယ်ကိုလှည့်လိုက်ပြီး ခေါင်းနဲ့ အိမ်သာရေပုံးထဲ ဒိုင်ပင်ထိုးချလိုက်တယ်။ ရေတွေ သူတို့ကိုယ်ပေါ် စင်လာတယ်။ ဒီနောက် ပျောက်သွားတော့ သူမ ခပ်အုပ်အုပ် ရှိုက်ငိုသံ ကြားရလို့ အိမ်သာထိုင်ခုံ အပိုင်းရဲ့ တစ်နေရာမှာ ပုန်းနေတယ်လို့ သိနိုင်တယ်။

ဟယ်ရီနဲ့ ရွန်ဟာ ပါးစပ်အဟောင်းသားနဲ့ ရပ်နေတယ်။ ဟာမီးကတော့ ပျင်းရိရိပခုံးတွန့်ပြပြောတယ်။ "စင်စစ် ဒါ မားတော်အဖို့ ပျော်ရွှင်တယ်လို့ ပြောရမယ် .... လာ၊ တို့သွားကြစို့"

ဟယ်ရီတံခါးပြန်ပိတ်လိုက်လို့ မားတော် တအီးအီးငိုသံ ပိတ်မိသွားချိန်မှာပဲ ရုတ်တရက် လူတစ်ယောက်စကားသံကြောင့် သူတို့လန့်ခုန်ကြတယ်။

"ရွန်"

ဖတ်စီ-ဝယ်စလီဟာ လှေခါးဝမှာ ရပ်နေတယ်။ အတန်းခေါင်းဆောင် တံဆိပ်ဟာ သူ့ရင်ဘတ်မှာ လက်နေတယ်။ သူ့မျက်နှာပေါ်မှာ အလွန့်အလွန် အံ့သြတဲ့ အမူအရာနဲ့။

"အဲဒါ အမျိုးသမီး သန့်စင်ခန်းလေ" သူက အသက်ပြင်းပြင်း ရှူရင်း ပြောတယ်။ "မင်းတို့ ဘယ့်နှယ် — "

"အလကား လျှောက်ကြည့်တာပါ" ရွန်က ပခုံးတွန့်လိုက်တယ်။ "သဲလွန်စရှာတာ၊ မင်းသိတယ် မှုတ်လား ......"

ဖတ်စီက ဟိတ်ဟန်လုပ်တယ်။ အဲဒီ ပုံပန်းကြောင့် ဟယ်ရီက မွေး



ဝယ်စလီကို သတိရလိုက်တယ်။

"မြန် — မြန် — ထွက် — သွားကြ — " သူက ပြောရင်း သူတို့ဆီ လျှောက်လာတယ်။ ပြီးတော့ လက်နှစ်ဖက်ဆန့်တန်းပြီး သူတို့ကို မြန်မြန်သွားခိုင်းတယ်။ "ဒါ ဘယ်လိုဖြစ်တာလဲ၊ မင်းတို့ ဂရုမစိုက်ဘူးလား။ သူများတွေ ညစာစားနေတယ်။ မင်းတို့က ဒီပြေးလာတယ် ...... "

"ငါတို့ ဘာဖြစ်လို့ ဒီလာလို့ မရတာလဲ" ရွန်က ဒေါသနဲ့ ပြောတယ်။ ရုတ်တရက် ရပ်တန့်ပြီး ဖတ်စီကို စိုက်ကြည့်တယ်။ "နားထောင်၊ ငါတို့ ဟို ကြောင်ကို လက်ဖျားနဲ့တောင် မတို့ဘူး"

"ငါလဲ ဂျင်နီကို ဒီတိုင်းပြောတာပဲ" ဖတ်စီကလည်း အညံ့မခံဘူး။ "ဒါပေမယ့် သူမက မင်းကျောင်းထုတ်ခံရလိမ့်မယ်လို့ ထင်နေတုန်းပဲ။ သူမ ဒီလောက်ဝမ်းနည်းတာ ငါမတွေ့ဖူးဘူး။ တစ်နေ့လုံးငိုငိုနေတယ်။ မင်း သူမ အတွက် ထည့်စဉ်းစားပါ။ ပထမနှစ်ကျောင်းသားတွေ ဒီကိစ္စကြောင့် မတည်မငြိမ်ဖြစ်နေတယ် — "

"မင်း ဂျင်နီကို လုံးဝ ဂရုမစိုက်ဖူး" ရွန်က ပြောတယ်။ သူ့နားရွက် နီလာတယ်။ "မင်းက ယောက်ျားလေး ကျောင်းသားအသင်း ဥက္ကဋ္ဌ၊ ရွှေ့ရေး ငါ့ကြောင့် ပျက်စီးမှာ စိုးတာ"

"ဂရစ်ဖင်းဒေါကို ငါးမှတ်လျှော့တယ်" ဖတ်စီက အတန်းခေါင်းဆောင် တံဆိပ်ကို လက်နဲ့ ကစားရင်း မာကျောစွာ ပြောတယ်။ "ဒါက မင်းကို သင်ခန်းစာရစေချင်တယ်။ နောက်ထပ် ထောက်လှမ်းတာတွေ မလုပ်နဲ့တော့။ နို့မို့ရင် ငါအမေ့ဆီ စာရေးပြောမယ်"

သူဟာ ခြေလှမ်းကျဲကျဲနဲ့ ထွက်ခွာသွားတယ်။ သူ့လည်ပင်းနောက်ဖက်ဟာ ရွန့်နားရွက်လို နီနေတယ်။

ထိုနေ့ည အများနားနေခန်းထဲမှာ ဟယ်ရီ ရွန်နဲ့ ဟာမီးတို့ဟာ ဖတ်စီနဲ့ ဝေးနိုင်သလောက် ဝေးဝေးထိုင်ကြတယ်။ ရွန့်စိတ်မပျော်သေးဘူး မှော်ပညာအိမ်စာလုပ်တဲ့အခါမှာ မင်ရည် စာရွက်ပေါ် ကျတာနေတယ်၊ သူမှော်တုတ်ထိပ်ကို စိတ်မပါတပါဆွဲထုတ်ပြီး အဲဒီ မင်စက်တွေကို သုတ်သင်မယ်လုပ်တော့ ဖျော်လင့်ပဲ သိုးရေစက္ကူလောင်သွားတယ်။ ရွန်ဟာ စိတ်ဆိုးလို့ ခေါင်းမီး ထောက်လာတယ်။ ဖတ်ဆို (စံဂါထာ၊ အဆင့်နှစ်) ကို ပိတ်လိုက်တယ်။ ဟယ်ရီ အံ့အားသင့်ရတာကတော့ ဟာမီးဟာလည်း စာအုပ်ကို ကအားပိတ်ချ

www.burmeseclassic.com



လိုက်တာပဲ။

"ဒီလိုဆိုရင် ဒါ ဘယ်သူဖြစ်မလဲ" သူမက တိုးတိုးပြောတယ်။ သူ့ရဲ့ ခုနက စကားကို ဆက်ပြောသလိုပဲ။ "ဘယ်သူက အံဆံမရှိတဲ့ အခြောက်နဲ့ မတ်ဂေါ်အိမ်ထောင်က လာတဲ့ လူကို ဟော့ဂ်ဝပ်က မောင်းထုတ်ချင်တာလဲ"

"ငါတို့ စဉ်းစားကြရအောင်" ရွန်က နားမလည်နိုင်တဲ့ပုံ ဖော်ပြရင်း ပြောတယ်။ "တို့ သိရသလောက် ဘယ်သူဟာ မတ်ဂေါ်အိမ်ထောင်ကလာတဲ့ လူကို အမှိုက်လို့ ထင်သလဲ"

သူက ဟာမီးကို ကြည့်တယ်။ ဟာမီးကလည်း သူ့ကို ကြည့်တယ်။ အမူအရာက မယုံ့တယုံဖြစ်နေတယ်။

"နင် ပြောတာ မော်ဖိုင်ဖြစ်ရင် —— "

"သူပဲပေါ့" ရွန်က ပြောတယ်။ "သူက 'နောက်တစ်ယောက်ဆိုရင် မင်းတို့အလှည့်ပဲ။ ရွှံ့သွေးမျိုး' လို့ ပြောတာ ကြားတယ်မှတ်လား။ စင်စစ် နင် သူ့ရဲ့ ယုတ်ညံ့တဲ့ ကြွက်မျက်နှာကို ကြည့်ရုံနဲ့ သူမှန်းသိနိုင်ပါတယ် —— "

"မော်ဖိုင်ဟာ စလေးသရင်းရဲ့ ဆက်ခံသူ ?" ဟာမီးက သံသယနဲ့ ပြောတယ်။

"သူတို့ မိသားစုကို ကြည့်လေ" ဟယ်ရီကလည်း စာအုပ်ကို ပိတ်လိုက်တယ်။ "သူတို့ တစ်အိမ်လုံး စလေးသရင်းက။ သူက ဒါကို ကြွားကြွားနေတယ်။ သူတို့ဟာ စလေးသရင်းရဲ့ မျိုးဆက်တွေဖြစ်နိုင်တယ်။ သူ့အဖေဟာ သိပ်ကို ဆိုးရွားတယ်"

"သူတို့မှာ လျှို့ဝှက်အခန်းက သော့ရှိချင်ရှိမှာ။ ရာစုနှစ်အတော်များများ သူတို့ဆီမှာ ရှိနေမှာ" ရွန်က ပြောတယ်။ "မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် အဖေကသားကို ဆက်ပေးသွားမှာ ......"

"ဟုတ်တယ်လေ" ဟာမီးက ထိန်းထိန်းသိမ်းသိမ်း ပြောတယ်။ "ငါက ဒါဖြစ်နိုင်တယ်လို့ ထင်တယ် ......"

"ငါတို့ ဘယ်လို သက်သေပြမလဲ" ဟယ်ရီက မျှော်လင့်ချက်မရှိ ပြောတယ်။

"နည်းတစ်နည်းရှိချင်ရှိမယ်" ဟာမီးက ဖြည်းဖြည်းပြောတယ်။ အခန်းတစ်ဘက်မှာရှိတဲ့ ဖတ်စီကို အမြန်တစ်ချက်ကြည့်လိုက်တယ်။ အသံပိုတိုးသွားပြီး "တကယ်မှာ လုပ်ရတာ လွယ်မှာ မဟုတ်ဖူး။ ပြီးတော့ အန္တရာယ်



ရှိတယ်။ အလွန်အန္တရာယ်ရှိတယ်။ ငါတို့ ကျောင်းစည်းကမ်းစည်းမျဉ်း ၅၀ လောက် ချိုးဖောက်ရလိမ့်မယ်"

"နောက် တစ်လလောက်ကြာမှ နင် ငါတို့ကို ပြောပြချင်မယ်ဆိုရင် အဲဒီကျမှ ပြောပြမှာ မဟုတ်လား" ရွန်က စိတ်မရှည်ဘဲ မေးတယ်။

"ကောင်းပြီ၊ အခု နင်တို့ကို ပြောပြလို့လဲ ရပါတယ်" ဟာမီးက တည်ငြိမ်စွာ ပြောတယ်။ "ငါတို့ လုပ်ရမှာက စလေးသရင်း အများနားနေခန်းထဲဝင် မော်ဖိုင်ကို မေးခွန်းတစ်ချို့ မေးရမယ်။ ပြီးတော့ သူ တို့ကို တို့မှန်းမသိစေရဘူး"

"ဒါဘယ်ဖြစ်နိုင်မလဲ" ဟယ်ရီက ပြောတယ်။ ရွန်က အသံထွက် ရယ်တယ်။

"မဟုတ်ဖူး၊ ဖြစ်နိုင်တယ်" ဟာမီးက ပြောတယ်။ "ငါတို့ ဆေးရည် တစ်မျိုးလိုတယ်"

"အဲဒါဘာလဲ" ရွန်နဲ့ ဟယ်ရီ တပြိုင်နက် မေးတယ်။

"လွန်ခဲ့တဲ့ ရက်သတ္တပတ်အချို့က စနိတ်ပ်ဟာ စာသင်ရင်း ပြောခဲ့တယ် —— "

"မော်ဆေးပညာသင်တန်းမှာ နင် စနိတ်ပ်သင်တာနားထောင်တာ အပြင် တခြားပိုပြီး စိတ်ဝင်စားတဲ့အလုပ် မရှိတော့ဘူးလား" ရွန်က ပွစိပွစိ ပြောတယ်။

"အဲဒီ ဆေးရည်ဟာ သင့်ကို တခြားလူတစ်ယောက်ဖြစ်သွားစေနိုင်တယ်။ စဉ်းစားကြည့်၊ ငါတို့ စလေးသရင်းကျောင်းသားသုံးယောက် ဖြစ်သွားနိုင်တယ်။ ဘယ်သူကမှ တို့မှန်းသိမှာ မဟုတ်ဖူး။ မော်ဖိုင်ဟာ အားလုံး တို့ကို ပြောပြနိုင်တယ်။ အခု သူစလေးသရင်း အများနားနေခန်းမှာ ကြွားဝါနေမှာ၊ ငါတို့ မကြားရတာ နာတယ်"

"ဒီလို ဆေးရည်ဆိုတာ နည်းနည်း ဆန်းကြယ်တယ်" ရွန်က ပြောရင်း မျက်မှောင်ကြုတ်တယ်။ "ငါတို့စလေးသရင်း သုံးယောက်ဖြစ်သွားခဲ့ပြီးတော့မှ မူလအတိုင်း ပြန်မဖြစ်ရင် ဘယ်လိုလုပ်မလဲ"

"ဆေးအာနိသင်က အချိန်တစ်ခုကြာရင် ပျောက်ပြယ်သွားမှာ" ဟာမီးက စိတ်မရှည်စွာ လက်ခါပြတယ်။ "ဒါပေမယ့် ဆေးအညွှန်းရဖို့ ခက်တယ်၊ စနိတ်ပ်က (ပြင်းတဲ့ ဆေး) ဆိုတဲ့ စာအုပ်ထဲမှာ ရှိတယ်လို့ ပြောတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



စာအုပ် စာကြည့်တိုက်ရဲ့ တားမြစ်စာအုပ်စင်မှာ ရှိမှာ"

တားမြစ်စာအုပ်စင်တွေဆီက စာအုပ်ကို ငှားဖို့ဆိုရင် နည်းတစ်နည်း ရှိတယ်။ ဆရာတစ်ယောက်ယောက်ရဲ့ လက်မှတ်နဲ့ လိုပြီမှာ။

"ငါတို့ အဲဒီ စာအုပ်ငှားဖို့ အကျိုးအကြောင်း မရှိဘူး" ရွန်က ပြောတယ်။ "ငါတို့က အဲဒီဆေးဖော်စပ်မှာမှ မဟုတ်တာ"

"ငါထင်တယ်" ဟာမီးက ပြောတယ်။ "တကယ်လို့ ငါတို့ အဲ ဒီသဘောတရားတွေကို စိတ်ဝင်စားလို့ လို့ပြောရင် မျှော်လင့်ချက် ရှိရင် ရှိမှာ ......"

"အိုး၊ တော်ပြီ။ ဆရာတွေဟာ ဒီလို လွယ်လွယ် အလိမ်ခံမှာ မဟုတ်ဘူး" ရွန်က ပြောတယ်။ "သူတို့ သိပ်ကို အ, လွန်းရင်တော့ မသိတော့ဘူး ....



# ၁၀။ ချုပ်ထိန်းမရတဲ့ ဘလဒ်ဂါ

မှင်စာလေးတွေကြောင့် ဒုက္ခရောက်တဲ့ ကိစ္စဖြစ်ပြီးနောက် ပါမောက္ခ ...တ်ဟာ သက်ရှိအရာကို ကျောင်းခန်းထဲ ယူမလာတော့ဘူး၊ အခု သူဟာ ...ရေးတဲ့ စာအုပ်ကို အပိုဒ်လိုက် အပိုဒ်လိုက် ကျောင်းသားတွေကို ရွတ် ...ပြနေတယ်။ တခါတလေ ပြဇာတ်ဆန်တဲ့ အပိုင်းတွေကို သရုပ်ဆောင် ...သေးတယ်။ သူဟာ အများအားဖြင့် ထိုစဉ်က အခြေအနေကို ဖော်ပြဖို့ ...ယ်ရီကို သူ့အား ကူညီခိုင်းတယ်။ မျက်မှောက်အချိန်အထိ ဟယ်ရီမတတ် ...ဲ ကပြရတဲ့ ဇာတ်ကောင်တွေကတော့ —— အမြှုပ်အန်တဲ့ ကျိန်စာ ထိထား ...း လော့ဟတ်ကုလို့ ပျောက်သွားတဲ့ ဖြူစင်တဲ့ ချရန်စီဗေးနီးယမ်ရွာသား၊ ...င်းအအေးမိထားတဲ့ ဟိမဝန္တာ နှင်းလူ၊ ပြီးတော့ သွေးစုတ်ဖုတ်ကောင်၊ ...ဟာ လော့ဟတ်နဲ့ တွေ့ထိပြီးနောက် တခြား ဘာမှမစားတော့ဘဲ မုန်လာ ...ဲ စားတယ်။

ခုတစ်ကြိမ် မှော်နက်ပညာ ကာကွယ်ရေးအတတ်သင်တန်းမှာ ဟယ်ရီ ...ဆို့ ဆွဲထုတ်ခံရပြန်တယ်။ ဒီတစ်ကြိမ်ကတော့ ဝံပုလွေလူသားအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ရမယ်။ အစကတော့ ဟယ်ရီ မလုပ်ချင်ဘူး။ ဒါပေမယ့် အလွန်အရေးကြီးတဲ့ အကြောင်းတစ်ခုကြောင့် လော့ဟတ်ကို ကျေနပ်ပျော်ရွှင်အောင် လုပ်ရမယ်။

"မင်း အော်တာ ကောင်းတယ်၊ ဟယ်ရီ — သိပ်တူတာပဲ — ပြီးတော့ ယုံချင်ယုံ မယုံချင်နေ။ ကျုပ်က တအားဝင်အုပ်တာ — ဟောဒီလိုပဲ — ဗျန်းဆို ဂုင်းကို ဆွဲလှဲလိုက်တယ် — ဒီလို — ကျုပ်က လက်တစ်ဖက်နဲ့ ဂုင်းကို မြေပေါ် ဖိထားတယ် — ကျန်လက်တစ်ဖက်က မော်ကြိမ်လုံးကိုင်ထားပြီး သူ့လည်မျိုကို တေ့ထားတယ် — ဒီနောက် ကျုပ်က အားယူလိုက်ပြီး ကျန်အားနဲ့ အလွန်ရှုပ်ထွေးတဲ့ လူသဏ္ဌာန် ဂါထာစီရင်လိုက်တယ် — ဂုင်းက နာကျည်းစွာ ညည်းညူလိုက်တယ် — ဟယ်ရီ၊ ဆက်အော်ပါ — ဒီထက် အသံမြင့်မြင့် — သိပ်ကောင်းတယ် — ဂုင်းကိုယ်ပေါ်က အမွေးတွေ ပျောက်ကုန်တယ် — အစွယ်ကြီးတိုဝင်သွားတယ် — သူလူတစ်ယောက်ပြန်ဖြစ်လာတယ်။ လွယ်လွယ်နဲ့ အကျိုးသက်ရောက်မှုရှိတယ် — နောက်ထပ် ရွာတစ်ရွာဟာ ကျုပ်ဆိုတဲ့ သူရဲကောင်းကို ထာဝရမှတ်သားထားတယ်။ ကျုပ်က သူတို့ကို လစဉ် ဝံပုလွေလူသား တိုက်ခိုက်ခံရတဲ့ စိုးရိမ်မှုက လွတ်ကင်းသွားစေတယ်"

ကျောင်းဆင်းဂလိုင်သံ ပေါ်ထွက်လာတယ်။ လော့ဟတ် မတ်တတ်ရပ်လိုက်တယ်။

"အိမ်စာကတော့ ကျုပ် ဝဂ်ဂါဝဂ်ဂါ ဝံပုလွေလူသားကို အောင်နိုင်ခြင်းနဲ့ ပတ်သက်ပြီး ကဗျာတစ်ပုဒ်စပ်ဆိုပါ။ စပ်ဆိုတာ အကောင်းဆုံးလူကို စာရေးသူကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ (မှော်ပညာတတ်တဲ့ ကျွန်ုပ်) စာအုပ်အချို့ရမယ်"

ကျောင်းသားတွေ ထွက်ခွာကြတယ်။ ဟယ်ရီက ကျောင်းခန်းနောက်ဆုံး အတန်းဆီ ပြန်သွားတယ်။ ရွန်နဲ့ ဟာမီး အဲဒီမှာ ထိုင်ပြီး စောင့်နေတယ်။

"ရပြီလား" ဟယ်ရီက တိုးတိုးမေးတယ်။

"အားလုံးသွားမှ" ဟာမီးက ပြောတယ်။ "ရပြီ . . . ."

သူမက လော့ဟတ် စာသင်စာပွဲသို့ လျှောက်သွားတယ်။ လက်ထဲမှာ စာရွက်တစ်ရွက် တင်းတင်းဆုပ်ထားတယ်။ ဟယ်ရီနဲ့ ရွန်က သူ့နောက်က လိုက်သွားတယ်။

"အား — ပါမောက္ခလော့ဟတ်" ဟာမီးက အ,ထစ်စွာ ပြောတယ်။



"ကျွန်မ — စာကြည့်တိုက်ကနေ ဒီစာအုပ်ငှားချင်ပါတယ်။ ဒီစာအုပ်ထဲကနေ နောက်ခံအခြေအနေနဲ့ ဗဟုသုတရချင်လို့ပါ" သူမက ဟိုစာရွက်ကို မြှောက်လိုက်တယ်။ လက်နည်းနည်း တုန်နေတယ်။ "ဒါပေမယ့် ဒီစာအုပ်က တားမြစ်စာအုပ်စင်များထဲက ဖြစ်နေတယ်။ ဒါကြောင့် ဆရာတစ်ဦး လက်မှတ်ထိုးစေချင်တယ် — ဒီစာအုပ်ဟာ ကျွန်မကို (အလောင်းစား ဖုတ်ကောင်နဲ့ အပျော်ခရီးသွားခြင်း) ထဲမှာ ဆရာပြောထားတဲ့ တဖြည်းဖြည်း အကျိုးသက်ရောက်တဲ့ အဆိပ်ရည်အကြောင်းကို နားလည်ဖို့ရန် အထောက်အကူရမယ်လို့ ကျွန်မ ယုံကြည်တယ် . . . . . ."

"အား၊ (အလောင်းစား ဖုတ်ကောင်နဲ့ အပျော်ခရီးသွားခြင်း) လော့ဟတ်ဟာ ဟာမီးလက်ထဲက စက္ကူကို လှမ်းယူလိုက်တယ်။ သူမကိုလည်း အလွန်လှိုက်လှဲတဲ့အပြုံး ဖော်ပြတယ်။ "ဒါဟာ ကျုပ်အကျေနပ်ဆုံး စာအုပ်တစ်အုပ်လို့ ဆိုရမယ်။ မင်းကြိုက်လား"

"အိုး၊ ကြိုက်တယ်" ဟာမီးက လှိုက်လှဲစွာ ပြောတယ်၊ "သင်တာ လက်ဖက်ရည်စစ်နဲ့ နောက်ဆုံး အလောင်းစားဖုတ်ကောင်ကို ဖမ်းသိုက်တာ သိပ်ကို လျှင်တာပဲနော် . . . . . ."

"အိုး၊ ကောင်းပြီ၊ ဘယ်သူကမှ ကျုပ် တစ်တန်းလုံးမှာ အထူးချွန်ဆုံး ကျောင်းသားကို အထူးကူညီမှု နည်းနည်းပေးတာကို ဆန့်ကျင်မယ် မထင်ဘူး" လော့ဟတ်က လှိုက်လှဲစွာ ပြောပြီး ဒေါင်းတောင်ကလောင်အကြီးကြီးတစ်ချောင်းကို ဆွဲထုတ်လိုက်တယ်။ "ဟုတ်တယ်၊ သိပ်လှတယ်၊ မဟုတ်ဘူးလား" သူက ရွန့်မျက်နှာပေါ်က ရွံရှာတဲ့ အမူအရာကို တလွဲနားလည်သွားတယ်၊ "ကျုပ်က ဂုင်းကို စာအုပ်ပေါ် နာမည်ထိုးတဲ့ နေရာမှာမှ သုံးတာ"

သူဟာ စာရွက်ပေါ်မှာ ခပ်သောနှသော့ကြီး နာမည်ထိုးလိုက်တယ် ပြီးတော့ စာရွက်ကို ဟာမီးပြန်ပေးတယ်။

"ဒီလိုဆိုတော့ ဟယ်ရီ" ဟာမီးက မကျင်မလျှင် စာရွက်ကို ခေါက်ပြီး မိမိလွယ်အိတ်ထဲထည့်တဲ့အချိန်မှာ လော့ဟတ်က ပြောတယ်။ "မနက်ဖန်ဝင်ဒီပြိုင်ပွဲ ရာသီရဲ့ ပထမဆုံး ခွေဒစ်ပြိုင်ပွဲနော်။ ဂရစ်ဖင်းဒေါ်နဲ့ စလေသာရင်ဟုတ်လား။ မင်းဟာ အလွန်တော်တဲ့ ဘောသမားလို့ ကြားတယ်၊ အရင်က ကျုပ်လဲ ရှာဖမ်းသမားပဲ။ သူတို့က ကျုပ်ကို နိုင်ငံကိုယ်စားပြု အသင်းဝင်ပြိုင်ခိုင်းတာ။ ဒါပေမယ့် ကျုပ်က ကျုပ်ရဲ့ဘဝကို မှော်နက်အင်အား ဒ

www.burmeseclassic.com



သင်တဲ့နေရာမှာ သုံးချင်တာ။ ဒါပေမယ့် မင်းဖာသာ သက်သက် လေ့ကျင့်သင်ကြားမှု ခံယူချင်တယ်ဆိုရင် ကျုပ်ဆီကိုသာ လာပါ။ ကျုပ်က ကျုပ်အတွေ့အကြုံတွေကို သိပ်မတော်သေးတဲ့ ဘောသမားတွေကို သင်ကြားပေးချင်ပါတယ် ......"

ဟယ်ရီ့ အာခေါင်က မရှင်းမလင်းအသံတစ်ခုပေါ်လာပြီး ရွှန်နဲ့ဟာမီးနောက် လိုက်ပြီး ထွက်ခွာသွားတယ်။

"ငါမယုံနိုင်ဘူး" သူတို့ သုံးယောက် စာရွက်ပေါ်က လက်မှတ်ကို သေချာလေ့လာပြီးနောက် ဟယ်ရီက ပြောတယ်။ "တို့ ဘာလိုချင်လဲဆိုတာ သူကြည့်တောင် မကြည့်ဘူး"

"သူက ဦးနှောက်မရှိတဲ့ ငတုံးမို့လို့" ရွှန်က ပြောတယ်။ "လွှတ်ထားလိုက်။ တို့လိုချင်တဲ့ဟာ ရပြီပဲ"

"သူက ဦးနှောက်မရှိတဲ့ ငတုံးမဟုတ်ဖူး" သူတို့ စာကြည့်တိုက်ဆီ အပြေးလေးသွားကြစဉ် ဟာမီးက ပြောတယ်။

"သူက နင့်ကို တစ်တန်းလုံးမှာ အတော်ဆုံးကျောင်းသားလို့ ပြောလို့ပေါ့ ......"

လျှောင်ပြီး ငြိမ်သက်တဲ့ စာကြည့်တိုက်ထဲ ဝင်မိတော့ သူတို့ဟာ အလိုအလျောက် အသံတိုးသွားတယ်။

စာကြည့်တိုက်လုပ်သား မဒမ်ဖင့်စ်ဟာ ဒေါသကြီးတဲ့ မိန်းမပိန်ပိန်ဖြစ်တယ်။ အာဟာရမပြည့်စုံတဲ့ လင်းတခေါင်းပြောင်နဲ့ တူတယ်။

"(အားပြင်းတဲ့ ဆေး) ?" သူမက သံသယနဲ့ ရွတ်ဖတ်လိုက်တယ်။ ဟာမီးလက်ထဲက စာရွက်ကို ယူလိုက်ချင်တယ်။ ဒါပေမယ့် ဟာမီးက လက်မလွှတ်ဖူး။

"ကျွန်မဆီထားလို့ရမလား မသိဘူး" ဟာမီးက ဆို့နင့်စွာ ပြောတယ်။

"အိုး၊ ပေးလိုက်ပါ" ရွှန်က ပြောရင်း သူမ လက်ထဲက စာရွက်ကို လုယူပြီး မဒမ်ဖင့်စ်ကို ထိုးပေးလိုက်တယ်။ "ငါမင်းကို ကိုယ်တိုင် လက်မှတ်ထိုးတာ ပြန်ယူပေးမယ်။ ကာလတစ်ခု မလှုပ်ပဲနေတဲ့ အရာဆိုရင် လော့ဟတ်တာ အဲဒါကို လက်မှတ်ထိုးပေးမှာ"

မဒမ်ဖင့်စ်က စာရွက်ကို မြှောက်ပြီး အလင်းရောင်မှာ ထောင်ကြည့်



တယ်။ အတု ဟုတ်မဟုတ်စစ်ဆေးတယ်။ အဆုံးမှာ စစ်ဆေးခံရခြင်းမှ အောင်မြင်သွားတယ်။ သူမဟာ ခေါင်းမော့ ရင်ချီပြီး စာအုပ်စင်တွေကြားက ပျောက်သွားတယ်။ မိနစ်အနည်းငယ်ကြာတော့ ပြန်လာတယ်။ လက်ထဲမှာ မှိုတက်နေတဲ့ စာအုပ်ထူထူကြီး ပါလာတယ်။ ဟာမီးက ၎င်းကို သတိနဲ့ လွယ်အိတ်ထဲ ထည့်လိုက်တယ်။ လမ်းလည်း မြန်မြန်မလျှောက်ဖို့ စိတ်ထဲမှာ လုံမလဲရှိပုံ မပေါ်အောင် သတိပြုတယ်။

ငါးမိနစ်ကြာတော့ သူတို့ဟာ ငိုရှိုက်တဲ့ မားထော်ရဲ့ ပျက်စီးနေတဲ့ သန့်စင်ခန်းထဲ ဝင်ပုန်းနေကြပြီ။ ရွှန်ရဲ့ ဆန့်ကျင်တဲ့ ထင်မြင်ချက်ကို ဟာမီးက ပြန်ချေပတယ်။ စဉ်းစားမှု ပုံမှန်ရှိတဲ့ လူဆိုရင် ဒီနေရာကို လာမှာမဟုတ်ဘူးလို့ ပြောတယ်။ ဒါကြောင့် သူတို့ သုံးယောက် လူအတွေ့မခံရဖို့ အာမခံတယ်။ ငိုရှိုက်တဲ့ မားထော်ဟာ ၎င်းရဲ့ အိမ်သာခန်းထဲမှာ အော်ငိုနေတယ်။ သူတို့က သူမကို အရေးမလုပ်ဖူး။ သူမကလည်း သူတို့ကို အရေးမလုပ်ဖူး။

ဟာမီးဟာ (အားပြင်းတဲ့ ဆေး) ကို သေချာသတိနဲ့ ဖွင့်လိုက်တယ်။ သုံးယောက်သား ဝိုင်းအုံပြီး ရေအကွက်အပြောက်တွေနဲ့ စာမျက်နှာကို ကြည့်ကြတယ်။ ဒီစာအုပ် တားမြစ်စာအုပ် အဝန်းအဝိုင်းထဲ ပါတာ ဘာကြောင့်ဆိုတာ သူတို့ကြည့်လိုက်တာနဲ့ သိသွားတယ်။ အတွင်းရှိဆေးတစ်ချို့ရဲ့ အာနိသင်ဟာ သိပ်ကြောက်စရာ ကောင်းတယ်။ တွေးမိစရာတောင် မရှိဘူး။ စာအုပ်ထဲမှာ မြင်ရသူကို စိတ်မသက်သာ ဖြစ်စေတဲ့ ပုံတွေလည်း ပါသေးတယ်။ လူတစ်ယောက်ဟာ အတွင်းကနေ အပြင်ပြောင်းပြန်လှန်ထားသလိုပဲ။ စုန်းမတစ်ယောက်ဟာ ခေါင်းပေါ်မှာ လက်တွေ အများကြီး ပေါက်နေတယ်။

"ဒီမှာ တွေ့ပြီ" ဟာမီးက စိတ်လှုပ်ရှားစွာ ပြောတယ်။ သူမဟာ ပေါင်းစပ်ဆေးရည်လို့ ဖော်ပြတဲ့ စာမျက်နှာကို ရှာတွေ့သွားတယ်။ လူအချင်းချင်း လူအချို့ဖြစ်သွားတဲ့ ပုံပြပါတယ်။ ဟယ်ရီဟာ အဲဒီပုံထဲကလူတွေ သိပ်နာကျင်နေတဲ့ ပုံဟာ ပန်းချီဆရာ စိတ်ကူးယဉ်ဆွဲထားတာ ဖြစ်ပါစေလို့ စိတ်ရင်းနဲ့ မျှော်လင့်တယ်။

"ဒါဟာ ငါတွေ့ဖူးတဲ့ထဲက အရှုပ်ထွေးဆုံး ဆေးရည်" သူတို့ ဆေးဝါးဝင်မှုကို ဖတ်ကြည့်ပြီး ဟာမီးက ပြောတယ်။ "လေ့စဝင်းပိုး၊ ကျွတ်၊ မြေဝင်၊ နှော့မြက်" သူမက တတွတ်တွတ်ရွတ်ဆိုရင်း လက်ညှိုးနဲ့ ပါဝင်တဲ့ ဆေးတွေကို ညွှန်ပြနေတယ်။ "ဒါတွေအားလုံး လွယ်လွယ်နဲ့ ရနိုင်တယ်၊ ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



တွေ စုသားတဲ့ ဘီဒိုထဲမှာ ရှိတယ်။ တို့ဖာသာသွားယူလို့ ရတယ်။ အမလေး ကြည့်စမ်း၊ ဂျိုနှစ်ဂျိုတီရစ္ဆာန် ဘိုင်ကွန်းရဲ့ ဂျိုအမှုန့် — ဘယ်လိုသွား ယူရမယ် မသိဘူး …… အာဖရိက သစ်ပင်မြွေတစ်ကောင်ရဲ့ အရေခွံအကြေ — ဒါလဲ ရဖို့ ခက်တယ်။ — ငါတို့ ဖြစ်ချင်တဲ့ လူကိုယ်ပေါ်က အရာတစ်ခုခုလဲ လိုတာပေါ့"

"ခွင့်လွှတ်ပါ" ရွန်က စူးရှစွာ ပြောတယ်။ "နင်က ဘာသဘောလဲ။ တို့ ဖြစ်ချင်တဲ့ လူကိုယ်ပေါ်က အရာတစ်ခုခုဆိုတာ ဘာလဲ။ ခရပ်ရဲ့ ခြေသည်းပါရင် ငါကတော့ ဘယ်လိုမှ မသောက်ဖူး ……"

ဟာမီးဟာ သူ့စကားကို မကြားသလိုပဲ၊ ဆက်ပြောတယ်။

"ငါတို့ အခု ဒါကို သွားမယူနဲ့ဦး၊ အဲဒါတွေက နောက်ဆုံးမှာ ထည့်ရမှာ ……"

ရွန်ဟာ ပါးစပ်အ,သွားပြီး ဟယ်ရီဘက် လှည့်လိုက်တယ်။ ဟယ်ရီမှာ နောက်ထပ် စိုးရိမ်စရာ ပေါ်နေပြန်တယ်။

"ငါတို့ ပစ္စည်းတွေ ဘယ်လောက် ခိုးရမလဲဆိုတာ နင်သိလား ဟာမီး၊ အာဖရိက သစ်ပင်မြွေရဲ့ အရေခွံအကြေ။ အဲဒါ ကျောင်းသားစုဆောင်းတဲ့ ဘီဒိုထဲမှာ မရှိနိုင်တဲ့အရာ။ ငါတို့ ဘယ်လိုလုပ်ရမလဲ။ စနိတ်ပ်ရဲ့ ကိုယ်ပိုင် ဝိုဒေါင် ဝင်ခိုးရမှာလား။ ဒါကောင်းတဲ့ အကြံလားဆိုတာ ငါမသိဘူး …."

ဟာမီးဟာ ဘတ်ကနဲ စာအုပ်ကို ပိတ်လိုက်တယ်။

"ကောင်းပြီ။ မင်းတို့ ကြောက်လို့ ထွက်ပြေးမယ်ဆိုရင်၊ ကောင်းပြီ" သူမက ပြောတယ်။ သူမ ပါးပြင်ပေါ်မှာ နီရောင်သန်းလာတယ်။ မျက်စိဟာလည်း ခါတိုင်းထက် တောက်နေတယ်။ "နင်တို့ သိပါတယ်။ ငါက ကျောင်းစည်းကမ်း မချိုးဖောက်ချင်ပါဘူး။ ငါ့အနေနဲ့ မတ်ဂေါ်ကလာတဲ့ လူကို ခြိမ်းခြောက်တာဟာ ရှုပ်ထွေးတဲ့ ဆေးကို ဖော်စပ်တာထက် ဆိုးရွားတယ်လို့ ထင်တယ်။ ဒါပေမယ့် နင်တို့က ဒါ မော်ဖိုင်လုပ်တာ ဟုတ်မဟုတ် မသိချင်တော့ဘူးဆိုရင် ငါအခု မဒမ်ဖင့်စ်ဆီသွားပြီး စာအုပ်ကို ပြန်အပ်လိုက်မယ် …."

"ငါ ဘယ်တုန်းကမှ မတွေးခဲ့တာကတော့ နင်က တနေ့နေ့မှာ တို့ကို ကျောင်းစည်းကမ်းချိုးဖောက်ဖို့ တိုက်တွန်းတာပဲ" ရွန်က ပြောတယ်။ "ကောင်းပြီ လုပ်မယ်ကွာ၊ ဒါပေမယ့် ခြေသည်းတော့ မထည့်နဲ့၊ မကောင်းလား"

"ဒီဆေးရည်ကို အချိန်ဘယ်လောက်ကြာမှ ဖော်စပ်လို့ပြီးမှာလဲ"



ဟယ်ရီက မေးတယ်။ ဒီအချိန်မှာ ဟာမီး နည်းနည်း စိတ်ပြေလာတယ်။ စာအုပ်ကို ပြန်ဖွင့်လိုက်တယ်။

"ဒီလိုလေ — ဖလပ်ပင်ဟာ လပြည့်နေ့မှာ ခူးရမှာ။ လေ့စဝင်းပိုးက အရက်နှစ်ဆယ်ကျိုရမယ် …… တကယ်လို့ ဆေးအားလုံး စုံမယ်ဆိုရင် တစ်လလောက်ဆို ရပြီ"

"တစ်လ" ရွန်က ပြောတယ်။ "အဲဒီအချိန်ရောက်ရင် မော်ဖိုင်က ကျောင်းရှိ မတ်ဂေါ်တစ်ဝက်ကို အလဲထိုးပြီး ရော့မယ်" ဟာမီးဟာ မျက်စိမှေးလာတယ်။ ဖေါကန်တော့မယ့်ပုံပဲ။ ရွန်က နောက်တစ်ခွန်း မြန်မြန်ပြောလိုက်တယ်။ "ဒါပေမယ့် ဒါက ငါတို့သိတဲ့ အကောင်းဆုံးအစီအစဉ်ပဲ။ တို့ ကြိုးစားလုပ်တာပေါ့"

ဒါပေမယ့် သူတို့ သန့်စင်ခန်းက ထွက်ခွာခါနီးမှာ ဟာမီးက လူသူရှိမရှိ သွားကြည့်နေစဉ် ရွန်က ဟယ်ရီ့ကို တိတ်တိတ်ပြောတယ်။ "မင်း မနက်ဖြန် မော်ဖိုင်ကို တံမြက်စည်းပေါ်က တိုက်ချလိုက်ရင် နောက်ထပ် အလုပ်မရှုပ်တော့ဘူးပေါ့"

စနေနေ့ နံနက်မှာ ဟယ်ရီအစောကြီးနိုးလာတယ်။ ခုတင်ပေါ်မှာ ခနလှဲနေပြီး လာမယ့် ခွေဒစ်ပြိုင်ပွဲကို တွေးနေတယ်။ သူနည်းနည်း စိတ်ပူတယ်။ အဓိက အားဖြင့် ဂရစ်ဖင်းဒေါအသင်းရှုံးခဲ့ရင် ဝုဒ်က ဘာပြောမလဲဆိုတာ တွေးမိလို့။ သူတို့ ရင်ဆိုင်ရမှာက ငွေကြေးနဲ့ ဝယ်လို့ရတဲ့ အရှိန်အမြန်ဆုံး တံမြက်စည်းကို စီးတဲ့ တစ်ဘက်အသင်းဆိုတာလည်း တွေးမိတယ်။ သူဟာ ခုချိန်လောက် စလေးသရင်းကို နိုင်ချင်တာ မရှိဘူး။ သူ့ရင်ထဲမှာ လှုပ်ရှားနေတယ်။ နာရီဝက်လောက် လဲလျောင်းနေပြီးမှ ထအကျီဝတ်ပြီး နံနက်စောစောစာ စားဖို့ အောက်ထပ်ဆင်းလာတယ်။ ခန်းမထဲရောက်တော့ ဂရစ်ဖင်းဒေါ အသင်းက တခြားအသင်းသားတွေဟာ လူသိပ်မရှိတဲ့ ထမင်းစားစားပွဲရှည်ကြီးဘေးမှာ ထိုင်နေကြပြီး လူတိုင်းသိပ်မတည်ငြိမ်ပဲ စကားမပြောကြဘူး။

၁၁ နာရီ ထိုးခါနီးလာပြီ။ ကျောင်းသားတွေ ခွေဒစ်ကစားကွင်းဆီ သွားနေကြပြီ။ ရာသီဥတုက လှောင်ပြီး စွတ်စိုတယ်။ မိုးပေါ်မှာ မိုးခြိမ်းသံ သဲ့သဲ့ကြားရတယ်။ ဟယ်ရီက အဝတ်လဲခန်းထဲ ဝင်လိုက်တယ်။ ရွန်နဲ့ ဟာမီးက လောလောနဲ့ သူ့ကို ကံကောင်းစေဖို့ လာဆုတောင်းတယ်။ အသင်းသား

www.burmeseclassic.com

www.burmeseclassic.com



တွေတာ ဂရစ်ဖင်းဒေါ ဖတ်စုံအနီကို ဝတ်ကြပြီး ဝုဒ်ထုံးစံအတိုင်း ပြိုင်ပွဲမဝင်ခင် အားပေးစကားပြောတာကို နားထောင်ကြတယ်။

"စလေးသရင်း အသင်းက တံမြက်စည်းဟာ တို့ထက် ကောင်းတယ်" ဝုဒ်က ပြောတယ်။ "ဒါကတော့ ငြင်းပယ်လို့ မရဘူး။ ဒါပေမယ့် ငါတို့ တံမြက်စည်းပေါ်က လူဟာ သူတို့ထက် သာတယ်။ ငါတို့ လေ့ကျင့်တာ သူတို့ထက် ကြိုးစားတယ်။ ဒီလို ရာသီမျိုးမှာ ပျံကြဖူးပါတယ် — " ("ပြောတာသိပ်မှန်တယ်၊" ဂျော့ဝယ်စလီက ပြောတယ်။ "ဩဂုတ်လက စပြီး ငါ့အင်္ကျီတစ်ခါမှ မခြောက်ခဲ့ဘူး") " — သူတို့ အသင်းထဲကို ဟိုလူယုတ်မာ မော်ဖိုင်ငွေပေးဝင်တာ ခွင့်ပြုတဲ့အတွက် သူတို့ တန်ဖိုးပေးရစေမယ်"

ဝုဒ်ဟာ စိတ်လှုပ်ရှားလို့ ရင်ဖိုနေတယ်။ သူက ဟယ်ရီဘက်လှည့်လိုက်တယ်။

"မင့်ကြည့်ရမှာပဲ ဟယ်ရီ။ ရှာဖမ်းသမားတစ်ယောက်အနေနဲ့ ချမ်းသာတဲ့ အဖေတစ်ယောက်ရှိရုံနဲ့ မလုံလောက်သေးဘူးဆိုတာ သူတို့ မြင်စေရမယ်။ မော်ဖိုင့်အရင် ရွှေဘောလုံးပျံလေးကို ဖမ်းမိချင်ဖမ်းမိ၊ နို့မို့ရင် ပြိုင်ပွဲထဲမှာ သေပြ။ ဟယ်ရီ၊ ဒီနေ့ တို့နိုင်မှ ဖြစ်မှာမို့ပါ။ ငါတို့နိုင်မှ ဖြစ်မယ်"

"ဒါကြောင့် ဖိအားမဖြစ်နဲ့ ဟယ်ရီ" ဖရက်က သူ့ကို မျက်စိမှိတ်ပြပြောတယ်။

သူတို့ ပြိုင်ပွဲဝင်ဖို့ ကွင်းထဲ သွားတဲ့ခါမှာ သူတို့ကို ကြိုဆိုနေတာက ဆူညံသံတွေ။ အဓိကအားဖြင့် ဝမ်းသာစွာ ဂုဏ်ပြုသံ။ အကြောင်းက ရေဗင်ခလောနဲ့ ဟာ့ဖ်ဖတ်တို့ဟာ စလေးသရင်းရှုံးနိမ့်တာ မြင်ချင်ကြလို့။ တချိန်ထဲမှာလည်း စလေးသရင်းတွေရဲ့ ရှူးရှူးသံနဲ့ သရော်သံတွေ ကြားရတယ်။ ခွေခစ်ဒိုင်လူကြီး မဒမ်ဟူးချ်က ဖလင့်နဲ့ ဝုဒ်ကို လက်ဆွဲနှုတ်ဆက်ခိုင်းတယ်။ သူတို့ဟာ ခြိမ်းခြောက်တဲ့ အကြည့်နဲ့ အပြန်အလှန်စိုက်ကြည့်တယ်။ ပြီးတော့ လိုအပ်တဲ့ အပြန်အလှန် လက်ကို တင်းတင်းဆုပ်ကိုင်ကြတယ်။

"ငါ့ဝီစီသံနားထောင်" မဒမ်ဟူးချ်က ပြောတယ်။ "သုံး — နှစ် — တစ် — "

လူအုပ်ကြီး ဆူညံသွားတယ်။ သူတို့ကို မိုးပေါ်တက်တာ ဂုဏ်ပြုကြတယ်။ ဘောသမား ဆယ့်လေးယောက်ဟာ ခဲရောင် မိုးကောင်းကင်သို့ တစ်ရှိန်ထိုးတက်သွားတယ်။ ဟယ်ရီဟာ ကျန်လူအားလုံးထက် မြင့်မြင့်ပျံ



တက်ပြီး မျက်စိမှေးကာ အရပ်လေးမျက်နှာကို ကြည့်ရင်း ရွှေဘောလုံးပျံလေးကို ရှာတယ်။

"မင်း ဘာမှမဖြစ်ပါဘူးနော်၊ အမာရွတ်ခေါင်း" မော်ဖိုင်က အော်တယ်။ သူဟာ မြှားတစ်စင်းလို ဟယ်ရီ့အောက်မှာ လွှန်းပျံသွားနေတယ်။ သူ့တံမြက်စည်းကို ကြွားနေသလိုပဲ။

ဟယ်ရီ့မှာ ပြန်ဖြေဖို့ အချိန်မရဘူး။ အဲဒီအချိန်မှာပဲ လေးပင်တဲ့ အနက်ရောင် ဘလဒ်ဂါတစ်လုံး ရုတ်တရက် သူ့ဆီပျံလာတယ်။ သူဟာ သီသီလေး ရှောင်လိုက်နိုင်တယ်။ ဘောလုံးပျံသွားစဉ် သူ့ဆံပင် လွင့်သွားတာခံစားရတယ်။

"သီသီလေးရယ်၊ ဟယ်ရီ" ဂျော့က ပြောတယ်။ သူ့လက်ထဲမှာ ဘောရိုက်တံနဲ့။ ဟယ်ရီ့ဘေးက လှစ်ကနဲ ပျံသန်းသွားပြီး ဘလဒ်ဂါကို စလေးသရင်းတွေဆီ ရိုက်ပို့ဖို့လုပ်တယ်။ ဂျော့ဟာ ဘလဒ်ဂါကို အာဒရီအန်-ဖူစီဆီကို တအား ရိုက်ပို့လိုက်တာ ဟယ်ရီမြင်ရတယ်။ မထင်မှတ်ပဲ ဘလဒ်ဂါဟာ လမ်းခုလတ်မှာ ဦးတည်ချက်ပြောင်းသွားပြီး ဟယ်ရီ့ဆီ တန်းပျံလာပြန်တယ်။

ဟယ်ရီဟာ ဂမန်းဂတန်းအောက်နှိမ့်ဆင်းပြီး ရှောင်တယ်။ ဂျော့တာဘောကို မော်ဖိုင်ဆီ တအား ရိုက်ပို့ပြန်တယ်။ ဒါပေမယ့် ဘလဒ်ဂါဟာ ပစ်သူထံပြန်လာတတ်တဲ့ ဘွန်းမားရန့်တုတ်လို နောက်တစ်ကြိမ် ပြန်လှည့်လာပြီး ဟယ်ရီ့ခေါင်းဆီ ပြေးသွားတယ်။

ဟယ်ရီဟာ ရုတ်တရက် အရှိန်မြှင့်ပြီး ပြိုင်ကွင်းရဲ့ တခြားတစ်ဘက်သို့ ရှူးရှူးနဲ့ ပျံသွားတယ်။

"ဟုတ်ပြီ" ဖရက်က ဝမ်းသာစွာ အော်တယ်။ ဒါပေမယ့် သူမှားသွားပြီ။ အဲဒီ ဘလဒ်ဂါဟာ ဟယ်ရီ့ဘေးဘက်ကို သံလိုက်အားနဲ့ ဆွဲခေါ်သလို နောက်တစ်ကြိမ် သူ့ကိုလိုက်နေပြန်တယ်။ ဟယ်ရီ့မှာ အတတ်နိုင်ဆုံး အရှိန်မြှင့်ပြီး ထွက်ပြေးရတယ်။

မိုးစရွာလာပြီ။ ဟယ်ရီဟာ မိုးစက်အကြီးကြီးတွေ သူ့မျက်နှာပေါ်ကျလာပြီး သူ့မျက်မှန်ပေါ် စင်ကုန်တယ်လို့ ခံစားရတယ်။ ပြိုင်ကွင်းထဲက တခြားအခြေအနေကို သူလုံးဝမသိဘူး။ ဘောလုံးပွဲကြေညာသူ လီဂျော်ဒန်တ "စလေးသရင်းအသင်းက ဦးဆောင်နေပါတယ်။ ခြောက်ဆယ်နဲ့ သုညပါ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား” လို့ ပြောသံကြားမှ သိတော့တယ်။

စလေးသရင်းအသင်းက အဆင့်တန်းလွန် တံမြက်စည်းတွေက အစွမ်းပြနေပြီဆိုတာ ထင်ရှားတယ်။ တချိန်တည်းမှာ အဲဟိုရှူးသွပ်နေတဲ့ ဘလဒ်ဂါတာလည်း ဟယ်ရီ့ကို မိုးပေါ်က တိုက်ချဖို့ ကျားကုတ်ကျားခဲကြိုးစားနေတယ်။ ဖရက်နဲ့ ဂျော့ဟာ အခု ဟယ်ရီ့ ဝဲယာမှာ ကပ်ပျံနေတယ်။ ဒီတော့ ဟယ်ရီဟာ သူတို့ အဆက်မပြတ် လွှဲရိုက်နေတဲ့ လက်တံကိုပဲ မြင်ရပြီး ရွှေဘောလုံးပျံလေးကို ရှာတွေ့ဖို့ မျှော်လင့်ချက် ကင်းမဲ့သွားတယ်။ ၎င်းကို ဖမ်းမိဖို့တဝေလာဝေး။

“တစ်ယောက်ယောက်က — ဒီ — ဘလဒ်ဂါကို — တစ်ခုခုလုပ်တယ် —” ဖရက်က ဗလုံးဗထွေးပြောရင်း ဟယ်ရီ့ကို နောက်ထပ်တိုက်ခိုက်လာတဲ့ ဘလဒ်ဂါကို ရိုက်ပစ်လိုက်တယ်။

“ငါတို့ ယာယီရပ်နားခွင့် တောင်းဖို့လိုတယ်” ဂျော့က ပြောတယ်။ ဝုဒ်ကို အချက်ပြရင်း ဘလဒ်ဂါ ဟယ်ရီ့နှာခေါင်း ဝင်မဆောင့်မိအောင် တားဆီးရတယ်။

ဝုဒ်ဟာ သူ့အချက်ပြတာကို သိသွားလို့ ထင်တယ်၊ မဒမ်ဟူးချ်ရဲ့ ဝီစီသံပေါ်ထွက်လာတယ်။ ဟယ်ရီ၊ ဖရက်နဲ့ ဂျော့တို့ မြေပြင်ပေါ် သက်ဆင်းခဲ့ကြတယ်။ ဟိုရူးသွပ်နေတဲ့ ဘလဒ်ဂါကိုလည်း ရှောင်ပုန်းနေရသေးတယ်။

“ဘယ်လိုဖြစ်တာလဲ” ဝုဒ်က မေးတယ်။ ဒီအချိန်မှာ ဂရစ်ဖင်းဒေါ အသင်းသားတွေ စုမိလာပြီ။ လူအုပ်ထဲက စလေးသရင်းကျောင်းသားတွေဟာ လှောင်ပြောင်နေကြတယ်။ “ငါတို့ ရှုံးနေပြီ။ ဖရက်၊ ဂျော့၊ ဟို ဘလဒ်ဂါဟာ အင်ဂလီနာအမှတ်မရအောင် လာတိုက်နေတယ်။ မင်းတို့ ဘယ်ရောက်နေတာလဲ”

“ငါတို့ သူမအထက် ပေနှစ်ဆယ်မှာ ဟယ်ရီ့ကို သတ်မယ့် ဘလဒ်ဂါတစ်လုံးကို တားဆီးနေရတယ်။ ဝုဒ်” ဂျော့က ဒေါသနဲ့ ပြောတယ်။ “အဲဒီဘောလုံးကို တစ်ခုခုလုပ်ထားတယ် — ၎င်းက ဟယ်ရီကိုပဲ မဲနေတယ်။ ပြိုင်ပွဲတစ်ခုလုံးမှာ ၎င်းက တခြား ဘယ်သူ့မှ မလိုက်ဖူး။ စလေးသရင်းက ၎င်းကို တစ်ခုခုလုပ်ထားတာ သေချာတယ်”

“ငါတို့ အရင်တစ်ခါ လေ့ကျင့်ပြီးနောက် ဘလဒ်ဂါဟာ မဒမ်ဟူးချ်ရုံးခန်းမှာ သော့ခတ်ထားတာပဲ။ အဲဒီတုန်းက ၎င်းတို့ ကောင်းကောင်းပဲရှိတာ



......” ဝုဒ်က စိုးရိမ်စွာ ပြောတယ်။

မဒမ်ဟူးချ်ဟာ သူတို့ဆီလျှောက်လာတယ်။ ဟယ်ရီ့အကြည့်ဟာ သူမပခုံးပေါ်ကနေ စလေးသရင်းအသင်းသားတွေ သူ့ကို ညွှန်ပြပြီး ကဲ့ရယ်နေတာမြင်ရတယ်။

“နားထောင်” ဟယ်ရီက ပြောတယ်။ မဒမ်ဟူးချ်နီးနီးလာပြီ။ “မင်းတို့နှစ်ယောက် မနားတမ်း ငါ့ပတ်ပြီး ပျံနေတော့ ငါ ရွှေဘောလုံးပျံလေးကို ဖမ်းလို့မရဘူး။ သူ့ဖာသာ ငါ့အင်္ကျီလက်ထဲဝင်လာမှပဲ” ဟယ်ရီက ပြောတယ်။ “မင်းတို့ တခြားဘောသမားတွေအနား ပြန်သွားပါ။ ငါ့ဖာသာ ဟိုမိုက်ရိုင်းတဲ့ဘောကို ရင်ဆိုင်မယ်”

“မအစမ်းပါနဲ့” ဖရက်က ပြောတယ်။ “၎င်းက မင်းခေါင်းကို တိုက်ချလိမ့်မယ်”

ဝုဒ်ဟာ ဟယ်ရီ့ကို ကြည့်လိုက်တယ်။ ဝယ်စလီအမြွှာညီနောင်ကိုလည်း ကြည့်လိုက်တယ်။

“အော်လီဗာ၊ ဒါ အသိရှိရှိလုပ်တာ မဟုတ်ဖူး” အလစ်စီယာ - စပင်နက်က ပြောတယ်။ “ဟယ်ရီတစ်ယောက်ထဲနဲ့ ဟိုဟာကို တိုက်ခိုင်းလို့ မရဘူး။ စစ်ဆေးဖို့ တောင်းဆိုပါ —”

“ငါတို့ အခုရပ်လိုက်ရင် ပြိုင်ပွဲဝင်ခွင့် ရုပ်သိမ်းခံရမှာ” ဟယ်ရီက ပြောတယ်။ “ငါတို့ဟာ ချုပ်ထိန်းလို့မရတဲ့ ဘလဒ်ဂါတစ်လုံးကြောင့် စလေးသရင်းကို အရှုံးမခံနိုင်ဘူး၊ မြန်မြန်လုပ်အော်လီဗာ။ သူတို့ကို ငါ့ကိစ္စဝင်မပါစေနဲ့”

“ဒါမင်းကြောင့်” ဂျော့က ဒေါသနဲ့ ဝုဒ်ကို ပြောတယ်။ “ ‘ရွှေဘောလုံးပျံလေးကို မိချင်မိ၊ မမိရင် ပြိုင်ပွဲမှာ သေပြ’ — မင်း သူ့ကို ဉာဏ်မရှိတဲ့စကား ပြောတာပဲ”

မဒမ်ဟူးချ် သူတို့ဆီရောက်လာတယ်။

“ပြိုင်ပွဲဆက်ကစားလို့ရပြီလား” သူမက ဝုဒ်ကို မေးတယ်။

ဝုဒ်က ဟယ်ရီ့မျက်နှာပေါ်က ပြတ်သားတဲ့ စိတ်ဓာတ်ကို ကြည့်တယ်။

“ကောင်းပြီ” သူက ပြောတယ်။ “ဖရက်၊ ဂျော့ မင်းတို့ ဟယ်ရီ့စကားကြားရပြီနော် — သူ့ဖာသာ နေပစေ၊ သူ့ဖာသာ ဟိုဘလဒ်ဂါကို ရင်ဆိုင်ပစေ”

www.burmeseclassic.com

www.burmeseclassic.com



အခု မိုးပိုကြီးလာပြီ။ မဒမ်ဟူးချ်ရဲ့ ဝီစီသံပေါ်ထွက်လာတာနဲ့ ဟယ်ရီဟာ ခြေနဲ့ မြေကို ဆောင့်ကန်ပြီး မိုးပေါ်ပျံတက်သွားတယ်။ သူ့ကျောဘက်ဆီက တရှူးရှူး အသံကြားရတယ်။ ဟို ဘလဒ်ဂါလိုက်လာပြီဆိုတာ သိလိုက်တယ်။ ဟယ်ရီဟာ ပျံလေမြင့်လေ၊ ကွေ့ကောက်လိုက်၊ လည်ပတ်လိုက်၊ ထိုးဆင်းလိုက်၊ ဝမ်းဝေ့တက်လိုက်၊ ဘယ်လိမ်ညာကွေ့လုပ်လိုက်၊ ခေါက်ခက်ပြေးလိုက် လုပ်တယ်။ သူနည်းနည်း မူးလာတယ်။ ဒါပေမယ့် မျက်စိကို အကျယ်ကြီး ဖွင့်ထားတယ်။ မိုးပေါက်တွေဟာ သူ့မျက်မှန်ပေါ် တဖျောက်ဖျောက် ကျလာတယ်။ သူ့နှာခေါင်းထဲ စီးဝင်တယ်။ လူအုပ်ထဲက အော်ရယ်သံကြားရတယ်။ မိမိပုံပန်းဟာ အလွန်ထိုင်းအတယ်လို့ သူသိတယ်။ ဒါပေမယ့် ဟို မိုက်ရိုင်းတဲ့ ဘလဒ်ဂါဟာ အလွန်ထိုင်းတယ်။ သူ့လို လျှင်မြန်စွာ ဦးတည်ချက် မပြောင်းနိုင်ဘူး။ သူဟာ ပြိုင်ကွင်းအစပ်နားမှာ အပျော်စီးရထားရိုလာခိုစီတာလို ပျံသန်းတယ်။ မျက်စိမှေးပြီး ငွေရောင်မိုးလိုက်ကာကို ထွင်းဖောက်ပြီး ဂရစ်ဖင်းဒေါ် အသင်းရဲ့ ဂိုးတိုင်ဆီ ကြည့်တယ်။ အာဒရီအန်က ဝုဒ်ကို ကျော်တက်ဖို့ လုပ်တာ မြင်ရတယ် . . . . . .

ဟယ်ရီ့ နားနား တရှိုးရှိုးမြည်သွားသံက ဘလဒ်ဂါနဲ့ သီသီလေးလွတ်သွားပြန်ပြီဆိုတာ ဖော်ပြတယ်။ သူက ပြန်လှည့်ပြီး ဆန့်ကျင်ဘက်ဆီသို့ အလျှင်အမြန်ပျံသွားတယ်။

"ဘဲလေးက လေ့ကျင့်နေတာလား၊ ပေါ်တာ" ဟယ်ရီဟာ ဘလဒ်ဂါကို ရှောင်မိုန်းဖို့အတွက် မိုးပေါ်မှာ အတတ လည်ပတ်နေစဉ် ဖော်ဖိုင်တအော်ပြောတယ်။ ဟယ်ရီက အမြန်ထွက်ပြေးတယ်။ ဘလဒ်ဂါက စွဲစွဲမြဲမြဲ လိုက်တယ်။ သူနဲ့ ပေအချို့ပဲ ကွာတော့တယ်။ သူဟာ မော်ဖိုင်ကို မုန်းတီးစွာ ကြည့်တယ်။ ဒီအချိန်မှာပဲ သူမြင်တွေ့ပြီ။ ရွှေဘောလုံးပျံလေးဟာ မော်ဖိုင်နားရွက်အပေါ် လက်မအနည်းငယ်မှာ ဝဲနေတာ သူမြင်ရတယ် — မော်ဖိုင်တာ ဟယ်ရီကို ကဲ့ရယ်ဖို့သာ စိတ်ဝင်စားနေလို့ ၎င်းကို မမြင်ဘူး။

အဲဒီ ခက်ခဲ ကြပ်တည်းတဲ့အချိန်လေးမှာ ဟယ်ရီက မိုးပေါ်မှာ တန့်နေပြီး မော်ဖိုင်ဆီ ထိုးဝင်မသွားဝံ့ဘူး။ မော်ဖိုင်မော့ကြည့်ရင် ရွှေဘောလုံးပျံလေးကို မြင်သွားမှာ စိုးလို့။

ဖျန်း။

သူရပ်တန့်နေတာ နည်းနည်း ကြာသွားတယ်။ ဘလဒ်ဂါဟာ သူ့ကို



ဝင်တိုက်မိသွားတယ်။ သူ့တံတောင်ဆစ်ကို တအားဆောင့်မိတယ်။ ဟယ်ရီဟာ သူ့လက်ကျိုးသွားပြီလို့ ခံစားရတယ်။ မီးလောင်သလို နာကျင်တာကြောင့် သူမူးဝေသွားပြီး မိုးရေစိုရွှဲနေတဲ့ မိုးပျံတံမြက်စည်းပေါ်ကနေ တစ်ဘက်ကို ချော်ထွက်သွားတယ်။ ခြေတစ်ချောင်းရဲ့ ဒူးကွေးနဲ့ တံမြက်စည်းကို ချိတ်ထားတယ်။ ညာလက်ဟာ ဘာမှ ခံစားမှုမရှိတော့ပဲ ကိုယ်ခန္ဓာဘေးမှာ တွဲလောင်းကျနေတယ်။ ဘလဒ်ဂါဟာ သူ့ကို ဒုတိယအကြိမ်တိုက်ခိုက်လာပြန်တယ်။ ဒီတစ်ချီမှာ သူ့မျက်နှာတည့်တည့်လာတယ်။ ဟယ်ရီဟာ မူလဦးတည်ချက်အနေ တချက်တည်း ပြောင်းထွက်သွားတယ်။ သူ့ရဲ့ မဖျတ်လတ်တော့တဲ့ ခေါင်းထဲမှာ အတွေးတစ်ခုတည်း စိုးမိုးနေတယ်။ အဲဒါကတော့ မော်ဖိုင်ဆီ ထိုးဝင်သွားဖို့ပဲ။

ဝေဝါးတဲ့ မိုးမှုန်တွေကြားမှာ ဟယ်ရီဟာ ဘဝင်ခိုက်အောင် နာကျင်မှုကို အောင့်ခံရင်း သူ့ကို ပြက်ရယ်ပြုနေတဲ့ မျက်နှာပြောင်ပြောင်ဆီ ထိုးဝင်သွားတယ်။ အဲဒီ မျက်နှာပေါ်က မျက်လုံးကြီးဟာ ထိတ်လန့်စွာ ပြူးကျယ်သွားတာ ဟယ်ရီမြင်တွေ့ရတယ်။ မော်ဖိုင်ဟာ ဟယ်ရီက သူ့ကို ဝင်တိုက်ပစ်မယ်ထင်တာ။

"မင်း ဘာလုပ်တာလဲ —" သူက မောသံနဲ့ ပြောရင်း ဟယ်ရီ့ကို ရှောင်လိုက်တယ်။

ဟယ်ရီရဲ့ ဒဏ်ရာမရှိတဲ့ လက်ဟာ တံမြက်စည်းကို လွှတ်လိုက်ပြီး အတ်ခနဲ ဖမ်းလိုက်တယ်။ သူ့လက်ထဲမှာ အေးစက်နေတဲ့ ရွှေဘောလုံးပျံလေးကို ဖမ်းမိပြီလို့ သူခံစားရတယ်။ ဒါပေမယ့် အခု သူဟာ ခြေနှစ်ချောင်းနဲ့သာ တံမြက်စည်းကို ချိတ်ထားနိုင်တဲ့အတွက် မြေပြင်ဆီသို့ တည့်တည့်ကြီး ထိုးကျသွားတယ်။ သူဟာ မိမိကိုယ်မိမိ မေ့မသွားအောင် တောင့်ခံထားတယ်။ ဒီအချိန်မှာ အောက်ဘက်က လူအုပ်ရဲ့ ထိတ်လန့်စွာ အော်သံကို ကြားရတယ်။

ဗျန်းဆိုတဲ့ အသံနဲ့အတူ ရေတွေလေးဘက်လေးတန်သို့ စဉ်တက်လာတယ်။ ဟယ်ရီဟာ ရွှံ့ဗွက်ထဲ ပြုတ်ကျပြီး တံမြက်စည်းပေါ်က လိမ့်ဆင်းသွားတယ်။ သူ့လက်မောင်းဟာ အလွန်ထူးဆန်းတဲ့ အနေအထားနဲ့ ကြောက်နေတယ်။ ပြင်းပြင်းထန်ထန် နာကျင်တဲ့ကြားက လေချွန်သံနဲ့ အော်သံတွေကို သူကြားရတယ်။ ဟိုးအဝေးကြီးက လာတဲ့ အသံလိုပဲ။ သူအာရုံပြုပြီး ကြည့်လိုက်

www.burmeseclassic.com



တော့ ရွှေဘောလုံးပျံလေးဟာ ဒဏ်ရာမရတဲ့ သူ့လက်ထဲမှာ တင်းတင်းဆုပ်ထားလျက်သား တွေ့ရတယ်။

"အားဟား" သူက ဝေဝါးစွာ ပြောတယ်။ "ငါတို့နိုင်ပြီ"

ဒီနောက် မေ့မြောသွားတယ်။

သူနိုးလာတဲ့အခါမှာ ပြိုင်ကွင်းထဲမှာ လဲနေတုန်းပဲ။ မိုးရေဟာ သူ့မျက်နှာပေါ်ကို တဝေါဝေါ ရွာချနေတယ်။ သူ့ကို တစ်ယောက်ကုန်းကြည့်နေတယ်။ လက်နေတဲ့ သွားတစ်တန်းကို သူတွေ့ရတယ်။

"အို-နိုး၊ မလိုချင်ဘူး၊ ခင်ဗျားကို မလိုချင်ဘူး" သူက ညည်းညူရင်း ပြောတယ်။

"သူ ဘာပြောနေမှန်းမသိဘူး" လော့ဟတ်က အားပတ်လည်မှာ စိုးရိမ်စွာ စုဝေးနေတဲ့ ဂရစ်ဖင်းဒေါ်ကျောင်းသားတွေကို ပြောတယ်။ "မစိုးရိမ်ပါနဲ့ ဟယ်ရီ။ ကျုပ် မင်းလက်မောင်းကို ကုပေးမလို့ပါ"

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။ "ဒီတိုင်းပဲထားပါ၊ ကျေးဇူးတင်ပါတယ . . . . . ."

သူထတိုင်ချင်တယ်။ ဒါပေမယ့် လက်မောင်းက သိပ်ကိုနာလွန်းနေတယ်။ သူ့အနားမှာ ကျက်မိနေတဲ့ ချပ်ချပ်သံကို သူကြားရတယ်။

"ဒီပုံမျိုးမရိုက်ပါနဲ့၊ ခိုလင်" သူက အကျယ်ကြီးပြောတယ်။

"ကောင်းကောင်းလှဲနေပါ ဟယ်ရီ" လော့ဟတ်က သူ့ကို နှစ်သိမ့်တယ်။ "မှော်ဂါထာ ရိုးရိုးလေးပါ။ ကျုပ် အကြိမ်ပေါင်းမရေမတွက်နိုင်အောင် အသုံးပြုခဲ့ပြီးပါပြီ"

"ကျွန်တော် ဘာဖြစ်လို့ ဆေးရုံကို တိုက်ရိုက်မသွားရတာလဲ" ဟယ်ရီဟာ အံကြိတ်ပြီး သွားကြားက အသံထွက်လာတယ်။

သူဆေးရုံသွားဖို့ တကယ်လိုပါတယ်" ရွှံ့တွေ ပေကျံနေတဲ့ ဝုဒ်က ပြောတယ်။ သူ့ရှာဖမ်းသမား ဒဏ်ရာရနေပေမယ့် သူ့မျက်နှာပေါ်မှာ သိုသိပ်မရတဲ့အပြုံးနဲ့။ "မင်းဖမ်းတာ အပြတ်မိုက်တယ်ကွာ ဟယ်ရီ။ သိပ်ကို ပြောင်မြောက်တာပဲ။ မင်းဒီလောက်လှလှပပ လုပ်သွားတာမမြင်ဖူးသေးဘူးကွာ"

ဟယ်ရီဟာ ဘေးပတ်လည်က ခြေထောက်အုပ်ကြီးကိုဖြတ်ပြီး ဖရက်နဲ့ ဂျော့-ဝယ်စလီညီနောင်ဟာ ရုန်းကန်နေတဲ့ ဘလဒ်ဂါကို သေတ္တာထဲ အတင်းဖိသွင်းနေတယ်။ ဘလဒ်ဂါကတော့ အကျောက်အကန် ရုန်းနေတုန်းပဲ။



"နောက်ဆုတ်ရပ်ကြ" လော့ဟတ်က ပြောရင်း သူ့စိမ်းဖန့်ဖန့်အင်္ကျီလက်ကို လိပ်လိုက်တယ်။

"မလုပ်နဲ့ — မလုပ်ပါနဲ့ — " ဟယ်ရီက အားနွဲ့စွာ ပြောတယ်။ ဒါပေမယ့် လော့ဟတ်ဟာ သူ့မှော်ကြိမ်လုံးကို လှည့်နေပြီ။ တစ်စက္ကန့်ကြာတော့ သူဟာ မှော်ကြိမ်လုံးနဲ့ ဟယ်ရီ့လက်မောင်းကို ချိန်ထားလိုက်ပြီ။

တမျိုးကြီး အခံရခက်တဲ့ ခံစားချက်တစ်ခု လျှပ်စီးလက်သလို ဟယ်ရီရဲ့ ပခုံးကနေ လက်ဖျားထိဖြတ်သွားတယ်။ သူ့လက်မောင်းအထဲက အရာအားလုံး စုပ်ထုတ်လိုက်သလိုပဲ။

သူဟာ ဘာဖြစ်သွားသလဲ စိုက်မကြည့်ဝံ့လို့ မျက်စိမှိတ်ပြီး တစ်ဘက်ကို ခေါင်းလှည့်ထားလိုက်တယ်။ ဒါပေမယ့် ပတ်ဝန်းကျင်က လူတွေလန့်ပြီး အသက်အောင့်ထားချိန်၊ ခိုလင်-ခရီဗီးဟာ အရူးအမူး ဓာတ်ပုံပြန်ရိုက်နေချိန်မှာ သူအစိုးရိမ်ဆုံးကိစ္စ တကယ်ဖြစ်လာပြီဆိုတာ တွေ့ရတယ်။ သူ့လက်မောင်း နာတော့ဘူး — ဒါပေမယ့် ခံစားရတာလည်း လက်မောင်းနဲ့ လုံးဝမတူတော့ဘူး။

"အား" လော့ဟတ်က ပြောတယ်။ "ဟုတ်တယ်၊ ဒီတိုင်းပဲ တစ်ခါတလေလဲ ဒီလိုပဲ ဖြစ်တယ်။ ဒါပေမယ့် အရေးကြီးတာက အရိုးဆက်မိသွားပြီ။ ဒါကို သေချာမှတ်ထား။ ကောင်းပြီ၊ ဟယ်ရီ၊ ဆေးရုံကို စိမ်ပြေနပြေသွား — အား၊ မစ္စတာ ဝယ်စလီ၊ မစ်ဂရန်ဂျာ၊ မင်းတို့ သူ့ကို အဖော်ပြုသွားနိုင်လား — မဒမ်ပွမ်ဖရေက — အော — မင်းကို နည်းနည်း ထပ်ပြင်ပေးနိုင်တယ်"

ဟယ်ရီ မတ်တတ်ရပ်လိုက်တယ်၊ သူ့ကိုယ် တမျိုးကြီး တစ်ဘက်ကို စောင်းနေတယ်လို့ ခံစားရတယ်။ သူအသက်ပြင်းပြင်း ရှူလိုက်ပြီး မိမိရဲ့ ညာဘက်ပိုင်း ကိုယ်မန္တာကို ကြည့်လိုက်တယ်။ မြင်တွေ့ရပုံကြောင့် နောက်ထပ်မေ့လဲဖို့ နည်းနည်းလိုတော့တယ်။

သူ့အင်္ကျီလက်မောင်းထဲက ဆွဲထုတ်လိုက်တာက အသားရောင် သားရေလက်အိတ်ထူထူကြီးလိုပဲ။ သူက လက်ချောင်းတွေ စမ်းလှုပ်ကြည့်တယ်။ ဒါပေမယ့် ဘာမှမတုန့်ပြန်ဘူး။

လော့ဟတ်ဟာ ဟယ်ရီရဲ့ လက်ကို ဆက်မပေးနိုင်ဘဲ အရိုးတွေဆွဲထုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မဒမ်ဖွမ်ဖရေ အလွန်စိတ်ဆိုးတယ်။

"မင်း ငါ့ဆီတိုက်ရိုက်လာသင့်တယ်" သူမက ဒေါသနဲ့ ပြောရင်း သနားစရာ အသက်မပါတဲ့ လက်ကို ကိုင်မလိုက်တယ်။ လွန်ခဲ့တဲ့ နာရီဝက်တတွင် ၎င်းဟာ လှုပ်ရှားနေတဲ့ လက်ဖြစ်နေသေးတယ်။ "ငါတစ်စက္ကန့်ထဲနဲ့ အရိုးကို ဆက်ပေးနိုင်တယ် — ဒါပေမယ့် ၎င်းတို့ကို ပြန်ပေါက်လာဖို့ကျတော့ — "

"ဒါလဲ တတ်နိုင်တာပဲ၊ ဟုတ်တယ် မှုတ်လား" ဟယ်ရီက အလွန်တောင့်တစွာ ပြောတယ်။

"တတ်နိုင်ပါတယ်၊ ဒါပေမယ့် သိပ်နာမှာ" မဒမ်ဖွမ်ဖရေက မျက်နှာထားတင်းတင်းနဲ့ ပြောရင်း ဟယ်ရီ့ကို ညဝတ်အင်္ကျီတစ်ထည် ပစ်ပေးလိုက်တယ်။ "မင်း ဒီမှာ အိပ်ရတော့မယ်"

ဟယ်ရီ့ လူနာခုတင်ဘေးပတ်လည်က လိုက်ကာတွေ ဆွဲကာလိုက်ပြီး ရွန်က သူ့ကို ညဝတ်အင်္ကျီ လဲဝတ်ပေးတယ်။ ဟာမီးက အပြင်မှာ စောင့်နေတယ်။ သူတို့ဟာ အတော်ကြိုးစားမှ သားရေလိုဖြစ်နေတဲ့ အရိုးမရှိတဲ့ လက်မောင်းကို အင်္ကျီလက်ထဲ ထိုးသွင်းလို့ရတယ်။

"နင် အခုလော့ဟတ်ကို ဘယ်လို ကာကွယ်ဦးမလဲ။ ဟင်၊ ဟာမီး" ရွန်ဟာ ဟယ်ရီရဲ့ လက်ချောင်းပျော့စိစိတွေကို အင်္ကျီလက်ထဲက ဆွဲထုတ်ရင်း လိုက်ကာနောက်ကနေ အကျယ်ကြီး ပြောတယ်။ "ဟယ်ရီအရိုးထုတ်စေချင်ရင် သူ့ဖာသာ ထုတ်ခိုင်းမှာ ပေါ့"

"ဘယ်သူမဆို အမှားပြုမိတတ်တာပဲ" ဟာမီးက ပြောတယ်။ "အခု လက်မောင်းမှ မနာတော့တာ။ ဟုတ်တယ်နော် ဟယ်ရီ"

"မနာတော့ဘူး" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် လက်လဲ ဘာမှ အသုံးမကျတော့ဘူး"

သူဟာ ခုတင်ပေါ်တက်တဲ့အခါမှာ လက်မောင်းဟာ ဖျော့ဖပ်ဖပ်နဲ့ လှုပ်ခါနေတယ်။

ဟာမီးနဲ့ မဒမ်ဖွမ်ဖရေဟာ လိုက်ကာထဲ ကွေ့ဝင်ခဲ့ကြတယ်။ မဒမ်ဖွမ်ဖရေ လက်ထဲမှာ ပုလင်းကြီးတစ်လုံး။ "အရိုးပေါက်ဆေး" လို့ ပုလင်းပေါ်မှာ တံဆိပ်ကပ်ထားတယ်။



"ဒီတစ်ညတော့ အခံရခက်လိမ့်မယ်" သူမက ပြောရင်း ဆေးရည်ပူပူ တစ်ခွက်ကြီး လောင်းထည့်ပြီး ဟယ်ရီကို ကမ်းပေးတယ်။ "အရိုးပေါက်တာဟာ အလွန်အခံရ ခက်တယ်"

အရိုးပေါက်ဆေးသောက်ရတာကိုက အခံရခက်လှပြီ။ ၎င်းဟာ ဟယ်ရီ့ ပါးစပ်ထဲမှာ မီးလောင်တယ်။ လည်ချောင်းအတိုင်း မီးလောင်ဆင်းသွားလို့ ဟယ်ရီဟာ အဆက်မပြတ် ချောင်းဆိုးတာ တံတွေးတွေ စဉ်ထွက်လာတယ်။ မဒမ်ဖွမ်ဖရေ ထွက်သွားတယ်။ ပါးစပ်ကလည်း ကျွတ်ကျွတ်သံပေးပြီး ဒီအားကစားနည်း သိပ်အန္တရာယ်ရှိတယ်၊ ဆရာတွေ အသုံးမကျလွန်းတယ်လို့ အပြစ်တင် သွားတယ်။ ရွန်နဲ့ ဟာမီးတို့ လူနာခန်းထဲမှာ ကျန်ရစ်ပြီး ဟယ်ရီ့ကို ရေနည်းနည်းမျိုချနိုင်အောင် တိုက်နေကြတယ်။

"တို့ နိုင်လိုက်ပြီပဲ" ရွန်က ပြောတယ်၊ မျက်နှာပေါ်မှာ အပြုံးပန်းပွင့်လာတယ်။ "မင်း ရွှေဘောလုံးပျံလေးကို ဖမ်းမိပေလို့။ မော်ဖိုင်ရဲ့ ရုပ်ကို . . . . ကြည့်ရတာ လူတောင်သတ်ချင်နေတယ်နဲ့ တူတယ်"

"သူအဲဒီ ခွပ်ဖော်ကို ဘာလုပ်လိုက်သလဲဆိုတာ ငါသိချင်တယ်" ဟာမီးက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။

"ငါတို့ ဒီပြဿနာကိုလဲ တေးမှတ်ထားရမယ်။ ငါတို့ဆေးရည်သောက်ပြီးနောက် တစ်လက်စထဲ မေးရမယ်" ဟယ်ရီက ပြောရင်း ခေါင်းအုံးပေါ် စေ်လှဲလိုက်တယ်။ "ဆေးရည်ရဲ့ အရသာဟာ ဒီဆေးထက်နည်းနည်းကောင်းပါစေလို့ မျှော်လင့်တယ် . . . . . ."

"တကယ်လို့ စလေးသရင်းကိုယ်ပေါ်က အရာနည်းနည်းထည့်ထားရင်ကော။ မင်း တယ်ရယ်စရာပြောတတ်ပါလား" ရွန်က ပြောတယ်။

ဒီအချိန်မှာပဲ လူနာခန်းတံခါးပွင့်လာတယ်။ ဂရစ်ဖင်းဒေါဘောလုံးသမားတွေ ဟယ်ရီ့ကို လာသတင်းမေးကြတယ်။ သူတို့အားလုံး ရွှံ့တွေ ပေကျံပြီး ကြွက်စုတ်နဲ့ တူနေတယ်။

"ဟယ်ရီ၊ မင်းပျံသန်းတာ မယုံနိုင်စရာပဲ" ဂျော့ခ်က ပြောတယ်။ "ငါ ခုနက မားခစ် မော်ဖိုင်ကို အော်ဆူနေတာ ကြားရတယ်။ ရွှေဘောလုံးပျံလေး သူ့ခေါင်းပေါ်မှာ ရှိတာတောင် မမြင်ဘူးတဲ့။ မော်ဖိုင့်ကြည့်ရတာ စိတ်ဆိုးနေသလိုပဲ"

ဘောသင်းသားတွေဟာ ကိတ်မုန့်တွေ၊ သကြားလုံးတွေနဲ့ ရွှေဖရုံ

www.burmeseclassic.com

www.burmeseclassic.com



သီးရှည် ပုလင်းတစ်ချို့ ယူလာကြတယ်။ သူတို့ဟာ ဟယ်ရီ့ခုတင်ဘေးပိုင်းမှာ အလွန်ပျော်စရာ ညပါတီပွဲတစ်ခု ကျင်းပဖို့ လုပ်နေတုန်းမှာ မဒမ်ဖွမ်ဖရေ တာ အော်ဆူပြီး ပြေးဝင်လာတယ်။ "ဒီကလေး နားဖို့ လိုတယ်။ သူ့မှာ အရိုး သုံးဆယ့်သုံးချောင်း ပေါက်လာရဦးမှာ။ ထွက်သွားကြ၊ ထွက်သွားကြ"

ဒီတော့၊ လူနာခန်းထဲမှာ ဟယ်ရီတစ်ယောက်ထဲ ကျန်တယ်။ သူ့အာရုံ ပြောင်းရမယ့်ကိစ္စ ဘာမှ မရှိဘူး။ ပျော့ဖပ်ဖပ်လက်မောင်းဟာ ခဲနဲ့ဖြည့် နေသလို နာကျင်တာပဲ ခံစားရတယ်။

နာရီပေါင်းများစွာကြာတော့ ဟယ်ရီ ရုတ်တရက်နိုးလာတယ်။ အခန်း ထဲမှာ မှောင်မည်းနေတယ်။ သူနာလို့ တိုးတိုးအော်နေတယ်။ အခု သူ့လက် မောင်းထဲမှာ အစပေါင်းများစွာ ရှိနေသလိုပဲ။ အစမှာတော့ လက်မောင်းက နာလို့ နိုးလာတယ် သူထင်တာ။ ဆက်လက်ပြီးတော့မှ အမှောင်ထဲမှာ တစ် ယောက်ယောက်က ရေမြှုပ်နဲ့ သူ့နဖူးကို တို့နေမှန်း ထိတ်လန့်စွာ သိလာ တယ်။

"သွားစမ်း" သူအော်တယ်။ ဒီနောက် သူ ဘယ်သူမှန်းသိလိုက်တယ်။ "ဒေါ့ဘီ"

အိမ်မွေးမှင်စာလေးဟာ ဂေါ့ဖ်ဘောလုံးလောက်ကြီးတဲ့ မျက်လုံးကြီး တွေနဲ့ အမှောင်ထဲမှာ ဟယ်ရီ့ကို အကဲခတ်နေတယ်။ မျက်ရည်တစ်ပေါက် ၎င်းရဲ့ နှာတံရှည်ရှည်ပေါ်ကနေ လိမ့်ဆင်းလာတယ်။

"ဟယ်ရီ-ပေါ်တာ ကျောင်းပြန်ရောက်လာပြီ" သူက ဝမ်းနည်းမှုနဲ့ တိုးတိုးပြောတယ်။ "ဒေါ့ဘီက ဟယ်ရီ-ပေါ်တာကို အကြိမ်ကြိမ် သတိပေး တယ်။ အား၊ မစ္စတာ၊ ဘာဖြစ်လို့ ဒေါ့ဘီသတိပေးတာကို နားမထောင်တာလဲ။ ဟယ်ရီ-ပေါ်တာ ရထားမမှီတော့ ဘာဖြစ်လို့ အိမ်မပြန်တာလဲ"

ဟယ်ရီဟာ ခေါင်းအုံးပေါ်ကနေ ကိုယ်ကို မလိုက်တယ်။ ဒေါ့ဘီရဲ့ ရေမြှုပ်ကို တွန်းပစ်လိုက်တယ်။

"မင်းဒီမှာ ဘာလာလုပ်နေတာလဲ" သူက မေးတယ်။ "ငါရထားမမှီ တာ မင်း ဘယ်လိုလုပ်သိသလဲ"

ဒေါ့ဘီရဲ့ နှုတ်ခမ်းတွေ တုန်နေတယ်။ ဟယ်ရီ ချက်ချင်းသံသယဝင် လာတယ်။



"မင်း လုပ်တာပေါ့" သူကဖြည်းဖြည်းပြောတယ်။ "မင်းနံရံကို အသေ ပိတ်ထားပြီး ငါတို့ကို မဝင်နိုင်အောင် လုပ်တာပေါ့"

"ဒီတိုင်းပါပဲ၊ မစ္စတာ" ဒေါ့ဘီက ပြောရင်း ခေါင်းတအား ညိတ်တယ်။ နားရွက်ကြီးနှစ်ခုခါယမ်းနေတယ်။ "ဒေါ့ဘီက ဘေးမှာ ပုန်းနေပြီး ဟယ်ရီ-ပေါ်တာကို စောင့်နေတယ်။ ပြီးတော့ လမ်းပေါက်ကို ပိတ်ပစ်လိုက်တယ်။ လုပ်ပြီးတော့ ဒေါ့ဘီဟာ ကိုယ့်လက်ကို မီးပူနဲ့ ထိုးရတယ် —" သူက ပတ် တည်းစည်းထားတဲ့ လက်ချောင်းရှည် ဆယ်ချောင်းကို ဟယ်ရီ့ ပြတယ်။ "— ဒါပေမယ့် ဒေါ့ဘီမမှုပါဘူး၊ မစ္စတာ၊ ဒေါ့ဘီက ဟယ်ရီ-ပေါ်တာ ဒီလိုဆို ရင် လုံခြုံသွားပြီလို့ ထင်တယ်။ ဟယ်ရီ-ပေါ်တာဟာ တခြားလမ်းကြောင်း ကနေ ကျောင်းကို ရောက်အောင်သွားမယ်ဆိုတာ ဒေါ့ဘီ အိပ်မက်ထဲမှာတောင် မတွေးမိဘူး"

၎င်းဟာ ကိုယ်ကို ရှေ့နောက် ယမ်းနေတယ်။ အရုပ်ဆိုးတဲ့ ခေါင်းကြီး လည်း လှုပ်ခါနေတယ်။

"ဟယ်ရီ-ပေါ်တာ ဟော့ဂ်ဝပ်ကို ပြန်ရောက်ပြီဆိုတာ ဒေါ့ဘီကြားရ တော့ လန့်သွားတာပဲ။ သခင့် ညစာတောင် တူးသွားတယ်။ ရက်စက်စွာ ကြိမ်ဒဏ်ခတ်ခံရတာ ဒေါ့ဘီအရင်က မကြုံဖူးဘူး မစ္စတာ ......"

ဟယ်ရီဟာ ခေါင်းအုံးပေါ်ကို ပြန်ပစ်ကျသွားတယ်။

"မင်းကြောင့် ရွှန်နဲ့ ငါ ကျောင်းထုတ်ခံရတော့မလို့" သူက ဒေါသနဲ့ ပြောတယ်။ "ငါ့အရိုးပြန်ပေါက်လို့ မပြီးခင် မင်းရှောင်နေရင် ကောင်းမယ် ဒေါ့ဘီ၊ နို့မို့ရင် မင်းကို ညှစ်သတ်မှာ"

ဒေါ့ဘီက ရေးရေးပြုံးလိုက်တယ်။

"ဒေါ့ဘီဟာ သေခြင်းနဲ့ ခြိမ်းခြောက်တာ ရိုးနေပါပြီ။ ဒေါ့ဘီဟာ အိမ်မှာ တစ်နေ့ကို ငါးကြိမ်လောက် ကြားရပါတယ်"

သူဟာ ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ ခေါင်းအုံးစွပ် ညစ်ပေပေနဲ့ နှပ်သုတ် လိုက်တယ်။ သူ့ပုံက သနားစရာ။ ဟယ်ရီ့ ဒေါသမီးဟာ အလိုအလျောက် တွယ်ပျောက်သွားတယ်။

"မင်း ဘာလို့ ဒါကြီးဝတ်ထားတာလဲ၊ ဒေါ့ဘီ" သူက စပ်စုလို့စွာ မေးတယ်။

"ဒါလား၊ မစ္စတာ" ဒေါ့ဘီက ပြောရင်း ခေါင်းအုံးစွပ်ကို ဆွဲလိုက်တယ်။

www.burmeseclassic.com



"ဒါက အိမ်မွေးမှင်စာလေးရဲ့ ကျွန်အဆင့်အတန်းကို ဖော်ပြတာ၊ မစ္စတာ ဒေါ်ဘီရဲ့ သခင်က ကျွန်ုပ်ကို အင်္ကျီဝတ်ခွင့်ပေးမှ ဒေါ်ဘီလွတ်လပ်မှာ။ အိမ်က လူတွေ သိပ်သတိထားကြတယ်။ ခြေစွပ်တစ်ရံတောင် ဒေါ်ဘီကို မပေးဘူး မစ္စတာ၊ ဒီလိုလုပ်ရင် ဒေါ်ဘီလွတ်လပ်သွားမှာ၊ သူ့တို့ အိမ်က ထာဝရထွက် ခွာသွားမှာ"

ဒေါ်ဘီက ပြူးထွက်နေတဲ့ မျက်စိကြီးကို သုတ်လိုက်တယ်။ ရုတ်တရက် ပြောပြန်တယ်။ "ဟယ်ရီ-ပေါ်တာ အိမ်ပြန်မှ ဖြစ်မယ်။ ဒေါ်ဘီအစက ဘူ ဘလဒ်ဂါဟာ မုချ — "

"မင်း ဘလဒ်ဂါ ? မင်းက အဲဒီ ဘလဒ်ဂါကို ငါ့ကို သေအောင်တိုက် ခိုင်းတာလား"

"ခင်ဗျားကို သေအောင်တိုက်ဖို့ မှတ်ဖူး၊ မစ္စတာ၊ သေအောင်တိုက်ဖို့ လုံးဝမဟုတ်ဖူး"ဒေါ်ဘီက ထိတ်လန့်စွာ ပြောတယ်။ "ဒေါ်ဘီက ဟယ်ရီ-ပေါ်တာ အသက်ကို ကယ်ချင်တာ။ ဒဏ်ရာပြင်းထန်စွာ ရရင် အိမ်ပြန်ပို့ခံ ရမယ်။ ဒါဒီမှာ နေတာထက် သာတယ်၊ မစ္စတာ။ ဒေါ်ဘီက ဟယ်ရီ-ပေါ်တာ ဒဏ်ရာနည်းနည်းရပြီး အိမ်ပြန်ပို့ ခံရစေချင်တာပါ"

"အော၊ ဒါအကုန်ပဲလား" ဟယ်ရီက စိတ်ဆိုးစွာ မေးတယ်။ "မင်းက ငါ့ကို အရိုးကြေအမှုန့်ဖြစ်ပြီး အိမ်ပြန်ပို့ခံရဖို့ မျှော်လင့်ရတဲ့အကြောင်း ပြော ပြမယ်မထင်ဘူး၊ ဟုတ်လား"

"အား၊ ဟယ်ရီ-ပေါ်တာ သိပါစေ" ဒေါ်ဘီက ညည်းရင်း မျက်ရည်တွေ ခေါင်းအုံးစွပ်အစုတ်ပေါ် ကျလာတယ်။ "သူသိစေချင်ပါတယ်။ သူဟာ မှော် လောကထဲက ကျွန်တော်တို့လို အညတရ၊ ကျွန်ပြုခံရတဲ့ ပုဂ္ဂိုလ်လေးတွေ အဖို့ ဘယ်လို အဓိပ္ပာယ်ရှိသလဲဆိုတာ သိစေချင်တယ်။ ဟိုနာမည်တောင် မခေါ်ရတဲ့ ဘီလူးကြီး အင်အားအကြီးဆုံးအချိန်က အခြေအနေကို ဒေါ်ဘီမမေ့ သေးပါဘူး၊ မစ္စတာ။ လူတွေဟာ အဖျက်ပိုးတွေလို ကျွန်တော်တို့ကို သဘော ထားကြတယ်၊ မစ္စတာ။ စင်စစ်၊ သူတို့ဟာ အခုလဲ ဒီအတိုင်း ဒေါ်ဘီကို ဆက် ဆံတယ်။ မစ္စတာ" သူက ဝန်ခံပြောဆိုရင်း ခေါင်းအုံးစွပ်နဲ့ မျက်နှာသုတ်လိုက် တယ်။ "ဒါပေမယ့်၊ ခြုံပြောရရင် ခင်ဗျား ဟိုနာမည်တောင် မခေါ်ဝံ့တဲ့ ဘီလူး ကြီးကို အောင်နိုင်လိုက်ပြီးနောက် ကျွန်တော်တို့လို လူတွေရဲ့ဘဝဟာ အများ ကြီး ကောင်းလာပါတယ်။ ဟယ်ရီ-ပေါ်တာ အသက်ရှင်ကျန်ရစ်ပြီး ဆိုးယုတ်တဲ့



ဘီလူးကြီးရဲ့ မှော်ပညာအစွမ်း ကျိုးပေါက်သွားတယ်။ ဒါဟာ အရုဏ်ဦးအသစ် ပေါ်ထွက်လာတာပဲ၊ မစ္စတာ ကျွန်တော်တို့ထဲက မှောင်မိုက်တဲ့နေ့တွေ ထာဝရ ကုန်ဆုံးနိုင်တော့ဘူးလို့ ထင်တဲ့လူတွေအဖို့ ပြောရရင်၊ ဟယ်ရီ-ပေါ်တာ ဟာ မျှော်လင့်ချက် မီးပြတိုက်လို လင်းလက်နေပါတယ် မစ္စတာ ...... အခု ဟော့ဂ်ဝပ်မှာ ကြောက်စရာ အဖြစ်အပျက် ဖြစ်ပေါ်ပါတော့မယ်။ ဖြစ်နေ တာလဲ ဖြစ်မယ်။ ဒေါ်ဘီဟာ ဟယ်ရီ-ပေါ်တာကို ဒီမှာ မထားနိုင်ဘူး။ အကြောင်းက သမိုင်းတစ်ကြော့ပြန်ဖြစ်လာတယ်။ လျှို့ဝှက်အခန်း နောက်တစ် ကြိမ် အဖွင့်ခံရလိမ့်မယ် —"

ဒေါ်ဘီငိုင်သွားတယ်။ အထိတ်တလန့် ဖြစ်နေတယ်။ ဒီနောက် ခုတင် ဘေးစားပွဲခုံလေးပေါ်က ဟယ်ရီ့ရေခရားကို ယူပြီး မိမိခေါင်းကို ရေခရား အက်ကွဲအောင် ရိုက်နှက်တယ်။ ဒီနောက် ဂယိမ်းဂယိုင်ပျောက်ကွယ်သွား တယ်။ တစ်စက္ကန့်ကြာတော့ ၎င်းဟာ ခုတင်ပေါ် ဖြည်းဖြည်းတက်လာတယ်။ နောက်ဆံကို အလယ်မှာ စုထားပြီး တိုးတိုးပြောနေတယ်။ "ဆိုးတဲ့ ဒေါ်ဘီ သိပ် သိပ်ကို ဆိုးတဲ့ ဒေါ်ဘီ ......"

"ဒီလိုဆိုတော့ လျှို့ဝှက်အခန်းတစ်ခုရှိတာ အမှန်ပဲပေါ့ ?" ဟယ်ရီက တိုးတိုးမေးတယ်။ "ပြီတော့ — မင်းက အရင်ကလဲ အဖွင့်ခံရဖူးတယ်လို့ ပြောတယ်။ ငါ့ကို ပြောပြ၊ ဒေါ်ဘီ"

မှင်စာလေး ဒေါ်ဘီရဲ့ လက်ဟာ ရေခရားဆီလှမ်းပြန်တယ်။ ဟယ်ရီ က ၎င်းရဲ့ အရိုးပေါ်အရေတင်တဲ့ လက်ကို ဖမ်းဆွဲလိုက်တယ်။ "ဒါပေမယ့် ဒါက မတ်ဂေါ်က လာတာမှ မဟုတ်တာ — လျှို့ဝှက်အခန်းက ငါ့ကို ဘယ်လို လုပ် အန္တရာယ်ရှိမှာလဲ"

"အား၊ မစ္စတာ၊ နောက်ထပ် မမေးပါနဲ့တော့။ သနားစရာဒေါ်ဘီကို အတင်းမမေးပါနဲ့တော့" မှင်စာလေးက အ,ထစ်စွာ ပြောတယ်။ သူ့မျက်စိတွေ အမှောင်ထဲမှာ ကြေးဂလိုင်လို အကြီးကြီးပဲ။ "ဒီမှာ အကြံယုတ်ကြံနေသူရှိ တယ်။ ပြဿနာဖြစ်တဲ့အခါမှာ ဟယ်ရီ-ပေါ်တာ ဒီမှာ နေလို့ မဖြစ်ဘူး အိမ်ပြန်ပါ၊ ဟယ်ရီ-ပေါ်တာ။ အိမ်ပြန်ပါ။ ဒီကိစ္စထဲ ဟယ်ရီပေါ်တာ ပါလို့ မဖြစ်ဘူး။ မစ္စတာ၊ သိပ်ကို အန္တရာယ်ကြီးတယ် —"

"အဲဒါ ဘယ်သူလဲ၊ ဒေါ်ဘီ" ဟယ်ရီက ပြောတယ်။ ဒေါ်ဘီ ထို့နောက်ခေါင်း ကို ခရားနဲ့ မထုအောင် သူ့လက်ကောက်ဝတ်ကို တင်းတင်း ချုပ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ လျှို့ဝှက်အခန်းကို ဖွင့်သလဲ။ အရင်တခါက ဘယ်သူဖွင့်တာလဲ"

"ဒေါ့ဘီပြောလို့ မဖြစ်ဖူး၊ မစ္စတာ၊ ဒေါ့ဘီပြောလို့ မဖြစ်ဖူး၊ ဒေါ့ဘီ ဘယ်လိုမှ ပြောလို့ မဖြစ်ဘူး" မှင်စာလေးက စူးရှစွာအော်တယ်။ "အိမ်ပြန်ပါ ဟယ်ရီ-ပေါ်တာ အိမ်ပြန်ပါ"

"ငါဘယ်မှ မသွားဘူး" ဟယ်ရီက စိတ်ရှုပ်စွာ ပြောတယ်။ "ငါ့ အခင်ဆုံးသူငယ်ချင်း တစ်ယောက်ဟာ မတ်ဂေါ်ကလာတာ၊ တကယ်လို့ လျှို့ဝှက်အခန်း တကယ်ပွင့်သွားရင်၊ သူမအရင်ဆုံး —"

"ဟယ်ရီ-ပေါ်တာက မိတ်ဆွေအတွက် အသက်အန္တရာယ်ရင်ဆိုင်မယ်" ဒေါ့ဘီဟာ ဝမ်းလည်းနည်း၊ နှစ်သက်လည်း နှစ်သက်စွာ ညည်းနေတယ်။ "ဘယ့်လောက်မြင့်မြတ်ပါသလဲ။ ဘယ့်လောက်သတ္တိနဲ့ ပြည့်စုံပါသလဲ။ ဒါပေမယ့် သူမိမိကိုယ်မိမိ ကာကွယ်ရမယ်။ သူမှချလုပ်ရမယ်။ ဟယ်ရီ-ပေါ်တာ ဘယ်နည်းနဲ့မှ —"

ဒေါ့ဘီဟာ ရုတ်တရက် ခဲတောင့်သွားတယ်။ လင်းနို့နဲ့တူတဲ့ နားရွက်ကြီးနှစ်ခု တဆတ်ဆတ်ခါနေတယ်။ ဟယ်ရီလည်း ကြားရပြီ။ အပြင်ဖက် လူသွားလမ်းက ခြေသံပေါ်လာတယ်။

"ဒေါ့ဘီသွားမှ ဖြစ်တော့မယ်" မှင်စာလေးဟာ သိပ်လန့်နေတယ်။ အသက်အောင့်ပြောတယ်။ အလွန်အသံကျယ်စွာ ပေါက်ကွဲသံကြားရပြီး ဟယ်ရီ့ လက်သီးဆုပ်လျော့သွားကာ အထဲမှာ လေသာကျန်ရစ်ခဲ့တယ်။ သူဟာ ခုတင်ပေါ်ပြန်လဲကျပြီး မျက်လုံးက မှောင်မည်းတဲ့ လူနာခန်းတံခါးဝကို ကြည့်နေတယ်။ ခြေသံ ကြာလေ နီးလာလေပဲ။

ဆက်လက်ပြီး ဒမ်ဘာလီဒိုးဟာ နောက်ဆုတ်ရင်း လူနာခန်းထဲဝင်လာတယ်။ သူဟာ သိုးမွေး နံနက် အင်္ကျီရှည်ရှည်ဝတ်ဆင်ထားပြီး ညအိပ်ဦးထုပ် ဆောင်းထားတယ်။ သူဟာ လက်နှစ်ဖက်နဲ့ ပန်းပုရုပ်လို အရာရဲ့ အစွန်းတစ်ဖက်ကို မထားတယ်။ တစ်စက္ကန့်အကြာမှာ ပါမောက္ခ မက်ဂေါ်နာဂေါ်လည်း ပေါ်ထွက်လာတယ်။ အဲဒီအရာရဲ့ ခြေထောက်ကို မ,ထားတယ်။ သူတို့ အတူတကွ ၎င်းကို ခုတင်ပေါ်တင်လိုက်တယ်။

"မဒမ်ဖွမ်ဖရေကို သွားခေါ်" ဒမ်ဘာလီဒိုးက တိုးတိုးပြောတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ဟယ်ရီခုတင်ခေါင်းရင်းက လောလောဖြတ်ပြီး ထွက်သွားတယ်။ ဟယ်ရီဟာ မလှုပ်မယှက်လဲ့နေတယ်။ အိပ်ချင်ယောင်ဆောင်



နေတယ်။ အရေးတကြီး စကားပြောသံ ကြားရတယ်။ ဒီနောက် ပါမောက္ခ မက်ဂေါ်နာဂေါ် အလျင်အမြန်ဝင်လာတယ်။ မဒမ်ဖွမ်ဖရေနောက်က လိုက်လာတယ်။ သူမဟာ ညဝတ်အင်္ကျီပေါ်မှာ ဂျက်ကင်တစ်ထည်ထပ်ဝတ်ထားတယ်။ ဟယ်ရီဟာ အသက်ရှူရပ်သွားတဲ့ အသံကို ကြားရတယ်။

"ဘယ်လိုဖြစ်တာလဲ" မဒမ်ဖွမ်ဖရေက အသတိုးတိုးနဲ့ ဒမ်ဘာလီဒိုးကို မေးတယ်။ အဲဒီပန်းပုရုပ်ကိုလည်း ကုန်းကြည့်တယ်။

"နောက်ထပ် တိုက်ခိုက်မှု တစ်ခု" ဒမ်ဘာလီဒိုးက ပြောတယ်။ "မက်ဂေါ်နာဂေါ်က လှေခါးပေါ်မှာ သူ့ကို တွေ့တာ"

"သူ့ဘေးမှာ စပျစ်သီးတစ်ခက်လဲ ရှိတယ်" ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်။ "သူက ဒီကို ခိုးလာပြီး ပေါ်တာကို သတင်းမေးချင်တာနဲ့ တူတယ်"

ဟယ်ရီ့အစာအိမ် တအားလိမ်ဆွဲခံရသလို ဖြစ်သွားတယ်။ သူဟာ ဖြည်းဖြည်း သတိထားပြီး ကိုယ်ကို လက်မအနည်းငယ်မြှင့်လိုက်တယ်။ ဒီလိုဆိုရင် ဟိုခုတင်ပေါ်က ရုပ်ထုကို မြင်နိုင်မယ်။ လရောင်ဟာ မျက်လုံး မျက်ဆံပြူးနေတဲ့ မျက်နှာပေါ် ကျရောက်နေတယ်။

အဲဒါ ခိုလင်-ခရိဗီး။ သူ့မျက်စိဟာ အကျယ်ကြီးပြူးထားတယ်။ လက်တစ်ဖက် ရင်ဘတ်ရှေ့ ဆန့်တန်းထားတယ်။ လက်ထဲမှာ သူ့ကင်မရာမြှောက်ကိုင်ထားတယ်။

"ကျောက်ဖြစ်အောင် အလုပ်ခံရတာလား" မဒမ်ဖွမ်ဖရေက တိုးတိုးပြောတယ်။

"ဟုတ်တယ်" ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်။ "ကျွန်မတွေးမိတာနဲ့ ကျောချမ်းတယ် . . . . အောဘတ်စ် အောက်ဆင်းပြီး ချော့ကလက် ယူလာမယ်ဆိုရင် ဘယ်လို ဖြစ်မလဲ မသိဘူး . . . ."

သုံးယောက်သား ခိုလင်ကို အာရုံစိုက်ကြည့်နေတယ်။ ဒီနောက် ဒမ်ဘာလီဒိုးက ရှေ့သို့ ကုန်းပြီး ခိုလင်ရဲ့ မာတောင့်နေတဲ့ လက်ကြားကနေ ကင်မရာကို ယူထုတ်လိုက်တယ်။

"သူ တိုက်ခိုက်သူရဲ့ ဓာတ်ပုံကို ရိုက်ထားမလား" ပါမောက္ခ မက်ဂေါ်နာဂေါ်က အငမ်းမရ မေးတယ်။

ဒမ်ဘာလီဒိုးက မဖြေဘူး။ သူက ကင်မရာရဲ့ နောက်ပေါက်ကို ကော်ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ဘုရား၊ ဘုရား" မဒမ်ဖွမ်ဖရေက အလန့်တကြားအော်တယ်။

အပူငွေ့တွေတစီစီ ကင်မရာထဲက ထွက်လာတယ်။ ခုတင်သုံးလုံး တဲ့ တယ်ရီတောင် ပလပ်စတစ်မီးလောင်တဲ့ အနံ့စူးစူးကို ရတယ်။

"ပျော်သွားပြီ" မဒမ်ဖွမ်ဖရေက အံ့သြစွာ ပြောတယ်။ "အား ပျော်သွားတယ် ......"

"ဒါ ဘာဖော်ပြသလဲ၊ အောဘတ်စ်" ပါမောက္ခ မက်ဂေါ်နာဂေါ အရင်စလို မေးတယ်။

"ဒါက" ဒမ်ဘာလီဒိုးက ပြောတယ်။ "လျှို့ဝှက်အခန်း တကယ် အဖွင့် ရပြန်ပြီလို့ အဓိပ္ပာယ်ရတယ်"

မဒမ်ဖွမ်ဖရေဟာ လက်နဲ့ ပါးစပ်ကို ပိတ်ထားတယ်။ ပါမော မက်ဂေါ်နာဂေါက ဒမ်ဘာလီဒိုးကို ငိုင်ကြည့်နေတယ်။

"ဒါပေမယ့် အောဘတ်စ် ...... ရှင်သိမယ်ထင်တယ် .... ဘယ် သူဖြစ်မလဲ"

"ပြဿနာက ဘယ်သူဖြစ်တယ်ဆိုတာ အရေးမကြီးဘူး" ဒမ်ဘာလီ ရဲ့အကြည့်ဟာ ခိုလင့်ကိုယ်ပေါ်မှာ ရပ်နေတယ်။ သူက ပြောတယ်။ "ပြဿ နာက၊ ဘယ်လိုလုပ် ...."

အမှောင်ရိပ်ထဲက ပါမောက္ခမက်ဂေါ်နာဂေါရဲ့ အမူအရာကို ဟယ်ရီ မြင်ရတယ်။ မိမိလိုပဲ သူမလည်း ဒမ်ဘာလီဒိုးရဲ့ စကားကို နားမလည်ဘူး ဆိုတာ သိတယ်။



# ၁၁။ နှစ်ဦးချင်းအပြတ်တိုက်တဲ့ကလပ်

တနင်္ဂနွေနေ့ အစောကြီး ဟယ်ရီမျက်စိဖွင့်လိုက်တာနဲ့ ဆောင်းနေ ရောင်ကြောင့် အိပ်ခန်းတစ်ခုလုံး လင်းထင်းနေနေတာ တွေ့ရတယ်။ သူ့လက် မောင်းလည်း အရိုးသစ်ပေါက်လာတာတွေ့ရတယ်။ ဒါပေမယ့် တောင့်တောင့် ကြီး။ သူဟာ ရုတ်တရက် ထထိုင်လိုက်ပြီး ခိုလင့် ခုတင်ဆီကြည့်လိုက်တယ်။ ဒါပေမယ့် ဟယ်ရီ့ခုတင်ရှေ့က မနေ့ကမှ လဲချိတ်ထားတဲ့ လိုက်ကာရှည်ရှည် ကြီးက ခိုလင့်ခုတင်ကို လုံးဝ ဖုံးကွယ်ထားတယ်။ မဒမ်ဖွမ်ဖရေက ဟယ်ရီ နိုးလာတာ မြင်တော့ နံနက်စာ ဗန်းကိုကိုင်ပြီး ပေါ့ပါးစွာ ဝင်လာတယ်။ ပြီးနောက် သူ့လက်ကို ကွေးလိုက်ဆန့်လိုက် လုပ်ပေးတယ်။

"အရိုးပေါက်တာ မဆိုးဘူး" သူမက ပြောတယ်။ ဒီအချိန်မှာ ဘယ်ရှိ ဘာ ဘယ်လက်နဲ့ ဇွန်းကို မကျွမ်းမကျင်ကိုင်ပြီး ဆန်ပြုတ်သောက်နေတယ်။ "မင်း စားပြီးရင် သွားလို့ရပြီ"

ဟယ်ရီဟာ အကျႌကို အမြန်နိုင်ဆုံးဝတ်ပြီး ဂရစ်ဖင်းဒေါ် အိမ်ရှေ့ကို လောလောပြေးသွားတယ်။ ရွန်နဲ့ ဟာမီးကို ခိုလင်နဲ့ ဒေါ့ဘီအကြောင်း အမြန် ပြောပြချင်တယ်။ ဒါပေမယ့် သူတို့ မရှိကြဘူး။ ဟယ်ရီက ထွက်ရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာလည်း သူတို့ ဘယ်များသွားမလဲလို့ တွေးတယ်။ သူ့စိတ်ထဲ နည်းနည်းခံစားနေရတယ်။ သူတို့ဟာ သူ့အရိုးပြန်ပေါက်တာ အခြေအနေကော လား ဆိုတာတောင် ဂရုမစိုက်ကြဘူးလို့ ထင်တယ်။

ဟယ်ရီ စာကြည့်တိုက်ကိုဖြတ်သွားတဲ့အခါမှာ ဖတ်စီ-ဝယ်စလီ အခ က ထွက်လာတယ်။ အမူအရာက ပေါ့ပေါ့ပါးပါးပဲ။ အရင်တစ်ခါတွေ့ရ ထက် ပိုအခြေအနေကောင်းတယ်။

"ဟေး၊ မင်္ဂလာပါ ဟယ်ရီ" သူက ပြောတယ်။ "မနေ့က ပျံသန်း သိပ်ကိုတော်တယ်။ တကယ့်ကို ပြောင်မြောက်တယ်။ ဂရစ်ဖင်းဒေါ ကျောင်းဖလားပွဲမှာ ရှေ့က ပြေးနေတယ် — မင်းအမှတ် ငါးဆယ်ရတယ်"

"ခင်ဗျား ရွန်နဲ့ ဟာမီးကို တွေ့လား" ဟယ်ရီက မေးတယ်။

"မတွေ့ဘူး၊ မမြင်မိဘူး" ဖတ်စီက ပြောတယ်။ မျက်နှာပေါ်က အပြ ကွယ်ပျောက်သွားတယ်။ "ရွန်၊ နောက်ထပ် မိန်းကလေးသန့်စင်ခန်းထဲ မဝင် ငါမျှော်လင့်တယ် ......"

ဟယ်ရီက ကြိုးစားပြုံးပြလိုက်ပြီး ဖတ်စီထွက်သွားတာ ကြည့်နေတယ် ဒီနောက် ငိုရှိုက်တဲ့ မားထော်ရဲ့ သန့်စင်ခန်းကို တန်းသွားလိုက်တယ်။ ရွန်နဲ့ ဟာမီး ဘာဖြစ်လို့ ဒီကို လာပြန်သလဲဆိုတာ သူမပြောတတ်ဖူး။ ဒါပေမဲ့ ဖစ်ချ်နဲ့ အတန်းခေါင်းဆောင် အနားမှာမရှိတာ တွေ့တာနဲ့ တံခါးတွန်း လိုက်တယ်။ အိမ်သာခန်းတစ်ခန်းထဲကနေ သူတို့အသံထွက်လာတယ် ဒီနောက် လန့်အော်သံကြားရပြီး ဟာမီးရဲ့ မျက်စိဟာ သော့ပေါက်ထဲ အပြင်ကိုကြည့်နေတာ သူမြင်ရတယ်။

"ဟယ်ရီ" သူမက ပြောတယ်။ "လန့်သွားတာပဲ။ ဝင်ခဲ့ — နင့် လက် မောင်း ဘယ့်နှယ်လဲ"

"ကောင်းတယ်" ဟယ်ရီက ပြောရင်း အိမ်သာခန်းလေးထဲ တိုး တယ်။ ရေဆွဲအိမ်သာပေါ်မှာ ဆေးကျိုအိုးဟောင်းတစ်လုံး တယ်ထားတယ် အိမ်သာအင်တုံအောက်ဘက်က တဖျစ်ဖျစ်သံကြားရတယ်။ သူတို့ အောက် မီးမွှေးထားမှန်း သိရတယ်။ မှော်ပညာနဲ့ ယူဆောင်လို့ရတဲ့ ရေစိုမကြောက်တဲ့ မီးဖန်ဆင်းတာဟာ ဟာမီးရဲ့ အပိုင်နိုင်ဆုံး အတတ်ပဲ။

"ငါတို့ အစက မင်းကို သွားကြည့်မလို့။ ဒါပေမယ့် ဆေးအရင်စ အောင် ကျိုဖို့ ဆုံးဖြတ်လိုက်တယ်" ရွန်က ပြောတယ်။ ဒီအချိန်မှာ ဟယ်ရီ



အိမ်သာခန်းလေးကို မနည်းရအောင် ပိတ်ယူရတယ်။ "ဒီမှာ ပုန်းနေတာ အလုံခြုံဆုံးလို့ တို့ထင်တယ်"

ဟယ်ရီက သူတို့ကို ခိုလင့်အကြောင်းပြောပြမယ်လုပ်တုန်းမှာ ဟာမီး က ဖြတ်ပြောတယ်။ "ငါတို့ သိပြီးပြီ။ ဒီနေ့မနက် ပါမောက္ခ မက်ဂေါ်နာဂေါ က ဖလစ်ဝစ်ကို ပြောပြတယ်။ ဒါကြောင့် တို့က ဒါကို အရင် — "

"ငါတို့ မော်ဖိုင်ကို အကုန်ဖွင့်ပြောအောင် အမြန်လုပ်ရမယ်။ မြန်လေ ကောင်းလေပဲ" ရွန်က ဒေါသနဲ့ ပြောတယ်။ "ငါ ဘယ်လိုတွေးတယ်ဆိုတာ မင်းသိလား။ ခွေဒစ်ပြိုင်ပွဲပြီးကတည်းက သူမကျေမနပ် ဖြစ်နေတာ။ သူက ဒေါသကို ခိုလင့်ပေါ်ပုံချတာ"

"နောက်ထပ် ကိစ္စတစ်ခုရှိသေးတယ်" ဟယ်ရီက ဟာမီး ခနော့ပင်တွေ ချေပြီး ဆေးရည်အိုးထဲပစ်ထည့်တာ ကြည့်နေရင်း ပြောတယ်။ "ဒေါ့ဘီ ညသန်းခေါင်မှာ ငါ့ဆီလာတယ်"

ရွန်နဲ့ ဟာမီးဟာ အံ့အားသင့်စွာ ခေါင်းထောင်လာကြတယ်။ ဟယ်ရီ က ဒေါ့ဘီ သူ့ကို ပြောပြတဲ့ — ဒါမှမဟုတ် သူ့ကိုပြောမပြတဲ့ ကိစ္စတွေကို အစ်စမကျန်ပြောပြလိုက်တယ်။ ရွန်နဲ့ ဟာမီးတို့ ပါးစပ်အဟောင်းသားနဲ့ နားထောင်နေကြတယ်။

"လျှို့ဝှက်အခန်း အရင်က အဖွင့်ခံရဖူးတယ် ?" ဟာမီးကပြောတယ်။

"အခုရှင်းသွားပြီ" ရွန်က ကျေနပ်တဲ့ လေသံနဲ့ ပြောတယ်။ "လူးရှပ်စ်- မော်ဖိုင် ဒီမှာ ကျောင်းနေကတည်းက လျှို့ဝှက်အခန်းကို ဖွင့်ဖူးမှာ။ အခု သူက ချစ်စရာ မော်ဖိုင်ကလေးကို ဒီလိုလုပ်ဖို့ သင်ပေးတယ်။ ဒါသိပ်ကိုထင် ရှားပါတယ်။ ဒါပေမယ့် ဒေါ့ဘီက မင်းကို အခန်းထဲမှာ ဘာထူးဆန်းတဲ့ အကောင်ရှိတယ်ဆိုတာ ပြောပြစေချင်တယ်။ ဒင်းကျောင်းမှာ တိတ်တိတ်လေး တိုးသွား ဒီသွားနဲ့ ဘယ့်နှယ် ဘယ်သူမှ မတွေ့ကြတာလဲဆိုတာ ငါနားမလည်ဘူး"

"ဒင်းကိုယ်ဒင်း ကိုယ်ဖျောက်နိုင်တာလဲ ဖြစ်မယ်" ဟာမီးက ပြောရင်း ဘွတ်တစ်ဆုပ်ကို ဆေးကျိုအိုးထဲ ထိုးထည့်တယ်။ "ဒါမှ မဟုတ်ရင် အယောင် ဆောင်နိုင်လို့ပေါ့ — ချပ်ဝတ်တစ်ထည် သို့မဟုတ် တစ်ခုခုယောင်ဆောင် တာပေါ့။ ငါစာအုပ်ထဲမှာ အရောင်ပြောင်းဝိညာဉ်ရဲ့ ပုံပြင်ဖတ်ရဖူးတယ် . . ."

"နင်စာဖတ်တာ သိပ်များနေပြီ၊ ဟာမီး" ရွန်က ပြောတယ်။ လေ့စ ဒင်းစ် အသေတွေကို ကျွတ်တွေပေါ် လောင်းချတယ်။ သူက ဆေးစဝင်းစ်ထည့်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အိတ်ကို လုံးထွေးရင်း ဟယ်ရီဘက် လှည့်လိုက်တယ်။

"ဒါကြောင့် ဒေါ့ဘီက တို့ကို ရထားနဲ့ မလိုက်ရအောင် လုပ်တာ မင်းလက်တောင် ကျိုးအောင်လုပ်တယ် . . . ." သူက ခေါင်းခါတယ်။ "မင်း သိလား ဟယ်ရီ၊ သူမင်းကို အဆက်မပြတ် ကယ်ဆယ်နေရင် မင်းအသက်ပ ပါသွားလိမ့်မယ်"

တနင်္လာနေ့နံနက်မှာ ခိုလင်-ခရီဗီးတိုက်ခိုက်ခံရတယ်။ အခု လူသေတ လူနာခန်းထဲမှာ ပက်လက်ကြီး ဖြစ်နေတဲ့ သတင်းဟာ ကျောင်းအနှံ့ရောက် သွားတယ်။ ချက်ချင်းဆိုသလို ကျောင်းမှာ ကောလဟာလတွေ ပလူပျံနေပြီး ယုန်ထင်ကြောင်ထင်ဖြစ်နေကြတယ်။ ပထမနှစ်ကျောင်းသားတွေဟာ အခုဆို ရင် ၄-၅ယောက်တစ်စု အုပ်နဲ့ လှုပ်ရှားကြတယ်။ သူတို့ တစ်ဦးချင်း လှုပ် ရှားရင် အတိုက်ခံရမှာကို ကြောက်နေသလိုပဲ။

ဂျင်နီဟာ မှော်ဂါထာသင်တန်းမှာ ခိုလင်-ခရီဗီးနဲ့ တစ်ခုံတည်း ထိုင်ရတယ်။ အခု သူမစိတ်တွေ ဂယောက်ဂယက်ဖြစ်နေတယ်။ ဖရက်နဲ့ ဂျော့ဟာ သူမပျော်အောင် အမွေးအတောင်တွေကို တစ်လှည့်စီခြုံပြတယ်။ ဒါမှ မဟုတ်ရင် တစ်ကိုယ်လုံး ဝဲပေါက်အောင် ဖန်ဆင်းပြီး ရုပ်ထုနောက်က ခုန်ထွက်ပြတာတွေနဲ့ သူမကို စကြတယ်။ ဟယ်ရီကတော့ ဒီလိုလုပ်တာ မှန်း ချက်နဲ့ နှမ်းထွက်မကိုက်ဘူးလို့ ထင်တယ်။ နောက်တော့ ဖတ်စီဟာ ဒေါ်ပွ လို့ စကားတွေ လျှောက်ပြောတယ်။ သူတို့ အမေ မစ္စစ် ဝယ်စလီကို စာရေး တိုင်မယ်။ ဂျင်နီ ညညအိပ်မက်ဆိုးမက်တယ်လို့ တိုင်မယ်ပြောမှ သူတို့ ရပ် သွားတော့တယ်။

ဒီကာလအတွင်းမှာ အားလုံး ဆရာတွေမသိအောင် တွတ်တွတ် တွတ် တွတ်နဲ့ အကာအကွယ်အဆောင်တွေနဲ့ တခြား မိမိတို့ကို ကာကွယ်မယ့် အရာတွေ လဲလှယ်ကြတယ်။ ဒီလုပ်ပုံတွေဟာ ချက်ချင်း ကျောင်းမှာ ဖုံးလွှမ်း သွားတယ်။ နီဗီး-လွန်ဘော့တမ်ဟာ နံစော်တဲ့ ကြက်သွန်နီဥကြီး တစ်ဥရယ် ခရမ်းရောင် စလင်းကျောက်နဲ့ ပုပ်နေတဲ့ ကင်းလိတ်လျှောအမြီးတစ်ခု ဝယ် ထားတယ်။ နောက်ဆုံးမှာ ဂရစ်ဖင်းဒေါက ကျောင်းသားတွေ သူ့ကို ပြောပြ တယ်။ စင်စစ် သူ့မှာ အန္တရာယ်မရှိဘူး။ သူဟာ တကယ်မျိုးရိုး မှန်သူပါ တယ်။ ဒါကြောင့် တိုက်ခိုက်ခံရမှာ မဟုတ်ဘူး။

"သူတို့က ဖစ်ချ်ကို အရင်တိုက်တယ်" နီဗီးက ပြောတယ်။ သူ့မှတ်နှာ



ဝိုင်းဝိုင်းပေါ်မှာ ကြောက်စိတ်တွေပေါ်နေတယ်။ "အားလုံး သိပါတယ်၊ ငါဟာ ညှောက်အ နဲ့ ဘာမှ မခြားဘူး"

ဒီဇင်ဘာလရဲ့ ဒုတိယအပတ်မှာ ပါမောက္ခမက်ဂေါ်နာဂေါဟာ ခါ တိုင်းလိုပဲ ကျောင်းမှာ ခရစ်စမတ်ပွဲ ပါဝင်ကြမယ့် ကျောင်းသားစာရင်း သာကောက်တယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ နာမည်စာရင်းမှာ လက်မှတ်ရေး ထိုးကြတယ်။ မော်ဖိုင် ကျောင်းမှာပဲနေမယ်ဆိုတာ သူတို့ ကြားရတော့ အံ့သြဖြစ်စရာပဲလို့ ထင်ကြတယ်။ အတော်ပဲ၊ ပွဲတော်ရက်အတွင်းမှာ ဆေးရည်ကို အသုံးပြုပြီး မော်ဖိုင်ဆီက စကားအစစ်အမှန်ကို ရအောင်ယူ ရမယ်။

ကံမကောင်းတာက ဆေးရည်က ကျိုလို့မပြီးသေးဘူး။ သူတို့ ဂိုးနှစ် ဗိုတိရွှာန်ရဲ့ ဂိုးနဲ့ အာဖရိက သစ်ပင်မြွေရဲ့ အရေခွံ လိုသေးတယ်။ ဒီပစ္စည်း တွေဟာ စနိတ်ပ်ရဲ့ ကိုယ်ပိုင် သိုလှောင်ခန်းထဲမှာသာ ရှိတာ။ ဟယ်ရီစိတ်ထဲ မှာ တိတ်တိတ်တွေးမိတာက စလေးသရင်းက ကြောက်စရာအကောင်ကြီးနဲ့ ရင်ဆိုင်လိုက်ချင်သေးတယ်၊ စနိတ်ပ်ရုံးခန်းထဲဝင်ခိုးနေတုန်း စနိတ်ပ်ဖမ်းခံရ မှာတော့ လုံးဝမဖြစ်ချင်ဘူး။

"ငါတို့ဘာလုပ်သင့်လဲ" ဟာမီးက ပြတ်သားစွာ ပြောတယ်။ အဲဒီ အချိန်ဟာ ကြာသပတေးနေ့ ညနေပိုင်း မှော်ဆေးပညာသင်တန်းနှစ်ချိန်နဲ့ ပိုနီးကပ်လာပြီ။ "အာရုံပြောင်းအောင် လုပ်ရမယ်၊ ဒီနောက် တစ်ယောက်က စနိတ်ပ်ရုံးခန်းထဲ ခိုးဝင်ပြီး တို့လိုချင်တဲ့ ပစ္စည်းကို ယူရမယ်"

ဟယ်ရီနဲ့ ရွန်ဟာ သူ့ကို စိတ်လှုပ်ရှားစွာ ကြည့်နေတယ်။

"ငါသွားခိုးသင့်တယ်လို့ ငါထင်တယ်" ဟာမီးက လုပ်ငန်းကို ထုံးစံ အတိုင်း လုပ်တဲ့ လေသံနဲ့ ဆက်ပြောတယ်။ "နင်တို့နှစ်ယောက် နောက်ထပ်ပြဿ နာပေါ်ရင် ကျောင်းထုတ်ခံရလိမ့်မယ်။ ငါကတော့ ဒါမျိုးမှတ်တမ်းမရှိသေးဘူး ဒါကြောင့် နင်တို့ စာသင်ချိန်မှာ စနိတ်ပ်ကို ငါးမိနစ်လောက် အလုပ်ရှုပ်သွား အောင် လုပ်ဖို့ပဲလိုတယ်"

ဟယ်ရီက မရယ်ချင်ပဲ ရယ်လိုက်တယ်။ စနိတ်ပ်ရဲ့ မှော်ဆေးပညာ သင်တန်းမှာ တမင်ပြဿနာလုပ်ရတာဟာ အိပ်ပျော်နေတဲ့ နဂါးကြီး မျက်စိကို သွားထိုးသလို သိပ်ကို အန္တရာယ်ကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မှော်ဆေးပညာ သင်တန်းဟာ ကြီးမားတဲ့ မြေအောက်ကျောင်းခန်းမှာ ထတ်ရတယ်။ ကြာသပတေးနေ့ ညနေသင်တန်းစတဲ့အခါမှာ ခါတိုင်းလိုပဲ သစ်သား စားပွဲတွေ ကြားမှာ ဆေးကျိုအိုးဆယ့်နှစ်အိုးချထားတယ်။ စားပွဲပေါ်မှာ ကြေးချိန်ခွင်နဲ့ ဆေးခပ်မယ့် ဆေးပုလင်းတွေ။ စနိတ်ပ်ဟာ အခိုးအငွေ့တွေကြားက သွားလိုက်ပြန်လိုက် ကြီးကြပ်နေတယ်။ ဂရစ်ဖင်းဒေါကျောင်းသားတွေကို ကြမ်းတမ်းစွာ ဝေဖန်နေတယ်။ စလေးသရင်းကျောင်းသားတွေဟာ တိတ်တိတ် ခိုးရယ်နေတယ်။ ဌာခို-မော်ဖိုင်ဟာ စနိတ်ပ် ကြိုက်နှစ်သက်တဲ့ ကျောင်းသားဖြစ်တယ်။ သူက ရွှန်နဲ့ ဟယ်ရီ့ကို သူ့ရွှေငါးမျက်စိကြီးနဲ့ မျက်ဖြူလန်ပြနေတယ်။ သူတို့ ပါးရိုက်လို့ နားပြန်ကိုက်ရင် ချက်ချင်းကျောင်းပိတ်ခံရပြီး မတရားခံရတာပါလို့တောင် ပြောချိန်ရမှာ မဟုတ်ဘူးဆိုတာ သူတို့သိတယ်။

ဟယ်ရီရဲ့ ရောင်ကိုင်းဆေးကျိုတာ သိပ်ကြွသွားတယ်။ သူ့စိတ်ဟာ ပိုပြီး အရေးကြီးတဲ့ ကိစ္စမှာ အာရုံစိုက်နေတယ်။ သူ ဟာမီးအချက်ပြမှာကို စောင့်နေတယ်။ စနိတ်ပ်က ရပ်ပြီး သူ့ဆေးရည်ကြဲကြဲကို သရော်တာတောင် သူလုံးဝ မကြားဘူး။ စနိတ်ပ်က တစ်ဘက်လှည့်ပြီး နီဗီးကို အပြစ်ရှာဖို့ လုပ်နေတုန်းမှာ ဟာမီးက ဟယ်ရီ့အကြည့်နဲ့ ဆုံပြီး ခေါင်းညိတ်ပြလိုက်တယ်။

ဟယ်ရီဟာ သူ့ဆေးအိုးနောက်ကို ခါးကုန်းပြီး ပုန်းနေလိုက်တယ်။ အိတ်ကပ်ထဲကနေ ဖရက်ရဲ့ ဖစ်လစ်ဘတ်စတာ ဗျောက်အိုးတစ်လုံးကို ဆွဲထုတ်ပြီး မှော်ကြိမ်လုံးနဲ့ အမြန်တို့လိုက်တယ်။ ဗျောက်အိုးက တရှီရှီမြည်လာတယ်။ မီးပွားတွေ ထွက်လာတယ်။ သူ့မှာ အချိန်စက္ကန့်အနည်းငယ်သာ ရတာ ဟယ်ရီသိတယ်။ ဒါနဲ့ ကိုယ်ကို မတ်လိုက်ပြီး ပစ်မှတ်ကို ချိန်ကာ ဗျောက်ကို ပစ်လွှတ်လိုက်တယ်။ ဗျောက်အိုးဟာ ဂိုးရဲ့ ဆေးရည်ထဲ တည့်တည့်ကျသွားတယ်။

ဂိုးရဲ့ ဆေးတွေပေါက်ကွဲကုန်တယ်။ ကျောင်းသားအားလုံးကို ဆေးရည်တွေ ဖျန်းမိကုန်တယ်။ အားလုံးဟာ ရောင်ကိုင်းဆေးရည်ရဲ့ တိုက်ခိုက်မှုအောက်မှာ ထအော်ကြတယ်။ မော်ဖိုင်ဟာ မျက်နှာတစ်ခုလုံး ဆေးရည်တွေ အလောင်းခံရတယ်။ နှာခေါင်းဟာ ဖူဖောင်းလို ဖောင်းလာတယ်။ ဂိုးက လက်နဲ့ မျက်စိကို အုပ်ထားတယ်။ ဂယိမ်းဂယိုင်လျှောက်တိုက်နေတယ်။ သူ့မျက်စိဟာ နေ့လယ်စာ ထမင်းပန်းကန်ပြားလောက် ကြီးတယ်။ စနိတ်ပ်က အားလုံးကို



ငြိမ်သက်စေပြီး အကြောင်းအကျိုးမေးချင်လို့ တအားထိန်းသိမ်းနေတယ်။ အဲဒီလို ရှုပ်ထွေးနေစဉ်မှာ ဟာမီး ကျောင်းခန်းကခိုးထွက်တာ ဟယ်ရီမြင်ရတယ်။

"တိတ်တိတ်နေကြ၊ တိတ်တိတ်နေကြ" စနိတ်ပ်က ဟစ်အော်နေတယ်။ "ဆေးရည် ထိမိတဲ့ ကျောင်းသားတွေ ကျုပ်ဆီလာပြီး အရောင်လျှော့ဆေး ယူကြ။ ဘယ်သူလုပ်တယ်ဆိုတာ သိမှ ......"

ဟယ်ရီက မရယ်မိအောင် ထိန်းရင်း မော်ဖိုင်အလောတကြီး ရှေ့တက်သွားတာ ကြည့်နေတယ်။ သူ့နှာခေါင်းဟာ ဖရဲသီးလေးတစ်လုံးလို ရောင်ကိုင်းနေတယ်။ ခေါင်းဟာ အလေးချိန်ကြောင့် ငိုက်စိုက်ဖြစ်နေတယ်။ ကျောင်းသားတစ်ဝက်လောက်ဟာ ရုတ်ရုတ်သဲသဲနဲ့ စနိတ်ပ်စားပွဲဆီ တိုးခွေ့သွားကြတယ်။ တချို့ လက်မောင်းဟာ တင်းပုတ်ကြီးနဲ့ တူနေတယ်။ မြှောက်တောင် မမြှောက်နိုင်ဘူး။ တချို့ကျတော့ ပါးစပ်ကြီး အကြီးကြီးဖြစ်အောင် ရောင်ကိုင်းနေတယ်။ စကားတောင် ပြောလို့ မရဘူး။ ဒီအချိန်မှာ ဟာမီးမြေအောက် စာသင်ခန်းထဲ လစ်ဝင်လာတာ ဟယ်ရီတွေ့ရတယ်။ သူမရဲ့ အဲင်္ကျီရှေ့ဘက်မှာ ဖောင်းနေတယ်။

လူတိုင်း ဖြေဆေးသောက်ပြီး ရောင်ကိုင်းခြင်းအမျိုးမျိုး ပျောက်သွားပြီးနောက် စနိတ်ပ်ဟာ ဂိုးရဲ့ ဆေးအိုးရှေ့ကို အမြန်လျှောက်သွားပြီး လိမ်ကွေးနေတဲ့ အနက်ရောင်ဗျောက်အိုးအစကို ဇွန်းနဲ့ ခပ်ထုတ်လိုက်တယ်။ ကျောင်းခန်းထဲမှာ ငြိမ်ကျသွားတယ်။

"ဘယ်သူ လုပ်တယ်ဆိုတာ စစ်ဆေးတွေ့ရှိတာနဲ့" စနိတ်ပ်က အသံနိမ့်နိမ့်နဲ့ ပြောတယ်။ "အဲဒီလူကို ကျောင်းထုတ်ကို ထုတ်ပစ်မယ်"

ဟယ်ရီဟာ မိမိမျက်နှာပေါ်မှာ ဘာမှမသိတဲ့ပုံပေါ်အောင်နေတယ်။ စနိတ်ပ်က သူ့ကို ကြည့်နေတယ်လေ။ တော်ပါသေးတယ်၊ ဆယ်မိနစ်ကြာတော့ ကျောင်းဆင်းခေါင်းလောင်းထိုးသံ ကြားရတယ်။

"ငါဆိုတာ သူသိတယ်" သုံးယောက်သား ငိုမှိုက်တဲ့ မာဒေါ်ရဲ့ သန့်စင်ခန်းထဲ အလောတကြီး ပြန်လာခဲ့ကြတယ်။ "ငါ ဒါကို သိပါတယ်"

ဟာမီးက အသစ်ရလာတဲ့ဆေးကို ဆေးအိုးထဲ ဝစ်ထည့်ပြီး တက်ကြွစွာ မွှေပေးနေတယ်။

"နှစ်ပတ်အတွင်း ဆေးကျိုလို့ ပြီးမယ်" သူမက ဝမ်းသာစွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။

"မင်းလုပ်တယ်ဆိုတာ စနိတ်ပ် သက်သေမပြနိုင်ဘူး" ရွန်က ဟယ်ရီကို နှစ်သိမ့်ပြောဆိုတယ်။ "သူ ဘာလုပ်လို့ရမလဲ"

"မင်း စနိတ်ပ်ကို နားလည်ပါတယ်။ သူဒီတိုင်းနေမှာ မဟုတ်ဘူး" ဟယ်ရီက ပြောတယ်။ ဒီအချိန်မှာ ဆေးအိုးထဲက ဆေးတွေ တဗွက်ဗွက်နဲ့ အမြှုပ်တွေထနေတယ်။

တစ်ပတ်ကြာပြီးနောက် ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ရှေ့တံခါးခန်းမကို ဖြတ်သွားစဉ် လူအုပ်ကလေးတစ်အုပ် ကြော်ငြာကျောက်သင်ပုန်းရှေ့ ဝိုင်းအုံပြီး ခုတွင် ကပ်လိုက်တဲ့ သိုးရေစက္ကူပေါ်က စာကို ဖတ်နေတာ ရုတ်တရက် တွေ့လိုက်တယ်။ စီးမတ်စ်-ဖင်နစ်ဂင်နဲ့ ဒင်းသောမတ်စ်တို့ဟာ တက်ကြွတဲ့ အမူအရာနဲ့ သူတို့ကို ခေါ်နေတယ်။

"သူတို့ နှစ်ဦးချင်း အပြတ်တိုက်တဲ့ ကလပ်ဖွင့်မလို့တဲ့" စီးမတ်စ်က ပြောတယ်။ "ဒီည ပထမအကြိမ်ဆုံတွေ့ကြမယ်။ နှစ်ဦးချင်း အပြတ်တိုက်တဲ့ သင်တန်းသင်တာ ငါမဆန့်ကျင်ဘူး။ တစ်နေ့နေ့မှာ အသုံးကျနိုင်တယ်. . ."

"ဘာ၊ မင်းက စလေးသရင်းက ထူးဆန်းတဲ့ အကောင်ကြီးက နှစ်ယောက်ချင်း အပြတ်တိုက်မယ် ထင်လို့လား" ရွန်က ပြောတယ်။ ဒါပေမယ့် သူလည်း အဲဒီ ကြေညာချက်ကို အလွန်စိတ်ဝင်စားစွာ ဖတ်နေတယ်။

"တစ်နေ့အသုံးကျမှာ" သူက ဟယ်ရီနဲ့ ဟာမီးကို ပြောတယ်။ ဒီအချိန်မှာ သူတို့ ခန်းမကြီးဆီ လျှောက်သွားနေတယ်။ "ငါတို့သွားမလား"

ဟယ်ရီနဲ့ ဟာမီးတို့လည်း သွားဖို့ သဘောတူတယ်။ ဒါနဲ့ ညရှစ်နာရီမှာ သူတို့ ခန်းမကြီးထဲသို့ ပြန်ရောက်လာတယ်။ ထမင်းစားစားပွဲ ရှည်ရှည်ကြီးတွေ မရှိတော့ဘူး။ နံရံတစ်ဘက်ကို ကပ်ပြီး ရွှေရောင်ဇာတ်ခုံတစ်ခု ပေါ်ထွက်နေတယ်။ အပေါ်မှာ လွင့်နေတဲ့ ဖယောင်းတိုင် ရာအချို့က အလင်းရောင်ပေးနေတယ်။ မျက်နှာကြက်ဟာလည်း ကတ္တီပါလို နက်မှောင်နေပြန်တယ်။ ကျောင်းရှိကျောင်းသားအားလုံးလောက် လာကြတယ်။ တိုးကြိတ်နေကြပြီး လူတိုင်း မှော်ကြိမ်လုံး ကိုင်ထားကြတယ်။ တက်ကြွနေကြတယ်။

"ဘယ်သူ တို့ကို သင်မလဲ မသိဘူး" သူတို့ဟာ ကိုယ်ကို စောင်းပြီး ဆူညံနေတဲ့ လူအုပ်ထဲ တိုးဝင်တယ်။ ဟာမီးက ပြောတယ်။ "တစ်ယောက်



ငါ့ကို ပြောပြတယ်။ ဖလစ်ဝစ်ငယ်စဉ်က နှစ်ဦးချင်း အပြတ်တိုက်တဲ့ ဗိုလ်စွဲခဲ့တယ်တဲ့။ သူပဲ ငါတို့ကို လာသင်မယ်နဲ့ တူတယ်"

"သူမဟုတ်ရင် ပြီး —" ဟယ်ရီစကားမဆုံးခင်မှာ အသံက ညည်းညူသံဖြစ်သွားတယ်။ ဂစ်ဒရိုင်း-လော့ဟတ် စင်ပေါ်တက်သွားတာ မြင်ရတယ်။ ခရမ်းနီရောင် အကျီဝတ်ထားပြီး လက်ပြောင်နေတာပဲ။ သူ့ဘေးက လူဟာ တခြားသူမဟုတ်ဖူး၊ စနိတ်ပ်မှ စနိတ်ပ်။ သူခါတိုင်းဝတ်တဲ့ အကျီအနက်ပဲ ဝတ်ထားတယ်။

လော့ဟတ်က အားလုံးကို ငြိမ်သက်ဖို့ လက်ယမ်းပြတယ်။ ဒီနောက် အကျယ်ကြီး အော်ပြောတယ်။ "ရှေ့တိုးဝိုင်းကြ၊ ရှေ့တိုးဝိုင်းကြ။ အားလုံး ကျုပ်ကို မြင်ရလား။ ကျုပ်ပြောတာကော ကြားရရဲ့လား။ သိပ်ကောင်းတယ်။

"ဒီလိုပါ၊ ပါမောက္ခ ဒမ်ဘလီဒိုးက ကျုပ်ကို ဒီနှစ်ဦးချင်း အပြတ်တိုက်တဲ့ ကလပ်ကလေး တည်ထောင်ဖို့ ခွင့်ပြုတယ်။ အပြည့်အဝ လေ့ကျင့်မှုပေးမယ်။ တစ်နေ့နေ့ မင်းတို့ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ လိုလာရင် ကျုပ်အကြိမ်ပေါင်း မရေမတွက်နိုင်အောင် အသုံးပြုခဲ့တဲ့ နည်းနဲ့ မိမိကိုယ်မိမိ ကာကွယ်နိုင်တာပေါ့ — ဒါနဲ့ ပတ်သက်တဲ့ အကြောင်းစုံကို သိလိုရင် ကျုပ်ထုတ်ဝေတဲ့ စာအုပ်ကို ဖတ်ပါ။

"ကျုပ်လက်ထောက် ပါမောက္ခ စနိတ်ပ်ကို မိတ်ဆက်ပေးရဦးမယ်" လော့ဟတ်က ပြောရင်း ပါးစပ်ဖြဲပြီး ရယ်လိုက်တယ်။ "သူက ကျုပ်ကို ပြောပြတယ်။ သူ နှစ်ဦးချင်း အပြတ်တိုက်တာနဲ့ ပတ်သက်ပြီး နည်းနည်းတော့ သိတယ်လို့ ပြောတယ်။ သူက သင်တန်း မစခင်မှာ ကျုပ်နဲ့ ပူးပေါင်းကူညီပြီး နမူနာလေး လုပ်ပြဖို့လဲ ရက်ရောစွာ သဘောတူပါတယ်။ ကျုပ်က ပြောတယ်။ မင်းတို့ကလေးတွေကို စိုးရိမ်ကြောင့်ကြမှု မဖြစ်စေချင်ဘူး — ကျုပ်သူနဲ့ နမူနာပြပြီးနောက်၊ မင်းတို့ရဲ့ မှော်ဆေးပညာဆရာကို မှည့်တစ်ပေါက် မစွန်းရစေဘဲ မင်းတို့ လက်ကို အပ်မှာပါ။ ကြောက်စရာမလိုပါဘူး"

"တကယ်လို့ သူတို့ နှစ်ယောက်စလုံး သေကြေအနာတရ ရခဲ့ရင် သိပ်ကိုကောင်းမှာပဲနော်" ရွန်က ဟယ်ရီ့ နားနားကပ်ပြီး တိုးတိုးပြောတယ်။

စနိတ်ပ်ရဲ့ အပေါ်နှုတ်ခမ်း လန်တက်သွားတယ်။ လော့ဟတ် တပြုံးပြုံးဖြစ်နေတာ ဟယ်ရီနားမလည်နိုင်ဘူး။ တကယ်လို့ စနိတ်ပ်ဟာ အဲဒီအကြည့်မျိုးနဲ့ မိမိကို ကြည့်နေရင်၊ အစောကြီးကတည်းက ထွက်ပြေးမှာ။

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်ဆီသို့ အသေအလဲ ပြေးမှာ။

လော့ဟတ်နဲ့ စနိတ်ပ်တို့ မျက်နှာချင်းဆိုင်မိအောင် လှည့်လိုက်ကြပြီး အရိုအသေပေးကြတယ်။ အနည်းဆုံးတော့ လော့ဟတ်က အလေးပြုတယ်။ သူ့လက်နှစ်ဖက်ဟာ ပုံသဏ္ဍာန်အမျိုးမျိုးယမ်းပြနေတယ်။ စနိတ်ပ်ကတော့ စိတ်မရှည်ပဲ ခေါင်းတစ်ချက် လှုပ်လိုက်တယ်။ ဒီနောက် သူတို့ဟာ ကိုယ့်မှော်ကြိမ်လုံးကို ကိုယ့်ရဲ့ဘတ်ရှေ့မှာ ဓားရှည်လို မြှောက်ကိုင်ထားတယ်။

"မင်းတို့ မြင်တွေ့ရသလိုပဲ ကျုပ်တို့ဟာ နှစ်ဦးချင်း အပြတ်တိုက်တဲ့ ခါတိုင်း လုပ်နည်းအတိုင်း မှော်ကြိမ်လုံးကို ကိုင်ထားတယ်" လော့ဟတ်က ငြိမ်သက်နေတဲ့ လူအုပ်ကို ပြောတယ်။ "သုံးအထိရေတွက်မိတာနဲ့ ကျုပ်တို့ ပထမ မှော်ပညာကို သုံးမယ်။ ကျုပ်တို့ တစ်ဘက်က အသက်ကို အန္တရာယ်ပြုဖို့ မရည်ရွယ်တာတော့ သေချာပါတယ်"

"ငါတော့ မပြောဝံ့ဘူး" စနိတ်ပ် သွားပေါ်လာတာကို ကြည့်နေရင်း အသံနိမ့်နိမ့်ပြောတယ်။

"တစ် — နှစ် — သုံး —"

နှစ်ဦးစလုံး မှော်ကြိမ်လုံးကို ဇတ်ခနဲ ပခုံးထက်မြှောက်လိုက်တယ်။ စနိတ်ပ်က အော်တယ်။ "တိုက်ထုတ်ခံရစေ" ရုတ်တရက်ချင်း မျက်စိစူးတဲ့ အနီရောင်ထွက်ပေါ်လာပြီး လော့ဟတ်မရပ်တည်နိုင်အောင် အတိုက်ခံလိုက်ရတယ်။ သူဟာ ဇာတ်ခုံပေါ်ကနေ နောက်သို့ ပျံထွက်သွားပြီး နံရံနဲ့ ဝင်ဆောင့်တယ်။ ဒီနောက် အောက်ပြုတ်ကျပြီး ကြမ်းပေါ်ကို ပုံကျသွားတယ်။

မော်ဖိုင်နဲ့ တခြား စလေးသရင်းကျောင်းသားတွေ လက်ခုပ်တီး ဩဘာပေးကြတယ်။ ဟာမီးဟာ ခြေဖျားထောက်ပြီး ခုန်ခုန်ကြည့်ရင်း "သူ ဘာမှ မဖြစ်ဘူးလို့ နင်တို့ထင်လား" သူမဟာ လက်ချောင်းနဲ့ ပါးစပ်ကို ပိတ်ထားရင်း စူးရှစွာ အော်မေးတယ်။

"လွှတ်ထားလိုက်" ဟယ်ရီနဲ့ ရွန်က တစ်ပြိုင်နက် ပြောတယ်။

လော့ဟတ်ဟာ ဂယိမ်းဂယိုင် ထရပ်လိုက်တယ်။ သူ့ဦးထုပ်မရှိတော့ဘူး။ လှိုင်းသဏ္ဍာန် ဆံပင်ကောက်ကောက်ဟာ ထောင်ထနေတယ်။

"ကောင်းပြီ၊ အားလုံး မြင်တွေ့ရပြီနော်" သူ ဟိုယိုင်ဒီယိုင်နဲ့ ဇာတ်ခုံပေါ် ပြန်တက်လာပြီး ပြောတယ်။ "ဒါက လက်နက်ဖြုတ်တဲ့ မှော်ဂါထာ — မင်းတို့ မြင်တွေ့ရတဲ့အတိုင်းပဲ၊ ကျုပ် မှော်ကြိမ်လုံး ပျောက်သွားတယ်



— အား၊ ကျေးဇူးတင်ပါတယ်၊ မစ်ဘရောင်း။ ဟုတ်တယ်၊ ပါမောက္ခ စနိတ်ပ် သူတို့ကို ဒီပညာပြလိုက်တာ သိပ်ကို ဟန်ကျတာပဲ။ ဒါပေမယ့် ကျုပ် ဒီလိုပြောတာ ဘွေမယူပါနဲ့။ ခုနက ခင်ဗျား ဒီပညာထုတ်ပြရတဲ့ ရည်ရွယ်ချက်က ထင်ရှားပါတယ်။ ကျုပ် ခင်ဗျားကို တားချင်ရင် လွယ်လွယ်လေးပါ။ ကျုပ်က သူတို့တတွေ အတွေ့အကြုံရအောင် သူတို့ကို မြင်တွေ့ပါစေလို့ တွေးတာ . . . ."

စနိတ်ပ် မျက်နှာပေါ်မှာ လူသတ်ချင်စိတ်ပေါ်နေတယ်။ လော့ဟတ်သည်း သတိပြုမိတယ်နဲ့ တူတယ်။ သူက ပြောတယ်။ "နမူနာပြတာ ဒီတွင် ပြီးဆုံးပါပြီ။ အခု ကျုပ် မင်းတို့ထဲလာပြီး မင်းတို့ကို နှစ်ဖွဲ့ခွဲမယ်။ ပါမောက္ခ စနိတ်ပ်၊ ကျုပ်ကို ကူညီချင်တယ်ဆိုရင် . . . . . ."

သူတို့ဟာ လူအုပ်ထဲမှာ သွားလာပြီး အတွဲတွဲပေးတယ်။ လော့ဟတ်က နီဗီးနဲ့ ဂျတ်စတင်-ဖင့်-ဖလက်ချ်လီကို တစ်တွဲတွဲပေးတယ်။ ဒါပေမယ့် စနိတ်ပ်က ဟယ်ရီနဲ့ ရွန့်ရှေ့ကို အလျင်ရောက်သွားတယ်။

"အိပ်မက်အသင်း ဖျက်ပစ်သင့်ပြီလို့ ကျုပ် ထင်တယ်" သူက သရော်ပြောတယ်။ "ဝယ်စလီ၊ မင်း ဖင်နစ်ဂင်နဲ့ တစ်ဖွဲ့ဖွဲ့လို့ရတယ်။ ပေါ်တာ —"

ဟယ်ရီက ဟာမီးဘက်ကို တမင် ကပ်လိုက်တယ်။

"ကျုပ် ဒီလို မယူဆဘူး" စနိတ်ပ်က ပြောတယ်။ မျက်နှာပေါ်မှာ အေးစက်စက်အပြုံးနဲ့။ "မော်ဖိုင်၊ ဒီကိုလာ၊ နာမည်ကြီးပေါ်တာကို မင်းဘယ်လိုလုပ်ဖြစ်အောင် ပြုလုပ်နိုင်မလဲဆိုတာ ကြည့်ရအောင်။ မင်းကတော့ မစ်ဂရန်ဂျာ — မင်းက မစ်ဘားစထရိုနဲ့ တစ်တွဲတွဲနိုင်တယ်"

မော်ဖိုင်ဟာ ခပ်ကြွားကြွား လျှောက်လာတယ်။ ကျေနပ်စွာ ပြုံးရယ်နေတယ်။ သူ့နောက်မှာ စလေးသရင်း ကျောင်းသူတစ်ယောက်ပါလာတယ်။ သူမရဲ့ ရုပ်ရည်က ဟယ်ရီ့ကို 'စုန်းမကြီးနဲ့ အတူခရီးသွားခြင်း' ထဲက အရုပ်ကား တစ်ခုကို သွားသတိရစေတယ်။ သူမဟာ ထောင်ထောင်မောင်းမောင်း၊ တုတ်တုတ်ခိုင်ခိုင်ကြီး။ ဝအိနေတဲ့ မေးစေ့က ရှေ့တို့ ငေါထွက်နေတယ်။ ဟာမီးက သူမကို ရယ်ပြလိုက်တယ်။ သူမက လုံးဝ ဝရုစိုက်ဘူး။

"မင်းတို့ အဖွဲ့ဘက်ကို မျက်နှာလှည့်" လော့ဟတ်က ဇာတ်ခုံပေါ် ပြန်တက်ပြီး အော်ပြောတယ်။ "အရိုအသေပေး"

ဟယ်ရီနဲ့ မော်ဖိုင်ဟာ ခေါင်းတောင် မညိတ်သလောက်ပဲ။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေတယ်။

"မှော်ကြိမ်လုံးကို မြှောက်၊ အသင့်ပြင်" လော့ဟတ်က အကျယ်ကြီး ပြောတယ်။ "ကျုပ် သုံးထိရေတွက်မိတာနဲ့ မှော်ပညာသုံး။ တစ်ဘက်လူရဲ့ လက်နက်ကို ပြုတ်အောင်လုပ် — လက်နက်ကိုပဲ ပြုတ်အောင်လုပ် — ကျုပ်တို့ ပြဿနာမဖြစ်ချင်ဘူး။ တစ် — နှစ် — သုံး — "

ဟယ်ရီက ဇတ်ခနဲ မှော်ကြိမ်လုံးကို ပခုံးထက်မြှောက်လိုက်တယ်။ ဒါပေမယ့် မော်ဖိုင်ဟာ "နှစ်" လို့ ရေတွက်ချိန်မှာပဲ စတိုက်တယ်။ သူ့မှော်ကြိမ်လုံးဟာ ဟယ်ရီ့ကို ပြင်းထန်စွာ ထိမှန်သွားတယ်။ အသားနှပ် အိုးကြီး ခေါင်းကို လာမှန်သလို ဟယ်ရီခံစားရတယ်။ သူဂယိမ်းဂယိုင်ဖြစ်သွားတယ်။ တော်သေးတယ်၊ အားလုံး ဆက်လှုပ်ရှားနေသလိုပဲ။ ဒါနဲ့ ဟယ်ရီက အခွင့်အရေးကို ဆုပ်ကိုင်ပြီး မှော်ကြိမ်လုံးနဲ့ မော်ဖိုင်ကို ချိန်လိုက်ကာ အကျယ်ကြီး အော်လိုက်တယ်။ "ရစ်ခထပ်ဆမ်ပရာ"

ငွေရောင်ရောင်ခြည်တစ်ခု မော်ဖိုင့်ဗိုက်ကို လာမှန်တယ်။ သူခါးကွေး ပြီး ဟောဟဲဟောဟဲ ဖြစ်နေတယ်။

"ကျုပ်ပြောထားတယ်၊ လက်နက်ကိုပဲ ပြုတ်ရမှာ" လော့ဟတ်က ဇာတ်စင်ပေါ်မှာ ထိတ်လန့်တကြားနဲ့ အပြင်းအထန်တိုက်ခိုက်နေတဲ့ လူတွေ ကို အော်ပြောနေတယ်။ မော်ဖိုင် ကြမ်းပေါ် ဒူးထောက်ကျသွားတယ်။ ဟယ်ရီ က ဂလိထိုး မှော်ပညာနဲ့ သူ့ကို တိုက်မိသွားလို့ မော်ဖိုင် ပျော့ခွေပြီး မလှုပ်နိုင် တဲ့ထိ ရယ်နေတယ်။ ဟယ်ရီတွေဝေနေတယ်။ မော်ဖိုင်ကြမ်းပေါ်လဲကျနေ တုန်းမှာ သူ့ကို မှော်ပညာမသုံးသင့်တော့ဘူးလို့လည်း နည်းနည်းထင်မိတယ်။ ဒါဟာ ပြိုင်ပွဲ သစ္စာချိုးဖောက်တာ ဖြစ်တယ်။ ဒါပေမယ့် သူမှားသွားတယ်။ မော်ဖိုင်ဟာ ရှိုက်ရင်း မှော်ကြိမ်လုံးနဲ့ ဟယ်ရီ့ဒူးကို ချိန်ထားတယ်။ ရယ်ရင်း ရှိုက်ရင်း ပြောလိုက်တယ်။ "ထာရင်ထောလက်ဂရာ" ချက်ချင်းပဲ ဟယ်ရီ့ ခြေနှစ်ချောင်းဟာ ချုပ်ထိန်းလို့မရပဲ မြှောက်မြှောက်လာပြီး ခြေမြန် အက တနေသလိုပဲ။

"ရပ်၊ ရပ်" လော့ဟတ်က စူးရှစွာ အော်တယ်။ ဒါပေမယ့် စနိတ်ပ်က နေရာဝင်ယူလိုက်တယ်။

"ဂါထာ မန္တရား ရပ်" သူက အော်တယ်။ ဟယ်ရီ့ ခြေနှစ်ဖက် အက ရပ်သွားတယ်။ မော်ဖိုင်လည်း တအားရယ်တာ ရပ်သွားတယ်။ သူတို့နှစ်



ယောက်စလုံး ခေါင်းမော့နိုင်ကြပြီ။

စိမ်းရွှေရွှေ မီးခိုးတိမ်တွေ အစည်းဝေးခန်းထဲမှာ လွင့်နေတယ်။ နီဗီးနဲ့ ဂျတ်စတင် နှစ်ယောက်စလုံး ကြမ်းပေါ်လဲနေတယ်။ မောရှိုက်နေကြတယ်။ ရွန်က မျက်နှာတွေ ပြာနှမ်းနေတဲ့ စီးမတ်စ်ကို ဆွဲကိုင်ထားပြီး ၎င်းရဲ့ မှော်ကြိမ် လုံး အစုတ်ကြောင့် မှားမိတာကို တောင်းပန်နေတယ်။ ဟာမီးနဲ့ မစ်လစ်စင်က တော့ လှုပ်ရှားနေတုန်းပဲ။ မစ်လစ်စင်က ဟာမီးရဲ့ ခေါင်းကို ညှပ်ထားတာမို့ ဟာမီးနာလို့ တိုးတိုးအော်နေတယ်။ သူမတို့ နှစ်ယောက်စလုံး မှော်ကြိမ်လုံး တို ကြမ်းပေါ်မှာ မေ့ထားကြတယ်။ ဟယ်ရီက ရှေ့သို့ အမြန်ခုန်တက်သွား ပြီး မစ်လစ်စင်ကို ဆွဲပစ်လိုက်တယ်။ ဒါလွယ်တော့ မလွယ်ဘူး။ မစ်လစ်စင် ဟာ သူ့ထက်အများကြီး အကောင်ကြီးတယ်။

"ဘုရား၊ ဘုရား" လော့ဟတ်က ပြောရင်း လူအုပ်ထဲမှာ ဟိုဒီခုန်သွား ပြီး လူတွေ နှစ်ဦးချင်း အပြတ်တိုက်တဲ့ ရလဒ်ကို ကြည့်နေတယ်။ "မင်းထပါ၊ မက်မီလန် . . . . သတိထား၊ မစ်ဖောစက်၊ တစ်အားညှစ်ထား၊ သွေးချက်ချင်း တိတ်သွားလိမ့်မယ်၊ ဘုတ် . . . . . . "

"ကျုပ်ထင်တယ်၊ မင်းတို့ကို မိတ်ဆွေမဆန်တဲ့ မှော်ပညာကို ဘယ်လို တားဆီးရမယ်ဆိုတာ သင်ပေးမှဖြစ်မယ်" လော့ဟတ်ဟာ ပျာယီးပျာယာနဲ့ ခန်းမအလယ်မှာ ရပ်နေပြီး ပြောတယ်။ သူစနိတ်ပ်ကို တစ်ချက်ကြည့်လိုက် တယ်။ စနိတ်ပ်ရဲ့ မျက်လုံးအနက်ထဲမှာ ကြောက်စရာအရောင်လက်နေတယ်။ ဒါနဲ့ ချက်ချင်း အကြည့်ကိုဖယ်လိုက်တယ်။ "ကျေးဇူးပြုပြီး ကိုယ့်သဘောနဲ့ တစ်တွဲတက်ခဲ့ပါ — လွန်ဘော့တမ်နဲ့ ဖင့်-ဖလက်ချလီ။ မင်းတို့ ဘယ့်နှယ်လဲ"

"ဒီအကြံမကောင်းပါဘူး ပါမောက္ခလော့ဟတ်" စနိတ်ပ်က ပြော တယ်။ ဆီးဝါးတဲ့ လင်းနို့ကြီးလို ဇာတ်ခုံပေါ်မှာ ပေါ့ပါးလျင်မြန်စွာ လျှောက် သွားတယ်။ "လွန်ဘော့တမ်ဟာ အလွယ်ဆုံး ဂါထာသုံးတာတောင် ပြဿနာ ဖြစ်နိုင်တယ်။ ကျုပ်တို့ ဖင့်-ဖလက်ချလီရဲ့ ရုပ်ကြွင်းကို မီးခြစ်ဗူးထဲ ထည့်ပြီး ဆေးရုံပို့ရမှာ" နီဗီးရဲ့ ပန်းရောင် မျက်နှာဟာ ပိုပြီး နီလာတယ်။ "မော်ဖိုင်နဲ့ ပေါ်တာဆို မကောင်းဘူးလား" စနိတ်ပ်က ကောက်ကျစ်စွာ ရယ်ရင်း ပြော တယ်။

"သိပ်ကောင်းတဲ့ အကြံ" လော့ဟတ်က ပြောတယ်။ သူက ဟယ်ရီနဲ့ မော်ဖိုင်ကို ခန်းမအလယ်သို့ သွားဖို့ အမူအရာပြတယ်။ လူတွေ နောက်ဆုတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူတို့အတွက် နေရာဖယ်ပေးတယ်။

"ကောင်းပြီ၊ ဟယ်ရီ" လော့ဟတ်က ပြောတယ်။ "ငွါခိုက သူ့မော်ကြိမ်လုံးနဲ့ မင်းကို ချိန်ထားတဲ့အခါမှာ မင်းဒီလိုလုပ်"

သူဟာ မိမိမော်ကြိမ်လုံးကို မြှောက်ပြီး ဝဲယာလှုပ်ယမ်းလိုက်တယ်။ ရှုပ်ထွေးတဲ့ လက်ဟန်တွေပြတာမှာ သတိမထားမိပဲ မော်ကြိမ်လုံး ပြုတ်ကျသွားတယ်။ စနိတ်ပ်က ဘေးမှာ တဟင်းဟင်းရယ်တယ်။ လော့ဟတ်ဟာ မော်ကြိမ်လုံးကို အမြန်ကောက်ယူပြီး ပြောတယ်။ "အမလေး — ကျုပ်မော်ကြိမ်လုံးက နည်းနည်းတက်ကြွလွန်သွားတယ်"

စနိတ်ပ်က မော်ဖိုင်နားကပ်သွားပြီး သူ့ကို တိုးတိုး စကားပြောလိုက်တယ်။ မော်ဖိုင်ဟာ တဟင်းဟင်းနဲ့ အေးစက်စွာ ရယ်လာတယ်။ ဟယ်ရီက စိတ်လှုပ်ရှားစွာ လော့ဟတ်ကို မော့်ကြည့်ပြီး ပြောတယ်။ "ပါမောက္ခကျွန်တော့်ကို ဂါထာမန္တန်တားဆီးတဲ့နည်း နောက်ထပ် နမူနာပြနိုင်မလား"

"ကြောက်နေမလား" မော်ဖိုင်က လော့ဟတ်မကြားအောင် အသံနှိမ့်ပြီး ပြောတယ်။

"မင်း အိပ်မက်မက်ထား" ဟယ်ရီက ပါးစပ်ထောင့်ကနေ ပြောတယ်။

လော့ဟတ်ဟာ ဟယ်ရီ့ပခုံးကို ပျော်ရွှင်စွာ ပုတ်နေတယ်။ "ကျုပ်ခုနက ပြသလိုလုပ်၊ ဟယ်ရီ"

"ဘာလဲ၊ မော်ကြိမ်လုံးကို ကြမ်းပေါ်ကျအောင်လား"

ဒါပေမယ့် လော့ဟတ်က သူပြောတာ လုံးဝ နားမထောင်ဘူး။

"သုံး — နှစ် — တစ် — စ" သူက အော်တယ်။

မော်ဖိုင့်ဟာ အလျင်အမြန် မော်ကြိမ်လုံးကို မြှောက်ပြီး အော်ဟစ်လိုက်တယ်။ "ဆာပင်ဆော့ထီးယာ"

သူ့မော်ကြိမ်လုံးထိပ် ပေါက်ကွဲသွားတယ်။ ဟယ်ရီက ထိတ်လန့်စွာ ကြည့်နေတယ်။ မြွေနက်နက် ရှည်ရှည် တစ်ကောင် အထဲကထိုးထွက်လာပြီး သူတို့နှစ်ယောက်ကြားက ကြမ်းပြင်ပေါ် ဒိုင်းဆိုကျလာတယ်။ ဒီနောက် ခေါင်းထောင်လာပြီး တိုက်တော့မယ့် အနေအထားမှာ ရှိတယ်။ လူအုပ်က စူးစူးဝါးဝါး အော်ရင်း နောက်သို့ အလျင်အမြန် ဆုတ်ပေးပြီး ကွက်လပ်ပေးလိုက်တယ်။

"မလှုပ်နဲ့၊ ပေါ်တာ" စနိတ်ပ်က ပျင်းရိရိ ပြောတယ်။ သူဟာ ဟယ်ရီ နေရာတွင် မလှုပ်မယှက် ရပ်နေပြီး ဒေါသထနေတဲ့ မြွေနဲ့ မျက်စိချင်းစိုက်ကြည့်



နေတာ သိပ်ကျေနပ်ပုံပေါ်နေတယ်။ "ကျုပ် ဒင်းကို ဖယ်ပစ်လိုက်မယ် . . . ."

"ကျုပ်လုပ်မယ်" လော့ဟတ်က အော်တယ်။ သူဟာ မော်ကြိမ်လုံးကို မြှောက်ပြီး မြွေကို ခြိမ်းခြောက်တဲ့ အနေနဲ့ ယမ်းပြတယ်။ ရုတ်တရက် ဘမ်းဆိုအသံအကြီး ပေါ်လာကာ မြွေပျောက်မသွားတဲ့အပြင် ဆယ်ပေလောက် ခုန်တက်သွားပြီး ကြမ်းပေါ် ဒိုင်းခနဲ ပြန်ကျလာတယ်။ ဒင်းဟာ ဒေါသအိုးပေါက်ကွဲနေပြီး လျှာထုတ်ကာ ဂျတ်စတင်-ဖင့်-ဖလက်ချလီဆီ တည့်တည့်လာတယ်။ ဒီနောက် ဒင်းခေါင်းထောင်ပြီ အဆိပ်သွားတွေပေါ်လာတယ်။ တိုက်ခိုက်မယ့် အနေအထားမှာ ရှိနေတယ်။

ဟယ်ရီဟာ မိမိ ဘာကြောင့် ဒီလိုလုပ်မိမှန်း မသိဘူး။ မိမိ ဒီလိုလုပ်ဖို့ ဆုံးဖြတ်တာကို သတိမထားမိဘူး။ သူ့ခြေထောက်အလိုအလျောက် ရှေ့သို့ ထိုးသွားတာပဲ သိတယ်။ ဘီးကလေး စီးသွားသလိုပဲ။ ဒီနောက် သူဟာ အတီးအတနဲ့ မြွေကို အော်ပြောတယ်။ "သူ့ကို လွှတ်လိုက်"ထူးဆန်းအံ့ဩဖွယ် အဖြစ် ဖြစ်ပေါ်လာတယ် — နားမလည်နိုင်စရာပဲ — အဲဒီ မြွေဟာ ကြမ်းပေါ်မှာ ပျော့ခွေကျသွားပြီး ကြိုးလဲကြိုး မည်းလဲမည်းတဲ့ ရေပိုက်ပျော့လို ငြိမ်နှံ့စွာ ဟယ်ရီ့ကို ကြည့်နေတယ်။ ဟယ်ရီဟာ မိမိထိတ်လန့်မှုတွေ နည်းနည်းချင်း လျော့သွားနေတယ်လို့ ခံစားရတယ်။ မြွေဟာ ဘယ်သူ့မှ တိုက်တော့မှာ မဟုတ်ဘူးလို့ သူသိတယ်။ ဘယ်လိုလုပ်သိတာလဲဆိုတာတော့ သူမပြောတတ်ဘူး။

သူက ဂျတ်စတင်ကို မော့်ကြည့်တယ်။ သွားဖြဲရယ်ပြတယ်။ သူက ဂျတ်စတင် မျက်နှာပေါ်မှာ စိတ်အေးသွားတဲ့ ဘာမှန်းမသိတဲ့ ကျေးဇူးတင်တဲ့ အမူအရာကို မြင်ရမယ်ထင်တာ — ဒေါသနဲ့ ထိတ်လန့်မှုတော့ ခဖြစ်နိုင်ဘူး။

"မင်း မျက်လှည့်ပြနေတယ်များ ထင်နေသလား" သူက အော်တယ်။ ဟယ်ရီ စကားမပြောရခင်မှာပဲ ဂျတ်စတင် ခန်းမထဲက ပြေးထွက်သွားတယ်။

စနိတ်ပ် ရှေ့တက်လာတယ်။ သူ့မော်ကြိမ်လုံးကို ယမ်းလိုက်တာနဲ့ မြွေဟာ မီးခိုးနက်နက်ဖြစ်ပြီး ပျောက်သွားတယ်။ စနိတ်ပ်ကလည်း ဟယ်ရီ မထင်မှတ်တဲ့အကြည့်နဲ့ သူ့ကို ကြည့်နေတယ်။ အဲဒီအကြည့်ဟာ စူးရှတ်ချစ်ပြီး စူးစမ်းတွက်ချက်တဲ့အကြည့်။ ဟယ်ရီအလွန်မနှစ်သက်ဘူး။ ဘေးပတ်ဝန်းကျင်ကလူတွေ မကောင်းတဲ့ နိမိတ်ကြုံရသလို တိုးတိုးပြောနေတာ သူသတိ

www.burmeseclassic.com

www.burmeseclassic.com



ထားမိတယ်။ ဒီအချိန်မှာပဲ တစ်ယောက်က သူ့အင်္ကျီနောက်စကို ဆွဲလိုက်တယ်။

"သွားစို့" ရွှန်က သူ့နားနားကပ်ပြောတယ်။ "မြန်မြန်သွား — သွားလေ . . . ."

ရွှန်က သူ့ကို ခေါ်ပြီး ခန်းမထဲက ထွက်ခဲ့တယ်။ ဟာမီးလည်း ခြေလှမ်းမြန်မြန်နဲ့ သူတို့ဘေးက လိုက်လာတယ်။ သူတို့ အပေါက်ဝက ထွက်တဲ့အခါမှာ လူတွေ ဘေးကို ဖယ်သွားကြတယ်။ တစ်ခုခုနဲ့ ပတ်သက်မှာ စိုးသည့်ပဲ။ ဘာဖြစ်တယ်ဆိုတာ ဟယ်ရီ လုံးဝ နားမလည်ဘူး။ ရွှန်နဲ့ ဟာမီးလည်း ဘာမှ ရှင်းမပြဘူး။ တစ်လမ်းလုံး သူ့ကို ဆွဲခေါ်သွားပြီး လူမရှိတဲ့ ဂရစ်ဖင်ဒေါ အများအနားယူခန်းထဲထိ ခေါ်လာခဲ့တယ်။ ဒီနောက် ရွှန်က ဟယ်ရီကို လက်ရန်းပါတဲ့ ခုံတစ်လုံးထဲ တွန်းချလိုက်ပြီး ပြောတယ်။ "မင်း မြွေမာဂဓ စကားတတ်သူပဲ။ ဘာဖြစ်လို့ တို့ကို ပြောမပြတာလဲ"

"ငါက ဘာ" ဟယ်ရီက မေးတယ်။

"မြွေ မာဂဓစကားတတ်သူ" ရွှန်က ပြောတယ်။ "မင်း မြွေနဲ့ စကားပြောနိုင်တယ်"

"ငါသိပြီ" ဟယ်ရီက ပြောတယ်။ "ငါ့အမိပွာယ်က ဒါ ငါဒုတိယအကြိမ်ပြုလုပ်တာပဲ။ တစ်ကြိမ်က တိရစ္ဆာန်ရုံထဲမှာ။ ငါမထင်မှတ်ပဲ မြွေကြီးတစ်ကောင်ကို လွှတ်လိုက်မိတယ်။ မြွေက ငါ့အစ်ကို ဝမ်းကွဲ ဒါလီဆီ ပြေးသွားတယ် — ဒီအကြောင်းပြောရရင် ရှည်မယ်။ ထိုစဉ်က အဲဒီ စပါးကြီးမြွေက ငါ့ကို သူဘရာဇီးကို မသွားဖူးဘူးလို့ ပြောတယ်။ ငါလဲ မထင်မှတ်ဘဲ သူ့ကို လွှတ်လိုက်မိတယ်။ ငါတမင်လုပ်တာ မဟုတ်ဘူး။ အဲဒီတုန်းက ငါ့ကိုယ်ငါ မှော်ဆရာဆိုတာ မသိသေးဘူး . . . . . ."

"မြွေကြီးတစ်ကောင်က မင်းကို သူဘရာဇီးမရောက်ဖူးဘူးလို့ ပြောတယ် ?" ရွှန်က အသံပျော့ပျော့နဲ့ ပြောတယ်။

"ဘာဖြစ်လို့လဲ" ဟယ်ရီက ပြောတယ်။ "ငါလောင်းဝံ့တယ်။ ဒီက လူအများကြီး ဒီအတိုင်းလုပ်နိုင်တယ်"

"အိုး၊ သူတို့ မလုပ်နိုင်ဘူး" ရွှန်က ပြောတယ်။ "ဒါ လွယ်လွယ်တတ်တဲ့ ပညာမဟုတ်ဖူး။ ဟယ်ရီ၊ ဒါသိပ်အခြေအနေဆိုးတယ်"

"ဘာ အခြေအနေဆိုးတာလဲ" ဟယ်ရီက မေးတယ်။ ရင်ထဲမှာ ဒေါသ



ထွက်လာပြီလို့ ခံစားရတယ်။ "လူအားလုံး ဘာရောဂါရနေကြလဲ။ နားထောင်၊ ငါသာ ဟိုမြွေကို ဂျတ်စတင်ကို မတိုက်ဖို့ မပြောခဲ့ရင် — "

"အော်၊ မင်း သူ့ကို ပြောတာ ဒါလား"

"မင်း ဒါ ဘာအဓိပ္ပာယ်လဲ၊ မင်းလဲ အဲဒီမှာ ရှိနေတာပဲဟာ . . . . ငါပြောတာ မင်းကြားတာပဲ"

"မင်း မြွေမာဂဓ စကားနဲ့ပြောတာ ကြားတယ်" ရွှန်က ပြောတယ်။ "မြွေပြောတဲ့ စကား။ မင်း ဘာပြောပြော၊ ပြောနိုင်တာပဲ။ ဒါကြောင့် ဂျတ်စတင် ကြောက်လန့်တကြား ဖြစ်တာ။ မင်းပြောတဲ့ အသံဟာ ဟိုမြွေကို တိုက်တွန်းနေသလိုပဲတဲ့။ အဲဒါ ကြက်သီးမွေးညင်းထစေတဲ့ အသံ၊ မင်းသိလား"

ဟယ်ရီဟာ ပါးစပ်အဟောင်းသားနဲ့ သူ့ကို ကြည့်နေတယ်။

"ငါပြောတာ တခြားစကားတစ်မျိုး ? ဒါပေမယ့် — ငါသတိမထားမိဘူး — ငါ ဘယ်လိုလုပ်ပြီး တခြား ဘာသာစကားတစ်ခုကို ပြောတာ ကိုယ့်ဟာသာတောင် မသိတာ ဖြစ်နိုင်မှာလဲ"

ရွှန်က ခေါင်းခါတယ်။ သူနဲ့ ဟာမီးတို့ စိတ်လေးနေကြတယ်။ လူသေတာနဲ့ ကြုံရသလိုပဲ။ ဘာကိစ္စကများ ဒီလောက် ကြောက်စရာကောင်းနေတယ်ဆိုတာ ဟယ်ရီနားမလည်ဘူး။

"အရုပ်ဆိုးတဲ့ မြွေကြီး ဂျတ်စတင်ဦးခေါင်းကို ကိုက်ပစ်မှာကို တားဆီးတာဟာ ဘာများမှားလို့လဲဆိုတာ မင်းငါ့ကို ပြောပြနိုင်မလား" သူက ပြောတယ်။ ဂျတ်စတင် ခေါင်းမဲ့တောလိုက်အသင်းထဲ မဝင်ရရင် ငါဘယ်လို လုပ်လိုက်တယ်ဆိုတာ ဘာများအရေးကြီးလို့လဲ"

"အရေးကြီးတယ်" ဟာမီးအသံနိမ့်ပြီး စကားပြောပြီ။ "အကြောင်းက မြွေနဲ့ စကားပြောနိုင်တာဟာ ဆလာဇာ-စလေးသရင်းရဲ့ ကျော်ကြားတဲ့ ပညာပဲ။ ဒါကြောင့် စလေးသရင်း ဟောက်စ်ကျောင်းရဲ့ သင်္ကေတဟာ မြွေတစ်ကောင်ဖြစ်တာ"

ဟယ်ရီ ပါးစပ်ကြီး ဟသွားတယ်။

"ဒီအတိုင်းပဲ" ရွှန်က ပြောတယ်။ "အခု ကျောင်းသားအားလုံး မင်းကို သူ့ရဲ့ မြေးမြစ်တီတွတ် ဒါမှ မဟုတ်ရင် တစ်ခုခုလို့ ထင်နေကြမှာ . . . ."

"ဒါပေမယ့် ငါမဟုတ်ဘူးလေ" ဟယ်ရီက ပြောတယ်။ သူ့မှာ ရှင်းအောင် ပြောမပြနိုင်တဲ့ ကြောက်လန့်မှု ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို သက်သေပြရ တော်တော်ခက်တာ နင်တွေ့ရှိမှာပါ" ဟာမီးက ပြောတယ်။ "သူဟာ လွန်ခဲ့တဲ့ အနှစ်တစ်ထောင်ကျော်မှာ နေထိုင်သွားတာ ငါတို့ သိတဲ့ အခြေအနေအားလုံးအရ နင်ဟာ သူ့ဆက်ခံသူရဲ့ ဆက်ခံသူ တော်တော်ဖြစ်ဖို့ အကြောင်းရှိတယ်"

အဲဒီနေ့ညမှာ ဟယ်ရီ နာရီပေါင်းများစွာ အိပ်မပျော်ဘူး။ သူဟာ ခုတင်ဘေးပတ်လည်က လိုက်ကာကြားကနေ နှင်းတွေ ရဲတိုက်ပြတင်းရှေ့က ဖြတ်ကျတာ ကြည့်နေရင်း ရင်ထဲမှာ ဟာသလိုဖြစ်နေတယ်။

သူ ဆလာဇာ-စလေးသရင်းရဲ့ ဆက်ခံသူဖြစ်နိုင်မလား။ သူ့သူ့ဖခင်ရဲ့ အိမ်ထောင်နဲ့ ပတ်သက်ပြီး ဘာမှ မသိတာ အမှန်ပဲ။ ဒါစလီဇနီးမောင်နှံဟာ သူ့ကို မှော်ပညာတတ်တဲ့ ဆွေမျိုးတွေအကြောင်း မေးတာ တားမြစ်ထား ခဲ့တယ်။

ဟယ်ရီဟာ မြွေမာဂစကားနဲ့ တိတ်တိတ် စကားပြောကြည့်တယ်။ ဒါပေမယ့် ပြောလို့မရဘူး။ မြွေတစ်ကောင်နဲ့ မျက်နှာချင်းဆိုင်ဆုံမိမှ သူပြော နိုင်သလိုပဲ။

"ဒါပေမယ့် ငါဂရစ်ဖင်းဒေါကပဲ" ဟယ်ရီက တွေးတယ်။ "တကယ်လို့ ငါ့မှာ စလေးသရင်းသွေးပါရင် ဟို အမျိုးအစားခွဲ ဦးထုပ်က ငါ့ကို ဒီမှာ ထား မဟုတ်ဘူး . . . . . "

"ဟား ဟား" သူခေါင်းထဲက အသံသေးသေးလေးက ပြောတယ်။ "ဒါပေမယ့် အမျိုးအစားခွဲ ဦးထုပ်က အစတုန်းက မင်းကို စလေးသရင်းမှာ ထားချင်တာ။ မင်းမမှတ်မိတော့ဘူးလား"

ဟယ်ရီ ကိုယ်ကို တစ်ဘက်လှည့်လိုက်တယ်။ မနက်ဖန် သူမှော်ဆေး ပညာ သင်တန်းမှာ ဂျတ်စတင်ကို တွေ့ရင် သူက မြွေကို နောက်ဆုတ်ခိုင်း ထားတာ၊ မြွေကို တိုက်ခိုက်ဖို့ တိုက်တွန်းတာ မဟုတ်ဘူးလို့ ပြောပြမယ် စင်စစ် (သူက လက်သီးနဲ့ ခေါင်းအုံးကို ထုပြီး မကျေမနပ်တွေးတယ်) ဒါ အတောင် သိမြင်နိုင်တာပဲ။

ဒါပေမယ့် နောက်နေ့နံနက်မှာ ညကတည်းက ကျနေတဲ့ ဆီးနှင်းဟာ ပြင်းထန်တဲ့ ဆီးနှင်းမုန်တိုင်းဖြစ်လာတယ်။ ဒီတော့ ဒီကျောင်းပတ်ရဲ့



နောက်ဆုံး ဆေးပင်သင်တန်း ပယ်ဖျက်လိုက်တယ်။ ပါမောက္ခ စပရောက်စ်က မင်ဒရိတ်ပင်ကို ခြေအိတ်စွပ်၊ လည်စည်း စည်းပေးဖို့ လုပ်တယ်။ ဒါဟာ ဒရုတစိုက် လုပ်ရမယ့် အလုပ်ဖြစ်တယ်။ သူများကို ခိုင်းရမှာ စိတ်မချဘူး။ အခု မင်ဒရိတ်ပင် မြန်မြန်ကြီးအောင်လုပ်ပြီး မစ္စစ်နော်ရီးစ်နဲ့ မိုလင်- ခရီးပီးအသက်ကို ကယ်ဖို့ဟာ အလွန့်ကို အရေးကြီးတယ်။

ဟယ်ရီဟာ ဂရစ်ဖင်းဒေါ အများနားနေခန်းရဲ့ မီးဖိုဘေးမှာ ထိုင်နေ တယ်။ အတော်စိတ်ရှုပ်နေတယ်။ ရွန်နဲ့ ဟာမီးကတော့ ကျောင်းမတက်ရတဲ့ အချိန်လေးမှာ မှော်ကျားတစ်မျိုး ကစားနေတယ်။

"ဘုရား သိကြားမလို့၊ ဟယ်ရီ" ဟာမီးဟာ ရွန့်ရဲ့ ဘစ်ရှော့က သူမရဲ့ သူ့ရဲကောင်းကို မြင်းပေါ်က ဆွဲချပြီး ကျားကွက်ထဲက ဆွဲထုတ်သွားတာ မြင်လို့ နည်းနည်း မကျေမနပ်ဖြစ်နေတယ်။ "နင် ဒီကိစ္စကို ဒီလောက်အရေးကြီးတယ် ထင်ရင် ဂျတ်စတင်ကို သွားတွေ့ချေ"

ဒါနဲ့ ဟယ်ရီ မတ်တတ်ရပ်လိုက်ပြီး အရုပ်ကား ကျင်းပေါက်က ထွက်သွားတယ်။ ဂျတ်စတင် ဘယ်မှာရှိမလဲလို့ တွေးကြည့်တယ်။

ထူထဲတဲ့ မီးခိုးရောင် နှင်းတွေကျနေလို့ ပြတင်းပေါက်တိုင်းကို ပိတ်ဆို့ ခံနေတဲ့အတွက် ရဲတိုက်ဟာ ခါတိုင်းထက် နေ့အချိန်မှာ မှောင်နေတယ်။ ဟယ်ရီဟာ ချမ်းတုန်စွာ ကျောင်းတက်နေတဲ့ ကျောင်းခန်းတွေကို ဖြတ်သွားစဉ် အတွင်းက အခြေအနေကို မသဲမကွဲကြားရတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ က လူတစ်ယောက်ကို ဒေါသနဲ့ အော်ဆူနေတယ်။ ပြောသံအရ အဲဒီ လူဟာ မိတ်ဆွေကို ခွေးတူဝက်တူဖြစ်အောင် လုပ်ပစ်လိုက်တယ်။ သွားကြည့်လိုက်ချင် တဲ့ စိတ်ကို ထိန်းပြီး ဟယ်ရီရှေ့ဆက်သွားတယ်။ ဂျတ်စတင်ဟာ ကျောင်း မတက်ရတဲ့ အချိန်ကို ယူပြီး စာကျက်နေတယ်နဲ့ တူတယ်လို့ သူတွေးမိတာနဲ့ စာကြည့်တိုက် သွားရှာကြည့်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

တကယ်ပဲ၊ စာကြည့်တိုက် နောက်တန်းမှာ ဟပ်ဖဲလ်ပတ်ကျောင်းသားတစ် စုထိုင်နေတယ်။ သူတို့လဲ အစက မှော်ဆေးပင်သင်တန်းတက်ရမှာ။ ဒါပေမယ့် သူတို့ကြည့်ရတာ စာကျက်နေတာနဲ့ မတူဘူး။ ဟယ်ရီဟာ စာအုပ်စင် မြင့်မြင့် အတန်းလိုက်တွေကြားမှာ ရပ်နေတယ်။ သူတို့ ခေါင်းတွေ စုအုံပြီး အကြောင်းအရာတစ်ခုကို ပြောနေတာ မြင်ရတယ်။ ဂျတ်စတင် သူတို့ကြားထဲ မှာ ရှိမရှိဆိုတာ သူမမြင်ဘူး။ သူ သူတို့ဆီ သွားဖို့လုပ်နေတုန်းမှာ ရုတ်တ

www.burmeseclassic.com

www.burmeseclassic.com



ရတ် သူတို့စကားသံကြားလိုက်ရတယ်။ သူခြေလှမ်း တန့်လိုက်ပြီး တိုး ပျောက်စာအုပ်နယ်ပယ်မှာ ပုန်းပြီး နားစွင့်နေတယ်။

"ဒါကြောင့် ဘယ်လိုပဲ ပြောပြော" ထွားထွားကျိုင်းကျိုင်းကောင်လေး တစ်ယောက်က ပြောတယ်။ "ငါက ဂျတ်စတင်ကို တို့အိပ်ခန်းထဲ ပုန်းနေဖို့ တယ်၊ ငါ့အမိပ္ပာယ်က ပေါ်တာသာ သူ့ကို လုပ်ပစ်ဖို့ ဆုံးဖြတ်ရင် ပုန်းနေ တာ အကောင်းဆုံးပဲ။ ဂျတ်စတင်ဟာ သတိမထားဘဲ ပေါ်တာကို သူ့ မတ်ဂေါ်က လာတာလို့ ပြောထွက်သွားပြီးကတည်းက ဒီလိုဖြစ်မယ်ဆိုတာ ခန့်မှန်းပြီးသားပါ။ ဂျတ်စတင်က ပေါ်တာကို သူ့အိတန်မှာ ကျောင်းနေ တယ်လို့လဲ ပြောပြသေးတယ်။ စလေးသရင်းရဲ့ မျိုးဆက်ကို ဒီစကားနဲ့ အရမ်းပြောလို့ မရဘူး၊ ဟုတ်တယ်မှုတ်လား"

"ဒီလိုဆိုရင်၊ အာနီ၊ မင်းပေါ်တာလို့ သေချာပြောနိုင်လား" နောက်ဆုံး မှာ ကျစ်ဆံမြီး ကျစ်ထားတဲ့ ကောင်မလေးက အလောတကြီးမေးတယ်။

"ဟန်နာ" ထွားကျိုင်းတဲ့ ကောင်လေးကတည်တည်ပြောတယ်။ "သူက မြွေမာဂဓတတ်သူ။ အားလုံးသိတဲ့အတိုင်း ဒါဟာ မှော်နက်ဆရာရဲ့ အမှတ် အသား။ မင်းဘယ်မှန်ကန်တဲ့ မှော်ဆရာ မြွေနဲ့စကားပြောတယ်လို့ ကြားဖူး လဲ။ သူတို့က စလေးသရင်း ကိုယ်နှိုက်ကို မြွေမာဂဓကျွမ်းကျင်သူလို့ ခေါ်တာ"

ဒီစကားကြားတော့ အားလုံး ဒီအကြောင်းကို တိုးတိုးပြောဆိုနေကြ တယ်။ အာနီက ဆက်ပြောတယ်။ "နံရံပေါ်မှာ ရေးထားတဲ့ စာကို မှတ် မိသေးလား။ 'ဆက်ခံသူကို ရန်ပြုသူ၊ သတိထား' ပေါ်တာနဲ့ ဖစ်ချ် စကားများ တယ်။ ချက်ချင်းပဲ ဖစ်ချ်ရဲ့ကြောင် ဒုက္ခရောက်တာ တို့သိရတယ်။ ဟိုပထမ နှစ် ကျောင်းသားသစ်ခရိဗီးဟာ ခွေဒစ်ပြိုင်ပွဲမှာ ပေါ်တာ စိတ်ဆိုးအောင်လုပ်ခဲ့ တယ်။ သူ့ရှုံ့ထဲလဲနေတုန်း ဓာတ်ပုံသွားရိုက်လို့။ ငါတို့ ဆက်ပြီး သိရတာက ခရိဗီးလဲ ဒုက္ခရောက်သွားတာပဲ"

"ဒါပေမယ့် သူ့ကြည့်ရတာ ခင်မင်စရာပဲ" ဟန်နာက တွေဝေစွာ ပြောတယ်။ "ပြီးတော့၊ ဟုတ်ပြီ . . . . ထိုနှစ်က သူ့ကြောင့် လျို့ဝှက်သူ ပျောက်ဆုံးသွားတာ။ သူဒီလောက် မဆိုးနိုင်ပါဘူး၊ ဟုတ်တယ် မှုတ်လား"

အာနီက လျို့ဝှက်စွာ အသံကို နှိမ့်လိုက်တယ်။ ဟော့ဖ်ဖတ်တွေ ငြိမ်း နီးနီး ခေါင်းချင်းဆိုင်သွားကြတယ်။ ဟယ်ရီက ကိုယ်ကို စောင်းပြီး နီးအောင်တိုး သွားတယ်။ ဒါကြောင့် အာနီရဲ့ စကားကို ကြားရတယ်။



"ထိုနှစ်က သူ လျို့ဝှက်သူ တိုက်ခိုက်ခံရတုန်းက ဘယ်လိုသေဘေးက လွတ်ခဲ့တယ်ဆိုတာ လူတိုင်း သိတယ်။ ငါ့အမိပ္ပာယ်က အဲဒီကိစ္စ ဖြစ်ပွား တုန်းက သူ ကလေးလေးပဲရှိသေးတယ်။ သူကြေမွသွားရမှာ။ တကယ့်ကို အင် အားကောင်းတဲ့ မှော်နက်ဆရာမှ အဲဒီလို ကျိန်စာက လွတ်နိုင်တာ" သူ့အသံ ခိုနိမ့်သွားတယ်။ နားနားကပ်ပြောတာနဲ့ တူတူပဲ။ သူက "ဒါကြောင့်နဲ့ တူတယ်။ လျို့ဝှက်သူက သူ့ကို အရင် သတ်ချင်တာ။ သူနဲ့ ယှဉ်ပြိုင်မယ့် 'ဘီလူး' တစ်ကောင် နောက်ထပ်မပေါ်စေချင်ဘူး။ ပေါ်တာမှာ အများမသိ စေတဲ့ တခြား ဘာပညာတွေ ရှိနေသေးလဲ မသိဘူး"

ဟယ်ရီ ဆက်နားထောင်လို့ မရတော့ဘူး။ သူက ချောင်းဟန့်လိုက်ပြီး စာအုပ်စင်နောက်က ထွက်လာတယ်။ သူဒီလောက်စိတ်ဆိုးမနေရင် သူ့ရှေ့က မြင်ကွင်းဟာ သိပ်ကို ရယ်စရာကောင်းတာ တွေ့လိမ့်မယ်။ သူ့ကို မြင်တာနဲ့ ဟော့ဖ်ဖတ်တိုင်းဟာ ကြက်သေသေသွားကြတယ်။ အာနီရဲ့ မျက်နှာပေါ်မှာ သွေးရောင် ချက်ချင်းပျောက်သွားတယ်။

"ဟဲလို" ဟယ်ရီက ပြောတယ်။ "ငါ ဂျတ်စတင်-ဖင့်ချ်-ဖလက်ချလီ ကို ရှာနေတာ"

ဟော့ဖ်ဖတ်ကျောင်းသားတွေ အစိုးရိမ်ရဆုံးကိစ္စ သက်သေခံလိုက်သလို ဖြစ်သွားတယ်။ သူတို့အားလုံး ကြောက်လန့်စွာ အာနီကို ကြည့်နေတယ်။

"မင်း သူ့ကို ဘာလို့ ရှာတာလဲ" အာနီက အသံတုန်တုန်နဲ့ မေးတယ်။

"ငါ သူ့ကို ပြောပြမလို့။ နှစ်ဦးချင်း အပြတ်တိုက်ကလပ်မှာတုန်းက မြွေနဲ့ ပတ်သက်တဲ့အကြောင်းပါ" ဟယ်ရီက ပြောတယ်။

အာနီက ဖြူဖပ်တဲ့ နှုတ်ခမ်းကို ကိုက်လိုက်တယ်။ ဒီနောက် အသက် ပြင်းပြင်းရှူလိုက်ပြီး ပြောတယ်။ "ထိုစဉ်က တို့လဲ အဲဒီမှာ ရှိတယ်၊ ဘယ်လို ဖြစ်တယ်ဆိုတာ တို့တွေ့တယ်"

"ဒါဖြင့်ရင် မင်းတို့ ငါမြွေကို စကားပြောပြီးနောက်၊ ၎င်းနောက်ဆုတ် သွားတာ သတိထားမိလား" ဟယ်ရီက ပြောတယ်။

"ငါတွေ့တာက" အာနီက ခေါင်းမာစွာ ပြောတယ်၊ သူ့ကိုယ်ကတော့ နေရာတမ်းတုန်နေတယ်။ "မင်းမြွေမာဂဓနဲ့ ပြောတယ်၊ မြွေကို ဂျတ်စတင်ကို တိုက်ခိုက်ခိုင်းတယ်"

"ငါ မြွေကို သူ့အတိုက်မခိုင်းပါဘူး" ဟယ်ရီ ဒေါသထွက်လို့

www.burmeseclassic.com

www.burmeseclassic.com



အသံတုန်နေတယ်။ "မြွေက သူ့ကို ထိတောင်မထိဘူး"

"နည်းနည်းလေးလိုတော့တာ" အာနီက ပြောတယ်။ "မင်း ငါ့ကို လုပ်ချင်ရင်" သူက လောလောပြောတယ်။ "ငါမင်းကို ပြောပြမယ်၊ မင်းငါ တို့ အိမ်ထောင်မျိုးဆက် ကိုးဆက် မှော်ဆရာအိမ်ထောင်ဆိုတာ စစ်ဆေးနိုင် တယ်။ ငါ့သွေးဟာ သူများတွေလိုပဲ သန့်စင်တယ်။ ဒါကြောင့် — "

"မင်းမှာ ဘာသွေးရှိတယ်ဆိုတာ ငါစိတ်မဝင်စားပါဘူး" ဟယ်ရီ ဒေါ တန်စွာ ပြောတယ်။ "ငါက ဘာဖြစ်လို့ မတ်ဂေါ်ကို တိုက်ရမှာလဲ"

"မင်းနဲ့အတူနေတဲ့ မတ်ဂေါ်တွေကို မင်းမုန်းတယ်လို့ ကြားတယ်" အာနီက အလျှင်အမြန်ပြောတယ်။

"ဒါ့စလီ မိသားစုနဲ့အတူနေရင် သူတို့ကို မမုန်းဘူးဆိုတာ မဖြစ်နိုင် ဘူး" ဟယ်ရီက ပြောတယ်။ "မင်း သွားစမ်းနေကြည့်စေချင်တယ်"

သူဇတ်ခနဲ လှည့်ပြီး ဒေါသနဲ့ စာကြည့်တိုက်က ထွက်လာတယ်။ မဒမ်ဖင့်စ်ဟာ ဂါထာစာအုပ်ရဲ့ ရွှေရောင်အနားကွပ် မျက်နှာဖုံးကို သုတ်နေ တယ်။ သူ့ကို မကျေမနပ် မော့်ပြီး စိုက်ကြည့်နေတယ်။

ဟယ်ရီဟာ ဂယိမ်းဂယိုင်နဲ့ စင်္ကြံထဲ ဝင်လာတယ်၊ သူဘယ်ဆီသွား နေတယ်ဆိုတာ သတိမထားမိဘူး။ နောက်ဆုံးမှာ အရာဝတ္ထုတစ်ခုနဲ့ ဝင်တိုက် တယ်။ အဲဒီ အရာဟာ ကြီးကြီးမြင့်မြင့်၊ တုတ်တုတ်ခိုင်ခိုင်ကြီး။ သူ့ကို နောက်သို့ ပစ်လဲသွားစေတယ်။

"အော၊ မင်္ဂလာပါ၊ ဟက်ဂရစ်" ဟယ်ရီက ပြောရင်း ခေါင်းမော့်လိုက် တယ်။

ဟက်ဂရစ်ရဲ့ မျက်နှာဟာ ဆီးနှင်းတွေပေကပ်နေတဲ့ သံခေါင်းစွပ် ပုံသဏ္ဌာန် သိုးမွေးဦးထုပ်နဲ့ တင်းတင်းထုပ်ထားတယ်။ ဒါပေမယ့် သူ့အပြင် တခြားသူ မဖြစ်နိုင်ဘူး။ အကြောင်းက ပွေးရေ အပေါ်အင်္ကျီဝတ်ထားတဲ့ ကိုယ် ခန္ဓာကြီးက စင်္ကြံကိုပြည့်လုနီးနီးရှိနေပြီ။ သူ့ရဲ့ လက်အိတ်စွပ်ထားတဲ့ လက်နဲ့ ကြက်ဖအသေတစ်ကောင် ဆွဲထားတယ်။

"ဘယ့်နှယ်လဲ၊ ဟယ်ရီ" သူက ပြောရင်း စကားပြောရလွယ်အောင် သံခေါင်းစွပ်ပုံစံ ဦးထုပ်ကို အပေါ်သို့ ဆွဲလိုက်တယ်။ "မင်း၊ ဘယ့်နှယ် ကျောင်းမတက်ဘူးလား"

"အတန်းဖျက်လိုက်တယ်" ဟယ်ရီက ပြောရင်း ကုန်းထတယ်။ "ခင်



ဗျား ဒီဘာလာလုပ်တာလဲ"

ဟက်ဂရစ်က ပျော့ခွေနေတဲ့ ကြက်ဖကို မြှောက်လိုက်တယ်။

"ဒါဒီကျောင်းပတ်မှာ အသတ်ခံရတဲ့ ဒုတိယကြက်" သူက ရှင်းပြ တယ်။ "မြေခွေးဖြစ်ရင် ဖြစ်၊ မဖြစ်ရင် သွေးစုတ်တဲ့ မကောင်းဆိုးဝါးဖြစ်မယ်။ ကျုပ်ကြက်ခြံဘေးမှာ ဂါထာနဲ့ စီရင်နိုင်ဖို့ ကျောင်းအုပ်ဆရာကြီးရဲ့ ခွင့်ပြု ချက် လိုတယ်"

သူဟာ ဆီးနှင်းတွေ ကပ်နေတဲ့ မျက်ခုံးမွေးထူထူအောက်က မျက်စိနဲ့ ဟယ်ရီ့ကို ပိုပြီး သေသေချာချာကြည့်တယ်။

"မင်း တကယ် ဘာမှ မဖြစ်ပါဘူးနော်။ မင်းကြည့်ရတာ သိပ်စိတ်ဆိုး နေသလိုပဲ၊ မပျော်သလိုပဲ"

ဟယ်ရီဟာ အာနီနဲ့ တခြား ဟာ့ဖ်ဖတ် ကျောင်းသားတွေ ခုနက သူ့အကြောင်းပြောတာကို ပြန်ပြောဖို့ သတ္တိမရှိဘူး။

"ဘာမှ မဖြစ်ပါဘူး" သူက ပြောတယ်။ "ကျွန်တော်သွားရတော့မယ်၊ ဟက်ဂရစ်။ ရုပ်ပြောင်းအတန်းတက်ရမယ်။ ကျွန်တော် စာအုပ်သွားယူရမယ်"

သူထွက်လာတယ်။ ခေါင်းထဲမှာ အာနီ သူ့အကြောင်းပြောတာ စဉ်း စားနေတယ်။

"ဂျတ်စတင်ဟာ သတိမထားပဲ ပေါ်တာကို သူဟာ မတ်ဂေါ်ကလာ တာလို့ ပြောထွက်သွားပြီးကတည်းက ဒီလိုဖြစ်မယ်ဆိုတာ ခန့်မှန်း ပြီးသားပါ . . . . ."

ဟယ်ရီဟာ ခြေလှမ်းလေးပင်စွာ လှေခါးကို တက်ခဲ့ပြီး စင်္ကြံနောက် တစ်ခုသို့ ကွေ့ချိုးလိုက်တယ်။ ဒီနေရာဟာ တော်တော်မှောင်တယ်။ ပြတင်း မှန်တစ်ချပ်ပျက်နေတယ်။ အေးစက်တဲ့ လေရိုင်းတိုက်လာလို့ မီးတုတ်ငြိမ်းသွား တယ်။ သူလမ်းခုလတ်ရောက်တော့ ကြမ်းပေါ်လှဲချထားတဲ့ အရာတစ်ခုနဲ့ ခလုတ်တိုက် လဲသွားတယ်။

သူ လှည့်လိုက်တယ်။ မျက်စိမှေးပြီး ဘာနဲ့တိုက်မိလဲလို့ ကြည့်တော့ ချက်ချင်းပဲ သူ့အစာအိမ်ထဲက ကလီစာတွေ ပျော်ဖြစ်သွားသလို ခံစားရတယ်။

ဂျတ်စတင်-ဖင့်ချ်-ဖလက်ချလီ ကြမ်းပေါ် ဝတ်လတ်လဲနေတယ်။ တစ်ကိုယ်လုံး အေးစက် မာတောင့်ပြီး ထိတ်လန့်ချောက်ချားတဲ့ အမူအရာဟာ သူ့မျက်နှာပေါ်မှာ ခဲနေသလိုပဲ။ မျက်ဆံဟာ ငိုင်ပြီး မျက်နှာကြက်တို စိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတယ်။ ဒါနဲ့တင် မပြီးသေးဘူး၊ သူ့ဘေးမှာ ပုဂ္ဂိုလ်တစ်ယောက်ရှိသေးတယ်၊ ဟယ်ရီဟာ ဒီလောက်ထူးဆန်းအံ့သြဖွယ် မြင်ကွင်းကို ဘယ်တုန်းကမှ မမြင်ဖူးခဲ့ဘူး။

အဲဒါက ခေါင်းပျောက်ဖို့နည်းနည်းလိုတော့တဲ့ နစ်ခ်။ ၎င်းဟာ နိုပြုံးရောင် ဒိုးယိုပေါက်မြင်ရတာ မဟုတ်တော့ပဲ တစ်ကိုယ်လုံး မည်းနက်နေတယ်၊ အခိုး ငွေ့တွေ ထွက်ပြီး ကြမ်းနဲ့ ခြောက်လက်မ အကွာမှာ မလှုပ်မယှက် စန့်စန့်ကြီး လေထဲမှာ မြောက်နေတယ်။ သူ့ဦးခေါင်းဟာ တစ်ဝက် ပြုတ်ကျနေတယ်၊ မျက်နှာပေါ်မှာ ဂျတ်စတင်လို ထိတ်လန့်ချောက်ချားတဲ့ အမူအရာနဲ့၊

ဟယ်ရီ အမြန်မတ်တပ်ရပ်လိုက်တယ်။ အသက်ရှူမြန်ပြီး ရင်တွေတအား ခုန်နေတယ်။ ဗုံကလေးတစ်လုံး ရင်ထဲမှာ တီးနေသလိုပဲ။ သူဟာ ဘာလုပ်ရမှန်းမသိ၊ လူမရှိတဲ့ စင်္ကြံထဲမှာ ဟိုဟိုဒီဒီ ကြည့်တယ်။ ပင့်ကူတွေ အတန်းစီပြီး အလောတကြီးထွက်ပြေးတာ မြင်ရတယ်၊ သူ ဘာသံမှ မကြားရဘူး၊ စင်္ကြံရဲ့ တစ်ဘက်စွန်း ကျောင်းခန်းထဲက ??ရော့စကားသံ သဲ့သဲ့ကိုပဲ ကြားရတယ်။

သူထွက်ပြေးလို့ရတယ်။ သူဒီကို လာသွားတယ်ဆိုတာ ဘယ်သူမှ မသိဘူး၊ ဒါပေမယ့် သူအနေနဲ့ သူတို့ ဒီမှာ လဲနေတဲ့အတိုင်း ထားရစ်ပြီး တိုယ့်ဖာသာ ထွက်မသွားနိုင်ဘူး . . . . . . သူ ကူညီမယ့်လူ ရှာရမယ်။ ဒီကိစ္စ သူနဲ့မပတ်သက်ဘူးဆိုတာ ယုံတဲ့လူ ရှိပါ့မလား။

သူဟာ နေရာတွင်ရပ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ ဒီအချိန်မှာပဲ သူ့ဘေးက တံခါးတစ်ချပ် ဒိုင်းဆို ပွင့်သွားပြီး နောက်တတ်တဲ့ သရဲဖီးဗိစ် ပြေးထွက်လာတယ်။

"အိုး ချာတိတ်လေး ပေါ်တာပါလား" သရဲဖီးဗိစ်က တခစ်ခစ်ရယ်ရင်း ခုန်ဆွခုန်ဆွနဲ့ ဟယ်ရီ့ဘေးက ဖြတ်သွားတယ်။ ဟယ်ရီ့မျက်မှန်ကို ရွှဲ့အောင် တိုက်မိသွားတယ်။ "ပေါ်တာ ဘာလုပ်နေလဲ။ ပေါ်တာ ဘာဖြစ်လို့ ပုန်းလျှိုး ကွယ်လျှိုးနဲ့လဲ —"

သရဲဖီးဗိစ်ဟာ လေထဲ ဂွမ်းတစ်ပတ်ထိုးလို့ တစ်ဝက်ရှိသေးတယ်၊ ရုတ်တရက် မလှုပ်ပဲ ရပ်သွားတယ်။ သူဟာ ခေါင်းအောက်စိုက်ပြီး ဂျတ်စတင်နဲ့ ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ခ်ကို မြင်သွားတယ်။ သူဟာ ဖျတ်လတ်



စွာ ကိုယ်ကို မတ်လိုက်ပြီး အသက်ပြင်းပြင်းရှူလိုက်တယ်။ ဟယ်ရီ မတားနိုင်လိုက်ခင်မှာပဲ ကုန်းအော်ပါတော့တယ်။ "တိုက်ခိုက်ပြီ၊ တိုက်ခိုက်ပြီ၊ တိုက်ခိုက်ပြန်ပြီ။ လူရော သရဲပါ ချမ်းသာမပေးဘူး။ အသက်ရှင်ဖို့ ပြေးကြပေး၊ တိုက်ခိုက်လာပြီ"

ဂရတ် — ဂရတ် — ဂရတ် — စင်္ကြံထဲက တံခါးတွေ တစ်ချပ်ပြီး တစ်ချပ် ပွင့်သွားတယ်။ လူတွေ တိုးထွက်လာတယ်။ အနေရခက်တဲ့ မိနစ်အနည်းငယ်အတွင်းမှာ အခြေအနေ အလွန်ရှုပ်ထွေးတယ်။ ဂျတ်စတင် ပြားသွားမယ့် အန္တရာယ်ရှိတယ်။ ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ခ် ကိုယ်ခန္ဓာထဲကို လူတွေ အဆက်မပြတ် ဝင်ရပ်မိတယ်။ မိမိ နံရံဘေးထိ အတိုးခံရတာ ဟယ်ရီတွေ့ရှိတယ်။ ဒီအချိန်မှာ ဆရာတွေ အော်ဟစ်ပြီး စည်းကမ်းထိန်းသိမ်းကြတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ် ပြေးချလာတယ်။ နောက်မှာ သူမအတန်းက ကျောင်းသားတွေ ပါလာတယ်။ ဒီထဲက တစ်ယောက်ဆို ခေါင်းအဆံပင် အနက်စင်းအဖြူစင်းတွေနဲ့ပဲ ရှိသေးတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ မှော်ကြိမ်လုံးနဲ့ အသံကျယ်ကြီးဖြစ်အောင် ခေါက်လိုက်တယ်။ အားလုံး ငြိမ်ကျသွားတယ်။ သူမက အားလုံး ကျောင်းခန်းထဲ ပြန်သွားကြဖို့ အမိန့်ပေးတယ်။ သူတွေ သွားလို့ ကုန်ခါနီးမှာ ဟပ်ဖဲလ်ပတ်က အာနီဟာ အမောတကော အချင်းဖြစ်ပွားရာကို ရောက်လာတယ်။

"လက်ပူးလက်ကြပ်မိပြီ" အာနီ မျက်နှာဖြူနေတယ်။ ပြဇာတ်ဆန်ဆန် ထတ်နဲ့ ဟယ်ရီကို ညွှန်ပြရင်း အကျယ်ကြီးပြောတယ်။

"တော်ပြီ၊ အာနီ" ပါမောက္ခ မက်ဂေါ်နာဂေါ်က ဟန့်လိုက်တယ်။

သရဲဖီးဗိစ်ဟာ ခေါင်းပေါ်မှာ ဝဲပျံပြီး အောက်ကအခြေအနေတစ်ခုလုံးကို ငုံ့ကြည့်နေတယ်။ ဒီအချိန်မှာ သွားဖြဲပြီး မကောင်းတဲ့ရယ်ခြင်း ပေါ်လာတယ်။ သရဲဖီးဗိစ်ဟာ အားလုံး ကမောက်ကမဖြစ်မှ ကြိုက်တာ။ ဆရာတွေ ဂျတ်စတင်နဲ့ ခေါင်းပျောက်ဖို့နည်းနည်းလိုတဲ့ နစ်ခ်ကို ကုန်းကြည့်နေစဉ်မှာ သရဲဖီးဗိစ်က စဆိုတယ်။

အိုး၊ ပေါ်တာ သောက်မြင်ကတ်စရာ၊ မင်းလုပ်တာ ကြည့်ပါဦး၊

မင်းက ကျောင်းသားကို သေအောင်လုပ်တယ်။ ကိုယ့်ဟာကိုယ် သိပ် ပျော်တယ်ထင်နေတယ် —။

"မရှုပ်နဲ့တော့၊ သရဲဖီးဗိစ်" ပါမောက္ခ မက်ဂေါ်နာဂေါ်က ဟောက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သရဲဖိုးဖိစ်က ဟယ်ရီကို လှှာထုတ်ပြပြီး နောက်ကို ကမန်းကတ
ဆုတ်ရင်း ထွက်ပြေးသွားတယ်။

ဂျတ်စတင်ကို ပါမောက္ခ ဖလစ်ဝစ်နဲ့ နက္ခတ္တဗေဒဌာနက ပါမော
ဆင်နီစ်တို့ ဆေးရုံကို သယ်သွားတယ်။ ဒါပေမယ့် ခေါင်းပျော
နည်းနည်းလိုတဲ့ နစ်ခ်ကို ဘယ်လို လုပ်ရမယ်ဆိုတာ သိတဲ့လူ မရှိသလော
နောက်ဆုံးမှာ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ဒီအတိုင်း ယပ်တောင်ကြီး
ဖန်ဆင်းပြီး အာနီကိုပေးလိုက်တယ်။ သူ့ကို ခေါင်းပျောက်ဖို့ နည်းနည်း
နစ်ခ်ကို လှေးခါးပေါ် ယပ်တောင်နဲ့ ခပ်တင်ခိုင်းတယ်။ အာနီက ဒီ
လုပ်တယ်။ နစ်ခ်ကို ယပ်ခတ်ရင်း ရှေ့သို့ သွားတယ်။ အသံမထွက်တဲ့ အ
ရောင် လေခုတုံး သဘော်လိုပဲ။ စင်္ကြံထဲမှာ ပါမောက္ခ မက်ဂေါ်နာ
ဟယ်ရီတို့ နှစ်ယောက်ပဲ ကျန်တယ်။

"ဒီက သွား၊ ပေါ်တာ" သူမက ပြောတယ်။

"ပါမောက္ခ" ဟယ်ရီက အမြန်ပြောတယ်။ "ကျွန်တော် ကျိန်ဆို
ကျွန်တော် — "

"ဒီကိစ္စကို ငါကိုင်တာ မဟုတ်ဖူး၊ ပေါ်တာ" ပါမောက္ခ မက်ဂေါ်နာ
က တိုတိုဖြေတယ်။

သူတို့ဟာ တိတ်တိတ်လေး ကွေ့တစ်ခုကို ချိုးလိုက်တယ်။ ပါမော
ဟာ အလွန်တရာ အရုပ်ဆိုးတဲ့ ကြီးမားတဲ့ တိရစ္ဆာန်ဆန်း ကျောက်ရုပ်
ရပ်လိုက်တယ်။

"ရေခဲစိမ်သံပရာရည်" သူမက ပြောတယ်။ ဒါစကားဝှက်ဆိုတာ
ချာတယ်။ တိရစ္ဆာန်ဆန်းဟာ ရုတ်တရက် အသက်ရှင်လာပြီး ဘေးသို့ ခုန်
တယ်။ ၎င်းနောက်က နံရံနှစ်ခြမ်းကွဲသွားတယ်။ ဟယ်ရီဟာ ဆိုက်ရောက်
တော့မယ့် ကံကြမ္မာအတွက် ပူပင်သောကရောက်နေပေမယ့် မအံ့သြဘဲ
နိုင်ဘူး။ နံရံနောက်မှာက လည်ပတ်တဲ့လှေခါး၊ အထက်ကို ဖြည်းဖြည်း
သွား နေတယ်။ စက်လှေခါးလိုပဲ။ ဟယ်ရီနဲ့ ပါမောက္ခ မက်ဂေါ်နာဂေါ်
ရပ်လိုက်တာနဲ့ နောက်ဘက်က ဂလုံးဆိုတဲ့ အသံကြားရပြီး နံရံပြန်ပိတ်
တယ်။ သူတို့ဟာ လည်ပတ်ရင်း အထက်သို့ မြင့်မြင့်တက်သွားတယ်။ မြ
တက်သွားတယ်။ နောက်ဆုံးမှာ အနည်းငယ် ခေါင်းမူးလာတဲ့ ဟယ်ရီဟာ
မှာ လက်နေတဲ့ ဝက်သစ်ချတံခါး တစ်ချပ်ကို တွေ့ရတယ်။ တံခါး




ခြင်္သေ့ကိုယ် သိန်းငှက်ခေါင်း ပုံသဏ္ဌာန်တံခါး လက်ကိုင်ဂွင်းတစ်ခုကို တွေ့ရ
တယ်။

သူ့ကို ဘယ်ခေါ်လာတယ်ဆိုတာ ဟယ်ရီသိတယ်။ ဒါ ဒမ်ဘလီဒိုး
နေတဲ့ နေရာပဲဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၂။ ဗဟုဆေးပေါင်းရည်

ထိပ်ဆုံးရောက်တော့ သူတို့ ကျောက်လှေခါးက ထွက်ခဲ့ကြတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါဟာ တံခါးရွက်တစ်ခုကို ခေါက်လိုက်တယ်။ တံခါး အသံမထွက်ပဲ ပွင့်သွားတယ်။ သူတို့ ဝင်သွားကြတယ်။ ပါမောက္ခ မက်ဂေါ် နာဂေါက ဟယ်ရီ့ကို စောင့်နေခိုင်းပြီး ထွက်သွားတယ်။ ဟယ်ရီတစ်ယောက် ထဲ ထားပစ်ခဲ့တယ်။

ဟယ်ရီ ပတ်ဝန်းကျင်ကို ကြည့်တယ်။ တစ်ခုတော့ သေချာတယ်။ ဒီ တစ်နှစ်အတွင်း ဟယ်ရီရောက်ဖူးတဲ့ ဆရာ့ရုံးခန်းတွေထဲမှာ ဒမ်ဘယ်ဒိုရဲ့ ရုံးခန်းဟာ သိပ်သိပ်စိတ်ဝင်စားစရာ အကောင်းဆုံးပဲ။ တကယ်လို့ ဟယ်ရီ ဟာ မိမိကျောင်းထုတ်ခံရမှာကို ကြောက်လို့ မတည်မငြိမ်ဖြစ်မနေခဲ့ရင် ဒီ လာကြည့်ခွင့်ရတာ အလွန့်ကို ဝမ်းသာမှာပဲ။

ဒီနေရာဟာ ကျယ်ဝန်းပြီး လှပတဲ့ အခန်းဝိုင်းကြီး ဖြစ်တယ်။ ရယ်ချင် စရာ အသံသေးသေးလေးတွေနဲ့ ပြည့်နေတယ်။ ခြေတံသွယ်သွယ် စားပွဲပေါ် မှာ ထူးဆန်းအံ့ဩဖွယ် ငွေပစ္စည်းတွေရှိတယ်။ လည်ပတ်နေပြီး မီးခိုးတန်းလေး



တွေ ပန်းထွက်နေတယ်။ နံရံပေါ်မှာ ယခင်က ကျောင်းအုပ် အမျိုးသား အမျိုး သမီးကြီးများရဲ့ ဓာတ်ပုံများ ချိတ်ဆွဲထားတယ်။ သူတို့ဟာ သူတို့ အသီးသီး ရဲ့ ဓာတ်ပုံဘောင်ထဲမှာ ဟောက်နေကြတယ်။ အခန်းထဲမှာ ကြီးမားတဲ့ စားပွဲ တစ်လုံးလည်း ရှိသေးတယ်။ စားပွဲခြေထောက်က အကောင်လက်သည်းပုံစံ။ စားပွဲ နောက်က စင်ပေါ်မှာက စုတ်ပြတ်ပြီး တွန့်ကြေနေတဲ့ မှော်ဆရာဦးထုပ် — အမျိုးအစားခွဲ ဦးထုပ်။

ဟယ်ရီ တွေဝေနေတယ်။ သူဟာ ပတ်ဝန်းကျင်ရှိ နံရံပေါ်မှာ အိပ်မော ကျနေတဲ့ မှော်ဆရာဆရာမတွေကို သတိရှိရှိကြည့်လိုက်တယ်။ သူဦးထုပ်ကို ယူပြီး ခေါင်းပေါ် ဆောင်းကြည့်ရင် ဘာမှတော့ ဖြစ်မှာ မဟုတ်ဘူးထင်တယ်။ သူ သိချင်တာက ....မိမိကို သင့်တော်တဲ့ ဟောက်စ်ကျောင်းမှာ ထား သလားဆိုတာပဲ သိချင်တာ။

သူဟာ စားပွဲကို အသာလေး ကွေ့ပတ်သွားပြီး စင်ပေါ်က ဦးထုပ်ကို ယူပြီး ဖြည်းဖြည်းဆောင်းလိုက်တယ်။ ပထမအကြိမ် ၎င်းကို ဆောင်းရသလိုပဲ။ ဦးထုပ်က သိပ်ကြီးလို့ လျှောကျပြီး သူ့မျက်စိကို အုပ်သွားတယ်။ ဟယ်ရီဟာ ဦးထုပ်ရဲ့အတွင်းခံသားအနက်ရောင်ကို စိုက်ကြည့်ရင်း စောင့်နေတယ်။ ဒီအချိန်မှာ အသံသေးသေးတစ်ခုက နားနားကပ်ပြောတယ်။ "အတွေးမပေါက် တဲ့ ကိစ္စ ရှိတယ်လား၊ ဟယ်ရီ-ပေါ်တာ"

"အော၊ ဟုတ်တယ်" ဟယ်ရီက မရှင်းမလင်း အသံလေးနဲ့ ပြောတယ်။ "အိုး — အနှောင့်အယှက်ပေးတဲ့အတွက် ဝမ်းနည်းပါတယ် — ကျွန်တော် မေးချင်တာက — "

"မင်းက ငါ မင်းကို သင့်တော်တဲ့ ဟောက်စ်ကျောင်းမှာထားသလားဆို တာ သိချင်နေတယ်" ဦးထုပ်က ကျင်လျင်စွာ ပြောတယ်။ "ဟုတ်တယ် .... မင်းနေရာကို တိကျအောင် ထားဖို့မလွယ်ဘူး၊ ဒါပေမယ့် ကျုပ်ကတော့ ကျုပ် မူလကပြောခဲ့တာကိုပဲ ရပ်တည်တယ် — " ဟယ်ရီ့နှလုံး တအားခုန်လာ တယ် — "မင်းစလေးသရင်းမှာဆိုရင် သိပ်သင့်တော်မှာ"

ဟယ်ရီ့နှလုံးဟာ အောက်ကို နိမ့်ဆင်းသွားသလိုပဲ။ သူဟာ ဦးထုပ် ထိပ်ကို ကိုင်ပြီး ချွတ်ပစ်လိုက်တယ်။ ဦးထုပ်ဟာ သူ့လက်ထဲမှာ ပျော့ပျော့ ကြီး တွဲလောင်းကျနေတယ်။ ညစ်ပတ်ပြီး အရောင်ကျွတ်နေပြီ။ ဟယ်ရီက ၎င်းကို မူလအတိုင်း စင်ပေါ်ပြန်ထားလိုက်တယ်။ အနန်ချင်သလိုဖြစ်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမှားနေပြီ" သူက တိတ်တိတ်လေးငြိမ်နေတဲ့ ဦးထုပ်ကို ပြောတယ်။ ဦးထုပ်က မလှုပ်ဘူး။ ဟယ်ရီက ၎င်းကို ကြည့်နေတယ်။ ရုတ်တရက် နောက်ဘက်ကနေ ထူးဆန်းတဲ့ အသက်ရှူကြပ်တဲ့အသံမျိုး ပေါ်လာတယ်။ သူဇတ်ခနဲ ကိုယ်ကိုလှည့်လိုက်တယ်။

အခန်းထဲမှာ သူတစ်ယောက်ထဲ မဟုတ်ဖူး။ တံခါးနောက် ရွှေရောင် တင်ထားတဲ့ ငှက်နားအကိုင်းမြင့်မြင့်ကြီးပေါ်မှာ အိုကြီးအိုမနဲ့ ငှက်တစ်ကောင် ရပ်နေတယ်။ အမွေးတစ်ဝက်နုတ်ခံထားရတဲ့ ကြက်ဆင်နဲ့တူနေတယ်။ ဟယ်ရီက ၎င်းကို စိုက်ကြည့်တယ်။ အဲဒီ ငှက်ကလည်း မှုန်ကုပ်တဲ့ အကြည့်နဲ့ သူ့ကို ကြည့်နေတယ်။ တစ်ချိန်ထဲမှာ အဲဒီအသက်ရှူကြပ်သလို အသံထွက်နေတယ်။ ၎င်းကိုကြည့်ရတာ အလွန်အမင်း ဖျားနာနေတယ်လို့ ဟယ်ရီခံစားရတယ်။ ၎င်းရဲ့ မျက်စိဟာ အလင်းရောင်မရှိဘဲ ဟယ်ရီ ၎င်းကို ကြည့်နေတုန်း မှာပဲ အမွေးတစ်ချို့ ၎င်းရဲ့ အမြီးကနေ ကျလာတယ်။

တကယ်လို့ ဒမ်ဘာလီဒိုးရဲ့ ငှက်သေသွားခဲ့ရင် ရုံးခန်းထဲမှာလည်း သူနဲ့ ငှက်သာရှိနေတယ်။ ဒီကိစ္စ တစ်ခုတည်းနဲ့ သူ့အဖို့မလွယ်ဘူးလို့ ဟယ်ရီက တွေးတယ်။ အဲဒီလို တွေးနေချိန်မှာပဲ ငှက်တစ်ကိုယ်လုံး မီးထလောင်လာတယ်။

ဟယ်ရီဟာ လန့်ပြီး အော်တယ်။ နောက်ဆုတ်ရင်း စားပွဲကို ဝင်တိုက်မိ တယ်။ သူဟာ စိတ်ပူပင်စွာ ပတ်ဝန်းကျင်ကို ကြည့်တယ်။ ရေတစ်ခွက်ဖြစ် ဖြစ် ရမလားလို့။ ဒါပေမယ့် မတွေ့ရဘူး။ ဒါနဲ့ တစ်ချိန်တည်းမှာ အဲဒီငှက်ဟာ မီးလုံးဖြစ်သွားပြီ။ ၎င်းဟာ နာကျင်စွာ အော်လိုက်ပြီး ပျောက်ကွယ်သွားတယ်။ ကြမ်းပေါ်မှာ လုံးဝငြိမ်းမသွားသေးတဲ့ ပြာတစ်ပုံသာ ကျန်ရစ်တယ်။

ရုံးခန်းတံခါးပွင့်လာတယ်။ ဒမ်ဘာလီဒိုး ဝင်လာတယ်။ သူ့အမူအရာ တ လေးနက်နေတယ်။

"ပါမောက္ခ" ဟယ်ရီက ရှိုက်ဖိုစွာ ပြောတယ်။ "သင့်ငှက် — ကျွန်တော် မတတ်နိုင်ဘူး — ၎င်းရုတ်တရက် မီးထလောင်တယ် — "

ဟယ်ရီသိပ်အံ့သြသွားတာက ဒမ်ဘာလီဒိုးဟာ ပြုံးလာလို့ပဲ။

"အချိန်လဲ ရောက်နေပါပြီ" သူက ပြောတယ်။ "၎င်းပုံပန်းသဏ္ဌာန် ကြောက်စရာကောင်းတာ ရက်အတော်ကြာပြီ။ ကျုပ်က ၎င်းကို မြန်မြန်လှုပ် ရှားဖို့ ပြောပြောနေတာ"

ဟယ်ရီ အံ့အားသင့်တဲ့ အမူအရာကို မြင်တော့ သူအသာလေးရယ်တယ်။



"ဖောခ်စ်ဟာ ဇာမဏီတစ်ကောင်ဖြစ်တယ် ဟယ်ရီ။ ဇာမဏီဟာ သေဆုံးခါနီးချိန်မှာ မိမိကိုယ်မိမိ မီးလောင်သွားစေတယ်။ ပြီးတော့မှ ပြာပုံထဲ ကနေ အသစ်တဖန် မွေးဖွားတယ်။ မင်း ၎င်းကို ကြည့်နေ . . . . . ."

ဟယ်ရီ ငုံ့လိုက်တော့ အတော်ပဲ တစ်ကိုယ်လုံးအရေရှုံ့နေတဲ့ ငှက် ပေါက်စသေးသေးလေး ပြာပုံထဲက ခေါင်းထောင်လာတာတွေ့ရတယ်။ ၎င်းရဲ့ ရုပ်ရည်ဟာ ငှက်အိုကြီးလိုပဲ အရုပ်ဆိုးတယ်။

"၎င်းကို လောင်ကျွမ်းတဲ့နေ့မှာ မင်းမြင်တွေ့ရတာ ဝမ်းနည်းစရာပဲ" ဒမ်ဘာလီဒိုးက ပြောရင်း စားပွဲနောက်မှာ ထိုင်လိုက်တယ်။ "၎င်းဟာ အများ အားဖြင့် အလွန်လှပတယ်။ တစ်ကိုယ်လုံး အံ့သြစရာ အနီရောင်နဲ့ ရွှေရောင် အမွေးအတောင်တွေချည်းပဲ။ ဇာမဏီဟာ အလွန်တရာထူးခြားပြီး ဆွဲဆောင် အားကောင်းတဲ့ အသက်။ ၎င်းတို့ဟာ အလွန့်အလွန်လေးပင်တဲ့ အရာကို သယ်ဆောင်နိုင်တယ်။ ၎င်းတို့ရဲ့ မျက်ရည်ဟာ ဒဏ်ရာကိုကုသပေးနိုင်တယ်။ ဒ့ပြင် ၎င်းတို့ဟာ အထူးသစ္စာရှိတဲ့ လက်သပ်မွေး အချစ်တော်သတ္တဝါဖြစ် တယ်"

ဟယ်ရီဟာ ဖောခ်စ်ကိုယ့်ကိုယ်ကို မီးရှို့သေဆုံးတဲ့ ထိတ်လန့်မှုထဲမှာ သူဒီကိုလာရတဲ့အကြောင်း ယာယီမေ့ပျောက်သွားတယ်။ ဒါပေမယ့် ခုချိန်မှာ ဒမ်ဘာလီဒိုးဟာ စားပွဲနောက်က ကျောမှီထိုင်ခုံမြင့်ပေါ် ထိုင်လိုက်ပြီး ကြည်ပြာ ရောင် ထိုးထွင်းမြင်နိုင်တဲ့ အကြည့်နဲ့ သူ့ကို စိုက်ကြည့်နေချိန်မှာ သူအားလုံး ပြန်သတိရလာပြီ။

သို့ပေမယ့် ဒမ်ဘာလီဒိုး ဘာမှ ပြန်မပြောရခင်မှာ ရုံးခန်းတံခါး ဒိုင်း တနဲ တွန်းဖွင့်ခံရတယ်။ ဟက်ဂရစ်ပြေးဝင်လာတယ်။ မျက်စိထဲမှာ ဒေါသမီး နဲ့။ သံခေါင်းစွပ်ပုံသဏ္ဌာန် ဦးထုပ်ကို မည်းနက်ရှုပ်ပွေတဲ့ ခေါင်းပေါ် ဆောင်း ထားတယ်။ အဲဟို ကြက်ဖအသေကောင်ဟာ သူ့လက်ထဲမှာ လှုပ်ယမ်းနေ တုန်းပဲ။

"ဟယ်ရီ မဟုတ်ဖူး၊ ပါမောက္ခဒမ်ဘာလီဒိုး" ဟက်ဂရစ်က စိတ်ပူစွာ ပြောတယ်။ "ဟိုကလေးကို မတွေ့ခင် စက္ကန့်အနည်းငယ်မှာ သူနဲ့ စကား ပြောနေသေးတယ်။ သူလုံးဝ အချိန်မရဘူး၊ ဆရာ . . . . . . "

ဒမ်ဘာလီဒိုးတစ်ခုခုပြောချင်တယ်။ ဒါပေမယ့် ဟက်ဂရစ်က အော်ဆူ နေတယ်။ ပြီးတော့ စိတ်တိုတိုနဲ့ လက်ထဲက ကြက်ဖကို ယမ်းခါနေလို့

www.burmeseclassic.com

www.burmeseclassic.com



ကြွက်မွေးတွေ နေရာတကာ ရောက်ကုန်တယ်။

"...... သူမဖြစ်နိုင်ဘူး။ လိုအပ်ရင် ကျုပ်မှော်ဝန်ကြီးဌာနကြီးရှေ့မှာ ကျိန်ဆိုနိုင်တယ် ......"

"ဟာက်ဂရစ်၊ ကျွန်တော် — "

"..... ခင်ဗျား လူဖမ်းမှားနေပြီ၊ ဆရာ၊ ဟယ်ရီလုံးဝ မလုပ်တာ ကျုပ်သိတယ်။

"ဟာက်ဂရစ်" ဒမ်ဘယ်လီဒိုးအသံမြှင့်ပြောတယ်။ "ဟိုလူတွေကို ဟယ်ရီတိုက်ခိုက်တာလို့ ကျုပ်မထင်ပါဘူး"

"အိုး" ဟာက်ဂရစ်က ပြောတယ်။ ကြက်ဖဟာ သူ့ကိုယ် နဘေးမှာဆွဲအိအိ တွဲလောင်းကျနေတယ်။ "ကောင်းပြီ၊ ကျုပ်အပြင်ဘက်မှာ စောင့်နေမယ်။ ကျောင်းအုပ်ဆရာကြီး"

သူဟာ ခြေလေးလေးဆောင့်နင်းပြီး ထွက်သွားတယ်။ စိတ်အနှောင့်အယှက် ဖြစ်ပုံရတယ်။

"ကျွန်တော်မဟုတ်ဖူးလို့ သင်ထင်သလား၊ ပါမောက္ခ" ဟယ်ရီက မျှော်လင့်ချက်အပြည့်နဲ့ မေးရင်း ဒမ်ဘယ်လီဒိုး စာပွဲပေါ်က ကြက်မွေးတွေကို ခါချတာ ကြည့်နေတယ်။

"ဟုတ်တယ်၊ ဟယ်ရီ၊ ကျုပ် မဟုတ်ဖူးလို့ ထင်တယ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ ဒါပေမယ့် သူ့မျက်နှာပေါ်က အမူအရာဟာ လေးနက်လာပြန်တယ်။

"ဒါပေမယ့် ကျုပ် မင်းနဲ့ ဆွေးနွေးချင်သေးတယ်"

ဟယ်ရီဟာ စိတ်လှုပ်ရှားစွာ စောင့်နေတယ်။ ဒီအချိန်မှာ ဒမ်ဘယ်လီဒိုးက သူ့ကို စူးစမ်းကြည့်နေတယ်။ သွယ်လျတဲ့ လက်ချောင်းထိပ်တွေ ထိတွေ့နေတယ်။

"ကျုပ် မင်းကို မေးချင်တယ် ဟယ်ရီ၊ မင်းမှာ ကျုပ်ကို ပြောပြချင်တဲ့ ကိစ္စရှိလား" သူက သိမ်မွေ့စွာ ပြောတယ်။ "ဘာမဆို"

ဟယ်ရီဟာ ဘယ်လိုပြောရမှန်း မသိဘူး။ သူဟာ မော်ဖိုင်ရဲ့ အော်သံကို သတိရတယ်။ "နောက်တစ်ယောက်ဆို နင်တို့ပဲ၊ ရွှံ့သွေးတွေ" ဗဟုဆေးပေါင်းရည်ကို ငိုရှိုက်တဲ့ မားတော်ရဲ့ သန့်စင်ခန်းထဲမှာ ဖြည်းဖြည်းကျိုနေတာ သတိရတယ်။ ဆက်လက်ပြီး သူဟာ နှစ်ကြိမ်တိုင်တိုင် ကြားရတဲ့ ဟိုဝိညာဉ်



ရဲ့ အသံကို သတိရပြန်တယ်။ ရွန်ပြောတဲ့ "သူများမကြားရတဲ့ အသံကို ကြားတာ ကောင်းတဲ့နိမိတ်မဟုတ်ဖူး။ မှော်လောကထဲမှာလဲ ဒီတိုင်းပဲ" ဆိုတဲ့ စကားကိုသတိရတယ်။ အများက သူ့ကို ပြောဆိုနေတဲ့ စကားနဲ့ မိမိကြာလေပြင်းထန်လေဖြစ်လာတဲ့ စိုးရိမ်မှု၊ မိမိနဲ့ ဆလာဇာ-စလေးသရင်းကြားမှာ ဝတ်သက်မှု တစ်ခုခုရှိမှာကို ကြောက်မိတာလည်း သူသတိရလာတယ် ......

"မရှိဘူး" ဟယ်ရီက ပြောတယ်။ "ဘာမှ မရှိဘူး၊ ပါမောက္ခ"

ဂျတ်စတင်နဲ့ ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့နစ်ခ် အတိုက်ခိုက်ခံရတာကို မူလကတည်းက စိုးရိမ်ကြောင့်ကြတဲ့ လေထုဟာ တကယ့်ကို ထိတ်လန့်လာတယ်။ ပြောရရင်အံ့ဩစရာပဲ။ လူတွေ အထိတ်လန့်ဆုံးက ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ခ်ရဲ့အဖြစ်အပျက်။ ဘယ်လိုအရာက ဝိညာဉ်တစ်ခုကို ဒီလိုဒုက္ခရောက်အောင် လုပ်နိုင်တာလဲ။ လူတွေဟာ အပြန်အလှန်စုံစမ်းနေကြတယ်။ ဘယ်လိုကြောက်မက်ဖွယ် အင်အားက သေသွားပြီဖြစ်တဲ့ သူကို ဒုက္ခပေးနိုင်တာလဲ။ ကျောင်းသားတွေဟာ ဟော့ဂ်ဝပ် အထူးအမြန်ရထားလက်မှတ်ကို အလုအယက် ကြိုမှာကြတယ်။ အိမ်ပြန်ပြီး ခရစ္စမတ်ပွဲ ကျင်းပချင်ကြတယ်။

"ဒီလိုဆိုရင် ကျောင်းမှာ တို့ပဲ ကျန်တော့မှာ" ရွန်က ဟယ်ရီနဲ့ ဟာမီးကို ပြောတယ်။ "ငါတို့ သုံးယောက်၊ ပြီးတော့ မော်ဖိုင်၊ ခရပ်နဲ့ ဂိုး။ ဒါဘယ်လောက်ပျော်စရာကောင်းမယ့် ပွဲတော်ပါလဲ"

ခရပ်နဲ့ ဂိုးဟာ တလျှောက်လုံး မော်ဖိုင်လုပ်သလို လိုက်လုပ်ကြတာ။ ဒါကြောင့် ကျောင်းမှာ နေရစ်မယ့် သူ စာရင်းမှာ လက်မှတ်ရေးထိုးကြတယ်။ ဒါပေမယ့် ဟယ်ရီကတော့ ကျောင်းသားအများစု ကျောင်းက ထွက်ခွာသွားတာကို သိပ်ဝမ်းသာတယ်။ လူတွေစင်္ကြံထဲမှာ သူ့ကို ရှောင်သွားတာ ငြီးငွေ့လှပြီ။ သူအချိန်မရွေး အစွယ်တွေပေါက်လာပြီး အဆိပ်တွေ ပန်းထွက်လာတော့မယ်လို့ ထင်တဲ့ ပုံမျိုးပဲ။ သူဖြတ်သွားတိုင်း လူတွေဟာ လက်ညှိုးတထိုးထိုးနဲ့ တကျွတ်ကျွတ်အတင်းပြောနေတာကိုလည်း ငြီးငွေ့လှပြီ။

ဒါပေမယ့် ဖရက်နဲ့ ဂျော့တို့ကတော့ ဒါတွေ သိပ်ကို ပျော်စရာကောင်းတယ်လို့ ထင်တယ်။ သူတို့ဟာ စင်္ကြံပေါ်မှာ ဟယ်ရီရှေ့ တမင်မြေ

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ခေါင်းမော့ရင်ကော့ လျှောက်ရင်း အော်ပြောတယ်။ "စလေးသရင်းရဲ့ ဆက်ခံသူကို လမ်းဖယ်ပေးကြ၊ အဆိုးရွားဆုံး မှော်ဆရာဆိုက်ရောက်လာပြီ. . . . "

ဖတ်စီဟာ ဒီအပြုအမူမျိုးကို လုံးဝမကြိုက်ဖူး။

"ဒါပြက်ရယ်ပြုရမယ့် ကိစ္စမဟုတ်ဖူး" သူက မျက်နှာထားနဲ့ ပြောတယ်။

"အိုး၊ ဖယ်ပေး၊ ဖတ်စီ" ဖရက်က ပြောတယ်။ "ဟယ်ရီ အလျင်လိုနေတယ်"

"ဟုတ်တယ်၊ သူလျှို့ဝှက်အခန်းကို သွားပြီး အစွယ်ပေါက်နေတဲ့ အစေအပါးနဲ့ လက်ဖက်ရည်သောက်မလို့" ဂျော့က တဟားဟား ရယ်ရင်း ပြောတယ်။

ဂျင်နီဟာလည်း ဒီကိစ္စနည်းနည်းမှ ရယ်ဖို့ မကောင်းဘူးလို့ ထင်တယ်။

"အိုး၊ ဒီလိုမလုပ်ပါနဲ့" ဖရက်က ဟယ်ရီကို ဆက်ပြီး ဘယ်သူ့ကို တိုက်ခိုက်မလဲလို့ အကျယ်ကြီး မေးတဲ့အခါ ဒါမှမဟုတ် ဂျော့ ဟယ်ရီနဲ့ တွေ့တဲ့အခါ ကြက်သွန်ဖြူဥကြီးနဲ့ ဟယ်ရီတိုက်ခိုက်မှာကို ကာကွယ်ပုံပြတဲ့ အခါမှာ ဂျင်နီက အမြဲတမ်း ဝမ်းနည်းစွာ ပြောတယ်။

ဟယ်ရီကတော့ ဘာမှမဖြစ်ဘူး။ ဖရက်နဲ့ ဂျော့ဟာ သူ့ကို စလေးသရင်းရဲ့ ဆက်ခံသူလို့ တွေးတဲ့ အတွေးဟာ အဓိပ္ပာယ်မရှိဘူးလို့ ထင်ကြတဲ့ အတွက် သူ အားရကျေနပ်မိတယ်။ ဒါပေမယ့် သူတို့ရဲ့ ပြက်ရယ်ပြုတဲ့ လုပ်ရပ်က ဒြာခို-မော်ဖိုင်ကို ပိုပြီး ဒေါသထွက်စေတယ်။ သူတို့ ဒီလိုလုပ်တာ မြင်တိုင်း ဒြာခို့မျက်နှာ ပိုပိုပျက်လာတယ်။

"ဒါက ဒါတွေကို သူလုပ်တာပါလို့ သိပ်ကြေညာချင်နေလို့" ရွန်က အမြင်ရှိရှိပြောတယ်။ "သူဟာ သူ့များ သူ့ထက် ဘယ်ဘက်မှာသာသာ မှန်းတယ်ဆိုတာ မင်းသိတယ်။ မဟုတ်တာက သူလုပ်တာ မင်းက အကျိုးရသွားတယ်"

"သိပ်မကြာတော့ဘူး" ဟာမီးက ကျေနပ်တဲ့ လေသံနဲ့ ပြောတယ်။ "ဗဟုဆေးပေါင်းရည် ကျိုပြီးတော့မှာ။ တို့ သူ့ပါးစပ်ထဲက စကားကို အချိန်မရွေးနှိုက်ထုတ်လို့ရတယ်"



နောက်ဆုံးမှာ ကျောင်းပတ် ပြီးဆုံးသွားပြီ။ မြေပေါ်က နှင်းခဲတွေလို လေးလေးထုထု ငြိမ်သက်မှုဟာ ရဲတိုက်တစ်ခုလုံးကို ဖုံးလွှမ်းနေတယ်။ ဟယ်ရီဟာ လှောင်ပိတ်တယ်လို့ မခံစားရဘဲ အေးချမ်းတယ်လို့ ထင်မိတယ်။ သူရယ်၊ ဟာမီးနဲ့ ဝယ်စလီမောင်နှမများ ဂရစ်ဖင်းဒေါရဲတိုက်မှာ ကြိုက်သလိုဝင်ထွက်နိုင်တာ သိပ်ကို ပျော်မိတယ်။ ဒါက သူတို့ သူများကို အနှောင့်အယှက်မပေးဘဲ ဘဖျတ်ဖျတ်ပေါက်ကွဲကို ကစားနိုင်တယ်။ ပြီးတော့ နှစ်ဦးချင်း အပြတ်တိုက်တာလည်း တိတ်တိတ်လေး လေ့ကျင့်နိုင်တယ်လို့ ဆိုတာပဲ။ ဖရက်၊ ဂျော့နဲ့ ဂျင်နီဟာ ကျောင်းမှာ နေရစ်ဖို့ ဆုံးဖြတ်တယ်။ ဝယ်စလီ ဇနီးမောင်နှံနဲ့ အတူ အီဂျစ်သွားပြီး ဘီနဲ့တွေ့တာ လိုက်မသွားဘူး။ ဖတ်စီဟာ ၎င်းတို့ရဲ့ ခလေးဆန်တဲ့ ပြုမူမှုတွေကို အရေးမထားဘူး၊ ဒါကြောင့် ဂရစ်ဖင်းဒေါ အများနားနေခန်းထဲမှာ သိပ်မနေဘူး။ ဖတ်စီဟာ အလွန်ဟုတ်လှပြီဆိုတဲ့ ပုံနဲ့ သူတို့ကို ပြောပြတယ်။ သူ ခရစ္စမတ် ဒီမှာနေ ရစ်တာဟာ သူလို အတော်ဆုံး ကျောင်းသားတစ်ယောက်အနေနဲ့ ခုလိုမတည် ငြိမ်တဲ့ ကာလမှာ ဆရာတွေ အလုပ်ကို ကူညီဖို့ ဝတ္တရားရှိလို့တဲ့။

ခရစ္စမတ် အရုဏ်ဦးဆိုက်ရောက်လာပြီ။ ရာသီဥတုက အေးစက်နေတယ်။ နှင်းတွေ ဖွေးနေတယ်။ အိပ်ခန်းထဲမှာ ဟယ်ရီနဲ့ ရွန်နှစ်ယောက်ထဲ ကျန်တယ်။ အစောကြီးရှိသေးတယ်။ သူတို့ကို ဟာမီးက လာနှိုးတယ်။ သူမဟာ သေချာဝတ်စားထားပြီး သူတို့နှစ်ယောက်အတွက် လက်ဆောင်တွေ ဆွဲလာတယ်။

"ထကြတော့" သူမက အကျယ်ကြီးပြောပြီး ကန့်လန့်ကာတွေ ဆွဲဖွင့်တယ်။

"ဟာမီး — နင် ဒီမလာသင့်ဘူး" ရွန်က ပြောတယ်၊ လက်နဲ့ ချသစ်ရှုထဲ့ အလင်းရောင်ကို ကာထားတယ်။

"ခရစ္စမတ်ပျော်ပါစေ" ဟာမီးက ပြောပြီး သူ့ပေးမယ့် လက်ဆောင်ထိုးပေးလိုက်တယ်။ "ငါအိပ်ယာထတာ တစ်နာရီရှိတော့မယ်။ ဆေးရည်ထဲကို လေ့စဝင်းပိုး နည်းနည်းထပ်ထည့်လိုက်တယ်။ ဆေးအပြီး ကျိုပြီးသွားပြီ"

ဟယ်ရီထထိုင်လိုက်တယ်။ ချက်ချင်း အရှင်းနိုးသွားတယ်။

"သေချာလား"

"လုံးဝသေချာတယ်" ဟာမီးက ပြောတယ်။ သူမဟာ ကြွက်အခက်

www.burmeseclassic.com

www.burmeseclassic.com



အဩြောက်လေးကို တစ်ဖက်ပို့လိုက်ပြီး ဟယ်ရီရဲ့ တိုင်လေးတိုင် ခုတင်အစပ်မှာ ထိုင်လိုက်တယ်။ "ငါတို့ လှုပ်ရှားမယ်ဆိုရင် ဒီညပဲလုပ်မှ"

ဒီအချိန်မှာပဲ ဟက်ဒဝစ် ဒိုင်းကနဲ အခန်းထဲ ပျံဝင်လာတယ်။ ပါးစပ်ထဲမှာ အထုပ်သေးသေးလေး ခဲထားတယ်။

"မင်္ဂလာပါ" ဂျင်းဟာ ဟယ်ရီခုတင်ပေါ် လာနားတယ်။ ဟယ်ရီက ဝမ်းသာစွာ ပြောလိုက်တယ်။ "မင်း ငါ့ကို စကားပြောဦးမလို့လား" ဂျင်းဟာ အလွန်ရင်းနှီးတဲ့ပုံနဲ့ သူ့နားရွက်ကို ကိုက်လိုက်တယ်။ ဒီလို မေးမြန်းတဲ့ လက်ဆောင်ဟာ ဂျင်းယူဆောင်လာတဲ့ လက်ဆောင်ထက် အများကြီးတန်ဖိုးရှိတယ်။ စင်စစ် အဲဒီ အထုပ်ကလေးဟာ ဒါစလီဇနီးမောင်နှံ ပို့လိုက်တာ။ သူတို့က ဟယ်ရီ့ကို သွားကြားထိုးတံတစ်ချောင်း လက်ဆောင်ပေးတယ်။ စာတိုတစ်ခုလည်းပါတယ်။ သူ့ကို ဒီနှစ်နွေကျောင်းပိတ်ရက်မှာလည်း ဟော့ဂ်ဝပ်မှာ နေခဲ့လို့ ရမလားလို့ စုံစမ်းခိုင်းတယ်။

ဟယ်ရီရရှိတဲ့ တခြား ခရစ္စမတ် လက်ဆောင်တွေဟာ ပိုပြီး ကောင်းစရာပဲ။ ဟက်ဂရစ်က သူ့ကို နို့သကြားလုံးအပျော့ တစ်ထုပ်ကြီးပေးတယ်။ ဟယ်ရီက မီးနဲ့ ကင်စားမယ်လို့ ဆုံးဖြတ်တယ်။ ရွန်က သူ့ကို (အမြောက်အသွဲနဲ့ ပျံသန်းခြင်း) ဆိုတဲ့ စာအုပ် လက်ဆောင်ပေးတယ်။ အတွင်းမှာ ရေးထားတာက သူအနှစ်သက်ဆုံး ခွေဒစ်အသင်းတွေ အကြောင်းချည်းပဲ။ ဟာမီးက သူ့ကို အဖိုးတန်တဲ့ ငှက်တောင်ကလောင် တစ်ချောင်းပေးတယ်။ ဟယ်ရီက နောက်ဆုံးလက်ဆောင်ထုပ်ကို ဖောက်လိုက်တယ်။ မစ္စစ် ဝယ်စလီ သူ့အတွက် ပေးတဲ့ အသစ်စက်စက် လက်ထိုးသိုးမွေး အင်္ကျီနဲ့ စဗျစ်ခြောက် ကိတ်မုန့်အကြီးကြီး။ မစ္စစ် ဝယ်စလီပေးတဲ့ ကဒ်ကို ကိုင်ရင်း မစ္စတာ ဝယ်စလီရဲ့ ကားကို သတိရလာတယ်။ ဂျင်းဟာ ရိုက်တတ်တဲ့ မိုးမခနဲ့ တိုက်ပြီး နောက် ပျောက်သွားတယ်။ သူနဲ့ ရွန်တို့ ကျောင်းစည်းကမ်း နောက်ထပ် ချိုးဖောက်ကြမှာကိုလည်း တွေးမိတယ်။

ဟော့ဂ်ဝပ်ရဲ့ ခရစ္စမတ် ညစာစားပွဲမှာ အားလုံး မြိန်ယှက်စွာစားကြတယ်။ ခနနေရင် ဗဟုဆေးပေါင်းရည် သောက်ကြရမယ့် သူတွေ အပါအဝင်ပေါ့။

ခန်းမကြီးဟာ ခမ်းနားထည်ဝါတယ်။ ငွေရောင်နှင်းဥတွေ ဖွေးနေတဲ့



ခရစ္စမတ် သစ်ပင် တစ်ဒါဇင်ရယ်၊ မျက်နှာကြက်ပေါ်က တံခွန်ကုက္ကားပြုလုပ်ထားတဲ့ ဆောက်ကုလားပင်နဲ့ မစ်ဆိုထိုတို့နဲ့ ဖွဲ့စည်းထားတဲ့ ထူထူထဲထဲ ကြက်ခြေခတ် အလှဆင်မှုများ၊ ဒိပြင် မှော်ပညာနဲ့ စီရင်ထားတဲ့ ဆီးနှင်းတွေဟာ နွေးပြီးခြောက်သွေ့တယ်။ မျက်နှာကြက်ပေါ်မှ အသာလေး လွင့်ကျလာတယ်။ ဒမ်ဘလီဒိုးဟာ သူတို့ကို ဦးဆောင်ပြီး သူအနှစ်သက်ဆုံး ခရစ္စမတ် သီချင်းအချို့ကို ဆိုတယ်။ ဟက်ဂရစ်ဟာ ကြက်ဥနို့အရက် တစ်ခွက်ပြီး တစ်ခွက် သောက်ချပြီးနောက် အသံလည်း ပိုကျယ်လာတယ်။ ဖတ်စီဟာ ရက်က သူ့အတန်းခေါင်းဆောင် တံဆိပ်ကို မှော်ပညာသုံးပြီး "ငတုံး" လို့ ပြောင်းထားတာ သတိမထားမိဘဲ အတီးအတနဲ့ ဘာတွေရယ်နေကြသလဲလို့ မေးနေတယ်။ စလေးသရင်း ထမင်းစား စားပွဲမှာ ထိုင်နေတဲ့ ဂွာခို-မော်ဖိုင်ဟာ အသံကြောင်ကြီးနဲ့ ဟယ်ရီရဲ့ သိုးမွေးအင်္ကျီကို သရော်နေတယ်။ ဟယ်ရီက ဒါကို အရေးမလုပ်ဘူး။ တကယ်လို့ ကံကောင်းခဲ့ရင် နာရီအနည်းငယ်အတွင်းမှာ မော်ဖိုင်ဟာ သူနဲ့ ထိုက်တန်စွာ အပြစ်ပေးခံရမယ်။

ဟယ်ရီနဲ့ ရွန်ဟာ ခရစ္စမတ်ပူတင်း တတိယပွဲ စားပြီးတာနဲ့ ဟာမီးက သူတို့ကို ခေါ်ပြီး ခန်းမက ထွက်ခဲ့တယ်။ သူတို့ရဲ့ ဒီည စီမံကိန်းကို အကောင်အထည်ဖော်ကြမယ်။

"ငါတို့ ဖြစ်ချင်တဲ့ လူရဲ့အရာ နည်းနည်း လိုသေးတယ်" ဟာမီးက ပေါ့ပေါ့ပဲ ပြောတယ်၊ သူတို့ကို စူပါမတ်ကက်ဈေးမှာ ဆပ်ပြာမှုန့် ဝယ်ခိုင်းသလိုပဲ။ "နင်တို့ ခရပ်နဲ့ ဂိုးရဲ့ အရာတစ်ခုခုရရင် အကောင်းဆုံးပဲဆိုတာ ပြောစရာ မလိုဘူး။ သူတို့ဟာ မော်ဖိုင်ရဲ့ အကောင်းဆုံး သူငယ်ချင်း၊ သူတာအမဆို သူတို့ကို ပြောပြမှာ။ တို့ မော်ဖိုင်ကို စစ်မေးတဲ့အခါမှာ ခရပ်နဲ့ ဂိုးအစစ် ရောက်မလာအောင်လဲ အာမခံနိုင်ဖို့ လိုတယ်။

"ငါအားလုံး စီစဉ်ပြီးပြီ" သူမက တချိုးထဲပြောသွားတယ်၊ ဟယ်ရီနဲ့ ရွန်မျက်နှာပေါ်က လန့်ပြီး ငိုင်နေတဲ့ အမူအရာကို ဂရုမစိုက်ဘူး။ သူမက ချော့ကလက်ကိတ်မုန့်နှစ်ချပ်ကို မြှောက်ပြရင်း "ငါဒီထဲမှာ အိပ်ဆေးနိုးနိုး ထည့်ထားတယ်။ နင်တို့က ဒါတွေကို ခရပ်နဲ့ ဂိုးတွေ့အောင်သာ လုပ်။ သူတို့ ဘယ်လောက် ငတ်တယ်ဆိုတာ နင်တို့ သိတယ်။ သူတို့ စားပစ်မှာ သေချာတယ်။ သူတို့နှစ်ယောက် အိပ်ပျော်သွားတာနဲ့ သူတို့ရဲ့ ဆံပင် နည်းနည်း နှုတ်ယူ ပြီးတော့ သူတို့ နှစ်ယောက်ကို တံမြက်စည်း ဘီဒိုထဲမှာ ဝှက်ထားခဲ့"

www.burmeseclassic.com



ဟယ်ရီနဲ့ ရွန်ဟာ မယုံဝံ့ပဲ အပြန်အလှန် ကြည့်နေကြတယ်။

"ဟာမီး၊ ငါဒီလို မထင် . . . . "

"ဒီလိုလုပ်ရင်၊ အမှားကြီး မှားလိမ့်မယ် — "

ဒါပေမယ့် ဟာမီး မျက်စိထဲမှာ သံလိုမာကြောတဲ့ အရောင်တောက်နေ
တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ တခါတရံ ကြည့်တဲ့ အကြည့်နဲ့ အတော်
တူတယ်။

"ခရပ်နဲ့ ဂိုးရဲ့ ဆံပင်မရှိရင် ဆေးက အသုံးကျမှာ မဟုတ်ဖူး" သူမက
နည်းနည်းမှတွေဝေခြင်းမရှိဘဲ ပြောတယ်။ "နင်တို့က မော်ဖိုင်ကို စစ်မေးချင်
တယ် မှုတ်လား"

"အိုး၊ ကောင်းပြီ၊ ကောင်းပြီ" ဟယ်ရီက ပြောတယ်။

"ဒါပေမယ့် နင် ဘယ်လိုလုပ်မလဲ၊ နင်က ဘယ်သူ့ဆံပင် နုတ်မှာလဲ"

"ငါ့အတွက်က ရှိပြီ" ဟာမီးက ပျော်ရွှင်စွာ ပြောတယ်။ အိတ်ကပ်ထဲ
ကနေ ပုလင်းကလေးတစ်လုံး ဆွဲထုတ်လိုက်ပြီး အထဲက ဆံပင်တစ်ပင်ကိုပြ
တယ်။ "နှစ်ဦးချင်း အပြတ်တိုက်ကလပ်မှာ မစ်လစ်စင် ငါနဲ့ နပမ်းသတ်တာ
မှတ်မိသေးလား။ သူ ငါ့လည်မျိုကို တအား ညှစ်ထားစဉ် ဒါကို ငါ့အကျီပေါ်
ကျွတ်ကျကျန်ခဲ့တာ။ သူမ အိမ်ပြန်ပြီး ခရစ္စမတ်ပွဲသွားတယ် — ငါက
စလေးသရင်းတွေကို ငါပြန်လာဖို့ ဆုံးဖြတ်လိုက်ပြန်ပြီလို့ ပြောရုံပဲ"

ဟာမီးဟာ ဗဟုဆေးပေါင်းရည်ကို ပြေးသွားကြည့်ပြန်တယ်။ ရွန်က
ဒုက္ခကြီး ကျရောက်တော့မယ့် အမူအရာနဲ့ ဟယ်ရီဘက် လှည့်လိုက်တယ်။

"ဘယ်စီမံကိန်းကများ ဂွင်းဆက်တွေ ဒီလောက်အများကြီး ပြဿနာ
ဖြစ်နိုင်တယ်လို့ မင်းကြားဖူးလား"

သို့ပေမယ့် ဟယ်ရီနဲ့ ရွန်ကို အံ့ဩသွားစေတာကတော့ ပထမအဆင့်
လုပ်ဆောင်မှုဟာ ဟာမီးပြောသလိုပဲ အလွန်အဆင်ပြေတယ်။ ခရစ္စမတ်
လက်ဖက်ရည်ပွဲ ပြီးတာနဲ့ လူမရှိတဲ့ တံခါးအဝင်ခန်းထဲ တိတ်တိတ်ဝင်ပြီး
စလေးသရင်း ထမင်းစား စားပွဲမှာ နောက်ချန်ပြီး စတုဗ္ဗ မတ်ဖင်မုန့်ကို အငမ်း
မရစားနေတဲ့ ခရပ်နဲ့ ဂိုးကို စောင့်နေတယ်။ ဟယ်ရီဟာ ချော့ကလက်ကိတ်မုန့်
တို့ လက်ရန်းဘေးမှာ တင်ထားလိုက်ပြီ။ ခရပ်နဲ့ ဂိုး ခန်းမထဲက ထွက်လာတာ
မြင်တာနဲ့ ဟယ်ရီနဲ့ ရွန်ဟာ ရှေ့တံခါးဘေးက ချပ်ဝတ်တန်ဆာတစ်ခုနော



ပုန်းနေလိုက်တယ်။

"မင်းတို့လောက် အတုံ့ကောင် မရှိတော့ဘူး" ရွန်က ဝမ်းသာအားရ
ပြောတယ်။ ခရပ်က ဂိုးကို ဝမ်းသာစွာ ကိတ်ကို ညွှန်ပြပြီး ဆွဲယူလိုက်တာ
သူမြင်တယ်။ သူတို့ဟာ သွားဖြဲပြီး အတီးအတ ရယ်နေတယ်။ ကိတ်မုန့်ကို
တစ်ခုလုံး ပါးစပ်ထဲ သွတ်ထည့်လိုက်တယ်။ ခနလောက်မှာ နှစ်ယောက်သား
အငမ်းမရ ဝါးမျိုနေတယ်။ သိပ်ကျေနပ်ပုံ ပေါ်နေတယ်။ ဒီနောက် သူတို့အမူ
အရာ ဘာမှ ပြောင်းလဲမသွားဘဲ နောက်လန်ကျပြီး ကြမ်းပေါ် လဲသွားတယ်။

အခက်ဆုံးက သူတို့ကို အဝင်ပေါက်အခန်း ဟိုဘက်ထိပ်က ဘီဒိုထဲ
ဝှက်ထားဖို့ပဲ။ ဒါပေမယ့် ခနနေတော့ သူတို့ဟာ ကြမ်းသုတ်တံနဲ့ ရေပုံးတွေ
ကြားမှာ ကျကျနန ရောက်သွားပြီ။ ဟယ်ရီဟာ ဂိုးနဖူးပေါ်က တုတ်တုတ်မာမာ
ဆံတိုနှစ်ပင်ကို အမြန်ဆွဲနုတ်လိုက်တယ်။ တစ်ချိန်ထဲမှာ ရွန်ကလည်း ခရပ်ရဲ့
ဆံပင် တချို့ကို နုတ်လိုက်တယ်။ သူတို့ဟာ ခရပ်နဲ့ ဂိုးရဲ့ ဖိနပ်ကိုလည်း ခိုး
ယူတယ်။ အကြောင်းက သူတို့ ဖိနပ်ဟာ ခရပ်နဲ့ ဂိုးရဲ့ ခြေထောက်ကြီးနဲ့
ဆံ့မှာ မဟုတ်ဘူး။ ဒီနောက် သူတို့ဟာ ငိုရှိုက်တဲ့ မားတော်ရဲ့ သန့်စင်ခန်းဆီ
ပြေးသွားတယ်။ အခုနက လုပ်ခဲ့တာတွေအတွက်လည်း ထိတ်လန့်နေတုန်းပဲ။

ဟာမီးဟာ အိမ်သာခန်းလေးထဲက ဆေးကျိုအိုးကို မွှေပေးနေတုန်းပဲ။
အိုးထဲကနေ မီးခိုးမည်းမည်းပျစ်ပျစ်တွေ ထွက်လာလို့ သူတို့ ဘာမှမမြင်ရ
သလောက်ပဲ။ ဟယ်ရီနဲ့ ရွန်က ဝတ်ရုံရှည်ကို ဆွဲပြီး မျက်နှာကို အုပ်လိုက်
တယ်။ တံခါးကို အသာခေါက်တယ်။

"ဟာမီး ?"

တံခါးသော့ စူးရှစွာ အသံထွက်လာပြီး ဟာမီးပေါ် လာတယ်။ မျက်နှာ
က တောက်ပပြီး စိုးရိမ်နေပုံပဲ။ သူမ ကျောဘက်မှာ အမြှုပ်တက်နေတဲ့ သဲတော
ရည်လို ပျစ်ပျစ်ဆေးရည်ဟာ ဂလွတ် ဂလွတ်နဲ့ မြည်နေတယ်။ ဖန်ညီ ဖန်ခွက်
သုံးလုံး အိမ်သာ ထိုင်ခုံပေါ် တင်ထားပြီးပြီ။

"ရပလား" ဟာမီး အသက်အောင့်ရင်း ပြောတယ်။

ဟယ်ရီက သူမကို ဂိုးရဲ့ ဆံပင်ကို ပြတယ်။

"ကောင်းတယ်၊ ငါအဝတ်လျှော်ခန်းကနေ လျှော်မယ့် အကျီတွေ
ခိုးလာတယ်" ဟာမီးက ပြောရင်း အဝတ်အိတ်ကလေး တစ်ခုကို မြှောက်ပြ
တယ်။ "နင်တို့ ခရပ်နဲ့ ဂိုးဖြစ်သွားပြီး နောက် အကျီကြီးကြီးလိုတယ်"

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး အိုးထဲ စိုက်ကြည့်နေတယ်။ အနားကပ်ကြည့်တော့ ဆေးရည်ဟာ မည်းနက်ပျစ်ခဲတဲ့ ရွှံ့နှစ်တွေလိုပဲ၊ ပျင်းအိအိ အမြှုပ်ထနေတယ်။

"ငါစီစဉ်တဲ့ ဝွင်းဆက်အားလုံး ပြဿနာမရှိဘူးလို့ ယုံကြည်တယ်" ဟာမီးက ပြောရင်း "အားပြင်းဆေး" ထဲက ညစ်ပေနေတဲ့ စာမျက်နှာကို သွားဖတ်ပြန်တယ်။ "ဆေးဟာ စာအုပ်ထဲက ပြောထားတာနဲ့ တူတယ် . . . . ငါတို့ သောက်ပြီး နောက်တစ်နာရီလုံးလုံးနေမှ တို့ရုပ်ပြန်ဖြစ်မှာ"

"အခု ဘယ်လို လုပ်မလဲ" ရွန်က အသံနှိမ့် မေးတယ်။

"ဆေးကို ခွက်သုံးခွက်ထဲ ခွဲထည့်ပြီးတော့ ဆံပင်ထည့်လိုက်"

ဟာမီးဟာ လက်တံရှည် ဇွန်းကြီးနဲ့ ဆေးပေါင်းရည် အခဲလိုက်ကြီး ခပ်ပြီး ဖန်ခွက်တွေထဲ ထည့်တယ်။ ဒီနောက် သူမလက် တုန်ယင်စွာနဲ့ မစ်လစ်စင်ရဲ့ ဆံပင်ကို ပုလင်းထဲကနေ ပထမ ဖန်ခွက်ထဲ သွန်ထည့်လိုက်တယ်။

ဆေးပေါင်းရည်က အကျယ်ကြီး အသံမြည်လာတယ်။ ရေနွေး ကြွက်ဆူနေသလိုပဲ။ ဒီပြင် အမြှုပ်တွေပလုံစီနေတာပဲ။ တစ်စက္ကန့် ကြာတော့ ၎င်းဟာ အကြည့်ရဆိုးတဲ့ အဝါရောင်ဖြစ်သွားရော။

"အိုး —— မစ်လစ်စင်ရဲ့ အနှစ်သာရတွေ" ရွန်က ပြောရင်း ရွံမုန်းစွာ ဆေးရည်ကို ကြည့်နေတယ်။ "သောက်ဖို့ အလွန်ခက်မယ် ထင်တယ်"

"ရော့၊ နင့်ဟာ ထည့်လိုက်" ဟာမီးက ပြောတယ်။

ဟယ်ရီက ဂိုးရဲ့ ဆံပင်ကို အလယ်က ခွက်ထဲ ပစ်ထည့်လိုက်တယ်။ ရွန်က ခရပ်ရဲ့ ဆံပင်ကို နောက်ဆုံး ဖန်ခွက်ထဲ ထည့်လိုက်တယ်။ ဖန်ခွက်နှစ်လုံးစလုံး တဗွက်ဗွက် မြည်နေတယ်။ အမြှုပ်ထွက်နေတယ်။ ဂိုးဟာက သံချပ်ကားလို မြေဝါရောင် ဖြစ်သွားပြီး ခရပ်ဟာက မည်းမည်းကြီး အညိုနက်ရောင်။

ရွန်နဲ့ ဟာမီးဟာ မိမိတို့ ဖန်ခွက်လှမ်းယူတယ်။ "နေဦး" ဟယ်ရီက ပြောတယ်။ "ငါတို့ ဒီမှာချည်း မသောက်ကြနဲ့။ ငါတို့ ခရပ်နဲ့ ဂိုးဖြစ်သွားရင် ဒီနေရာနဲ့ မဆံ့တော့ဘူး။ မစ်လစ်စင်ဟာလဲ သေးသေးသွယ်သွယ် မဟုတ်ဘူး"

"မင်းတွေးတာ အကျိုးအကြောင်းရှိတယ်" ရွန်က ပြောရင်း တံခါးကို ဖွင့်လိုက်တယ်။ "ငါတို့ တစ်ယောက်တစ်ခန်း ယူမယ်"

ဟယ်ရီဟာ ဗဟုဆေးပေါင်းရည် မဖိတ်အောင် သတိထားကိုင်ပြီး



အလယ်က တစ်ယောက်ခန်းထဲ အသာဝင်သွားတယ်။

"အသင့်ဖြစ်ပြီလား" သူက အော်တယ်။

"အသင့် ဖြစ်ပြီ" ရွန်နဲ့ ဟာမီးအသံ။

"တစ် — နှစ် — သုံး — "

ဟယ်ရီဟာ နှာခေါင်း လက်နဲ့ညှစ်ထားပြီး နှစ်လုတ်ထဲနဲ့ ဆေးကို မျိုချလိုက်တယ်။ ၎င်းရဲ့ အရသာဟာ မုန်ညင်းရွက် အထုပ်ကို အလွန်အကျွံ ကျိုချက်ထားသလိုပဲ။

ချက်ချင်းပဲ သူ့ကလီဇာတွေ ပြောင်းဆန်လာတယ်။ ခုနက မျိုချလိုက်တာ မြွေအရှင်တွေလိုပဲ —— သူ ခါးကွေးလိုက်တယ်။ မိမိ ဖျားနာသွားမလားလို့ တွေးတယ် —— ရုတ်တရက်၊ မီးလောင်ခံရတဲ့ ခံစားချက်ဟာ သူ့အစာအိမ်ထဲကနေ တစ်ကိုယ်လုံး ပြန့်နှံ့သွားတယ်။ ခြေဖျားလက်ဖျားထိပဲ။ ဆက်လက်ပြီး ကြောက်စရာ အရည်ပျော်သွားတဲ့ ခံစားချက် ဖြစ်လာတယ်။ သူ့တစ်ကိုယ်လုံး အရေပြားတွေ ဖယောင်းရည် ဆူလို့ လေပူဖောင်းတွေ ထလာတယ်။ ဒါကြောင့် သူကြမ်းပေါ် ဝပ်ပြီး မောရှိုက်နေမိတယ်။ မိမိလက် စကြီးလာတား လက်ချောင်းတွေ တုတ်လာတာ၊ လက်သည်းတွေ ကျယ်လာတာ၊ လက်ခေါက်ဆစ်တွေ ဝက်အူပိတ်လို ဖောင်းထွက်လာတာ ဒီတိုင်းကြည့်နေရတယ်။ သူ့ပခုံး စကျယ်ထွက်လာတယ်။ သူသိပ်နာတယ်လို့ ခံစားရတယ်။ နဖူးပေါ်က အပ်နဲ့ အစိုက်ခံရသလို နာကျင်မှုက ဆံပင်ဟာ သူ့မျက်ခုံးဆီ ဆင်းလာတယ်လို့ ပြောပြနေတယ်။ ရင်ဘတ်ဖောင်းပွလာတာနဲ့အတူ သူ့ဝတ်ရုံရှည်ကွဲသွားတယ်။ စည်ပိုင်းက သံပတ်ပြတ်ထွက်သွားသလိုပဲ။ သူ့ခြေထောက်ဟာ နံပတ်လေးခုလောက်ငယ်တဲ့ ဖိနပ်ထဲမှာ မခံမရပ်နိုင်အောင် နာကျင်တယ် . . . .

အဖြစ်အပျက်ဟာ လာတာမြန်သလို သွားတာလည်း မြန်တယ်။ ခနနေတော့ အားလုံးရပ်သွားတယ်။ ဟယ်ရီဟာ သမံသလင်းပေါ်မှာ မှောက်သျက်သား အစွန်ခန်းက မားထော် ခပ်အုပ်အုပ်ငိုနေတဲ့ အသံကို နားထောင်နေတယ်။ သူဟာ ဖိနပ်ကို မနည်းချွတ်ပစ်ပြီး မတ်တတ်ရပ်လိုက်တယ်။ ဒီလိုဆိုတော့ ဂိုးဖြစ်ရတဲ့ ခံစားမှုက ဒီလိုပဲပေါ့။ သူ့လက်ကြီးတွေ တုန်နေတယ်။ မူလက ဝတ်ရုံရှည်ကို ချွတ်ပစ်လိုက်တယ် —— ၎င်းဟာ အခု သူ့ခြေမျက်စိ အပေါ် တစ်ပေလောက်မှာ —— ဒိုဘီခန်းက အကျႌကို ဝတ်လိုက်တယ်။ ပြီးတော့ ဂိုးရဲ့ လှေကလေးနဲ့ တူတဲ့ ဖိနပ်ကို စီးလိုက်တယ်။ သူဟာ သူ့မျက်စိ

www.burmeseclassic.com



သော်ဖုံးနေတဲ့ ဆံပင်ကို ဖယ်လိုက်တယ်။ ထိတွေ့ရတာက သံမဏိကြိုးလို တုတ်ခာတဲ့ ဆံတို။ နဖူးဆံစပ်ဟာ သူ့နဖူးရှေ့ထိ ရောက်နေတယ်။ ဒီအချိန်မှာ မိမိမျက်မှန်ကြောင့် သူဝေဝါးနေတယ်ဆိုတာ သိလာတယ်။ အကြောင်းက ငိုးဟာ မျက်မှန်မှ မလိုတာ။ ဒါနဲ့ မျက်မှန်ကို ဖြုတ်လိုက်တယ်။ ဒီနောက် အော်ပြောတယ်။ "နင်တို့ နှစ်ယောက် ဘာမှ မဖြစ်ပါဘူးနော်" သူ့ပါးစပ်ထဲကနေ ဂိုးရဲ့ အသံဩဩကြီး ထွက်လာတယ်။

"ဘာမှ မဖြစ်ဖူး" သူ့ယာဘက်ကနေ ခရပ်ရဲ့ အသံထူထူသံ ထွက်လာတယ်။

ဟယ်ရီက တံခါးဂျက်ကို ဖွင့်ပြီး အက်နေတဲ့မှန်ရှေ့ ရပ်လိုက်တယ်။ ငိုးဟာ အကြည့်ငိုင်ငိုင် မျက်တွင်း ဟောက်ဟောက်နဲ့ သူ့ကို ပြန်ကြည့်နေတယ်။ ဟယ်ရီက နားရွက်ကို ကုတ်လိုက်တယ်။ ဂိုးကလည်း ဒီအတိုင်း လိုက်လုပ်တယ်။

ရွန့် အခန်းတံခါးပွင့်လာတယ်။ သူတို့ အပြန်အလှန် ကြည့်နေတယ်။ ရွန်ဟာ ခရပ်နဲ့ တထေရာထဲပဲ။ အုန်းမှုတ်ခွက် ဆံပင်တိုတိုကနေ ချင်ပန်ဇီမျောက်လို လက်ကြီးထိ တူတူပဲ။ မျက်နှာပူပြီး တွေဝေတာပဲ ရှိတယ်။

"မယုံနိုင်စရာပဲ" ရွန်က ပြောရင်း မှန်ရှေ့သွားတယ်။ ခရပ်ရဲ့ နှာခေါင်းပြားပြားကို လက်နဲ့တို့လိုက်တယ်။ "မယုံနိုင်စရာပဲ"

"ငါတို့ မြန်မြန်သွားရအောင်" ဟယ်ရီက ပြောရင်း ဂိုးရဲ့ လက်တုတ်တုတ်မှာ တင်းတင်းပတ်ထားတဲ့ လက်ပတ်နာရီကို ဖြုတ်လိုက်တယ်။ "စလေးသရင်း အများနားနေခန်း ဘယ်မှာ ရှိတယ်ဆိုတာ ရှာရဦးမယ်။ တစ်ယောက်ယောက် နောက်ကလိုက်လို့ရရင် ကောင်းမယ် ......"

ရွန်ဟာ ဟယ်ရီကို ကြည့်နေတယ်။ ဒီအချိန်မှာ သူက ပြောတယ်။ "ဂိုးစဉ်းစားပုံတွေ့ရတာ တမျိုးကြီး မဖြစ်ဖူးလား" သူဟာ ဟာမီးတံခါးကို တစ်ဘမ်းဘမ်းထုတယ်။ "မြန်မြန်၊ တို့ သွားမှဖြစ်မယ်. . . ."

အသံစူးစူးတစ်ခုက ဖြေတယ်။ "ငါ — ငါထွက်မလာချင်ဘူး။ နင်တို့ဘာသာ သွားကြ"

"ဟာမီး၊ မစ်လစ်စင် သိပ်အရုပ်ဆိုးတာ ငါတို့ သိတယ်။ ဘယ်သူကမှ နင်မှန်းသိမှာ မဟုတ်ဖူး"

"မဖြစ်ဖူး — တကယ်မဖြစ်ဖူး — ငါမသွားနိုင်တော့ဘူးလို့ ထင်တယ်။



နင်တို့ နှစ်ယောက် မြန်မြန်လုပ်ရှား။ နင်တို့ အချိန်ဖြုန်းနေတယ်"

ဟယ်ရီက ရွန်ကို ကြည့်နေတယ်။ ဘာမှန်းကို မသိတဲ့ အမူအရာနဲ့။

"ဒါမှ ဂိုးနဲ့ ပိုတူတာ" ရွန်က ပြောတယ်။ "ဆရာက သူ့ကို မေးခွန်းမေးတိုင်း သူ့မှာ ဒီအမူအရာမျိုးပဲ"

"ဟာမီး၊ နင်ဘာမှ မဖြစ်ပါဘူးနော်" ဟယ်ရီက တံခါးအပြင်က မေးတယ်။

"ဘာမှ မဖြစ်ဖူး — ငါကောင်းပါတယ် ...... သွားကြပါ —"

ဟယ်ရီက လက်ပတ်နာရီကို ကြည့်လိုက်တယ်။ သူတို့ရဲ့ အဖိုးတန်တဲ့ မိနစ် ၆၀ မှာ ၅ မိနစ်ကုန်လွန်သွားပြီ။

"ငါတို့ ဒီကို ပြန်လာပြီး နင်နဲ့တွေ့မယ်၊ ကောင်းမလား" သူက ပြောတယ်။

ဟယ်ရီနဲ့ ရွန်ဟာ သန့်စင်ခန်းတံခါးကို သတိနဲ့ ဖွင့်လိုက်တယ်။ ဘေးဘီမှာ လူမရှိတာ သေချာမှ ထွက်ခွာကြတယ်။

"မင်း လက်ကို ဒီလို လွဲမနေနဲ့" ဟယ်ရီက တိုးတိုးပြောတယ်။

"ဘာဖြစ်လို့လဲ"

"ခရပ်ရဲ့ လက်က နည်းနည်းမာတောင့်တယ် ...."

"ဒီလိုကော ဘယ့်နှယ်လဲ"

"အင်း၊ မဆိုးဘူး"

သူတို့ မာဘယ်ကျောက်လှေခါးက ဆင်းခဲ့ကြတယ်။ အခု၊ သူတို့ စလေးသရင်း ကျောင်းသားတစ်ယောက်ယောက်ကိုတွေ့ရင် နောက်ကလိုက်သွားလိုက်ပြီး အများနားနေခန်း ရောက်ရင်ပြီးတာပဲ။ သို့ပေမယ့် ပတ်ဝန်းကျင်မှာ တစ်ယောက်မှ မရှိဘူး။

"ဘာ အကြံရှိလဲ" ဟယ်ရီက အသံနှိမ့်မေးတယ်၊

"စလေးသရင်း ကျောင်းသားတွေဟာ အဲဒီတနေ နံနက်စာစားဖို့ ထွက်လာတတ်တယ်" ရွန်က ပြောပြီး မြေအောက် စာသင်ခန်းဆီ ခေါင်းညိတ်ပြတယ်။

သူ့စကားသံ မဆုံးခင်မှာပဲ ဆံပင်ရှည်ရှည် ကောက်ကောက်နဲ့ ကောင်မလေးတစ်ယောက် ဝင်ပေါက်က ထွက်လာတာတွေ့ရတယ်။

"ခွင့်ပြုပါ" ရွန်က သူမဆီ အမြန်လျှောက်သွားပြောတယ်။ "ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ နားနေခန်းကို သွားတဲ့လမ်း မေ့နေလို့ပါ"

"ခွင့်လွှတ်ပါ" ဟိုကောင်မလေးက မာကြောကြောနဲ့ ပြောတယ်။ "ကျွန်မတို့ အများနားနေခန်း ? ကျွန်မက ရေဗင်ခလောကပါ"

သူမ ထွက်သွားတယ်။ သူတို့ကို ဘာပါလိမ့်ဆိုတဲ့ အကြည့်နဲ့ လှည့်ကြည့်သွားတယ်။

ဟယ်ရီနဲ့ ရွန်ဟာ ကျောက်လှေခါးထစ်ကို အပြေးဆင်းခဲ့ကြပြီး အမှောင်ထဲ ဝင်လိုက်ကြတယ်။ ခရပ်နဲ့ ဂိုးရဲ့ ခြေထောက်ကြီးတွေဟာ ကြမ်းကို ဆောင့်နင်းသွားတာ အသံအကျယ်ကြီးပဲ။ ဒီကိစ္စဟာ ထင်သလောက် မလွယ်ဘူးလို့ သူတို့ ခံစားရတယ်။

ဝက်ပါလို လူသွားလမ်းတွေထဲမှာ ဘယ်သူမှ မရှိဘူး။ သူတို့ဟာ ကျောင်းရဲ့ မြေအောက်မှာ သွားလေ အောက်ဘက်ရောက်လေပဲ။ နာရီကို လည်း မနားတမ်းကြည့်တယ်။ သူတို့ အချိန် ဘယ်လောက်ကျန်သေးလဲဆိုတာ တွက်ချက်တယ်။ (၁၅) မိနစ်လောက် ကြာသွားပြီး သူတို့ မျှော်လင့်ချက် ပျောက်ဆုံးလုနီးနီး အချိန်မှာ ရှေ့က လှုပ်ရှားသံ ကြားလိုက်ရတယ်။

"ဟား" ရွန်က တက်ကြွစွာ ပြောတယ်။ "သူတို့ထဲက တစ်ယောက်နဲ့ တွေ့ပါပြီ"

အဲဒီ အရိပ်ဟာ ဘေးက အခန်းတစ်ခန်းက လှစ်ခနဲထွက်လာတယ်။ ဒါပေမယ့် သူတို့ ကမန်းကတန်း အနားကပ်သွားတော့ ရင်လေးကျသွားတယ်။ အဲဒါ စလေးသရင်း ကျောင်းသားမဟုတ်ဘဲ ဖတ်စီဖြစ်နေတယ်။

"မင်း ဒီအောက်ထဲမှာ ဘာလာလုပ်နေတာလဲ" ရွန်က အံ့ဩစွာ မေးတယ်။

ဖတ်စီကြည့်ရတာ အစော်ကားခံလိုက်ရသလိုပဲ။

"ဒါလား " သူက မာနနဲ့ ပြောတယ်။ "မင်းတို့အလုပ် မှုတ်ဖူး၊ မင်းက ခရပ်မှုတ်လား"

"ဘယ်သူ — အော၊ ဟုတ်တယ်လေ" ရွန်က ပြောတယ်။

"ဒါဆို ကောင်းပြီ၊ မင်းတို့ အိပ်ဆောင်ကို ပြန်"

ဖတ်စီက တင်းတင်း ပြောတယ်။ "ခုတလော မှောင်မည်းတဲ့ လူသွားလမ်းမှာ လျှောက်သွားတာ အန္တရာယ်ရှိတယ်"

"ခင်ဗျား လျှောက်သွားနေတာပဲဟာ" ရွန်က ထောက်ပြတယ်။



"ငါ" ဖတ်စီက ကိုယ်ကို မတ်လိုက်ပြီး ပြောတယ်။ "ငါက အတန်းခေါင်းဆောင်တစ်ယောက်။ ငါ့ကို တိုက်ခိုက်မယ့်ဟာ မရှိဘူး"

အသံတစ်သံဟာ ရုတ်တရက် ဟယ်ရီနဲ့ ရွန့် ကျောဘက်မှာ ထွက်ပေါ်လာတယ်။ ဂျာခို - မော်ဖိုင်ဟာ သူတို့ ရှိရာကို ပျင်းတွဲ့တွဲ့ လျှောက်လာတယ်။ ဟယ်ရီဟာ သူ့ဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ် သူ့ကို တွေ့ရလို့ အလွန် ဝမ်းသာသွားတယ်။

"မင်းတို့ ဒီမှာလား" သူက သူတို့ကို ကြည့်ပြီး အသံရှည်ရှည် ဆွဲပြောတယ်။ "မင်းတို့နှစ်ယောက် ခန်းမကြီးထဲမှာ တအားတွယ်နေတယ် ဟုတ်လား၊ ငါ မင်းတို့ကို လိုက်ရှာနေတာ။ ငါ မင်းတို့ကို သိပ်စိတ်တက်ကြွစရာ တစ်ခု ပြမလို့"

မော်ဖိုင်က ပြောချင်တဲ့ ပုံနဲ့ ဖတ်စီကို ကြည့်လိုက်တယ်။

"မင်း ဒီအောက်မှာ ဘာလာလုပ်နေတာလဲ ဝယ်စလီ" သူက သရော်မေးမေးတယ်။

ဖတ်စီ သိပ်ဒေါသထွက်နေတယ်။

"မင်း အတန်းခေါင်းဆောင်ကို နည်းနည်းရိုသေမှု ဖော်ပြမှပေါ့" သူက ပြောတယ်။ "မင်း သဘောထားကို ငါမကြိုက်ဘူး"

မော်ဖိုင်က သရော်ရယ် ရယ်လိုက်ပြီး ရွန်နဲ့ ဟယ်ရီကို သူနဲ့ လိုက်ခဲ့ဖို့ အမူအရာ ပြတယ်။ ဟယ်ရီက ဖတ်စီကို တောင်းပန်စကား ပြောချင်တယ်။ ဒါပေမယ့် အချိန်မှီ မိမိကိုယ်မိမိ တားလိုက်တယ်။ သူနဲ့ ရွန်ဟာ မော်ဖိုင်နောက်က အမြန်လိုက်ပြီး နောက် လမ်းတစ်ခုသို့ ကွေ့ချိုးလိုက်တဲ့ အခါမှာ မော်ဖိုင်က ပြောတယ်။ "ဟို ပီတာ - ဝယ်စလီ — "

"ဖတ်စီပါ" ရွန်က တွေးမနေပဲ ပြင်ပေးလိုက်တယ်။

"ဘာပဲဖြစ်ဖြစ်ပေါ့" မော်ဖိုင်က ပြောတယ်။

"ခုတလော သူအနားမှာ တိတ်တိတ်သွားလာနေတာ ငါသတိထားမိတယ်။ သူ ဘာလုပ်ချင်တယ်ဆိုတာ ငါသိတယ်လို့ ပြောဝံ့တယ်။ သူက စလေးသရင်းရဲ့ ဆက်ခံသူကို သူတစ်ယောက်ထဲ ဖမ်းမိချင်တာ"

သူ့ဆီက ကဲ့ရယ်တဲ့ အသံလေး ထွက်လာတယ်။ ဟယ်ရီနဲ့ ရွန်ဟာ စိတ်လှုပ်ရှားစွာ အကြည့်ချင်း ဖလှယ်လိုက်တယ်။

မော်ဖိုင်ဟာ လူမရှိတဲ့ စိုစွတ်တဲ့ ကျောက်နံရံဘေးမှာ ရပ်လိုက်တယ်။

www.burmeseclassic.com



"စကားဝှက် အသစ်က ဘာတဲ့ ?" သူက ဟယ်ရီကို ပြောတယ်။

"အင်း — " ဟယ်ရီက ဘာလိုလို လုပ်တယ်။

"အော၊ ဟုတ်ပြီ — မျိုးသန့် " မော်ဖိုင်က သူ့စကားကို နားတောင် မထောင်ဘဲ ဖာသာ ပြောတယ်။ ကျောက်နံရံထဲ ဝှက်ထားတဲ့ ကျောက်တံခါး တစ်ချပ် ဖြည်းဖြည်းပွင့်သွားတယ်။ မော်ဖိုင် အလှမ်းကျဲကြီးနဲ့ ဝင်သွားတယ်။ ဟယ်ရီနဲ့ ရွန် သူ့နောက်က လိုက်သွားတယ်။

စလေးသရင်းရဲ့ အများနားနေခန်းဟာ ရှည်မျောမျော မျက်နှာကြက် နိမ့်နိမ့် မြေအောက်ခန်း။ နံရံနဲ့ မျက်နှာကြက်ကို ကျောက်ကြမ်းကြမ်းနဲ့ ပြုလုပ်ထားတယ်။ အစိမ်းရောင် အလင်းရောင် ထွက်နေတဲ့ မီးအိမ်ဝိုင်းဝိုင်းတို့ သံချိန်းကြိုးနဲ့ မျက်နှာကြက်ကနေ တွဲလောင်းချည်ထားတယ်။ သူတို့ ရှေ့က သပ်ရပ်လှပစွာ ထွင်းထုထားတဲ့ မီးလင်းဖိုအောက်မှာ မီးတစ်ပုံ တဖျစ်ဖျစ် လောင်နေတယ်။ ဘေးပတ်လည်ရှိ ပန်းမုဆစ်ထိုင်ခုံပေါ် ထိုင်နေတဲ့ စလေး သရင်းကျောင်းသားတချို့ရဲ့ အရိပ်ကို တွေ့ရတယ်။

"ဒီမှာ စောင့်နေ" မော်ဖိုင်က ဟယ်ရီနဲ့ ရွန်ကို ပြောတယ်။ သူတို့ကို မီးဖိုနဲ့ ဝေးတဲ့ ဖင်ထိုင်ခုံ အလွတ်နှစ်ခုကို ညွှန်ပြတယ်။ " ငါ ဟိုဟာ သွားယူခဲ့ မယ် — ငါ့အဖေ မကြာခင်က ပို့လာတာ — "

ဟယ်ရီနဲ့ ရွန်ဟာ မော်ဖိုင် ဘာများ ပြမလဲလို့ တိတ်တိတ်တွေးကြ တယ်။ ပေါ့ပါးလွတ်လပ်တဲ့ ပုံပေါ် အောင်လည်း နေကြတယ်။

ခနနေတော့ မော်ဖိုင်ပြန်လာတယ်။ သူ့လက်ထဲမှာ သတင်းစာက ညှပ် ထားတာလို အရာတစ်ခု ပါလာတယ်။ သူက အဲဒါကို ရွန့်နှာခေါင်းအောက် ထိုးပေးလိုက်တယ်။

"မင်းကြည့်ပြီးရင် တအားရယ်ရမှာ" သူက ပြောတယ်။

ရွန် အံ့ဩလို့ မျက်လုံးကြီးပြူးထားတာ ဟယ်ရီမြင်ရတယ်။ ရွန်က သတင်းစာ အပိုင်းအစကို အမြန်တစ်ခေါက် ဖတ်လိုက်တယ်။ အလွန်ခက်ခဲ စွာ ရယ်လိုက်တယ်။ ပြီးတော့ ဟယ်ရီ့ကို ပေးလိုက်တယ်။

'ကြိုဟောဆရာများ နေ့စဉ်' က ကိုက်ဖြတ်ထားတာ။ ဒီလို ရေးထား တယ် —

**မော်ဌာနချုပ်ကြီး၏ စုံစမ်းစစ်ဆေးချက်**



မတ်ဂေါ် အရာဝတ္ထုများ အလွဲသုံးပြုခြင်း ဌာနကြီး၏ ဌာနမှူး အာသာ - ဝယ်စလီသည် မတ်ဂေါ် မော်တော်ကားတစ်စီးကို မှော်ပညာ စီရင်ခဲ့ခြင်းကြောင့် ဒီနေ့တွင် ဒဏ်ငွေ ငါးဆယ်ဂါလုံး ဒဏ်တပ်ခံ ရသည်။

၎င်း မှော်ပညာစီရင်ထားသည့် မော်တော်ကားသည် ဒီနှစ်စော စောပိုင်းက ဟော့ဂ်ဝပ် မှော်ပညာကျောင်းတွင် တိုက်ခိုက်ပျက်စီးသွား သည်။ ၎င်းကျောင်းမှ ဒါရိုက်တာ လူကြီးတစ်ယောက်ဖြစ်သည့် မစ္စတာ လူးရှပ်စ်-မော်ဖိုင်သည် မကြာမီက မစ္စတာ ဝယ်စလီကို နုတ်ထွက်ရန် ဖုန်းဆက်ထားပါသည်။ "ဝယ်စလီက မှော်ဌာနချုပ်ကြီးရဲ့ ဂုဏ်သိက္ခာ ကို ဖျက်ဆီးခဲ့တယ်" မော်ဖိုင်က ကျွန်ုပ်တို့ သတင်းထောက်အား ပြော သည်။ "၎င်းဟာ ကျွန်ုပ်တို့အတွက် တရားဥပဒေရေးဆွဲဖို့ မသင့် တော်တာ ထင်ရှားတယ်။ ၎င်းရဲ့ အဓိပ္ပာယ်မရှိ ရယ်စရာ မတ်ဂေါ် ကာ ကွယ်ရေး ဥပဒေဟာ ချက်ချင်းဖျက်သိမ်းသင့်တယ်"

ယင်းနှင့်ပတ်သက်ပြီး မစ္စတာ ဝယ်စလီသည် မည်သို့မျှ ပြော ဆိုခြင်း မရှိ၊ သို့သော် ၎င်း၏ ဇနီးသည်က သတင်းထောက်ကို ထွက် သွားခိုင်းသည်။ မသွားပါက သူမတို့ အိမ်က အလောင်းစား ဖုတ် ကောင်နှင့် တိုက်မည်ဟု ဆိုသည်။

"ဘယ့်နှယ်လဲ" ဟယ်ရီက သတင်းစာအပိုင်းကို သူ့ပြန်ပေးတဲ့အခါ မှာ မော်ဖိုင်က စိတ်မရှည်စွာ မေးတယ်။ "မင်းသိပ်ရယ်စရာကောင်းတယ် ထင်ဘူးလား"

"ဟား ဟား ဟား" ဟယ်ရီက ခြောက်သွေ့စွာ ရယ်လိုက်တယ်။

"အာသာ -ဝယ်ဝလီဟာ မတ်ဂေါ်ကို သိပ်နှစ်သက် လွန်းတယ်၊ သူ့ မှော်ကြိမ်လုံးကို ချိုးပစ်သင့်တယ်။ မတ်ဂေါ်တွေထဲ သွားနေသင့်တယ်" မော် ဖိုင်က အထင်သေးစွာ ပြောတယ်။ "ဝယ်စလီ မိသားစု အပြုအမူတို့ ကြည့် သူတို့ဟာ မျိုးသန့်မှော်ဆရာဆိုတာ ထင်နိုင်စရာမရှိဘူး"

ရွန့်မျက်နှာ — တိကျစွာ ပြောရရင် ခရပ်ရဲ့ မျက်နှာဟာ — ဒေါသ ကြောင့် တွန့်လိမ်လာတယ်။

"မင်းဘာဖြစ်လဲ ခရပ်" မော်ဖိုင်က ဝေါက်မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်နာလို့" ရွှန်က ညည်းညူစွာ ပြောတယ်။

"ကောင်းပြီ၊ ဒါဆို မင်းဆေးရုံသွား။ ငါ့အစား ဟိုရွှံ့မျိုးတွေကို ကန်ပစ်ခဲ့" မော်ဖိုင်က ကောက်ကျစ်စွာ ရယ်ရင်း ပြောတယ်။ "မင်းသိတယ် 'ကြိုဟော ဆရာများနေ့စဉ်' ဟာ ဒီက တိုက်ခိုက်တဲ့ ကိစ္စတွေကို ခုထိ မရေးသေးတာ ငါအံ့ဩမိတယ်" သူက ဆက်ပြောတယ်။ "ဒမ်ဘလီဒိုးက အားလုံးကို ဖုံးထားချင်တယ်နဲ့တူတယ်။ အခြေအနေကို ချက်ချင်းမတားရင် သူ့ကို အလုပ်ဖြုတ်ပစ်မှာ။ အဖေက ပြောပြောနေတယ်၊ ဒမ်ဘလီဒိုးကို ကျောင်းအုပ်ခန့်တာဟာ ဒီကျောင်းအဖို့ ကံအဆိုးဆုံးကိစ္စတဲ့။ သူက မတ်ဂေါ်ကို နှစ်သက်တယ်။ ဂုဏ်သရေရှိ ကျောင်းအုပ်တစ်ယောက်ဟာ ခရီးဗီးလို ငထိုင်းကို ကျောင်းဝင်ခွင့်ပေးမှာ မဟုတ်ဖူး"

မော်ဖိုင်ဟာ ကင်မရာတစ်လုံးနဲ့ ဓာတ်ပုံရိုက်ဟန်ဆောင်တယ်။ ခိုလင်နဲ့တူအောင် လုပ်ပြတယ်။ "ပေါ်တာ၊ ကျွန်တော် ဓာတ်ပုံတစ်ပုံ ရိုက်လို့ရမလား။ ပေါ်တာ၊ ခင်ဗျား လက်မှတ်ထိုးပေးမလား။ ကျွန်တော် ခင်ဗျားဖိနပ်ကို လျှာနဲ့လျက်လို့ ရမလား။ ခွင့်ပြုပါနော်၊ ပေါ်တာ"

သူက လက်ကို အောက်ချလိုက်ပြီး ဟယ်ရီနဲ့ ရွှန်ကို ကြည့်နေတယ်။

"မင်းတို့နှစ်ယောက် ဘာဖြစ်တာလဲ"

ဒီတော့မှ ဟယ်ရီနဲ့ ရွှန်ဟာ မိမိကိုယ် မိမိ မနည်းရယ်အောင် လုပ်ရယ်လိုက်တယ်။ ဒါပေမယ့် မော်ဖိုင့်ကြည့်ရတာ တော်တော် ကျေနပ်သလိုပဲ။ ခရပ်နဲ့ ဂိုးဟာ အမြဲတမ်းလည်း ထိုင်းအတယ်နဲ့ တူတယ်။

"မြင့်မြတ်သူ ပေါ်တာဟာ ရွှံ့မျိုးရဲ့ မိတ်ဆွေ" မော်ဖိုင်က ဖြည်းဖြည်းစွာ ပြောတယ်။ "မှော်ဆရာခံစားချက် စစ်စစ်မရှိတဲ့ လူမျိုး။ နို့မို့ရင် သူဟာ ဟို ကိုယ့်ဖာသာ မာနကြီးနေတဲ့ ရွှံ့မျိုး ဂရန်ဂျာနဲ့ တနေကုန် အတူနေမှာ မဟုတ်ဖူး။ လူတွေက သူ့ကို စလေးသရင်းရဲ့ ဆက်ခံသူလို့ ထင်ကြတယ်"

ဟယ်ရီနဲ့ ရွှန်ဟာ အသက်အောင့်ပြီး စောင့်နေတယ်။ မော်ဖိုင်ဟာ သူသာလျှင် အဲဒီဆက်ခံသူပါလို့ သူတို့ကို ချက်ချင်းပြောမှာ သေချာတယ်။ ဒါပေမယ့် —

"အဲဒီလူ ဘယ်သူလဲဆိုတာ ငါတကယ် သိချင်တယ်" မော်ဖိုင်က စိုးကားစွာ ပြောတယ်။ "ငါသူတို့ကို ကူညီနိုင်တယ်လေ"

ရွှန့်ပါးစပ်ကြီး ဟနေတယ်။ ဒါကြောင့် ခရပ်ရဲ့ မျက်နှာဟာ ခါတိုင်း



ထက် ထိုင်းအနေတယ်။ တော်သေးတာက မော်ဖိုင်သတိမထားမိဘူး။ ဟယ်ရီဟာ အလျှင်အမြန်စဉ်းစားနေတယ်။ သူက ပြောတယ်။ "ခင်ဗျား အနည်းနဲ့အများတော့ သိမှာပါ။ ဒါတွေ အားလုံးကို ဘယ်သူက ကြိုးကိုင်တာလဲ. . . ."

"ငါမသိဘူးဆိုတာ မင်းသိရက်သားနဲ့။ ဂိုး၊ ငါ မင်းကို ဘယ်နှစ်ကြိမ် ပြောရမလဲ" မော်ဖိုင်က ဟောက်တယ်။ "လွန်ခဲ့တဲ့အကြိမ် လျှို့ဝှက်အခန်း ပွင့်သွားတဲ့ အကြောင်းကို အဖေက ငါ့ကို ပြောမပြချင်ဘူး။ အင်းလေ၊ အဲဒါ လွန်ခဲ့တဲ့အနှစ် ငါးဆယ်က ကိစ္စ။ သူတောင် မမွေးသေးဘူး။ ဒါပေမယ့် သူ ဘာမဆို သိတယ်။ သူက ဒါတွေအားလုံး လျှို့ဝှက်ချက်၊ ငါသိတာ သိပ်များရင် သံသယဖြစ်စရာ ဖြစ်လိမ့်မယ်လို့ ပြောတယ်။ ဒါပေမယ့် တစ်ခုတော့ ငါသိတယ်။ လျှို့ဝှက်အခန်း အရင်တခါ အဖွင့်ခံရတုန်းက ရွှံ့သွေးတစ်ယောက် သေသွားတယ်။ ဒါကြောင့် ငါပြောရဲတယ်၊ ဒီတစ်ခါလဲ ရွှံ့သွေးတစ်ယောက် သေမှာပဲ၊ အချိန်ပဲလိုတာ . . . . ဂရန်ဂျာဖြစ်စေချင်တယ်" သူက အရသာခံ ပြောနေတယ်။

ရွှန်က ခရပ်ရဲ့ လက်သီးကြီးကို ဆုပ်ထားတယ်။ ရွှန်က မော်ဖိုင်ကို လက်သီးနဲ့ ထထိုးရင် ပေါ်ကုန်လိမ့်မယ်လို့ ဟယ်ရီထင်တယ်။ သူက သတိပေးတဲ့ အကြည့်နဲ့ ရွှန့်ကို စိုက်ကြည့်ပြီး ပြောတယ်။ "မင်းသိလား၊ အရင်တခါ လျှို့ဝှက်အခန်းကို ဖွင့်တဲ့လူ ဖမ်းမိလား"

"အော၊ ဟုတ်တယ် . . . . ဘယ်သူပဲ ဖြစ်ဖြစ်၊ ကျောင်းထုတ်ခံရတယ်" မော်ဖိုင်က ပြောတယ်။ "သူတို့ အခု အက်ဇခါဘန်မှာ ရှိနေလိမ့်မယ်ထင်တယ်"

"အက်ဇခါဘန် ?" ဟယ်ရီက မရှင်းလို့ မေးတယ်။

"အက်ဇခါဘန် — အဲဒါ မှော်ဆရာထောင်၊ ဂိုး" မော်ဖိုင်က ပြောရင်း သံသယနဲ့ ဟယ်ရီကို ကြည့်နေတယ်။ "အမှန်တိုင်းပြောရရင်၊ မင်း ဒီအတိုင်း ထိုင်းအနေရင် အပြန်လမ်းသွားရလိမ့်မယ်"

သူဟာ ထိုင်ခုံပေါ်မှာ ဂဏှာမငြိမ်လှုပ်နေတယ်။ သူက "ငါ့အဖေက ငါ့ကို ပေါ်ပေါ်လွင်လွင် မနေဖို့ပြောတယ်။ စလေးသရင်းရဲ့ ဆက်ခံသူ ဆက်လုပ်ရှားပစေတဲ့။ သူက ပြောတယ်။ ရွှံ့မျိုးတွေရဲ့ အညစ်အကြေးတွေကို ကျောင်းက သုတ်သင်ပစ်မှ ဖြစ်မယ်။ ဒီကိစ္စနဲ့ မပတ်သက်မိစေနဲ့လို့ ပြောတယ်။ သူအခုလုပ်ရမယ့် ကိစ္စက အများကြီးလေ။ မင်းတို့ သိလား၊ လွန်ခဲ့တဲ့ အပတ်က မှော်ဌာနချုပ်ကြီးက ငါတို့ လယ်ကွင်းကို ရုတ်တရက် ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



မှာခွေးတယ်"

*ဟယ်ရီဟာ ဂိုးမျက်နှာပေါ်မှာ ဂရုစိုက်တဲ့ အမူအရာပေါ်အောင်* တအားကြိုးစားတယ်။

"ဟုတ်တယ်ဒလေ . . . ." မော်ဖိုင်က ပြောတယ်။ "သူတို့ ဘာမှ တွေ့မသွားလို့ တော်သေးတယ်။ ငါ့အဖေမှာ အလွန်တန်ဖိုးရှိတဲ့ မှော်နက် ပညာပစ္စည်းတွေ ရှိတယ်။ ငါတို့က တို့လျှို့ဝှက်အခန်းကို ဧည့်ခန်းကြမ်းခင်း အောက်မှာ ထားလို့ တော်သေးတယ် — "

"ဟူး" ရွန့်အသံထွက်လာတယ်။

မော်ဖိုင်က သူ့ကို ကြည့်နေတယ်။ ဟယ်ရီကလည်း သူ့ကို ကြည့်နေ တယ်။ သူ့ဆံပင်တွေ နီလာနေတယ်။ နှာခေါင်းလည်း ရှည်လာနေတယ် — သူတို့ အချိန်ရောက်လာပြီ။ ရွန်ဟာ သူ့ကိုယ်သူ ပြန်ဖြစ်လာနေတယ်။ ဟယ်ရီ ဟာ ရွန်က ရုတ်တရက် မိမိကို ကြည့်လိုက်တဲ့ အကြည့်ထဲကနေ မိမိလည်း မူလရုပ်ပုံ ပြန်ဖြစ်လာနေမှန်း သိလိုက်တယ်။

သူတို့နှစ်ယောက် တစ်ပြိုင်နက် ထရပ်လိုက်တယ်။

"ဗိုက်နာဆေးသွားယူမယ်" ရွန်က မသဲမကွဲပြောလိုက်တယ်။ သူတို့ လျှာရှည်မနေတော့ပဲ စလေးသရင်း အများနားနေခန်းက ခုန်ထွက်ပြီး ကျောက် နံရံဆီ ပြေးသွားတယ်။ ဒီနောက် စင်္ကြံထဲမှာ အသားကုန် ပြေးပါတော့တယ်။ သူတို့ဟာ မော်ဖိုင် ဘာမှ သတိမထားမိဖို့ မျှော်လင့်တယ်။ ဟယ်ရီဟာ သူ့ခြေ ထောက် ဂိုးရဲ့ ဖိနပ်ကြီးထဲမှာ ချော်ချော်သွားတာ၊ သူ့ကိုယ်ခန္ဓာကြုံ့လာတာ ခံစားရတယ်။ သူဟာ အဝတ်အစားကို ဆွဲမ,ထားရတယ်။ သူတို့ဟာ တိုက် တိုက်ခိုက်ခိုက်နဲ့ လှေခါးထစ်တွေကို တက်လာပြီး မှောင်မည်းတဲ့ တံခါးမ အခန်းထဲ ရောက်လာတယ်။ သူတို့ ခရပ်နဲ့ ဂိုးကို ပိတ်ထားတဲ့ ဘီဒိုထဲကနေ ခပ်လျှောင်လျှောင် တွန်းတိုက်တဲ့ အသံကြားရတယ်။ သူတို့ဟာ ဖိနပ်ကို ဘီဒိုတံခါးရှေ့ ပစ်ထားခဲ့ပြီး ခြေစွပ်နဲ့ မာဘယ်ကျောက်လှေခါးပေါ် တက် ငိုရှိုက်တဲ့ မားထော်ရဲ့ သန့်စင်ခန်းဆီ ပြေးကြတယ်။

"တော်သေးတယ်၊ လုံးဝ အချိန်ဖြုန်းသလိုတော့ မဖြစ်ဖူး" ရွန်က မောရှိုက်စွာ ပြောရင်း သန့်စင်ခန်းတံခါးကို လှည့်ပိတ်လိုက်တယ်။ "ဘယ်သူ ဒီတိုက်ခိုက်မှုတွေ လုပ်သလဲဆိုတာ မသိရသေးတာ ငါသိတယ်၊ ဒါပေမယ့် ငါမနက်ဖန် ငါ့အဖေဆီ စာရေးမယ်။ မော်ဖိုင်တို့အိမ် ဧည့်ခန်းအောက်ကို



သွားရှာဖွေဖို့ ပြောမယ်"

ဟယ်ရီဟာ အက်နေတဲ့ မှန်ရှေ့မှာ မိမိမျက်နှာကို စစ်ဆေးကြည့်တယ်။ သူပုံမှန် ပြန်ဖြစ်သွားပြီ။ သူ မျက်မှန် တပ်လိုက်တယ်။ ရွန်က ဟာမီးရဲ့ အိမ်သာခန်းကို တအားခေါက်နေတယ်။

"ဟာမီး၊ မြန်မြန်ထွက်ခဲ့၊ ငါတို့ နင့်ကို ပြောပြစရာ အများကြီး ရှိတယ် — "

"သွားစမ်း" ဟာမီးက အသံစူးစူး ပြောတယ်။

ဟယ်ရီနဲ့ ရွန်ဟာ အံ့ဩစွာ တစ်ယောက်ကို တစ်ယောက် ကြည့်နေ တယ်။

"ဘယ်လိုဖြစ်တာလဲ" ရွန်က ပြောတယ်။" နင် အခု မူလအတိုင်း ပြန်ဖြစ်ရောပေါ့၊ ငါတို့ . . . ."

ငိုရှိုက်တဲ့ မားထော်ဟာ ရုတ်တရက် အိမ်သာအခန်းလေးထဲက လှစ်ခနဲ ထွက်လာတယ်။ သူမ ဒီလိုဝမ်းသာနေတာ ဟယ်ရီမကြုံဖူးဘူး။

"အမလေး၊ စောင့်ကြည့်ကြ" သူမက ပြောတယ်။ "သိပ်ကြောက်စရာ ကောင်းတာပဲ"

တံခါးဂျက်ပွင့်သံကြားရပြီး ဟာမီး ထွက်လာတယ်။ ငိုယိုပြီး ဝတ်ရုံ ရှည်ကို ဆွဲပြီး ခေါင်းပါအုပ်ထားတယ်။

"ဘာဖြစ်သလဲ" ရွန်က ဘာမှန်းမသိပြောတယ်။ "နင့်မှာ မစ်လစ်စင် ရဲ့ နှာခေါင်းများ ကျန်နေသေးလို့လား"

ဟာမီးက ဝတ်ရုံရှည်ကို လွှတ်ချလိုက်တယ်။ ရွန်နောက်ဆုတ်လိုက် တာ ရေကန်နဲ့ ဝင်ဆောင့်တယ်။

သူမမှာ မျက်နှာတစ်ခုလုံး အမွေးမည်းမည်းတွေနဲ့။ မျက်စိက အဝါ ရောင်ဖြစ်သွားတယ်။ သူ့ဆံပင်ထဲကနေ နားရွက်ချွန်ချွန်ရှည်ရှည်နှစ်ခု ထိုး ထွက်နေတယ်။

"အဲဒါ ကြောင်မွေး" သူမက ဝမ်းနည်းစွာ ငိုရင်း ပြောတယ်။ "မစ် မစ်လစ်စင်မှာ ကြောင်တစ်ကောင် မွေးထားတာ ဖြစ်ရမယ်။ ဒါပေမယ့် ဒီဆေး ရည်ဟာ တိရစ္ဆာန် ရုပ်ပြောင်းဖို့ မဟုတ်ဖူး"

"ခက်တာပဲ" ရွန်က ပြောတယ်။

"နင့်ကို ကဲ့ရဲ့ရယ်လို့ ဆုံးမှာ မဟုတ်ဖူး" မားတော်က ဝမ်းသာစွာ ပြော

www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ကိစ္စမရှိဘူး၊ ဟာမီး" ဟယ်ရီက အမြန်ပြောတယ်။ "ငါတို့ နင့်ကို ဆေးရုံလိုက်ပို့မယ်။ မဒမ်ဖွမ်ဖရေဟာ ဘယ်တုန်းကမှ သိပ်မမေးတတ်ဘူး . . . ."

သူတို့ အချိန်အများကြီး ကုန်ပြီးမှ ဟာမီးကို သန့်စင်ခန်းက ထွက်ဖို့ ပြောလို့ရတယ်။ ငိုရှိုက်တဲ့ မားထော်ဟာ ဝမ်းသာအားရနဲ့ အသံသြသြရယ်တယ်။ ဒါကြောင့် သူတို့ ခပ်သုတ်သုတ်သွားကြတယ်။

"ကြည့်ကြတာပေါ့၊ အားလုံးက နင့်မှာ အမြီးပေါက်တာ တွေ့ကြမှာပါ"



# ၁၃။ အလွန်လျှို့ဝှက်တဲ့ နေ့စဉ်မှတ်တမ်း

ဟာမီးဟာ ဆေးရုံမှာ ရက်သတ္တပတ် အချို့နေရတယ်။ တခြားကျောင်းသားတွေ ခရစ္စမတ်ပွဲပြီးလို့ ကျောင်းပြန်ရောက်တော့ သူမပျောက်ဆုံးနေတာနဲ့ ပတ်သက်ပြီး အမျိုးမျိုးပြောနေကြတယ်။ အားလုံးက သူ့အတိုက်ခိုက်ခံရပြီလို့ ထင်ကြတယ်။ ဒါကြောင့် ကျောင်းသားတွေဟာ တန်းစီပြီး ဆေးရုံလူနာခန်းရှေ့က ဖြတ်ပြီး သူမကို မြင်လိုကြတယ်။ မဒမ်ဖွမ်ဖရေဟာ သူမရဲ့ လိုက်ကာကို ထုတ်ရပြန်ပြီး ဟာမီးရဲ့ ခုတင်ဘေး ကာထားရတယ်။ သူမရဲ့ အမွေးထူထူ မျက်နှာကို လူမြင်ရင် ရှက်မှာ စိုးလို့ လူမမြင်အောင် ကာထားတယ်။

ဟယ်ရီနဲ့ ရွန်ဟာ ညစဉ်ညတိုင်း သူမကို သွားကြည့်တယ်။ ကျောင်းစာသင်ပတ် စပြီးနောက်၊ သူတို့က နေ့စဉ် အိမ်စာကို သူမဆီ ယူဆောင်ပေးတယ်။

"ငါ့ပါးပေါ်မှာ မုတ်ဆိတ်မွေးပေါက်ရင် ငါလဲနားရမှာ စာလုပ်စရာမလိုတော့ဘူး" တစ်ညမှာ ရွန်က ပြောရင်း စာအုပ်တစ်ပုံကြီးကို ဟာမီး ခုတင်

www.burmeseclassic.com



ဘေးက စာပွဲခုံပေါ် တင်လိုက်တယ်။

"အလကား ပြောမနေနဲ့၊ ရွှန်၊ ငါ စာမီအောင် လိုက်မှ ဖြစ်မယ်" ဟာမီးက ပေါ့ပါးစွာ ပြောတယ်။ သူမ မျက်နှာပေါ်က အမွေးတွေ ပျောက်ကုန်ပြီး မျက်စိဟာလည်း အစကလို အညိုရောင်ပြန်ဖြစ်လာပြီ။ ဒါကြောင့် သူမ စိတ်တော်တော် သက်သာလာတယ်။ "နင်တို့ ဘာသဲလွန်စ အသစ်မှ မရဘူး ထင်တယ်" သူမက အသံနှိမ့်ပြီး မေးတယ်။ မဒမ်ဖွမ်ဖရေကြောင်းမှာ စိုးတယ်။

"မရဘူး" ဟယ်ရီက စိတ်ပျက်စွာ ပြောတယ်။

"ငါ ပြောရဲတယ်၊ အဲဒါ မော်ဖိုင်ပဲ" ရွှန်က ပြောတယ်။ ဒါဟာ သူ့စကားကို အကြိမ်တစ်ရာမြောက် ပြောတာ။

"အဲဒါဘာလဲ" ဟယ်ရီက မေးတယ်။ ဟာမီး ခေါင်းအုံးအောက်က ထွက်နေတဲ့ ရွှေရောင်ပစ္စည်းကို ညွှန်ပြတယ်။

"ပို့စကတ်ပါ" ဟာမီး အမြန်ပြောတယ်။ ၎င်းကို ပြန်တွန်းထည့်လိုက်တယ်။ သူတို့ မတွေ့စေချင်ဘူး။ ဒါပေမယ့် ရွှန့်လက်က သူမထက် အများကြီး မြန်တယ်။ သူက ကဒ်ကို ဆွဲယူပြီး ဖွင့်ကာ အကျယ်ကြီး ဖတ်တယ်။

မစ်ဂရန်ဂျာသို့၊ စောစီးစွာ ကျန်းမာပါစေလို့ မျှော်လင့်တယ်။ သင့်ဆရာ စိုက်တဲ့ ဆရာပါမောက္ခ ဂစ်ဒရိုက် - လော့ဟတ်။ မာလင် တတိယဆုတံဆိပ်ရသူ၊ မှော်နက်ပညာ ဆန့်ကျင်ရေးအသင်းရဲ့ ဂုဏ်ထူးဆောင် အသင်းဝင်၊ 'မှော်ဆရာအပတ်စဉ်' တွင် ဆွဲဆောင်အား အကောင်းဆုံး အပြုံးပိုင်ရှင်ဆု ငါးကြိမ်တိုင်တိုင် ရရှိသူ။

ရွှန်က ဟာမီးကို မော့ကြည့်တယ်။ ရွံရှာတဲ့ အမူအရာနဲ့။

"နင်က ဒါကို ခေါင်းအုံးအောက်ထား အိပ်တယ် ?"

ဟာမီးဟာ သူ့ကို ပြန်ဖြေစရာ မလိုတော့ဘူး။ အကြောင်းက မဒမ်ဖွမ်ဖရေဟာ သူမ ညသောက်ရမယ့် ဆေးကို ယူပြီး ခပ်သုတ်သုတ်ဝင်လာလို့။

"လော့ဟတ်ဟာ နင်တွေ့ဖူးတဲ့ ဖော်လံအဖားတတ်ဆုံး ပုဂ္ဂိုလ်ဟုတ်လား ?" ရွှန်က မေးလိုက်တယ်။ ဟယ်ရီနဲ့ အတူထွက်ခွာခဲ့ပြီး အပေါ်သို့ တက်ခဲ့တယ်။ ရဲတိုက်ဆီ သွားကြတယ်။ စနိတ်ပ်က သူတို့ကို အိမ်စာတပုံကြီး ပေးထားတယ်။ ဟယ်ရီဟာ ဒါတွေကို ဆဋ္ဌမနှစ်ကျမှ ပြီးအောင် လုပ်နိုင်မယ်လို့တောင် ထင်နေတာ။ ရွှန်က သူ ဟာမီးကို ဆံပင်ပေါက်ဆေးထဲ ကြွက်မြီး ဘယ်နှစ်ချောင်း ထည့်မှရမလဲဆိုတာ မမေးခဲ့ရလို့ နောင်တရနေတယ်ဆို



ပြောမယ်လုပ်တုန်းမှာ ရုတ်တရက် အပေါ်ထပ်ကနေ ဒေါသနဲ့ အော်သံပေါ် ထွက်လာတယ်။

"အဲဒါ ဖစ်ချ်" ဟယ်ရီက အသံနှိမ့်ပြောတယ်။ သူတို့ဟာ အထစ်တွေ ကျော်ပြီး လှေခါးပေါ် တက်ခဲ့ကြတယ်။ သူများ မတွေ့နိုင်တဲ့ နေရာမှာ ပုန်းနေကြပြီး နားစွင့်နေတယ်။

"နောက်ထပ် တိုက်ခိုက်ခံရသူ ရှိမယ်ထင်လား" ရွှန်က စိတ်လှုပ်ရှားစွာ ပြောတယ်။

သူတို့ဟာ မလှုပ်မယှက် ရပ်နေတယ်။ ဖစ်ချ်အသံလာရာသို့ လည်ဆန့်ကြည့်တယ်။ အဲဒီအသံဟာ ရူးသွပ်သလို ဖြစ်နေတယ်။

". . . . ငါ့ကို ဒုက္ခပေးပြန်ပြီ။ ကြမ်းတိုက်ရတာ တစ်ညလုံးပဲ၊ ငါ့အလုပ် လုပ်ဖို့ မရှိသလိုပဲ။ မဖြစ်ဖူး၊ ငါမခံနိုင်တော့ဘူး။ ဒမ်ဘယ်လီဒိုးဆီ သွားမယ်"

ဖစ်ချ်ရဲ့ ခြေသံ တဖြည်းဖြည်း ပျောက်သွားတယ်။ အဝေးက တံခါး ဆောင့်ပိတ်သံ ကြားရတယ်။

သူတို့ဟာ ကွေ့ချိုးကနေ ခေါင်းပြူကြည့်တယ်။ ဖစ်ချ် ခါတိုင်းနေရာမှာ ကင်းစောင့်နေတာ ထင်ရှားတယ်။ သူတို့ဟာ မစ္စစ်နော်ရစ်စ် တိုက်ခိုက်ခံရတဲ့ နေရာကို ရောက်လာတယ်။ ဖစ်ချ် ဘာဖြစ်လို့ အော်ဆူနေတယ်ဆိုတာ ချက်ချင်းသိသွားကြတယ်။ ရေတွေ စင်္ကြံတစ်ဝက်လောက် အိုင်ဖြစ်နေတယ်။ ကြည့်ရတာ ငိုရှိုက်တဲ့ မားထော်ရဲ့ သန့်စင်ခန်း တံခါးအောက်ကနေ စိမ့်ထွက်လာနေတယ်။ အခု ဖစ်ချ် မအော်တော့ဘူး။ ဒါကြောင့် မားထော်ရဲ့ ငိုသံ၊ အော်သံ သန့်စင်ခန်း နံရံအတွင်း လွင့်နေတာ ကြားရတယ်။

"သူမ ဘာဖြစ်ပြန်တာလဲ" ရွှန်က ပြောတယ်။

"ငါတို့ သွားကြည့်ရအောင်" ဟယ်ရီက ပြောတယ်။ ဒါနဲ့ သူတို့ဟာ ဝတ်ရုံရှည်ကို ခြေမျက်စိအပေါ်ထိ ဆွဲမပြီး တအားပေါက်ထွက်နေတဲ့ ရေတွေ နင်းကာ "ပျက်နေတယ်" လို့ ကပ်ထားတဲ့ အခန်းဆီကို လျှောက်သွားတယ်။ သူတို့ဟာ ခါတိုင်းလိုပဲ ဒီသတိပေးစာကို အရေးမထားပဲ တန်းဝင်သွားတယ်။

ငိုရှိုက်တဲ့ မားထော် ငိုယိုတဲ့အသံဟာ အရင်ကထက်တောင် ကျယ်ပြီး ကြေကွဲနေတယ်။ ဒါ မယုံနိုင်စရာပဲ။ သူမဟာ ခါတိုင်း သူနေတဲ့ အိမ်သာ ဘုံဘိုင်ရေပုံးထဲမှာ ပုန်းနေတယ်။ သန့်စင်ခန်းထဲမှာ မှောင်နေတယ်။ တိုးထွက်နေတဲ့ ရေက ဖယောင်းတိုင်ကို ငြိမ်းသတ်လိုက်လို့။ နံရံနဲ့ ကြမ်းပြင်အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ရွှတ်စိုနေတယ်။

"ဘယ်လိုဖြစ်တာလဲ မားထော်" ဟယ်ရီက မေးတယ်။

"နင်က ဘယ်သူလဲ" မားထော်ဟာ ငိုမဲ့မဲ့နဲ့ အသံစီစီ ပြောတယ်။ "ငါ့ကို ပစ်ပေါက်ဦးမလို့လား"

ဟယ်ရီက ရေထဲ ဖြတ်ပြီး သူမရဲ့ အိမ်သာခန်းလေးဆီ သွားတယ်။ သူက "ကျွန်တော် ဘာဖြစ်လို့ ခင်ဗျားကို ပစ်ပေါက်ရမှာလဲ"

"ငါ့ကို မမေးနဲ့" မားထော်က အော်ရင်း ရေပေါ် ပေါ်လာတယ်။ ရေစီးပိုကြီးကြီးပန်းထွက်လာတယ်။ စိုနေတဲ့ ကြမ်းပေါ် ကျလာတယ်။ "ငါ ဒီမှာ ကောင်းကောင်းနေတာ။ ကိုယ့်ကိစ္စ ကိုယ်တွေးနေတာ။ ငါ့ကိုယ်ပေါ် စာအုပ်နဲ့ ပစ်ပေါက်ရတာ သိပ်ပျော်စရာ ကောင်းတယ်လို့ တွေးတဲ့သူ ရှိတယ်. . . ."

"ခင်ဗျားကို ပစ်ပေါက်မယ့်သူ ရှိတယ်ထား၊ ခင်ဗျား မနာမှ မနာတာ" ဟယ်ရီက ဉာဏ်ရှိရှိ ပြောတယ်။ "ကျွန်တော်ပြောလိုတာက အဲဒီအရာဟာ ခင်ဗျား ကိုယ်ထဲက ဖြတ်သွားမှာ၊ ဟုတ်လား"

ဟယ်ရီ စကားအပြောမှားသွားတယ်။ မားထော်ဟာ ချက်ချင်း မိမိ ကိုယ်ကို ဖောင်းပွလာစေတယ်။ စူးရှစွာ အော်ပြောတယ်။ "အားလုံး စာအုပ်နဲ့ မားထော်ကို ပေါက်ကြ။ သူမ လုံးဝ မခံစားရလို့။ နင်တို့ စာအုပ်နဲ့ သူ့ဗိုက် ကို ပေါက်မိရင် (၁၀)မှတ်ရမယ်။ သူမ ခေါင်းကို ပေါက်မိရင် အမှတ် (၅၀) ရမယ်။ သိပ်ကောင်းတယ်။ ဟား ဟား၊ ဟား ဟား။ ချစ်စရာကောင်းလိုက်တဲ့ ကစားနည်း။ ငါတော့ ဒီလို မထင်ဘူး"

"ဒါဖြင့်ရင် ခင်ဗျားကို ဘယ်သူက စာအုပ်နဲ့ ပေါက်တာလဲ" ဟယ်ရီက မေးတယ်။

"ငါမသိဘူး . . . . အဲဒီ အချိန်မှာ ငါ အိမ်သာဖင်ထိုင် ဂွင်းပေါ် ထိုင်နေတာ၊ သေဖို့တွေးနေတာ။ အဲဒီ စာအုပ်ဟာ ရုတ်တရက် ငါ့ခေါင်းပေါ် ကျလာတယ်" မားထော်က စိတ်ဆိုးဆိုးနဲ့ သူတို့ကို ကြည့်ပြီး ပြောတယ်။ "ဟိုမှာလေ၊ ရေစိုလို့ စုတ်ကုန်ပြီ"

ဟယ်ရီနဲ့ ရွန်ဟာ မားထော်ညွှန်ပြတဲ့ဘက် ရေကန်အောက်ကို ကြည့်လိုက်တယ်။ စာအုပ်သေးသေး၊ ပါးပါးလေးတစ်အုပ် ကြမ်းပေါ် ကျနေတယ်။ အနက်ရောင် စုတ်စုတ်ပြတ်ပြတ် အဖုံး။ သန့်စင်ခန်းထဲက အရာအားလုံးလို



ပဲ လုံးဝ စွတ်စိုနေတယ်။ ဟယ်ရီက ရှေ့တစ်လှမ်းတိုးပြီး ၎င်းကို ကောက်ဖို့ လုပ်တယ်။ ဒါပေမယ့် ရွန်က ရုတ်တရက် သူ့ကို ဆွဲထားတယ်။

"ဘာဖြစ်လို့လဲ" ဟယ်ရီက မေးတယ်။

"မင်းရူးနေလား" ရွန်က ပြောတယ်။ "အန္တရာယ်ရှိနိုင်တယ်"

"အန္တရာယ် ?" ဟယ်ရီက ပြောပြီး ရယ်လာတယ်။ "လျှောက်မပြောနဲ့တော့။ ဘယ်ကလာ အန္တရာယ်ရှိရမှာလဲ"

"ပြောပြရင် မင်းလန့်သွားမှာ" ရွန်က ပြောရင်း ဟိုစာအုပ်ကို ကြောက်လန့်စွာ ကြည့်နေတယ်။ "ငါ့အဖေက ငါ့ကို ပြောတယ်။ မှော်ဌာနချုပ်ကြီးက သိမ်းလိုက်တဲ့ စာအုပ်အချို့ဟာ တစ်အုပ်အုပ်က မင်းမျက်စိကို ကန်းအောင် လောင်ကျွမ်းစေတယ်။ "မှော်ဆရာ ၁၄ တန်း ကဗျာ" ဖတ်ဖူးတဲ့ လူဟာ တစ်သက်လုံး ၅ တန်းပါ ကာရန်ကဗျာနဲ့ပဲ စကားပြောရတော့တယ်။ ဘတ်သ်က မှော်ဆရာအိုကြီးမှာ စာအုပ်တစ်အုပ်ရှိတယ်။ မင်းကြည့်မိတာနဲ့ လက်ကချလို့ မရဘူး။ မင်းဘယ်သွားသွား၊ မျက်နှာနဲ့ စာအုပ်အပ်ထားရလို့ လက်တစ်ဘက်နဲ့ အလုပ်အားလုံးလုပ်ရတယ်။ ပြီးတော့ — "

" တော်တော့၊ ငါနားလည်ပြီ" ဟယ်ရီက ပြောတယ်။

အဲဒီစာအုပ်ကလေးဟာ ကြမ်းပေါ်မှာ လဲလျောင်းနေပြီ။ စိုရွှဲပြီး ဝေဝါးနေတယ်။

"ဒါပေမယ့် တို့ကြည့်မှ သိမှာ " သူကပြောရင်း ရွန့်ကို ခေါင်းငုံ့ရှောင်တိမ်းပြီး ကြမ်းပေါ်ကနေ စာအုပ်ကို ကောက်ယူလိုက်တယ်။

ဒါနေ့စဉ် မှတ်တမ်းဆိုတာ ဟယ်ရီမြင်တာနဲ့ သိတယ်။ မျက်နှာဖုံးပေါ်က အရောင်မှိန်နေတဲ့ နေ့စွဲက ၎င်းဟာ လွန်ခဲ့တဲ့ အနှစ် (၅၀) က ဆိုတာ ဖော်ပြနေတယ်။ ဟယ်ရီ လောလောဖွင့်လိုက်တယ်။ ပထမစာမျက်နှာမှာ မင်ရည်နဲ့ ရေးထားတဲ့ ဝေဝါးနေတဲ့ 'T . M . Riddle'

"နေဦး " ရွန်က ပြောတယ်။ " ဒီနာမည် ငါသိတယ် . . . . . ရဲ့ဒဲလ်ဟာ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က ကျောင်းအတွက် အထူးအကျိုးပြုဆုရတယ်" သူဟာ သတိနဲ့ ရှေ့တိုးလာတယ်။ ဟယ်ရီနောက်ကနေ နေ့စဉ် မှတ်တမ်းကို ကြည့်နေတယ်။

" မင်း ဘယ်လိုလုပ်သိတာလဲ " ဟယ်ရီက အံ့သြစွာ မေးတယ်။

"ဖစ်ချ်က ငါ့ကို ကျောင်းမှာ အလုပ်လုပ်ဖို့ အပြစ်ပေးတုန်းက

www.burmeseclassic.com

www.burmeseclassic.com



သူ့အစား ဆုတံဆိပ်တွေ သုတ်နိုင်းတယ်။ အကြိမ်ငါးဆယ်လောက် သုတ်ရတယ်" ရွန်က မကျေမနပ်ပြောတယ်။ "အဲဒီနေ့က ငါကျို့ထိုးပြီး ပက်ကျိတွေ ထွက်ကျလို့ မနည်းစင်အောင် သုတ်ခဲ့ရတာ။ တကယ်လို့ မင်းတစ်နာရီလုံးလုံး နာမည်တစ်ခုတည်းပေါ်က အချွဲအကျိတွေကို သုတ်နေရရင် မင်းလဲ ဒီနာမည်ကို မှတ်မိမှာပါ"

ဟယ်ရီက စိုနေတဲ့ စာမျက်နှာတွေကို ခွာကြည့်တယ်။ စာမျက်နှာတိုင်းမှာ ဗလာချည်းပဲ။ စာရေးဖူးတဲ့ အရာမရှိဘူး။ "အန်တီမေဘယ်ရဲ့ မွေးနေ့" သို့မဟုတ် "သုံးနာရီခွဲ သွားသွားပြရမယ်" ဆိုတဲ့ စာမျိုးတောင် မရှိဘူး။

"သူစာတစ်လုံးမှ မရေးဘူး" ဟယ်ရီက စိတ်ပျက်စွာ ပြောတယ်။

"ဘာဖြစ်လို့ ဒါကို လွှတ်ပစ်သလဲဆိုတာ ငါနားမလည်ဘူး" ရွန်က သိလိုဇောနဲ့ ပြောတယ်။

ဟယ်ရီက ကျောဘက်အဖုံးကို လှန်ကြည့်လိုက်တော့ ဗောက်ခ်စ်ဟောလမ်း၊ လန်ဒန်က စာနယ်ဇင်းကိုယ်စားလှယ် တစ်ယောက်ရဲ့ နာမည်ကို ရိုက်ထားတာ တွေ့ရတယ်။

"ရစ်ဒေါ်ဟာ မတ်ဂေါ်တစ်ယောက် ဖြစ်လိမ့်မယ်" ဟယ်ရီက တွေးရင်း ပြောတယ်။ "ဒါကြောင့် ဗောက်ခ်စ်ဟောလမ်းမှာ နေ့စဉ် မှတ်တမ်း စာအုပ်ဝယ်တာ. . . . ."

"တော်ပြီ၊ မင်းအဖို့လဲ ဘာမှ အသုံးမကျဘူး" ရွန်က ပြောရင်း အသံကို နှိမ့်လိုက်တယ်။ "မင်းစာအုပ်နဲ့ မားထော်ရဲ့ နှာခေါင်းကို ထိအောင် ပေါက်နိုင်ရင် အမှတ် (၅၀) ရမယ်"

ဒါပေမယ့် ဟယ်ရီက နေ့စဉ်မှတ်တမ်း စာအုပ်ကို အိတ်ကပ်ထဲ ထည့်လိုက်တယ်။

ဖေဖော်ဝါရီလဆန်းမှာ ဟာမီးဆေးရုံဆင်းတယ်။ သူမရဲ့ နှုတ်ခမ်းမွေး မရှိတော့ဘူး။ အမြီးလည်း မရှိတော့ဘူး။ ကိုယ်ပေါ်က အမွေးတွေလည်း မရှိတော့ဘူး။ သူမ ဂရစ်ဖင်းဒေါရဲတိုက်ကို ပြန်ရောက်တဲ့ ပထမဦးဆုံးညမှာ ဟယ်ရီက တီ-အမ်-ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်းကို သူမသွားပြတယ်။ ဘယ်လို တွေ့တယ်ဆိုတာလည်း အစအဆုံး ပြောပြတယ်။

"အော၊ အထဲမှာ မှော်ပညာစီရင်ထားတာ ရှိနိုင်တယ်" ဟာမီးက စိတ်ကြွစွာ ပြောရင်း နေ့စဉ်မှတ်တမ်းကို ယူလိုက်ပြီး သေချာကြည့်တယ်။



"တကယ်ပဲ ဒီလိုဖြစ်မယ်ဆိုရင်၊ သိုဝှက်ထားတာ တော်တော်ပညာပါတယ်" ရွန်က ပြောတယ်။ "ငင်းဟာ လူတွေ့ခံရမှာ ရှက်လို့လဲ ဖြစ်မယ်။ မင်း ဘာဖြစ်လို့ လွှတ်မပစ်နိုင်တာလဲ ဟယ်ရီ"

"ငါက ငင်းကို ဘာဖြစ်လို့ လွှင့်ပစ်ချင်တာလဲဆိုတာ သိချင်လို့" ဟယ်ရီက ပြောတယ်။ "ဒါ့အပြင် ရစ်ဒေါ်ဟာ ဟော့ဂ်ဝပ် အထူးအကျိုးပြုဆုကို ဘယ်လိုရသလဲဆိုတာလဲ ငါသိချင်တယ်"

"ဘာမဆို ဖြစ်နိုင်တယ်" ရွန်က ပြောတယ်။ "သူဇီးကွက်အကောင်သုံးဆယ် ဖမ်းမိတာလဲ ဖြစ်မယ်၊ ရောမ ပြည်ကြီးငါးရဲ့ လက်ကြီးထဲက ဆရာတစ်ယောက်ကို ကယ်လိုက်နိုင်တာလဲ ဖြစ်မယ်။ သူက မားထော်ကို လုပ်ကြံသတ်ဖြတ်လိုက်လို့ အားလုံး ကျေနပ်သွားတာလဲ ဖြစ်မယ်. . . . ."

ဒါပေမယ့် ဟယ်ရီက ဟာမီးမျက်နှာပေါ်က စူးစိုက်တဲ့ အမူအရာကို မြင်ရလို့ သူမဟာ မိမိလိုပဲ တွေးတောနေတာ ရှိတယ်လို့ သိလိုက်တယ်။

"ဘယ်လိုလဲ" ရွန်က ပြောရင်း ဟယ်ရီနဲ့ ဟာမီးကို ကြည့်တယ်။

"ဒီလိုပါ၊ လျှို့ဝှက်အခန်းဟာ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က အဖွင့်ခံရတာ ဟုတ်တယ်မှတ်လား" ဟာမီးက ပြောတယ်။ "မော်ဖိုင်က ဒီအတိုင်းပြောတယ်"

"ဟုတ်တယ်လေ . . . ." ရွန်က ဖြည်းနှေးစွာ ပြောတယ်။

"ဒီနေ့စဉ်မှတ်တမ်းဟာလဲ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်ကဟာ" ဟာမီးဟာ စိတ်လှုပ်ရှားစွာ နေ့စဉ်မှတ်တမ်းကို ပုတ်နေတယ်။

"ဒီတော့ ဘာဖြစ်လဲ"

"အော၊ ရွန်၊ နင်နိုးကြားစမ်းပါ" ဟာမီးက အားမနာဘဲ ပြောတယ်။ "နင်သိတယ်နော်၊ အရင်တစ်ခါ လျှို့ဝှက်အခန်းကို ဖွင့်တဲ့ လူဟာ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က ကျောင်းထုတ်ခံရတာ၊ ငါတို့ သိရတာက **T.M Riddle** ဟာ လွန်ခဲ့တဲ့အနှစ်ငါးဆယ်က ကျောင်းရဲ့ အထူးအကျိုးပြုဆုကို ရတာ။ ဒီအတော့ ရစ်ဒေါ်ဟာ စလေးသရင်းရဲ့ ဆက်ခံသူကို ဖမ်းမိလို့ ဆုရတာ ဖြစ်မလား။ သူ့နေ့စဉ်မှတ်တမ်းက အားလုံးကို ပြောပြနိုင်တယ်။ လျှို့ဝှက်အခန်း ဘယ်မှာ ရှိသလဲ၊ ဘယ်လိုဖွင့်ရသလဲ၊ အတွင်းမှာ ဘယ်လိုသတ္တဝါရှိသလဲပေါ့။ ဒီတစ်ကြိမ် တိုက်ခိုက်မှုတွေ ပြုလုပ်တဲ့ လူဟာ ဒီနေ့စဉ်မှတ်တမ်း နေရာတကာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာကို ကြိုက်မှာ မဟုတ်ဖူး၊ ဟုတ်တယ်မှတ်လား"

"သိပ်ဟန်ကျတဲ့ ကျိုးကြောင်းဆက်စပ် တွေးတောမှုပဲ၊ ဟာမီး" ရွှန်က ပြောတယ်။ "တစ်ခုပဲ လိုသွားတာ။ သူ့နေ့စဉ်မှတ်တမ်းထဲမှာ ဘာမှ ရေးမထားတာပဲ"

ဟာမီးဟာ သူမလွယ်အိတ်ထဲကနေ မော်ကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။

"ကိုယ်ပျောက်မင်ရည်လဲ ဖြစ်နိုင်တယ်" သူမက တိုးတိုးပြောတယ်။

သူမဟာ မှော်ကြိမ်လုံးနဲ့ နေ့စဉ်မှတ်တမ်းကို သုံးကြိမ်ခေါက်လိုက်တယ်။ ပါးစပ်က "မြန်မြန်ကိုယ်ယောင်ပြ" လို့ ပြောတယ်။

ဘာမှ မတုံ့ပြန်ဘူး။ ဟာမီးဟာ နည်းနည်းမှ စိတ်မပျက်ဖူး။ လွယ်အိတ်ထဲ လက်နှိုက်ပြန်ပြီး အရာတစ်ခုယူထုတ်လိုက်တယ်။ နီရဲရဲခဲဖျက်နဲ့တူတယ်။

"ဒါက ရုပ်ပေါ်ခဲဖျက်၊ ငါ ဒေါင့်ဖြတ်လမ်းမှာ ရတာ" သူမက ပြောတယ်။

သူမဟာ "ဇန်နဝါရီလ ၁ ရက်" ပေါ်မှာ တအား ဖျက်တယ်။ နောက်ဆုံး ဘာမှ မရှိဘူး။

"နင်သိဖို့က ဒီထဲမှာ ဘာမှ တွေ့မှာမဟုတ်ဖူး" ရွှန်က ပြောတယ်။ "ရစ်ဒေါ်ဟာ ခရစ္စမတ်ပွဲမှာ နေ့စဉ်မှတ်တမ်း စာအုပ်ရတယ်။ အချိန်ကုန်ခံပြီး စာအုပ်ထဲ စာမရေးချင်ဘူး"

ဟယ်ရီဟာ မိမိကိုယ်မိမိတောင် ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်းကို ဘာကြောင့် လွှင့်မပစ်တာလဲဆိုတာ ရှင်းမပြတတ်ဖူး။ လက်တွေ့အခြေအနေကတော့ သူဟာ နေ့စဉ်မှတ်တမ်းထဲမှာ ဗလာဆိုတာ သိပေမယ့် တွေးပြီး ၎င်းကို တစ်ရွက်ချင်းလှန်လှန်နေတယ်။ ပုံပြင်စာအုပ်လိုပဲ အဆုံးသတ် တအား တော့ရချင်တယ်။ ဟယ်ရီဟာ ယခင်က တီ၊ အမ်၊ ရစ်ဒေါ်ဆိုတဲ့ နာမည်ကို ဘယ်တုန်းကမှ မကြားဖူးတာ သေချာမှန်းသိပေမယ့်၊ ဒီနာမည်က သူ့အတွက် တစ်ခုခု အဓိပ္ပာယ်ရှိနေသလိုပဲ။ ရစ်ဒေါ်ဟာ ငယ်စဉ်က မိတ်ဆွေတစ်ယောက် ဖြစ်ပြီး သူမေ့နေသလိုပဲ။ ဒါပေမယ့် ဒါ အဓိပ္ပာယ်မရှိဘူး။ သူဟာ ဟော့ဂ်ဝပ် မရောက်ခင်က မိတ်ဆွေတစ်ယောက်မှ မရှိဘူး။ ဒါစလီဇနီးမောင်နှံဟာ သူ့ကို



မိတ်ဆွေရှိခွင့် မပြုဘူး။

ဒါပေမယ့်လည်း ဟယ်ရီဟာ ရစ်ဒေါ်အကြောင်းကို ပိုသိအောင် လုပ်ဖို့ ဆုံးဖြတ်တယ်။ နောက်နေ့ ကျောင်းဆင်းချိန်မှာ ဆုတံဆိပ်ခန်းကို သွားတယ်။ ရစ်ဒေါ်ရဲ့ အထူးဆုတံဆိပ်ကို ကြည့်ချင်တယ်။ သူ့နောက်မှာက စိတ်ဝင်တစား ဖြစ်နေတဲ့ ဟာမီးနဲ့ လုံးဝ သံသယသဘောရှိတဲ့ ရွှန်။ ရွှန်က သူတို့ကို ပြောတယ်၊ ဆုတံဆိပ်ခန်းကို သူငြီးငွေ့လှပြီ၊ တစ်သက်လုံး မကြည့်ချင်တော့ဘူးတဲ့။

ရစ်ဒေါ်ရဲ့ လက်နေအောင် ပွတ်တိုက်ထားတဲ့ ရွှေရောင်ဆုတံဆိပ်ဟာ နံရံဒေါင့်က ဘီဒိုထဲ ထည့်ထားတယ်။ ဘာကြောင့် ရစ်ဒေါ်ကို ပေးရသလဲဆိုတာတော့ အသေးစိတ် ရေးမထားဘူး။ ("တော်ပါသေးတယ်၊ နို့မို့ရင် ဆုတံဆိပ်က ဒါထက်ကြီးမှာ၊ ငါခုထိတောင် တိုက်လို့ပြီးဦးမှာ မဟုတ်ဖူး" ရွှန်က ပြောတယ်) ဒါပေမယ့် သူတို့ဟာ အကျင့်စာရိတ္တ ဆုတံဆိပ်ဟောင်းတစ်ခုနဲ့ ယခင်တကျောင်းသားအသင်းဥက္ကဋ္ဌ စာရင်းမှာ ရစ်ဒေါ်နာမည်ကို တွေ့ရတယ်။

"ကြည့်ရတာ သူဖတ်စီနဲ့ တော်တော်တူတယ်" ရွှန်က ပြောရင်း မုန်းမုန်းနဲ့ နှာခေါင်းရှုံ့ပြတယ်။ "အတန်းခေါင်းဆောင်၊ ကျောင်းသားအသင်းဥက္ကဋ္ဌ — ဘာသာရပ်တိုင်း ပထမရတာလဲ ဖြစ်နိုင်သေးတယ်"

"နင့် လေသံကြားရတာ ဒါတွေဟာ မကောင်းတဲ့ ကိစ္စလိုပဲ" ဟာမီးဟာ ထိုးနှက်ခံရတဲ့ အသံသဲ့သဲ့နဲ့ ပြောတယ်။

အခု၊ နေမင်းဟာ ဟော့ဂ်ဝပ်ကို အလင်းရောင်လေး ပေးလာပြန်ပြီ။ ရဲတိုက်ထဲမှာ လူတို့ရဲ့ စိတ်လည်း လန်းဆန်းလာတယ်။ ဂျတ်စတင်နဲ့ ခေါင်းပျောက်နီ့ နည်းနည်းလိုတဲ့နစ်ခ် ပြီးနောက် တိုက်ခိုက်မှု နောက်ထပ် ဖြစ်ပွားသေးဘူး။ မဒမ်ဖွမ်ဖရေဟာ အလွန်ဝမ်းသာစွာ အစီရင်ခံတယ်။ မင်ဒရိတ်ပင်ဟာ ဝမ်းသာခြင်း၊ စိတ်ဆိုးခြင်း ပုံမှန်မရှိတော့ပဲ ငြိမ်နေတယ်။ ဒါက ၎င်းတို့ဟာ ခလေးဘဝကနေ အလျင်အမြန် ကြီးပြင်းလာတဲ့ သဘောပဲ။

"၎င်းတို့ရဲ့ ဝက်ခြံတွေ ပျောက်ကုန်ရင် ရွှေ့စိုက်လို့ရပြီ" တစ်နေ့ လယ်ခင်းမှာ သူမက ဖစ်ချ်ကို ကြည်ကြည်သာသာ ပြောနေတာ ဟယ်ရီ ကြားရတယ်။

"အဲဒီနောက် သိပ်မကြာဘူး၊ ၎င်းတို့ကို ဖြတ်ယူလို့ရပြီ။ မီးပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တို့ရှိပြီ၊ ရှင့် မစ္စစ်နော်ရီးစ် အမြန်ဆုံး ပြန်လာမှာပါ"

စလေးသရင်းရဲ့ ဆက်ခံသူဟာ သတ္တိပျောက်သွားတာလဲ ဖြစ်မယ်လို့ တယ်ရီက တွေးတယ်။ ကျောင်းရှိ ဆရာတပည့်အားလုံး သတိထားနေကြတယ်။ တစ်နေကုန် ဟိုဟာ သံသယရှိ၊ ဒီဟာသံသယရှိ ဖြစ်နေတယ်။ ဒီအချိန်မှာ လျှို့ဝှက်အခန်းကို ဖွင့်ရင် အန္တရာယ်ကြာလေ၊ ကြီးလေဖြစ်မယ်။ ဟို ထူးဆန်းတဲ့ အကောင် — ဘာ အကောင်ဖြစ်ဖြစ်၊ အခု ငြိမ်သွားပြီ။ နောက်ထပ် အနှစ် ငါးဆယ်ဆောင်းအောင်းဖို့ လုပ်နေပြီထင်တယ် ......

ဟာ့ဖ်ဖတ်က အာနီ မက်မီလန်ကတော့ ဒီလူကို ပျော်စေတဲ့အမြင်ကို သဘောမတူဘူး။ သူဟာ ဟယ်ရီ့ကိုပဲ တရားခံလို့ သဘောထားတယ်။ နှင်း ဦးချင်း အပြတ်တိုက်ကာလပ်မှာ "သတိမထားမိလို့ ဗူးပေါ်သလို ပေါ်သွားတယ်" သရဲ ဖီးဗိစ်ဟာလည်း အကျိုးမပေးဘူး။ ၎င်းဟာ လူများတဲ့ စင်္ကြံပေါ် ရုတ်တရက်ရောက်လာပြီး "အိုး၊ ပေါ်တာ၊ သောက်မြင်ကတ်စရာ ကောင်လေး ...." လို့ အော်ဆိုတယ်။ အခုဆိုရင် ကနေကျအကတောင် ထည့်ကလိုက်သေးတယ်။

ဂစ်ဒရိုက်-လော့ဟတ်ဟာ ဒီတိုက်ခိုက်မှုတွေကို သူတားလိုက်တာလို့ ထင်နေသလိုပဲ။ တစ်နေ့မှာ ဂရစ်ဖင်းဒိုးကျောင်းသားတွေ တန်းစီပြီး ရုပ်ပြောင်းသင်တန်းသွားတက်တယ်။ သူ ပါမောက္ခမက်ဂေါ်နာဂေါ်ကို ပြောနေတာ ဟယ်ရီ မထင်မှတ်ပဲ ကြားရတယ်။

"နောက်ထပ် ဒုက္ခမရောက်တော့ဘူးလို့ ကျုပ်ထင်တယ်။ မီနာဗာ" သူက ပြောတယ်။ စိတ်ချင်းသိနေတဲ့ ပုံနဲ့ မိမိနှာခေါင်းကို အသာတို့လိုက်တယ်။ မျက်စိမှိတ်လိုက်တယ်။ "လျှို့ဝှက်အခန်း ဒီတခါမှာ ဘယ်တော့မှ ဖွင့်ခံရတော့မှာ မဟုတ်ဘူးလို့ ကျုပ်ထင်တယ်။ အဲဟို တရားခံတွေဟာ ကျုပ် အနေးနဲ့အမြန် သူတို့ကို ဖမ်းမိမယ်ဆိုတာ မုချသိနေမှာ။ အချိန်ပြည့်သနားစရာ ရှိတော့တယ်။ ကျုပ် သူတို့ကို မသုတ်သင်ခင်မှာ အခုရပ်တန်းက ရပ်တာ အမြော်အမြင်ရှိပါတယ်။

"ခင်ဗျားသိပါတယ်။ အခုကျောင်းမှာ ရဲဆေးတင်ပေးဖို့ လိုတယ်။ လွန်ခဲ့တဲ့ စာသင်ပတ်က ဟိုကီစွတွေကို မှတ်ဉာဏ်ထဲက ရှင်းပစ်ဖို့လိုတယ်။ ကျုပ်ခုမျှားမျှားပြောလို့ မဖြစ်ဖူး။ ဒါပေမယ့် ကျုပ်မှာ ပိုင်ပိုင်နိုင်နိုင်ရှိပါတယ် ....."



သူဟာ နှာခေါင်းကို နောက်ထပ် တို့လိုက်ပြီး ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားတယ်။

ဒီဇင်ဘာလ ၁၄ ရက်နေ့ နံနက်စောစောစာစားတဲ့ အချိန်မှာ လော့ဟတ်ဟာ ဘယ်နည်းနဲ့ ရဲဆေးတင်ပေးတယ်ဆိုတာ အားလုံး သိကြရတယ်။ ညက ဟယ်ရီခွေ့ဒစ်လေ့ကျင့်ရတယ်။ အတော်မိုးချုပ်တဲ့ထိ လေ့ကျင့်ရတယ်။ ဒါကြောင့် အိပ်ရေးမဝဘူး။ ခန်းမကြီးသို့ အမြန်ရောက်သွားတော့ နောက်တောင် နည်းနည်းကျနေပြီ။ ချက်ချင်းဆိုတော့ သူနေရာ မှားနေလားတောင် ထင်မိတယ်။

နံရံလေးဘက်စလုံး လတ်ဆတ်တဲ့ ပန်းရောင်ပန်းပွင့် အကြီးကြီးတွေ ရှိတယ်။ ပိုဆိုးတာက အသဲသဏ္ဌာန် ရောင်စုံစက္ကူစတွေဟာ ကြည်ပြာရောင် မျက်နှာကြက်ကနေ လွင့်ကြွေကျလာနေတယ်။ ဟယ်ရီက ဂရစ်ဖင်းဒေါထမင်းစားစာပွဲဆီ လျှောက်သွားတယ်။ ရွန် အဲဒီမှာ ထိုင်နေတယ်။ ရွံရှာတဲ့ အမူအရာ ပေါ်နေတယ်။ ဟာမီးကတော့ အူကြောင်ကြောင် ရယ်နေသလိုပဲ။

"ဒါဘာဖြစ်တာလဲ" ဟယ်ရီက သူတို့ကို မေးရင်း ထိုင်လိုက်တယ်။ သူ့ အသားဆားနယ်ပေါ်က စက္ကူရောင်စုံကို ခါပစ်တယ်။

ရွန်က ဆရာ စာပွဲကို ညွှန်ပြတယ်။ အမြင်ကတ်လို့ စကားမပြောချင်တဲ့ ပုံပဲ။ လော့ဟတ်ဟာ အလှဆင်ပစ္စည်းတွေနဲ့ လိုက်ဖက်တဲ့ ပန်းရောင်တောက်တောက် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားတယ်။ အားလုံး ငြိမ်သက်ဖို့ လက်ယမ်းပြနေတယ်။ သူ့မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ ဆရာတွေဟာ မျက်နှာထား တင်းတင်းနဲ့။ ဟယ်ရီဟာ သူထိုင်နေတဲ့ နေရာကနေ ပါမောက္ခ မက်ဂေါ်နာဂေါ် မျက်နှာပေါ်က အသားစိုင်တစ်ခု ဖောင်းကြွနေတာ မြင်ရတယ်။ စနိတ်ပ် ပုံပန်းကတော့ သူ့ကို တစ်ယောက်ယောက်က ခုတွင် အရက် ပြင်းပြင်း တစ်ခွက်ကြီး တိုက်ထားသလိုပဲ။

"ချစ်သူများနေ့ ပျော်ရွှင်ပါစေ" လော့ဟတ်က အကျယ်ကြီး ပြောတယ်။ "ခုချိန်ထိ ကျုပ်ကို လူလေးဆယ့်ခြောက်ယောက် ဂုဏ်ပြုကတ်ပို့ပေးပြီးပါပြီ။ ဒီနေရာမှာ ၎င်းတို့ကို ကျေးဇူးတင်ကြောင်း ပြောပရစေ။ ဟုတ်ပါတယ်။ ကျုပ် ကိုယ့်သဘောနဲ့ အားလုံးအတွက် ရုတ်တရက် ဝမ်းသာမှုလေး စီစဉ်ထားတာပါ — ဒါတင် မကသေးပါဘူး"

လော့ဟတ်ဟာ လက်ခုပ်တီးလိုက်တယ်။ တံခါးမကြီးဆီသို့ ပေါက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်တွေကနေ မျက်နှာအမူအရာမကောင်းတဲ့ လူပုပု ၁၂ ယောက် ဝင်လာတယ်။ သူတို့ဟာ ယေဘုယျ လူပုတွေနဲ့ မတူဘူး။ လော့ဟတ်က သူတို့ကို ရွှေရောင်တောင်ပံတွေ စိုက်ခိုင်းထားပြီး ဗျပ်စောင်းတွေ ပိုးထားခိုင်းတယ်။

"ကျုပ်ရဲ့ ချစ်ကြည်တဲ့၊ ဂုဏ်ပြုကဒ်ပါတဲ့ အချစ်နတ်လေး" လော့ဟတ်က ပျော်တပြုံးပြုံးနဲ့ ပြောတယ်။ "သူတို့ ဒီနေ့ကျောင်းထဲမှာ နေရာတကာ လျှောက်လည်မယ်။ ခင်ဗျားတို့ကို ချစ်သူများနေ့ ကဒ်ပေးပါလိမ့်မယ်။ ပျော်စရာဟာ ဒါတင်မကသေးဘူး။ ကျုပ်ရဲ့ လုပ်ဖော်ကိုင်ဘက်တွေလဲ လိုက်လှဲ့စွာ ပါဝင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဘာဖြစ်လို့ ပါမောက္ခ စနိတ်ပ်ကို ပီယဆေး ပေါ်စပ်နည်း မသင်ခိုင်းတာလဲ။ သင်တို့ စိတ်ဝင်စားရင် ပါမောက္ခ ဖလစ်ဝစ်ဟာ ကျုပ်တွေ့ဖူးတဲ့ ဘယ်မှော်ဆရာထက်မဆို စိတ်ဝင်စားစေဆုံး မှော်ပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်တယ်။ ဟိုကောက်ကျစ်တဲ့ ခွေးကြီး"

ပါမောက္ခ ဖလစ်ဝစ်ဟာ မျက်နှာကို လက်နှစ်ဖက်ထဲ အပ်ထားတယ်။ စနိတ်ပ် အမူအရာကတော့ တကယ်လို့များ တစ်ယောက်ယောက်က သူ့ကို ပီယဆေးစပ်နည်းတောင်းရင် အတင်း အဆိပ်တိုက်လွှတ်မယ့်ပုံပဲ။

"ဟာမီး၊ ငါ့ကို ပြောပြစမ်းပါ၊ နင်အဲဒီ လူ ၄၆ ယောက်ထဲက တစ်ယောက်လား" သူတို့ ခန်းမထဲက ထွက်လာပြီး ပထမဆုံး ကျောင်းချိန်တက်ဖို့ သွားတော့ ရွန်က ပြောတယ်။ ဟာမီးဟာ ရုတ်တရက် စိတ်အလွန်ဝင်စားစွာနဲ့ လွယ်အိတ်ထဲမှာ မိမိရဲ့ ကျောင်းအချိန်ဇယားကို ရှာနေတယ်။ ပြန်မဖြေဘူး။

တနေ့လုံးလုံး လူပုတွေဟာ မနားတမ်း သူတို့ကျောင်းခန်းထဲ ဝင်ပြီး ချစ်သူများနေ့ကဒ်ဝေတယ်။ ဆရာတွေလည်း ငြီးငွေ့လှပြီ။ နေ့ခင်းပိုင်း ဂရစ်ဖင်းဒေါ်ကျောင်းသားတွေ အပေါ်ထပ်တက်ပြီး မှော်ပညာသင်တန်းတက်တော့ လူပုတစ်ယောက်က ရုတ်တရက် ဟယ်ရီနားကို ကပ်လာတယ်။

"ဟေး၊ မင်း၊ ဟယ်ရီ-ပေါ်တာ" မျက်နှာကြီးမည်းနေတဲ့ လူပုက အော်ပြောတယ်။ တံတောင်ဆစ်နဲ့ လူတွေကို တွန်းဖယ်ပြီး ဟယ်ရီ့ဆီ တိုးလာတယ်။

ပထမနှစ် ကျောင်းသားသစ်တစ်ဖွဲ့ရှေ့မှာ — အထူးသဖြင့် ဂျင်နီ-ဝယ်စလီလည်း အထဲမှာပါတယ် — ချစ်သူများနေ့ ကဒ်ရတာ သိပ်ကို ဒေါသ



ထွက်စရာပဲ။ ဟယ်ရီထွက်ပြေးချင်တယ်။ သူတစ်လှမ်း နှစ်လှမ်းပြေးရုံရှိသေးတယ်။ လူပုဟာ လူတွေရဲ့ ခြေသလုံးကို ကန်ကျောက်ပြီး လူအုပ်ကို တိုးထွက်ကာ သူ့ကို မီလာတယ်။

"ကျုပ်မှာ ဂီတပါတဲ့ အမှာစကားကို ဟယ်ရီ-ပေါ်တာဆီ ကိုယ်တိုင် ပို့ဖို့ ရှိတယ်" လူပုက ပြောတယ်။ အလွန်ကြောတဲ့ ပုံစံနဲ့ ဗျပ်စောင်းကို အသံထွက်အောင် လုပ်လိုက်တယ်။

"ဒီမှာ မလုပ်နဲ့" ဟယ်ရီက အသံနှိမ့်ပြောတယ်။ ထွက်လည်း ပြေးချင်နေတယ်။

"ရပ်၊ မလုပ်နဲ့" လူပုက ဗလုံးဗထွေးပြောရင်း ဟယ်ရီရဲ့ လွယ်အိတ်ကို ကိုင်ပြီး သူ့ကို ဆွဲခေါ်လိုက်တယ်။

"ကျွန်တော်သွားမယ်" ဟယ်ရီက အော်တယ်။ လွယ်အိတ်ကို တအား ပြန်ဆွဲတယ်။

ပြသံအကျယ်ကြီး ပေါ်လာပြီး သူ့လွယ်အိတ် တစ်ခြမ်းကွဲသွားတယ်။ သူ့စာအုပ်တွေ၊ မှော်ကြိမ်လုံး၊ သိုးရေစက္ကူနဲ့ ငှက်မွေးကလောင်တွေ ကြမ်းပေါ် ပြန့်ကွဲကျလာတယ်။ မင်အိုးဟာ အပေါ်ဆုံးမှာ ကွဲသွားတယ်။

ဟယ်ရီဟာ ကြမ်းပေါ်ဝပ်ပြီး ခြေမနိုင်လက်မနိုင် ဖြစ်နေတယ်။ လူပု သီချင်း စမဆိုခင်မှာ ပစ္စည်းတွေ အမြန်ကောက်ချင်တယ်။ နောက်ဆုံး စင်္ကြံထဲမှာ အသွားအလာ ပိတ်ဆို့သွားတယ်။

"ဒါဘာဖြစ်တာလဲ" ဂျာခို-မော်ဖိုင်ရဲ့ အေးစက်စက် ဆွဲပြောတဲ့ အသံပေါ်လာတယ်။ ဟယ်ရီဟာ အလောတကြီး ပစ္စည်းတွေကို ကွဲသွားတဲ့ လွယ်အိတ်ထဲ သွတ်ထည့်တယ်။ ဘာပဲဖြစ်ဖြစ် ထွက်ပြေးချင်တယ်။ သူ့ရဲ့ ချစ်သူများနေ့ သီချင်းလက်ဆောင်ကို မော်ဖိုင်မကြားစေချင်ဘူး။

"ဘယ့်နှယ် ဒီလို ရှုပ်နေတာလဲ" အသံတစ်သံ ရောက်လာပြန်တယ်။ ပါစီ-ဝယ်စလီ လာပြီ။

ဟယ်ရီ လုံးဝ ပျာသွားတယ်။ အမြန်ထွက်ပြေးဖို့ပဲ။ ဒါပေမယ့် လူပုက သူ့ဒူးနှစ်ခုကို ဖက်ထားလို့ ကြမ်းပေါ် ပစ်လဲသွားတယ်။

"ကောင်းပြီ" သူက ပြောတယ်။ ဟယ်ရီ့ ဒူးပေါ်ကို ထိုင်ချလိုက်တယ်။ "ဒါမင်းရဲ့ ဂီတပါတဲ့ ချစ်သူများနေ့ လက်ဆောင်ပဲ"

"သူ့မျက်လုံးဟာ ခုတွင်ဆားသိပ်ထားတဲ့ ဖားပြုပ်လို စိမ်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကျောက်သင်ပုန်းလို မည်းနက်လှပတယ်။
သူ့ကို ကျုပ်ရချင်တယ်။ သူတကယ်သိပ်ချောတယ်။
မှော်နက်ဘီလူးကြီးကို အောင်နိုင်တဲ့ သူရဲကောင်းဖြစ်တယ်"

ဟယ်ရီဟာ ဂရင်းဂေါ်စ်မှာရှိတဲ့ ရွှေအားလုံးပေးရချင် ပေးရပစေ ချက်ချင်းရေငွေ့ဖြစ်ပြီး ပျောက်သွားချင်တယ်။ သူဟာ မိမိကိုယ်မိမိ အများနဲ့ အတူ တဟားဟားလိုက်ရယ်ဖို့ အတင်းတိုက်တွန်းရင်း မတ်တတ်ရပ်လိုက်တယ်။ သူ့ခြေထောက်ဟာ လူပုထိုင်ထားလို့ ကျဉ်နေပြီ။ ဖတ်စီ-ဝယ်စလီက လူအုပ်ကို တအားမောင်းပစ်တယ်။ လူတချို့ ပျော်လို့အော်ဟစ်နေတယ်၊

"မင်းတို့ သွားကြပါ၊ သွားကြပါ၊ ကျောင်းတက်ခေါင်းလောင်းထိုးတာ ငါးမိနစ်တောင် ရှိသွားပြီ၊ မြန်မြန်ကျောင်းသွားတက်ပါ" သူက ပြောရင်း အတန်းငယ်တဲ့ ကျောင်းသားတွေကို မောင်းပစ်လိုက်တယ်။ "မင်းလဲသွား မော်ဖိုင်"

ဟယ်ရီတစ်ချက်ကြည့်လိုက်တယ်။ မော်ဖိုင်ကြမ်းပေါ်ကနေ တစ်ခုခု ကောက်ယူတာ တွေ့ရတယ်။ သူဟာ မျက်စိစောင်းကြည့်ပြီး ဂွင်းကို ခရပ်နဲ့ ဂွိုးကို ပြတယ်။ ဟယ်ရီသိပြီ။ သူယူသွားတာဟာ ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်း

"ငါ့ပြန်ပေး" ဟယ်ရီက တိုးတိုးပြောတယ်။

"ပေါ်တာ ဒီထဲ ဘာတွေရေးထားတယ်ဆိုတာ သိချင်လား" မော်ဖိုင်က ပြောတယ်။ မျက်နှာဖုံးပေါ်က နေ့စွဲကို သူသတိမထားတာ သေချာတယ်။ သူရထားတာ ဟယ်ရီရဲ့ နေ့စဉ်မှတ်တမ်းလို့ ထင်နေတယ်။ ဝိုင်းအုံကြည့်တဲ့ လူတွေ ချက်ချင်းငြိမ်သွားတယ်။ ဂျင်နီက နေ့စဉ်မှတ်တမ်းကြည့်လိုက်၊ ဟယ်ရီကိုကြည့်လိုက်နဲ့ လန့်နေပုံ ပေါ်နေတယ်။

"ပေးစမ်း၊ မော်ဖိုင်" ဖတ်စီက မျက်နှာထားနဲ့ ပြောတယ်။

"ငါ ကြည့်လိုက်ဦးမယ်" မော်ဖိုင်က ပြောရင်း ဟယ်ရီ့ဘက် နေ့စဉ်မှတ်တမ်း ယမ်းပြပြီးသရော်တယ်။

ဖတ်စီက "အတန်းခေါင်းဆောင်တစ်ယောက်အနေနဲ့ —" ဒါပေမဲ့ ဟယ်ရီ ဒေါသထွက်လာပြီ။ သူဟာ မှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး အော်တယ်။ "တိုက်ထုတ်ခံရစေ" စနိတ်ပ်က လော့ဟတ်လက်နက်ကို တိုက်ထုတ်သလို မော်ဖိုင်ဟာ နေ့စဉ်မှတ်တမ်း သူ့လက်ထဲကနေ ရုတ်တရက် မိုးပေါ်ပျံထွက်သွားတာ တွေ့ရတယ်။ ရွန်က ပျော်ရွှင်စွာ ရယ်ရင်း ဖမ်းထားလိုက်တယ်၊



"ဟယ်ရီ" ဖတ်စီက အော်ပြောတယ်။ "စင်္ကြံထဲမှာ မှော်ပညာ မသုံးရဘူး။ ဒါ ငါအစီရင်ခံရမယ်၊ မင်းသိပါကွာ"

ဒါပေမယ့် ဟယ်ရီအရေးမထားဘူး။ သူ မော်ဖိုင်ကို တစ်ချီနိုင်ပြန်ပြီ။ ဒါအတွက် ဂရစ်ဖင်းဒေါ ငါးမှတ်လျော့သွားလဲ လုံးဝ တန်တယ်။ မော်ဖိုင်ကြည့်ရတာ ရူးတော့ မလိုပဲ။ ဂျင်နီ သူ့အနားက ဖြတ်ပြီး ကျောင်းခန်းထဲဝင်တဲ့အခါမှာ သူက သူမကျောဘက်က အော်ပြောတယ်။ "ပေါ်တာတမင်းပေးတဲ့ ချစ်သူများနေ့ လက်ဆောင်ကဒ်ကို သိပ်ကြိုက်ပုံ မရဘူးလို့ ငါထင်တယ်"

ဂျင်နီဟာ လက်နှစ်ဖက်နဲ့ မျက်နှာကို အုပ်ထားပြီး ကျောင်းခန်းထဲ ပြေးဝင်သွားတယ်။ ရွန်က ထအော်ပြီး မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ ဒါပေမယ့် ဟယ်ရီက သူ့ကို ဆွဲခေါ်သွားတယ်။ ရွန် မှော်ပညာသင်တန်းတစ်ခုလုံး ပက်ကျိအန်ဖို့ မလိုဘူး။

သူတို့ ပါမောက္ခ ဖလစ်ဝစ်ရဲ့ သင်တန်းရောက်မှ မစွတာ ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်းဟာ အလွန်ထူးဆန်းတာ ဟယ်ရီသတိပြုမိတော့တယ်။ သူ့တခြား စာအုပ်တွေအားလုံး မင်နီရဲရဲတွေ စွန်းကုန်တယ်။ ဟိုနေ့စဉ်မှတ်တမ်းကတော့ အရင်ကလိုပဲ သန့်စင်နေတယ်။ ရွန့်ကို ဒါပြောပြမလို့ဟာ ရွန့်မှော်ကြိမ်လုံးက ပြဿနာပေါ်နေပြန်လို့။ မှော်ကြိမ်လုံးထိပ်ကနေ ပူဖောင်းခရမ်းရောင်အကြီးကြီးတွေ ပန်းထွက်နေလို့ သူဘာကိုမှ စိတ်မဝင်စားဘူး။

အဲဒီနေ့ ညမှာ ဟယ်ရီဝင်အိပ်တာ အိပ်ခန်းထဲက လူအားလုံးထက် စောတယ်။ တစ်ဝက်က ဖရက်နဲ့ ဂျော့ဟာ "သူ့မျက်စိဟာ ခုတွင် ဆားသိပ်တဲ့ အားပြုပ်နဲ့ တူတယ်" လို့ နောက်ထပ်အော်ဆိုမှာ မခံနိုင်လို့။ တစ်ဝက်ကတော့ ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်းကို နောက်ထပ်သေချာ စမ်းစစ်ချင်လို့။ ရွန်က သူ့ကို အချိန်ဖြုန်းနေတယ်လို့ ထင်တာ သူသိတယ်။

ဟယ်ရီဟာ မိမိရဲ့ တိုင်လေးတိုင် ခုတင်ပေါ် ထိုင်ပြီး အဲဒီ ဗလာစာရွက်တွေကို လှန်လှောကြည့်တယ်။ မင်နီအစအနတောင် မရှိဘူး။ ဒီနောက် သူဟာ ခုတင်ခေါင်းရင်း ဘီဒိုပေါ်ကနေ မင်အိုးအသစ်ကို ယူလိုက်တယ်။ ဘောက်မွေးကလောင်ကို တို့ပြီး မင်ရည်တစ်စက် နေ့စဉ်မှတ်တမ်းရဲ့ ပထမစာမျက်နှာပေါ် ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်ရည်ဟာ စာရွက်ပေါ်မှာ တောက်ပစွာ တစ်စက္ကန့်မျှ လက်ပြီး နောက် စက္ကူက စုပ်သွားသလိုပဲ အစအနတောင် မကျန်ဘူး။ ဟယ်ရီတက်ကြွ လာတယ်။ သူဟာ ငှက်မွေးကလောင်ကို မင်ရည်နဲ့ တို့ပြီး ရေးလိုက်တယ်။

"ကျွန်တော် ဟယ်ရီ-ပေါ်တာလို့ ခေါ်တယ်"

ဒီစာကြောင်းဟာ စက္ကူပေါ်မှာ လက်ပြီး စုပ်ယူသွားတယ်။ ဘာအစ အနမှ မကျန်ဘူး။ ဒီနောက် ထူးဆန်းအံ့ဩဖွယ် ပေါ်လာတယ်။

စက္ကူပေါ်မှာ ဟယ်ရီမရေးဖူးတဲ့ စာတချို့ပေါ်ထွက်လာတယ်။ မင် ကတော့ သူ့မင်။

မင်္ဂလာပါ၊ ဟယ်ရီ-ပေါ်တာ။ ကျွန်တော့် နာမည်က T.M.Riddle လို့ခေါ်တယ်။ ခင်ဗျား ကျွန်တော့် နေ့စဉ်မှတ်တမ်းကို ဘယ်လို တွေ့ရ သလဲ။

ဒီစာတွေလည်း ချက်ချင်းပျောက်သွားတယ်။ ဟယ်ရီစပြီး စာအမြန် ရေးတော့မှ ပျောက်သွားတာပါ။

"တစ်ယောက်ယောက်က ငင်းကို အိမ်သာထဲ လွှင့်ပစ်ချင်တာ"

သူဟာ ရစ်ဒေါ်ရဲ့ အဖြေကို အငမ်းမရ စောင့်နေတယ်။

ကျွန်တော်ဟာ မင်ရည်ထက် ပိုပြီး ကြာရှည်ခံတဲ့ နည်းနဲ့ ကျွန်တော့် အတိတ်အကြောင်းတွေကို မှတ်တမ်းတင်ထားလို့ တော်သေးတယ်။ လူတချို့ ဟာ ဒီနေ့စဉ်မှတ်တမ်းကို လူဖတ်မှာ စိုးရိမ်တယ်ဆိုတာ ကျွန်တော်သိနေ တယ်။

"ခင်ဗျား ပြောတာ ဘာအဓိပ္ပာယ်လဲ" ဟယ်ရီက လက်ရေးသော့သော့ နဲ့ ရေးတယ်။ စိတ်လှုပ်ရှားလို့ စက္ကူတောင် ပေါက်သွားတယ်။

ကျွန်တော့် အဓိပ္ပာယ်က ဒီနေ့စဉ်မှတ်တမ်းထဲမှာ ကြောက်စရာ အတိတ်က အဖြစ်အပျက်တွေ ရေးမှတ်ထားတယ်။ ဖုံးကွယ်ထားတဲ့ အတိတ် အကြောင်းတချို့၊ ဟော့ဂ်ဝပ်မှော်ပညာသင်ကျောင်းကြီးမှာ ဖြစ်ပွားတဲ့ အတိတ် က အကြောင်းတွေ။

"ကျွန်တော် အခုဒီမှာရှိတယ်" ဟယ်ရီက အလျင်အမြန်ရေးတယ်။ "ကျွန်တော် ဟော့ဂ်ဝပ်ကျောင်းမှာပါ။ ဒီမှာ ကြောက်စရာ ကိစ္စတွေ အဆက် မပြတ်ဖြစ်ပေါ်နေပါတယ်။ ခင်ဗျား လျှို့ဝှက်အခန်းရဲ့ အခြေအနေကို သိပါ သလား"



သူ့ရင်တွေ တဒိုင်းဒိုင်းခုန်လာတယ်။ ရစ်ဒေါ်က ချက်ချင်းဖြေတယ်။ ငင်းရဲ့ လက်ရေးဟာ ရှုပ်ရှုပ်သော့သော့ ဖြစ်လာတယ်။ သူသိသမျှကို အလော တကြီး ပြောပြချင်သလိုပဲ။

လျှို့ဝှက်အခန်းအကြောင်း ကျွန်တော်သိတာပေါ့။ ကျွန်တော်တို့ တိုအချိန်က လူတို့က ဒါဒဏ္ဍာရီပုံပြင်လို့ ပြောပြတယ်။ မရှိတဲ့ အရာတဲ့။ ဒါပေမယ့် အဲဒါ လိမ်ပြောတာ။ ကျွန်တော် ပဉ္စမနှစ်ရောက်တော့ လျှို့ဝှက် အခန်းအဖွင့်ခံရတယ်။ အကောင်ဆန်းဟာ ကျောင်းသားအချို့ကို တိုက်ခိုက် တယ်။ နောက်ဆုံး တစ်ယောက်တောင် သေသွားတယ်။ ကျွန်တော်ဟာ အဲဒီ လျှို့ဝှက်အခန်းကို ဖွင့်တဲ့ လူကို ဖမ်းမိတယ်။ သူကျောင်းထုတ်ခံရတယ်။ ဒါပေမယ့် ကျောင်းအုပ်ဆရာကြီး ပါမောက္ခ ဒစ်ဖက်ဟာ ဒီလိုဖြစ်တဲ့အတွက် ကျောင်းနာမည်ပျက်တယ်ဆိုပြီး ကျွန်တော့်ကို အဖြစ်မှန် မပြောရဘူးလို့ တားမြစ်တယ်။ သူတို့က အပြင်ကို ဝါဒဖြန့်တာက အဲဒီ ကောင်မလေးဟာ ထူးဆန်းတဲ့ ရောဂါတခုဖြစ်ရပ်ကြောင့် သေတာတဲ့။ သူတို့က ကျွန်တော့်ကို စာထွင်းထားတဲ့ ရွှေရောင်တောက်တဲ့ လှပတဲ့ ဆုတံဆိပ်ပေးတယ်။ ကျွန်တော် ပင်ပန်းရတာကို ဆုချတယ်။ ကျွန်တော့်ကို လျှောက်မပြောဖို့လဲ သတိပေး တယ်။ ဒါပေမယ့် ဒီအမှုမျိုး ထပ်ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော်သိတယ်။ အကောင်ဆန်းလဲ အသက်ရှင်နေသေးတယ်။ အဲဒီ ငင်းကို လွှတ်ပေးနိုင်တဲ့ လူကို အကျဉ်းချမထားဘူး။

ဟယ်ရီဟာ မြန်စကား မဲရေးနေလို့ မင်အိုးတောင် တိုက်မိပြီး ကွဲတော့မလို့။

"အခု ပြဿနာပေါ်ပြန်ပြီ။ တိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပြီးပြီ။ ဘယ်သူ လုပ်တယ်ဆိုတာ ဘယ်သူမှ မသိသလိုပဲ။ အရင်တစ်ခါက ဘယ်သူလဲ"

"ခင်ဗျားသဘောတူရင် ကျွန်တော်လိုက်ပြမယ်" ရစ်ဒေါ်က ဒီလို ပြန် ဖြေတယ်။ "ကျွန်တော်ရေးတဲ့စာကို ကြည့်ဖို့ မလိုဘူး။ ခင်ဗျားကို ကျွန်တော့် မှတ်ဉာဏ်ထဲ ခေါ်သွားနိုင်တယ်။ ကျွန်တော် သူ့ကို ဖမ်းမိတဲ့ ထိုညကို သွားရအောင်"

ဟယ်ရီ တုန့်ဆိုင်းသွားတယ်။ ငှက်မွေးကလောင်ဟာ နေ့စဉ်မှတ် တမ်းအပေါ်ဘက်မှာ ရပ်နေတယ်။ ရစ်ဒေါ်သဘောကဘာလဲ။ သူ့ကို ဘယ်လို လုပ်ပြီး သူများမှတ်ဉာဏ်ထဲ ခေါ်လို့ရမလဲ။ သူဟာ စိတ်လှုပ်ရှားစွာ အိပ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးဆီ တစ်ချက်ကြည့်လိုက်တယ်။ အဲဒီမှာ တဖြည်းဖြည်း မှောင်စပြုနေပြီ။ သူ့အကြည့် နေ့စဉ်မှတ်တမ်းပေါ် ပြန်ရောက်တော့ စာတစ်ကြောင်းပေါ်နေတာ တွေ့ရတယ်။

ကျွန်တော် ခင်ဗျားကို ခေါ်ပြီး သွားကြည့်မယ်။

ဟယ်ရီဟာ ခနလေး ရပ်တန့်နေပြီး စာနှစ်လုံးရေးချလိုက်တယ်။

ကောင်းပြီ။

နေ့စဉ်မှတ်တမ်းဟာ လေပြင်းတိုက်ခံရသလို စက္ကူတွေ တဖျတ်ဖျတ် လန်သွားပြီး ဇွန်လရဲ့ ရက်တစ်ရက်မှာ ရပ်သွားတယ်။ ဟယ်ရီဟာ ဇွန်လ ၁၃ ရက် အကွက်ကလေးဟာ ရုပ်မြင်ဖလ်သားသေးသေးလေး ဖြစ်သွားတာကို ငိုင်ပြီး ကြည့်နေတယ်။ သူ့လက်နှစ်ဖက် အနည်းငယ် တုန်ယင်စွာ စာအုပ်ကို ကိုင်မြှောက်ပြီး အဲဒီ ပြတင်းပေါက်ကလေးနား ကပ်ကြည့်တယ်။ သူ ဘာမှန်း မသိခင်မှာ ရှေ့သို့လဲသွားတယ်။ ပြတင်းပေါက်လေးဟာ ကြီးလာနေတယ်၊ မိမိကိုယ်ခန္ဓာ ခုတင်နဲ့ ကင်းကွာသွားပြီး ရှေ့သို့ ပွင့်နေတဲ့ စာမျက်နှာထဲ ထိုးဝင်သွားတယ်။ အရောင်နဲ့ အလင်းရိပ်တွေ လည်ပတ်နေတဲ့ အထဲရောက်သွားတယ်။

သူ့ခြေနှစ်ချောင်း မာကျောတဲ့ မြေကြီးပေါ် ရပ်မိတယ်လို့ ခံစားရတယ်။ သူခပ်စောင်းစောင်း ရပ်မိသွားတယ်။ ဘေးပတ်လည်က မသဲမကွဲပုံတွေ ရုတ်တရက် ရှင်းလင်းလာတယ်။

သူ ဟိုနေရာရောက်နေပြီဆိုတာ ချက်ချင်းသိလိုက်တယ်။ နံရံပေါ်မှာ တခေါခေါအိပ်နေတဲ့ လူပုံတွေ ချိတ်ထားတဲ့ အခန်းဝိုင်းဝိုင်း။ အဲဒါ ဒမ်ဘယ်လ်ဒိုးရဲ့ ရုံးခန်း — ဒါပေမယ့် အခု စာပွဲခုံနောက်မှာ ထိုင်နေတာ ဒမ်ဘလီဒိုးမဟုတ်ဘဲ အလွန်အားနည်းပုံ ပေါ်နေတဲ့ ပိန်ခြောက်ခြောက် မှော်ဆရာကြီးဖြစ်နေတယ်၊ ထိပ်ပြောင်တဲ့ ခေါင်းပေါ်မှာ ဆံပင်ဖြူ အနည်းငယ်သာ ရှိတယ်၊ ဖယောင်းတိုင်မီးနဲ့ စာတစ်စောင်ဖတ်နေတယ်။ ဟယ်ရီ ဒီလူကို တစ်ခါမှ မမြင်ဖူးဘူး။

"ခွင့်လွှတ်ပါ" သူ့အသံ တုန်နေတယ်။ "ကျွန်တော် တမင်ဝင်လာတာ မဟုတ်ပါဘူး ......"

ဒါပေမယ့် အဲဒီမှော်ဆရာကြီးဟာ ခေါင်းတောင် မော့မကြည့်ဖူး။ သူစာ ဆက်ဖတ်နေတယ်။ မျက်မှောင်နည်းနည်း ကြုတ်လိုက်တယ်။ ဟယ်ရီက သူ့ရဲ့



စာရေးစာပွဲနား ကပ်သွားပြီး အ့ထစ်စွာ ပြောတယ်။ "အော - ဒါဆို ကျွန်တော် သွားမယ်၊ ရမလား"

မှော်ဆရာကြီးက သူ့ကို အရေးမလုပ်ပြန်ဘူး။ သူပြောတာလုံးဝ မကြားသလိုပဲ။ ဟယ်ရီက အဲဒီမှော်ဆရာ နားမကောင်းဘူးလို့ ထင်ပြီး အသံမြှင့်ပြောတယ်။

"ဝမ်းနည်းပါတယ်၊ ခင်ဗျားကို အနှောင့်အယှက်ပေးမိတယ်။ ကျွန်တော် သွားမယ်" သူအော်ဟစ်သလို ဖြစ်လာတယ်။

မှော်ဆရာဟာ သက်ပြင်းချလိုက်ပြီး စာကို ခေါက်လိုက်တယ်။ မတ်တတ်ထပြီး ဟယ်ရီ့ဘေးက ဖြတ်သွားတယ်။ သူ့ကို ကြည့်တောင်မကြည့်ဘူး။ တန်းပြီး ပြတင်းလိုက်ကာကို သွားဖွင့်လိုက်တယ်။

ပြတင်းအပြင်က မိုးကောင်းကင်ဟာ ဆည်းဆာရောင် နီရဲနေတယ်။ ဒီအချိန်ဟာ နေဝင်ချိန်လိုပဲ။ မှော်ဆရာဟာ စာပွဲနားပြန်လာပြီး ထိုင်လိုက်တယ်။ စိတ်မပါ့တပါနဲ့ လက်မကြီးနှစ်ချောင်းကို ကစားရင်း တံခါးဆီကြည့်နေတယ်။

ဟယ်ရီက ဒီရုံးခန်းကို လှည့်ကြည့်တယ်။ ဇာမဏီ ဖော့ခ်စ်လည်း မရှိဘူး။ ငွေနဲ့ ပြုလုပ်ထားတဲ့ အသံမြည်နေတဲ့ ပစ္စည်းလေးတွေလည်း မရှိဘူး။ ဒါက ရစ်ဒေါ်သိတဲ့ ဟိုဂွာ့ဂ်ဝပ်၊ ဆိုလိုတာက သူမသိတဲ့ ဒီမှော်ဆရာဟာ ကျောင်းအုပ်ပဲ။ ဒမ်ဘလီဒိုး မဟုတ်ဖူး။ သူ၊ ဟယ်ရီကတော့ ဝိညာဉ်ထက် နည်းနည်းပဲသာတယ်။ လွန်ခဲ့တဲ့ အနှစ် (၅၀) က လူဟာ သူ့ကို လုံးဝမမြင်ရဘူး။

ရုံးခန်းအပြင်မှာ တံခါးခေါက်နေတယ်။

"ဝင်ခဲ့" မှော်ဆရာကြီးက အားနည်းတဲ့ အသံနဲ့ ပြောတယ်။

အသက် ၁၆ နှစ်ခန့် ကောင်လေးတစ်ယောက် ဝင်လာတယ်၊ မိမိရဲ့ ဦးထုပ်ချွန်ကို ချွတ်လိုက်တယ်။ အတန်းခေါင်းဆောင် ငွေတံဆိပ်ဟာ သူ့ရင်ဘတ်ပေါ်မှာ လက်နေတယ်။ သူဟာ ဟယ်ရီ့ထက် အရပ်ကြီး မြင့်တယ်၊ ဒါပေမယ့် သူ့မှာလည်း မည်းနက်တဲ့ ဆံပင်ရှိတယ်၊

"အား - ရစ်ဒေါ်" ကျောင်းအုပ်က ပြောတယ်၊

"ကျွန်တော့်ကို တွေ့ချင်တယ်ဆို၊ ပါမောက္ခ ဒစ်ဖက်" ရစ်ဒေါ်က ပြောတယ်။ နည်းနည်း စိတ်လှုပ်ရှားနေသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ" ဒစ်ဖက်ကပြောတယ်။ "ကျုပ် မင်းပေးတဲ့ စာကို ဖတ်နေတာ"

"အော" ရစ်ဒေါ်က ပြောတယ်။ သူထိုင်လိုက်တယ်။ လက်နှစ်ဖက် ဒူးတင်းဆုပ်ကိုင်ထားတယ်။

"ချစ်လှစွာသော ကလေး" ဒစ်ဖက်က နွေးထွေးစွာ ပြောတယ်။ "မင်း နွေကျောင်းပိတ်ရက် ကျောင်းမှာနေလို့ မဖြစ်ဖူး။ မင်း ကျောင်းပိတ်ရက် အိမ်ပြန်ချင်မှာ သေချာပါတယ်နော်"

"ဟင့်အင်း" ရစ်ဒေါ်က ချက်ချင်းပြောတယ်။ "ကျွန်တော် ဟော့ဂ်ဝပ်မှာ နေချင်တယ်၊ ဟို — ဟိုကိုလဲ မသွားချင်ဘူး — "

"မင်း ကျောင်းပိတ်ရက်မှာ မတ်ဂေါ်ရဲ့ မိဘမဲ့ကျောင်းမှာ နေတယ် ဟုတ်လား" ဒစ်ဖက်က သိလိုစွာ မေးတယ်။

"ဟုတ်တယ်၊ ဆရာ" ရစ်ဒေါ်က ပြောတယ်။ မျက်နှာ နည်းနည်းနီ လာတယ်။

"မင်းက မတ်ဂေါ်က မွေးတာလား"

"သွေးရောပါ ဆရာ" ရစ်ဒေါ်က ပြောတယ်။ "အဖေက မတ်ဂေါ် အမေက မှော်ဆရာမပါ"

"မင်းမိဘတွေ အားလုံး — "

"ကျွန်တော့် အမေဟာ ကျွန်တော့်ကို မွေးပြီးတာနဲ့ ဆုံးသွားပါတယ် ဆရာ။ သူတို့က မိဘမဲ့ ကျောင်းမှာ ကျွန်တော့်ကို ပြောပြတယ်။ သူမထာ ကျွန်တော့်ကို နာမည်ပဲ ပေးသွားနိုင်တယ်တဲ့။ တွမ်က အဖေ့ အမျိုးနာမည် ယူထားတာပါ"

ဒစ်ဖက်ဟာ စာနာစွာ စုတ်သပ်လိုက်တယ်။

"ဒီလိုပါ၊ တွမ်" သူက သက်ပြင်းချတယ်။ "အစက မင်းကို အထူး စဉ်ပေးချင်တာ။ ဒါပေမယ့် လက်ရှိ အခြေအနေမှာ ......"

"ဆိုလိုတာက ဒီတိုက်ခိုက်မှုတွေ အားလုံးကိုလား ဆရာ" ရစ်ဒေါ် မေးတယ်။

ဟယ်ရီရင်ခုန်သံ မြန်လာတယ်။ သူရှေ့တိုးသွားတယ်။ မကြားရှာ စိုးလို့။

"မှန်တယ်" ကျောင်းအုပ်ကြီးက ပြောတယ်။ "ချစ်လှစွာသော ကလေး တကယ်လို့ ကျုပ်က မင်းကို ကျောင်းစာသင်ပတ်ကုန်ဆုံးပြီးနောက် ရဲတိုက်မှာ



ဆက်နေခွင့်ပြုရင် ဘယ်လောက်မိုက်မဲတယ်ဆိုတာ မင်းမြင်သင့်တယ်။ အထူး သဖြင့် ခုတလော ဖြစ်ပွားတဲ့ ကြေကွဲစရာအဖြစ် ဖြစ်ပြီးနောက် .... ဟိုသနားစရာ ကောင်မလေး သေသွားတယ် ....မင်း မိဘမဲ့ကျောင်းမှာ နေတာ ပိုပြီးလုံခြုံပါတယ်။ အမှန်အတိုင်း ပြောပြမယ်။ မှော်ဌာနချုပ်ကြီး ဟာ ကျောင်းကို ပိတ်ပစ်ဖို့ ဆွေးနွေးနေတယ်။ အဲဒီ ကြေကွဲစရာ ကိစ္စအား လုံးရဲ့ — အော — ဇာစ်မြစ်ကို ကျုပ်တို့ နည်းနည်းမှ မသိရသေးဘူး ...."

ရစ်ဒေါ်ရဲ့ မျက်စိကြီး ပြူးလာတယ်။

"ဆရာ — အဲဒီ လူကို ဖမ်းနိုင်ရင်.... တကယ်လို့ အားလုံး ရပ်သွားရင် ......"

"မင်းက ဘာအဓိပ္ပာယ်လဲ" ဒစ်ဖက်က ပြောတယ်။ အသံက နည်းနည်း စူးတယ်။ ပြောရင်း ထိုင်ခုံပေါ်က ထလိုက်တယ်။ "ရစ်ဒေါ်၊ မင်းက ဒီတိုက် ခိုက်မှုတွေကို သိတယ်လို့ ပြောချင်တာလား"

"ဟင့်အင်း၊ ဆရာ" ရစ်ဒေါ်က အမြန်ပြောတယ်။

သို့ပေမယ့် ရစ်ဒေါ်က "ဟင့်အင်း" လို့ ပြောတာဟာ၊ သူက ဒမ်ဘလီဒိုးကို ပြောတဲ့ "ဟင့်အင်း" နဲ့ သဘောတစ်ခုတည်း ဆိုတာ ဟယ်ရီ သေချာပြောရဲတယ်။

ဒစ်ဖက်ဟာ ခုံပေါ် ပြန်ထိုင်ကျသွားတယ်။ နည်းနည်း စိတ်ပျက် သလိုပဲ။

"မင်းသွားလို့ရပြီ၊ တွမ်"

ရစ်ဒေါ်ဟာ သူထိုင်တဲ့ ခုံပေါ်က လျှောဆင်းပြီး လေးပင်တဲ့ ခြေကို ဆွဲကာ အခန်းထဲက ထွက်သွားတယ်။ ဟယ်ရီလိုက်သွားတယ်။

သူတို့ဟာ လှည့်ပတ်တဲ့ လှေခါးကို ဆင်းတယ်။ ဆက်လက်ပြီး မှိုင်း လည်း ချုပ်လာတယ်။ စင်္ကြံထဲက ထူးဆန်းတဲ့ အကောင်ပုံသဏ္ဌာန် ရှေ့တော်တု တဲ့ နေရာဘေးက ထွက်လာတယ်။ ရစ်ဒေါ်က ရပ်လိုက်တယ်။ ဟယ်ရီလည်း ရပ်လိုက်ပြီး သူ့ကို ကြည့်နေတယ်။ ရစ်ဒေါ်ဟာ အလွန်လေးနက်စွာ စဉ်းစား နေတာ ဟယ်ရီမြင်နိုင်တယ်။ သူဟာ ပါးစပ်ကို ကိုက်ပြီး နဖူးပေါ်မှာ တွန့်နေ တယ်။

ဆက်လက်ပြီး၊ သူဟာ ရုတ်တရက် ဆုံးဖြတ်နိုင်လိုက်သလိုပဲ အမြန် ထွက်သွားတယ်။ ဟယ်ရီက အသံမထွက်ဘဲ နောက်က လိုက်သွားတယ်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



လမ်းလုံး လူတစ်ယောက်မှ မတွေ့ဘူး။ နောက်ဆုံး သူတို့တံခါးပေါက် အဝင်ခန်းထဲ ရောက်လာတယ်။ အရပ်မြင့်တဲ့ မှော်ဆရာတစ်ယောက် လွင့်ပျံနေတဲ့ ဆံပင်ရှည်၊ မုတ်ဆိတ်ရှည်ရှည်နဲ့ မာဘယ်ကျောက်လှေခါးပေါ်မှာ ရပ်ပြီး ရစ်ဒေါ်ကို နှုတ်ဆက်နေတယ်။

"မင်း ဘာလုပ်နေလဲ၊ တွမ်၊ မှောင်လှပြီ လျှောက်သွားနေတုန်းလား"

ဟယ်ရီဟာ ဒီမှော်ဆရာကို ငိုင်ကြည့်နေတယ်။ သူတခြားသူ မဟုတ်ဘူး။ အသက် ငါးဆယ်လောက်ငယ်နေတဲ့ ဒမ်ဘလီဒိုးပဲ။

"ကျွန်တော် ခုနက ကျောင်းအုပ်ကြီးဆီ သွားတာပါ၊ ဆရာ" ရစ်ဒေါ် ပြောတယ်။

"ကောင်းပြီ၊ သွားအိပ်ချေတော့" ဒမ်ဘလီဒိုးက ပြောတယ်။ ဟယ်ရီ ကြားနေကျ ထိုးဖောက်နိုင်စွမ်းရှိတဲ့ အကြည့်နဲ့ ရစ်ဒေါ်ကို ကြည့်နေတယ်။ "ဒီနေ့ရက်တွေမှာ စင်္ကြံထဲ အလကားလျှောက်မသွားတာ အကောင်းဆုံးပဲ။ ခုထိတော် . . . . . ."

သူဟာ လေးပင်စွာ သက်ပြင်းချလိုက်ပြီး ရစ်ဒေါ်ကို မင်္ဂလာညချမ်းပါ ပြောကာ ခြေလှမ်းကျဲကျဲနဲ့ ထွက်ခွာသွားတယ်။ ရစ်ဒေါ်က ၎င်းကို မြင်ကွင်းက ထွက်သွားတဲ့ထိ ကြည့်နေပြီးနောက် မြေအောက်စာသင်ခန်းသွားတဲ့ ကျောက်လှေခါးထစ်ဆီ အလျင်အမြန် လျှောက်သွားတယ်။ ဟယ်ရီက နောက်က ကပ်လိုက်သွားတယ်။

သို့ပေမယ့်၊ ဟယ်ရီ စိတ်ပျက်သွားရတာက ရစ်ဒေါ်ဟာ သူ့ကို လျှို့ဝှက်လမ်းပေါက် သို့မဟုတ် လျှို့ဝှက်မြေအောက် လမ်းထဲ ခေါ်သွားတာ မဟုတ်ဘဲ ဟယ်ရီ စနိတ်ပ် မှော်ဆေးပညာသင်တန်းတက်တဲ့ မြေအောက်စာသင်ခန်းဆီ ခေါ်လာတာဖြစ်နေတယ်။ မီးတုတ်ထွန်းညှိမထားဘူး။ ဒါကြောင့် ရစ်ဒေါ်က တံခါးကို တွန်းပိတ်မိခါနီးမှာ ရစ်ဒေါ်အဝမှာ မလှုပ်မယှက် ရပ်နေပြီး အပြင်က လူသွားလမ်းကို ကြည့်နေတာပဲ ဟယ်ရီ မြင်တွေ့ရတယ်။

သူတို့ အဲဒီမှာ တစ်နာရီခန့် နေတယ်လို့ ဟယ်ရီခံစားရတယ်။ သူဟာ ရစ်ဒေါ်အဝမှာ ရပ်နေတဲ့ အရိပ်ဟာ တံခါးအဟကြားကနေ အပြင်ကို ချောင်းကြည့်နေတာ၊ ပန်းပုရုပ်လို စောင့်နေတာပဲ မြင်ရတယ်။ ဒီနောက်၊ တယ်လို စိတ်မလှုပ်ရှားတော့၊ မမျှော်လင့်တော့ပဲ လက်တွေ့ဘဝထဲ ပြန်ရောက်ချင်လာတဲ့ အချိန်မှာ အပြင်က အသံကြားလာရတယ်။



လူသွားလမ်းထဲမှာ တိတ်တိတ်လမ်းလျှောက်နေတဲ့ အသံကြားရတယ်။ အဲဒီ လူဟာ သူနဲ့ ရစ်ဒေါ်ပုန်းနေတဲ့ ကျောင်းခန်းကို ဖြတ်သွားတာ သူကြားရတယ်။ ရစ်ဒေါ်ဟာ အရိပ်လိုပဲ ဘာသံမှ မထွက်ဘူး။ ကိုယ်ကို စောင်းပြီး တံခါးအဟကနေ ထွက်ပြီး လိုက်သွားတယ်။ ဟယ်ရီက ခြေဖနောင့်နဲ့ နင်းပြီး နောက်ကလိုက်တယ်။ သူများတွေ သူ့အသံမကြားဘူးဆိုတာ မေ့နေတယ်။

ငါးမိနစ်ခန့် ကြာကြာ အဲဒီ ခြေလှမ်းကို သူတို့ လိုက်နေတယ်။ နောက်ဆုံးမှာ ရစ်ဒေါ်ရပ်သွားတယ်။ ခေါင်းစောင်းပြီး ခုတွင် ထွက်ပေါ်လာတဲ့ အသံကို နားထောင်နေတယ်။ တံခါးတစ်ချပ် ကျွီဆို ပွင့်သွားပြီး အသံဩဩနဲ့ တိုးတိုးစကား ပြောတာ ဟယ်ရီကြားရတယ်။

"လာ. . . . ထွက်ခဲ့၊ ဒီကိုလာ . . . . လာပါ . . . . သေတ္တာထဲကိုလာ"

ဒီလူ့အသံကို ကြားဘူးသယောင်ယောင် ရှိတယ်။

ရစ်ဒေါ်က ရုတ်တရက် ခုန်လိုက်ပြီး နံရံဒေါင့်ချိုးကို ချိုးချလိုက်တယ်။ ဟယ်ရီလည်း သူ့နောက်က လိုက်ထွက်သွားတယ်။ အကောင်ကြီးကြီး ယောကျ်ားလေးရဲ့ မည်းမည်းကိုယ်ရောင်ကို မြင်ရတယ်။ အဲဒီကောင်လေးဟာ ပွင့်နေတဲ့ တံခါးရှေ့မှာ ဆောင့်ကြောင့်ထိုင်နေတယ်။ တံခါးဘေးမှာ အလွန်ကြီးတဲ့ သေတ္တာကြီး ချထားတယ်။

"မင်္ဂလာညခင်းပါ၊ ရူးဘတ်စ်" ရစ်ဒေါ်က စူးရှစွာ ပြောတယ်။

ကောင်လေးက တံခါးကို ဒိုင်းဆို ပိတ်ပစ်လိုက်ပြီး မတ်တတ်ရပ်လိုက်တယ်။

"မင်း ဒီမှာ ဘာလုပ်နေလဲ၊ တွမ်"

ရစ်ဒေါ်က လေးငါးလှမ်း ကပ်သွားတယ်။

"အဆုံးသတ်သင့်ပြီ" သူက ပြောတယ်။ "ငါ မင်းကို မတိုင်လို့ မဖြစ်တိုင်ရတော့မယ်။ ရူးဘတ်စ်။ သူတို့ ဆွေးနွေးနေတယ်။ တိုက်ခိုက်မှု မရပ်ခဲ့ရင် ဟော့ဂ်ဝပ်ကို ပိတ်ပစ်မယ်တဲ့"

"မင်း ဘာပြော —"

"မင်း တမင်လူသတ်တာ မဟုတ်ဘူးဆိုတာ ငါသိတယ်။ ဒါပေမဲ့ ထူးဆန်းတဲ့ တိရစ္ဆာန်ဟာ စိတ်ကူးစံ တည့်တဲ့ အချစ်တော် အကောင်မဟုတ်ဘူး။ ငါထင်တယ်၊ မင်းက ၎င်းကို လှုပ်ရှားဖို့ အပြင်ခန ထွက်စေချင်တာ အဆုံး —"

www.burmeseclassic.com

www.burmeseclassic.com



“ငင်း လူလုံးဝမသတ်ဖူး” အကောင်ကြီးကြီး ကောင်လေးက ပြောရင်း နှောက်တို့ အနည်းငယ် ဆုတ်ပြီး ကိုယ်နဲ့ ပိတ်ထားတဲ့ တံခါးကို ကပ်ထားတယ်။ သူ့နောက်က ထူးဆန်းတဲ့ တဂျွတ်ဂျွတ် တဂျွပ်ဂျွပ် အသံကို ဟယ်ရီ ကြားရတယ်။

“လာ၊ ရှူးဘတ်စ်” ရစ်ဒေါ်က ပြောတယ်။ ရှေ့သို့ နည်းနည်းတိုးသွားပြန်တယ်။ “ဟိုသေသွားတဲ့ ကောင်မလေးရဲ့မိဘ မနက်ဖန် ဒီကိုလာမယ်။ ဟော့ဂ်ဝပ်ဟာ အနည်းဆုံး သူတို့သမီးကို သတ်တဲ့ ကောင်ကို သတ်ပစ်မယ်လို့ ကတိပေးရလိမ့်မယ် ......”

“ငင်းသတ်တာ မဟုတ်ဖူး” ကောင်လေးက တအားအော်တယ်။ သူ့အသံဟာ မှောင်မိုက်တဲ့ လူသွားလမ်းထဲမှာ ပဲ့တင်ထပ်နေတယ်။ “ငင်းဒီလို မလုပ်ဖူး။ ဘယ်နည်းနဲ့မှ မလုပ်ဖူး”

“ဖယ်စမ်း” ရစ်ဒေါ်က ပြောရင်း မှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။

သူ့ဂါထာဟာ ရုတ်တရက်ရောက်လာတဲ့ မီးရောင်အနေနဲ့ စင်္ကြံကို လင်းသွားစေတယ်။ အကောင်ကြီးပြီး ကောင်လေးကျောဘက်ကတံခါး ဒိုင်းကနဲ ပွင့်ထွက်လာတယ်။ အဲဒီကြီးမားတဲ့အားဟာ သူ့ကို မျက်နှာချင်းဆိုင် နံရံဆီတွန်းပို့လိုက်တယ်။ တံခါးထဲကနေ အရာတစ်ခု ထွက်လာတာကြောင့် ဟယ်ရီတုန်လှုပ်စွာ အသံရှည်ရှည်စူးရှစွာ အော်မိတယ်။ ဒါပေမယ့် သူ့အပြင် ဘယ်သူမှ မကြားသလိုပဲ။

ရောမ၊ အမွေးဖွားဖွား ပုကွတဲ့ ကိုယ်လုံး၊ လုံးခဲနေတဲ့ ခြေထောက် မည်းမည်း၊ အရောင်လက်နေတဲ့ မျက်စိအများကြီး၊ ဓားလိုထက်တဲ့ ဂွကြီးနှစ်ခု — ရစ်ဒေါ်ဟာ ငင်းရဲ့ မှော်ကြိမ်လုံးကို မြှောက်လိုက်ပြန်တယ်။ ဒါပေမယ့် မမှီတော့ဘူး။ အဲဒီထူးဆန်းတဲ့ အကောင်ဟာ ဂမန်းဂတန်းထွက်ပြေးတယ်။ သူ့ကို မြေကြီးပေါ် တိုက်ချကာ စင်္ကြံကို အလျှင်အမြန် ဖြတ်သွားပြီး ပျောက်သွားတယ်။ ရစ်ဒေါ်ဟာ ဂယိမ်းဂယိုင်နဲ့ ထရပ်လိုက်တယ်။ ငင်းရဲ့ အရိပ်ကို ကြည့်ပြီး မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ဒါပေမယ့် အကောင်ကြီးကြီး ကောင်လေးက သူ့ဆီ ခုန်အုပ်ပြီး မှော်ကြိမ်လုံးကို ဆွဲထားတယ်။ သူ့ကို မြေပေါ် လှဲချလိုက်ရင်း အော်တယ်။ “ No — ”

ဆက်လက်ပြီး မိုးမြေပြောင်းဆန်သွားပြီး မှောင်မည်းသွားတယ်။ ဟယ်ရီ ဟာ မိမိပြုတ်ကျနေတယ်လို့ ခံစားရတယ်။ နောက်ဆုံး ဝုန်းဆိုတဲ့ အသံနဲ့



အတူ ဂရစ်ဖင်းဒေါ အိပ်ဆောင်ရှိ သူ့တိုင်လေးတိုင် ခုတင်ပေါ် ကျလာတယ်၊ ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်းဟာ ပွင့်လျက်သား သူ့ဗိုက်ပေါ်မှာ ရှိနေတယ်။

သူ အသက်ရှူမှန်မလာခင်မှာပဲ အိပ်ခန်းတံခါး ပွင့်သွားပြီး ရွန်ဝင်လာတယ်။

“မင်း ဒီမှာကိုး” သူက ပြောတယ်။


ဟယ်ရီထထိုင်လိုက်တယ်။ သူ့မှာ ချွေးတွေ ရွှဲပြီး တစ်ကိုယ်လုံး တုန်နေတယ်။

“ဘယ်လိုဖြစ်လဲ” ရွန်က မေးရင်း စိုးရိမ်စွာ ကြည့်နေတယ်။

“အဲဒါ ဟက်ဂရစ်၊ ရွန်။ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က ဟက်ဂရစ် လျှို့ဝှက်အခန်းကို ဖွင့်တာ”

www.burmeseclassic.com

www.burmeseclassic.com



## ၁၄။ ကွန်နယ်လစ် ဖဒ်ဂ်

ဟယ်ရီ၊ ရွန်နဲ့ဟာမီးတို့ဟာ အစောကြီးကတည်းက ဟက်ဂရစ်ဟာ ကံမကောင်း အကြောင်းမလှစွာ ကြီးမားထူးဆန်းတဲ့ အကောင်တွေကို သိ ကြိုက်နှစ်သက်မှန်း သိထားကြတယ်။ မနှစ်က သူတို့ဟော့ဂ်ဝပ်မှာ ဟက်ဂရ ဟာ သူ့သစ်သားအိမ်ကလေးထဲမှာ နဂါးတစ်ကောင် မွေးဖို့ ကြိုးစားသေးတယ် ပြီးတော့ ဟိုခေါင်းသုံးခေါင်းပါတဲ့ "အမွေးဖွားလေး" လို့ သူက ခေါ်တဲ့ ခွေးကြီး ဟာလည်း သူတို့ကို အချိန်ကြာမြင့်စွာ မေ့လို့မရဖြစ်စေတယ်။ ထိုစဉ်က လူငယ်တစ်ယောက်ဖြစ်တဲ့ ဟက်ဂရစ်ဟာ ရဲတိုက် တနေရာရာမှာ ထူးဆန်းတဲ့ အကောင်ရှိတယ် ကြားရင် သူနည်းပေါင်းစုံ ရှာပြီး သွားကြည့်မှာ သေချာ တယ်လို့ ဟယ်ရီသိတယ်။ ဟက်ဂရစ်ဟာ ဟိုထူးဆန်းတဲ့ အကောင်ကို ဒီလောက်ကြာကြာ အကျဉ်းချထားတာ လွန်လွန်းတယ်။ ၎င်းကို အပြင်ထွက် လှုပ်ရှားခွင့်ပေးသင့်တယ်လို့ ထင်နိုင်တယ်။ အသက် ၁၃ နှစ်အရွယ် ဟက်ဂရစ်ဟာ အဲဒီအကောင်ကို သားရေကြိုးနဲ့ ပတ်လည်ကွင်း စွပ်ပေးချင် တယ်ဆိုတာ ဟယ်ရီတွေးကြည့်လို့ရတယ်။ ဒါပေမယ့် ဟက်ဂရစ်ဟာ



ဘယ်နည်းနဲ့မှ လူသေအောင် မလုပ်ဘူးဆိုတာလည်း ယုံကြည်တယ်။

ဟယ်ရီဟာ သူ ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်းကို ဘယ်လိုဖတ်ရသလဲဆို တာ မတွေ့ရှိစေချင်သလို ဖြစ်မိတယ်။ ရွန်နဲ့ ဟာမီးက သူမြင်တွေ့ခဲ့ရတာ တွေကို တစ်ကြိမ်ပြီးတစ်ကြိမ် ပြောပြခိုင်းတယ်။ နောက်ဆုံး သူငြီးငွေ့လာ တယ်။ ဒီနောက်ပိုင်း မပြီးမဆုံးနိုင်တဲ့ မုန့်လုံးစက္ကူကပ်တဲ့ စကားပြောဆိုမှုကို လည်း ငြီးငွေ့လွန်းလှပြီ။

"ရစ်ဒေါ် လူမှားနေပြီ ထင်တယ်" ဟာမီးက ပြောတယ်။ "တခြား အကောင်ဆန်းတစ်မျိုးက လူကို ဒုက္ခပေးတာလဲ ဖြစ်မယ် ......"

"နင်က ဒီနေရာမှာ အကောင်ဆန်း ဘယ်နှစ်ကောင် ပိတ်ထားတယ် ထင်လို့လဲ" ရွန်က ပျင်းရိရိ ပြောတယ်။

"ဟက်ဂရစ်ဟာ ကျောင်းထုတ်ခံရတာဆိုတာ တို့အစောကြီးကတည်း က သိတယ်" ဟယ်ရီက စိတ်ညစ်ညစ်နဲ့ ပြောတယ်။ "ဟက်ဂရစ်ကျောင်း ထွက်ရပြီးနောက် တိုက်ခိုက်မှု ရပ်သွားရမှာပေါ့။ နို့မို့ရင် ရစ်ဒေါ် ဘယ်ဆုရ မှာလဲ"

ရွန်က ဦးတည်ချက် ပြောင်းပြောကြည့်တယ်။ "ရစ်ဒေါ် စကားပြောတဲ့ လေသံဟာ ဖတ်စီနဲ့ သိပ်တူတယ် — ပြောရရင်၊ သူက ဟက်ဂရစ်ကို သွား တိုင်တာကိုး"

"ဒါပေမယ့် အကောင်ဆန်းက လူသတ်တယ်၊ ရွန်" ဟာမီးကပြော တယ်။

"သူတို့ ဟော့ဂ်ဝပ်ကို ပိတ်ခဲ့ရင် ရစ်ဒေါ်ဟာ မတ်ဂေါ်မိဘခဲ့ ကျောင်းကို ပြန်ရမှာ" ဟယ်ရီက ပြောတယ်။ "ငါ့အထင် သူဒီမှာ နေခဲ့ချင်တာ အကြောင်းအကျိုးရှိပါတယ် ......"

ရွန်က နှုတ်ခမ်းကို ကိုက်ထားတယ်။ ပြီးနောက် ပြောစမ်းကြည့်တယ်။ "မင်းအရင်တစ်ကြိမ် ဂျွမ်းပြန်လမ်းမှာ ဟက်ဂရစ်ကို တွေ့တယ် မှတ်လား ဟယ်ရီ"

သူ အသားစားပက်ကျိ သတ်ဆေးရှည် ဝယ်နေတာ" ဟယ်ရီက အပြီး ပြောတယ်။

သုံးယောက်စလုံး ငြိမ်သွားတယ်။ အကြာကြီး ငြိမ်နေပြီးနောက် ဟာမီး က တွန့်ဆုတ်စွာ ကိုင်တွယ်ရ အခက်ဆုံး ပြဿနာတင်ပြလာတယ်။ "နင်တို့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ ဒီပြဿနာတွေကို ဟက်ဂရစ်မေးရ ကောင်းမလား"

"အဲဒါကတော့ ပျော်ရွှင်စရာ အလည်သွားတာ ဖြစ်လိမ့်မယ်" ရွှန်က ပြောတယ်။ "မင်္ဂလာပါ၊ ဟက်ဂရစ်၊ ကျွန်တော်တို့ကို ပြောပြပါဦး၊ ခုတလော ရဲတိုက်ထဲ တစ်နေရာရာက ရိုင်းစိုင်းတဲ့ တစ်ကိုယ်လုံး အမွေးတွေနဲ့ အရာကို လွှတ်လိုက်ပါသလား"

နောက်ဆုံးမှာ ဟက်ဂရစ်ကို ဘာမှ မပြောဘူးလို့ သူတို့ ဆုံးဖြတ်လိုက်တယ်။ နောက်ထပ် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရင်တော့ တစ်မျိုးပေါ့။ ဒီနောက် နေ့ရက်တွေ တစ်နေ့ပြီး တစ်နေ့ ကုန်လွန်သွားတယ်။ အဲဟို ဝိညာဉ်က ထွက်လာတဲ့ တိုးတိုးသံကို မကြားရတော့ဘူး။ သူတို့ အကောင်းမြင်ဖြစ်လာတယ်။ ထိုနှစ်က ဘာကြောင့် ကျောင်းထုတ်ခံရသလဲဆိုတာ ဟက်ဂရစ်ကို မေးဖို့ မလိုတော့ဘူးလို့ ထင်ကြတယ်။ ဂျတ်စတင်နဲ့ ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ခ် ကျောက်ဖြစ်သွားပြီးနောက် အချိန်လေးလကျော်လွန်ခဲ့ပြီ၊ လူတိုင်းလိုလို ဟိုတိုက်ခိုက်သူ ဘယ်သူပဲဖြစ်ဖြစ် တိုက်ခိုက်မှုကို စွန့်လွှတ်လိုက်ပြီလို့ ထင်ကြတယ်။ သရဲဖီးဗိစ်ဟာ သူ့ရဲ့ "အိုး ပေါ်တာ၊ သောက်မြင်တတ်စရာ ကောင်လေး" လို့ ဆိုရတာ ငြီးငွေ့သွားပြီ။ တစ်နေ့ မှော်ဆေးပညာ သင်တန်းမှာ အာနီက ဟယ်ရီကို ခုန်နေတဲ့ ထီးမှိုတစ်ပုံး ယဉ်ကျေးစွာ ကမ်းပေးလိုက်တယ်။ မတ်လထဲမှာ မင်ဒရိတ်ပင်တချို့ဟာ တတိယအခန်းမှာ စည်စည်ကားကား၊ ဆူဆူညံညံ ကပွဲကျင်းပကြတယ်။ ဒါကြောင့် ပါမောက္ခ စပရောက်စ် အလွန်ဝမ်းသာသွားတယ်။

"သူတို့ တခြား သူရဲ့ ပန်းအိုးထဲ ပြောင်းချင်လာရင် သူတို့ လုံးဝ ရင့်မှည့်ပြီဆိုတာ သိရမယ်" သူမက ဟယ်ရီကို ပြောတယ် "ဒီနောက် တို့ဆေးရုံမှာရှိတဲ့ သနားစရာ လူတွေကို ရှင်အောင် လုပ်လို့ရပြီ"

အီစတာပွဲ ကျောင်းပိတ်ရက်ထဲမှာ ဒုတိယနှစ်ကျောင်းသားတွေမှာ စဉ်းစားစရာကိစ္စပေါ်လာပြန်တယ်။ သူတို့ တတိယနှစ် ဘာသာရပ် ရွေးချယ်ရမယ့် အချိန်ရောက်ပြီ။ အနည်းဆုံး ဟာမီးအဖို့ ပြောရရင် ဒါဟာ အလေးအနက် သဘောထားရမှာ ဖြစ်တယ်။

"ဒါက ငါတို့ရဲ့ အနာဂတ် တစ်ခုလုံးကို အကျိုးသက်ရောက်မှာ" သူမက ဟယ်ရီနဲ့ ရွှန်ကို ပြောတယ်။ ဒီအချိန်မှာ သူတို့ဟာ ဘာသာရပ်



အသစ်စာရင်းကို သေချာလေ့လာ ကြည့်ရှုပြီး အမှတ်အသားတွေ ရေးမှတ်နေကြတယ်။

"ငါမှော်ဆေးပညာ ဘာသာရပ်ကိုပဲ စွန့်လွှတ်ချင်တယ်" ဟယ်ရီက ပြောတယ်။

"မဖြစ်နိုင်ဘူး" ရွှန်က မတက်မကြွပြောတယ်။ "မူလက ဘာသာရပ်တွေ အကုန်ယူရမယ်။ နို့မို့ရင်လား၊ ငါမှော်နက်ပညာ ကာကွယ်တဲ့ အတတ်ဘာသာရပ်ကို အစောကြီးကတည်းက လွှင့်ပစ်လိုက်မှာ"

"ဒါပေမယ့် အဲဒီ ဘာသာရပ်က အလွန်အရေးကြီးတာ" ဟာမီးက အံ့အားသင့်စွာ ပြောတယ်။

"လော့ဟတ်လို သင်ပုံ သင်နည်းမျိုးနဲ့ ငါတော့ မထင်ပါဘူး" ရွှန်က ပြောတယ်။ "မှင်စာလေးတွေကို လွှတ်မပေးသင့်ဘူးဆိုတာက လွဲပြီး ငါ သူ့ဆီက ဘာမှ မတတ်ခဲ့ဘူး"

နီဗီး-လွန်ဘော့တမ်တို့ အိမ်က မှော်ဆရာ ဆရာမတွေဟာ သူ့ဆီ စာတွေ ရေးကြတယ်။ ဘာသာရပ်ရွေးချယ်ရာမှာ သူ့ကို မတူတဲ့ အကြံဉာဏ်တွေ ပေးကြတယ်။ နီဗီးဟာ ဘာလုပ်ရမှန်းမသိဘဲ စိတ်မတည်မငြိမ် ဖြစ်နေတယ်။ သူဟာ နေရာတွင် ထိုင်ပြီး ဘာသာရပ် စာရင်းကို ကြည့်ရင်း လျှာကြီး အပြင်ထုတ်ထားတယ်။ သူများကို သင်္ချာဗေဒင် ဘာသာရပ်ဟာ ရှေးမှော်စာပေထက် ပိုခက်သလားလို့ မေးတယ်။ ဒင်းဟာ ဟယ်ရီလိုပဲ မတ်ဂေါ်တွေ အနားမှာ ကြီးပြင်းလာတာ။ သူဟာ နောက်ဆုံးမှာ မျက်စိမှိတ်ထားပြီး မှော်ကြိမ်လုံးနဲ့ ဘာသာရပ်ဇယားပေါ်ကို တို့တယ်။ တို့မိတဲ့ ဘာသာရပ်ကို ရွေးချယ်တယ်။ ဟာမီးဟာ ဘယ်သူ့အကြံပေးတာမှ နားမထောင်ဘူး။ ရှိသမျှ ဘာသာရပ်တွေ အားလုံးမှာ လက်မှတ်ရေးထိုးလိုက်တယ်။

ဟယ်ရီက တွေးတယ်။ တကယ်လို့ သူ ဦးလေး ဗာနွန်နဲ့ အဒေါ် ဖစ်ချူနီယာတို့ကို မှော်ပညာဘက်က လုပ်ငန်းတွေ ဆွေးနွေးရင် သူတို့ ဘယ်လို ပြောရမှန်း သိမှာမဟုတ်ဖူး။ ဒီလိုတွေးမိတော့ သူတိတ်တိတ်လေး ခါးသီးစွာ ရယ်မိတယ်။ သူဟာ လမ်းညွှန်မှု လုံးဝမရတာ မဟုတ်ဘူး။ ဖတ်စီ-ဝယ်စလေ ဟာ သူ့ကို ကြိုးကြိုးပမ်းပမ်းနဲ့ ပါးစပ်ရော အပြုအမူပါ သွန်သင်ပေးတယ်။

"မင်း ဘယ်သွားချင်တယ်ဆိုတာသာကြည့် ဟယ်ရီ" သူက ပြောတယ်။ "စောစောစီးစီး နောင်ရေးအတွက် စီစဉ်ရမယ်။ ဒါကြောင့် မင်းကို ဗေဒင်

www.burmeseclassic.com

www.burmeseclassic.com



ဗြောသူဖို့ ငါတိုက်တွန်းတာ။ လူတွေက ပြောတယ်။ မတ်ဂေါ်သုတေသနပြု ဘာသာရပ်ကို ရွေးချယ်တာ ထိုင်းအ,တယ်လို့ ပြောကြတယ်။ ဒါပေမယ့် ငါ့အနေနဲ့ မှော်ဆရာဟာ မှော်မဟုတ်တဲ့ လူ့အဖွဲ့အစည်းကို ဘက်စုံ အကုန် အစင်နားလည်သင့်တယ်လို့ ထင်တယ်။ အထူးသဖြင့် သူတို့ဟာ မတ်ဂေါ်နဲ့ ဆက်သွယ်မှု နီးကပ်တဲ့ အလုပ်ကို ရွေးချယ်ခဲ့ရင်ပေါ့ — ငါ့အဖေကိုပဲကြည့် သူဟာ အချိန်တိုင်းလိုလို မတ်ဂေါ်ရဲ့ ကိစ္စတွေနဲ့ ထိတွေ့နေရတယ်။ ငါ့အစ်ကို ချာလီဟာ အပြင်ဘက်မှာ လှုပ်ရှားချင်တယ်။ ဒါကြောင့် သူက ထူးဆန်းတဲ့ သတ္တဝါကို ကာကွယ်တဲ့ ဘာသာရပ်ကို ရွေးချယ်တယ်။ မင်းရဲ့ အားသာချက် ကို ထွန်းကားအောင်လုပ်၊ ဟယ်ရီ"

ဒါပေမယ့် ဟယ်ရီကတော့ သူအားသာတာ ခွေဒစ်တစ်ခုတည်းရှိတယ်လို့ ထင်တယ်။ နောက်ဆုံးမှာ သူဟာ ရွန်လိုပဲ ဘာသာရပ်အသစ်တချို့ကို ရွေးချယ်လိုက်တယ်။ ဒီဘာသာရပ်တွေ သင်ရတာ သိပ်ခက်ရင် အနည်းဆုံး တော့ လူတစ်ယောက်က သူ့ကို ချစ်ကြည်စွာ ကူညီလိမ့်မယ်လို့ သူထင်တယ်။

ဂရစ်ဖင်းဒေါအသင်း နောက်တစ်ကြိမ်ပြိုင်ပွဲဟာ ဟပ်ဖ်ဖတ်အသင်းနဲ့ ပြိုင်ရမှာ။ ဝုဒ်က အသင်းသားတွေကို ညနေ့စဉ် ညစာစားပြီး လေ့ကျင့်ခိုင်း တယ်။ ဒါကြောင့် ဟယ်ရီဟာ လေ့ကျင့်တာရယ်၊ အိမ်စာလုပ်တာရယ်က လွဲပြီး တခြား ဘာမှ လုပ်ဖို့ အချိန်မရဘူး။ ဒါပေမယ့် လေ့ကျင့်မှုဟာ ကြာလေ အဆင်ပြေလေပဲ။ အနည်းဆုံးတော့ မိုးစိုမခံရတော့ဘူး။ စနေနေ့ပြိုင်ပွဲရဲ့ ရှေ့တစ်ညမှာ သူဟာ အိပ်ဆောင်သို့ သွားပြီး မိုးပျံတံမြက်စည်းထားတဲ့အခါ မှာ ဂရစ်ဖင်းဒေါအသင်းဟာ ခွေဒစ်ဒိုင်းဆုကြီးရဖို့ ဘယ်တုန်းကမှ ခုလောက် နိုင်ချေရှိတာ မရှိတော့ဘူးလို့ သူထင်တယ်။

ဒါပေမယ့် သူ့ပျော်ရွှင်တဲ့ စိတ်ကလေးဟာ သိပ်ကြာကြာမခံလိုက်ဘူး။ သူ အိပ်ဆောင်အပေါ်ရောက်တာနဲ့ ကြောက်လန့်ခြင်းများစွာနဲ့ နီဗီးလွန်ဘော့ တမ်ကို တွေ့ရတယ်။

"ဟယ်ရီ — ဘယ်သူလုပ်တယ်ဆိုတာ ငါမသိဘူး၊ ငါ ခုတွင်တွေ့ တာ — "

နီဗီးဟာထိတ်လန့်စွာ ဟယ်ရီကို ကြည့်နေတယ်။ အခန်းတံခါးကို တွန်း ဖွင့်လိုက်တယ်။



ဟယ်ရီ့ သေတ္တာထဲက ပစ္စည်းတွေ နေရာတကာ လွှင့်ပစ်ထားတယ်။ သူ့အကျႌတွေ ကြမ်းပေါ်မှာ တွန့်ကြေနေတယ်။ ခုတင်ခင်းကို ၎င်းရဲ့ တိုင်လေး တိုင် အိပ်ရာပေါ်က ဆွဲချထားတယ်။ ခုတင်ခေါင်းရင်းထား ဘီဒိုရဲ့ အံဆွဲ ဆွဲထုတ်ထားတယ်။ အထဲက ပစ္စည်းတွေ မွေ့ယာပေါ် ပြန့်ကြဲနေတယ်။

ဟယ်ရီ ပါးစပ်အဟောင်းသားနဲ့ ခုတင်ဘေးကို လျှောက်သွားတယ်။ 'ရော်မ ဘီလူးကြီးနဲ့ ခရီးသွားခြင်း' ထဲက ပြုတ်ကျတဲ့ စာရွက်တစ်ချို့ကို နင်းမိတယ်။

သူနဲ့နီဗီး အိပ်ရာခင်းကို ခုတင်ပေါ် ပြန်ခင်းတဲ့အခါမှာ ရွန်၊ ဒင်းနဲ့ ဆီးမတ်စ်လည်း ဝင်လာတယ်။ ဒင်းက အကျယ်ကြီးအော်တယ်။

"ဘယ်လိုဖြစ်တာလဲ၊ ဟယ်ရီ"

"မသိဘူး" ဟယ်ရီက ပြောတယ်။ ရွန်က ဟယ်ရီ့အကျႌတွေကို သေချာ စစ်ဆေးကြည့်ရှုနေတယ်။ ရှိသမျှ အိတ်ကပ်တွေ အပြင်လှန်ထုတ်ထားတယ်။

"တစ်ယောက်ယောက် တစ်ခုခုရှာတာ" ရွန်က ပြောတယ်။ "ဘာများ ပျောက်သလဲ"

ဟယ်ရီဟာ သူ့ပစ္စည်းတွေ ပြန်ကောက်တယ်။ တစ်ခုပြီးတစ်ခု သေတ္တာထဲ ပစ်ထည့်တယ်။ လော့ဟတ်ရဲ့ နောက်ဆုံးစာအုပ်တစ်အုပ်ကို ပစ်ထည့်လိုက်တဲ့အခါကျမှ တစ်ခုလျော့နေတာ သိလာတယ်။

"ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်း ပျောက်သွားပြီ" သူက အသံနှိမ့်ပြီး ရွန့်ကို ပြောတယ်။

"ဘာ ?"

ဟယ်ရီက အိပ်ခန်းတံခါးဘက် ခေါင်းငဲ့ပြလိုက်တယ်။ ရွန်ဟာ သူနဲ့အတူ ထွက်လာခဲ့တယ်။ သူတို့ အောက်ထပ်သို့ အမြန်ဆင်းခဲ့တယ်။ ဂရစ်ဖင်းဒေါ အများနားနေခန်းကို ပြန်လာတယ်။ အဲဒီမှာ ဘယ်သူမှ မရှိဘူး။ ဟာမီးတစ် ယောက်ထဲ ထိုင်နေပြီး 'ရှေးမှော်စာ အလွယ်တကူသိမြင်ခြင်း' စာအုပ်ကို ဖတ်နေတယ်။ သူတို့ ဝင်သွားတယ်။

ဒီသတင်းကို ကြားရပြီး ဟာမီးငိုင်သွားတယ်။

"ဒါပေမယ့် — ဂရစ်ဖင်းဒေါက လူမှ ခိုးလို့ရမှာ — တခြားသူတွေ ဟာ တို့လျို့ဝှက်စကားကို မသိကြဘူး . . . . . ."

"သိပ်မှန်တယ်" ဟယ်ရီက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့အစောကြီးနိုးလာတော့ ရာသီဥတုသာယာပြီး နေရောင်တောက်ပတဲ့အပြင် ကြည်နူးစရာ လေပြည်လေးလည်း တိုက်နေတယ်။

"ဒါခွေးဒစ်ပြိုင်ပွဲအတွက် အကောင်းဆုံး ရာသီဥတုပဲ" ဂရစ်ဖင်းဒေါ်ထမင်းစားစာပွဲမှာ ဝုဒ်က လိုက်လိုက်လှဲလှဲ ပြောရင်း၊ အသင်းသားတိုင်းရဲ့ ပန်းကန်ပြားထဲကို ကြက်ဥကြော်တွေ အများကြီး ထည့်ပေးတယ်။ "ဟယ်ရီ တက်ကြွစမ်းပါ၊ မင်းနံနက်စာစောစော ကောင်းကောင်းစားဖို့ လိုတယ်"

ဟယ်ရီဟာ လူကြပ်နေတဲ့ ဂရစ်ဖင်းဒေါ်ထမင်းစား စာပွဲကို ကြည့်နေတယ်။ ရစ်ဒေါ်နေ့စဉ်မှတ်တမ်းရဲ့ သခင်သစ် သူ့မျက်စိရှေ့မှာတင် ရှိမလားလို့ တွေးနေတယ်။ ဟာမီးက သူအခိုးခံရတဲ့ကိစ္စ ကျောင်းကိုတိုင်ဖို့ တိုက်တွန်းတယ်။ ဒါပေမယ့် ဟယ်ရီက ဒီလိုမလုပ်ချင်ဘူး။ သူ ဆရာ့ကို နေ့စဉ်မှတ်တမ်းအကြောင်း အကုန်ပြောပြပြီး လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က ဟက်ဂရစ်ဘာကြောင့် ကျောင်းထုတ်ခံရသလဲဆိုတာ လူဘယ်နှစ်ယောက်သိတယ်လို့ ပြောရမှာလား။ ဒီကိစ္စကို ပြန်ဖော်တဲ့လူ မလုပ်ချင်ဘူး။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ခန်းမကြီးက အတူထွက်လာပြီး သူ့ပြိုင်ပွဲဝင်မည့် ပစ္စည်းပစ္စယတွေကို သွားသိမ်းဆည်းကြတယ်။ ဒီအချိန်မှာ ဟယ်ရီရဲ့ ရှုပ်ထွေးနေတဲ့ စိတ်မှာ အလွန်လေးပင်တဲ့ ပူပန်မှုတစ်ခု တိုးလာတယ်။ အကြောင်းက သူ မာဘယ်ကျောက်လှေခါးထစ်ကို နင်းလိုက်ချိန်မှာ ရုတ်တရက် ဟို အသံကြားရပြန်တယ်။ "ဒီတစ်ကြိမ် လူသတ်မယ် . . . . ဆုတ်ဖြဲပစ်မယ် . . . . ကွဲပြဲအောင် ဆုတ်ဖြဲပစ်မယ် . . . ."

သူတစ်အားအော်လိုက်တယ်။ ရွန်နဲ့ ဟာမီး လန့်ပြီး သူ့ဘေးက ခုန်ထွက်သွားတယ်။

"ဟိုအသံ" ဟယ်ရီက ပြောရင်း နောက်ကို လှည့်ကြည့်တယ်။ "ငါခုနက ကြားရပြန်ပြီ — နင်တို့ ကြားလား"

ရွန်က ခေါင်းခါတယ်။ မျက်လုံးကြီး ဝိုင်းနေတယ်။ ဟာမီးကတော့ ရုတ်တရက် လက်နဲ့ နဖူးကို ပုတ်လိုက်တယ်။

"ဟယ်ရီ — ငါ ရုတ်တရက် တစ်ခု သိလာတယ်။ ငါ စာကြည့်တိုက် သွားလိုက်ဦးမယ်"

သူမဟာ ပြေးထွက်ပြီး အပေါ်ထပ် တက်သွားတယ်။

"သူမ ဘာသိတာလဲ" ဟယ်ရီ စိတ်မတည်မငြိမ်နဲ့ ပြောရင်း ဒေါ်း



လေးမျက်နှာကို လှည့်ကြည့်နေတုန်းပဲ။ အသံ ဘယ်ကလာတယ်ဆိုတာ သိချင်နေတယ်။

"ငါမသိဘူး" ရွန်က ခေါင်းခါတယ်။

"ဒါပေမယ့် သူမ ဘာကြောင့် စာကြည့်တိုက်သွားရတာလဲ"

"ဒါက ဟာမီးလုပ်ဟန်လေ" ရွန်က ပြောပြီး ပခုံးတွန့်ပြတယ်။ "သိချင်တာရှိရင် စာကြည့်တိုက်သွားတာပဲ"

ဟယ်ရီဟာ တွေဝေစွာ ရပ်နေတယ်။ ဟိုအသံလာရာကို နောက်ထပ် ရှာဖွေချင်နေတယ်။ ဒါပေမယ့် ဒီအချိန်မှာ လူတွေ ခန်းမကြီးထဲက တိုးထွက်လာနေကြပြီ။ သူ့ကျောဘက်မှာ အကျယ်ကြီး ရယ်မောပြောဆိုကာ တံခါးမကနေ ခွေးဒစ်ကွင်းဆီ သွားနေကြတယ်။

"မင်း မြန်မြန်လှုပ်ရှားရင် ကောင်းမယ်" ရွန်က ပြောတယ်။ "ဆယ့်တစ်နာရီထိုးတော့မယ် — ပြိုင်ပွဲ"

ဟယ်ရီဟာ ဂရစ်ဖင်းဒေါ် အိမ်ခန်းကို အမြန်လျှောက်သွားတယ်။ မိမိရဲ့ အလင်းစကြာ ၂၀၀၀ ကို ယူလိုက်ပြီး ဆူဆူညံညံ ဘောကွင်းကို ဖြတ်သွားတဲ့ လူစီးထဲ ဝင်လိုက်တယ်။ ဒါပေမယ့် သူ့အတွေးဟာ ရဲတိုက်ထဲမှာပဲကျန်နေပြီး အကောင်အထည်မရှိတဲ့ အသံကို လိုက်နေတယ်။ သူအဝတ်လဲခန်းထဲမှာ နီရဲတဲ့ဝတ်ရုံရှည်ကို လဲပြီးချိန်မှာ မိမိကိုယ်မိမိ နှစ်သိမ့်နိုင်တာကတော့ အခု လူတွေအားလုံး ဘောလုံးကွင်းထဲ ရောက်နေလို့ပဲ။

ဘောသမားတွေဟာ မိုးမြေသိမ့်သိမ့် အော်သံထဲမှာ ပြိုင်ကွင်းဆီ လျှောက်သွားကြတယ်။ အော်လီဗာ-ဝုဒ်ဟာ အထက်သို့ ပျံတက်သွားတယ်။ ဂိုးတိုင်ဘေးမှာ ပတ်ပြီး သွေးပူလေ့ကျင့်နေတယ်။ မဒမ်ဟုချ်ဟာ ဘောလုံးတွေကို ထုတ်လွှတ်လိုက်တယ်။ ဟာ့ဖ်ဖတ်က ဘောသမားတွေဟာ အဝါရောင် အကျီဝတ်ဆင်ထားတယ်။ အခုဆိုရင် စုရုံးပြီး နောက်ဆုံးအချိန်လေးမှာ နည်းဗျူဟာ ဆွေးနွေးနေတယ်။

ဟယ်ရီ မိုးပျံတံမြက်စည်းပေါ် တက်မယ်လုပ်နေတုန်းမှာ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ပြိုင်ကွင်းကို အပြေးအလွှား ရောက်လာတယ်။ လက်ထဲမှာ ခရမ်းရောင် မိုက်ခွက် အကြီးကြီးနဲ့။

ဟယ်ရီရဲ့ နှလုံးသားဟာ ကျောက်ခဲလို မြုပ်ဆင်းသွားတယ်။

"ပြိုင်ပွဲရုပ်သိမ်းလိုက်တယ်" ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ မိုက်ခွက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



အစ်ဆင့် ပွဲကြည့်စင်ပေါ်ကို လှမ်းပြောတယ်။ လူအုပ်ထဲမှာ မကျေနပ်တဲ့ ငြီးငြူ သံနဲ့ အော်သံ ပေါ်ထွက်လာတယ်။ အော်လီဗာ-ဝုဒ်လည်း ခေါင်းတခါခါနဲ့ သူ့မြေပြင်ပေါ် ဆင်းသက်ပြီး တံမြက်စည်းပေါ်က မဆင်းသေးဘဲ ပါမောက္ခ မက်ဂေါ်နာဂေါ်ဆီ တန်းသွားတယ်။

"ကျွန်တော်တို့ ပါမောက္ခ" သူက အော်ပြောတယ်။ "ကျွန်တော်တို့ ပြိုင်မှုဖြစ်မယ် . . . . ကျောင်းပိုင်း . . . . ဂရစ်ဖင်းဒေါ . . . ."

ပါမောက္ခ မက်ဂေါ်နာဂေါ်က သူ့ကို အရေးမလုပ်ဘူး။ မိုက်ကို ကိုင် ပြီး ဆက်အော်နေတယ်။ "ကျောင်းသားအားလုံး ဟောက်စ်ကျောင်း အများနား နေခန်းကို ပြန်ကြပါ။ အဲဒီမှာ ဟောက်စ်ကျောင်း တာဝန်ခံက အခြေအနေ ပြောပြပါလိမ့်မယ်။ အားလုံး အမြန်ဆုံး ထွက်ခွာကြပါ"

ဒီနောက် သူမဟာ မိုက်ခွက်ကို ချပြီး ဟယ်ရီကို လာဖို့ အမူအရာ ပြတယ်။

"ပေါ်တာ၊ မင်း ငါနဲ့ အတူလိုက်ခဲ့ရင် ကောင်းမယ် . . . . ."

ဟယ်ရီက ဒီတစ်ကြိမ်လည်း သူ့ကိုပဲ သံသယဖြစ်နေပြန်တယ်လို့ တွေးနေတုန်းမှာ ရွန်ဟာ မကျေမနပ် ပြောဆိုနေတဲ့ လူအုပ်ထဲက တိုးထွက် လာတယ်။ သူတို့နှစ်ယောက် ရဲတိုက်ဆီ စသွားတဲ့အခါမှာ ရွန် သူတို့နောက် ပြေးလာတယ်။ ဟယ်ရီ အံ့ဩသွားတာကတော့ ပါမောက္ခမက်ဂေါ်နာဂေါ်က မဆန့်ကျင်ဘူး။

"ကောင်းပြီ၊ မင်းလဲ ခုနလာတာကောင်းမယ်၊ ဝယ်စလီ"

ကျောင်းသားတွေ သူတို့ဘေးမှာ တိုးဝှေ့နေတယ်။ တချို့က ပြိုင်ပွဲ ရုပ်သိမ်းတာ မကျေမနပ်ပြောနေတယ်။ တချို့ကတော့ သိပ်စိတ်လှုပ်ရှားနေ သလိုပဲ။ ဟယ်ရီနဲ့ ရွန်ဟာ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့အတူ ကျောင်းဆီ ပြန်ခဲ့တယ်။ မာဘယ်ကျောက်လှေခါးကြီးပေါ် တက်ခဲ့ကြတယ်။ ဒီတစ်ကြိမ် တော့ သူတို့ ဘယ်သူ့ရုံးခန်းကိုမှ ခေါ်သွားမခံရဘူး။

"မင်းတို့ နည်းနည်းတုန်လှုပ်လိမ့်မယ်" သူတို့ ဆေးရုံနားရောက်တော့ ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ အံ့ဩစရာ နွေးထွေးတဲ့ လေသံနဲ့ ပြောတယ်။ "တိုက်ခိုက်မှု ဖြစ်ပွားပြန်ပြီ . . . . နှစ်ချီ။ တစ်ပြိုင်နက် တိုက်ခိုက်ခံရ"

ဟယ်ရီ့ ကလီဇာတွေ ပြောင်းဆန်နေတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ် က တံခါးကို တွန်းဖွင့်တယ်။ ဟယ်ရီနဲ့ ရွန် ဝင်သွားလိုက်တယ်။



မဒမ်ပွမ်ဖရေဟာ ဆံပင်ရှည်ရှည်ကောက်ကောက် ပဥ္စမနှစ်ကျောင်း သူကို ငုံ့ကြည့်နေတယ်။ သူမဟာ ဟိုနေ့က သူတို့ စလေးသရင်းအများနား နေခန်း ဘယ်မှာလဲလို့ အမေးခံရတဲ့ ရာဗင်ခလော ဟောက်စ်က ကျောင်းသူ ဆိုတာ ဟယ်ရီမှတ်မိတယ်။ သူမဘေးက ခုတင်ပေါ်မှာ —

"ဟာမီး" ရွန်က လန့်အော်တယ်။

ဟာမီးဟာ မလှုပ်မယှက် လှဲနေတယ်။ မျက်လုံးကြီး ပြူးပြီး ငိုင်နေ တယ်။

"သူတို့ကို စာကြည့်တိုက်နားမှာ တွေ့တာ" ပါမောက္ခ မက်ဂေါ်နာဂေါ် က ပြောတယ်။ "မင်းတို့နှစ်ယောက် ဒီကိစ္စကို ရှင်းပြနိုင်မယ် မထင်ဘူး မှတ် လား။ ဒါ သူမတို့ဘေး ကြမ်းပေါ်ကတွေ့တာ . . . . . ."

သူမက မှန်ဝိုင်းဝိုင်းကလေးကို မြှောက်ပြတယ်။

ဟယ်ရီနဲ့ ရွန် ခေါင်းခါပြတယ်။ သူတို့ ဟာမီးကို အသေစိုက်ကြည့် နေတယ်။

"ငါမင်းတို့ကို ဂရစ်ဖင်းဒေါရဲတိုက်ဆီ လိုက်ပို့မယ်" ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ စိတ်လေးလေးနဲ့ ပြောတယ်။ "ဘာပဲဖြစ်ဖြစ်၊ ကျောင်းသား တွေကို စကားပြောရမယ်"

"ကျောင်းသားအားလုံး ည ၆ နာရီ မတိုင်ခင်မှာ မိမိတို့ ဟောက်စ် ကျောင်းရဲ့ အများနားနေခန်းကို ပြန်ရောက်ရမယ်။ ဒီအချိန် နောက်ပိုင်းမှာ ဘယ်ကျောင်းသားမှ မိမိတို့ရဲ့ အိပ်ဆောင်က မခွာရဘူး။ ကျောင်းတက်သွား တိုင်း ဆရာတစ်ယောက် လိုက်ပို့ရမယ်။ ဆရာ အဖော်မပါပဲ ဘယ်ကျောင်း သားမှ ကိုယ်လက်သန့်စင်ခန်းကို အသုံးမပြုရဘူး။ ခွေဒစ်လေ့ကျင့်မှုနဲ့ ပြိုင်ပွဲအား လုံး ရွှေ့ဆိုင်းတယ်။ ညအချိန်မှာ ဘာလှုပ်ရှားမှုမှ မလုပ်တော့ဘူး"

ဂရစ်ဖင်းဒေါ ကျောင်းသားတွေ အများနားနေခန်းထဲမှာ စုပြီး ပါမောက္ခ မက်ဂေါ်နာဂေါ် စကားပြောတာ ငြိမ်ငြိမ်လေး နားထောင်နေကြ တယ်။ သူမဟာ ခုနက ဖတ်ပြတဲ့ သိုးရေစက္ကူစာရွက်စာတမ်းကို လိပ်လိုက် တယ်။ ဒီနောက် အသက်ရှူ အနည်းငယ်ကြပ်တဲ့ အသံနဲ့ ပြောတယ်။ "ငါစစ် ငါပြောဖို့ မလိုဘူး၊ အရင်က ဒီလောက် စိတ်မကောင်းမဖြစ်ခဲ့ဘူး။ ကျောင်းကို ပိတ်ပစ်ဖို့ ဖြစ်နိုင်တယ်။ ဒီတိုက်ခိုက်မှုတွေ စီစဉ်တဲ့ လူကို မမိုင်တော့ တစ်မှု

www.burmeseclassic.com



ဆော့၊ မိမိအခြေအနေ နည်းနည်းသိတယ်လို့ ထင်တဲ့လူ ထွက်ပြောဖို့ တိုက်တွန်းပါတယ်"

သူမဟာ အရုပ်ကား အပေါက်ဝကို မဖျတ်မလတ် တွားထွက်သွားတယ်။ ဂရစ်ဖင်းဒေါ ကျောင်းသားတွေ ချက်ချင်း ဒီအကြောင်းကို ပြောဆိုကြတော့တယ်။

"ဂရစ်ဖင်းဒေါ နှစ်ယောက်အလဲထိုးခံရပြီ၊ ဂရစ်ဖင်းဒေါက သရဲတစ်ကောင် ထည့်မတွက်သေးဘူး။ ပြီးတော့ ရာဗင်ခလော တစ်ယောက်နဲ့ ဟော့ဖ်ဖတ်တစ်ယောက်" ဝယ်စလီ အမြွှာညီနောင်ရဲ့ သူငယ်ချင်း လီ-ဂျော်ဒန် လက်ချိုး တွက်နေတယ်။ "စလေးသရင်းတွေ အားလုံး ဘာမှ မဖြစ်ဘူးဆိုတာ ဆရာတစ်ယောက်ယောက် သတိပြုမိလား မသိဘူး။ ဒါတွေ စလေးသရင်းက လာတာဆိုတာ ရှင်းမနေဘူးလား။ စလေးသရင်းရဲ့ ထူးဆန်းတဲ့ အကောင် — သူတို့က ဘာဖြစ်လို့ စလေးသရင်းတွေကို မောင်းမထုတ်တာလဲ" သူက အကျယ်ကြီးအော်တယ်။ နားထောင်တဲ့ လူတွေ ခေါင်းညိတ်ကြတယ်။ ခပ်ဝေးဝေးကျဲ လက်ခုပ်သံလည်း ပေါ်ထွက်လာတယ်။

ဖတ်စီ-ဝယ်စလီဟာ လီဘေးက ထိုင်ခုံပေါ် ထိုင်နေတယ်။ သူ့ကြည့်ရတာ ပထမဆုံး အကြိမ်အနေနဲ့ မိမိသဘောကို အလောတကြီး မပြောဘဲနေတာပဲ။ သူ့မျက်နှာတွေ ဖြူဖပ်ဖြူယော် ဖြစ်ပြီး လန့်နေသလိုပဲ။

"ဖတ်စီ သိပ်လန့်နေတယ်" ဂျော့က ဟယ်ရီကို တိတ်တိတ်ပြောတယ်။ "ဟို ရာဗင်ခလော ကျောင်းသူ — ဖန်နလော့-ခလီယာဝါတာ — ဟာ အတန်းခေါင်းဆောင်။ ဖတ်စီအရင်က အကောင်ဆန်းဟာ အတန်းခေါင်းဆောင်ကို မတိုက်ဖူး ထင်နေတာ"

ဒါပေမယ့် ဟယ်ရီက သေချာနားထောင်မနေဘူး။ ဟာမီး လူနာခုတင်ပေါ် လှဲနေတာ ကျောက်ထုရုပ်လို မာကြောငိုင်နေတဲ့ပုံက သူ့ရှုမ်းထွက်သို့ မရသေးဘူး။ တရားခံကို အမြန်ဆုံး မမိရင် သူ ဒါစလီတို့ အိမ်ပြန်ပြီး တစ်သက်လုံးနေရတော့မယ်။ တွမ်-ရစ်ဒေါ်ဟာ ဟက်ဂရစ်ကို တိုင်ရတာက ကျောင်းအပိတ်ခံရရင် သူဟာ မတ်ဂေါ်မိဘမဲ့ ကျောင်းကို ပြန်ရမယ့် ရွေးစရာနဲ့ ရင်ဆိုင်ရမှာမို့လို့။ အခု ဟယ်ရီဟာ သူ့ခံစားချက်ကို လုံးဝ နားလည်သွားပြီ။

"ငါတို့ ဘယ်လိုလုပ်မလဲ" ရွန်က ဟယ်ရီ့နားနားကပ်ပြီး တိုးတိုးလေး



တယ်။ "သူတို့ ဟက်ဂရစ်ကို သံသယဖြစ်နေတယ်လို့ မင်းထင်သလား"

"ငါတို့ သူနဲ့ စကားပြောကြည့်မှ ဖြစ်မယ်" ဟယ်ရီက စိတ်ဆုံးဖြတ်ချက်ချလိုက်ပြီး ပြောတယ်။ "ဒီတစ်ကြိမ် သူလုပ်တာလို့ ငါမယုံနိုင်ဘူး။ ဒါပေမယ့် သူအရင်တစ်ခါက အကောင်ဆန်းကို လွှတ်ဖူးတယ်ဆိုတော့ လျှို့ဝှက်အခန်းထဲ ဘယ်လိုဝင်ရမယ်ဆိုတာ သူသိမှာပဲ။ ဒါလမ်းစရတာပဲ"

"ဒါပေမယ့် ပါမောက္ခ မက်ဂေါ်နာဂေါက ငါတို့ ရဲတိုက်ထဲမှာနေရမယ်လို့ ပြောတယ်။ ကျောင်းခန်းထဲ ကျောင်းတက်နေတာက လွဲရင်ပေါ့ — "

"ငါထင်တယ်" ဟယ်ရီက ပြောတယ်။ အသံက ပိုတိုးသွားတယ်။ "အခု ငါ့အဖေရဲ့ ဝတ်ရုံအဟောင်းကြီးကို နောက်ထပ် ထုတ်သုံးရမယ်"

ဟယ်ရီဟာ သူ့အဖေဆီက အရာဝတ္ထုတစ်ခု ဆက်ခံထားတယ်။ အဲဒါကတော့ ရှည်ပြီး ငွေရောင်လက်နေတဲ့ ကိုယ်ပျောက်ဝတ်ရုံ။ သူတို့ ကျောင်းက ခိုးထွက်ပြီး ဟက်ဂရစ်ဆီသွားတာ လူမသိစေချင်ရင် ၎င်းကို အားကိုးရမယ်။ ညကျတော့ ဟယ်ရီနဲ့ ရွန်ဟာ ခါတိုင်းလိုပဲ အိပ်ရာဝင်ကြတယ်။ နီဗီး၊ ဒင်းနဲ့ စီးမတ်စ်တို့ လျှို့ဝှက်အခန်းအကြောင်း ဆွေးနွေးတာ ရပ်ပြီး အိပ်မက်ကမ္ဘာထဲ ရောက်သွားတော့မှ သူတို့ အိပ်ရာက ထပြီး အကျႌပြန်ဝတ်ကြတယ်။ ဝတ်ရုံကြီးကို နှစ်ယောက်စလုံးကိုယ်ပေါ် ခြုံလိုက်တယ်။

ကြောက်စရာ စင်္ကြံကို ဖြတ်ပြီး တစ်လမ်းလုံး စိတ်မပျော်ကြဘူး။ ဟယ်ရီ အရင်က ညကြီးသန်းခေါင် ရဲတိုက်ထဲမှာ လျှောက်သွားဖူးတယ်။ ဒါပေမယ့် နေဝင်သွားပြီးနောက် လူဒီလောက် များများကို မတွေ့ရဘူး။ ဆရာ အတန်းခေါင်းဆောင်နဲ့ ဝိညာဉ်တွေဟာ အတွဲလိုက် အတွဲလိုက် စင်္ကြံထဲမှာ ကင်းလှည့်နေတယ်။ ထူးခြားတဲ့ အခြေအနေရှိလားလို့ လိုက်စစ်ဆေးနေတယ်။ ဟယ်ရီရဲ့ ကိုယ်ပျောက်ဝတ်ရုံဟာ အသံကိုတော့ မတားနိုင်ဘူး။ တစ်ကြိမ်မှာ အလွန် အန္တရာယ်ရှိတယ်။ ရွန်ဟာ ရုတ်တရက် ခလုတ်တိုက်မိသွားတယ်။ သူနဲ့ လေးငါးလှမ်း အကွာမှာ စနိတ်ပ် ကင်းစောင့်နေတယ်။ ကံကောင်းတာက စနိတ်ပ်ဟာ ရွန် ကျိန်ဆဲလိုက်ချိန်မှာ ချီလိုက်တယ်။ သူတို့ ဝတ်သစ်ရှေ့တံခါး ရှေ့ရောက်လာပြီး အသာလေး ဖွင့်လိုက်တော့မှ သက်ပြင်းချနိုင်တော့တယ်။

ထိုညဟာ ကြယ်တွေ တောက်ပတဲ့ည။ သူတို့ဟာ တဖိတ်ဖိတ်လက်နေတဲ့ နေရာက မီးရောင်ထွက်နေတဲ့ ပြတင်းပေါက်ဆီ သွားတယ်။ သူ့ တံခါးရှေ့

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ဝတ်ရုံကို ချွတ်လိုက်တယ်။

သူတို့ တံခါးခေါက်လို့ စက္ကန့်အနည်းငယ်ကြာပြီးနောက် ဟက်ဂရစ်က တံခါးဖွင့်ပေးတယ်။ ဟက်ဂရစ်ဟာ လေးနဲ့ မြားကို မြှောက်ပြီး ချိန်ထားတာနဲ့ မျက်နှာချင်းဆိုင် တိုးမိနေတယ်။ ဖောလိုက်ခွေးကြီး 'အစွယ်ကြီး'တာ သူကျောဘက်မှာ ဟောင်နေတယ်။

"အော၊ မင်းတို့ကိုး" သူက ပြောရင်း လက်ထဲက လက်နက်ကို ချလိုက်တယ်။ သူတို့ကို စိုက်ကြည့်နေတယ်။ "မင်တို့ နှစ်ယောက် ဒီဘာလာလုပ်တာလဲ"

"အဲဒါ ဘာလုပ်တာလဲ" သူတို့ အိမ်ထဲဝင်မိတော့ ဟယ်ရီက လေးနဲ့ မြားကို ညွှန်ပြပြီး ပြောတယ်။

"ဘာမှ မဟုတ်ဖူး . . . . ဘာမှ မဟုတ်ဖူး" ဟက်ဂရစ်က မရှင်းမလင်း ပြောတယ်။ "ကျုပ်က . . . . ထင်နေတာ . . . . ကိစ္စမရှိဘူး . . . . ထိုင်ကြ . . . . ကျုပ် လက်ဖက်ရည် သွားဖျော်မယ် . . . ."

သူ့ကြည့်ရတာ မတည်မငြိမ် ဖြစ်နေသလိုပဲ။ ခရားထဲက ရေထွက်ကျလို့ မီးတောင်ငြိမ်းတော့မယ်။ ဒီနောက် သူ့လက်ကြီး တအား တုန်လှုပ်လိုက်လို့ လက်ဖက်ရည်အိုး မှောက်သွားတယ်။

"ဘာမှ မဖြစ်ပါဘူးနော်၊ ဟက်ဂရစ်" ဟယ်ရီက မေးတယ်။ "ဟာမီးအကြောင်း ကြားပြီးပြီလား"

"အော၊ ဟုတ်တယ်၊ ကြားပြီးပြီ" ဟက်ဂရစ်က ပြောတယ်။ အသံနည်းနည်း ဆို့နင့်နေတယ်။

သူဟာ စိတ်လှုပ်ရှားစွာ ပြတင်းပေါက်ကိုပဲ ကြည့်နေတယ်။ သူတို့နှစ်ယောက်ကို ရေနွေးနှစ်ခွက်ကြီး ထည့်ပေးတယ်။ (လက်ဖက်ခြောက် အိတ်ထည့်ဖို့ မေ့နေတယ်)။ သစ်သီးကိတ်ထုထုကြီးကို ပန်းကန်ထဲ ထည့်မယ်လုပ်တုန်းမှာ တံခါးခေါက်သံ အကျယ်ကြီး ပေါ်ထွက်လာတယ်။

"ဟက်ဂရစ်ဟာ သစ်သီးကိတ်ကို လွှင့်ပစ်လိုက်တယ်။ ဟယ်ရီနဲ့ ရွန်းဟာ အလျင်အမြန် အကြည့်ချင်းဖလှယ်လိုက်ပြီး ကိုယ်ပျောက် ဝတ်ရုံကို ခြုံလိုက်ကြတယ်။ ဒီနောက် ဒေါင့်တစ်နေရာကို ဆုတ်နေလိုက်တယ်။ သူတို့ ပုန်းပြီးတာ မြင်တာနဲ့ လေးနဲ့ မြားကို ကောက်ယူလိုက်တယ်။ နောက်တစ်ကြိမ် တံခါးကို ဆောင့်တွန်းဖွင့်လိုက်တယ်။



"မင်္ဂလာညချမ်းပါ၊ ဟက်ဂရစ်"

ဒမ်ဘလီဒိုးအသံ။ သူဝင်လာတယ်။ အမူအရာ အလွန်တည်တယ်။ သူ့နောက်မှာ အလွန်တမျိုးကြီးဖြစ်တဲ့ အမျိုးသားတစ်ယောက်ပါလာတယ်။

အဲဒီ လူစိမ်းဟာ ပုပုဝဝ၊ တုတ်တုတ်ခိုင်ခိုင်ကြီး။ ကဘိုကရို မီးခိုးရောင်ဆံပင်၊ မျက်နှာပေါ်မှာ ပူပင်တဲ့ အမူအရာနဲ့။ သူဝတ်ဆင်ထားတဲ့ အဝတ်အစားဟာ သောင်းပြောင်းဖြစ်နေတယ်။ အစင်းစိပ်စိပ် အနောက်တိုင်းဝတ်စုံ၊ နီရဲတဲ့ လည်စည်း၊ အနက်ရောင် ဝတ်ရုံရှည်၊ ခရမ်းရောင် ထိပ်ချွန် လည်ရှည်ဘွတ်ဖိနပ်။ ချိုင်းမှာ အစိမ်းပုပ်ရောင် မင်္ဂလာ ဦးထုပ်တစ်လုံး ညှပ်ထားတယ်။

"အဲဒါ ငါ့အဖေရဲ့ အထက်အရာရှိ" ရွန်က ရှိုက်ရင်း ပြောတယ်။ "ကွန်နယ်လစ်-ဖဒ်ဂ်၊ မော်ဌာနချုပ်မှူး"

ဟယ်ရီက တံတောင်နဲ့ ရွန့်ကို တအားတွက်လိုက်တယ်။ ပါးစပ်ပိတ်ထားခိုင်းတယ်။

ဟက်ဂရစ် ချက်ချင်း မျက်နှာသွေးမရှိတော့ဘူး။ နဖူးက ချွေးထွက်လာတယ်။ ခုံတစ်လုံးထဲ ထိုင်ကျသွားတယ်။ ဒမ်ဘလီဒိုးကို ကြည့်လိုက်၊ ကွန်နယ်လစ်-ဖဒ်ဂ်ကို ကြည့်လိုက် ဖြစ်နေတယ်။

"ခွကျတာပဲ၊ ဟက်ဂရစ်" ဖဒ်ဂ်က ပေါ့ပါးသွက်လက်တဲ့ လေသံနဲ့ ပြောတယ်။ "အတော့်ကို ခွကျတယ်။ မလာလို့ မဖြစ်ဖူး။ မတ်ဝေါ်တွေကို တိုက်ခိုက်မှု လေးကြိမ်ဖြစ်ပြီးပြီ။ လွန်လွန်းတယ်။ မော်ဌာနကြီးက ကိုင်တွယ်မှ ဖြစ်တော့မှာ"

"ကျွန်တော် မလုပ်ဘူး" ဟက်ဂရစ်က တောင်းပန်တဲ့ အနေနဲ့ ဒမ်ဘလီဒိုးကို ကြည့်နေတယ်။ "ကျွန်တော် မလုပ်ဘူးဆိုတာ ခင်ဗျား သိပါတယ်၊ ပါမောက္ခ ဒမ်ဘလီဒိုး၊ ဆရာ . . . ."

"မင်းနားလည်စေချင်တယ်၊ ကွန်နယ်လစ်၊ ကျုပ်က ဟက်ဂရစ်ကို လုံးဝ ယုံကြည်တယ်" ဒမ်ဘလီဒိုးက ဖဒ်ဂ်ကို မှုတ်မှောင်ကြုတ်ရင်း ပြောတယ်။

"ဒါပေမယ့်၊ ခင်ဗျားကြည့်ပါ" ဖဒ်ဂ်က တစ်မျိုးကြီးဖြစ်ပြီး ပြောတယ်။ "ဟက်ဂရစ်ရဲ့ အရင်က မှတ်တမ်းဟာ သူ့အဖို့ အတိုင်းမရှိဘူးလေ၊ မော်ဌာနကြီးဟာ မကိုင်တွယ်လို့ မဖြစ်ဘူး — ကျောင်း ဒါရိုက်တာ အဖွဲ့နဲ့ ဆက်သွယ်မှု လုပ်ပြီးပြီ"

"ဒါပေမယ့် ကွန်နယ်လစ်၊ ကျုပ်ခင်ဗျားကို ထပ်ပြောရဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာတ်ဝရစ်ကို ခေါ်သွားလဲ ဘာမှ အကြောင်းထူးမှာ မဟုတ်ဖူး" ဒမ်ဘလီဒိုး က ပြောတယ်။ သူ့မျက်လုံး ပြာပြာထဲမှာ ဟယ်ရီ မတွေ့ဖူးတဲ့ ဒေါသမီး တောက်နေတယ်။

"ခင်ဗျား ကျုပ်ဒေါင့်က ကြည့်ပါဦး" ဖဒ်ဂ်က ပြောရင်း လက်ထဲက မင်္ဂလာ ဦးထုပ်ကို ဆော့ကစားနေတယ်။ "ကျုပ် ဗိုအားသိပ်ကြီးတယ်။ တစ်ခုခု လုပ်မှ ဖြစ်မှာ။ နောက်ဆုံး ဟက်ဂရစ် မဟုတ်ဘူးလို့ စစ်ဆေးတွေ့ရှိရင် သူ ပြန်ဖောမှာပါ။ စကားတစ်ခွန်းမှတောင် မပြောပါဘူး။ ဒါပေမယ့် ကျုပ် သူ့ကို ခေါ်မသွားလို့မဖြစ် ခေါ်သွားရမယ်။ ကျုပ်က ကျုပ် — မလုပ်ရဘူးလား"

"ကျုပ်ကို ခေါ်သွားမယ် ဟုတ်လား" ဟက်ဂရစ်က ပြောတယ်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတယ်။ "ဘယ်ကို ခေါ်သွားမှာလဲ"

"အချိန်တိုတိုလေးပါ" ဖဒ်ဂ်က ပြောတယ်။ ဟက်ဂရစ် မျက်စိကို မကြည့်ဘူး။ "ဒဏ်ပေးတာ မဟုတ်ဘူး။ ကြိုတင် ကာကွယ်မှု လုပ်တာပါ။ တခြား တစ်ယောက်ကို ဖမ်းမိရင် မင်းကို ထုတ်ပေးမှာပါ။ ပြီးတော့ အပြည့်အဝ ဝမ်းနည်းကြောင်း ဖော်ပြမှာပါ. . . . ."

"အက်ဇခါဘန် မဟုတ်ပါဘူးနော်" ဟက်ဂရစ်က ကွဲအက်လေးပင်တဲ့ အသံနဲ့ မေးတယ်။

ဖဒ်ဂ် ပြန်မဖြေရသေးခင်မှာပဲ တံခါးကို တအားခေါက်သံ ပေါ်လာပြန်တယ်။

ဒမ်ဘလီဒိုး တံခါးသွားဖွင့်တယ်။ ဒီတကြိမ်မှာ ဟယ်ရီ့နံဘေး တံတောင်နဲ့ အတွက်ခံရမယ့် အလှည့်ရောက်လာပြီ။ သူဟာ ကြားရလောက်အောင် လန့်အော်သံ ထွက်သွားတယ်။

မစ္စတာ လူးရှပ်စ်-မော်ဖိုင် ဟက်ဂရစ် အိမ်ကလေးထဲ အလှမ်းကျဲကျဲ ဝင်လာတယ်။ သူ့တစ်ကိုယ်လုံးကို အနက်ရောင် ခရီးသွားဝတ်ရုံ ရှည်ရှည်ကြီးနဲ့ လုံလုံခြုံခြုံ ဖုံးအုပ်ထားတယ်။ သူ့မျက်နှာပေါ်မှာ အေးစက်စက်၊ ကျေနပ်တဲ့ အပြုံးနဲ့။ အစွယ်ကြီးဟာ စတင်ပေါင်လာတယ်။

"ခင်ဗျား ရောက်နှင့်နေပြီလား ဖဒ်ဂ်" သူက ကျေနပ်စွာ ပြောတယ်။ "သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ် . . . . . ."

"မင်း ဒီ ဘာလာလုပ်တာလဲ" ဟက်ဂရစ်က ဒေါသနဲ့ ပြောတယ်။ "ထွက်သွား၊ ငါ့အိမ်က ထွက်သွား"



"ချစ်လှစွာသော မိတ်ဆွေ၊ ကျုပ်ကို ယုံကြည်ပါ။ ကျုပ်ကလဲ ခင်ဗျားရဲ့ ဒီ — ကို မဝင်ချင်ပါဘူး — အော — မင်းက ဒါကိုများ အိမ်လို့ ခေါ်သလား" လူးရှပ်စ်-မော်ဖိုင်ဟာ အဲဒီ အိမ်သေးသေးလေးကို လှည့်ပတ်ကြည့်ပြီး သရော်ပြောတယ်။ "ကျုပ်က ကျောင်းကို လာကြည့်တာပါ၊ ကျောင်းအုပ် ဒီမှာလို့ ပြောလို့ပါ"

"ကျုပ်ကို ဘာကိစ္စရှိလို့ တွေ့ချင်ပါသလဲ၊ လူးရှပ်စ်" ဒမ်ဘလီဒိုးက ပြောတယ်။ သူဟာ စကားကို ယဉ်ကျေးစွာ ပြောပေမယ့် ဒေါသမီးဟာ သူ့အပြာရောင် မျက်စိထဲမှာ တောက်လောင်နေတုန်းပဲ။

"ကိစ္စက သိပ်ကို ဆိုးတယ်" မစ္စတာ မော်ဖိုင်က ပျင်းရိရိ ပြောရင်း သိုးရေစက္ကူ ရှည်ရှည်ကို ဆွဲထုတ်လိုက်တယ်။ "ဒါရိုက်တာ အဖွဲ့က ခင်ဗျားကို ထုတ်ပစ်ရမယ်လို့ ထင်နေတယ်။ ဒါက အလုပ်ဖြုတ် အမိန့်စာ — ဒါရိုက်တာ လူကြီး ဆယ့်နှစ်ယောက် လက်မှတ်ထိုးထားတာ တွေ့ရလိမ့်မယ်။ ကျုပ်တ ခင်ဗျား ကိုယ့်စွမ်းရည်ကို မသုံးဘူးလို့ ထင်တယ်။ ခုချိန်အထိ တိုက်ခိုက်မှု ဘယ်နှစ်ကြိမ် ဖြစ်ပွားပြီးပြီလဲ။ ဒီနေ့ညနေမှာ နှစ်ကြိမ်၊ ဟုတ်လား။ ဒီနှုန်းနဲ့သာဆိုရင် ဟော့ဂ်ဝပ်က မတ်ဂေါ်ကျောင်းသားတစ်ယောက်မှတောင် ကျန်မှာ မဟုတ်ဘူး။ ဒါဟာ ကျောင်းရဲ့ ကြောက်စရာ ဆုံးရှုံးမှုဆိုတာ ကျုပ်တို့ အားလုံး သိတယ်"

"အိုး၊ ဘယ်လို၊ ဘာပြောတယ်၊ လူးရှပ်စ်' ဖဒ်ဂ်က ပြောတယ်။ သူ အတော်တုန်လှုပ်နေတယ်။ "ဒမ်ဘလီဒိုးကို ဖြုတ်လိုက်တယ် . . . . . ဟင့်အင်း . . . . ကျုပ် အခု ဒီလိုမဖြစ်ချင်ဘူး . . . . . ."

"ကျောင်းအုပ်ဆရာကို ခန့်တာ — အား၊ မဟုတ်ဘူး၊ ဖြုတ်ပစ်တာ — ဒါရိုက်တာ အဖွဲ့ရဲ့ ကိစ္စ၊ ဖဒ်ဂ်" မစ္စတာ မော်ဖိုင်က တည်ငြိမ်တဲ့ လေသံနဲ့ ပြောတယ်။ "ဒမ်ဘလီဒိုးဟာ ဒီတိုက်ခိုက်မှုတွေကို မတားဆီးနိုင်တော့လဲ . . . ."

"ဒါပေမယ့်၊ လူးရှပ်စ်၊ တကယ်လို့ ဒမ်ဘလီဒိုးက သူတို့ကို မတားဆီးနိုင်ဘူးဆိုရင် —" ဖဒ်ဂ်က ပြောတယ်။ သူ့အပေါ်နှုတ်ခမ်းမှာ ချွေးထွက်လာတယ်။ "ကျုပ်ပြောလိုတာက၊ ဘယ်သူကကော တားဆီးနိုင်လို့လဲ"

"ကြည့်ကြသေးတာပေါ့" မော်ဖိုင်က ပြောတယ်။ မျက်နှာပေါ်မှာ နှာစရာအပြုံးနဲ့။ "ဒါပေမယ့် ကျုပ်တို့ ဆယ့်နှစ်ယောက်စလုံး မဲပေးထား

www.burmeseclassic.com

www.burmeseclassic.com



တယ် — ”

ဟက်ဂရစ် ရုတ်တရက် မတ်တတ်ရပ်လိုက်တယ်။ အမွေးပွပွ မည်းမည်း ခေါင်းဦး မျက်နှာကြက်နဲ့ထိတော့မယ်။

“ခင်ဗျားတို့ လူဘယ်နှစ်ယောက်ကို ခြိမ်းခြောက်၊ ငွေညှစ်တာမျိုး လုပ်ပြီး သဘောတူညီချက် ရအောင်ယူတာလဲ၊ ဟင်၊ မော်ဖိုင်”

“ဘုရား၊ ဘုရား၊ မင်းသိပါတယ်၊ မင်းရဲ့ အဲဒီဉာဉ်ဆိုးဟာ တစ်နေ့နေ့ မင်းကို ဒုက္ခပေးလိမ့်မယ်။ ဟက်ဂရစ်” မော်ဖိုင်က ပြောတယ်။ “ကျုပ် မင်းကို သတိပေးချင်တယ်။ အက်ဇခါဘန်က အစောင့်တွေကိုတော့ အော်လားဟစ်လား မလုပ်နဲ့နော်။ သူတို့က မကြိုက်ဖူး”

“ခင်ဗျား ဒမ်ဘလီဒိုးကို ခေါ်မသွားရဘူး” ဟက်ဂရစ်က အော်တယ်။ ခွေးကြီး အစွယ်ကြီးဟာ လန့်လို့ ခြင်းထဲမှာ တုန်နေတယ်။ တအီအီအော်နေတယ်။ “သူ့ကို ခေါ်သွားရင်၊ မတ်ဂေါ်တစ်ယောက်မှ အသက်ရှင်မှာ မဟုတ်ဘူး မကြာခင် လူသတ်မှု ဖြစ်လိမ့်မယ်”

“မင်း နည်းနည်းတည်ငြိမ်ပါ။ ဟက်ဂရစ်” ဒမ်ဘလီဒိုးက ပြောတယ်။ သူက လူးရှပ်စ်-မော်ဖိုင်ကို ကြည့်နေတယ်။

“ဒါရိုက်တာအဖွဲ့က ကျုပ်ကို သွားစေချင်ရင်၊ လူးရှပ်စ်၊ ကျုပ်နေရာ ဖယ်ပေးမှာပါ”

“ဒါပေမယ့် — ” ဖဒ်ဂ်က အ,ထစ်စွာ ပြောတယ်။

“မဖြစ်ဘူး” ဟက်ဂရစ်က တိုးတိုးအော်တယ်။

ဒမ်ဘလီဒိုးရဲ့ တောက်ပစူးရှတဲ့ မျက်လုံးအပြာဟာ လူးရှပ်စ်ရဲ့ အေးစက်စက်မျက်လုံးကို တစ်ချိန်လုံး စိုက်ကြည့်နေတယ်။

“ဒါပေမယ့်” ဒမ်ဘလီဒိုးဟာ အလွန်ဖြည်းနှေးပြီး ရှင်းလင်းစွာ ပြောတယ်။ ရှိနေတဲ့ လူအားလုံး သူ့စကားလုံးတိုင်းကို ကြားရတယ်။ “ဒီလူအားလုံး ကျုပ်ကို ကျောခိုင်းသွားမှ ကျုပ် ဒီကျောင်းက တကယ်ထွက်တယ်လို့ ပြောရမယ်။ ဟော့ဂ်ဝပ်မှာ၊ အကူညီလိုတဲ့ လူတိုင်းဟာ အကူအညီရကြောင်း ချည်းပဲဆိုတာ ခင်ဗျားတို့ တွေ့ရှိလိမ့်ဦးမယ်”

အဲဒီအချိန်ပိုင်းမှာ ဒမ်ဘလီဒိုးရဲ့ မျက်စိဟာ သူနဲ့ ရွန် ပုန်းနေတဲ့ ဒေါင့်ကို လှမ်းကြည့်လိုက်တယ်လို့ ဟယ်ရီ သေချာပြောနိုင်သလိုပဲ။

“စိတ်ဓာတ်ကကောင်းတယ်” မော်ဖိုင်က ပြောရင်း အလေးပြုလိုက်



တယ်။ “ကျုပ်တို့ အားလုံး ခင်ဗျားကို သတိရနေမှာပါ — အော — ပြဿနာဖြေရှင်းတဲ့ နေရာမှာ မိမိဟန်ပါတဲ့ နည်းနာ၊ အောဘတ်စ်၊ ခင်ဗျားရဲ့ ဆက်ခံသူ အကုန်အစင် တားဆီးနိုင်ဖို့ ဆုတောင်းပါတယ် — အား — လူသတ်မှု”

မော်ဖိုင်ဟာ အိမ်ကလေး တံခါးဆီ အလှမ်းကျဲကျဲ လျှောက်သွားပြီး တံခါးဖွင့်လိုက်တယ်။ ဒမ်ဘလီဒိုး ထွက်ခွာသွားတာကို ဦးညွှတ်ပို့ဆောင်တယ်။ ဖဒ်ဂ်က သူ့မင်္ဂလာ ဦးထုပ်ကို ဆော့နေရင်း ဟက်ဂရစ် သူ့ဆီအလာကို စောင့်နေတယ်။ ဒါပေမယ့် ဟက်ဂရစ်က မလှုပ်ဘူး။ အသက်ပြင်းပြင်း ရှူလိုက်တယ်။ သတိနဲ့ ပြောတယ်။ “တစ်ခုခုကို ရှာတွေ့ချင်ရင် ပင့်ကူနောက် လိုက်သွားရင် မှန်ကန်တဲ့ ဦးတည်ချက် တွေ့လိမ့်မယ်။ ကျုပ် ဒါပဲ ပြောမယ်”

ဖဒ်ဂ်က အံ့ဩစွာ သူ့ကို ကြည့်နေတယ်။

“ကောင်းပြီ၊ ကျုပ်လာပြီ” ဟက်ဂရစ်က ပြောရင်း မိမိရဲ့ ပွေးရေအင်္ကျီကြီးကို ဝတ်လိုက်တယ်။ ဒါပေမယ့် သူ ဖဒ်ဂ်နဲ့ ထွက်သွားခါနီးမှာ ရပ်နေပြန်တယ်။ “ ကျုပ် မရှိတဲ့ အချိန်မှာ အစွယ်ကြီးကို အစာကျွေးမယ့်လူ ရှိမှ ဖြစ်မယ်” လို့ အော်ပြောတယ်။

တံခါး ဒိုင်းကနဲ ပိတ်သွားတယ်။ ရွန်က ကိုယ်ပျောက်အင်္ကျီကို ဆွဲချွတ်လိုက်တယ်။

“အခု ဒုက္ခရောက်ပြီ” သူ့အသံက သြသြကြီး။ “ဒမ်ဘလီဒိုး မရှိတော့ဘူး။ ဒီညမှာတောင် ကျောင်းကို ပိတ်ပစ်နိုင်တယ်။ သူသွားရင် နေ့တိုင်း တိုက်ခိုက်မှု ဖြစ်ပွားလိမ့်မယ်”

အစွယ်ကြီး တအားထဟောင်တယ်။ ပိတ်ထားတဲ့ တံခါးကို လက်နဲ့ ကုတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com




တယ် ......"

ဒမ်ဘာလီဒိုးထွက်ခွာသွားပြီ ကြောက်ရွံ့တုန်လှုပ်မှုဟာ အရင်က မရှိခဲ့ဘူးတဲ့ နှုန်းနဲ့ တိုးပွားနေတယ်။ ဒါကြောင့် ရဲတိုက်အပြင်နံရံကို နွေးထွေးစေတဲ့ နေရောင်ဟာ ကျောက်တိုင်ပါတဲ့ ပြတင်းပေါက်ထဲကို အလင်းရောင် မပေးနိုင်သလိုပဲ။ ကျောင်းက မျက်နှာတိုင်းဟာ ချောက်ချားပုံ ပေါ်နေတယ်။ စကြိုပေါ် ပေါ်ထွက်လာတဲ့ ရယ်မောသံဟာ နားကြားပြင်းကတ်စရာ တစ်မျိုးကြီးဖြစ်နေတယ်။ ချက်ချင်းပဲ မျိုသိပ်ပစ်ကြတယ်။

ဟယ်ရီဟာ ဒမ်ဘာလီဒိုး နောက်ဆုံးပြောတဲ့ စကားကို မိမိဖာသာ ထပ်ခါထပ်ခါပြောနေတယ်။ "ဒီက လူအားလုံး ကျုပ်ကို ကျောခိုင်းသွားတဲ့ အချိန်ကျမှ၊ ကျုပ် ဒီကျောင်းက တကယ်ထွက်ခွာသွားပြီလို့ ဆိုလို့ရမယ် .... ဟော့ဂ်ဝပ်မှာ၊ အကူညီတောင်းတဲ့ လူတိုင်းဟာ ကူညီမှုရရှိကြပါတယ်" ဒါပေမယ့် ဒီစကားတွေ ဘာအသုံးကျလဲ။ လူတိုင်းဟာ သူတို့လိုပဲ တွေဝေပြီး ချောက်ချားနေချိန်မှာ သူတို့ ဘယ်သူ့ကို အကူအညီတောင်းရမလဲ။

ဟက်ဂရစ်ရဲ့ ပင့်ကူနဲ့ ပတ်သက်တဲ့ အရိပ်အမြွက်ပြမှုကတော့ နားလည်ဖို့ လွယ်တယ် — ပြဿနာက ရဲတိုက်ထဲမှာ သူတို့ နောက်ယောင်ခံလိုက်ဖို့ ပင့်ကူတစ်ကောင်မှ မရှိဘူး။ ဟယ်ရီဟာ သွားလေရာရာမှာ ရှာတယ်။ ရွန်ကလည်း (သိပ်မလုပ်ချင်ပဲ) သူ့ကို ကူရှာတယ်။ သူတို့ဖာသာ လျှောက်မသွားရဘဲ ဂရစ်ဖင်းဒေါ ကျောင်းသားတွေနဲ့ အုပ်စုလိုက် လှုပ်ရှားရတဲ့အတွက် သူတို့ ရှာဖွေတဲ့အလုပ်ဟာ အတားအဆီး အများကြီး ဖြစ်တယ်။ အဲဒီ ကျောင်းသားတွေဟာ ကျောင်းခန်းတစ်ခန်းကနေ တစ်ခန်း ဆရာတွေ လိုက်ပို့တာ သိပ်ဝမ်းသာသလိုပဲ။ ဟယ်ရီကတော့ အလွန်စိတ်ပျက်တယ်။

သို့ပေမယ့် လူတစ်ယောက်ဟာ ဒီလို ချောက်ချားတဲ့ လေထုကို အလွန်ကြိုက်နှစ်သက်သလိုပဲ။ ဒြာခို-မော်ဖိုင်ဟာ ကျောင်းထဲမှာ ကြွားကြွားရွားရွား သွားလာနေတယ်။ သူ့ကို ခုတွင်ပဲ ကျောင်းသားအသင်းခေါင်းဆောင်ခန့်လိုက်တဲ့ ပုံမျိုး။ သူဘာကြောင့် ဒီလောက်ပျော်နေတယ်ဆိုတာ ဟယ်ရီနား မလည်ဘူး။ နောက်ဆုံးမှာ ဒမ်ဘာလီဒိုးနဲ့ ဟက်ဂရစ်တို့ သွားပြီး သတ္တနှစ်ပတ်ကြာပြီးနောက် မော်ဆေးပညာသင်တန်းမှာ ဟယ်ရီဟာ မော်ဖိုင်နောက်ဘက်မှာ ထိုင်မိတယ်။ မထင်မှတ်ဘဲ သူ ခရပ်နဲ့ ဂိုးကို တျောကျောနပ်နပ်ကြီး ကြွားလုံးထုတ်နေတာ ကြားရတယ်။



# ၁၅။ အရက်ဂေါဂ်

နွေရက်ဟာ ရဲတိုက်ပတ်လည်က ကွင်းထဲကို တိတ်တဆိတ်ရောက်လာတယ်။ မိုးကောင်းကင်ဟာ ကန်ရေပြင်လိုပဲ ခရမ်းရောင်သန်းတဲ့ အပြာနုရောင်တွေ ဖြစ်နေတယ်။ အနွေးခန်းထဲမှာ မုန်ညင်းထုပ်ကြီးတွေလောက်ကြီးတဲ့ ပန်းတွေ ပွင့်နေတယ်။ ဒါပေမယ့် ရဲတိုက်ပြတင်းပေါက်ကနေ ဟက်ဂရစ် ခြေလှမ်းကျဲကျဲနဲ့ ကွင်းကို ဖြတ်သွားတာ၊ အစွယ်ကြီးက သူ့ခြေထောက်နားက လိုက်သွားတဲ့ ပုံရိပ်တွေ မမြင်ရတော့ ဟယ်ရီအဖို့ ဒီအခြေအနေဟာ သိပ်ပုံမမှန်ဘူးလို့ ခံစားရတယ်။ စင်စစ် ရှုပ်ထွေးနေတဲ့ ရဲတိုက်ထဲက အခြေအနေထက်တော့လည်း ဘာမှ သိပ်မထူးပါဘူး။

ဟယ်ရီနဲ့ ရွန်ဟာ ဟာမီးကို သွားသတင်းမေးချင်တယ်။ ဒါပေမယ့် သတင်းမေးလာသူတွေကို လူနာခန်းအပြင်မှာတင် တားထားတယ်။

"ငါတို့ နောက်ထပ်စွန့်စားလို့ မဖြစ်တော့ဘူး" မဒမ်ဖွမ်ဖရေက တံခါးကို ဟပြီး သူတို့ကို တည်ကြည်စွာ ပြောတယ်။ "မဖြစ်ဘူး၊ ဝမ်းနည်းပါတယ်။ တိုက်ခိုက်သူ ပြန်လာနိုင်သေးတယ်၊ ဒီလူတွေကို သေအောင် သတ်ပစ်နိုင်

www.burmeseclassic.com



"အဖေက ဒမ်ဘာလီဒိုးကို မောင်းထုတ်မှာ ငါအစောကြီးကတည်းက သိတယ်" သူက ပြောတယ်။ အသံကိုလည်း နှိမ့်ပြောဖို့ သတိမထားဘူး "ငါမင်းတို့ကို ပြောပြမယ်။ သူက ဒမ်ဘာလီဒိုးဟာ ကျောင်းရဲ့ သမိုင်းမှာ အညံ့ဆုံး ကျောင်းအုပ်လို့ ထင်တယ်။ အခုတို့မှာ ကျောင်းအုပ် ကောင်းကောင်းရတော့မှာ။ အဲဒီလူဟာ လျှို့ဝှက်အခန်းကို ပိတ်မပစ်ချင်တဲ့လူ။ မက်ဂေါ်နာဂေါ်လဲ ကြာကြာမနေရတော့ဘူး။ သူမကို ယာယီလူမရှိလို့ သုံးတာ . . . ."

စနိတ်ပ်ဟာ ဟယ်ရီ့ဘေးက အမြန်ဖြတ်လျှောက်သွားတယ်။ ဟာမီးရဲ့ လွတ်နေတဲ့ နေရာနဲ့ ဆေးကျိုအိုးကို ဘာမှ မပြောဘူး။

"ဆရာ" မော်ဖွိုင်က အကျယ်ကြီး ပြောတယ်။ "ဆရာ၊ ခင်ဗျား ဘာဖြစ်လို့ ကျောင်းအုပ်နေရာကို မလျှောက်တာလဲ"

"အမလေး၊ မော်ဖွိုင်" စနိတ်ပ်က ပြောတယ်။ ဒါပေမယ့် နှုတ်ခမ်းဖျားက အပြုံးရိပ်ကလေးကိုတော့ သူချုပ်တည်းလို့ မရဘူး။ "ပါမောက္ခ ဒမ်ဘာလီဒိုးဟာ ဒါရိုက်တာအဖွဲ့က ယာယီအလုပ်ရပ်ဆိုင်းထားတာ၊ သူ မကြာခင်မှာပဲ ငါတို့တတွေဆီ ပြန်လာမှာလို့ ကျုပ်ပြောရဲတယ်"

"ဟုတ်တယ်၊ အမှန်ပဲ" မော်ဖွိုင်က ကြောင်တောင်တောင် လုပ်ပြီး ပြောတယ်။ "ဆရာ၊ သင် ဒီနေရာကို လျှောက်ရင်၊ အဖေက တစ်မဲပေးလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်က အဖေ့ကို သင်ဟာ ဒီက အကောင်းဆုံး ဆရာလို့ ပြောပြမှာ၊ ဆရာ . . . ."

စနိတ်ပ်ဟာ ခေါင်းမော့ပြီး မြေအောက်ကျောင်းခန်းထဲမှာ ခြေလှမ်းကျဲကျဲနဲ့ ခေါက်တုံ့လျှောက်နေတယ်။ မျက်နှာပေါ်မှာ ကျေနပ်တဲ့ အပြုံးနဲ့၊ စီးမတ်စ်-ဖင်နစ်ဂင်ဟာ မိမိဆေးကျိုအိုးထဲ အန်ချနေပုံ ဟန်ဆောင်တယ်၊ သူမြင်မသွားလို့ တော်သေးတယ်။

"နွံမျိုးတွေ ကိုယ့်အထုပ်ယူပြီး မသွားကြသေးဘူး၊ ဒါက ငါ့ကို အလွန်အံ့ဩစေတယ်" မော်ဖွိုင်က ဆက်ပြောတယ်။ "ငါ ငါးလုံး ငါးခုနဲ့ မင်းနဲ့ လောင်းမယ်၊ နောက်တစ်ယောက်ဆိုရင် သေမှာ သေချာတယ်။ ဂရန်ဂျာမဟုတ်ထားနာတယ် . . . . . ."

တော်သေးတာက ဒီအချိန်မှာ ကျောင်းဆင်းခေါင်းလောင်းထိုးပြီး၊ ရွန်ဟာ မော်ဖွိုင့် နောက်ဆုံးစကားကြားရပြီး ချက်ချင်းပဲ သူ့ထိုင်ခုံပေါ်က ခုန်ထလိုက်တယ်။ အားလုံး စာအုပ်တွေ လွယ်အိတ်တွေ သိမ်းဆည်းနေတဲ့ ရှုပ်ထွေးတဲ့ အထဲမှာ သူမော်ဖွိုင်ကို သွားဆုံးမချင်တာ သတိမထားမိကြဘူး။



"သူ့ကိုချမယ်" ဟယ်ရီနဲ့ ဒင်းက ရွန့်လက်မောင်း ဆွဲထားစဉ် ရွန်က ဒေါသနဲ့ ပြောတယ်။ "ငါအရေး မလုပ်ဖူး။ ငါမှော်ကြိမ်လုံးမလိုဘူး။ ငါ့လက်နဲ့ချည်း သူ့ကို ရိုက်သတ်မယ် — "

"မြန်မြန်လုပ်ကြ၊ ကျုပ် မင်းတို့ကို ဆေးပင်သင်တန်းတက်ဖို့ ခေါ်သွားရမယ်" စနိတ်ပ်က ကျောင်းသားအားလုံးကို အော်ဟစ်နေတယ်။ ဒီနောက် အားလုံး နှစ်ယောက်တစ်တွဲ တန်းစီပြီး ကျောင်းခန်းက ထွက်ခဲ့ကြတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဒင်းတို့ နောက်ဆုံးမှာ တန်းစီတယ်။ ရွန်က အတင်းရုန်းနေသေးတယ်။ စနိတ်ပ်က အားလုံးကို ရဲတိုက်အပြင်လိုက်ပို့ပြီးမှ သူတို့ ရွန့်ကို လွှတ်ပေးတော့တယ်။ သူတို့ဟာ ဟင်းရွက်ခင်းကို ဖြတ်ပြီး အနွေးခန်းဆီ ချီတက်ကြတယ်။

ဆေးပင်သင်တန်းဟာ လေထုလေးပင်တယ်။ အတန်းထဲက ကျောင်းသားနှစ်ယောက် လျော့နေတယ်။ ဂျတ်စတင်နဲ့ ဟာမီး။

ပါမောက္ခ စပရောက်က အားလုံးကို အဘီစီးနီးယား ရှရိုင်ဗော်ဖစ်ပန်းမဲ့ အသီးပင်ကို ညှိဖြတ်ခိုင်းတယ်။ ဟယ်ရီက အကိုင်းခြောက်တချို့ကို ပွေ့ပြီး မြေဩဇာပုံပေါ် တင်တယ်။ အတော်ပဲ အာနီနဲ့ မျက်နှာချင်းဆိုင်မိ တယ်။ အာနီက အသက်ပြင်းပြင်း ရှူလိုက်ပြီး ရိုးရိုးသဘောနဲ့ ပြောတယ်။ "ငါပြောချင်တာက၊ ဟယ်ရီ၊ ဝမ်းနည်းပါတယ်။ ငါမင်းကို သံသယဖြစ်ဖူးတယ်၊ မင်း ဘယ်နည်းနဲ့မှ ဟာမီး-ဂရန်ဂျာကို တိုက်ခိုက်မှာ မဟုတ်ဖူးဆိုတာ ငါသိတယ်။ ငါအရင်က ပြောခဲ့တဲ့ အလကားစကားတွေအတွက် တောင်းပန်ပါတယ်။ အခုတို့တတွေ အန္တရာယ်အတူရင်ဆိုင်နေရတယ်၊ ဒါကြောင့် — "

သူက တုတ်တိုတို လက်ကို ကမ်းပေးတယ်။ ဟယ်ရီက ဆွဲကိုင်လိုက်တယ်။ အာနီနဲ့ သူ့သူငယ်ချင်း ဟန်နာတို့ဟာ ဟယ်ရီနဲ့ ရွန်တို့နဲ့အတူ ပန်းမဲ့အသီးပင်မှာ လာအလုပ်လုပ်တယ်။

"ဟို ဒြာခို-မော်ဖွိုင်လို့ ခေါ်တဲ့ကောင်" အာနီက ကိုင်းခြောက် ခြွေရင်း ပြောတယ်။ "ဒုက္ခရောက်တာ သိပ်ပျော်နေသလိုပဲ။ သေအောင်ပျော်နေတယ် ဟုတ်လား။ မင်းတို့ သိလား၊ ငါက သူ့ကို စလေးသရင်းရဲ့ ဆက်ခံသူလို့ သံသယရှိနေတယ်"

"မင်းက တယ်လျင်ပါလား" ရွန်က ပြောတယ်။ ဟယ်ရီ့လို ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



အာနီတို့ ခွင့်လွှတ်ချင်ပုံ မပေါ်ဘူး။

"ဟယ်ရီ၊ မင်းမော်ဖိုင်လို့ ထင်သလား" အာနီက မေးတယ်။

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။ လေသံက အလွန်ပြတ်သားတယ်။ အာနီနဲ့ ဟန်နာက အံ့အားသင့်စွာ သူ့ကို ကြည့်နေတယ်။

ဒီနောက်မှာ ဟယ်ရီ အရာတစ်ခုကို မြင်တယ်။ အကိုင်းဖြတ်ကတ်ကျေးနဲ့ ရွန့်လက်ဖမိုးကို ဂမန်းဂတန်း ခေါက်လိုက်တယ်။

"အမလေး၊ မင်း ဘာလုပ်တာလဲ —"

ဟယ်ရီက မြေကြီးပေါ်ရှိ ၃-၄ လှမ်းအကွာကို ညွှန်ပြတယ်။ ပင့်ကူကြီးအချို့ မြေပေါ် အမြန်တွားသွားနေတယ်။

"အော၊ ကောင်းတယ်" ရွန်က ပျော်သလိုလုပ်ပြချင်တယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ "ခက်တာက တို့အခု သူတို့ နောက်ယောင်ခံ လိုက်လို့ မရတာပဲ . . . ."

အာနီနဲ့ ဟန်နာဟာ အံ့သြစွာ နားထောင်နေတယ်။

ဟယ်ရီဟာ ပင့်ကူတွေ ထွက်ပြေးသွားတာ ကြည့်နေရတယ်။

"ကြည့်ရတာ သူတို့ သစ်တောဆီသွားတာ . . . ."

ဒီစကားကို ကြားတော့ ရွန် ပိုပြီး မပျော်ဘူး။

ကျောင်းဆင်းပြီးနောက် ပါမောက္ခ စနိတ်ဂ်က ကျောင်းသားတွေကို မှော်နက်ပညာ ကာကွယ်တဲ့ အတတ်သင်တန်းတက်ဖို့ လိုက်ပို့တယ်။ ဟယ်ရီနဲ့ ရွန်ဟာ ကျန်ကျောင်းသားတွေနောက်မှာ ချန်နေတယ်။ ဒီလိုမှ သူတို့ တိုးတိုးစကား ပြောနိုင်မယ်။ သူများမကြားရဘူးပေါ့။

"ငါတို့ ကိုယ်ပျောက်ဝတ်ရုံ သုံးရဦးတော့မယ်" ဟယ်ရီက ရွန့်ကို ပြောတယ်။ "ငါတို့ အစွယ်ကြီးကို ခေါ်သွားမယ်။ သူအမြဲတမ်း ဟက်ဂရစ်နဲ့ တောထဲသွားတယ်။ အကူအညီရနိုင်တယ်"

"မှန်တယ်" ရွန်က စိတ်လှုပ်ရှားစွာ လက်ချောင်းနဲ့ မှော်ကြိမ်လုံးကို လှည့်နေတယ်။ "အော — တားမြစ်သစ်တောထဲမှာ ဟို — ဝံပုလွေလူသားရှိလား" သူတို့ လော့ဟတ်သင်တန်းရှိ အမြဲထိုင်တဲ့ နေရာမှာ ထိုင်လိုက်ပြီးနောက် သူက မေးပြန်တယ်။

ဒီမေးခွန်းကို ဖြေဖို့ မလွယ်ဘူးလို့ ဟယ်ရီထင်တယ်။ သူက ပြောတယ်။ "အဲဒီမှာလဲ ကောင်းတာတွေရှိပါတယ်။ မြင်းလူလဲ တော်တော်



မဆိုးဘူး။ ပြီးတော့ ဂျူတစ်ဂျူတီရစ္စာန်"

ရွန်ဟာ အရင်က တားမြစ်သစ်တောထဲ မသွားဖူးဘူး။ ဟယ်ရီလည်း တစ်ကြိမ်ပဲ ဝင်ဖူးပြီး နောက်တစ်ကြိမ် မသွားလိုတော့ဘူး။

လော့ဟတ်ဟာ ခုန်ဆွဲပြီး ကျောင်းခန်းထဲ ဝင်လာတယ်။ ကျောင်းသားတွေ အံ့သြစွာ သူ့ကို ကြည့်နေတယ်။ ကျောင်းရှိ တခြားဆရာအားလုံးဟာ ခါတိုင်းထက် တည်တည်နေတယ်။ လော့ဟတ်ကတော့ ပေါ့ပါးပျော်ရွှင်နေသလိုပဲ။

"ကောင်းပြီ၊ ကောင်းပြီ" သူက ပျော်တပြုံးပြုံးနဲ့ ဘေးပတ်လည်ကို ကြည့်တယ်။ သူက "မင်းတို့ ဘာဖြစ်လို့ မျက်နှာကြီး အိုနေတာလဲ"

အားလုံး ဒေါသထွက်တဲ့အကြည့်ချင်း ဖလှယ်ကြတယ်။ ဒါပေမယ့် ဘယ်သူမှ မဖြေဘူး။

"မင်းတို့ မတွေ့ရှိဘူးလား" လော့ဟတ်က ပြောရင်း၊ အသံကို နှေးနှေး လုပ်ပြောတယ်။ သူတို့အားလုံး နည်းနည်းထိုင်းအ,သလိုပဲ။ "အန္တရာယ်ကျော်လွန်သွားပြီ၊ တရားခံကို ခေါ်သွားပြီ"

"ဘယ်သူ ဒီလိုပြောတာလဲ" ဒင်း-သောမတ်စ်က အကျယ်ကြီးပြောတယ်။

"ချစ်လှစွာသော လူငယ်၊ မှော်ဌာနကြီးမှူးဟာ ဟက်ဂရစ်အပြစ်ရှိတာ ရာနှုန်းတစ်ရာမယုံကြည်ရင် သူ့ကို ခေါ်သွားမှာ မဟုတ်ဖူး" လော့ဟတ်ပြောတယ်။ သူ့လေသံဟာ တစ်အပေါင်းတစ် ညီမျှခြင်း နှစ်ကို ရှင်းပြနေသလိုပဲ။

"အိုး၊ ဒါမသေချာပါဘူး" ရွန်က ပြောတယ်။ အသံက ဒင်းထက်တောင် ကျယ်တယ်။

"ဟက်ဂရစ် အဖမ်းခံရတဲ့ ကိစ္စကို ကျုပ် မင်းထက် နည်းနည်းပိုသိတယ်လို့ယုံကြည်တယ်၊ မစ္စတာ ဝယ်စလီ" လော့ဟတ်က ကိုယ့်ဘာသာကိုယ် ကျေနပ်တဲ့ လေသံနဲ့ ပြောတယ်။

ရွန်က သူဒီလို မထင်ဘူးလို့ ပြောမယ်လုပ်တုန်းမှာ စကားပြောလို့ မပြီးခင် ရပ်သွားရော။ အကြောင်းက ဟယ်ရီက စားပွဲခုံအောက်ကနေ သူ့ကို တစ်ချက် ဆောင့်ကန်လိုက်လို့။

"ငါတို့ ထိုစဉ်က အဲဒီမှာ မရှိဘူး၊ မင်းမေ့နေပြီလား" ဟယ်ရီက တိုးတိုး ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လော့ဟတ်ရဲ့ မုန်းစရာ ပျော်ရွှင်မှု၊ ဟက်ဂရစ်ကို သူကောင်းမဟုတ်ကြောင်း သူအစောကြီးကတည်းက သိကြောင်းဖော်ပြမှု ပြီးတော့ ကိစ္စအားလုံး ပြီးဆုံးသွားတယ်လို့ သူယုံကြည်ကြောင်း ပြောတာတွေ ဟာ ဟယ်ရီ့ကို တအား ဒေါသထွက်စေတယ်။ 'အလောင်းစားဖုတ်ကောင်နဲ့ ခရီးသွားခြင်း'ဆိုတဲ့ စာအုပ်နဲ့ လော့ဟတ်ရဲ့ ထိုင်းအတဲ့ မျက်နှာပေါ်ကို ပစ်ပေါက်ချင်နေတယ်။ ဒါပေမယ့် သူဟာ ရွန့်ကို စာတိုလေး သော့သော့ ရေးပေးနိုင်တာပဲ ရှိတယ်။ "ငါတို့ ဒီည လှုပ်ရှားမယ်"

ရွန်က စာတိုလေးကို ကြည့်ပြီး တံတွေး တအား မျိုချလိုက်တယ်။ ဟာမီး အရင်ကထိုင်တဲ့ နေရာလွတ်ကို လှည့်ကြည့်လိုက်တယ်။ အဲဒီ မြင်ကွင်း က သူ့ကို သန္နိဋ္ဌာန် ကြံ့ခိုင်စေသလိုပဲ။ သူခေါင်းညိတ်ပြတယ်။

ခုတလောရက်တွေမှာ၊ ဂရစ်ဖင်းဒေါ အများနားနေခန်းမှာ အမြဲ လူ တွေ ပြည့်ကြပ်နေတယ်။ ည ၆ နာရီနောက်ပိုင်း ဂရစ်ဖင်းဒေါ ကျောင်းသား တွေဟာ သွားစရာနေရာ မရှိတော့လို့။ သူတို့မှာလည်း ပြောစရာ စကားတွေ က အများကြီး။ ဒါကြောင့် အများနားနေခန်းထဲမှာ ညသန်းခေါင်ကျော်တာ တောင် လူရှိသေးတယ်။

ညစာစားပြီးနောက်၊ ဟယ်ရီဟာ သေတ္တာထဲကနေ ကိုယ်ပျောက်ဝတ် ရုံကို ထုတ်လိုက်တယ်။ ဒီနောက် တစ်ညလုံး ၎င်းအပေါ်မှာ ထိုင်နေတယ်။ အခန်းထဲက လူတွေ အကုန်ထွက်သွားတဲ့အထိပဲ။ ဖရက်နဲ့ ဂျော့ဟာ ဟယ်ရီနဲ့ ရွန်ကို စိန်ခေါ်တယ်။ သူတို့နဲ့ အိပ်ပလိုဒင်စနက် ဖဲကစားဖို့ ခေါ်တယ်။ ဂျင်နီက ဘေးက ထိုင်ကြည့်တယ်။ သူမဟာ ဟာမီးထိုင်နေကျနေရာမှာ ထိုင် နေတယ်၊ စိတ်ဓာတ်ကျနေတယ်။ ဟယ်ရီနဲ့ ရွန်ဟာ မပြတ်တမ်း တမင်အရှုံး ပေးတယ်။ ကစားပွဲ မြန်မြန်အပြီးသတ်ချင်တယ်။ ဒါပေမယ့် ဒီလိုလုပ်တာ တောင် ဖရက်၊ ဂျော့နဲ့ ဂျင်နီ သွားအိပ်တော့ သန်းခေါင်ကျော်နေပြီ။

ဟယ်ရီနဲ့ ရွန်ဟာ အဝေးက အိပ်ခန်းတံခါး ပိတ်သံနှစ်သံ ကြားရပြီး နောက် ကိုယ်ပျောက် ဝတ်ရုံကို ဆွဲပြီး ကိုယ်ပေါ်ခြုံလိုက်တယ်။ အရုပ်ထား ကျင်းပေါက်ကနေ တွားထွက်သွားတယ်။

ရဲတိုက်ကို ဖြတ်သွားတဲ့ လမ်းခရီးဟာလည်း အလွန်ခက်ခဲတယ်။ ဆရာ တွေကို နည်းအမျိုးမျိုးနဲ့ ပုန်းရှောင်ရတယ်။ နောက်ဆုံး တံခါးမ အခန်းကို



ရောက်ပါပြီ။ ဝက်သစ်ချတံခါးနှစ်ချပ်ရဲ့ တံခါးသော့နောက် ခိုးသွားပြီး တံခါး ကြားက တကျိကျိသံမထွက်အောင် သတိထား တိုးထွက်ခဲ့တယ်။ ဒီနောက် လရောင် ထိန်ထိန်သာတဲ့ ကွင်းထဲ ရောက်လာတယ်။

"ဘယ်လိုသွားမလဲ" သူတို့ဟာ မှောင်မည်းတဲ့ မြက်ခင်းကို ခြေလှမ်း ကျဲကျဲနဲ့ ဖြတ်လာစဉ် ရွန်က ရုတ်တရက် မေးတယ်။ "ငါတို့ တောထဲရောက်ပြီး နောက် ခြေရာခံဖို့ ဘာမှမတွေ့တာလဲ ဖြစ်နိုင်တယ်။ ဟို ပင့်ကူတွေဟာ အဲဒီကို လုံးဝမသွားတာလဲ ဖြစ်မယ်။ ငါသိတယ်၊ သူတို့ ထိုစဉ်က ဟိုဘက်ကို သွားနေတာ၊ ဒါပေမယ့် . . . ."

သူ ဆက်မပြောတော့ဘူး။ ဟယ်ရီ့ကို မျှော်လင့်ချက် အနည်းငယ် ထားပေးတယ်။

သူတို့ ဟက်ဂရစ် အိမ်ကလေးကို ရောက်လာတယ်။ ဝမ်းနည်းကြေကွဲ စွာနဲ့ မှောင်နေတဲ့ ပြတင်းတွေကို ကြည့်နေကြတယ်။ ဟယ်ရီက တံခါးတွန်း ဖွင့်တယ်။ အစွယ်ကြီးဟာ သူတို့ကို မြင်တာနဲ့ ဝမ်းသာအားရ ဖြစ်သွားတယ်။ သူတို့ဟာ ၎င်းရဲ့ အသံလေးလေးကြီး ဟောင်သံက ရဲတိုက်ထဲကလူတွေ နိုး သွားမှာ စိုးလို့ မီးလင်းဖိုစင်ပေါ်ကနေ နို့သကြားလုံးအပျော့ မြန်မြန်ယူကျွေး လိုက်လို့ ၎င်းရဲ့ သွားတွေ တွဲကပ်သွားရော။

ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ဟက်ဂရစ်ရဲ့ စားပွဲပေါ် တင်လိုက် တယ်။ မှောင်မည်းတဲ့ သစ်တောထဲမှာ ၎င်းအသုံးမကျဘူး။

"လာ၊ အစွယ်ကြီး၊ ငါတို့ လမ်းလျှောက်သွားရအောင်" ဟယ်ရီက ပြောရင်း သူ့နောက်ခြေထောက်ကို ပုတ်လိုက်တယ်။ အစွယ်ကြီးဟာ ဝမ်းသာ စွာနဲ့ နောက်ကလိုက်ထွက်ခဲ့တယ်။ သစ်တောဘေးဆီ ပြေးသွားပြီး စီခမိုးပင် မဲ့ သီးပင်ကြီးဘေးမှာ ခြေတစ်ချောင်း မြှောက်ထားတယ်။

ဟယ်ရီက မှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး ရွတ်တယ် "အီးလူမင်းနိတ်စ်" ဒီလိုနဲ့ မှော်ကြိမ်လုံးပေါ်မှာ အလင်းရောင်သေးသေးလေး ထွက်လာတယ်။ လမ်းမှာ ပင့်ကူရှိ မရှိ ကြည့်နိုင်ရုံပဲ ရှိတယ်။

"အကြံကောင်းတယ်" ရွန်က ပြောတယ်။ "ငါလဲ ငါ့မှော်ကြိမ်လုံး အလင်းရောင်ထွက်စေချင်တယ်။ ဒါပေမယ့် မင်းသိပါတယ်၊ အဆင်မသင့်ရင် ပေါက်ကွဲလိမ့်မယ် . . . . . ."

ဟယ်ရီက ရွန့်ပုခုံးကို ပုတ်လိုက်ပြီး မြက်ခင်းကို ညွှန်ပြတယ်၊ အသီး

www.burmeseclassic.com

www.burmeseclassic.com



ဘူန် ပင့်ကူနှစ်ကောင်ဟာ မှော်ကြိမ်လုံးက အလင်းရောင်ကို အမြန်ရှောင်ပုန်းရှင်း သစ်ပင်ရိပ် မည်းမည်းထဲ ပြေးဝင်သွားတယ်။

"ကောင်းပြီ" ရွှန်က သက်ပြင်းချလိုက်တယ်။ အဆိုးဆုံး ကံကြမ္မာနဲ့ ရင်ဆိုင်စရာပဲ ရှိတော့သလိုပဲ။ "ငါပြင်ဆင်ပြီးပြီ။ ငါတို့သွားကြစို့"

ဒီလိုနဲ့ သူတို့သစ်တောထဲ ဝင်ခဲ့တယ်။ အစွယ်ကြီးက သူတို့ဘေးပတ်လည်မှာ ပြေးနေတယ်။ တစ်လမ်းလုံး သစ်မြစ်နဲ့ သစ်ရွက်ကို နမ်းကြည့်နေတယ်။ ဟယ်ရီ့မှော်ကြိမ်လုံးက အလင်းရောင်အားပြုပြီး လမ်းကလေးပေါ်မှာ မပြတ်တမ်း တွားသွားနေတဲ့ ပင့်ကူတွေနောက်လိုက်ခဲ့ကြတယ်။ မိနစ် (၂၀) ခန့် သွားလိုက်ကြတယ်။ ဘယ်သူမှ စကားမပြောဘူး။ သစ်ကိုင်းကျိုးတဲ့အသံနဲ့ သစ်ရွက်တရှပ်ရှပ်အသံက လွဲပြီး တခြားဘာသံများရှိမလဲလို့ နားစွင့်သွားကြတယ်။ ဒီနောက်၊ သစ်ပင်တွေ ပိုအုပ်ဆိုင်းလာတယ်။ ခေါင်းပေါ်က ကြယ်လည်းမတွေ့ရတော့ဘူး။ ဟယ်ရီ့မှော်ကြိမ်လုံးဟာ အဆုံးအစမရှိတဲ့ သစ်တောထဲမှာ အထီးတည်း အလင်းရောင်သေးသေးလေးထွက်နေတယ်။ ဒီအချိန်မှာ ပင့်ကူလမ်းပြတွေ လမ်းကလေးကနေ ခွဲထွက်သွားတာတွေ့ရတယ်။

ဟယ်ရီရပ်လိုက်တယ်။ ပင့်ကူသွားတဲ့ ဦးတည်ချက်ကို ကြည့်ချင်တယ်။ ဒါပေမယ့် အလင်းရောင် သေးသေးလေး ထွန်းလင်းတဲ့ နေရာအပြင်ဘက်ဟာ မှောင်မည်းနေတယ်။ သူအရင်က ဒီလိုသစ်တောရဲ့ ဗဟိုကို မဝင်ဖူးဘူး။ အရင်တစ်ခါ သစ်တောထဲ လာတုန်းက၊ လမ်းကလေးက ခွဲထွက်မသွားဖို့ ဟက်ဂရစ် မှာတာကို ရှင်းရှင်းလင်းလင်း သတိရနေတုန်းပဲ။ ဒါပေမယ့် ဟက်ဂရစ်ဟာ အခုဝေးလံတဲ့နေရာမှာ၊ အက်ဇ်ကာဘန်ရဲ့ အကျဉ်းခန်းထဲရောက်နေပြီထင်တယ်။ ပြီးတော့ သူက ပင့်ကူနောက် လိုက်လို့ မှာသေးတယ်။

တစ်ခုခု ဟယ်ရီ့လက်နဲ့ ထိသွားတယ်။ သူက နောက်ကို ခုန်ထွက်သွားတယ်။ ရွှန့်ခြေထောက်ကို နင်းမိတယ်။ အဲဒါ အစွယ်ကြီးရဲ့ နှာခေါင်းဖြစ်နေတယ်။

"မင်း ဘာအကြံရှိလဲ" ဟယ်ရီက ရွှန့်ကို ပြောတယ်။ ရွှန့်မျက်စိကိုခုမှ သဲကွဲတယ်။ ရွှန့်သူငယ်အိမ်ထဲမှာ မှော်ကြိမ်လုံးရဲ့ အရောင်ပျော့ပျော့တောက်နေတယ်။

"ငါတို့ ဒီလောက်ဝေးဝေးလာခဲ့ပြီပဲ" ရွှန်က ပြောတယ်။

ဒါနဲ့ သူတို့ ပင့်ကူတွေပြေးလွှားတဲ့ နောက်ကနေ ခြုံထဲဝင်တယ်။



အခု သူတို့ မြန်မြန်သွားလို့ မရဘူး။ နေရာတကာမှာ သစ်မြစ်နဲ့ သစ်ငုတ်တိုတွေ လမ်းပိတ်ထားတယ်။ မှောင်မည်းတာနဲ့ မခြားတဲ့ အလင်းရောင်လေးမှာ ဘာမှလည်း မမြင်ရဘူး။ အစွယ်ကြီးရဲ့ အသက်ရှူတဲ့လေပူပူ သူ့လက်ပေါ်ကျရောက်တာ ဟယ်ရီခံစားရတယ်။ သူတို့ဟာ တစ်ကြိမ်မက ရပ်နေရပြီး ဟယ်ရီက ဆောင့်ကြောင့်ထိုင်ကာ မှော်ကြိမ်လုံးက မီးရောင်နဲ့ ပင့်ကူတွေကို ရှာတယ်။

ကြည့်ရတာ သူတို့ နာရီဝက်ကျော်ကျော် သွားခဲ့ပြီ။ သူတို့ အင်္ကျီဟာ နိမ့်တဲ့ သစ်ကိုင်းတို့ ဆူးပင်တို့နဲ့ ချိတ်မိမိနေတယ်။ ခနကြာတော့ သစ်ပင်တွေဟာ ခုနကလိုပဲ အုပ်ဆိုင်းနေပေမယ့် မြေပြင်ဟာ အောက်ဘက်သို့ လျှောဆင်းသွားတာ သတိထားမိကြတယ်။

ဒီအချိန်မှာ၊ အစွယ်ကြီးဟာ အသံလွင်လွင် ဟောင်လိုက်တယ်။ သစ်တောထဲမှာ ပဲ့တင်ထပ်သွားတယ်။ ဟယ်ရီနဲ့ ရွှန်ဟာ လန့်လို့ ဝိညာဉ်ပျောက်တော့ မလိုပဲ။

"ဘာလဲ" ရွှန်က အကျယ်ကြီး ပြောရင်း မှောင်မည်းတဲ့အထဲ မျှော်ကြည့်တယ်။ ဟယ်ရီ့လက်မောင်းကိုလည်း တစ်အား ဆွဲထားတယ်။

"ဟိုမှာ တစ်ခုခု လှုပ်နေတယ်" ဟယ်ရီက အသက်ရှူကြပ်သလို ပြောတယ်။ "နားထောင် . . . . . . အဲဒါ အကြီးကြီးပဲ"

သူတို့ သေချာနားထောင်တယ်။ သူတို့ ညာဘက် ခပ်လှမ်းလှမ်းမှာ အဲဒီ အရာကြီးဟာ ခြုံထဲကနေ လမ်းထွင်ပြီး ထွက်လာတယ်၊ သစ်ကိုင်းတွေ အများကြီး ကျိုးကုန်တယ်။

"အိုး၊ နိုး" ရွှန်က ပြောတယ်။ "အိုး၊ နိုး၊ အိုး၊ နိုး၊ အိုး — "

"ပါးစပ်ပိတ်ထား" ဟယ်ရီက ဒေါသနဲ့ ပြောတယ်။ "သူကြားသွားမယ်"

"ငါ့ကို ကြားမယ် ?" ရွှန်က အလွန်သဘာဝမကျတဲ့ အသံနဲ့ ပြောတယ်။ "ငင်းကြားပြီးပြီ၊ အစွယ်ကြီး"

သူတို့ ရပ်နေပြီး ထိတ်လန့်တကြား စောင့်ဆိုင်းနေတယ်။ အမှောင်ဟာ သူတို့ မျက်လုံးကို ဖိထားသလိုပဲ။ ရှတ်တရက် တဝုန်းဝုန်း အသံထွက်လာတယ်။ ဒီနောက် ငြိမ်သွားပြန်တယ်။

"သူ ဘာလုပ်နေတယ် ထင်သလဲ" ဟယ်ရီက မေးတယ်။

"ခုန်အုပ်ဖို့ ပြင်နေတယ်ထင်တယ်" ရွှန်က ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ စောင့်ဆိုင်းနေတယ်။ တစ်ကိုယ်လုံး တုန်နေတယ်။ နည်းနည်းမှ ခလှုပ်ဝံ့ဘူး။

"သူသွားပြီလို့ ထင်လား" ဟယ်ရီက မေးတယ်။

"မသိဘူး — "

ဒီအချိန်မှာ သူတို့ရဲ့ ညာဘက်မှာ မျက်စိစူးတဲ့ အလင်းရောင်ကြီး ပေါ်ထွက်လာတယ်။ အမှောင်ထဲမှာ မျက်စိ တအားစူးတယ်။ နှစ်ယောက်သား လက်မြှောက်ပြီး မျက်စိကို ကာတယ်။ အစွယ်ကြီးဟာ ပောင်ပြီး ထွက်ပြေးခုန် နေတယ်။ စူးပင်နဲ့ ငြိနေလို့ ပိုပြီး ကျယ်ကျယ်ဟောင်နေတယ်။

"ဟယ်ရီ" ရွန်က အော်တယ်။ သူ့အသံဟာ စိတ်တအား ပေါ့သွားလို့ နင်နေတယ်။ "ဟယ်ရီ၊ ငါတို့ ကား"

"ဘာ"

"လာကွ"

ဟယ်ရီဟာ ရွန့်နောက်က လိုက်ပြီး အပြုံပြုံအလဲလဲနဲ့ အလင်းရောင် ဆီ သွားတယ်။ တစ်လမ်းလုံး ခလုတ်တိုက်လဲတယ်။ ခနနေတော့ သူတို့ ကွင်း လပ်တစ်ခုကို ရောက်လာတယ်။

မစ္စတာ ဝယ်စလီရဲ့ မော်တော်ကားဟာ အုပ်ဆိုင်းတဲ့ သစ်ပင်ဝိုင်း အလယ်မှာ ရပ်နေတယ်။ အပေါ်မှာက သစ်ကိုင်းတွေ ယှက်နွယ်နေတယ်။ ကားထဲမှာ လူမရှိဘူး။ ကားမီးက မျက်စိစူးအောင် လင်းနေတယ်။ ရွန်ဟာ ပါးစပ်ကြီး ဟပြီး ၎င်းဆီလျှောက်သွားတဲ့အခါမှာ ၎င်းကလည်း သူ့ဆီသို့ ဖြည်း ဖြည်း လိမ့်လာတယ်။ အစိမ်းပုပ်ရောင်ခွေးကြီးဟာ သူ့သခင်ကို ကြိုဆိုနေ သလိုပဲ။

၎င်းက ဒီမှာ ရောက်နေတာကိုး" ရွန်က ဝမ်းသာအားရ ပြောတယ် ကားကို ပတ်ပြီး လျှောက်နေတယ်။ "မင်း သူ့ကို ကြည့်စမ်း၊ တောက သူ့ကို ရိုင်းသွားစေတယ် . . . . . ."

ကားဘေးနှစ်ဖက် ပေါက်ပျက်နေပြီ၊ ရွှံ့တွေနဲ့ ပေကျံနေတယ်။ သူ့အ သာ တောထဲမှာ ရွှေ့လျားသွားလာတဲ့ အကျင့်ရနေတာ ထင်ရှားတယ်။ အစွယ် ကြီးဟာ ၎င်းကို နည်းနည်းမှ စိတ်မဝင်စားသလိုပဲ။ ဟယ်ရီ့နောက်က တသ မကွာ လိုက်နေတယ်။ သူတုန်နေတာ ဟယ်ရီ ခံစားရတယ်။ ဟယ်ရီအသက်ရှူ သံ တည်ငြိမ်လာတယ်။ သူက မှော်ကြိမ်လုံးကို ဝတ်ရုံရှည်ထဲ ပြန်သိမ်းလိုက်



တယ်။

"ငါတို့က ၎င်းတို့ကို တိုက်မယ်ထင်နေတာ" ရွန်က ပြောရင်း ကားကို မှီပြီး ပုတ်လိုက်တယ်။ "သူဘယ်ရောက်နေမှန်းကို မသိတာ"

ဟယ်ရီဟာ မျက်စိမှေးပြီး ကားမီးထိုးထားတဲ့ မြေကြီးပေါ်မှာ ပင့်ကူ အရိပ်အယောင် လိုက်ရှာကြည့်နေတယ်။ ဒါပေမယ့် ၎င်းတို့ဟာ မျက်စိစူးတဲ့ ကားမီးကို ရှောင်ပြီး ဘယ်ရောက်ကုန်မှန်း မသိဘူး။

"ငါတို့ သဲလွန်စပျောက်သွားပြီ" သူက ပြောတယ်။ "လာ၊ ငါတို့ ပင့်ကူသွားရှာရအောင် . . . ."

ရွန်က စကားလည်း မပြောဘူး၊ လှုပ်လည်း မလှုပ်ဖူး။ သူဟာ ဟယ်ရီ့ ကျောဘက် မြေပြင်က ဆယ်ပေအကွာကို အသေစိုက်ကြည့်နေတယ်။ သူ့မျက်နှာကြီးမည်းပြီး ကြောက်လန့်တာ ပေါ်နေတယ်။

ဟယ်ရီ ကိုယ်တိုင်တောင် မလှည့်လိုက်ရသေးဘူး။ ဂတ်ဂတ်သံကြီးနဲ့ အတူ ရှည်ရှည် အမွေးထူထူ အရာက သူ့ကို ခါးကနေ ပတ်ချီတာ ခံစားလိုက် ရတယ်။ သူ့ကို မျက်နှာအောက်စိုက် မိုးပေါ်မြှောက်ထားတယ်။ သူရုန်းကန် ရင်း အလွန့်အလွန် ကြောက်လန့်နေတယ်။ ဒီအချိန်မှာ ဂတ်ဂတ်သံကြားရ ပြန်တယ်။ ရွန့်ရဲ့ ခြေထောက်နှစ်ချောင်း မြေပြင်က ကွာသွားတာတွေ့ရတယ်။ အစွယ်ကြီး အူသံ၊ ဟောင်သံလည်း ကြားရတယ် — ဆက်လက်ပြီး၊ သူဟာ မည်းမှောင်တဲ့ချုံထဲ ဆွဲသွားခံရတယ်။

ဟယ်ရီ ဇောက်ထိုးတွဲလောင်းကြီး ဖြစ်နေတယ်။ သူ့ကို ဖမ်းထားတဲ့ အကောင်ဟာ အံ့သြစရာကောင်းအောင် ရှည်ပြီး အမွေးထူတဲ့ ခြေခြောက် ချောင်းကို လှမ်းနေတယ်။ ရှေ့မှာ ခြေနှစ်ချောင်း မြေကြီးကိုတင်းတင်းတုတ် ထားသေးတယ်။ အပေါ်မှာက လက်နေတဲ့ ညှပ်ကြီးနှစ်ချောင်း၊ သူ့ကျောဘက် မှာ ဒီလို သတ္တဝါတစ်ကောင် ရွန့်ကို ဖက်ထားတယ်နဲ့ တူတယ်။ သူ့အသံကြား ရတယ်။ သူတို့ဟာ တောအုပ်အလယ် ဗဟိုဆီသို့ သွားနေတယ်။ အစွယ် ကြီး တအူအူအော်နေတာ ဟယ်ရီကြားရတယ်၊ တတိယအကောင်ဆန့်သံ က အတင်းရုန်းထွက်နေတယ်။ ဟယ်ရီကတော့ အော်ချင်တာတောင် အော်လို့ မရဘူး။ ၎င်းက သူ့အသံနဲ့ မော်တော်ကားကို ကွင်းလပ်ထဲမှာ ထားခဲ့ခဲ့ သလိုပဲ။

ဟိုသတ္တဝါရဲ့ လက်ထဲမှာ ဘယ်လောက်ကြာသွားလဲ ဆိုတာ သူမသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူသိတာက အမှောင်ထု နည်းနည်းလျော့သွားသလိုပဲ။ သစ်ရွက်ကြွေတွေ ဖြည့်နေတဲ့ မြေပြင်ပေါ်မှာ ပင့်ကူတွေ ပြည့်ကြပ်နေတာ သူမြင်တယ်။ သူခေါင်းမော့ကြည့်တယ်။ သူတို့ ကျယ်ပြန့်တဲ့ ချိုင့်ဝှမ်းဘေး ရောက်နေတာ တွေ့ရတယ်။ ချိုင့်ဝှမ်းထဲက သစ်ပင်တွေ ရှင်းပစ်ထားရာယ်။ ကြယ်ရောင်ဟာ သူ့ဘဝမှာ ကြောက်စရာ အကောင်းဆုံး မြင်ကွင်းကို အလင်းရောင်ပေးနေတယ်။

ပင့်ကူတွေ။ အောက်က ရွက်ကြွေတွေကြား ဂမန်းဂတန်းတွားသွားနေတဲ့ ပင့်ကူလေးတွေနဲ့ မတူဘဲ အကောင်တိုင်းဟာ လှည်းဆွဲတဲ့ မြင်းလောက်ကြီးတယ်။ မျက်လုံးရှစ်လုံး၊ ခြေရှစ်ချောင်း၊ မည်းမည်းသဲသဲ၊ အမွေးထူထူ ရောမအကောင်ကြီး။ ဟယ်ရီ့ကို ချီထားတဲ့ ပင့်ကူကြီးဟာ ကုန်းလျှောအတိုင်း ဆင်းခဲ့ပြီး ချိုင့်ဝှမ်းအလယ် ဗဟိုရှိ မှုန်မွှားမွှား ဘောလုံးခြမ်းသဏ္ဍာန်ရှိတဲ့ ပင့်ကူအိမ်ဆီသွားတယ်။ သူ့အဖော်တွေက သူ့ကို ဝိုင်းပတ်ထားတယ်။ ညှပ်ဖမ်းထားတဲ့ အရာကို မြင်ရတော့ အားလုံး ညှပ်လက်မကြီးကို ဂတ်ဂတ်ဂတ် လုပ်နေကြတယ်။

ပင့်ကူက လက်ဖြည်လိုက်တယ်။ ဟယ်ရီ မြေကြီးပေါ် ထိုးကျသွားတယ်။ ရွန်နဲ့ အစွယ်ကြီးလည်း သူ့ဘေးကို လေးပင်စွာ ထိုးကျလာတယ်။ အစွယ်ကြီး မဟောင်တော့ဘူး၊ ငြိမ်ငြိမ်လေးကွေးနေတယ်။ ရွန့်ကြည့်ရတာ ဟယ်ရီ့လိုပဲ၊ သူ့ပါးစပ်ကြီး ဟထားတယ်။ အသံမပါဘဲ အော်နေသလိုပဲ။ မျက်လုံးအပြင်ကို ပြူးထွက်နေတယ်။

သူ့ကို ပစ်ချတဲ့ပင့်ကူ စကားပြောနေတယ်လို့ ဟယ်ရီ ရုတ်တရက် သိလိုက်တယ်။ မရှင်းဘူး၊ အကြောင်းက ၎င်းစကားတစ်လုံး ပြောတိုင်း ညှပ်လက်မကြီးက ဂတ်ဂတ်နဲ့ မြည်နေလို့။

"အရက်ဂေါ့ဂ်" ၎င်းက အော်တယ်။ "အရက်ဂေါ့ဂ်"

မှုန်မွှားတဲ့ ဘောလုံးခြမ်းသဏ္ဍာန် အလယ်ကနေ ဆင်ကလေးတစ်ကောင်လောက်ကြီးတဲ့ ပင့်ကူတစ်ကောင် အလွန်နှေးကွေးစွာ ထွက်လာတယ်။ သူ့ကိုယ်နဲ့ ခြေထောက်ဟာ အမည်းထဲမှာ မီးခိုးရောင်ဖြစ်နေတယ်။ ညှပ်လက်မကြီးရှိတဲ့ အရုပ်ဆိုးတဲ့ ခေါင်းပေါ်က မျက်လုံးတိုင်းဟာ တိမ်တလွှာဖုံးနေတယ်။ ၎င်းဟာ မျက်ကန်း။

"ဘယ်လိုလဲ" ၎င်းက ပြောရင်း ဂတ်ဂတ်နဲ့ ညှပ်လက်မကြီး အလျင်အမြန်လှုပ်နေတယ်။



"လူ" ခုနက ဟယ်ရီ့ကို ဖမ်းထားတဲ့ ပင့်ကူက ပြောတယ်။

"ဟက်ဂရစ်လား" အရက်ဂေါ့ဂ်က ပြောရင်း နည်းနည်းရွှေ့တိုးလာတယ်။ နို့ရောင် မျက်လုံးရှစ်လုံးဟာ ဦးတည်ချက်မဲ့ ကြည့်နေတယ်။

"လူစိမ်းတွေပါ" ရွန့်ကို ခေါ်လာတဲ့ ပင့်ကူက ဂတ်ဂတ်ဂတ်နဲ့ ပြောတယ်။

"သူတို့ကို သတ်ပစ်" ဂတ်ဂတ်၊ အရက်ဂေါ့ဂ်က စိတ်မရှည်ဘဲ ပြောတယ်။ "ငါ အိပ်နေတာ . . . . . ."

"ကျွန်တော်တို့က ဟက်ဂရစ် မိတ်ဆွေတွေပါ" ဟယ်ရီက အော်တယ်။ သူ့နှလုံးဟာ လည်မျိုက ထွက်ကျတော့မလိုပဲ။

ဂတ်ဂတ်၊ ဂတ်ဂတ်၊ ချိုင့်ဝှမ်းထဲမှာ နေရာတကာ ပင့်ကူညှပ်လက်မတွေ လှုပ်ရှားနေတယ်။

အရက်ဂေါ့ဂ် တွေဝေသွားတယ်။

ဟက်ဂရစ်ဟာ အရင်က တို့ချိုင့်ဝှမ်းကို တစ်ခါမှ လူမလွှတ်ဘူး" ၎င်းက ဖြည်းနှေးစွာ ပြောတယ်။

"ဟက်ဂရစ် ဒုက္ခရောက်နေတယ်" ဟယ်ရီက ပြောတယ်။ သူ့အသက်ရှူသံ အလွန်မြန်တယ်။ "ဒါကြောင့် ကျွန်တော်တို့လာတာ"

"ဒုက္ခ ?" အသက်ကြီးတဲ့ ပင့်ကူက ပြောတယ်။ ၎င်းရဲ့ ဂတ်ဂတ်သံထဲမှာ စိုးရိမ်မှု တချို့ပါတာ ဟယ်ရီသိလိုက်တယ်။ "ဒါဖြင့်ရင် သူဘာကြောင့် မင်းတို့ကို လွှတ်လိုက်တာလဲ"

ဟယ်ရီ မတ်တတ်ရပ်ချင်တယ်။ ဒါပေမယ့် နောက်တော့ ဝပ်နေတာပဲ ကောင်းမယ်လို့ ဆုံးဖြတ်တယ်။ သူဟာ သူ့ခြေထောက်တွေ သူ့ကိုယ်ကို မနိုင်ဘူးလို့ ထင်တယ်။ မြေပေါ် ဝပ်ပြီးစကားပြောတဲ့အခါမှာ လေသံတို့ တည်ငြိမ်အောင် ကြိုးစားတယ်။

"ကျောင်းမှာ၊ သူတို့က ဟက်ဂရစ် ခုတလောမှာ အရာ — အရာ — တစ်ခုခု လွှတ်ပြီး ကျောင်းသားတွေကို ဒုက္ခပေးတယ်လို့ ထင်တယ်။ သူတို့က သူ့ကို အက်ဇ်ကဘန်ခေါ်သွားပြီ"

ဂတ်ဂတ်၊ အရက်ဂေါ့ဂ်ဟာ ဒေါသနဲ့ ညှပ်လက်မကြီးကို မြည်တက်နေတယ်။ ဒီအသံဟာ ချိုင့်ဝှမ်းထဲက ပင့်ကူအုပ်ရဲ့ တုံ့ပြန်အားပေးမှု ရတယ်။ အဲဒါ လက်ခုပ်သံလိုပဲ။ ခါတိုင်း လက်ခုပ်သံကတော့ ဟယ်ရီ့ကို ကြောက်လို့

www.burmeseclassic.com

www.burmeseclassic.com



အန်ချင်တဲ့ထိ မဖြစ်ဖူး။

"အဲဒါ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကိစ္စ" အရက်ဂေါ်ဂ်ဟာ စိတ်ဆိုးစွာ ပြောတယ်။ "နှစ်ပေါင်းများစွာ၊ များစွာက ကိစ္စ။ ငါသေချာ မှတ်မိတယ်။ ဒီကိစ္စကြောင့် ထိုစဉ်က သူ့ကို ကျောင်းက ထုတ်လိုက်တာ။ သူတို့က ငါ့ကို အဲဒီလျှို့ဝှက်အခန်းထဲ နေတဲ့အကောင်လို့ ယုံကြည်နေတာ။ သူတို့က ဟက်ဂရစ်က လျှို့ဝှက်အခန်းကို ဖွင့်လိုက်ပြီး ငါ့ကို လွှတ်လိုက်တယ်လို့ ထင်တာ"

"ဒါဆိုရင် . . . . ခင်ဗျားလျှို့ဝှက်အခန်းက ထွက်လာတာလား" ဟယ်ရီက မေးတယ်။ သူ့နဖူးမှာ ချွေးစေးတွေ ထွက်နေတာ သိတယ်။

"ငါ" အရက်ဂေါ်ဂ်က ပြောတယ်။ ညှပ်လက်မကြီးဟာ ဒေါသနဲ့ ဂတ်ဂတ်မြည်နေတယ်။ "ငါက ရဲတိုက်ထဲမှာ မွေးတာမှုတ်ဖူး။ ငါက ဝေးလံတဲ့ နိုင်ငံက လာတာ။ ငါ ဥထဲက မပေါက်ခင်မှာ ခရီးသွားတစ်ယောက်က ငါ့ကို ဟက်ဂရစ်ပေးလိုက်တာ။ ထိုစဉ်က ဟက်ဂရစ်ဟာ ကလေးပဲ ရှိသေးတယ်။ ဒါပေမယ့် သူက ငါ့ကို ပြုစုစောင့်ရှောက်တယ်။ ငါ့ကို ရဲတိုက်ရဲ့ ပန်းကန်ဘီဒို ထဲ ဝှက်ထားတယ်၊ ငါ့ကို ထမင်းစားစာပွဲပေါ် ကျနေတဲ့ ပေါင်မုန့်စတွေ ကျွေးတယ်။ ဟက်ဂရစ်ဟာ ငါ့မိတ်ဆွေကောင်း။ သူဟာ လူကောင်း ဖြစ်တယ်။ လူတွေဟာ ငါ့ကို တွေ့သွားပြီး ကောင်မလေး တစ်ယောက် သေတာအတွက် တာဝန်ယူရမယ်လုပ်တော့ ဟက်ဂရစ်က ငါ့ကို ကယ်လိုက်တယ်။ အဲဒီ အချိန်ကစပြီး ငါဒီသစ်တောထဲမှာ နေတာ။ ဟက်ဂရစ်ဟာ ငါ့ကို အမြဲလာ တွေ့တယ်။ သူက ငါ့ကို ဇနီးတစ်ယောက်ရှာပေးသေးတယ် — မိုဆက်ဂ်၊ ငါ့မိသားစု ဘယ်လောက် ထွန်းကားတယ်ဆိုတာ မင်း မြင်တွေ့ရပြီ၊ ဒါ ဟက်ဂရစ်ကျေးဇူး . . . . . ."

ဟယ်ရီက သူ့ရဲ့ နောက်ဆုံး သတ္တိကို ထုတ်သုံးတယ်။

"ဒါဖြင့် ခင်ဗျား ဘယ်တုန်းကမှ — ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မတိုက်ဖူးပေါ့ ?"

"ဟင့်အင်း" ပင့်ကူကြီးက မကျေမနပ် ပြောတယ်။ "ငါ့မှာ ဒီလိုလုပ် နိုင်စွမ်း ရှိတယ်။ ဒါပေမယ့် ဟက်ဂရစ်ကို ရိုသေလို့ တစ်ဦးတစ်ယောက်ကိုမှ ဒုက္ခမပေးခဲ့ဘူး။ ဟို အသတ်ခံရတဲ့ ကောင်မလေးအလောင်းဟာ ကိုယ်လက် သန့်စင်ခန်းတစ်ခုထဲမှာ တွေ့တာ။ ငါကြီးပြင်းရတဲ့ ပန်းကန်ဘီဒိုခန်းက လွဲ



ပြီး ရဲတိုက်က တခြားနေရာကို ငါမမြင်ဖူးဘူး။ တို့ပင့်ကူတွေဟာ အမှောင်နဲ့ ဆိတ်ငြိမ်မှုကို နှစ်သက်တယ် . . . . . ."

"ဒါပေမယ့် ထိုစဉ်က . . . . ဟိုကောင်မလေးကို ဘာကသတ်လိုက်တယ်ဆိုတာ ခင်ဗျားသိလား" ဟယ်ရီက ပြောတယ်။ "အကြောင်းက အဲဒါ ဘာပဲဖြစ်ဖြစ်၊ အခု လူတွေကို ပြန်လာတိုက်နေပြန်ပြီ — "

ချက်ချင်းပဲ ဂတ်ဂတ်ဂတ်သံတွေ ဆူညံလာတယ်။ မရေမတွက်နိုင်တဲ့ ခြေထောက်ရှည်ရှည်တွေ တရှပ်ရှပ်ရွေ့လျားနေတယ်။ ကြီးမားတဲ့ အရိပ်ကြီးဟာ သူ့ဘေးမှာ လှုပ်နေတယ်။

"ဟိုရဲတိုက်ထဲမှာ နေတဲ့ အကောင်ဟာ" အရက်ဂေါ်ဂ်က ပြောတယ်၊ "ငါတို့ ပင့်ကူတွေ သိပ်ကြောက်တဲ့ ရှေးသတ္တဝါဖြစ်တယ်။ ငါရှင်းရှင်း မှတ်မိတယ်၊ ဟိုအကောင် ကျောင်းထဲမှာ နေရာတကာ လှုပ်ရှားတဲ့အခါမှာ ဟက်ဂရစ်ကို ငါ့ကို လွှတ်ပေးဖို့ တောင်းဆိုခဲ့တယ်"

"ၚင်းက ဘာလဲ" ဟယ်ရီက ရအောင် မေးတယ်။

ဂတ်ဂတ်ဂတ်သံ ပိုမြည်လာတယ်။ ရှပ်ရှပ်သံလည်း ပိုစိတ်လာတယ်၊ ပင့်ကူတွေ ဝိုင်းအုံလာသလိုပဲ။

"ငါတို့ မပြောဘူး" အရက်ဂေါ်ဂ်ဟာ စိတ်အလွန်လှုပ်ရှားစွာ ပြောတယ်။ "ငါတို့ ၚင်းနာမည်ကို ပြောမထုတ်ဖူး။ ငါက အဲဒီကြောက်စရာ အကောင်ရဲ့ နာမည်ကို ဟက်ဂရစ်ကိုတောင် ပြောမပြဘူး။ သူက ကျုပ်ကို မေးတယ်၊ အကြိမ်များစွာ မေးတယ်"

ဟယ်ရီဟာ ဒီမေးခွန်းကို အတင်းမမေးချင်တော့ဘူး၊ အထူးသဖြင့် ပင့်ကူတွေ အရပ်လေးမျက်နှာက ဝိုင်းအုံလာတဲ့အချိန်မှာ၊ အရက်ဂေါ်ဂ်ဟာ စကားမပြောချင်တော့ဘူး။ ၚင်းဟာ ၚင်းရဲ့ ဘောလုံးခြမ်းသဏ္ဌာန် ဝင့်ထူအိမ်ဆီ ဖြည်းဖြည်းဖြန်ဆုတ်သွားတယ်။ ဒါပေမယ့် ၚင်းရဲ့ ဝင့်ထူအကောင်တွေဟာ ဖြည်းဖြည်းချင်း၊ တစ်လက်မချင်း ဟယ်ရီနဲ့ ရွန်တို့ဆီ ရွေ့လျားလာတယ်။

"ဒါဆို ကျွန်တော်တို့ သွားမယ်" ဟယ်ရီက ဘာတိုမှ မရှုဘဲ အရက် ဂေါ်ဂ်ကို အော်ပြောတယ်။ တစ်ချိန်ထဲမှာ သူ့ကျောဘက်က သစ်ရွက်တွေ တရှပ်ရှပ်မြည်သံ ကြားရတယ်။

"သွားမယ် ?" အရက်ဂေါ်ဂ်က ဖြည်းနှေးစွာ ပြောတယ်။ "မသွားနဲ့ . . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် . . . .၊ ဒါပေမယ့် . . . ."

"ငါ့သမီးက ငါ့အမိန့်နာခံပြီး ဟက်ဂရစ်ကို ဒုက္ခမပေးဘူး။ ဒါပေမယ့် လတ်ဆတ်တဲ့လူသား ကိုယ့်ဖာသာလာပို့တာကိုတော့ သူတို့ကို မခံစားဖို့ တားလို့မဖြစ်ဖူး။ နှုတ်ဆက်ပါတယ်၊ ဟက်ဂရစ်ရဲ့ မိတ်ဆွေ . . . . . ."

ဟယ်ရီ ကိုယ်ကိုလှည့်လိုက်တယ်။ အလှမ်းတချို့အကွာမှာ သူ့အပေါ်ဘက် မြင့်မြင့်ကြီးမှာ ပင့်ကူတွေဟာ နိုင်မာတဲ့၊ မြင့်မားတဲ့ သံမဏိတံတိုင်းကြီး ပြုလုပ်ထားတယ်။ ညှပ်လက်မကြီးတွေ ဂတ်ဂတ်ဂတ်နဲ့ ဆူနေတာပဲ။ မျက်စိပေါင်းများစွာဟာ အရုပ်ဆိုးတဲ့ ခေါင်းပေါ်မှာ လက်နေတယ် . . . . .

ဟယ်ရီဟာ မိမိမှော်ကြိမ်လုံးကို နှိုက်နေပေမယ့် ဒါအသုံးမကျဘူးဆိုတာ သိတယ်။ ၎င်းတို့ဟာ အရေအတွက် များလွန်းတယ်။ ဒါပေမယ့် သူဟာ ရုန်းကန်ထရပ်ပြီး အသေခံတိုက်မယ် လုပ်တုန်းမှာ အသံမြင့်မြင့် ရှည်ရှည်တစ်ခု ရုတ်တရက်ပေါ်လာတယ်။ မျက်စိစူးတဲ့ အလင်းရောင်တစ်ခု ချိုင့်ဝှမ်းကို လင်းသွားစေတယ်။

မစ္စတာ ဝယ်စလီရဲ့ ကားဟာ တဝုန်းဝုန်းနဲ့ ကုန်းလျှောကို ဆင်းလာတယ်။ ရှေ့မီးလင်းလက်နေတယ်။ ဟွန်းမြည်နေတယ်။ ပင့်ကူတွေကို တိုက်ဝင်တယ်။ ပင့်ကူတစ်ချို့ တိုက်ခံရလို့ ပက်လက်လန် လဲကျသွားတယ်။ မရေမတွက်နိုင်တဲ့ ခြေတံရှည်တွေ လေထဲမှာ လှုပ်ယမ်းနေတယ်။ နားစူးတဲ့ အသံနဲ့အတူ ကားဟာ ဟယ်ရီနဲ့ ရွန့်ရှေ့မှာ ရပ်သွားတယ်။ ကားတံခါး ဒိုင်းကနဲ ပွင့်သွားတယ်။

"အစွယ်ကြီးကိုပါ ခေါ်ခဲ့" ဟယ်ရီက အော်ပြီး ရှေ့ခန်းထဲ တိုးဝင်တယ်။ ရွန်က တအားကုန်းဟောင်နေတဲ့ ခွေးကြီးကို ခါးကဖက်ပြီး နောက်ခန်းထဲ ပစ်ထည့်လိုက်တယ်။ ကားတံခါး ဗျန်းဆိုပိတ်သွားတယ်။ ရွန် က ခြေနင်းကို မထိဘူး၊ ကားကလည်း သူဘာမှ လုပ်ဖို့ မလိုဘူး။ ကားစက် တဝုန်းဝုန်းမြည်လာတယ်။ သူတို့ ထွက်ခွာပြီ။ ပင့်ကူ ပို၍များများ အတိုက်ခံရတယ်။ သူတို့ဟာ ကုန်းလျှောကို အလျင်အမြန် မောင်းတက်ပြီး ချိုင့်ဝှမ်းကို ခွဲခွာခဲ့တယ်။ မကြာဘူး၊ သူတို့ဟာ သစ်တောထဲ ဟိုဟိုဒီဒီ မောင်းလာခဲ့တယ်။ ကားဟာ ၎င်းအလွန်ကျွမ်းကျင်တဲ့ လမ်းကြောင်းအတိုင်း ကျင်လည်စွာ ဘယ်ကွေ့ညာကွေ့နဲ့ ပို၍ ကြီးတဲ့ လမ်းပေါက်ကို ရှာဖွေနေသလိုပဲ။

ဟယ်ရီက ရွန့်ကို လှည့်ကြည့်တယ်။ သူ့ပါးစပ်ဟာ ဟနေတုန်းပဲ။



အသံမဲ့ အော်ဟစ်နေသလိုပဲ။ ဒါပေမယ့် သူ့မျက်လုံး ပြူးထွက်မနေတော့ဘူး။

"မင်း ဘာမှ မဖြစ်ပါဘူးနော်"

ရွန်ဟာ ရှေ့ကို ကြောင်ကြည့်နေတယ်။ စကားတစ်လုံးမှပြောမထွက်ဖူး။

သူတို့ဟာ ချုံပုပ်နိမ့်နိမ့်တွေ ကြားမှာ တိုးဝင်တယ်။ အစွယ်ကြီးဟာ နောက်ခန်းထဲမှာ တအားဟောင်နေတယ်။ သူတို့ ဝက်သစ်ချပင်ကြီး တစ်ပင်နားက တိုးထွက်တဲ့အခါမှာ ကားဘေးနှစ်ဖက်က မှန်တိုက်ကွဲသွားတာ ဟယ်ရီ မြင်တယ်။ ဆယ်မိနစ်ခန့် ဆူညံပြီး လှုပ်ယမ်းစွာ မောင်းနှင်ပြီးနောက် သစ်ပင်တွေ တဖြည်းဖြည်း နည်းလာတယ်။ ဟယ်ရီဟာ ကောင်းကင်တစ်ကွက်ချင်းကို မြင်ရပြန်တယ်။

ကားရပ်သွားတယ်။ ရပ်တာ သိပ်ကြီး ရုတ်တရက်မို့ အရှိန်နဲ့ ကားရှေ့မှန်ကို သူတို့ ဝင်ဆောင့်ဖို့ နည်းနည်းလိုတယ်။ သူတို့ သစ်တောအစပ်ကို ရောက်လာပြီ။ အစွယ်ကြီးဟာ ကားပြတင်းဆီ ခုန်သွားပြီး အတင်းတိုးထွက်ချင်နေတယ်။ ဟယ်ရီက တံခါးဖွင့်ပေးလိုက်တာနဲ့ ၎င်းဟာ မြှားတစ်စင်းလို ချုံတွေကို ဖြတ်ပြီး အမြီးကုပ်ကာ ဟက်ဂရစ်ရဲ့ အိမ်ကလေးဆီ ပြေးသွားတယ်။ ဟယ်ရီလည်း ကားပေါ်က ဆင်းလိုက်တယ်။ တစ်မိနစ်ခန့်ကြာမှ ရွန်ဟာ သူ့ခြေလက်တွေ အသိပြန်ရလာပြီး ကားပေါ်က ဆင်းလာတယ်။ ဒါပေမယ့် သူ့လည်ပင်းက မာတောင့်နေတုန်းပဲ။ မျက်စိလည်း ကြောင်ကြည့်နေတုန်းပဲ။ ဟယ်ရီက ကျေးဇူးတင်စွာ ကားကိုပုတ်လိုက်တယ်။ ၎င်းဟာ ဦးလှည့်ပြီး တောထဲ ပြန်သွားတယ်။ လုံးဝ ပျောက်သွားတယ်။

ဟယ်ရီဟာ ဟက်ဂရစ်အိမ်လေးဆီ ကိုယ်ပျောက်ဝတ်ရုံသွားယူတယ်။ အစွယ်ကြီးဟာ ခြင်းကြီးထဲက စောင်အောက်မှာ တုန်နေတယ်။ ဟယ်ရီ အိမ်တလေးက ထွက်လာတော့ ရွန် ရွှေဖရုံခင်းထဲမှာ တအားအန်နေတာ တွေ့ရတယ်။

"ပင့်ကူနောက်လိုက်" ရွန်က အားပျော့စွာ ပြောတယ်။ အင်္ကျီလက်နဲ့ ပါးစပ်ကို သုတ်လိုက်တယ်။ "ငါဘယ်တော့မှ ဟက်ဂရစ်ကို ခွင့်မလွှတ်ဘူး။ ငါတို့ အသက်ရှင်တာ ကံကောင်းလို့"

"သူက အရက်ဂေါ်ဂ် သူ့မိတ်ဆွေကို ဒုက္ခမပေးဘူးထင်လို့ပဲ ငါပြောရဲတယ်" ဟယ်ရီက ပြောတယ်။

"ဟက်ဂရစ် ပြဿနာက ဒါပဲ" ရွန်က ပြောရင်း အိမ်ကလေးရဲ့ ထရံ

www.burmeseclassic.com

www.burmeseclassic.com



ကို တအားထုတယ်။ “သူဟာ အကောင်ဆန်းတွေဟာ လူတွေ လျှောက်ပြောသလို မဆိုးဘူးလို့ ထင်နေတာ။ သူ့ဇာတ်သိမ်းတာ ကြည့်လေ။ အက်ဖခါဘန်တ ထောင်ခန်းထဲ ရောက်နေပြီ” သူဟာ မချုပ်တည်းနိုင်ဘဲ တုန်လာတယ်။ “ငါတို့ကို အဲဒီထဲ သွားခိုင်းတာ ဘာအဓိပ္ပာယ်ရှိလဲ။ ငါက သိချင်သေးတယ်။ ငါတို့ ဘာများသိရလို့လဲ”

“ဟက်ဂရစ် ဘယ်တုန်းကမှ လျှို့ဝှက်အခန်းကို မဖွင့်ဖူးတာ သိရတာပေါ့” ဟယ်ရီက ပြောရင်း ကိုယ်ပျောက်ဝတ်ရုံကို ရွန့်ကိုပေါ် ခြုံလိုက်တယ်။ သူ့ကို တတောင်နဲ့တွက်ပြီး သွားခိုင်းတယ်။ “သူအပြစ်မရှိပါဘူး”

ရွန်က ဟင်းလို့ အကျယ်ကြီး လုပ်တယ်။ သူ့အနေနဲ့ ပန်းကန်ဘီဒိုထဲမှာ အရက်ဂေါ့ဂ်ကို ဥက္ကာပေါက်အောင် လုပ်တာကိုက မှားတာ။

ရဲတိုက်နဲ့ နီးနီးလာပြီ။ ဟယ်ရီက ခြေထောက်လေးချောင်းစလုံးဖုံးမိအောင် ကိုယ်ပျောက်ဝတ်ရုံကို ဆွဲလိုက်တယ်။ ဒီနောက် တကျွိကျွိမြည်တဲ့ ရှေ့တံခါးကို နည်းနည်းဟလိုက်တယ်။ သူတို့ဟာ တံခါးခန်းကို သတိနဲ့ဖြတ်ပြီး မာဘယ်လှေခါးထစ်ပေါ် တက်တယ်။ အသက်အောင့်ပြီး ကင်းလှည့်သူရှိတဲ့ စင်္ကြံကို ဖြတ်တယ်။ နောက်ဆုံးမှာ သူတို့ဟာ ဂရစ်ဖင်းဒေါ အများနေခန်းကို ဘေးမသီရန်မခပဲ ပြန်ရောက်လာတယ်။ အဲဒီက မီးဖိုမီးငြိမ်းတော့ပြီ။ ပြာထဲက မီးစလေး လက်နေတာပဲ ရှိတယ်။ သူတို့ ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ပြီး လည်ပတ်တဲ့ လှေခါးကို တက်ကာ အိပ်ခန်းပြန်ခဲ့ကြတယ်။

ရွန်ဟာ အင်္ကျီတောင် မချွတ်တော့ဘဲ ခုတင်ပေါ် ပစ်လှဲလိုက်တယ်။ ဟယ်ရီကတော့ သိပ်မအိပ်ချင်သေးဘူး။ သူဟာ တိုင်လေးတိုင် ခုတင်အစွန်းမှာ ထိုင်ပြီး အရက်ဂေါ့ဂ်ပြောတဲ့ စကားလုံးတိုင်းကို တွေးနေတယ်။

သူက တွေးတယ်။ ရဲတိုက်တနေရာမှာ ပုန်းနေတဲ့ အသက်နဲ့အကောင် အကြောင်းကြားရတာ ဗိုလ်ဒီမွန့်နဲ့ နည်းနည်းတူနေတယ် — တခြားအကောင်ဆန်းကတောင် သူ့နာမည်ကို မပြောချင်ဘူး။ ဒါပေမယ့် အဲဒီအသက်နဲ့ဟာက ဘာလဲ။ ဘယ်လို လုပ်ပြီး အတိုက်ခံရသူကို ကျောက်ဖြစ်စေတာလဲ။ သူနဲ့ ရွန် ခုထိ ဘာမှ မသိကြဘူး။ ဟက်ဂရစ်တောင် လျှို့ဝှက်အခန်းထဲ ဘာပိတ်ထားလဲ မသိရဘူး။

ဟယ်ရီ ခုတင်ပေါ် တက်လိုက်တယ်။ ခေါင်းအုံးကို မှီပြီး လရောင်ထဲ ရဲတိုက်ပြတင်းကနေ သူ့ဆီလင်းလက်နေတာ ကြည့်နေတယ်။



သူတို့မှာ ဘာနည်းနာရှိသလဲဆိုတာ သူတွေးလို့ မရဘူး။ သူနေရာတကာ နှာခေါင်းကျည်ပွေ့တွေ့တယ်။ အခက်အခဲထဲ ကျရောက်နေတယ်။ ရစ်ဒေါ် လူမှားဖမ်းတာ။ စလေးသရင်းရဲ့ ဆက်ခံသူ ပြေးသွားပြီ။ အခု လျှို့ဝှက်အခန်းကို ဖွင့်တာ ဒီလူတစ်ယောက်ထဲပဲလား၊ တခြားတစ်ယောက်ယောက်လား ဆိုတာ ဘယ်သူမှ မသိဘူး။ မေးစရာ လူလဲ မရှိဘူး။ ဟယ်ရီ လှဲအိပ်တယ်။ ခေါင်းထဲမှာ အရက်ဂေါ့ဂ်ရဲ့ စကားကိုပဲ တွေးနေတယ်။

သူအိပ်ပျော်ခါနီးပြီ။ ရုတ်တရက် အကြံတစ်ခု ပေါ်လာလို့ ထထိုင်လိုက်တယ်။ ဒါဟာ သူ့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်လိုပဲ။

“ရွန်” သူက အမှောင်ထဲမှာ အသာလေးခေါ်တယ်။

ရွန်ဟာ အစွယ်ကြီးလို အော်သံတစ်ချက် ထွက်လာတယ်။ ဟိုဒီကြည့်တယ်။ ဟယ်ရီကို မြင်တယ်။

“ရွန် — ဟို သေသွားတဲ့ ကောင်မလေး။ အရက်ဂေါ့ဂ်က သူမကို သန့်စင်ခန်းထဲမှာ တွေ့တာလို့ ပြောတယ်” ဟယ်ရီက ပြောတယ်။ နီဗီးဟာ နံရံဘေးမှာ တခေါခေါဟောက်နေတာ ဂရုမစိုက်ဘူး။ “တကယ်လို့ သူမ သန့်စင်ခန်းက မခွာဘဲနေနေရင်ကော။ သူမ အဲဒီမှာ ရှိနေသေးရင်ကော”

ရွန် မျက်စိကို ပွတ်တယ်။ လရောင်အောက်မှာ မျက်မှောင်ကြုတ်လိုက်တယ်။ ဒီနောက် သူနားလည်သွားပြီ။

“မင်းက — ငိုရှိုက်တဲ့ မားထော်လို့ ထင်သလား”

www.burmeseclassic.com

www.burmeseclassic.com



# ၁၆။ လျှို့ဝှက်အခန်း

"ထိုစဉ်က တို့ အဲဒီသန့်စင်ခန်းထဲမှာ သူမနဲ့ အိမ်သာရေလောင်းဘုံဘိုင်သုံးခုပဲ ကွာတယ်။ ဒါတောင် သူမကို မမေးနိုင်ခဲ့ဘူး" နောက်နေ့နံနက်စောစောစာစားတော့ ရွန်က စိတ်ညစ်ညစ်နဲ့ ပြောတယ်။ "အခု . . . "

ဒီနေ့ရက်တွေမှာ ပင့်ကူရှာရလို့ သူတို့ အတော်ဒုက္ခရောက်ခဲ့ပြီ။ ဆရာကို အကြာကြီး ပုန်းရှောင်ပြီး အမျိုးသမီး သန့်စင်ခန်းထဲ ခိုးဝင်ဖို့ ဆိုတာ — အဲဒီ သန့်စင်ခန်းဟာ တခြားမှာ မဟုတ်ဖူး၊ ပထမအကြိမ် တိုက်ခိုက်မှုဖြစ်ပွားတဲ့ နေရာရဲ့ ထရံတစ်ဖက်မှာ — ဒါလုံးဝ မဖြစ်နိုင်သလောက်ပဲ၊

သို့ပေမယ့် နံနက်ပိုင်း ပထမအချိန် ရုပ်ပြောင်းသင်တန်းမှာ တိုက်ခိုက်မှုတစ်ခုဖြစ်တယ်။ ဒါကြောင့် သူတို့ဟာ ရက်သတ္တပတ်အချို့အတွင်း ပထမဆုံးအကြိမ် လျှို့ဝှက်အခန်းကိစ္စကို မေ့သွားကြတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ် ကျောင်းခန်းထဲဝင်လာလို့ ဆယ်မိနစ်ပဲ ရှိသေးတယ်။ စာမေးပွဲကို ဇွန်လ တစ်ရက်နေ့မှာ ကျင်းပမယ်။ ဒီနေ့ကစ တစ်ပတ်အချိန် တိုတိုလေးပဲရှိတော့တယ်



"စာမေးပွဲ ?" စီးမတ်စ်-ဖင်နစ်ဂင်က မချိဘဲ အော်တယ်၊ "ငါတို့ စာမေးပွဲဖြေရဦးမယ် ?"

ဘမ်း။ ဟယ်ရီ နောက်ဘက်က အသံကြီး ထွက်တယ်။ နီဗီး-လွန်ဘော့တမ်ရဲ့ မှော်ကြိမ်လုံး လက်ထဲက လျှောကျသွားပြီး စာပွဲခုံခြေထောက် တစ်ချောင်း ရုတ်တရက်ပျောက်သွားတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ မိမိရဲ့ မှော်ကြိမ်လုံးကို မြှောက်ယမ်းလိုက်ပြီး ခုံခြေထောက်ပြန်တပ်လိုက်တယ်၊ ဒီနောက် သူမဟာ လှည့်ပြီး စီးမတ်စ်ကို မျက်မှောင်ကြုတ်ကြည့်နေတယ်။

"လက်ရှိလို အထူးအခြေအနေမှာ ကျောင်းပိတ်မပစ်တာဟာ မင်းတို့ ပညာသင်နိုင်အောင်လို့ပဲ" သူမက တည်တည်နဲ့ ပြောတယ်။ "ဒါကြောင့် စာမေးပွဲ ခါတိုင်းလိုပဲကျင်းပမယ်။ မင်းတို့ အားလုံး သေချာ စာကျက်ပြင်ဆင်မယ်လို့ ယုံကြည်တယ်"

သေချာစာကျက်။ ဟယ်ရီ ဘယ်တုန်းကမှ မတွေးခဲ့ဘူး။ ရဲတိုက်ထဲမှာ ဒီလို အခြေအနေမျိုး ဖြစ်နေတာတောင် စာမေးပွဲ စစ်ဦးမယ်တဲ့။ အတန်းထဲက ကျောင်းသားတွေ တစ်ယောက်တစ်ပေါက်ပြောဆိုနေကြတယ်။ ကျောင်းခန်းထဲမှာ တတွတ်တွတ်ပြောနေကြလို့ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ မျက်မှောင်လည်း ပိုကြုတ်လာတယ်။ မျက်နှာလည်း ပိုပြီး မကောင်းတော့ဘူး။

"ပါမောက္ခ ဒမ်ဘယ်လီဒိုး ညွှန်ကြားတာက ကျောင်းရဲ့ ပုံမှန်လည်ပတ်မှုကို တတ်နိုင်သလောက် ထိန်းထားဖို့ပဲ" သူမက ပြောတယ်။ "ဒါက မင်းတို့ ဒီနှစ် ဘယ်လောက် တတ်မြောက်သလဲဆိုတာ စစ်ဆေးဖို့ ဖြစ်တယ်"

ဟယ်ရီဟာ ယုန်ကလေးနှစ်ကောင်ကို ငုံ့ကြည့်နေတယ်။ သူဟာ ၎င်းတို့ကို စလစ်ပါ ဖိနပ်ဖြစ်အောင် လုပ်ရမှာ။ သူဒီနှစ် ဒီနေ့ထိ ဘာတွေ တတ်သလဲ။ သူ့ခေါင်းထဲက ဘာဗဟုသုတတွေနဲ့ စာမေးပွဲ ဖြေရမယ်ဆိုတာ သူမတွေးတတ်ဘူး။

ရွန့်အမူအရာကြည့်ရတာ တစ်ယောက်ယောက်က သူ့ကို တားမြစ်သစ်တောထဲ သွားနေရမယ်လို့ ပြောလိုက်သလိုပဲ။

"ငါဒီ အစုတ်နဲ့ စာမေးပွဲဖြေနိုင်မလားဆိုတာ မင်းတွေးကြည့်" သူဟာ မှော်ကြိမ်လုံးကို မြှောက်ပြီး ဟယ်ရီကို မေးတယ်။ ခုတွင်ပဲ အဲဒီ မှော်ကြိမ်လုံးဟာ နားစူးမတတ် အသံတွေထွက်နေသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဘာသာ စာမေးပွဲစစ်ဖို့ သုံးရက်သာလိုတော့တယ်။ နံနက်စောစောစားစားတော့ ပါမောက္ခ မက်ဂေါ်နာဂေါဟာ သတင်းတစ်ခု ကြေညာပြန်တယ်။

"အားလုံးကို သတင်းကောင်းပြောပြစရာ ရှိတယ်" သူမက ပြောတယ်။ ခန်းမထဲမှာ ငြိမ်သက်မသွားဘဲ အသံတွေ ဆူညံလာတယ်။

"ဒမ်ဘယ်လီဒိုး ပြန်လာတော့မယ်" လူတချို့ ဝမ်းသာလို့ အော်ကြတယ်။

"နင်က စလေးသရင်းရဲ့ ဆက်ခံသူကို ဖမ်းမိလို့" ရာဗင်ခလော ထမင်းစားစားပွဲပေါ်က ကျောင်းသူတစ်ယောက် အသံစူးစူးနဲ့ အော်ပြောတယ်။

"ခွေဒစ်ပြိုင်ပွဲ ပြန်လုပ်တော့မယ်" ဝုဒ်က လှိုက်လှဲစွာ ပြောတယ်။

ဒီဆူညံသံ တိတ်သွားပြီးနောက် ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "ပါမောက္ခ စပရောက်စ်က ပြောပြတယ်၊ မင်ဒရိတ်မင် ရိတ်သိမ်းလို့ရပြီ။ ဒီညမှာ ကျောက်ဖြစ်သွားတဲ့ လူတွေကို အသက်ပြန်ရှင်အောင် လုပ်နိုင်မယ်။ မင်းတို့ကို ထောက်ပြစရာ မလိုဘူး။ သူတို့ထဲက တစ်ယောက်ယောက်ဟာ တို့ကို ထိုစဉ်က ဘယ်သူ ဒါမှမဟုတ် ဘာအရာက သူတို့ကို တိုက်ခိုက်တယ်ဆိုတာ ပြောပြနိုင်လိမ့်မယ်လို့ ထင်တယ်။ ဒီကြောက်စရာကောင်းတဲ့ တစ်နှစ်ကို တရားခံဖမ်းမိတာနဲ့ အဆုံးသတ်ပါစေလို့ စိတ်ရင်းစေတနာနဲ့ မျှော်လင့်ပါတယ်"

အားလုံး ဝမ်းသာစွာ အော်ဟစ်ကြတယ်။ ဟယ်ရီက စလေးသရင်း ထမင်းစားစားပွဲကို လှမ်းကြည့်တယ်။ ဒရာကို-မော်ဖိုင်ရဲ့ အရိပ်ကို မမြင်ဘူး။ ဒါနဲ့ ပတ်သက်ပြီး သူနည်းနည်းမှ မအံ့ဩဘူး။ ရွန်ကတော့ ရက်အနည်းငယ်အတွင်း ပထမဆုံးအကြိမ် အပျော်ပန်းပွင့်လာတာပဲ။

"ဒါဆိုရင် ငါတို့ မားထော်ကို သွားမေးမေး မမေးမေးကိစ္စမရှိတော့ဘူး" သူက ဟယ်ရီကို ပြောတယ်။ "သူတို့ ဟာမီးကို နိုးလာအောင် လုပ်ပြီးနောက် သူမက မေးခွန်းအားလုံးကို ဖြေနိုင်လိမ့်မယ်ထင်တယ်။ ဒါပေမယ့် မင်းမမေ့နဲ့ဦး၊ သူမဟာ စာမေးပွဲဖြေဖို့ သုံးရက်သာ လိုတော့တာသိရင် စိတ်ပူလို့ ရူးလိမ့်မယ်။ သူမ စာမကျက်ရသေးဘူး။ ပိုပြီး သက်ညှာစွာနဲ့ သူမကို ဒီအတိုင်း ရှိပါစေ၊ စာမေးပွဲပြီးမှ ပြော"

ဒီအချိန်မှာပဲ ဂျင်နီ-ဝယ်စလီရောက်လာပြီး ရွန့်ဘေးမှာ ဝင်ထိုင်တယ်။



သူမဟာ အလွန်စိတ်လှုပ်ရှားပြီး မတည်မငြိမ်ဖြစ်နေတယ်။ သူမရဲ့ လက်နှစ်ဖက်ဟာ ဒူးပေါ်မှာ တအားဆုပ်လိမ်ထားတာ ဟယ်ရီ သတိပြုမိတယ်။

"ဘယ်လိုလဲ" ရွန်က ပြောရင်း ဆန်ပြုတ်နည်းနည်း မိမိပန်းကန်ထဲ ထပ်ထည့်တယ်။

ဂျင်နီက ဘာမှ မပြောဘူး။ ဂရစ်ဖင်းဒေါ ထမင်းစားစားပွဲကို အပြန်ပြန်အလှန်လှန် ကြည့်နေတယ်။ သူမမျက်နှာပေါ်က ကြောက်လန့်တဲ့ အမူအရာဟာ ဟယ်ရီကို လူတစ်ယောက် သတိရစေတယ်။ အဲဒါ ဘယ်သူ ပါလိမ့် သူတွေးလို့ မရဘူး။

"ပြောစရာရှိရင် မြန်မြန်ပြော" ရွန်က သူမကို ကြည့်ပြီး ပြောတယ်။

ဂျင်နီရဲ့ ဒီအမူအရာဟာ ဘယ်သူနဲ့ တူသလဲဆိုတာ ဟယ်ရီ ရုတ်တရက် သတိရလာတယ်။ သူမထိုင်ခုံပေါ်မှာ ရှေ့နောက် အသာလေးလှုပ်နေတဲ့ ပုံဟာ ဟယ်ရီကို ဒေါ်ဘီက ပြောလို့ မဖြစ်တဲ့ လျှို့ဝှက်ချက် တစ်ခုခုကို ဖွင့်ပြောချင်တဲ့အခါ၊ ပြောမယ်လုပ်ပြီး ပြောမထွက်တဲ့အခါမှာ ဒီလိုပဲ လှုပ်နေတယ်။

"ငါ နင်တို့ကို တစ်ခုပြောပြစရာ ရှိတယ်" ဂျင်နီက ဖွဖွပြောတယ်။ ဟယ်ရီ့အကြည့်ကို သတိနဲ့ ရှောင်တယ်။

"ဘာကိစ္စလဲ" ဟယ်ရီက မေးတယ်။

ဂျင်နီဟာ ပါးစပ်ဟလိုက်တယ်။ အသံတော့ မထွက်ဖူး။ ဟယ်ရီက အနားကပ်သွားပြီး အသံကို ဂျင်နီနဲ့ ရွန်ပဲ ကြားရအောင် နှိမ့်ပြောတယ်။

"လျှို့ဝှက်အခန်းနဲ့ ဆိုင်လား။ မင်းဘာတွေ မြင်လဲ။ တစ်ယောက်ယောက် ပုံမမှန်တာ ဖြစ်နေသလား"

ဂျင်နီက အသက်ပြင်းပြင်း ရှူလိုက်ပြီး စကားပြောမယ်လုပ်တုန်းမှာ ပတ်စီ-ဝယ်စလီပေါ်လာတယ်။ ပင်ပန်းနွမ်းနယ်နေတဲ့ ပုံပဲ။

"ဂျင်နီ၊ နင်စားပြီးရင် ငါ့ကို နေရာဖယ်ပေး။ ငါဆာလို့ သေတော့မယ်။ ခုပဲ တာဝန်ကျရာက ပြန်လာတာ"

ဂျင်နီ ခုန်ထလိုက်တယ်။ သူမထိုင်ခုံ လျှပ်စစ်သွင်းလိုက်သလိုပဲ၊ သူမဟာ ဂမန်းဂတန်း အလန့်တကြား ပတ်စီကို ကြည့်လိုက်ပြီး ထွက်ပြေးသွားတယ်။ ပတ်စီထိုင်ချလိုက်ပြီး စားပွဲအလယ်ကနေ ဖန်ခွက်ကြီးတစ်လုံး ဆွဲယူလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဖတ်စီ" ရှွန်က စိတ်ဆိုးဆိုးပြောတယ်။ "သူမက တို့ကို အလွန်အရေးကြီးတဲ့ကိစ္စ ပြောပြမလို့ဟာ"

ဖတ်စီဟာ လက်ဖက်ရည်သောက်ရင်း နင်သွားတယ်။

"ဘာကိစ္စလဲ" သူက ချောင်းဆိုးရင်းမေးတယ်။

"ငါခုနက သူမကို ထူးခြားတဲ့ အခြေအနေတွေ့လားလို့ မေးတယ်၊ သူမက ပြောမယ်လုပ် — "

"အော — ဟိုကိစ္စ — ဟိုကိစ္စ လျှို့ဝှက်အခန်းနဲ့ မဆိုင်ဘူး" ဖတ်စီ ချက်ချင်းပြောတယ်။

"မင်းဘယ်လိုသိလဲ" ရှွန်က အံ့သြစွာ မျက်ခုန်းပင့်ပြီး မေးတယ်။

"ဒီလိုပါ၊ အင်း၊ မင်းတို့ သိပ်သိချင်ရင်၊ ဂျင်နီ၊ အင်း၊ သူမ ဟိုနေ့က ရုတ်တရက် ငါနဲ့ တွေ့တယ်။ ထိုစဉ်က ငါဟာ — ဟင်း၊ မပြောလဲ ပြီးတာပဲ — စင်စစ် သူမဟာ ငါတစ်ခုလုပ်နေတာ မြင်သွားတယ်။ ငါ၊ အော၊ ငါက သူမကို ဘယ်သူ့ကိုမှ မပြောဖို့ ပိတ်ထားတယ်။ ဟင်း၊ သူမပြောသလို မလုပ်နိုင်ဘူးဆိုတာ ငါသိတယ်။ စင်စစ် ဒါ ဘာမှ မဟုတ်ဖူး၊ ငါ — "

ဖတ်စီ ဒီလိုဘာလုပ်ရမှန်း မသိတာ ဟယ်ရီ အရင်က မတွေ့ဖူးဘူး။

"မင်း အဲဒီတုန်းက ဘာလုပ်နေလဲ၊ ဖတ်စီ" ရှွန်က ကောက်ကျစ်စွာ ရယ်ရင်းမေးတယ်။ "ဖုံးမထားနဲ့။ ငါတို့ကို မြန်မြန်ပြောပြ။ ငါတို့ မင်းကို မရယ်ပါဘူး"

ဖတ်စီက မရယ်ဘူး။

"ဟို ပေါင်မုန့်ဝိုင်းလေးတွေ ငါ့ပေးစမ်း၊ ဟယ်ရီ၊ ငါတကယ် ဆာလို့သေတော့မယ်"

ဟယ်ရီ သိတာကတော့ သူတို့ အကူအညီ မပါလည်း လျှို့ဝှက်ချက်တစ်ခုလုံးဟာ မနက်ဖြန်မှာ ပေါ်လာမှာပဲ။ ဒါပေမယ့် မားထော်နဲ့ ဆွေးနွေးဖို့ အခွင့်အရေးရရင်လည်း လက်မလွှတ်ချင်ဘူး — သူ့ကို ဝမ်းသာစေတာတော့ ဒီအခွင့်အရေးဟာ ချက်ချင်းရောက်လာတာပဲ။ နံနက်ပိုင်း ကျောင်းနှစ်ချိန်တက်ပြီးနောက်၊ သူတို့ဟာ ဂစ်ဒရိုင်း-လော့ဟတ်ရဲ့ လိုက်ပို့မှုနဲ့ မှော်သမိုင်းသင်တန်း သွားတက်တယ်။

လော့ဟတ်ဟာ အန္တရာယ်ကျော်လွန်သွားပြီလို့ သူတို့ကို အကြိမ်



ပေါင်းများစွာ အာမခံတယ်။ ဒါပေမယ့် လက်တွေ့က သူမှားကြောင်း မကြာခင်မှာပဲ သက်သေပြလိုက်တယ်။ အခု သူဟာ ပိုပြီး ပြတ်ပြတ်သားသားနဲ့ ကျောင်းသားတွေကို စင်္ကြံထဲမှာ လုံခြုံစွာ ဖြတ်သန်းသွားလာနိုင်အောင် လုံးဝလိုက်ပို့စရာမလိုဘူးလို့ ထင်တယ်။ သူ့ဆံပင်ဟာ ခါတိုင်းလောက် လက်ပြောင်မနေတော့ဘူး။ တညလုံး ငါးလွှာမှာ ကင်းလှည့်နေရလို့ သိပ်မအိပ်ရဘူးနဲ့ တူတယ်။

"ကျုပ်စကားကို မှတ်ထားကြပါ" သူက သူတို့ကို ထရံဒေါင့်တစ်ခုကို ဖြတ်သွားဖို့ ခေါ်ရင်း ပြောတယ်။ "ဟို သနားစရာ ကျောက်ဖြစ်တဲ့ လူတွေ နိုးလာလို့ ပြောမယ့် ပထမဆုံးစကားကတော့ 'ဟက်ဂရစ်ဟာ တရားခံ' လို့ ရိုးရှင်းစွာ ပြောမှာ။ ကျုပ် အံ့သြမိတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ လုံခြုံရေးအစီအစဉ်တွေ ဒီလောက်များများ လုပ်ဖို့လိုမယ် ထင်နေတယ်"

"ကျွန်တော် သဘောတူတယ်၊ ဆရာ" ဟယ်ရီက ပြောတယ်။ ရှွန်ဟာ အံ့အားသင့်လို့ စာအုပ် အောက်ပြုတ်ကျသွားတယ်။

"ကျေးဇူးတင်တယ်၊ ဟယ်ရီ" လော့ဟတ်ဟာ သဘောကောင်းစွာနဲ့ ပြောတယ်။ သူတို့ဘေးကပ်ရပ်နေပြီး တန်းစီလာတဲ့ ဟော့ဖ်ဖတ်ကျောင်းသားတွေကို ဖြတ်သွားစေတယ်။ "ကျုပ် ဆိုလိုတာက ကျုပ်တို့ ဆရာတွေ လုပ်ရမယ့်အလုပ်တွေ အများကြီး။ ကျောင်းသားတွေ ကျောင်းတက်တာ လိုက်ပို့ရတယ်၊ တညလုံးလဲ ကင်းစောင့်ရတယ် ......"

"မှန်တယ်" ရှွန်လည်း ချက်ချင်းသဘောပေါက်သွားတယ်။ "ဒီတင်ပဲ ပို့လဲရပါပြီ၊ ဆရာ။ ကျွန်တော်တို့ စင်္ကြံတစ်ခုပဲ ကျန်တော့တာ"

"ကောင်းပြီ၊ ဝယ်စလီ၊ ဒီအတိုင်းပဲ" လော့ဟတ်က ပြောတယ်၊ "ကျုပ် နောက်တစ်ချိန် သင်ဖို့ သွားပြင်ဆင်သင့်ပြီ"

သူဟာ ပြောပြီးတာနဲ့ မြန်မြန်ထွက်သွားတယ်၊

"ဘာစာသင်ဖို့ ပြင်တာလဲ" ရှွန်က သူ့နောက်ကျောကို ကြည့်ပြီး သရော်တယ်။ "သူ့ဆံပင်ကို သွားလိပ်တာပဲ ဖြစ်မယ်"

သူတို့ဟာ တခြား ဂရစ်ဖင်းဒေါကျောင်းသားတွေကို ရှေ့တက်သွားစေတယ်။ ဒီနောက် တိတ်တိတ်လေး ဘေးကလမ်းထဲ လစ်ဝင်လိုက်ပြီး ငိုမှိုက်တဲ့ မားထော်ရဲ့ သန့်စင်ခန်းဆီ အလောတကြီး ပြေးသွားတယ်။ သို့ပေမယ့် ဒီစီမံကိန်း ဟာကွက်မရှိဘူးလို့ ဂုဏ်ပြုမယ်လုပ်တုန်းမှာ ....

www.burmeseclassic.com

www.burmeseclassic.com



"ပေါ်တာ၊ ဝယ်စလီ၊ မင်းတို့ ဘာလုပ်နေလဲ"

ပါမောက္ခ မက်ဂေါ်နာဂေါ်ဖြစ်နေတယ်။ သူမရဲ့ ပါးစပ်ဟာ မျဉ်းဖြောင့် အသေးဆုံးလေး ဖြစ်အောင် စေ့ထားတယ်။

"ကျွန်တော်တို့က — ကျွန်တော်တို့က — " ရွန်က အ,ထစ် အ,ထစ် ပြောတယ်။ "ကျွန်တော်တို့က — သွားကြည့် — "

"ဟာမီး" ဟယ်ရီက ဆက်ပြောတယ်။ ရွန်နဲ့ ပါမောက္ခ မက်ဂေါ်နာဂေါ်တို့ သူ့ကို ကြည့်နေတယ်။

"ကျွန်တော်တို့ သူမကို မတွေ့ရတာ ကြာလှပြီ၊ ပါမောက္ခ" ဟယ်ရီက ရွန့်ခြေထောက်ကို နင်းလိုက်ပြီး တဆက်တည်း ပြောတယ်။ "ကျွန်တော်တို့ ခုနက ဆေးရုံကို ခိုးသွားမလို့။ သူမကို မင်ဒရိတ်ပင်ရတော့မယ်၊ စိတ်မပူနဲ့လို့ ပြောမလို့"

ပါမောက္ခ မက်ဂေါ်နာဂေါ်က သူ့ကို စိုက်ကြည့်မြဲ စိုက်ကြည့်နေတယ်။ ဒီအချိန်မှာ ဟယ်ရီဟာ သူမ အကြီးအကျယ် ဒေါသထွက်မယ် ထင်နေတယ်။ နောက်ဆုံး သူမစကားပြောပြီ။ အသံက တမျိုးကြီး တုန်နေတယ်။

"ဒါပေါ့လေ" သူမက ပြောတယ်။ သူမရဲ့ စူးရှတဲ့ မျက်လုံးထဲမှာ မျက်ရည်စကို ဟယ်ရီ အံ့အားသင့်စွာ တွေ့ရတယ်။ "ဒါပေါ့၊ ဆရာမ သိပါတယ် ကံမကောင်းတဲ့ ဒုက္ခရောက်ရသူအားလုံးအဖို့ ပြောရရင် ဒီလိုခံရတာ သိပ်ကို ဆိုးပါတယ် . . . . ငါနားလည်ပါတယ်။ ဟုတ်တယ်၊ ပေါ်တာ၊ မင်းတို့ ဟာမီးကို သွားကြည့်လို့ရတာပေါ့။ ပါမောက္ခ ဘင်းစ်ကို မင်းတို့ ဘယ်သွားတယ်ဆိုတာ ပြောထားလိုက်မယ်။ မဒမ်ဖွမ်ဖရေကို ငါမင်းတို့ကို သွားကြည့်ခွင့်ပြုတာလို့ပြော"

ဟယ်ရီနဲ့ ရွန်ထွက်လာခဲ့တယ်။ သူတို့ဟာ ကံသီလို့ ကျောင်းပိတ် လုပ်အားပေးခိုင်းခံရမယ့် အပြစ်ပေးမှုက လွတ်ခဲ့ရတာ ယုံတောင်မယုံနိုင်ကြဘူး။ နံရံဘေးကွေ့ချိုးတော့ သူတို့ဟာ ပါမောက္ခမက်ဂေါ်နာဂေါ် နှပ်ညှစ်တာကို ရှင်းရှင်းလင်းလင်း ကြားရတယ်။

"တယ်ဟုတ်ပါလား" ရွန်က စိတ်လှုပ်ရှားစွာ ပြောတယ်။ "အဲဒါ မင်းပြောလိုက်တဲ့ အကောင်းဆုံး လိမ်ပြောတဲ့ စကားကွ"

အခု သူတို့ ရွေးချယ်စရာ မရှိတော့ဘူး။ ဆေးရုံကိုပဲ သွားပြီး မဒမ်ဖွမ်ဖရေကို ပါမောက္ခ မက်ဂေါ်နာဂေါ်က သူတို့ကို ဟာမီး လာကြည့်ဖို့ ခွင့်



ပြုကြောင်း ပြောဖို့ပဲ ရှိတော့တယ်။

မဒမ်ဖွမ်ဖရေက သူတို့ကို ဝင်ခွင့်ပြုတယ်။ ဒါပေမယ့် သိပ်တော့ မကြိုက်ဘူး။

"ကျောက်ဖြစ်နေတဲ့ လူနဲ့ စကားပြောတာဟာ အလကား အချိန်ကုန်တာပဲ" သူမက ပြောတယ်။ သူတို့ ဟာမီးခုတင်ဘေး ထိုင်မိတဲ့အခါမှာ မဒမ်ဖွမ်ဖရေ ပြောတာ မှန်ကြောင်း လက်ခံရတော့တယ်။ ဟာမီးဟာ သူ့မကို လာကြည့်တာ လုံးဝ မသိတာထင်ရှားတယ်။ သူတို့ ဂျင်းကို စိတ်မပူနဲ့၊ အားလုံး ကောင်းသွားမယ်လို့ ခုတင်ခေါင်းရင်း ဘီဒိုပုလေးနဲ့ စကားပြောတာကမှ တော်ဦးမယ်။

"ဟို တိုက်ခိုက်တဲ့ လူကို သူမ မြင်သလား မသိဘူး" ရွန်က ဝမ်းနည်းစွာ ဟာမီးရဲ့ မာတောင့်တဲ့ မျက်နှာကို ကြည့်နေပြီး ပြောတယ်။ "ဟိုအကောင်က ကျောဘက်ကနေ တိတ်တိတ်ကပ်သွားရင် ဘယ်သူမှ သိမှာမဟုတ် . . . ."

ဒါပေမယ့် ဟယ်ရီဟာ ဟာမီးမျက်နှာကို ကြည့်မနေဘူး။ သူဟာ သူမရဲ့ ညာလက်ကို ပိုစိတ်ဝင်စားသလိုပဲ။ အဲဒီလက်သီးဆုပ်ထားတဲ့ လက်ဟာ စောင်ပေါ်မှာ တင်ထားတယ်။ ဟယ်ရီက ကပ်ကြည့်တော့ လက်ဆုပ်ထဲမှာ စက္ကူတွေ့တယ်။

ဟယ်ရီဟာ မဒမ်ဖွမ်ဖရေ အနားမှာ မရှိတာ သေချာမှ စက္ကူကို ရွန့်ကို ညွှန်ပြတယ်။

"ဆွဲထုတ်ရအောင်" ရွန်က တိုးတိုး ပြောရင်း ကုလားထိုင်ကို ဖယ်လိုက်ပြီး မဒမ်ဖွမ်ဖရေ ဟယ်ရီကို မမြင်အောင် ကာထားတယ်။

ဟယ်ရီဟာ အတော်ကြိုးစားရတယ်။ ဟာမီးဟာ စက္ကူကို တအား ဆုပ်ထားလို့။ စက္ကူစုတ်သွားလိမ့်မယ်လို့ ဟယ်ရီထင်တယ်။ မိနစ်နဲ့ ရွန်ဘေး ဘေးမှာ ကင်းစောင့်၊ ဟယ်ရီက ဆွဲဖြဲနဲ့ မိနစ်အနည်းငယ်ကြာကြာ ကြိုးစား လိုက်မှ စက္ကူထွက်လာတယ်။

ဒါဟာ အလွန်ဟောင်းတဲ့ စာကြည့်တိုက်မှ စာအုပ်ထဲက ဖြဲထားတဲ့ စက္ကူ။ ဟယ်ရီဟာ အလောတကြီး ဖြန့်လိုက်တယ်။ ရွန်လဲ တိုးလာပြီး ငုံ့ ယောက်သား အတူဖတ်ကြတယ်။

ကျွန်ုပ်တို့ နိုင်ငံမှာ ကြောက်စရာ သားရဲတိရစ္ဆာန်နဲ့ အကောင်ဆန်း တွေသွားလာနေတယ်။ ၎င်းအနက် အထူးဆန်းဆုံး သက်ပြတ်နိုင်စွမ်းအရှိ

www.burmeseclassic.com



ဆုံးကတော့ ဘက်ဆစ်လစ်မြွေဘီလူးပဲ ဖြစ်တယ်။ မြွေဘုရင်လို့လဲ ခေါ်တယ်။ ဒီလို မြွေမျိုးရဲ့ ကိုယ်ခန္ဓာဟာ အလွန်တရာ ကြီးမားနိုင်တယ်၊ ယေဘုယျအားဖြင့် နှစ်ရာအချို့ အသက်ရှည်တယ်။ ၎င်းဟာ ကြက်ဖဥ တစ်လုံးကို ဖားပြုပ်တစ်ကောင်က ဝပ်ပြီး ပေါက်ဖွားလာတာ ဖြစ်တယ်၊ ၎င်းလူသတ်တဲ့ နည်းနာဟာ အင်မတန်ကြောက်စရာ ကောင်းတယ်၊ ၎င်းရဲ့ သေစေနိုင်တဲ့ အဆိပ်သွားအပြင်၊ မြွေဘီလူး စိုက်ကြည့်ရင်လဲ လူသေနိုင်တယ်။ ဘယ်သူမဆို ၎င်း စိုက်ကြည့်ခံရရင် ချက်ချင်းသေတယ်၊ ပင့်ကူဟာ ၎င်းကို မြင်လျှင်ချက်ချင်း ထွက်ပြေးတယ်။ မြွေဘီလူးဟာ ပင့်ကူရဲ့ ရန်သူဖြစ်လို့။ မြွေဘီလူးဟာ ကြက်ဖတွန်သံကြားမှ အသက် ဘေးမှ လွတ်အောင် ပြေးတယ်။ ကြက်ဖတွန်သံဟာ ၎င်းအဖို့ သေစေနိုင်လို့ပဲ။

ဒီစာတွေအောက်မှာ စာနှစ်လုံးရေးထားတယ်။ ဟယ်ရီဟာ ဟာမီးလက်ရေးမှန်း ချက်ချင်းသိတယ်။ အဲဒီစာနှစ်လုံးကတော့ — "ပိုက်လိုင်း"

ရုတ်ချည်းပဲ၊ တစ်ယောက်ယောက်က ဟယ်ရီ့ ခေါင်းထဲမှာ အလင်းရောင်ပေးလိုက်သလို ဖြစ်သွားတယ်။

"ရွန်" သူဟာ စိတ်လှုပ်ရှားလွန်းလို့ အသက်တောင် မရှူနိုင်ဘူး၊ "ဒီအတိုင်းပဲ။ အဖြေက ဒီမှာပဲ။ လျှို့ဝှက်အခန်းထဲက အကောင်ဆန်းဟာ မြွေဘီလူး — ရောမမြွေကြီး။ ဒါကြောင့် ငါသွားလေရာရာမှာ အဲဒီအသံကို ကြားတာ။ တခြားလူတွေက မကြားဘူး။ အကြောင်းက ငါမြွေစကား နားလည်လို့ . . . . . ."

ဟယ်ရီက သူ့ဘေးပတ်လည်က လူနာခုတင်တွေကို ကြည့်နေတယ်။

"မြွေဘီလူးရဲ့ မျက်စိအကြည့်ခံရတဲ့ လူဆိုရင် သေမှာ။ ဒါပေမယ့် ဒီမှာ တစ်ယောက်မှ မသေဘူး — သူတို့ဟာဘယ်သူမှ မြွေနဲ့အကြည့်ချင်း မဆုံလို့။ ခိုလင်က ကင်မရာကတစ်ဆင့် ၎င်းကို မြင်တာ။ မြွေဘီလူးဟာ ကင်မရာထဲက ဖလင်ကိုတောင် မီးလျှို့ပစ်တယ်။ ခိုလင်ကတော့ ကျောက်ဖြစ်သွားတယ်။ ဂျတ်စတင်ကကော . . . . ဂျတ်စတင်ဟာ ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတဲ့ နစ်ခ်ကို ဖောက်ပြီး မြွေဆန်းကို မြင်တာ။ နစ်ခ်ကတော့ မြွေနဲ့ အကြည့်ချင်း ဆုံတယ်။ ဒါပေမယ့် သူနောက်တစ်ကြိမ် မသေနိုင်တော့ဘူး . . . . ဟာမီးနဲ့ ဟို ရာဗင်ခဲလောကျောင်းသူကို တွေ့ကြတော့ ဘေးမှာ မှန်ထား



ချပ်ရှိတယ်။ ငါမြင်းနဲ့ လောင်းဝံ့တယ်။ သူမဟာ လူတွေ့တိုင်း မှန်နဲ့ ကွေ့ချိုးကို လှမ်းကြည့်ဖို့ သတိပေးနေတာ ဖြစ်မယ်။ ဟိုကောင်မလေး မှန်ထုတ်လိုက်ရုံရှိသေးတယ် — ဒါနဲ့ — "

ရွန်အံ့ဩလွန်းလို့ ပါးစပ်ကြီးဟနေတယ်။

"ဒါဖြင့်ရင် မစ္စစ်နော်ရီးစ်ကကော" သူက တိုးတိုးမေးတယ်။

ဟယ်ရီက တွေးနေတယ်။ ဟောလိုးဝင်းရှေ့ညက အခြေအနေကို ပြန်တွေးနေတယ်။

"ရေ . . . ." သူက ဖြည်းဖြည်းပြောတယ်၊ "ငိုရှိုက်တဲ့ မားထော်သန့်စင်ခန်းက စိမ့်ထွက်လာတဲ့ ရေအိုင်။ "မစ္စစ်နော်ရီးစ်ဟာ ရေထဲက အရိပ်ကို မြင်တာလို့ ငါပြောရဲတယ် . . . . ."

သူဟာ လက်ထဲက စာရွက်ကို အလောတကြီး ကြည့်ပြန်တယ်။ ကြည့်လေ၊ စိတ်ထဲရှင်းသွားလေပဲ။

"ကြက်ဖတွန်သံဟာ ၎င်းဖို့ သေစေနိုင်လို့ပဲ" သူက ကျယ်ကျယ်ဖတ်တယ်။ "ဟက်ဂရစ်ရဲ့ ကြက်ဖတွေ အကုန်အသတ်ခံရတယ်။ လျှို့ဝှက်အခန်းဖွင့်သွားရင် စလေးသရင်းရဲ့ ဆက်ခံသူဟာ ရဲတိုက်အနီးမှာ ကြက်ဖမရှိစေချင်ဘူး။ ပင့်ကူ ၎င်းကို မြင်ရင် ထွက်ပြေးတယ်။ အား၊ အချက်တိုင်း ကိုက်နေတာပဲ"

"ဒါပေမယ့် မြွေဘီလူးဟာ ဘယ်လို လုပ်ပြီး ဟိုဒီသွားလာနေတာလဲ" ရွန်က ပြောတယ်။ "အရုပ်ဆိုးတဲ့ မြွေကြီး . . . . တစ်ယောက်ယောက်ကတော့ မြင်မှာပဲ . . . . . ."

ဟယ်ရီက ဟာမီး စာရွက်အောက်ဘက်မှာ သော့သော့ရေးထားတဲ့ စာနှစ်လုံးကို လက်ညှိုးထိုးပြတယ်။

"ပိုက်လိုင်း" သူက ပြောတယ်၊ "ပိုက်လိုင်း . . . . ရွန်၊ သူဒီတိုင်း ပိုက်ထဲမှာ လှုပ်ရှားနေတာ။ အဲဒီအသံကို နံရံထဲမှာလို ငါကြားကြားနေတာ . . . ."

ရွန်က ဟယ်ရီ့လက်မောင်းကို ဆွဲထားလိုက်တယ်၊

"လျှို့ဝှက်အခန်းရဲ့ ဝင်ပေါက်" သူအသံအအကြီးနဲ့ ပြောတယ်၊ "သန့်စင်ခန်းထဲမှာ ဖြစ်ချင်ဖြစ်မှာ၊ ဟို — "

" — ငိုရှိုက်တဲ့ မားထော်ရဲ့ သန့်စင်ခန်း" ဟယ်ရီက ပြောတယ်၊

သူတို့ထိုင်နေကြတယ်။ စိတ်လှုပ်ရှားလွန်းလို့ ကိုယ့်ကိုကိုယ် မချုပ်

www.burmeseclassic.com

www.burmeseclassic.com



အည်းနိုင်ဘူး။ ဒါတွေကို ယုံတောင် မယုံနိုင်ဘူး။

"ဒါက ဘာဖော်ပြသလဲ ဆိုတော့" ဟယ်ရီက ပြောတယ်။ "ဒီကျောင်းထဲမှာ မြွေမာဂစကားတတ်တာ ငါတစ်ယောက်ထဲ မဟုတ်ဘူး။ စလေးသရင်းရဲ့ ဆက်ခံသူလဲ နားလည်တယ်။ ဒါကြောင့် သူတို့ မြွေဘီလူးကို ချုပ်ကိုင်ထားနိုင်တာပေါ့"

"ငါတို့ ဘယ်လိုလုပ်ရမလဲ" ရွန်က မေးတယ်။ သူ့မျက်လုံးလက်နေတယ်။ "မက်ဂေါ်နာဂေါ်ကို တိုက်ရိုက်သွားတွေ့ကြမလား"

"ငါတို့ ဆရာများနားနေခန်းကို သွားမယ်" ဟယ်ရီက ပြောပြီး ခုန်ထလိုက်တယ်။ "သူမ ဆယ်မိနစ်လောက်ဆို အဲဒီကို ရောက်လိမ့်မယ်။ ကျောင်းဆင်းခါနီးပြီ"

သူတို့ လှေခါးက ပြေးဆင်းသွားတယ်။ သူတို့ တခြားစင်္ကြံတစ်ခုထဲမှာ လျှောက်သွားနေတာ ပါမောက္ခ မက်ဂေါ်နာဂေါ် မတွေ့စေချင်ဘူး။ ဒါကြောင့် လူတစ်ယောက်မှ မရှိတဲ့ ဆရာများ နားနေခန်းထဲ တန်းဝင်ကြတယ်။ ဒီအခန်းဟာ ဘေးပတ်လည် ပျဉ်ကပ်ထားတဲ့ အခန်းကြီး။ အထဲမှာ သစ်နက်စာပွဲခုံတွေနဲ့ ပြည့်နေတယ်။ ဟယ်ရီနဲ့ ရွန်ဟာ အထဲမှ ဟိုဒီလျှောက်နေတယ်။ စိတ်လှုပ်ရှားလို့ မထိုင်နိုင်ကြဘူး။

ဒါပေမယ့် ကျောင်းဆင်းခေါင်းလောင်းက ထိုးကိုမထိုးဘူး။

ဆန့်ကျင်စွာပဲ၊ စင်္ကြံထဲမှာ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့အသံ မှော်ပညာနဲ့ အဆပေါင်းများစွာ ချဲ့ထားတာ ပေါ်လာတယ်။

"ကျောင်းသားအားလုံး သက်ဆိုင်ရာ အိပ်ဆောင်ကို ချက်ချင်းပြန်ကြပါ။ ဆရာအားလုံး ဆရာများနားနေခန်းကို ပြန်ပါ။ ချက်ချင်းလှုပ်ရှားကြပါ"

ဟယ်ရီ ဆတ်ခနဲ ကိုယ်ကိုလှည့်လိုက်ပြီး ရွန့်ကို စိုက်ကြည့်လိုက်တယ်။

"ပြဿနာ ဖြစ်ပြန်ပြီလား ဒီအချိန်ကြီးမှာ ?"

"ငါတို့ ဘယ်လိုလုပ်မလဲ" ရွန်က ထိတ်လန့်စွာ မေးတယ်။ "အိပ်ဆောင်ပြန်မလား"

"မဖြစ်ဖူး" ဟယ်ရီက ပြောရင်း မျက်စိက ပတ်ဝန်းကျင်မှာ ရှာဖွေနေတယ်။ ၎င်းရဲ့ ဝဲဘက်မှာ အလွန်အရုပ်ဆိုးတဲ့ အဝတ်ဘီဒိုကြီး ရှိတယ်။ အထဲမှာ ဆရာတွေ ကျောင်းတက်ချိန်မှာ ဝတ်တဲ့ ဝတ်ရုံရှည်ကြီးတွေနဲ့ ပြည့်နေတယ်။ "ဒီထဲ ဝင်ပုန်းနေမယ်။ ဘာဖြစ်တာလဲဆိုတာ နားထောင်ပြီးမှ ငါတို့



တွေ့ရှိတာ ပြောပြမယ်"

သူတို့ အဝတ်ဘီဒိုကြီးထဲ ဝင်ပုန်းနေလိုက်ပြီး လူရာအချို့ ကျောင်းပေါ်မှာ သွားလာနေတဲ့ အသံကို နားထောင်နေကြတယ်။ ဆက်လက်ပြီး ဆရာများ နားနေခန်းတံခါး တအားတွန်းဖွင့်ခံလိုက်ရတယ်။ သူတို့ဟာ မှိုနံ့ထွက်နေတဲ့ ဝတ်ရုံရှည်ကြီးများကြားက အခန်းထဲ ဝင်လာတဲ့ ဆရာတွေကို ကြည့်တယ်။ တချို့က နဝေတိမ်တောင် ဖြစ်နေတယ်။ တချို့က ဝိညာဉ်တောင် မရှိတော့သလိုပဲ။ ဒီနောက်မှာ ပါမောက္ခ မက်ဂေါ်နာဂေါ် ရောက်လာတယ်။

"ပြဿနာဖြ[illegible]ပြန်ပြီ" သူမက အခန်းထဲရှိ ငြိမ်နေတဲ့ ဆရာတွေကို ပြောတယ်။ "ကျောင်းသူတစ်ယောက် အကောင်ဆန်းဖမ်းသွားတယ်။ လျှို့ဝှက်အခန်းထဲ တန်းခေါ်သွားတယ်"

ပါမောက္ခ ဖလစ်ဝစ် အော်လိုက်တယ်။ ပါမောက္ခ စပရောက်စ်ဟာ ရုတ်တရက် ပါးစပ်ကို လက်နဲ့ အုပ်လိုက်တယ်။ စနိတ်ပ်ဟာ ထိုင်ခုံတစ်လုံးရဲ့ နောက်မှီကို အတင်းဆုပ်ထားပြီး မေးတယ်။ "ခင်ဗျား ဘယ်လိုလုပ်ပြောနိုင်တာလဲ"

"စလေးသရင်းရဲ့ ဆက်ခံသူ" မျက်နှာဖြူဖပ်ဖြူယော် ဖြစ်နေတဲ့ ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်။ "စာတစ်ကြောင်းရေးထားခဲ့ပြန်တယ်။ အရင်တစ်ခါစာရဲ့ အောက်မှာ ဒီလို ရေးထားတယ် — သူမရဲ့ အလောင်းကို လျှို့ဝှက်အခန်းမှာ ထာဝရထားမယ်"

"ဘယ်သူလဲ" မဒမ်ဟူးချ်ဟာ ဒူးပျော့ပြီး ထိုင်ခုံပေါ် ထိုင်ချလိုက်တယ်။ "ဘယ်ကျောင်းသူလဲ"

"ဂျင်နီ-ဝယ်စလီ" ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်။

ရွန်ဟာ သူ့ဘေးမှာ အသံမထွက်ပဲ ကြမ်းပေါ် လဲကျသွားတာ ဟယ်ရီ သိလိုက်တယ်။

"မနက်ဖန်မှာ ကျောင်းသားအားလုံးကို အိမ်ပြန်လွှတ်မှ ဖြစ်မယ်" ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်။ "ဟော့ဂ်ဝပ်တာ ဒီတွင်ပဲ ဒမ်ဘလီဒိုး အရင်က အမြဲပြောတယ် ......"

ဆရာများ နားနေခန်းကတံခါး နောက်တစ်ကြိမ် တွန်းဖွင့်ခံရပြန်တယ်။ ဟယ်ရီဟာ ရုတ်တရက် ဒမ်ဘလီဒိုး ပြန်လာပြီလို့ အထွေးဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သောသူဟာ လော့ဟတ်ဖြစ်နေတယ်။ သူ့မျက်နှာပေါ်မှာ ပြုံးရွှင်နေလိုက်သေးတယ်။

"ဝမ်းနည်းပါတယ် — အိပ်ပျော်သွားလို့ — ကျွုပ် ဘာများမသိလိုက်ရတာ ရှိလဲ"

တခြား ဆရာတွေ ရန်ငြိုးအကြည့်လို့ ပြောလို့ရတဲ့ အကြည့်နဲ့ သူ့ကို ကြည့်နေတာကို သူသတိမထားမိသလိုပဲ။ စနိတ်ပ်က သူ့ဆီသို့ တစ်လှမ်းတိုးသွားတယ်။

"ပြဿနာ ဖြေရှင်းမယ့်လူလာပြီ" သူက ပြောတယ်။ "ဒီလူပါပဲ။ လော့ဟတ်၊ ကောင်မလေးတစ်ယောက် အကောင်ဆန်း ဖမ်းသွားခံရတယ်။ လျှို့ဝှက်အခန်းထဲ ခေါ်သွားတယ်။ ခင်ဗျားရဲ့ ထွန်းပြောင်မှုကို ဖော်ပြရမယ့် အချိန်ရောက်ပြီ"

လော့ဟတ်ရဲ့ မျက်နှာဟာ ဆတ်ခနဲ သွေးရောင်ဆုတ်သွားတယ်။

"ဟုတ်တယ်လေ၊ ဂစ်ဒရိုက်" ပါမောက္ခ စပရောက်စ်က ဝင်ပြောတယ်။ "ရှင်မနေ့ညက လျှို့ဝှက်အခန်းရဲ့ ဝင်ပေါက်ဘယ်မှာရှိတယ်ဆိုတာ သေချာသိတယ်လို့ ပြောတယ်မှတ်လား"

"ကျွုပ် — ဒါ၊ ဒါ၊ ကျွုပ် —"လော့ဟတ်ဟာ အ,ထစ် အ,ထစ်နဲ့ ပြောတယ်။

"ခင်ဗျားက ကျွုပ်ကို ဟိုထဲက အကောင်ဆန်းဟာ ဘာဆိုတာ သိတယ်လို့ ပြောတယ် မှတ်ဖူးလား" ပါမောက္ခ ဖလစ်ဝစ်ကလဲ ဝင်ပြောတယ်။

"ကျွုပ် — ကျွုပ် ပြောလို့လား။ ကျွုပ်မမှတ်မိတော့ဘူး ...."

"ခင်ဗျားပြောတဲ့ စကားကို ကျွုပ်မှတ်မိတာပေ့ါ။ ခင်ဗျားက ဟက်ဂရစ် အဖမ်းမခံရခင်မှာ အကောင်ဆန်းနဲ့ မယှဉ်လိုက်ရတာ နှာမြောမိတယ်လို့ ပြောတယ်" စနိတ်ပ်က ပြောတယ် "ခင်ဗျားက ပြောသေးတယ် မှတ်လား ကိစ္စအားလုံး ရှုပ်နေနေတာပဲ။ စစချင်းကတည်းက ခင်ဗျားကို ဖြေရှင်းခိုင်းမှာလို့ ပြောတယ်မှတ်လား"

လော့ဟတ်ဟာ ပါးစပ်အဟောင်းသား၊ မျက်နှာတင်းတင်းနဲ့ လုပ်ဖော်ကိုင်ဘက်တွေကို ကြည့်နေတယ်။

"ကျွုပ် .... ကျွုပ် တကယ် ဘယ်တုန်းကမှ .... ခင်ဗျားတို့ အထင်လွဲနေပြီ ထင်တယ်"



"ဒါဆိုရင်၊ ဂစ်ဒရိုက်၊ ကျွန်မတို့က ရှင့်ကိုပဲ ဖြေရှင်းခိုင်းလိုက်မယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "ဒီညဟာ ရှင်ပညာပြရမယ့် အကောင်းဆုံး အခွင့်အရေးပဲ။ ဘယ်သူမှ ရှင့်ကို အနှောင့်အယှက် မပေးစေရဘူး။ ရှင်တစ်ယောက်ထဲပဲ ဟိုအကောင်ဆန်းကို ဖြေရှင်းနိုင်တယ်။ အခု ရှင့်သဘောနဲ့ လုပ်ခွင့်ရပြီ"

လော့ဟတ်ဟာ မျှော်လင့်ချက် ကင်းမဲ့စွာ ဟိုဒီကြည့်တယ်။ ဒါပေမယ့် တစ်ယောက်မှ သူ့ဘက်က ထွက်ပြောမပေးဘူး။ သူ့ပုံဟာ နည်းနည်းမှ ဂိုက်မကျတော့ဘူး။ သူ့နှုတ်ခမ်းတွေတုန်နေတယ်။ မျက်နှာပေါ်မှာလည်း ခါတိုင်းလို သွားဖွေးဖွေးတွေ ပေါ်အောင် ပြုံးတဲ့ အပြုံးလည်း မရှိတော့ဘူး။ မေးစေ့ကြီးချိုင့်ပြီး နွမ်းခြောက်ခြောက်ပုံ ဖြစ်နေတယ်။

"ဒါ — ဒါဆို ကောင်းပြီ" သူက ပြောတယ်။ "ကျွုပ် — ကျွုပ် ရုံးခန်းသွားမယ်။ ပြင်ဆင် — ပြင်ဆင်ထားမယ်" ပြောပြီးတာနဲ့ အခန်းထဲက ထွက်သွားတယ်။

"ရပြီ" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ သူမရဲ့ နှာခေါင်းလှုပ်နေတယ်။ အသက်ပြင်းပြင်းရှူနေတယ်။ "သူ့အနှောင့်အယှက် မရှိတော့ဘူး။ အခု၊ ဟောက်စ်ကျောင်း အသီးသီးက ကျောင်းအုပ်တွေ ကျောင်းသားတွေကို ဘာဖြစ်တယ်ဆိုတာ အကြောင်းသွားကြားကြပါ။ သူတို့ကို ဆော့ဝင် အထူးအမြန်ရထား မနက်ဖန် အစောကြီး သူတို့ကို အိမ်ပြန်ပို့မယ်လို့ ပြောပြပါ။ ကျန်ဆရာတွေဟာ ကျောင်းသားတစ်ယောက်မှ အိပ်ဆောင်အပြင်ဘက်မှာ ရှိမနေဖို့ တာဝန်ယူကြပါ"

ဆရာတွေ မတ်တတ်ထလိုက်တယ်။ တစ်ယောက်ပြီး တစ်ယောက် ထွက်သွားတယ်။

ဒါဟာ ဟယ်ရီ့ဘဝမှာ နေရအခက်ဆုံး နေ့တစ်နေ့ပဲ။ သူ၊ ရွန်၊ ဖရက်နဲ့ ဂျော့တို့ဟာ ဂရစ်ဖင်းဒေါ်အများနားနေခန်းက ထောင့်-တစ်ထောင့်မှာ ထိုင်နေပြီး ဘယ်သူမှ စကားမပြောကြဘူး။ ဖတ်စီမရှိဘူး။ သူဟာ ဇီးကွက် တစ်ကောင် လွှတ်ပြီး မစ္စစ် ဝယ်စလီဆီ သတင်းပို့တယ်။ ဒီနောက် မိမိဖာသာ အိပ်ခန်းထဲ ဝိတ်နေတယ်။

ဒီလောက် အချိန်နှေးကွေးတဲ့ ညနေခင်း မကြုံဖူးဘူး။ ဂရစ်ဖင်းဒေါ

www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်ဟာ ဘယ်တုန်းကမှ ခုလောက် လူကြပ်ပြီး ငြိမ်သက်နေတာ မရှိခဲ့ဘူး။ နေဝင်ခါနီးတော့ ဖရက်နဲ့ ဂျော့ ထိုင်မနေနိုင်တော့ဘဲ အိပ်ဆောင်ပြန်ပြီး အိပ်ကြတယ်။

"သူမ တစ်ခုခုသိတာရှိမယ်၊ ဟယ်ရီ" ရွန်က ပြောတယ်။ ဒါဟာ သူတို့ ဆရာမှူး နားနေခန်းရှိ အဝတ်ဘီဒိုထဲ ပုန်းနေပြီးနောက် ပထမဆုံး စကားပြောတာပဲ။ "ဒါကြောင့် သူမ အဖမ်းခံရတာ။ ဖတ်စီလုပ်တဲ့ ကိစ္စနဲ့ ဘာမှမဆိုင်ဘူး။ သူမဟာ လျှို့ဝှက်အခန်းနဲ့ ပတ်သက်တဲ့ အခြေအနေတချို့ သိလို့ ဖြစ်မယ်။ ဒါပဲ ဖြစ်မှာ၊ ဒါကြောင့် သူမ —" ရွန်က မျက်လုံးကို တအားပွတ်လိုက်တယ်။ "ငါ့အဓိပ္ပာယ်က သူမဟာ သွေးသန့်မျိုး၊ စင်စစ် သူမ တိုက်ခံရဖို့ မရှိဘူး။ တခြားအကြောင်းမရှိနိုင်ဘူး"

နေရောင်ဟာ သွေးလိုနီရဲပြီး မိုးကုပ်စက်ဝိုင်းအောက်သို့ ကျရောက်သွားတာ ဟယ်ရီမြင်ရတယ်။ သူ့ရင်ထဲမှာ ခုလောက် စိတ်မကောင်းမဖြစ်ဖူးဘူး။ သူတို့ တစ်ခုခု လုပ်နိုင်ရင် ကောင်းမယ်၊ ဘာပဲဖြစ်ဖြစ်။

"ဟယ်ရီ" ရွန်က ပြောတယ်။ "မင်းပြောစမ်း၊ သူမ မ — သေဘူး — မင်းသိတယ် —"

ဟယ်ရီ ဘာပြောရမှန်း မသိဘူး။ ဂျင်နီအသက်ရှင်နေဦးမယ်လို့ သူ မတွေးတတ်ဘူး။

"မင်း အထင်ကကော" ရွန်က ပြောတယ်။ "ငါတို့ လော့ဟတ်ကို သွား တွေ့သင့်တယ်လို့ ထင်တယ်။ ငါတို့ သိတဲ့ အခြေအနေကို သူ့ပြောပြ။ သူ လျှို့ဝှက်အခန်းထဲဝင်ဖို့ လုပ်နေတယ် မှတ်လား။ လျှို့ဝှက်အခန်းဘယ်မှာရှိတယ်လို့ တို့ထင်တယ်ဆိုတာ သူ့ကို ပြောပြ။ လျှို့ဝှက်အခန်းထဲမှာ မြွေဘီလူးကြီးရှိတာလဲ ပြောပြရအောင်"

ဟယ်ရီဟာ တခြားနည်းလမ်း မတွေးတတ်ဖူး။ တစ်ခုခုလည်း လုပ်ချင်တယ်။ ဒါနဲ့ ရွန့် အကြံကို သဘောတူလိုက်တယ်။ သူတို့ အနားက ဂရစ်ဖင်းဒေါ ကျောင်းသားတွေဟာ အလွန်ဝမ်းနည်းနေတယ်။ အားလုံး ဝယ်စလီညီနောင်တွေအတွက် စိတ်မကောင်းကြဘူး။ ဒါကြောင့် ဟယ်ရီနဲ့ ရွန် အခန်းတိုဖြတ်ပြီး အရုပ်ကား ကျင်းဝက တွားထွက်တဲ့အခါမှာ ဘယ်သူကမှ မတားကြဘူး။

သူတို့ အောက်ထပ်ဆင်းပြီး လော့ဟတ်ရုံးခန်းကို သွားတယ်။ ည



အမှောင်ကျရောက်လာပြီ။ ရုံးခန်းထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်နေသလိုပဲ။ ပွတ်ခတ်သံ၊ တိုက်ခိုက်သံနဲ့ ခြေလှမ်းသုတ်သုတ်သွားသံတွေကို ကြားရတယ်။

ဟယ်ရီက တံခါးကို ခေါက်လိုက်တယ်။ အတွင်းက ရုတ်တရက် ငြိမ်သွားတယ်။ ဒီနောက် တံခါးအပေါက် သေးသေးလေးပွင့်လာတယ်။ လော့ဟတ်ရဲ့ မျက်စိတစ်လုံး အပြင်ကို ချောင်းကြည့်နေတာ သူတို့ တွေ့ရတယ်။

"အို: . . . . မစ္စတာပေါ်တာ . . . . မစ္စတာ ဝယ်စလီ . . . ." သူက ပြောတယ်။ တံခါးကို နည်းနည်းကျယ်ကျယ် ဖွင့်လိုက်တယ်။ "ကျုပ် အခု အလုပ်များနေတယ်၊ ပြောစရာရှိရင် မြန်မြန် . . . . . ."

"ပါမောက္ခ၊ ကျွန်တော်တို့ အခြေအနေတချို့ ပြောပြစရာရှိတယ်" ဟယ်ရီက ပြောတယ်။ "ဆရာ့အတွက် အထောက်အကူရမယ်လို့ ထင်ပါတယ်"

"ဟင် — ဒီလိုလား — စင်စစ် ဘာမှသိပ် —" လော့ဟတ်ရဲ့ မြင်ရတဲ့ မျက်နှာတစ်ခြမ်းဟာ အလွန်စိတ်လှုပ်ရှားနေတာ တွေ့ရတယ်။ "ကျုပ် အဓိပ္ပာယ်က — အင်း — ကောင်းပြီ"

သူတံခါး ဖွင့်ပေးပြီး သူတို့ကို ဝင်ခိုင်းတယ်။

သူ့ရုံးခန်းက ပစ္စည်းတွေ ပြောင်းပစ်လို့ ကုန်တော့မယ်။ သားရေသေတ္တာကြီး နှစ်လုံး ကြမ်းပေါ်မှာ ဖွင့်ချထားတယ်။ အကျႌရောင်စုံ၊ အစိမ်းတောက်တောက်၊ ခရမ်းနုရောင်၊ အပြာရင့်ရောင်တွေဟာ သေတ္တာတစ်လုံးထဲ ဖြစ်သလို ခေါက်ထည့်ထားတယ်။ စာအုပ်မျိုးစုံဟာ ကျန်သားရေသေတ္တာ တစ်လုံးထဲ ဖြစ်သလို ထည့်ထားတယ်။ မူလက နံရံပေါ်ချိတ်ထားတဲ့ ဓာတ်ပုံတွေဟာ စာပွဲပေါ်က စက္ကူသေတ္တာထဲ ထည့်ထားတယ်။

"တစ်နေရာ သွားမလို့လား" ဟယ်ရီက မေးတယ်။

"အင်း၊ ဟုတ်တယ်၊ ဟုတ်တယ်" လော့ဟတ်တာ ခြေသွင်း တံခါးနောက်ကနေ သူ့အရွယ်လောက်ရှိတဲ့ မိမိရဲ့ ပြောင်ပြောအရုပ်ကားတို့ ဆွဲဖြုတ်တယ်။ ဂင်းကို လိပ်လိုက်တယ်။ "အရေးတကြီး အကြောင်းကြားချက်ရလို့ . . . . ရှောင်လို့မရဘူး . . . . သွားမှ ဖြစ်မှာ . . . ."

"ဒါဖြင့်ရင် ကျွန်တော့်ညီမလေး ဘယ်လိုလုပ်မလဲ" ရွန်က သူ့တို မေးတယ်။

"အား၊ ဟိုကိစ္စကတော့ — သိပ်ကိုကံဆိုးပါတယ်" လော့ဟတ်က ပြော

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူဟာ သူတို့နှစ်ယောက် အကြည့်ကို ရှောင်တယ်။ အံဆွဲတစ်ခုကို တအား ဆွဲဖွင့်တယ်။ အတွင်းက ပစ္စည်းတွေကို အထုပ်ကြီးတစ်ခုထဲ ထည့်တယ်။ "ကျုပ်ထက် စိတ်မကောင်း ဖြစ်တဲ့လူ မရှိတော့ဘူး —"

"ခင်ဗျားဟာ မှော်နက်ပညာ ကာကွယ်ရေး ဆရာပဲဟာ" ဟယ်ရီက ပြောတယ်။ "ခင်ဗျား အခု သွားလို့ မဖြစ်ဖူး။ အခု မကောင်းဆိုးဝါးကိစ္စတွေ ဒီမှာ အများကြီး သောင်းကျန်းနေနေ တာ"

"ဒါ၊ ဒါ၊ ဘယ်လို ပြောမလဲ . . . . ထိုစဉ်က ကျုပ် ဒီအလုပ်ကို လက်ခံတုန်းက . . . ." လော့ဟတ်ဟာ မရှင်းမလင်း တတွတ်တွတ်ပြောရင်း ခြေအိတ်ကို သေတ္တာထဲက အင်္ကျီတွေပေါ် တင်လိုက်တယ်။ "အလုပ်စည်းကမ်းထဲမှာ . . . . မပါဘူး . . . . ကျုပ်မတွေးမိဘူး . . . ."

"ခင်ဗျားက ခင်ဗျားထွက်ပြေးမယ်လို့ ပြောတာလား" ဟယ်ရီဟာ မယုံကြည်နိုင်ဘဲ ပြောတယ်။ "ခင်ဗျားဟာ အလွန်တော်တဲ့ စာအုပ်တွေ အများကြီး ရေးခဲ့တာပဲဟာ"

"စာအုပ်ဆိုတာ လူတွေကို လိမ်လို့ရတယ်" လော့ဟတ်က ကောက်ကျစ်စွာ ပြောတယ်။

"အဲဒါ ခင်ဗျားရေးတာ" ဟယ်ရီက အော်တယ်။

"ချစ်လှစွာသော ကလေး" လော့ဟတ် ခါးဆန့်လိုက်ပြီး မျက်မှောင်ကြုတ်ကာ ဟယ်ရီ့ကို ကြည့်နေတယ်။ "မင်းရဲ့ ဗဟုသုတနဲ့ စဉ်းစားကြည့်ပါ။ လူတွေကို အဲဒီကိစ္စတွေ ကျုပ်လုပ်တာလို့ ထင်အောင် မလုပ်ရင်၊ စာအုပ် အရောင်းရ ညံ့သွားမှာပေါ့။ စာဖတ်သူဟာ အရုပ်ဆိုးတဲ့ အမေရိကန် မှော်ဆရာအိုကြီးရဲ့ အကြောင်းကို ဖတ်ချင်မှာ မဟုတ်ဖူး။ သူဟာ ရွာသားတွေကို ဝံပုလွေလူသား ဒုက္ခက ကယ်တင်လိုက်နိုင်တယ် ထားဦး။ သူ့ဓာတ်ပုံကို အဖုံးမှာ တင်ထားရင် အရုပ်ဆိုးလို့ သေမှာ။ သူဝတ်စားတာ နည်းနည်းမှ အဆင့်မရှိဘူး။ ပြီးတော့ ဘန်ဒန်ကန်ရှီး သရဲမကို မောင်းထုတ်တဲ့ မှော်ဆရာမကြီး သူမက နှုတ်ခမ်းပဲ့။ ကျုပ် အဓိပ္ပာယ်က မင်းတွေးကြည့်ပါ . . . . . ."

"ဒါကြောင့် ခင်ဗျားဟာ သူများလုပ်တာတွေကို ကိုယ်လုပ်တာလို့ ရေးတာပေါ့လေ" ဟယ်ရီက မယုံနိုင်ဘဲ မေးတယ်။

"ဟယ်ရီရေး ဟယ်ရီ" လော့ဟတ်ဟာ စိတ်မရှည်ပဲ ခေါင်းခါနေပြီး ပြောတယ်။ "မင်း ပြောသလောက် မလွယ်ပါဘူး။ ကျုပ်အလုပ်ကလဲ မနည်း



ဘူး။ ကျုပ် ဒီလူတွေကို နောက်ယောင်ခံ လိုက်လံရှာဖွေရမယ်။ သူတို့ကို အဲဒါတွေ ဘယ်လိုလုပ်နိုင်တာလဲလို့ မေးရမယ်။ ပြီးတော့ သူတို့ကို သတိမေ့ ကျိန်စာချလိုက်ရဦးမယ်။ ဒါမှ ဒီကိစ္စကို သူတို့ လုံးဝမေ့ပျောက်သွားမှာ။ ကျုပ်မှာ ဂုဏ်ယူစရာကတော့ ကျုပ်ရဲ့ မေ့ပျောက်ကျိန်စာပဲ။ မင်းသိတယ်နော်၊ ဟယ်ရီ။ ကျုပ်လဲ အများကြီး အများကြီး ပင်ပန်းတယ်။ သိသလား၊ ဆိုင်းထိုးပြီး စာအုပ်ရောင်းတာနဲ့ နာမည်ကြီးသူ ဓာတ်ပုံရိုက်တာတင်မကသေးဘူး။ နာမည်ကြီးချင်ရင် ရေရှည်အပင်ပန်းခံကြိုးစားရတယ်"

သူဟာ ဖျတ်ဖျတ်နဲ့ သေတ္တာကို အဖုံးဖုံးပြီး သော့ခတ်လိုက်တယ်။

"ကျုပ်စဉ်းစားပရစေ" သူက ပြောတယ်။ "ပစ္စည်းတွေ စုံအောင် သိမ်းပြီးပြီ။ အော၊ ဟုတ်ပြီ၊ တစ်ခုမေ့နေတယ်"

သူဟာ မှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး ဟယ်ရီနဲ့ ရွန်ဘက် လှည့်လိုက်တယ်။

"စိတ်ရင်းနဲ့ စိတ်မကောင်းကြောင်းပါ၊ ကလေးတွေ။ မင်းတို့ကို မေ့ပျောက်ကျိန်စာတစ်ခု ချမှဖြစ်မယ်။ ကျုပ်လျှို့ဝှက်ချက်ကို လျှောက်ပြောတာ ခွင့်မပြုနိုင်ဘူး။ နို့မို့ရင် ကျုပ်စာအုပ် ရောင်းရမှာ မဟုတ်ဖူး . . . ."

ဟယ်ရီဟာ မိမိမှော်ကြိမ်လုံးကို အချိန်မီ ဆွဲထုတ်လိုက်တယ်။ လော့ဟတ်က မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ဟယ်ရီက ဆောင့်အော်လိုက်တယ်။ "တိုက်ထုတ်ခံရစေ"

လော့ဟတ်ဟာ အတိုက်ခံရလို့ နောက်သို့ ၄-၅ လှမ်း ဆုတ်သွားပြီး သူ့သားရေသေတ္တာပေါ် လဲကျသွားတယ်။ သူ့မှော်ကြိမ်လုံး အမြင့်ကြီးမြောက်ဘက်သွားတယ်။ ရွန်က ဖမ်းယူထားလိုက်ပြီး ပွင့်နေတဲ့ ပြတင်းပေါက်ကနေ အပြင်ကို လွှင့်ပစ်လိုက်တယ်။

"ခင်ဗျား ပါမောက္ခ စနိတ်ပ်ကို ဟို ကျိန်စာ ကျွန်တော်တို့ကို သင်မပေးခိုင်းသင့်ဘူး" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ လော့ဟတ်ရဲ့ သေတ္တာကို ကန်ပစ်လိုက်တယ်။ လော့ဟတ်က ခေါင်းမော့ပြီး သူ့ကို ကြည့်နေတယ်။ သူ့ပုံပန်းဟာ ပိုပြီး ညှိုးနွမ်းနေတယ်။ ဟယ်ရီက မှော်ကြိမ်လုံးနဲ့ သူ့ကို ချိန်ထားတုန်းပဲ။

"မင်းတို့ ကျုပ်ကို ဘာလုပ်စေချင်လဲ" လော့ဟတ်က အားပျော့စွာ ပြောတယ်။ "လျှို့ဝှက်အခန်းဘယ်မှာ ရှိသလဲ ဆိုတာ ကျုပ် မသိဘူး။ ကျုပ်

www.burmeseclassic.com



ဘာမှ မတတ်ဖူး"

"ခင်ဗျား ကံကောင်းတယ်" ဟယ်ရီက ပြောတယ်။ သူက မှော်ကြိမ်လုံးနဲ့ လော့ဟတ်ကို ချိန်ပြီး ထခိုင်းတယ်။ "ကျွန်တော်တို့ လျှို့ဝှက်အခန်း ဘယ်မှာဆိုတာ တိုက်ဆိုင်လို့ သိထားတယ်။ လျှို့ဝှက်အခန်းထဲမှာ ဘာရှိတယ်ဆိုတာလဲ သိတယ်။ သွားကြစို့"

သူဟာ လော့ဟတ်ကို ချိန်ထားပြီး ရုံးခန်းက ထွက်ခဲ့တယ်။ အနီးဆုံး လှေခါးက ဆင်း၊ နံရံပေါ်မှာ ဟိုစာတွေ လက်နေတဲ့ စင်္ကြံကို ဖြတ်ပြီး ငိုရှိုက်တဲ့ မားထော်ရဲ့ သန့်စင်ခန်းတံခါးဝကို ရောက်လာတယ်။

သူတို့က လော့ဟတ်ကို ရှေ့ဆုံးက သွားခိုင်းတယ်။ သူတစ်ကိုယ်လုံး တုန်နေတာ မြင်ရလို့ ဟယ်ရီ ပျော်သွားတယ်။

ငိုရှိုက်တဲ့ မားထော်ဟာ အတွင်းဆုံး အိမ်သာရဲ့ ရေဆွဲပုံးပေါ်မှာ ထိုင်နေတယ်။

"အော၊ မင်းကိုး" သူမက ဟယ်ရီကို မြင်တော့ ပြောတယ်။ "ဒီအကြိမ် မင်း ဘာလိုချင်လဲ"

"ခင်ဗျား ဘယ်လိုသေတာလဲလို့ မေးချင်လို့" ဟယ်ရီက ပြောတယ်။

မားထော်ရဲ့ အမူအရာ လုံးဝပြောင်းသွားတယ်။ ကြည့်ရတာ ဘယ်သူကမှ သူမကို ဒီဂုဏ်ယူစရာမေးခွန်း မမေးဖူးလို့ ထင်တယ်။

"အမလေးလေး၊ သိပ်ကြောက်ဖို့ ကောင်းတယ်" သူမက အရသာရှိရှိ ပြောတယ်။ "ကိစ္စက ဒီမှာ ဖြစ်တာ။ ငါ ဒီအိမ်သာထဲမှာ သေတာ။ ငါသေချာ မှတ်မိတယ်။ ထိုအချိန်က အော်လီဗာ-ဟွမ်ဘိုင်က ငါ့ကို မျက်မှန်တပ်တာ မျက်စိလေးလုံးခွေးနဲ့ တူတယ်လို့ သရော်တာကြောင့် ငါဒီမှာ ဝင်ပုန်းနေတာ။ ငါတံခါးသော့ခတ်ပြီး အထဲမှာ ငိုနေတာ။ ရုတ်တရက် လူဝင်လာသံကြားရတယ်။ သူတို့ စကားပြောတာ ရယ်စရာကောင်းတယ်။ ဒါတခြား ဘာသာတစ်မျိုးပဲလို့ ငါတွေးတယ်။ ဒါပေမယ့် ငါသိပ်စိတ်ဆိုးသွားတာက ယောက်ျားလေးတစ်ယောက် စကားပြောသံကြားရလို့။ ဒါနဲ့ တံခါးဖွင့်ပြီး သူ့ကို ယောက်ျားလေး အိမ်သာသွားလို့ မောင်းထုတ်တယ်။ ဒီနောက် — " မားထော်ဟာ မိမိကိုယ်မိမိ သိပ်တော်တဲ့ ပုံနဲ့ ရင်ကော့ထားတယ်။ မျက်နှာမှာလည်း အရောင်တောက်နေတယ်။ "ငါသေရော"

"ဘယ်လိုသေတာလဲ" ဟယ်ရီက မေးတယ်။



"မသိဘူး" မားထော်က လျှို့ဝှက်စွာနဲ့ အသံနှိမ့်ပြောတယ်။ "ကြောက်စရာကောင်းအောင်ကြီးတဲ့ မျက်လုံးဝါဝါကြီး နှစ်လုံးကို မြင်တာပဲ မှတ်မိတယ်။ ငါ့တစ်ကိုယ်လုံး ဆွဲဆုတ်ခံရသလိုဖြစ်ပြီး နောက်လွင့်သွားတယ် . . . ." သူမဟာ ဟယ်ရီ့ကို ရီဝေစွာ ကြည့်နေတယ်။ "နောက်တော့ ငါပြန်လာတယ်။ နင်သိပါတယ်၊ ငါက အော်လီဗာ-ဟွမ်ဘိုင်နဲ့ စာရင်းရှင်းချင်တာ။ အို၊ သူမဟာ ထိုစဉ်က ငါ့ကို သရော်မိတာ အလွန်နောင်တရတယ်"

"ခင်ဗျား ဘယ်နေရာမှာ ဟိုမျက်လုံးနှစ်လုံးကို မြင်တာလဲ" ဟယ်ရီက မေးတယ်။

"ဟိုနားဆီမှာပဲ" မားထော်က ပြောရင်း ရှေ့က ရေကန်ကို မသဲမကွဲ ညွှန်ပြတယ်။

ဟယ်ရီနဲ့ ရွန် အမြန်လျှောက်သွားလိုက်တယ်။ လော့ဟတ်ဟာ ဂမန်းဂတန်းဘေးဖယ်ပေးလိုက်တယ်။ သူ့မျက်နှာပေါ်မှာ ကြောက်တဲ့ အမူအရာနဲ့။

အဲဒီ ရေကန်ဟာ ကြည့်ရတာ ရိုးရိုးပဲ။ သူတို့ဟာ ၎င်းကို အထက်အောက် အတွင်းအပြင် သေချာစစ်ဆေးကြည့်တယ်။ အောက်က ပိုက်လိုင်းတောင် မကျန်ဘူး။ ဒီနောက် ဟယ်ရီမြင်ပါပြီ။ ရေပိုက်ခေါင်းဘေးဘက်မှာ မြွေရုပ်သေးသေးလေး ထွင်းထားတယ်။

"ဒီရေပိုက်ခေါင်း ဘယ်တုန်းကမှ ရေမထွက်ဖူး" မားထော်ဟာ ဟယ်ရီက ပိုက်ခေါင်းလှည့်ဖွင့်မယ်လုပ်တာ မြင်တော့ ဝမ်းသာစွာ ပြောတယ်။

"ဟယ်ရီ" ရွန်က ပြောတယ်။ "မင်းစကားပြော၊ မြွေမာဂစကားနဲ့ ပြော"

"ဒါပေမယ့် — " ဟယ်ရီက တအားစဉ်းစားတယ်၊ အရင်က သူ မြွေတစ်ကောင်နဲ့ မျက်နှာချင်းဆိုင်တော့မှ မြွေမာဂစကားပြောနိုင်တာ၊ သူဟာ ထွင်းထားတဲ့ မြွေလေးကို အသေစိုက်ကြည့်နေတယ်၊ ၎င်းကို မြွေအစစ်တစ်ကောင်လို တွေးကြည့်တယ်။

"ဖွင့်လိုက်" သူက ပြောတယ်။

သူ ရွန့်ကို မော့ကြည့်တယ်။ ရွန်က ခေါင်းခါပြတယ်။

"မဖြစ်ဖူး၊ မင်းပြောတာ လူစကား" သူက ပြောတယ်။

ဟယ်ရီက ပြန်လှည့်ပြီး ဟိုမြွေကို ကြည့်တယ်။ မိမိကိုယ်မိမိ ၎င်းကို အစစ်လို့ နားလည်ခိုင်းတယ်။ ဟယ်ရီက တွေးတယ်။ တကယ်လို့ သူခေါင်း

www.burmeseclassic.com

www.burmeseclassic.com



တို လှုပ်ယမ်းလိုက်ရင် လှုပ်နေတဲ့ ဖယောင်းတိုင်မီးအောက်မှာ အဲဒီ မြွေဟာ လှုပ်နေတယ်လို့ ထင်နိုင်တယ်။

"ဖွင့်လိုက်" သူက ပြောတယ်။

ကြားရတာဟာ ဒီစကားမဟုတ်ဘဲ၊ သူ့ပါးစပ်ထဲကနေ ထူးဆန်းတဲ့ ရှီး ရှီးသံဖြစ်နေတယ်။ ချက်ချင်းပဲ ပိုက်ခေါင်းက အဖြူရောင်စူးစူးထွက်လာပြီး အလျှင်အမြန် လည်ပတ်သွားတယ်။ ဆက်လက်ပြီး ရေကန်လည်း လှုပ်လာတယ်။ ရေကန်ဟာ မျက်စိရှေ့တွင် ပျောက်သွားပြီး အလွန်ကြီးမားတဲ့ ရေပိုက်ကြီး ပေါ်လာတယ်။ လူတစ်ယောက် ဝင်လို့ရတယ်။

ရွှန် အသက်ရှူငင်သွားတာ ဟယ်ရီကြားရတယ်။ သူခေါင်းမော့လိုက်တယ်။ စိတ်ထဲမှာ ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်ပြီးပြီ။

"ငါ ဆင်းသွားမယ်" သူက ပြောတယ်။

သူ မသွားလို့ မဖြစ်ဖူး။ သူတို့ လျှို့ဝှက်အခန်းရဲ့ ဝင်ပေါက်ကို ရှာတွေ့မှတော့ အလွန်သေးငယ်တဲ့၊ အလွန်အားပျော့တဲ့၊အလွန်မှုန်မွှားတဲ့ မျှော်လင့်ချက်တမျှင်ရှိနေသေးတယ်။ အဲဒါကတော့ ဂျင်နီ အသက်ရှင် နေနိုင်သေးတယ်။

"ငါလဲ သွားမယ်" ရွှန်က ပြောတယ်။

ခနတာ ငြိမ်သက်နေတယ်။

"ကောင်းပြီ၊ ကြည့်ရတာ မင်းတို့ ကျုပ်ကို မလိုအပ်တော့ဘူး" လော့ဟတ်က ပြောပြီး သူပြုံးနေကျအပြုံး ပေါ်လာတယ်။ "ကျုပ် —"

သူဟာ တံခါးလက်ကိုင်ကို ဆွဲလိုက်တယ်။ ဒါပေမယ့် ရွှန်နဲ့ ဟယ်ရီတို့က သူ့ကို မှော်ကြိမ်လုံးနဲ့ ချိန်ထားတယ်။

"ခင်ဗျား ပထမဆုံး ဆင်းနိုင်တယ်" ရွှန်က ဟောက်တယ်။

မှော်ကြိမ်လုံးမရှိတော့တဲ့ လော့ဟတ်ဟာ မျက်နှာသွေးမရှိဘူး။ ကျင်းပေါက်ကို ဖြည်းဖြည်းချင်း ကပ်သွားတယ်။

"ကလေးတို့" သူက ပြောတယ်။ အသံက သနားစရာ။ "ကလေးတို့ ဒါ ဘာအသုံးကျလို့လဲ"

ဟယ်ရီက မှော်ကြိမ်လုံးနဲ့ သူ့ကျောကို တွန်းလိုက်တယ်။ လော့ဟတ်က ခြေနှစ်ချောင်းကို ပိုက်ထဲချလိုက်တယ်။

"ဒီလိုလုပ်တာ သိပ်မ —" သူ ရှေ့ဆက်ပြောချင်သေးတယ်



ဒါပေမယ့် ရွှန်က သူ့ကို တွန်းလိုက်တယ်။ သူလျှောကျသွားပြီး မမြင်ရတော့ဘူး။ ဆက်ပြီး ဟယ်ရီ ပိုက်ထဲဝင်တယ်။ လက်လွှတ်လိုက်ပြီး အောက်ကို လျှောကျစေတယ်။

ခံစားရတာက မှောင်မည်းတဲ့၊ ကပ်စေးတဲ့ မဆုံးနိုင်တဲ့ လျှောလမ်းကို အလျှင်အမြန် ထိုးဆင်းသွားသလိုပဲ။ ပိုက်လိုင်းတွေ အရပ်လေးမျက်နှာသို့ ခွဲသွားနေတာလည်း သူမြင်ရတယ်။ ဒါပေမယ့် ဒီပိုက်လောက်တော့ မကြီးဘူး။ သူတို့ ဒီပိုက်ဟာ ကွေ့ကွေ့ကောက်ကောက်၊ ဟိုလှည့် ဒီပတ်နဲ့ အလွန်မတ်စောက်စွာ အောက်သို့ ဆင်းသွားတယ်။ သူအခု ကျောင်းအောက် အလွန့်အလွန်နက်တဲ့ နေရာသို့ လျှောဆင်းခဲ့ပြီလို့ ဟယ်ရီသိတယ်။ မြေအောက်အကျဉ်းခန်းထက် နက်သေးတယ်။ ရွှန် သူ့နောက်က လိုက်လာပြီး ကွေ့ချိုးမှာ တိုက်မိတဲ့ အသံသဲ့သဲ့ကို သူကြားရတယ်။

ဆက်လက်ပြီး ဖြစ်မယ့်ကိစ္စကို စတင်စိတ်ပူလာတဲ့အခါမှာ ရုတ်တရက် မြေကြီးပေါ် ကျသွားတယ်။ ရေပိုက်ဟာ ညီညာပြင်ဖြစ်သွားတယ်။ သူဟာ ပိုက်ဝကနေ လျှောထွက်လာပြီး ဘတ်ခနဲ စိုစွတ်တဲ့ မြေကြီးပေါ် ကျသွားတယ်။ ဒါဟာ မှောင်မည်းတဲ့ ကျောက်လိုဏ်ခေါင်းဖြစ်တယ်။ လူတစ်ယောက်ရပ်နေနိုင်အောင်ကြီးတယ်။ သူနဲ့ အလွန်နီးနီးမှာ လော့ဟတ်ကုန်းထနေတယ်။ ထစ်တိုင်လုံး ရွှံ့တွေပေလို့။ မျက်နှာသွေးရောင် မရှိလို့ ဝိညာဉ်နဲ့ တူနေတယ်။

ဟယ်ရီဘေး ရပ်လိုက်တယ်။ ရွှန်လည်း ဝုန်းခနဲ ပိုက်ထဲက ထွက်လာတယ်။

"ကျောင်းအောက် မိုင်အချို့ နက်တဲ့နေရာ ရောက်နေတယ်လို့ ပြောရဲတယ်" ဟယ်ရီက ပြောတယ်။ သူ့အသံဟာ မှောင်မည်းတဲ့ လိုဏ်ခေါင်းထဲမှာ ပဲ့တင်ထပ်နေတယ်။

"ကန်အောက်ရောက်နေပြီ ထင်တယ်" ရွှန်က ပြောတယ်။ သူမျက်စိမှေးပြီး ပတ်ဝန်းကျင်က မည်းနက် ကပ်စေးတဲ့ နံရံကို အကဲခတ်နေတယ်။

ဒီနောက် သူတို့သုံးယောက် မှောင်မည်းတဲ့ ရှေ့ဘက်ကို စိုက်ကြည့်နေကြတယ်။

"မီးရောင်ထွက်စေ" ဟယ်ရီက သူ့မှော်ကြိမ်လုံးကို တိုးတိုးပြောတယ်။ မှော်ကြိမ်လုံးက အလင်းရောင် ထွက်လာတယ်။ "သွားစို့" သူက ရွှန်နဲ့ လော့ဟတ်ကို ပြောတယ်။ သုံးယောက်စလုံးရဲ့ ခြေထောက်တွေ စိုစွတ်တဲ့ မြေကြီးပေါ်မှာ ဖွပ်ဖွပ်နဲ့ လျှောက်ကြတယ်။ အသံအကျယ်ကြီး ထွက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ခေါင်းထဲမှာ မည်းနေတာပဲ။ သူတို့ ရှေ့နည်းနည်းလေးပဲ မြင်ရတယ်။ မော်ကြိမ်လုံးက အလင်းရောင်ဟာ သူတို့ အရိပ်ကို နံရံစိုစိုပေါ် အရိပ်ထင်စေတယ်။ ကြည့်ရတာ သရဲတွေလိုပဲ။

"မှတ်ထား" သူတို့ ရှေ့သို့သတိနဲ့ သွားတဲ့အခါမှာ ဟယ်ရီက တိုးတိုး ပြောတယ်။ "အသံကြားတာနဲ့ မျက်စိမှိတ်ထား ...."

ဒါပေမယ့် လိုဏ်ခေါင်းထဲမှာ သင်္ချိုင်းလိုပဲ ဘာသံမှ မရှိဘူး။ သူတို့ မထင်မှတ်ပဲ အသံတစ်ခု ကြားရတယ်။ ဂျွပ်။ ရွန် ကြွက်အရိုးတစ်ခု နင်းမိတာဖြစ်နေတယ်။ ဟယ်ရီက မော်ကြိမ်လုံးကို နှိမ့်ချပြီး မြေပြင်ကို စစ်ဆေးကြည့်တယ်။ နေရာတကာမှာ အကောင်လေးတွေရဲ့ အရိုးကို တွေ့ရတယ်။ သူတို့ ဂျင်နီကို တွေ့တဲ့အခါမှာ ဘယ်ပုံဖြစ်မလဲဆိုတာ မတွေးမိအောင် မိမိကိုယ်မိမိ မနည်းချုပ်တည်းထားရတယ်။ သူဟာ ဦးဆောင်ပြီး ရှေ့ကို သွားတယ်။ လိုဏ်ခေါင်းထဲက မှောင်မည်းတဲ့ ကွေ့ချိုးကို ချိုးလိုက်တယ်။

"ဟယ်ရီ ဟိုမှာ ဘာလဲ မသိဘူး...." ရွန်က ဟယ်ရီ့ ပခုံးကို ဆွဲဖမ်းပြီး အသံအအနဲ့ ပြောတယ်။

သုံးယောက်သား ချက်ချင်း မလှုပ်မယှက် ရပ်ပြီး ကြည့်ကြတယ်။ မြွေရာမ အရာဝတ္ထုကြီး ခွေနေပြီး လိုဏ်ခေါင်းရဲ့ အခြားတစ်ဖက်မှာ မလှုပ်မယှက် ရှိနေတာ ဟယ်ရီတွေ့ရတယ်။

"၎င်း အိပ်ပျော်နေတယ်ထင်တယ်" သူက ရှိုက်ဖိုစွာ ပြောပြီး ကျန်နှစ်ယောက်ကို လှည့်ကြည့်တယ်။ လော့ဟတ်ဟာ မိမိမျက်စိကို လက်နဲ့ တင်းတင်း ဖိထားတယ်။ ဟယ်ရီဟာ ဟိုရောမ အရာကြီးကို ပြန်လှည့်ကြည့်တယ်။ သူ့နှလုံး တအားခုန်နေတယ်။ ရင်ထဲမှာ နာလာတယ်။

ဟယ်ရီဟာ မျက်လုံးကို မှေးမှေးလေးလုပ်ထားတယ်။ မြင်လည်း မြင်နိုင်တယ်။ သူဟာ ကိုယ်ကို စောင်းပြီး ရှေ့သို့ ရွေ့လျားတယ်။ လက်ထဲမှာ မော်ကြိမ်လုံးကို မြှောက်ကိုင်ထားတယ်။

အလင်းရောင်ဟာ ရောမမြွေရေခွံကြီးပေါ် ကျရောက်သွားတယ်။ စိမ်းစိုပြီး အလွန်တောက်ပတယ်။ ကြည့်လိုက်တာနဲ့ မြွေဆိုးအရေခွံမှန်း သိတယ်။ ခွေပြီး မြေပြင်ပေါ်ပုံနေတယ်။ အတွင်းမှာက ဗလာ။ အဲဒီ မကြာခင်ကမှ အရေခွံကို ချွတ်ထားရစ်ခဲ့တဲ့ အကောင်ဟာ အနည်းဆုံး ပေနှစ်ဆယ် ရှည်တယ်။



"ဘုရား၊ ဘုရား" ရွန်က အားမရှိအော်တယ်။

သူတို့ ကျောဘက်ကနေ ရုတ်တရက် လှုပ်ရှားသံကြားရတယ်။ အဲဒါ ဂစ်ဒရိုက်-လော့ဟတ် ဒူးပျော့ခွေလဲသွားတာ။

"ထ" ရွန်က မာမာပြောတယ်။ မော်ကြိမ်လုံးနဲ့ လော့ဟတ်ကို ချိန်ထားတယ်။

လော့ဟတ် မတ်တတ်ရပ်လိုက်တယ် — သူဟာ ရွန့်ဆီ ခုန်အုပ်ပြီး တွန်းလှဲလိုက်တယ်။

ဟယ်ရီပြေးတက်သွားတယ်။ ဒါပေမယ့် မမှီလိုက်ဖူး။ လော့ဟတ်ဟာ ဟောဟဲ ဟောဟဲနဲ့ ထလာတယ်။ လက်ထဲမှာ ရွန့်မော်ကြိမ်လုံး ကိုင်ထားတယ်။ မျက်နှာပေါ်မှာ သူပြုံးနေကျအပြုံး ပေါ်လာပြန်တယ်။ သွားဖွေးဖွေးကြီးတွေ ပေါ်နေတယ်။

"ကလေးတို့။ မင်းတို့ စွန့်စားခန်း ဒီမှာတွင် အဆုံးသတ်ပြီ" သူက ပြောတယ်။ "ဒီအရေခွံကို ကျုပ်ကျောင်းကို ယူသွားမယ်။ ကျုပ်နောက်ကျသွားတယ်။ ဟိုကလေးမလေးကို မကယ်လိုက်နိုင်ဘူး။ မင်းတို့ကတော့ သူမရဲ့ သွေးသံရဲရဲနဲ့ အလောင်းကို မြင်တာနဲ့ မှတ်ဉာဏ်တွေ ပျောက်ဆုံးကုန်တယ်လို့ ပြောပြမယ်။

"မင်းတို့ရဲ့ မှတ်ဉာဏ်ကို နှုတ်ဆက်ကြတော့"

သူဟာ ရွန်ရဲ့ မော်ကြိမ်လုံး အပျက်ကို ခေါင်းပေါ်သို့ မြင့်မြင့်မြှောက်လိုက်ပြီး အကျယ်ကြီး အော်တယ် "မေ့ပျောက်သွားစေ"

ဘမ်း၊ မော်ကြိမ်လုံး ရုတ်တရက် ပေါက်ကွဲသွားတယ်။ ၎င်းရဲ့ အားဟာ ဗုံးကလေးတစ်လုံးလောက်ရှိတယ်။ ဟယ်ရီက လက်မောင်းနဲ့ ခေါင်းကို အုပ်ပြီး ပြေးထွက်သွားတယ်။ ရစ်ပတ်နေတဲ့ မြွေအရေခွံနဲ့ ငြိမ့်ငြိမ့် လိမ့်ကျသွားတယ်။ မျက်နှာကြက်ကနေ မြေကြီးပေါ်ကျလာတဲ့ ကျောက်ခဲတုံးအကြီးကြီးတွေက လွတ်သွားတယ်။ ဒီနောက် သူမတ်တတ်ရပ်လိုက်တယ်။ တစ်ယောက်ထဲ ကျောက်တုံးနံရံထုထုကြီး ရှေ့မှာ ရပ်နေတယ်။

"ရွန်" သူက အော်တယ်။ "မင်း ဘာမှ မဖြစ်ပါဘူးနော်၊ ရွန်"

"ငါဒီမှာ" ကျောက်တုံးနံရံနောက်က ရွန့်အသံပေါ်လာတယ်။ "ငါ ဘာမှ မဖြစ်ဖူး၊ ဒါပေမယ့် ဒီငတုံး ဒုက္ခရောက်ပြီ — သူမော်ကြိမ်လုံးနဲ့ ထိသွားတယ်"

www.burmeseclassic.com



ခပ်အုပ်အုပ် တိုက်ခိုက်သံနဲ့အတူ အော်သံကြားရတယ်။ "အမလေး" အသံကို နားထောင်ရတာ ရွှန်က လော့ဟတ်ခြေသလုံးကို ကန်လိုက်သလိုပဲ။

"အခု ဘယ်လိုလုပ်မလဲ" ရွှန်က ပြောတယ်။ အသံက မျှော်လင့်ချက် တင်းမဲ့နေသလိုပဲ။ "ငါတို့ သွားလို့ မရတော့ဘူး။ အချိန်အကြာကြီး တုန်မှ . . . ."

ဟယ်ရီက လိုဏ်ခေါင်းရဲ့ မျက်နှာကြက်ကို မော့ကြည့်တယ်။ အဲဒီမှာ အက်ကြောင်းကြီးတွေ ရှိတယ်။ ဒီလောက်ကြီးတဲ့ ကျောက်တုံးလို ဟာမျိုးကို မှော်ပညာနဲ့ သူတစ်ခါမှ မဖယ်ပစ်ဖူးဘူး။ အခုမှ စမ်းဖို့ကလဲ သိပ်မသင့်တော်ဘူး —— လိုဏ်ခေါင်းတစ်ခုလုံး ပြိုကျမှဖြင့်။

ကျောက်တုံးတွေ ဟိုဘက်က တိုက်ခတ်သံနဲ့ "အမလေး" ပေါ်လာပြန်တယ်။ သူတို့ အချိန်ဖြုန်းနေတယ်။ ဂျင်နီဟာ လျှို့ဝှက်အခန်းထဲမှာ နာရီအနည်း ရှိနေပြီ။ အခုတစ်နည်းပဲ ရှိတယ်ဆိုတာ ဟယ်ရီသိတယ်။

"ဒီမှာပဲ စောင့်နေ" သူက ရွှန့်ကို အော်ပြောတယ်။ "လော့ဟတ်နဲ့ အတူ စောင့်နေ။ ငါရှေ့ဆက်သွားမယ်။ ငါတစ်နာရီအတွင်း ပြန်မလာရင် . . . ."

ဒီနောက် ခနမျှ လေးနက်စွာ ရပ်တန့်နေတယ်။

"ဒီကျောက်ခဲကို ဖယ်ပစ်လို့ရမလား ကြည့်လိုက်ဦးမယ်" ရွှန်က ပြောတယ်။ လေသံကို တည်ငြိမ်အောင် မနည်းကြိုးစားပြောသလိုပဲ။ "ဒီလိုဆိုရင် မင်း —— ပြန်ထွက်လာလို့ရမှာ။ ပြီးတော့၊ ဟယ်ရီ —— "

"တော်ကြာတွေ့မယ်" ဟယ်ရီက ပြောတယ်။ သူဟာ မိမိရဲ့ တုန်နေတဲ့ အသံထဲကို ယုံကြည်စိတ် ကြိုးစားသွင်းပေးတယ်။

ဒီနောက် သူဟာ တစ်ယောက်ထဲ ဟိုဧရာမ မြွေရေခွံကြီးကို ဖြတ်လျှောက် ခဲ့တယ်။

မကြာခင်မှာ ရွှန် တအည်းအည်းကျောက်ခဲရွှေ့သံကို မကြားရတော့ ဘူး။ လိုဏ်ခေါင်းဟာ ကွေ့ချိုးတစ်ခုပြီး တစ်ခု ချိုးသွားတယ်။ ဟယ်ရီရဲ့ အာ ရုံကြောတိုင်းဟာ နေသားမကျ တုန့်ခါနေတယ်။ သူဟာ လိုဏ်ခေါင်းရဲ့ အဆုံးကို အမြန်ဆုံး ရောက်စေချင်တယ်။ တချိန်တည်းမှာ လိုဏ်ခေါင်းအဆုံး ကို ရောက်မှာ ကြောက်နေတယ်။ နောက်ဆုံးမှာ သူဟာ သတိနဲ့ ကွေ့ချိုးတစ် ခုကို ဖြတ်ခဲ့ပြီး ရှေ့မှာ ခိုင်မာတဲ့ နံရံတစ်ခုရှိတာ တွေ့ရတယ်။ နံရံပေါ်မှာ



အချင်းချင်းရစ်ပတ်နေတဲ့ မြွေနှစ်ကောင် ထွင်းထုထားတယ်။ ၎င်းတို့ မျက်စိ ထဲမှာ မြစိမ်းရောင် ကျောက်လက်လက်ကြီးကြီးတွေ တပ်ဆင်ထားတယ်။

ဟယ်ရီဟာ တစ်လှမ်းချင်း ကပ်သွားတယ်။ အာခေါင်တွေ ပူနေတယ်။ အခု ဒီကျောက်မြွေနှစ်ကောင်ကို မြွေအစစ်လို့ တွေးထင်စရာ မလိုတော့ဘူး။ ၎င်းတို့ မျက်စိဟာ အစစ်နဲ့ အတူတူပဲ။

သူ ဘယ်လိုလုပ်ရမယ်ဆိုတာ ဟယ်ရီ သိတယ်။ သူက လည်ချောင်း ရှင်းလိုက်တယ်။ မြစိမ်းရောင် ကျောက်မျက်စိဟာ လက်နေသလိုပဲ။

"ဖွင့်လိုက်" ဟယ်ရီက အသံလေးလေး၊ အ,အ, ရှီးရှီးသံနဲ့ ပြောတယ်။

မြွေနှစ်ကောင် ခွဲခွာသွားတယ်။ ကျောက်နံရံဟာ အလယ်က ကွဲအက် ပြီး ဘေးနှစ်ဖက်သို့ တဖြည်းဖြည်း ပျောက်သွားတယ်။ ဟယ်ရီဟာ တစ်ကိုယ် လုံး တုန်ယင်စွာနဲ့ အထဲကို ဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၇။ စလေးသရင်းရဲ့ ဆက်ခံသူ

သူဟာ ရှည်လျားပြီး အလင်းရောင်မှောင်တဲ့ အိမ်ခန်းရဲ့ တစ်ဘက်မှာ ရပ်နေတယ်။ မြွေကြီးတွေ လိမ်ပတ်နေတဲ့ပုံ ထွင်းထုထားတဲ့ ကျောက်တိုင်ကြီးတွေဟာ အမြင့်ရှိ အမှောင်ထဲမှာ ပျောက်ကွယ်နေတဲ့ မျက်နှာကြက်ကို ထောက်မ,ထားတယ်။ ရင်းတို့ဟာ စိမ်းရွှေရွှေ မှုန်မွှားမွှား လျှို့ဝှက်တဲ့ အခန်းထဲမှာ အရိပ်ကြီးတွေ ကျရောက်နေတယ်။

ဟယ်ရီ ရင်တွေတဒိုင်းဒိုင်း ခုန်နေတယ်။ သူဟာ ရပ်ပြီး သည်းခြေပျောက်လောက်တဲ့ ငြိမ်သက်မှုကို နားထောင်နေတယ်။ မြွေဘီလူးဟာ ကျောက်တိုင်ကြီး တစ်ခုခုရဲ့နောက်က မှောင်မည်းတဲ့ ချောင်တစ်ခုမှာ သွားပုန်းနေမလား။ ဂျင်နီ ဘယ်မှာလဲ။

သူဟာ မိမိမှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်ပြီး မြွေကြီးတွေ ရစ်ပတ်နေတဲ့ ကျောက်တိုင်ကြီးတွေ ကြားက ဖြည်းဖြည်း ရှေ့တက်သွားတယ်။ သူ သတိနဲ့ အသာလေး ခြေလှမ်းတစ်လှမ်း လှမ်းတိုင်း အရိပ်များ ကျနေတဲ့ နံရံက လိုက်ပြီး သံထွက်ထွက်လာတယ်။ သူဟာ တစ်လမ်းလုံး မျက်စိမှေးထားတယ်။ လှုပ်ရှား



သံနည်းနည်းကြားတာနဲ့ ချက်ချင်း မျက်စိမှိတ်ဖို့ ပြင်ထားတယ်။ ဟိုကျောက်မြွေနှစ်ကောင်ရဲ့ မျက်ခေါင်း ဟောင်းလောင်းကြီးတွေဟာ သူ့နောက်လိုက်နေတယ်လို့ သူခံစားနေရတယ်။ တစ်ကြိမ်မကပဲ လှုပ်ရှားသံကြားရသလို ဖြစ်ပြီး သူ့ဗိုက်တွေ အကြောဆွဲသလို နာလာတယ်။

နောက်ဆုံးကျောက်တိုးနှစ်ခုလုံးနဲ့ တတန်းတည်းဖြစ်တဲ့နေရာ ရောက်တော့ မျက်စိရှေ့မှာ အိမ်ခန်းနဲ့ အမြင့်တူတဲ့ ရုပ်ထုတစ်ခု မည်းနက်တဲ့ နံရံကပ်ပြီး တည်ရှိနေတာ တွေ့ရတယ်။

ဟယ်ရီဟာ ခေါင်းကို တအားမော့မှ အပေါ်က ရောမမျက်နှာကြီးကို မြင်တယ်။ အဲဒီ မျက်နှာဟာ အိုကြီးအိုမနဲ့ မျောက်လို မျက်နှာမျိုး ဖြစ်တယ်။ မုတ်ဆိတ်ရှည်ရှည် ကျဲတောက်တောက်ဟာ ကျောက်နဲ့ ထွင်းထားတဲ့ မှော်ဆရာ ဝတ်ရုံရှည် အောက်နားထိ ရောက်တော့မယ်။ မီးခိုးရောင် ခြေထောက်ကြီးနှစ်ချောင်းဟာ အခန်းရဲ့ ပြောင်ချောတဲ့ ကြမ်းပေါ်မှာ ရပ်နေတယ်။ အဲဒီ ခြေနှစ်ချောင်းကြားထဲမှာ အနက်ရောင် ဝတ်ရုံရှည် ဝတ်ထားတဲ့ ကိုယ်လုံးလေး မှောက်လျက်လဲနေတယ်။ ဆံပင်တွေဟာ မီးတောက်လို နီရဲနေတယ်။

"ဂျင်နီ" ဟယ်ရီက တိုးတိုးအော်ခေါ်တယ်။ သူမဘေးကို အမြန်သွားပြီး ဒူးထောက်ထိုင်ချလိုက်တယ်။ "ဂျင်နီ၊ မင်းမသေနဲ့။ လုပ်ပါ၊ ဘယ်နည်းနဲ့မှ မသေပါနဲ့" သူဟာ မှော်ကြိမ်လုံးကို ဘေးပစ်ထားပြီး ဂျင်နီ့ ပခုံးကို ကိုင်ပြီး ကိုယ်ကို လှည့်လိုက်တယ်။ သူ့မမျက်နှာဟာ မာဘယ်ကျောက်လိုပဲ အေးစက်ပြီး သွေးရောင်မရှိဘူး။ ဒါပေမယ့် သူ့မမျက်စိ ပိတ်ထားတယ်။ ဒီလိုဆိုရင် သူမ ကျောက်ဖြစ်မသွားဘူး၊ ဒီလိုဆိုရင်၊ သူမတော့ ......

"ဂျင်နီ၊ နိုးစမ်းပါ" ဟယ်ရီက မျှော်လင့်ချက် မရှိ သူမကို တွန်းလှုပ်နေတယ်။ တိုးတိုးတောင်းပန်နေတယ်။ ဂျင်နီရဲ့ ခေါင်းဟာ ငိုက်စိုက်ကျနေတယ်။

"သူမနိုးမှာ မဟုတ်တော့ဘူး" အသံတစ်သံက အသာလေး ပြောတယ်။

ဟယ်ရီလန့်သွားတယ်။ ဒူးထောက်ရင်း လှည့်လိုက်တယ်။

ဆံပင်အနက်ရောင်ရှိတဲ့ အရပ်မြင့်မြင့် ယောကျ်ားလေးဟာ အနီးဆုံးကျောက်တိုင်ကို မှီနေပြီး သူ့ကို ကြည့်နေတယ်။ အဲဒီ ကောင်လေးရဲ့ ရုပ်ပုံဟာ မသဲမကွဲ ဖြစ်ပြီး အလွန်ထူးဆန်းတယ်။ ဟယ်ရီဟာ သူ့ကို နှင်းတွေဝေနေတဲ့ ပြတင်းပေါက်က ကြည့်နေရသလိုပဲ။ ဒါပေမယ့် သူပဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သံသယရှိစရာ မလိုဘူး။

"တွမ် — တွမ် — ရစ်ဒေါ် ?"

ရစ်ဒေါ်က ခေါင်းညိတ်တယ်။ အကြည့်က ဟယ်ရီ့မျက်နှာက မခွာဘူး။

"ခင်ဗျား ဒါ ဘာအဓိပ္ပာယ်လဲ။ သူမ မနိုးတော့ဘူး ?" ဟယ်ရီက မခံမရပ်နိုင်ပဲ မေးတယ်။ "သူမ မ — မ — ? "

"သူမ ရှင်နေသေးတယ်" ရစ်ဒေါ်က ပြောတယ်။ "ဒါပေမယ့် သိပ်တော့ ကြာကြာမနေရတော့ဘူး"

ဟယ်ရီက သူ့ကို ကြောင်ကြည့်နေတယ်။တွမ်-ရစ်ဒေါ်ဟာ ဟော့ဂ်ဝပ်ရဲ့ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က ကျောင်းသား။ ဒါပေမယ့် အခု သူဒီမှာ ရပ်နေတယ်။ သူ့တစ်ကိုယ်လုံး ထူးဆန်းစွာ နှင်းမှုန်ဖွေးဖွေးလို အရောင်ထွက်နေတယ်။ သူ့ပုံပန်းဟာ အသက်ဆယ့်ခြောက်နှစ် မကျော်ဘူး။

"ခင်ဗျားက နာနာဘာဝလား" ဟယ်ရီက မသေချာပဲ မေးတယ်။

"မှတ်သားမှုတစ်ခုပါ" ရစ်ဒေါ်က တည်ငြိမ်စွာ ပြောတယ်။ "နေ့စဉ်မှတ်တမ်း စာအုပ်ထဲမှာ အနှစ်ငါးဆယ် သိမ်းဆည်းထားတာ"

သူဟာ ရုပ်ထုရဲ့ ခြေချောင်းကြီးဘေးကို လက်ညှိုးထိုးပြတယ်။ အဲဒီမှာ ဟယ်ရီ ငိုရှိုက်တဲ့ မားထော်ရဲ့ သန့်စင်ခန်းထဲမှာ တွေ့ရှိတဲ့ နေ့စဉ်မှတ်တမ်းစာအုပ်ရှိနေတယ်။ ဒီစာအုပ် ဘယ်လိုလုပ် ဒီရောက်နေတယ်ဆိုတာ ဟယ်ရီ ရုတ်တရက် နားမလည်ဖြစ်နေတယ် — ဒါပေမယ့် သူ့မှာ ပိုပြီး အလောတကြီး လုပ်ရမယ့်ကိစ္စ ရှိသေးတယ်။

"ခင်ဗျား ကျွန်တော့်ကို ကူညီရမယ်၊ တွမ်" ဟယ်ရီက ပြောရင်း ဂျင်နီရဲ့ ခေါင်းကိုထူမလိုက်ပြန်တယ်။ "ကျွန်တော်တို့ သူမကို ဒီက အပြင်ထုတ်မှ ဖြစ်မယ်။ မြွေဘီလူးကြီးရှိတယ် . . . . ဘယ်မှာ ဆိုတာတော့ ကျွန်တော်မသိဘူး။ ဒါပေမယ့် ၎င်းဟာ အချိန်မရွေး ရောက်လာနိုင်တယ်။ ကျွန်တော့်ကို ကူညီဖို့ တောင်းပန်ပါတယ် . . . ."

ရစ်ဒေါ်ဟာ မလှုပ်ဖူး။ ဟယ်ရီ ချွေးတဒီဒီးနဲ့ ဂျင်နီကို မြေပေါ်ကနေ တွဲလောင်းကြီး မထူလိုက်တယ်။ တခါ သူ့မှော်ကြိမ်လုံးကို ကုန်းကောက်တယ်။

ဒါပေမယ့် မှော်ကြိမ်လုံး မရှိတော့ဘူး။

"ခင်ဗျား — ကျွန်တော့် — "



သူခေါင်း မော့လိုက်တော့ ရစ်ဒေါ် သူ့ကို ကြည့်မြဲကြည့်နေတယ် — သွယ်လျတဲ့ လက်ချောင်းကြားမှာ ဟယ်ရီရဲ့ မှော်ကြိမ်လုံးကို ကစားနေတယ်။

"ကျေးဇူးတင်ပါတယ်" ဟယ်ရီက ပြောပြီး မှော်ကြိမ်လုံးကို လှမ်းယူတယ်။

ရစ်ဒေါ်ရဲ့ နှုတ်ခမ်းဒေါင့်မှာ ထူးဆန်းတဲ့ ပြုံးရိပ်ပေါ်လာတယ်။ သူက ဟယ်ရီကို ဆက်ကြည့်နေတယ်။ မှော်ကြိမ်လုံးကို စိတ်မပါတပါ ကစားနေတယ်။

"ကျွန်တော် ပြောတာ နားထောင်ပါ" ဟယ်ရီက စိတ်ပူပင်စွာ ပြောတယ်။ အသက်မရှိသလိုဖြစ်နေတဲ့ ဂျင်နီဟာ လေးလွန်းလို့ ဒူးတွေပျော့လာတယ်။ "ကျွန်တော်တို့ သွားမှဖြစ်မယ်၊ မြွေဘီလူးလာလို့ရှိရင် . . . ."

"၎င်းက မခေါ်ရင်မလာပါဘူး" ရစ်ဒေါ်က ဘာမှမဖြစ်သလို ပြောတယ်။

ဟယ်ရီက ဂျင်နီကို မြေပေါ် ပြန်ချလိုက်တယ်။ သူ သူမကို ချီမထားနိုင်တော့ဘူး။

"ခင်ဗျား ဒါ ဘာအဓိပ္ပာယ်လဲ" သူက ပြောတယ်။ "မြန်မြန်၊ မှော်ကြိမ်လုံးကို ကျွန်တော့်ပေး၊ ကျွန်တော်အသုံးလိုနိုင်တယ်"

ရစ်ဒေါ်ရဲ့ အပြုံးဟာ ပိုပေါ်လွင်လာတယ်။

"မင်း ၎င်းကို လိုအပ်မှာ မဟုတ်တော့ဘူး" သူက ပြောတယ်။

ဟယ်ရီက အံ့သြစွာ သူ့ကို ကြည့်နေတယ်။

"ခင်ဗျား ဘာပြောတယ်။ ကျွန်တော် လိုမှာ — "

"ဟယ်ရီ-ပေါ်တာ၊ ငါအကြာကြီး စောင့်နေခဲ့တာ" ရစ်ဒေါ်က ပြောတယ်။ "မင်းကို တွေ့ဖို့ အခွင့်ရအောင်။ မင်းနဲ့ စကားပြောမယ်"

"အမလေး" ဟယ်ရီဟာ တဖြည်းဖြည်း သည်းခံစိတ်မရှိတော့ဘူး။ သူ တပြောတယ်။ "ခင်ဗျား ကျွန်တော့် သဘောကို နားမလည်သေးဘူး ထင်တယ်။ ကျွန်တော်တို့ဟာ အခု လျှို့ဝှက်အခန်းထဲ ရောက်နေတာ။ နောင်မှ ပြောကြတာပေါ့"

"အခု ပြောမှ ဖြစ်မယ်" ရစ်ဒေါ်က ပြောတယ်။ မျက်နှာပေါ်မှာ ပေါ်လွင်စွာ ပြုံးနေတယ်။ သူဟာ ဟယ်ရီရဲ့ မှော်ကြိမ်လုံးကို မိမိအိတ်ထဲထည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ ပါးစပ်အဟောင်းသားနဲ့ သူ့ကို ကြည့်နေတယ်။ ဒီမှာ ဖြစ်ပွားတဲ့ ကိစ္စတွေဟာ တကယ့်ကို ထူးဆန်းတယ်။

"ဂျင်နီ ဘယ်လိုလုပ်ပြီး ဒီလိုဖြစ်သွားတာလဲ" သူက ဖြည်းဖြည်းမေးတယ်။

"အော၊ ဒါကတော့ စိတ်ဝင်စားစရာ မေးခွန်းတစ်ခုပဲ" ရစ်ဒေါ်က ပျော်ရွှင်စွာ ပြောတယ်။ "ပြောရမှာ ရှည်တယ်။ ငါ့အနေနဲ့၊ ဂျင်နီ ဝယ်စလီ ဒီလိုဖြစ်သွားတဲ့ တကယ့်အကြောင်းရင်းကတော့၊ သူမဟာ သူ မမြင်ရတဲ့ လူစိမ်းကို ရင်ဖွင့်ပြီး မိမိရဲ့ လျှို့ဝှက်ချက် အားလုံးကို ပြောပြလို့ပဲ"

"ခင်ဗျား ဘာတွေ ပြောနေတာလဲ" ဟယ်ရီက ပြောတယ်။

"နေ့စဉ်မှတ်တမ်း" ရစ်ဒေါ်က ပြောတယ်။ "ငါ့နေ့စဉ်မှတ်တမ်း။ လအချို့အတွင်းမှာ ဂျင်နီဟာ မှတ်တမ်းပေါ်မှာ သူ့ရင်ထဲက စကားတွေ ရေးတယ်။ ငါ့ကို သူမရဲ့ စိတ်မကောင်းစရာ စိတ်ရှုပ်မှုနဲ့ ဝမ်းနည်းမှုတွေ ပြောပြတယ်။ သူမကို အစ်ကိုတွေက လှောင်ပြောင်တာ၊ ဝတ်ရုံရှည် အဟောင်းကို ဝတ်ရတာ၊ စာအုပ်အဟောင်းနဲ့ ကျောင်းတက်ရတာ။ ပြီးတော့၊ သူမက —" ရစ်ဒေါ်ရဲ့ မျက်လုံးဟာ ကောက်ကျစ်စွာ လက်နေတယ်။ "— နာမည်ကျော်ကြားတဲ့၊ စိတ်ကောင်းရှိတဲ့၊ ကြီးမြတ်တဲ့ ဟယ်ရီပေါ်တာဟာ ဘယ်တော့မှ သူမကို နှစ်သက်မှာ မှုတ်ဖူးလို့ ထင်တယ် ...."

ရစ်ဒေါ်ဟာ အေးစက်စက် အသံစူးစူးနဲ့ ရယ်တယ်။ အသက်ဆယ့်ခြောက်နှစ်အရွယ် ကလေးရဲ့ အသံနဲ့ မတူဘူး။ ဒါကြောင့် ဟယ်ရီ့ဂုတ်ပေါ်က မွေးညင်းတွေ ထောင်ထလာတယ်။

"ကိုယ့်ဟာကို ကြွားတာတော့ မှုတ်ဖူး၊ ဟယ်ရီ၊ ငါဟာ ဘယ်တုန်းကမဆို လူကို ကြိုက်သလို ဆွဲဆောင်ထားနိုင်တယ်။ ဒါကြောင့် ဂျင်နီဟာ သူမရဲ့ ဝိညာဉ်တစ်ခုလုံး ငါ့ကို ဖွင့်ပြတယ်။ သူမရဲ့ ဝိညာဉ်ဟာ ငါလိုအပ်တာ ဖြစ်နေတယ်။ ငါက သူမရဲ့ အလျှို့ဝှက်ဆုံး ထိတ်လန့်မှု၊ အနက်နဲဆုံး လျှို့ဝှက်ချက်ကို ဝါးမျိုတယ်။ ကြာလေ လောဘကြီးလေပဲ။ ငါတဖြည်းဖြည်း တောင့်တင်းလာတယ်။ သေးငယ်တဲ့ ဝယ်စလီထက် အများကြီး တောင့်တင်းတယ်။ တောင့်တင်းတာမှ မစ်ဝယ်စလီကို ငါ့ရဲ့ လျှို့ဝှက်ချက်တချို့ ဖွင့်ပြောနိုင်လာတယ်။ ငါ့ရဲ့ ဝိညာဉ် တစ်စိတ်တစ်ပိုင်းလေးကို သူမကို ဖွင့်ပြတယ် ...."

"ခင်ဗျား ဘာပြောတယ်" ဟယ်ရီက မေးတယ်။ အာခေါင် မီးတောက်



မတတ် ပူလာတယ်။

"မင်း မသိသေးဘူးလား၊ ဟယ်ရီ-ပေါ်တာ" ရစ်ဒေါ်က အသံသေးသေးပေါ့ပေါ့လေးပြောတယ်။ "ဂျင်နီ-ဝယ်စလီက လျှို့ဝှက်အခန်းကို ဖွင့်တာ။ ကျောင်းက ကြက်ဖတွေကို သူမညှစ်သတ်တာ။ ပြီးတော့ နံရံပေါ်မှာ ကြောက်စရာစကားတွေ ရေးခြစ်တာ။ စလေးသရင်းရဲ့ မြွေဘီလူးကို သူမ လွှတ်တာ။ သွေးနှံ့မျိုးလေးယောက်ကို တိုက်ခိုက်တယ်။ ပြီးတော့ အဆံမဲ့ အမြောက်ရဲ့ကြောင် ပိန်ကြီး"

"မဖြစ်နိုင်ဘူး" ဟယ်ရီက ရေရွတ်တယ်။

"ဟုတ်တယ်လေ" ရစ်ဒေါ်က အေးအေးဆေးဆေးပဲ ပြောတယ်။ "ဟုတ်တယ်လေ၊ စစချင်းမှာ သူမဟာ ကိုယ့်ကိုကိုယ် ဘာလုပ်နေမှန်း မသိဘူး။ ဒါက အလွန်စိတ်ဝင်စားစရာ ကောင်းတယ်။ သူမ ခုတလောရေးတဲ့ နေ့စဉ်မှတ်တမ်းအချို့ကို မင်းကို ပြချင်တယ်.... ကြာလေ အဓိပ္ပာယ်ရှိလေပဲ .... ချစ်လှစွာသော တွမ်"

သူဟာ ဟယ်ရီရဲ့ တုန်လှုပ်နေတဲ့ မျက်စိကို ကြည့်ပြီး နေ့စဉ်မှတ်တမ်းထဲက အတွင်းသဘောကို အလွတ်ဖတ်ပြနေတယ်။

"ကျွန်မဟာ မှတ်ဉာဏ်တွေ ပျောက်ဆုံးနေတယ်လို့ ထင်တယ်။ ကျွန်မ ဝတ်ရုံပေါ်မှာ ကြက်မွေးတွေချည်းပဲ။ ဘယ်လိုလုပ်ပြီး ဝတ်ရုံပေါ် ရောက်နေတယ်ဆိုတာ ကျွန်မ မသိဘူး။ ချစ်လှစွာသော တွမ်၊ ဟောလိုးဝင်းရဲ့ ရှေ့ညမှာ ကျွန်မ ဘာတွေ လုပ်တယ်ဆိုတာ မမှတ်မိဘူး။ ဒါပေမယ့် ကြောင်တစ်ကောင် တိုက်ခိုက်ခံရတယ်။ ကျွန်မရင်ဘတ်ပေါ်မှာ ဆေးရောင်တွေ ပေနေတယ်။ ချစ်လှစွာသော တွမ်၊ အတ်စီက ကျွန်မကို မျက်နှာ မကောင်းဘူးလို့ချည်းပြောနေတယ်၊ ကြည့်ရတာလဲ ပုံမှန်မကျဘူးတဲ့။ ကျွန်မကို သူသံသယဖြစ်နေပြီလို့ ကျွန်မထင်တယ်.... ဒီနေ့ တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားပြန်ပြီ။ ထိုစဉ်က ကျွန်မ ဘယ်မှာရှိနေသလဲ ဆိုတာ တွေးလို့ မရဘူး။ တွမ်၊ ကျွန်မ ဘယ်လိုလုပ်ရမလဲ။ ကျွန်မ ရူးတော့မယ်လို့ ကိုယ့်ကိုကိုယ်သိနေတယ် .... ကျွန်မဟာ အဲဒီ လူအားလုံးကို တိုက်ခိုက်တဲ့ တရားခံပဲလို့ ထင်နေတယ်၊တွမ်"

ဟယ်ရီ လက်သီးတင်းတင်း ဆုပ်ထားတယ်။ လက်သည်းတွေ အသားထဲ မြုပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အကြာကြီးကြာမှ၊ အုတတ ဂျင်နီလေးဟာ သူမရဲ့ နေ့စဉ်မှတ်တမ်း စာအုပ်ကို မယုံကြည်တော့ဘူး" ရစ်ဒေါ်က ပြောတယ်။ "သူမသံသယဖြစ်လာတယ်။ ၎င်းကို လွှင့်ပစ်လိုက်တယ်။ မင်းဟာ အဲဒီအချိန်မှာ ဝင်လာတာ၊ ဟယ်ရီ။ မင်းက ၎င်းကို တွေ့သွားတယ်၊ ငါသိပ်ကို ဝမ်းသာသွားတယ်။ လူတွေ ဒီလောက်များတဲ့အထဲမှာ မင်းကမှ ဒီနေ့စဉ်မှတ်တမ်း စာအုပ်ကို ကောက်ရတယ်တဲ့။ မင်းဟာ ငါအလွန်တွေ့ချင်နေတဲ့ လူလေ . . . ."

"ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ကို တွေ့ချင်တာလဲ" ဟယ်ရီက မေးတယ်။ သူဟာ ဒေါသကြောင့် တစ်ကိုယ်လုံး တုန်ယင်နေတယ်။ လေသံကို တည်ငြိမ်အောင် မနည်းကြိုးစားရတယ်။

"အိုး၊ ဒီလိုပါ ဟယ်ရီ၊ ဂျင်နီက မင်းအကြောင်းအားလုံးကို ငါ့ကိုပြောပြတယ်" ရစ်ဒေါ်က ပြောတယ်။ "မင်းရဲ့ စွဲမက်စရာ အတိတ်အကြောင်းတွေလေ" သူ့အကြည့်ဟာ ဟယ်ရီရဲ့ နဖူးပေါ်က လျှပ်စီးလက်တဲ့ သဏ္ဍာန် အမာရွတ်ပေါ် ဖြတ်သွားတယ်။ သူ့အမူအရာဟာ ပိုပြီး အငမ်းမရ ဖြစ်လာတယ်။ "ငါသိတယ်။ ငါဟာ မင်းကို ပိုများများ သိအောင်လုပ်ရမယ်။ မင်းနဲ့ စကားပြောရမယ်။ ဖြစ်နိုင်ရင် မင်းနဲ့ ကိုယ်တိုင်တွေ့ရမယ်။ ဒါကြောင့် ငါက မင်းကို ဟက်ဂရစ်ဆိုတဲ့ ငတုံးကြီးကို ဖမ်းမိတဲ့ လုပ်ရပ်ကို မင်းကိုယ်တိုင် မြင်အောင် လုပ်ပြီး မင်းရဲ့ ယုံကြည်မှုကို ရယူနိုင်အောင်လုပ်ဖို့ ဆုံးဖြတ်ခဲ့တာ"

"ဟက်ဂရစ်က ကျွန်တော့်မိတ်ဆွေ" ဟယ်ရီက ပြောတယ်။ အခု အသံနည်းနည်းတုန်နေတယ်။ "ခင်ဗျားက သူ့ကို မတရားစွပ်စွဲခဲ့တာ၊ ဟုတ်လား။ ကျွန်တော်က ခင်ဗျားမှားသွားလို့ ထင်နေတာ၊ ကျွန်တော် မထင်မိဘူး —"

ရစ်ဒေါ်ဟာ စူးရှတဲ့ ဟက်ဟက်ပက်ပက်ရယ်သံကြီး ထွက်လာပြန်တယ်။

"ဟက်ဂရစ်ကို ငါဖွင့်ချတာ၊ ဟယ်ရီ။ မင်းတွေးကြည့်လို့ရတယ်၊ အဘိုးကြီး အာမန်ဒို-ဒစ်ဖက် ရင်ဆိုင်ရတာက ဘယ်လိုအခြေအနေမျိုးလဲ။ တစ်ဖက်က ငါ၊ တွမ်-ရစ်ဒေါ်၊ အညတရဆင်းရဲတဲ့ အိမ်ထောင်ကလာတယ်။ ဒါပေမယ့် လွန်စွာဉာဏ်ကောင်းတယ်။ မိဘနှစ်ပါး ကွယ်လွန်သွားပေမယ့် နှလုံးရည် လက်ရုံးရည်နဲ့ ပြည့်စုံတယ်။ ကျောင်းက အတန်းခေါင်းဆောင်၊ တစ်ဖက်ကကော၊ ငတုံးကြီး ဟက်ဂရစ်။ ထိုင်းထိုင်းအအ၊ ပြဿနာ ခနခနပေါ်တယ်။



တစ်ပတ်ခြား တစ်ကြိမ်လောက် ပြဿနာ ပေါ်တယ်။ သူဟာ ခုတင်အောက်မှာ ဝံပုလွေလူသားပေါက်လေး မွေးထားတယ်။ တားမြစ်သစ်တောထဲ ခိုးသွားပြီး ဇရာမ အကောင်ဆန်းတွေနဲ့ ပုတ်သတ်တယ်။ ဒါပေမယ့် ဝန်ခံရမှာက ငါကိုယ်တိုင်တောင် စီမံကိန်း ဒီလောက် အဆင်ပြေပြေ ဖြစ်မြောက်မယ် မထင်မိဘူး။ ငါက ဟက်ဂရစ်ဟာ စလေးသရင်းရဲ့ ဆက်ခံသူမဖြစ်နိုင်ဘူးလို့ နားလည်မယ့်သူ ရှိလိမ့်မယ်လို့ ထင်တာ။ ငါ့မှာ အချိန် ငါးနှစ်ကြီးများတောင် အကုန်ခံပြီးမှ လျှို့ဝှက်အခန်းရဲ့ အခြေအနေကို သိရတာ။ ဟိုလျှို့ဝှက်ဝင်ပေါက်ကို တွေ့ရှိတာ . . . . ဟက်ဂရစ်မှာ ဒီလိုခေါင်းမျိုး၊ ဒီလိုစွမ်းရည်မျိုး ရှိလို့လား။

"ရုပ်ပြောင်းပညာ ဆရာ ဒမ်ဘလီဒိုး တစ်ယောက်ကသာ ဟက်ဂရစ်တို့ အပြစ်မရှိဘူးလို့ ထင်တာ။ သူက ဒစ်ဖက်ကို ဟက်ဂရစ်ကို ဒီမှာ ဆက်ထားဖို့ နားချတယ်။ သူ့ကို တောလိုက်ကွင်းအစောင့်ဖြစ်အောင် မွေးမြူထားတယ်။ ဟုတ်တယ်၊ ဒမ်ဘလီဒိုး သိတာရှိမယ်လို့ ငါထင်တယ်။ ဒမ်ဘလီဒိုးဟာ တခြားဆရာတွေလို ငါ့ကို မနှစ်သက်ခဲ့ဘူး . . . ."

"ဒမ်ဘလီဒိုးက အစောကြီးကတည်းက ခင်ဗျားကို သိနေပြီလို့ ကျွန်တော်ပြောရဲတယ်" ဟယ်ရီက အံကြိတ်ပြီး ပြောတယ်။

"ဟုတ်တယ်၊ ဟက်ဂရစ် ကျောင်းထုတ်ခံရကတည်းက သူဟာ ငါ့ကို သေချာစောင့်ကြည့်နေတယ်။ အလွန်အမြင်ကတ်တယ်" ရစ်ဒေါ်က အရေးမကြီးသလို ပြောတယ်။ "ငါ ကျောင်းမှာ ရှိနေတုန်း လျှို့ဝှက်အခန်းကို နောက်ထပ်ဖွင့်ရင် လုံခြုံမှုရှိမှာ မဟုတ်ဖူးဆိုတာ သိတယ်။ ဒါပေမယ့် ဒီလောက်နှစ်ပေါင်းများစွာ လျှို့ဝှက်အခန်းကို ရှာဖွေခဲ့ရတဲ့ ကြိုးစားမှုတွေ သဲထဲရေသွန်သလို မဖြစ်ချင်ဘူး။ ငါက နေ့စဉ်မှတ်တမ်းတစ်အုပ်ထားခဲ့ပြီး အဲဒီ စက္ကူမျက်နှာတွေပေါ်မှာ အသက်ဆယ့်ခြောက်နှစ်အရွယ် ငါ့ကို သိမ်းဆည်းထားမယ်။ ဒီလိုဆိုတော့ တစ်နေ့နေ့မှာ ကံပေးရင် ငါက တခြားလူတစ်ယောက်ကို ငါ့ခြေရာလိုက်ပြီး ဆလာဇာ စလေးသရင်း မြင့်မြတ်တဲ့အရေးတော်ပုံကို ပြီးမြောက်အောင်လုပ်နိုင်တယ်"

"ဒါပေမယ့်၊ ခင်ဗျား မပြီးမြောက်ခဲ့ပါဘူး" ဟယ်ရီက ဝမ်းသာအားရနိုင်စွာ ပြောတယ်။ "ဒီတစ်ကြိမ်မှာ တစ်ယောက်မှ မသေဘူး။ ဟိုကြောင်တောင်မှ မသေဘူး။ နာရီအနည်းငယ်အတွင်းမှာ မင်ဒရိတ်ဆေးရည်ဖော်စပ်ပြီးတော့

www.burmeseclassic.com



မယ်း ဟို ကျောက်ဖြစ်သွားတဲ့ လူတွေ ပြန်ရှင်လာတော့မယ်"

"ဒါခုနက မင်းကို ပြောပြီးပြီမှတ်လား" ရစ်ဒေါ်က အသံသဲ့သဲ့ ဖြည်းဖြည်းပြောတယ်။ "ငါ့အဖို့ကတော့ နွံမျိုးကို သတ်ပစ်တဲ့ ကိစ္စက အရေးမကြီးတော့ဘူး။ လပေါင်းများစွာမှာ ငါ့ရဲ့ ပစ်မှတ်သစ်ကတော့ — မင်း"

ဟယ်ရီဟာ အံ့သြစွာ သူ့ကို စိုက်ကြည့်နေတယ်။

"ငါ့နေ့စဉ်မှတ်တမ်း နောက်တစ်ကြိမ် အဖွင့်ခံရတော့ အပေါ်မှာ စာရေးတာ ဂျင်နီဖြစ်နေတယ်။ မင်းမဟုတ်ဖူး။ ငါဘယ်လောက် ဒေါသထွက်တယ်ဆိုတာ မင်းတွေးကြည့်ပါ။ မင်းသိလား။ နေ့စဉ်မှတ်တမ်း မင်းလက်ထဲ ရောက်နေတာ တွေ့တော့ သူမက သိပ်စိုးရိမ်သွားတယ်။ တကယ်လို့များ နေ့စဉ်မှတ်တမ်း သုံးနည်းကို မင်းတွေ့ရှိသွားခဲ့ရင် ငါက သူမရဲ့ လျှို့ဝှက်ချက်ကို မင်းပြောပြရင်ကော။ ဒါမှ မဟုတ်ပဲ ပိုဆိုးတာက တကယ်လို့များ ငါက မင်းကို ကျောင်းက ကြက်ဖတွေကို ဘယ်သူညှစ်သတ်တယ်ဆိုတာ ပြောပြခဲ့ရင်ကော။ ဒါကြောင့် ဒီအတီးအတ ကောင်မလေးဟာ မင်းတို့ အိပ်ခန်းမှာ လူမရှိချိန် စောင့်ပြီး မင်းဆီက နေ့စဉ်မှတ်တမ်းကို ခိုးယူသွားတာ။ ဒါပေမယ့် ငါဘယ်လို လုပ်ရမလဲဆိုတာ ငါသိတယ်။ မင်းဟာ စလေးသရင်းရဲ့ ဆက်ခံသူကို ရှာနေတာ ငါသိတယ်။ ဂျင်နီ ငါ့ကို ပြောပြတဲ့ မင်းရဲ့ အခြေအနေကို ကြည့်ပြီး မင်းဟာ ဒီလျှို့ဝှက်ချက်ကို မရရအောင် ဖော်ထုတ်မှာဆိုတာ ငါသိတယ်။ အထူးသဖြင့် မင်းရဲ့ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်လဲ အတိုက်ခံရတာကိုး။ ဂျင်နီက ငါ့ကို မင်းမြွေမာဂခစကား ပြောတတ်ကြောင်း လူတွေက ပြောဆိုနေတယ်၊ ကျောင်းမှာ ဆူပွက်နေတာပဲလို့ ပြောပြတယ် . . . .

"ဒါကြောင့်၊ ငါက ဂျင်နီ ကိုယ်တိုင် နံရံပေါ်မှာ သေတမ်းစာရေးခိုင်းပြီး ဒီအောက်ထဲ လာစောင့်နေတာ။ သူမဟာ တအား ရုန်းကန်တယ်။ အော်ကြီးဟစ်ကျယ်ငိုတယ်။ တော်တော်စိတ်မရှည်စရာပဲ။ ဒါပေမယ့် သူမကိုယ်ထဲမှာ အသက် သိပ် မရှိတော့ဘူး။ သူမဟာ အသက်ရဲ့ အများပိုင်းကို နေ့စဉ်မှတ်တမ်းထဲ ထည့်ခဲ့တယ်။ ငါ့ကိုယ်ထဲ ထည့်ခဲ့တယ်။ ဒါကြောင့် ငါအခု နေ့စဉ်မှတ်တမ်းက ခွဲခွာလို့ရပြီ။ ငါနဲ့ ဂျင်နီ ဒီကိုရောက်ပြီးနောက် ငါမင်းကို စောင့်နေတာ။ မင်းလာမယ်ဆိုတာ ငါသိတယ်။ ငါ့မှာ မင်းကိုမေးစရာ မေးခွန်းအများကြီးရှိတယ်၊ ဟယ်ရီ-ပေါ်တာ"



"ဘာ မေးခွန်းလဲ" ဟယ်ရီက ဟောက်မေးတယ်။ လက်သီးကို တင်းတင်းဆုပ်ထားမြဲ ဆုပ်ထားတယ်။

"ဥပမာ" ရစ်ဒေါ်က ပြောတယ်။ ဝမ်းသာတဲ့ အပြုံးနဲ့ "ကလေးလေး တစ်ယောက်၊ ဘယ်လို ထူးခြား အံ့သြဖွယ်ပညာမှ မရှိပဲ သမိုင်းမှာ အကြီးမြတ်ဆုံး မှော်ဆရာကို ဘယ်လိုအောင်နိုင်တာလဲ။ မင်းဟာ ဘာဖြစ်လို့ ဘေးမသီရန်မခပဲ လွတ်သွားပြီး အမာရွတ်သာ ကျန်ခဲ့တာလဲ။ ဗိုလဒီမွန့်ရဲ့ အင်အားကတော့ အဖျက်ဆီးခံလိုက်ရတယ် . . . ."

အခု ၎င်းရဲ့ ဆာလောင်မွတ်သိပ်နေတဲ့ မြေခွေးလို မျက်စိထဲမှာ ထူးဆန်းတဲ့ အနီရောင် လက်နေတယ်။

"ကျွန်တော် ဘယ်လို လွတ်သွားတယ်ဆိုတာကို ခင်ဗျား ဘာဖြစ်လို့ စိတ်ဝင်စားတာလဲ" ဟယ်ရီက အသံကို ဆွဲပြီး မေးတယ်။ "ဗိုလဒီမွန့်ရဲ့ ကိစ္စဟာ ခင်ဗျားသေပြီးနောက် နှစ်ပေါင်းများစွာမှာမှ ဖြစ်ပွားတာ"

"ဗိုလဒီမွန့်" ရစ်ဒေါ်က ဖွဖွလေးပြောတယ်။ "အဲဒါ ငါ့ရဲ့ အတိတ်၊ မျက်မှောက်နဲ့ အနာဂတ်၊ ဟယ်ရီ-ပေါ်တာ . . . ."

သူဟာ အိတ်ကပ်ထဲကနေ ဟယ်ရီ့မှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်ပြီး လေထဲမှာ အနည်းငယ် ခြစ်ဆွဲလိုက်တယ်။ လက်နေတဲ့ စာသုံးလုံး ပေါ်ထွက်လာတယ်။

တွမ်-မာဗိုလို-ရစ်ဒေါ်

(TOM MARVOLO RIDDLE)

ဒီနောက် သူက မှော်ကြိမ်လုံးကို ယမ်းတယ်။ သူ့နာမည်ပေါင်းထားတဲ့ စာလုံးတွေဟာ အလိုအလျောက် နေရာပြောင်းပြီး

ကျွန်ုပ်သည် အရှင်သခင်ကြီး ဗိုလဒီမွန့်ဖြစ်သည်။

(I AM LORD VOLDEMORT)

"မြင်တယ်မှုတ်လား" သူက တိုးတိုးပြောတယ်။ "ဒီနာမည်ဟာ ငါ ဟော့ဂ်ဝပ်မှာ ကျောင်းနေတုန်းကတည်းက သုံးခဲ့တာ။ ပြောရရင်တော့ ငါနဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေကိုသာ သုံးတာ။ မင်းအနေနဲ့ ငါဟာ ဟိုညစ်ပတ်တဲ့ မတ်ဂေါ်အဖေရဲ့ နာမည်ကို ငါတစ်သက်လုံး အသုံးပြုရမယ် ထင်လို့လား။ သိထားရမှာက၊ ငါ့သွေးကြောထဲမှာ ဆလာဇာ-စလေးသရင် ကိုယ်နှိုက်ရဲ့ သွေးတွေ စီးနေတယ်။ သူ့သမီးက တဆင့် ငါ့ကို ပေးခဲ့တာ၊ အော့အန်

www.burmeseclassic.com



ချင်စရာ ကောင်းတဲ့ ရိုးရိုးမတ်ဂေါ်ရဲ့ နာမည်ကို ငါက ထိန်းသိမ်းထားရဦးမှာလား။ ၎င်းဟာ ငါမမွေးခင်ကတည်းက ငါ့ကို စွန့်ပစ်ခဲ့တယ်။ အကြောင်းက မိမိရဲ့ ဇနီးသည်ဟာ မှော်ဆရာမဆိုတာ သိသွားလို့။ ဟင့်အင်း၊ ဟယ်ရီး ငါ့က ငါ့အတွက် နာမည်အသစ်ရှာခဲ့တယ်။ တစ်နေ့နေ့ကျရင် ငါဟာ ကမ္ဘာပေါ်မှာ အကြီးမြတ်ဆုံး မှော်ဆရာကြီးဖြစ်လာတဲ့အခါမှာ အနယ်နယ် အရပ်ရပ်က မှော်ဆရာတွေဟာ ဒီနာမည်ကို တော်ရုံနဲ့ မခေါ်ဝံ့ကြရဘူး"

ဟယ်ရီရဲ့ ခေါင်းဟာ ခဲသွားသလိုပဲ။ သူဟာ ရစ်ဒေါ်ကို ကြောင်ကြည့်နေတယ်။ ဒီလူပါပဲ။ မိဘမဲ့ ခလေးဖြစ်ခဲ့ပြီး၊ ကြီးပြင်းလာတော့ ဟယ်ရီ့ရဲ့ မိဘကို သတ်ပစ်ခဲ့တယ်။ တခြားလူတွေ အများကြီးကိုလည်း . . . . နောက်ဆုံးမှာ ဟယ်ရီက မိမိကိုယ်မိမိ စကားပြောဖို့ တိုက်တွန်းလိုက်တယ်။

"ခင်ဗျား မဟုတ်ဖူး" သူက ပြောတယ်။ တည်ငြိမ်တဲ့ အသံထဲမှာ ရန်ငြိုးအပြည့်နဲ့။

"ဘာ မဟုတ်တာလဲ" ရစ်ဒေါ်က ဟောက်မေးတယ်။

"ကမ္ဘာပေါ်က အကြီးမြတ်ဆုံး မှော်ဆရာ" ဟယ်ရီက အသက်ရှူပြင်းပြင်းနဲ့ ပြောတယ်။ "ခင်ဗျားစိတ်ပျက်သွားတဲ့အတွက် အားနာပါတယ်၊ ဒါပေမယ့်၊ ကမ္ဘာပေါ်က အကြီးမြတ်ဆုံး မှော်ဆရာဟာ အော်ဘတ်စ်-ဒမ်ဘယ်ဒိုး။ လူတိုင်း ဒီလိုပဲ ပြောတယ်။ ခင်ဗျား အင်အားကောင်းတဲ့ အချိန်မှာတောင် ခင်ဗျားဟာ ဟော့ဂ်ဝပ်ကို ချုပ်ကိုင်ဖို့ မကြိုးစားဝံ့ဘူး။ ဒမ်ဘယ်ဒိုးဟာ ခင်ဗျားကျောင်းမှာ ရှိကတည်းက ခင်ဗျားအကြောင်းကို သိနေပြီ။ အခုလဲ သူဟာ ခင်ဗျားကို ကြောက်ဒူးတုန်စေတယ်။ ဒီရက်တွေမှာ ခင်ဗျား ဘယ်သွားပုန်းနေနေပေါ့"

ရစ်ဒေါ်မျက်နှာပေါ်က အပြုံးပျောက်သွားတယ်။ အလွန် အရုပ်ဆိုးတဲ့ အမူအရာ ပေါ်လာတယ်။

"ငါက ငါ့မှတ်ဉာဏ်ကို အသုံးချလိုက်ရုံနဲ့ ဒမ်ဘယ်ဒိုးကို ရဲတိုက်ကနေ မောင်းထုတ်နိုင်တယ်" သူက အံတကြိတ်ကြိတ်နဲ့ ပြောတယ်။

"ခင်ဗျား ဟုတ်လှပြီထင်မနေနဲ့၊ သူမသွားပါဘူး" ဟယ်ရီက ပြန်ပြောလိုက်တယ်။ သူက ပါးစပ်ဖျားက ထွက်သွားတာ ရစ်ဒေါ်ကို ခြောက်ဖို့သာဖြစ်တယ်။ သူဟာ မိမိပြောတာ အစစ်အမှန်ဖြစ်စေချင်တယ်။ ဒါပေမယ့်တော့ မယုံဝံ့ဘူး။



ရစ်ဒေါ်ဟာ ပါးစပ်ဟာပြီး စကားပြောမယ်လုပ်တုန်းမှာ ရုတ်တရက် ငိုင်သွားတယ်။

ဘယ်နေရာကနေ ဂီတသံလွင့်လာမှန်း မသိဘူး။ ရစ်ဒေါ်က ဆတ်ခနဲ လှည့်ပြီး ဘာမှ မရှိတဲ့ လျှို့ဝှက်အခန်းကို ကြည့်နေတယ်။ တေးဂီတသံဟာ ကြာလေ ကျယ်လေပဲ။ ဒီအသံဟာ လျှို့ဝှက်ခန်းကြယ်စွာ လွင့်ပျံ့နေတယ်။ ဒီအသံက ဟယ်ရီ့ ဦးရေပေါ်က ဆံပင်တွေ ထောင်ထလာစေတယ်။ သူ့နှလုံးသားဟာ မူလထက် နှစ်ဆကြီးလာတယ်။ ဂီတသံ ကြာလေ မြင့်လေဖြစ်လာတယ်။ နောက်ဆုံးမှာ ၎င်းဟာ မိမိရင်ထဲမှာ တုန်ခါနေတယ်လို့ ဟယ်ရီခံစားရတယ်။ ဒီအချိန်မှာပဲ၊ အနီးဆုံး ကျောက်တိုင်ထိပ်ကနေ မီးတောက်ထွက်လာတယ်။

အနီရင့်ရင့် ငှက်တစ်ကောင် ရုတ်တရက် မိုးပေါ်က ကျလာတယ်။ ငန်းလောက်ကြီးတယ်။ မျက်နှာကြက်အခုံးပေါ်မှာ ၎င်းရဲ့ ထူးဆန်းတဲ့ တေးဂီတကို သီဆိုနေတယ်။ ၎င်းမှာ ရွှေရောင်တောက်တဲ့ အမြီးရှိတယ်။ ဒေါင်းမြီး လို ရှည်တယ်။ ရွှေရောင်တောက်တဲ့ လက်သည်းတွေလည်း ရှိတယ်။ သူ့လက်သည်းထဲမှာ အထုပ်စုတ်တစ်ခု ကုတ်ယူထားတယ်။

တစ်စက္ကန့်ကြာတော့ ငှက်ကြီးဟာ ဟယ်ရီ့ဆီတန်းပျံလာတယ်။ ၎င်းဟာ လက်သည်းထဲက စုတ်စုတ်ပြတ်ပြတ်အရာကို ဟယ်ရီခြေထောက်ဘေး ပစ်ချလိုက်တယ်။ ဒီနောက် ဟယ်ရီ့ ပခုံးပေါ်မှာ လေးပင်စွာ ဝင်နားလိုက်တယ်။ ၎င်းက အတောင်ကြီးနှစ်ခုကို ရုတ်လိုက်တဲ့အခါမှာ ဟယ်ရီခေါင်းမော့လိုက်တယ်။ ၎င်းရဲ့ ရွှေနှုတ်သီးရှည်ရှည်နဲ့ လင်းလက်တဲ့ မျက်လုံးအစုံကို မြင်ရတယ်။

ငှက်ကြီးသီချင်းဆိုရပ်သွားတယ်။ ၎င်းဟာ ဟယ်ရီ့ပခုံးပေါ်မှာ ငြိမ်သက်စွာ ရပ်နေတယ်။ ဟယ်ရီ့ပါးကို ပူနွေးစွာ ကပ်ထားတယ်။ မျက်စိကတော့ ရစ်ဒေါ်ကို ရဲရင့်စွာ စိုက်ကြည့်နေတယ်။

"ဇာမဏီတစ်ကောင် . . . ." ရစ်ဒေါ်ကလည်း ၎င်းကို မိုက်မဲစွာ ကြည့်နေပြီး ပြောတယ်။

"ဖော့ခ်စ်လား" ဟယ်ရီဟာ ဖွဲ့ဖြလွန်းလို့ အသက်တောင် ဝအောင်မရှူနိုင်ဘူး။ ငှက်ကြီးရဲ့ ရွှေလက်သည်းဟာ သူ့ပခုံးကို အသာဆုပ်လိုက်တာ ခံစားရတယ်။

www.burmeseclassic.com



"တိုဟာ — "ရစ်ဒေါ်က ခုနက ဖော့ခ်စ် ပစ်ချတဲ့ စုတ်စုတ်ပြတ်ပြတ် အရာကို လှည့်ကြည့်တယ်။ "အဲဒါ ကျောင်းက အမျိုးအစားခွဲ ဦးထုပ်"

ဟုတ်ပါတယ်။ ညစ်ပေရှုံ့တွပြီး အဖာအထေးတွေနဲ့ ဟယ်ရီ့ခြေထောက်နားမှာ ကျနေတယ်။

ရစ်ဒေါ်ဟာ ဟက်ဟက်ပက်ပက်ရယ်လာတယ်။ ရယ်တာ သိပ်ကြမ်းလို့ မှောင်မည်းတဲ့ လျှို့ဝှက်အခန်းတောင် အနည်းငယ်တုန်ခါနေတယ်။ ရစ်ဒေါ်ဆယ်ယောက် တပြိုင်ထဲ အော်ရယ်သလိုပဲ။

"အဲဒါကတော့ ဒမ်ဘာလီဒိုးက သူ့ကို ကာကွယ်တဲ့ လူကို ပေးတဲ့အရာပဲ။ သီချင်းဆိုတတ်တဲ့ ငှက်နဲ့ ဦးထုပ်စုတ်။ ဟယ်ရီ-ပေါ်တာ၊ မင်းသတ္တိရှိလာပြီလား၊ မင်းလုံခြုံပြီလို့ ထင်သလား"

ဟယ်ရီက ပြန်မဖြေဘူး။ သူဟာ ဖော့ခ်စ်နဲ့ အမျိုးအစားခွဲ ဦးထုပ်ဘယ်လို အသုံးကျမလဲဆိုတာ သိမှာ မဟုတ်ဖူး။ ဒါပေမယ့် သူ့အထီးကျန် ခံစားချက်မရှိတော့ဘူး။ တိုးများလာတဲ့ သတ္တိကို ပိုက်ပြီး ရစ်ဒေါ်အရယ်ရပ်တာကို စောင့်နေတယ်။

"ပြောစရာရှိတာ ပြောရအောင်၊ ဟယ်ရီ" ရစ်ဒေါ်က ပြောတယ်။ ဟုတ်လှပြီဆိုတဲ့ အပြုံးနဲ့။ "မင်းရဲ့ အတိတ်၊ ငါ့ရဲ့ အနာဂတ်မှာ၊ ငါတို့ နှစ်ကြိမ်ဆုံတွေ့တယ်။ နှစ်ကြိမ်စလုံး မင်းကို မသတ်နိုင်ခဲ့ဘူး။ မင်းဘယ်လိုလုပ်ပြီး သေဘေးက လွတ်သွားတာလဲ။ အားလုံး ငါ့ကို ပြောပြ။ မင်းစကား ဘယ်လောက်ရှည်ရှည် ပြောမလဲ၊ ပြောသလောက် မင်းအသက်ကလေး ရှင်ခွင့်ရှိမယ်"

ဟယ်ရီဟာ အလျင်အမြန် တွေးနေတယ်။ သူဘယ်လို အောင်နိုင်မလဲဆိုတာ တွက်ဆနေတယ်။ ရစ်ဒေါ်ဟာ မှော်ကြိမ်လုံးကို ယူထားတယ်။ သူ ဟယ်ရီမှာတော့ ဖော့ခ်စ်နဲ့ အမျိုးအစားခွဲ ဦးထုပ်ရှိတယ်။ ဒီအရာနှစ်ခုဟာ နှစ်ဦး ချင်း အပြတ်တိုက်တဲ့အခါမှာ သိပ်အသုံးမကျဘူး။ အမှန်ပဲ၊ အခြေအနေသိပ်မကောင်းဘူး။ ဒါပေမယ့် ရစ်ဒေါ်ရပ်နေတာ ကြာလေ၊ ဂျင်နီ့ ကိုယ်ပေါ်က အသက်ဟာလည်း နည်းလေဖြစ်မယ်. . . . တစ်ချိန်တည်းမှာပဲ၊ ဟယ်ရီ ရုတ်တရက်တွေ့ရှိတာကတော့ မှုလက ဝေဝါးနေတဲ့ ရစ်ဒေါ်ရဲ့ ရုပ်ပုံဟာ ရှင်းလာ၊ တည်ငြိမ်လာနေတယ်။ သူနဲ့ ရစ်ဒေါ်ကြား တိုက်ခိုက်ဖို့ ရှိတယ်ဆိုရင် မြန်လေကောင်းလေပဲ။



"ခင်ဗျား ကျွန်တော့်ကို တိုက်တဲ့အခါမှာ ဘာကြောင့် ရုတ်တရက် အင်အားပျောက်ဆုံးသွားတယ်ဆိုတာ ဘယ်သူမှ မသိဘူး" ဟယ်ရီက မာကြောစွာ ပြောတယ်။ "ကျွန်တော့်ကိုယ် ကျွန်တော်လဲ မရှင်းဘူး။ ဒါပေမယ့် ခင်ဗျား ဘာကြောင့် ကျွန်တော့်ကို မသတ်နိုင်သလဲဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော့် အမေဟာ ကျွန်တော့်ကို ကယ်ဖို့ သေသွားတာ။ ကျွန်တော်ရဲ့ အညတရ မတ်ဂေါ်မျိုးရိုးက လာတဲ့ အမေလေ" သူက ဆက်ပြောတယ်။ ဒေါသကို အတင်းထိန်းထားရလို့ တစ်ကိုယ်လုံး တုန်ခါနေတယ်။ "သူမက ခင်ဗျား ကျွန်တော့်သတ်တာကို တားတယ်။ ကျွန်တော် ခင်ဗျားအစစ်အမှန်ကို မြင်ဘူးတယ်။ မနှစ်က ခင်ဗျားကို မြင်ရပြန်တယ်။ ခင်ဗျားဟာ စုတ်ပြတ်နေပြီ။ မသေမရှင်လို့ပဲ ပြောရမယ်။ ခင်ဗျားအစက အင်အား အစွမ်းကြီးမားပြီး ခုတော့ ဒီဘဝရောက်ရတယ်။ ခင်ဗျားဟာ ဟိုပုန်းဒီပုန်း ပုန်းနေရတယ်။ အကျည်းတန်လိုက်တာ ရွံစရာကြီး"

ရစ်ဒေါ်ရဲ့ မျက်နှာဟာ ရှုံ့တွသွားတယ်။ ဒီနောက် မိုက်ရိုင်းစွာ ရယ်တယ်။

"ဒီလိုကိုး။ မင်းအမေက မင်းကို ကယ်လို့ သေရတာ။ ဟုတ်တယ်။ အဲဒါဟာ အလွန်အာနိသင်ရှိတဲ့ ကျိန်စာဖြေဂါထာ။ ငါအခု နားလည်ပြီ — ပြောရရင် မင်းကိုယ်ပေါ်မှာ ဘာမှ ထူးခြားတာ မရှိဘူး။ မင်းသိလား၊ ငါအစတာ ဒီအကျိုးအကြောင်းကို အတွေးမပေါက်ဖူး။ မင်းနဲ့ ငါ့ကြားမှာ ထူးခြားစွာ တူနေတာတွေရှိနေလို့။ ဟယ်ရီ-ပေါ်တာ။ မင်းလဲ သတိပြုမိမှာပါ။ ငါတို့တာ သွေးရောတွေ၊ မိဘမဲ့တွေ၊ မတ်ဂေါ်တွေဆီမှာ ကြီးပြင်းရတာ။ ကြီးမြတ်တဲ့ စလေးသရင်းနောက်ပိုင်းမှာ ဟော့ဂ်ဝပ်ကို ရောက်လာတဲ့ မြွေဘာသာစကားပြောနိုင်တဲ့ နှစ်ယောက်တည်းသော လူပဲ ဖြစ်မယ်ထင်တယ်။ ငါတို့ဟာ ရုပ်ရည်တောင် အတော်တူတယ် . . . . ဒါပေမယ့် ပြောရရင်တော့၊ ခင်းဟာ ကံကြောင့် ငါ့လက်ကလွတ်တာ။ ငါသိချင်တာ ဒါတွေပဲ"

ဟယ်ရီဟာ ရပ်နေပြီး ရစ်ဒေါ် မှော်ကြိမ်လုံးမြှောက်လိုက်မှာကို စိတ်လှုပ်ရှားစွာ စောင့်နေတယ်။ ဒါပေမယ့် ရစ်ဒေါ်ရဲ့ ယုတ်မာတဲ့ ရယ်ပြုံးတာ ပိုပေါ်လွင်လာတယ်။

"တော်ပြီ၊ ဟယ်ရီ၊ ငါမင်းကို နည်းနည်းလေး ဆုံးမမယ်။ ငါတို့ အားပြိုင်ရအောင်။ တစ်ဖက်က ဆလာဇာ-စလေးသရင်းရဲ့ အမွေခံသူ၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဟယ်ရီ-ပေါ်တာ၊ သူ့မှာ ဒမ်ဘလီဒိုးပေးတဲ့ အကောင်းဆုံး လက်နက်ရှိတယ်"

သူဟာ ဖော့ခ်စ်နဲ့ အမျိုးအစားခွဲ ဦးထုပ်ကို ကြည့်လိုက်တယ်။ သိပ်ရယ်စရာကောင်းသလိုနဲ့ ထွက်သွားတယ်။ ဟယ်ရီရဲ့ ကြောက်လန့်မှုဟာ မိမိရဲ့ ထုံကျဉ်နေတဲ့ ခြေအစုံကနေ အထက်သို့ တက်လာတယ်လို့ ခံစားရတယ်။ ရစ်ဒေါ်ဟာ မြင့်မားတဲ့ ကျောက်တိုင်တွေကြားမှာ ရပ်လိုက်ပြီး အမှောင်ထဲ မြင့်မြင့်မှာ မြုပ်နေတဲ့ စလေးသရင်းရဲ့ ကျောက်ထွင်းမျက်နှာကို မော့ကြည့်တာကို ဟယ်ရီကြည့်နေတယ်။ ရစ်ဒေါ်က ပါးစပ်ဟတယ်။ ရှူးရှီးသံ ထွက်လာတယ် — ဒါပေမယ့် သူပြောတဲ့ စကားကို ဟယ်ရီနားလည်တယ်။

"ကျွန်တော့်ကို စကားပြောပါ၊ စလေးသရင်း — ဟော့ဂ်ဝပ်ခေါင်းဆောင်ကြီး လေးဦးအနက် အကြီးမြတ်ဆုံးသူ"

ဟယ်ရီက အမြန်လှည့်လိုက်တယ်။ ရုပ်ထုကို မော့ကြည့်တယ်။ ဖော့ခ်စ်ဟာ သူ့ပခုံးပေါ်မှာ ယိုင်သွားတယ်။

စလေးသရင်းရဲ့ ကျောက်ထုမျက်နှာကြီး လှုပ်လာတယ်။ သူ့ပါးစပ်ပွင့်သွားတာ ဟယ်ရီ အလွန့်အလွန် ကြောက်လန့်စွာ မြင်ရတယ်။ ပါးစပ်ကျယ်ကျယ်လာတယ်။ နောက်ဆုံးမှာ ရောမကျင်းမည်းမည်းကြီး ဖြစ်လာတယ်။

ရုပ်ထုရဲ့ ပါးစပ်ထဲမှာ တစ်ခုခု လှုပ်နေတယ်။ တစ်ခုခုက ရုပ်ထုထဲကနေ တရွရွ အပေါ်သို့ တွားတက်နေတယ်။

ဟယ်ရီက နောက်ကို အမြန်ဆုတ်တယ်။ မည်းမှောင်တဲ့ လျှို့ဝှက်အခန်းရဲ့ နံရံနဲ့ ဝင်တိုက်မိတယ်။ သူဟာ မျက်စိကို အတင်းပိတ်ထားတယ်။ ဖော့ခ်စ် တောင်ပံဖြန့်လိုက်တာ သိတယ်။ တောင်ပံက သူ့ပါးနဲ့ထိသွားတယ်။ ဟယ်ရီက အော်လိုက်ချင်တယ်။ "ကျွန်တော့်ကို ခွဲမသွားနဲ့" ဇာမဏီတစ်ကောင်ဟာ မြွေဘုရင်ကို ဘယ်လိုနိုင်မှာလဲ။

ရောမ အရာကြီးတစ်ခု ဒိုင်းကနဲ ကျောက်ကြမ်းပြင်ပေါ် ကျလာတယ်။ လျှို့ဝှက်အခန်းတုန်ခါသွားတာ ဟယ်ရီခံစားရတယ်။ ဒါ ဘာလဲဆိုတာ သူသိတယ်။ သူခံစားလို့ရတယ်။ သူဟာ ဟိုမြွေဘုရင်ကြီး စလေးသရင်း ပါးစပ်ထဲကနေ ၎င်းရဲ့ ခွေနေတဲ့ ကိုယ်ခန္ဓာကို ဆန့်ပြီး ထွက်လာတာ မြင်ရသလိုပဲ။ ဒီနောက်မှာ ရစ်ဒေါ်ရဲ့ တရှီးရှီးအသံကို ကြားရတယ်။ "သူ့ကို သတ်ပစ်"

မြွေဘီလူးကြီးဟာ ဟယ်ရီ့ဆီကို ရွေ့လျားသွားတယ်။ ၎င်းရဲ့ လေးဝင်



တဲ့ ကိုယ်ခန္ဓာကြီးဟာ ဖုံတွေတက်နေတဲ့ ကြမ်းပေါ်ပွတ်တိုက်ပြီး ဖြည်းနှေးစွာ လျှောသွားတာ ဟယ်ရီကြားရတယ်။ ဟယ်ရီဟာ မျက်စိကို အတင်းမှိတ်ထားရင်း ဘေးဆီသို့ အရမ်းလျှောက် ခုန်သွားတယ်။ လက်နှစ်ဖက်ကို ဆန့်ထုတ်ထားပြီး စမ်းနေတယ်။ ရစ်ဒေါ်ဟာ ကျေနပ်စွာ အော်ရယ်နေတယ် ....

ဟယ်ရီ ခလုတ်တိုက်လဲသွားတယ်။ ကျောက်ခဲပေါ် ပစ်ကျသွားတယ်။ ပါးစပ်ထဲမှာ သွေးနှစ်တဲ့ အရသာရတယ်။ မြွေဘီလူးကြီးဟာ သူနဲ့ ၄-၅လှမ်းပဲ ကွာတော့တယ်။ မြွေဘီလူးကြီး နီးကပ်လာတာ သူကြားရတယ်။

ရုတ်တရက်၊ သူ့ခေါင်းအပေါ်ဘက်ကနေ ပေါက်ကွဲသံ ပေါ်ထွက်လာတယ်။ တစ်ခုခုက ဟယ်ရီ့ကို လာမှန်တယ်။ သူ့ကို နံရံပေါ်သို့ တွန်းပို့လိုက်တယ်။ သူဟာ မြွေအဆိပ်သွား သူ့ကို ပေါက်မှာ စောင့်နေတယ်။ ဒီအချိန်မှာ အရူးအမူး ရှီးရှီးသံကြားရ ပြန်တယ်။ တစ်ခုခုက ကျောက်တိုင်ကို တစ်ဖက်သို့ တိုက်ပစ်လိုက်တယ်။

သူ မအောင့်နိုင်တော့ပဲ မျက်စိကို နည်းနည်းလေး ဖွင့်ပြီး ဘာလဲဆိုတာ ကြည့်တယ်။

အဲဒီ ရောမ မြွေဘီလူးကြီးဟာ တစ်ကိုယ်လုံး စိမ်းလက်ပြီး အဆိပ်ရှိ မြွေတွေမှာ ရှိတဲ့ တောက်ပတဲ့ အရောင်ထွက်နေတယ်။ ကိုယ်ခန္ဓာဟာ ဝက်သစ်ချ ပင်စည်လောက်ကြီးတယ်။ ၎င်းဟာ ကိုယ်အထက်ပိုင်းကို မိုးပေါ်သို့ မြင့်မြင့်ကြီး မြှောက်ထားတယ်။ ၎င်းရဲ့ ခေါင်းပြားပြားကြီးဟာ ကျောက်တိုင်တွေ ကြားမှာ လျှောက်သွားနေတယ်။ အရက်မူးသမားလိုပဲ။ ဟယ်ရီတုန်ယင်စွာ မျက်စိကို မှိတ်ထားဖို့ လုပ်ချိန်မှာ မြွေလှည့်လိုက်တယ်။ ဟယ်ရီဟာ ၎င်းရဲ့ မျက်နှာကို ရှေ့တည့်တည့်က မြင်ရတယ်။ ၎င်းရဲ့ မျက်စိကို မြင်ရတယ် — မီးသီးကြီးလို ကြီးမားတဲ့ မျက်လုံး ဝါဝါကြီးဟာ ဇာမဏီငှက်ပေါက်လို့ ကန်းသွားပြီ၊ သွေးမည်းမည်းတွေ မြေပေါ် ပန်းကျလာတယ်။ မြွေဘီလူးဟာ နာကျင်လို့ ဟူးဟူးသံ ထွက်နေတယ်။

"မှုတ်ဖူး" ရစ်ဒေါ် အော်တာ ဟယ်ရီကြားရတယ်။ "ဟိုငှက်ကို ထားလိုက်၊ ဟိုငှက်ကို ထားလိုက်။ ကောင်လေး မင်းနောက်မှာ ရှိတယ်။ သူ့အနံ့ကို မင်းရမယ်။ သူ့ကို သတ်ပစ်"

မျက်ကန်း မြွေဘီလူးလှည့်လိုက်တယ်။ သူ့မှာ ပစ်မှတ် ပျောက်သွားတယ်။ ဘယ်လိုလုပ်ရမှန်း မသိဘူး။ ဒါပေမယ့် ကြောက်စရာကောင်းနေတုန်း

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ဖော့ခ်စ်ဟာ ၎င်းရဲ့ ခေါင်းနားမှာ ပျံသန်းနေတယ်။ ထူးဆန်းတဲ့ သီချင်းကို ဆိုနေတယ်။ မြွေဘီလူးရဲ့ အကြေးခွံတွေ ဖုံးနေတဲ့ နှာခေါင်းကို ဟိုတစ်ချက် ဒီတစ်ချက် နှုတ်သီးနဲ့ ဆိတ်ဆိတ်နေတယ်။ သွေးမည်းမည်းတွေ မြွေဘီလူးရဲ့ အပေါက်ခံရတဲ့ မျက်စိထဲက ပန်းထွက်နေတယ်။

"ကယ်ပါ၊ ကယ်ပါ" ဟယ်ရီက ဘာလုပ်ရမှန်း မသိ တိုးတိုးအော်တယ်။ "ဘယ်သူ ကယ်နိုင်မလဲ၊ ဘယ်သူပဲ ဖြစ်ဖြစ်"

မြွေဘီလူးရဲ့ အမြီးယမ်းလာတယ်။ ဟယ်ရီဟာ ခေါင်းကို အမြန်ငုံ့လိုက်တယ်။ ပျော့ပျောင်းတဲ့ အရာတစ်ခု သူ့မျက်နှာကို လာရိုက်တယ်။

မြွေဘီလူးဟာ အမျိုးအစားခွဲ ဦးထုပ်ကို ဟယ်ရီ့ရင်ဘတ်ထဲ ခတ်သွင်းလိုက်တယ်။ ဟယ်ရီက ဦးထုပ်ကို ဆွဲယူလိုက်တယ်။ ဒါဟာ သူ့မှာ ရှိတဲ့ တစ်ခုတည်းသော လက်နက်။ သူဟာ ဦးထုပ်ကို ခေါင်းပေါ် ဖြစ်သလို ဆောင်းလိုက်တယ်။ ဒီနောက် မြေကြီးပေါ် ဝပ်နေတယ်။ မြွေဘီလူးရဲ့ အမြီးက ယမ်းလာပြန်တယ်။

"ကယ်ကြပါ — ကယ်ကြပါ — " ဟယ်ရီက တွေးတယ်။ မျက်လုံးဟာ ဦးထုပ်အောက်မှာ ဖိမိနေတယ်။ "ကျွန်တော့်ကို ကယ်ကြပါ"

ဘာမှ ပြန် မဖြေဘူး။ ဦးထုပ်ကတော့ ကြာလေတင်းလာလေပဲ။ မမြင်ရတဲ့လက်က ၎င်းကို တင်းအောင် ဆုပ်ထားသလိုပဲ။

ဒိုင်း။ အလွန်မာ အလွန်လေးတဲ့ အရာတစ်ခု ဟယ်ရီ့ ခေါင်းပေါ် ကျလာတယ်။ သူ့ကို မူးမေ့သွားတော့မတတ် ဖြစ်စေတယ်။ သူ့မျက်စိ ကြယ်တွေ ပွင့်သွားတယ်။ သူဟာ ဦးထုပ်ကို အပေါ်က ဆွဲပြီး ချွတ်ပစ်ချင်တယ်။ ဒါပေမယ့် ဦးထုပ်ထဲက ရှည်ရှည်မာမာ အရာတစ်ခုကို စမ်းမိတယ်။

လက်ပြောင်တဲ့ ငွေဓားရှည်တစ်ချောင်း ဦးထုပ်ထဲမှာ ရှိနေတယ်။ ဓားအနှောင့်မှာ တောက်ပတဲ့ ကြက်ဥလောက်ကြီးတဲ့ ပတ္တမြားကြီး ရှိတယ်။

"ဟို ကောင်လေးကိုသတ်။ ဟိုငှက်ကို ထားလိုက်။ ကောင်လေးဟာ မင်းကျောဘက်မှာ၊ မင်းတအားအနံ့ခံကြည့် — သူ့အနံ့ကို ရှူရှိုက် ကြည့်လိုက်"

ဟယ်ရီဟာ မတ်တတ်ရပ်ပြီး အသင့်ပြင်ဆင်ထားပြီးပြီ။ မြွေဘီလူးရဲ့ ခေါင်းဟာ နိမ့်ဆင်းနေတယ်။ ၎င်းက ဟယ်ရီ့ဘက်သို့ လှည့်လိုက်တယ်။ ကိုယ်ကို ရစ်ခွေလိုက်ပြီး ကျောက်တိုင်တွေကို တဖျတ်ဖျတ်ရိုက်တယ်။ ၎င်းရဲ့



ဧရာမ သွေးစိမ်းရှင်ရှင် မျက်ခေါင်းကို ဟယ်ရီမြင်ရတယ်။ ၎င်းရဲ့ ပါးစပ်ကြီး အကြီးကြီးဟထားတယ်။ သူ့ကိုတောင် မျိုချနိုင်လောက်အောင် ကြီးတယ်။ ၎င်းရဲ့ ပါးစပ်ထဲမှာ မိမိရဲ့ ငွေဓားရှည်လောက်ကြီးတဲ့ အဆိပ်သွားနှစ်တန်းတာ ပါးလျစွာ အရောင်တောက်နေတယ်။ အဆိပ်ရည်တွေနဲ့ မြင်ရတယ် . . . . .

၎င်းဟာ မမြင်မကန်း ထိုးဝင်လာတယ်။ ဟယ်ရီ ဂမန်းဂတန်း ရှောင်ပုန်းရင်း နံရံနဲ့ ဝင်ဆောင့်တယ်။ ၎င်းက ခုန်အုပ်ပြန်တယ်။ လျှာနှစ်ခွဟာ ဟယ်ရီ့ ကိုယ်ပေါ်က ဖြတ်သွားတယ်။ ဟယ်ရီက လက်နှစ်ဖက်နဲ့ ဓားကို မြှောက်ကိုင်ထားတယ်။

မြွေဘီလူးဟာ နောက်ထပ် ခုန်အုပ်တယ်။ ဒီတစ်ကြိမ်မှာ ပစ်မှတ် တိကျတယ်။ ဟယ်ရီက တစ်ကိုယ်လုံးရှိ အားကို ငွေဓားပေါ် ပို့ပြီး မြွေဘီလူးရဲ့ အာခေါင်ကို ထိုးလိုက်တယ်။ ဓားရိုးထိစိုက်ဝင်သွားတယ်။ သို့ပေမယ့် ပူနွေးတဲ့ မြွေသွေးတွေ ဟယ်ရီ့လက်မောင်းပေါ် စီးကျချိန်မှာ သူ့ လက်မောင်းက အသည်းခိုက်အောင် နာတာ ခံစားရတယ်။ အဆိပ်ရှိတဲ့ အစွယ်တစ်ချောင်းဟာ သူ့လက်မောင်းထဲကို နက်နက်စိုက်ဝင်သွားတယ်။ မြွေဘီလူး နာကျင်စွာ တွန့်လိမ်ပြီး တစ်ဖက်သို့ မြေပေါ် လန်ကျသွားချိန်မှာ အဲဒီ မြွေအဆိပ်အစွယ်ဟာ ကျိုးပဲ့သွားတယ်။

ဟယ်ရီဟာ နံရံကို မှီပြီး မြေကြီးပေါ် လျှောကျသွားတယ်။ သူဟာ သူ့ကိုယ်တွင်းကို အဆိပ်ရည်လောင်းထည့်နေတဲ့ အစွယ်ကြီးကို ဆွဲထုတ်လိုက်တယ်။ ဒါပေမယ့် နောက်ကျသွားပြီဆိုတာ သူသိတယ်။ ပြင်းထန်စွာ နာကျင်မှုဟာ လက်မောင်းကနေ တစ်ကိုယ်လုံးကို ပြန့်လာနေတယ်။ သူဟာ မြွေစွယ်ကို လွှင့်ပစ်ပြီး မိမိသွေးတွေ ဝတ်ရုံရှည်ကို စိုရွှဲလာတာ ကြည့်နေတုန်းမှာပဲ သူ့ အမြင်ဟာ ဝေဝါးလာနေပြီ။ လျှို့ဝှက်အခန်းဟာ အလျင်အမြန်လည်ပတ်နေတဲ့ မှောင်မဲ့တဲ့ အရောင်ထဲမှာ တဖြည်းဖြည်း ပျော်ဝင်သွားတယ်။

အနီရဲရဲ အရောင်တစ်ခု သူ့မျက်စိရှေ့က ဖြတ်သွားတယ်။ လက်သည်းနဲ့ ဖြည်းဖြည်းကုတ်သံကို ဟယ်ရီ ကြားရတယ်။

"ဖော့ခ်စ်" ဟယ်ရီက မသဲမကွဲ ပြောတယ်။ "မင်းသိပ်တော်တာပဲ၊ ဖော့ခ်စ် . . . ." ငှက်ကြီးဟာ လှပတဲ့ ဦးခေါင်းကို မြွေပေါက်ထားတဲ့ နေရာမှာ ကပ်ထားတာ ဟယ်ရီခံစားရတယ်။

ပဲ့တင်သံပါတဲ့ ခြေသံကို သူကြားရတယ်။ ဒီနောက် အရိပ်မည်းမည်း

www.burmeseclassic.com

www.burmeseclassic.com



ကြီး သူ့ရှေ့ရောက်လာတယ်။

"မင်းသေပြီ၊ ဟယ်ရီ-ပေါ်တာ" ရစ်ဒေါ်ရဲ့ အသံက သူ့အပေါ်က ပြောတယ်။ "သေပြီ။ ဒမ်ဘလီဒိုးရဲ့ ငှက်တောင် ဒါကို သိတယ်။ ၎င်း ဘာလုပ်နေတယ်ဆိုတာ မင်းသိလား၊ ပေါ်တာ။ ၎င်းငိုနေတယ်"

ဟယ်ရီ မျက်တောင်ခတ်လိုက်တယ်။ ဖော့ခ်စ်ရဲ့ ခေါင်းဟာ ရှင်းသွားလိုက် ဝါးသွားလိုက် မြင်ရတယ်။ ပုလဲနဲ့တူတဲ့ မျက်ရည်ပေါက်ကြီးတွေဟာ ၎င်းရဲ့ လက်နေတဲ့ အမွေးအတောင်တွေကနေ စီးကျလာတယ်။

"ငါဒီမှာ ထိုင်ပြီး မင်းသေတာ ကြည့်မယ်။ ဟယ်ရီ-ပေါ်တာ။ မလောပါနဲ့၊ ငါ့မှာ အချိန်အများကြီးရှိတယ်"

ဟယ်ရီဟာ အိပ်ပျော်သွားချင်နေတယ်။ ဘေးပတ်လည်က အရာအားလုံး လည်ပတ်နေသလိုပဲ။

"နာမည်ကြီး ဟယ်ရီ-ပေါ်တာ ဒီလိုပဲ သွားပြီ" ရစ်ဒေါ်ရဲ့ အသံဟာ အဝေးကြီးက ရောက်လာတယ်။ "လျှို့ဝှက်အခန်းထဲမှာ အထီးကျန်စွာ မိတ်ဆွေတွေ စွန့်ပယ်ခံရတယ်။ သူဟာ ခါးမသန်ပဲ မှော်နက်ဆရာကြီးကို စိမ်ခေါ်တယ်။ မှော်နက်ဆရာကြီး လက်အောက်မှာ အရှုံးနဲ့ ရင်ဆိုင်သွားရတယ်။ ဟယ်ရီ၊ မင်း မကြာခင်မှာပဲ မင်းရဲ့ ချစ်လှစွာသော မတ်ဂေါ်အမေနဲ့ တွေ့ရတော့မယ် .... သူမဟာ ကိုယ့်အသက်ကို တန်ဖိုးပေးပြီး မင်းကို ဆယ့်နှစ်နှစ်ပဲ အသက်ရှင်စေနိုင်တယ်.... ဒါပေမယ့်၊ ဗိုလ်ဒီမွန့်က မင်းကို သတ်ပစ်လိုက်တယ်။ စင်စစ် မင်းဟာ သူဒီလို လုပ်လို့ရမယ်ဆိုတာ အစောကြီးကတည်းက သိပြီးသားပါ"

ဟယ်ရီက တွေးတယ်။ သူသေတော့မယ်ဆိုရင် သိပ်တော့ အခံရမခက်ဘူး။ နာတဲ့ခံစားချက်တောင် ဖြည်းဖြည်းချင်း သက်သာလာပြီ....

ဒါပေမယ့် ဒါဟာ သေနေတာလား။ လျှို့ဝှက်အခန်းဟာ မှောင်မည်းမနေပဲ ရှင်းလင်းစွာ မြင်လာရတယ်။ ဟယ်ရီဟာ ခေါင်းကို အသာခါလိုက်တယ်။ သူ ဖော့ခ်စ်ကို မြင်ရတယ်။ ငှက်ကြီးဟာ ၎င်းရဲ့ ခေါင်းကို သူ့လက်ပေါ် မှီထားတုန်းပဲ။ သူ့ဒဏ်ရာ ဘေးမှာ ပုလဲလို မျက်ရည်ဥတွေ လက်နေတယ် — ဟင်၊ အံ့ဩစရာပဲ၊ ဒဏ်ရာဘယ့်နှယ်လုပ် မရှိတော့တာလဲ။

ဟယ်ရီ ခေါင်းမော့လိုက်တယ်။ ရစ်ဒေါ်ဟာ ဟယ်ရီ့မှော်ကြိမ်လုံးနဲ့ ဖော့ခ်စ်ကို ချိန်ထားတယ်။ ဘမ်းဆိုတဲ့ အသံကြီးနဲ့ အတူ သေနတ်နဲ့ ပစ်လိုက်



သလို ဖော့ခ်စ်ပျံတက်သွားတယ်။ ရွှေရောင်နဲ့ အနီရောင်စပ်ထားတဲ့ သေရေး လိုပဲ။

"ဇာမဏီရဲ့ မျက်ရည် ...." ရစ်ဒေါ်က တိုးတိုးပြောတယ်၊ ဟယ်ရီ့ လက်မောင်းကို စိုက်ကြည့်တယ်။ "ဟုတ်တယ် .... ဒဏ်ရာပျောက်နိုင်တယ် .... ငါမေ့နေတာ ...."

သူဟာ ဟယ်ရီ့မျက်နှာကို ကြည့်တယ်။ "ဒါပေမယ့် ကိစ္စမရှိဘူး။ ဒါမှ ပိုကောင်းတယ်။ မင်းနဲ့ငါပဲ ရှိတယ် ဟယ်ရီ-ပေါ်တာ။ မင်းနဲ့ငါ ...."

သူက မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။

ဒီအချိန်မှာပဲ ဖော့ခ်စ်ဟာ တောင်ပံရိုက်ခတ်ပြီး သူ့ခေါင်းပေါ် ဝဲနေတယ်။ ချက်ချင်းပဲ အရာတစ်ခု ဟယ်ရီ့ ဒူးပေါ်ကျလာတယ် — ဟိုနေ့စဉ်မှတ်တမ်း။

သေရေးရှင်ရေး အချိန်ကလေးမှာ၊ ဟယ်ရီရဲ့ မှော်ကြိမ်လုံးကို မြှောက်ကိုင်ထားတဲ့ ရစ်ဒေါ်ဟာ မှတ်တမ်းကို စိုက်ကြည့်နေတယ်။ ဒီနောက် ဟယ်ရီဟာ တွေးမနေတော့ပဲ၊ နည်းနည်းမှ တွေဝေမနေပဲ၊ သူတစ်လျှောက်လုံး ဒီလိုလုပ်ဖို့ စိတ်ဆုံးဖြတ်ချက် ချထားသလိုပဲ သူဟာ သူ့ဘေးက မြွေအဆိပ်စွယ်ကို ကောက်ပြီး နေ့စဉ်မှတ်တမ်းရဲ့ အလယ်ဗဟိုကို စိုက်ထည့်လိုက်တယ်။

ကြောက်စရာ ကောင်းတဲ့၊ ကြာရှည်တဲ့၊ နားကွဲမတတ် အော်သံနဲ့အတူ မင်ရည်တွေဟာ နေ့စဉ်မှတ်တမ်းစာအုပ်ထဲက ပန်းထွက်လာတယ်။ ဟယ်ရီ့ လက်ကနေ မြေကြီးပေါ် ကျသွားတယ်။ ရစ်ဒေါ်ဟာ တွန့်လိမ်ပြီး ရုန်းကန်နေတယ်။ လက်နှစ်ဖက်ဟာ မနားတမ်းလှုပ်ယမ်းနေတယ်။ သူ့ပါးစပ်က နာကျင်စွာ အော်ဟစ်သံ ထွက်နေတယ်။ ဒီနောက်....

သူပျောက်ကွယ်သွားတယ်။ ဘတ်ကနဲ အသံနဲ့အတူ ဟယ်ရီ့ မှော်ကြိမ်လုံး မြေကြီးပေါ် ကျလာတယ်။ ဒီနောက် အားလုံး ငြိမ်သက်သွားတယ်။ နေ့စဉ်မှတ်တမ်းထဲကနေ မင်ရည်တွေ တတောက်တောက်ကျနေသံ ကြားရတယ်။ မြွေဘီလူးရဲ့ အဆိပ်ရည်ဟာ နေ့စဉ်မှတ်တမ်းကို လောင်ပြီး အပေါက်တစ်ပေါက် ပေါက်သွားစေတယ်။ တရှိုးရှိုးနဲ့ မီးခိုးထွက်နေတုန်းပဲ။

ဟယ်ရီ တစ်ကိုယ်လုံး တုန်နေတယ်။ ထောက်ပြီး မတ်တတ်ရပ်လိုက်တယ်။ မိုးနဲ့မြေ လည်ပတ်နေတယ်။ ဖလူးပေါင်ဒါနဲ့ မိုင်ပေါင်းများစွာ ခရီးသွားခဲ့ရသလိုပဲ။ ဖြည်းဖြည်းချင်း သူဟာ သူ့မှော်ကြိမ်လုံးနဲ့ အမှိုက်အစားခွဲ ဦးထုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆီ ခေါက်ယူတယ်။ တစ်ခါ အားကုန်ထုတ်ပြီး မြွေဘီလူး အာခေါင်ထဲက ငွေရောင်တလက်လက်နဲ့ ဓားကို ဆွဲထုတ်လိုက်တယ်။

ဒီအချိန်မှာ လှို့ဝှက်အခန်းရဲ့ တစ်ဖက်ကနေ ညည်းသံသဲ့သဲ့ပေါ်လာတယ်။ ဂျင်နီ စလှုပ်လာတယ်။ ဟယ်ရီက အမြန်ပြေးသွားတယ်။ ဂျင်နီ ထထိုင်တယ်။ သူမရဲ့ ဘာမှန်းမသိတဲ့ အကြည့်ဟာ အရင်ဆုံး မြွေဘီလူးရဲ့ ကြီးမားတဲ့ ကိုယ်ပေါ် ကျရောက်သွားတယ်။ တစ်ခါ သွေးတွေ စွန်းပေနေတဲ့ဝတ်ရုံရှည်နဲ့ ဟယ်ရီဆီ ရောက်သွားတယ်။ နောက်ဆုံး သူ့လက်ထဲက နေ့စဉ်မှတ်တမ်း စာအုပ်ပေါ် ရောက်သွားတယ်။ သူမဟာ ကြက်သီးထသွားပြီး ရှိုက်လိုက်တယ်။ မျက်ရည်တွေ တတောက်တောက်စီးကျလာတယ်။

"ဟယ်ရီ — အိုး၊ ဟယ်ရီ — နံနက်စောစောစာ စားတုန်းက ကျွန်မ — ကျွန်မပြောပြမလို့။ ဒါပေမယ့် ဖတ်စီရှေ့မှာ ကျွန်မ — ပြောလို့မရဘူး။ ကျွန်မလုပ်တာ၊ ဟယ်ရီ — ဒါပေမယ့် ကျွန်မ — ကျွန်မ ကျိန်ဆိုတယ် — တမင်လုပ်တာ မဟုတ်ဖူး၊ အဲဒါ ရစ် — ရစ်ဒေါ်က ကျွန်မကို အတင်းခိုင်းတာ၊ သူ — သူ ကျွန်မကို ချုပ်ကိုင်ထားတယ်။ နင် — ဟို — ဟိုကောင်ကို ဘယ်လို သတ်လိုက်တာလဲ။ ရစ်ဒေါ် ဘယ် — ဘယ်မှာလဲ။ ကျွန်မ — ကျွန်မ နောက်ဆုံးမှာ သူနေ့စဉ်မှတ်တမ်းထဲက ထွက်လာတဲ့အထိပဲ မှတ်မိတယ် —"

"အခုကိစ္စမရှိဘူးတော့ဘူး" ဟယ်ရီက ပြောတယ်။ သူက ဂျင်နီကို အဆိပ်စွယ်ကြောင့် ပေါက်သွားတဲ့ အပေါက်ကြီးကို ပြတယ်။ "ရစ်ဒေါ် အဆုံးသတ်သွားပြီ။ ကြည့်၊ သူရော မြွေဘီလူးပါ အဆုံးသတ်သွားကြပြီ။ လာ ဂျင်နီ၊ ငါတို့ ဒီက မြန်မြန်ထွက်ခွာရအောင် —"

"ကျွန်မ ကျောင်းထုတ်ခံရမှာ" ဟယ်ရီက သူမကို ဂယိမ်းဂယိုင် တွဲထူတဲ့အခါမှာ ဂျင်နီက ငိုရင်း ပြောတယ်။ "ဘီ — ဘီလာပြီးကတည်းက ကျွန်မ ဟော့ဂ်ဝပ်မှာ ကျောင်းနေချင်တာ၊ အခု ကျွန်မ ထွက်ခွာရတော့မယ်၊ အဖေနဲ့ အမေက ဘယ် — ဘယ်လိုပြောမလဲ"

ဖော့ခ်စ်ဟာ လှို့ဝှက်အခန်းရဲ့ အဝင်ပေါက်မှာ ဝဲနေပြီး သူတို့ကို စောင့်နေတယ်။ ဟယ်ရီက ဂျင်နီကို မြန်မြန်သွားဖို့ ပြောတယ်။ သူတို့ဟာ မလှုပ်မယှက် ရစ်ခွေနေတဲ့ မြွေဘီလူး ကိုယ်ပေါ်က ကျော်ဖြတ်ခဲ့တယ်။ မှောင်မိုက်မိုက်၊ ကျယ်ပြောတဲ့ ပဲ့တင်သံထပ်နေတဲ့ အခန်းတွေကို ဖြတ်ခဲ့ပြီး လိုဏ်



ခေါင်းထဲ ရောက်လာတယ်။ ကျောက်တံခါး နှစ်ချပ်ဟာ သူတို့ ကျောဘက်မှာ ရှီးခနဲ အသာလေး ပိတ်သွားတာ ဟယ်ရီကြားရတယ်။

သူတို့ဟာ လိုဏ်ခေါင်းအတိုင်း အထက်သို့ မိနစ်အနည်းငယ် သွားပြီးနောက် အဝေးက ကျောက်တုံးတွေ ဖြည်းဖြည်းရွှေ့တဲ့အသံ ကြားရတယ်။

"ရွန်" ဟယ်ရီက အော်ခေါ်ရင်း ခြေလှမ်းမြန်မြန် သွားတယ်။ "ဂျင်နီ ဘာမှ မဖြစ်ဖူး၊ ငါ သူမကို တွေ့ပြီ" —

ရွန့်ဝမ်းမြောက်လို့ အော်တဲ့အသံ အုပ်အုပ်ကို ဟယ်ရီကြားရတယ်။ သူတို့ ကွေ့ချိုးတစ်ခု ချိုးလိုက်ပြန်တာနဲ့ ရွန့်မျက်နှာကို အပေါက်ကြီးတစ်ခုတနေ သူတို့ကို အလောတကြီး မျှော်ကြည့်နေတာ တွေ့ရတယ်။ ဒီအပေါက်ဟာ ပြိုကျတဲ့ ခဲသေးတွေထဲကနေ မနည်းဖော်ထုတ်ထားတာ။

"ဂျင်နီ" ရွန်က အပေါက်ကနေ လက်ထုတ်ပြီး ဂျင်နီကို အရင်ဆွဲခေါ်တယ်။ "နင် အသက်ရှင်နေသေးတယ်။ ငါမယုံနိုင်ဘူး၊ ဘယ်လိုဖြစ်တာလဲ"

သူက ဂျင်နီကို ပွေ့ဖက်ချင်တယ်၊ ဒါပေမယ့် ဂျင်နီက ငိုပြီး အနားအကပ်မခံဘူး။

"နင် ဘာမှ မဖြစ်တော့ပါဘူး၊ ဂျင်နီ" ရွန်က ပြုံးပြီး ပြောတယ်။ "အားလုံး ပြီးသွားပြီ — ဟိုငှက်က ဘယ်ကလာတာလဲ"

ဖော့ခ်စ်ဟာ ဂျင်နီနောက်က လိုက်ပြီး အပေါက်ကို ဖြတ်ပျံသွားတယ်။

"ဝင်းက ဒမ်ဘယ်လီဒိုးဟာ" ဟယ်ရီက ပြောရင်း သူကိုယ်တိုင်လည်း အပေါက်က တိုးဝင်တယ်။

"မင်း ဘယ်က ဓားရတာလဲ" ရွန်က ဟယ်ရီ့လက်ထဲက ငွေရောင်လက်နေတဲ့ လက်နက်ကို ကြည့်ပြီး အံ့သြစွာမေးတယ်။

"ငါတို့ ဒီကထွက်သွားပြီးမှ ဖြည်းဖြည်းပြောပြမယ်" ဟယ်ရီက ဂျင်နီကို ကြည့်လိုက်ပြီးပြောတယ်။

"ဒါပေမယ့် —"

"နောက်မှ ပြော" ဟယ်ရီက အမြန်ပြောတယ်။ ရွန့်ကို လှို့ဝှက်အခန်း ဘယ်သူဖွင့်တယ်ဆိုတာ ပြောမပြတာ အကောင်းဆုံးပဲလို့ သူထင်တယ်။ အနည်းဆုံးတော့ ဂျင်နီ့ရှေ့မှာ မပြောသင့်ဘူး။ "လော့ဟတ်ကော"

"သူဟိုမှာလေ" ရွန်က ပြောရင်း ရယ်တယ်။ သူက လိုဏ်ခေါင်းကနေ ရေပိုက်ကို သွားတဲ့နေရာဆီကို မေးငေါ့ပြတယ်။ "သူအခြေအနေ အလွန်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သွားကြည့်လိုက်ပါဦး”

ဖော့ခ်စ်ရဲ့ ကျယ်ပြောတဲ့ အနီရဲရဲ တောင်ပံဟာ အမှောင်ထဲမှာ ရွှေရောင်ဖျော့ဖျော့လေး ထွက်နေတယ်။ သူတို့ဟာ ဂုင်းနောက်က လိုက်သွားတယ်၊ ရေပိုက်ရဲ့ ဝင်ပေါက်ကို ရောက်လာတယ်။ ဂစ်ဒရိုင်း-လော့ဟတ် အဲဒီမှာ ထိုင်နေပါတယ်၊ ပေါ့သဲ ဘာဖြစ်ဖြစ်နဲ့ ရှိနေတယ်။

“သူ့ မှတ်ဉာဏ်တွေ အကုန်ပျောက်ဆုံးသွားပြီ” ရွန်က ပြောတယ်။ “မှော်ပျောက်ကျိန်စာဟာ နောက်ကို ပြန်သွားလို့ တို့ကို မထိပဲ သူ့ကိုယ်သူ ထိသွားတယ်။ သူ့ကိုယ်သူ ဘယ်သူဆိုတာ၊ ဘယ်ရောက်နေတယ်ဆိုတာ မမှတ်မိတော့ဘူး။ ငါတို့ကိုလဲ မမှတ်မိဘူး။ ငါက သူ့ကို ဒီမှာလာစောင့်နေခိုင်းတာ။ သူဟိုနေရာမှာ နေရင် မလုံခြုံဘူး”

လော့ဟတ်ဟာ ရင်းနှီးချစ်ခင်စွာနဲ့ သူတို့ကို မော့ကြည့်တယ်။

“မင်္ဂလာပါ” သူက ပြောတယ်။ “ဒီနေရာ သိပ်အံ့ဩစရာ ကောင်းတယ်၊ ဟုတ်လား၊ မင်းတို့ ဒီမှာနေလား”

“မနေဘူး” ရွန်က ပြောရင်း ဟယ်ရီ့ကို မျက်ခုံးပင့်ပြတယ်။

ဟယ်ရီက ခါးကုန်းပြီး ရေပိုက်ရှည်ရှည် မည်းမည်းထဲကနေ အပေါ်သို့ ကြည့်တယ်။

“ငါတို့ ဒီပိုက်လိုင်းအတိုင်း အပေါ်ကို ဘယ်လိုပြန်သွားမလဲဆိုတာ မင်းတွေးဘူးလား” သူက ရွန့်ကို ပြောတယ်။

ရွန်က ခေါင်းခါပြတယ်။ ဇာမဏီ ဖော့ခ်စ်ဟာ ခုနက ဟယ်ရီ့ဘေးက ရှေ့ဆီ ပျံသွားပြီး အခု သူ့ရှေ့မှာ တောင်ပံခတ်နေတယ်။ လက်နေတဲ့ မျက်လုံးဟာ အမှောင်ထဲမှာ အထူးလင်းနေတယ်။ ဂုင်းက အမြီးပေါ်ရှိ ရွှေရောင် အမွေးရှည်ရှည်ကြီးတွေကို လှုပ်ခါနေတယ်။ ဟယ်ရီက ဆုတ်ဆိုင်းစွာ ဂုင်းကို ကြည့်နေတယ်။

“ဂုင်းက မင်းကို သူ့ဆွဲထားစေချင်သလိုပဲ . . . .” ရွန်က ပြောတယ်၊ နည်းနည်း အိပ်ငိုက်နေသလိုပဲ။ “ဒါပေမယ့် မင်းသိပ်လေးတယ်။ ငှက်တစ်ကောင်က မင်းကို ဆွဲတင်နိုင်မယ်မထင်ဘူး”

“ဖော့ခ်စ်ဟာ ငှက်ရိုးရိုးမှ မဟုတ်တာ” ဟယ်ရီက ပြောတယ်။ သူဟာ ကျန်လူတွေဘက် လှည့်ပြီး “ငါတို့ တစ်ယောက်ကို တစ်ယောက် မြဲမြဲတွဲကိုင်ထား။ ဂျင်နီ၊ မင်း ရွန့်လက်ကိုဆွဲ၊ ပါမောက္ခ လော့ဟတ် —”



“သူက ခင်ဗျားကို ပြောတာ” ရွန်က အားမနာပဲ လော့ဟတ်ကို ပြောတယ်။

“ခင်ဗျား ဂျင်နီရဲ့ ကျန်လက်တစ်ဖက်ကို ဆွဲထား”

ဟယ်ရီဟာ ဓားနဲ့အမျိုးအစားခွဲ ဦးထုပ်ကို ခါးပတ်ထဲ ထိုးထည့်တယ်။ ရွန်က ဟယ်ရီရဲ့ ဝတ်ရုံရှည်ဂုတ်ပိုးကို ဆွဲထားတယ်။ ဟယ်ရီက ဖော့ခ်စ် အမြီးပေါ်က အထူးတလည် ပူနေတဲ့ အမွေးတွေကို ဆွဲထားတယ်။

ထူးခြားတဲ့ ပေါ့ပါးမှုဟာ သူ့တစ်ကိုယ်လုံး ပြန့်သွားတယ်။ ဒီနောက် ဝူးခနဲ အားလုံး ရေပိုက်ကနေ အထက်သို့ ပျံတက်သွားတယ်။ လော့ဟတ်ဟာ သူ့အောက်ဖက်မှာ တွဲလောင်းကြီးနဲ့ အော်ပြောနေတာ ဟယ်ရီကြားရတယ်။ “သိပ်ကို အံ့ဩစရာပဲ။ သိပ်အံ့ဩစရာပဲ၊ မှော်ပညာနဲ့ အတူတူပဲ” အေးစက်တဲ့ လေလှိုင်းဟာ ဟယ်ရီ့ဆံပင်ကို တိုက်ခတ်နေတယ်။ ဒီလို ခရီးသွားရတဲ့ ပျော်ရွှင်မှုကို အတတ်နိုင်ဆုံးခံစားနေစဉ်မှာပဲ၊ ခရီးဆုံးသွားပြီ — လေးယောက်စလုံး ငိုရှိုက်တဲ့ မားထော်ရဲ့ သန့်စင်ခန်းကြမ်းပြင် စိုစိုပေါ် ကျလာတယ်။ လော့ဟတ် သူ့ခေါင်းကို မတ်လိုက်စဉ်မှာပဲ ရေပိုက်ကို ဖုံးထားတဲ့ ရေကန်ဟာ သူ့ဖာသာ မူလနေရာ ပြန်ရောက်သွားတယ်။

မားထော်ဟာ မျက်လုံးပြူးပြီး သူတို့ကို ကြည့်နေတယ်။

“နင် အသက်ရှင်နေတယ်” သူမက စိတ်ပျက်လက်ပျက် ဟယ်ရီ့ကို ပြောတယ်။

“ဒီလောက် စိတ်ပျက်တဲ့ လေသံနဲ့ စကားပြောစရာ မလိုဘူး” ဟယ်ရီက မျက်နှာထားနဲ့ ပြောရင်း မျက်မှန်ပေါ်က ရေစက် သွေးစက်နဲ့ အချွဲအကျိတွေကို သုတ်ပစ်တယ်။

“အိုး၊ ဒီလိုပါ . . . ငါစဉ်းစားနေတာ၊ မင်းသေသွားခဲ့ရင်၊ မင်းကို ငါနဲ့အတူ ဒီအိမ်သာရေဘုံဘိုင်ကို သုံးဖို့ကြိုဆိုမလို့ပါ” မားထော်က ပြောရင်း ရှက်လို့ မျက်နှာကြီး ဖြူသွားတယ်။

“ဟား ဟား” သူတို့ သန့်စင်ခန်းက ထွက်ခဲ့ကြတယ်။ အပြင်က လူမရှိတဲ့ စင်္ကြံထဲရောက်တော့ ရွန်က ပြောတယ်။ “ဟယ်ရီ၊ မားထော် မင်းကို ကြိုက်နေပြီလို့ ငါထင်တယ်။ ဂျင်နီ၊ မင်းမှာ အပြိုင်ရှိပြီနော်”

ဒါပေမယ့် မျက်ရည်တွေဟာ ဂျင်နီ့ မျက်နှာပေါ်က တိတ်တိတ်စီးကျနေတုန်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အခု ဘယ်သွားမလဲ" ရွှန်က စိုးရိမ်စွာ ဂျင်နီ့ကို ကြည့်ပြီး မေးတယ်။ ဟယ်ရီက ရှေ့ကို လက်ညှိုးထိုးပြတယ်။

ဖော့ခ်စ် ရှေ့ကလမ်းပြတယ်။ စင်္ကြံထဲမှာ ရွှေရောင်လက်သွားတယ်။ သူ တို့ဟာ ၎င်းနောက်က ခြေလှမ်းကျဲကျဲလိုက်တယ်။ ခနကြာတော့ မိမိတို့ ပါမောက္ခ မက်ဂေါ်နာဂေါ် ရုံးခန်းအပြင်ဘက် ရောက်နေတာတွေ့ရတယ်။

ဟယ်ရီက တံခါးခေါက်လိုက်တယ်။ ဒီနောက် တံခါးကို တွန်းဖွင့်တယ်။



## ၁၈။ ဒေါ့ဘီရဲ့ ကျေးဇူးဆပ်ခြင်း

ဟယ်ရီ၊ ရွှန်၊ ဂျင်နီနဲ့ လော့ဟတ် အပေါက်ဝမှာ ရပ်နေတယ်။ သူတို့ ကိုယ်ပေါ်မှာ ရွှံ့နဲ့ အကျီအစွဲတွေ ချည်းပဲ။ ဟယ်ရီ့ ဝတ်ရုံရှည်ပေါ်မှာ သွေးစတွေပေနေသေးတယ်။ ဒီနောက် စူးရှတဲ့ အော်သံကြားရတယ် ---

"ဂျင်နီ"

မစ္စစ် ဝယ်စလီ မြင်တယ်။ သူမဟာ ခုနက မီးဖိုရှေ့မှာ ထိုင်ငိုနေတာ။ သူမ ဆတ်ခနဲ ခုန်ထလိုက်တယ်။ နောက်က မစ္စတာ ဝယ်စလီလိုက်လာတယ်။ နှစ်ယောက်စလုံး တချိန်တည်း လက်ဆန့်ပြီး ၎င်းတို့ရဲ့ ချစ်သမီးလေးကို ဖက်ထားတယ်။

ဟယ်ရီဟာ သူတို့ကို ကျော်ပြီး အခန်းထဲကြည့်လိုက်တယ်။ ပါမောက္ခ ဒမ်ဘလီဒိုးဟာ မီးလင်းဖိုစင် ရှေ့မှာ ပြုံးပြီး ရပ်နေတယ်။ သူ့ဘေးမှာက ပါမောက္ခ မက်ဂေါ်နာဂေါ်။ သူမက လက်နဲ့ ရင်ဘတ်ကို ဆွဲထားပြီး တအား လေရှူသွင်းနေတယ်။ ဖော့ခ်စ်ဟာ ဟယ်ရီ့ နားနားက ဝူးခနဲပျံသွားပြီး ဒမ်ဘလီဒိုး ပခုံးပေါ် သွားနားနေတယ်။ ဒီအချိန်မှာပဲ မိမိနဲ့ ရွှန်တို့ကို မစ္စစ်

www.burmeseclassic.com



ဝယ်စလီ တအားဖက်ထားတာ ဟယ်ရီတွေ့ရှိရတယ်။

"မင်းတို့ သူမကို ကယ်တာ။ မင်းတို့ သူမကို ကယ်တာ။ မင်းတို့ ဘယ်လိုလုပ်သလဲ"

"ဒါဟာလဲ ကျွန်မတို့ အားလုံး သိချင်တာပါပဲ" ပါမောက္ခ မက်ဂေါ်နာဂေါက အားနည်းစွာ ပြောတယ်။

မစ္စစ် ဝယ်စလီဟာ ဟယ်ရီ့ကို လွှတ်လိုက်တယ်။ ဟယ်ရီက ခနဆိုင်းနေပြီးနောက် စာရေး စာပွဲဆီ သွားပြီး အမျိုးအစားခွဲ ဦးထုပ်၊ ပတ္တမြားတပ်ထားတဲ့ ငွေဓားရှည်နဲ့ ရစ်ဒေါ်ရဲ့နေ့စဉ်မှတ်တမ်း အကြွင်းအကျန်ကို တစ်ခုချင်း စာပွဲပေါ်တင်လိုက်တယ်။

ဒီနောက်၊ အဖြစ်အပျက်ကို တစ်ခုမကျန် ပြောပြလိုက်တယ်။ သူပြောတာ ဆယ့်ငါးမိနစ်လောက်ကြာတယ်။ အားလုံး စူးစိုက်နားထောင်တယ်။ အားလုံး ငြိမ်သက်နေကြတယ်။ အကောင်အထည်မရှိတဲ့ သရဲတစ္ဆေလို အသံမျိုးကြားကြားနေရတဲ့အကြောင်း၊ ဟာမီးဟာ အစွမ်းကုန်ကြိုးစားပြီးနောက် သူကြားတာဟာ မြွေတစ်ကောင် ရေပိုက်လိုင်းထဲ ဝင်ပုန်းနေတဲ့ အသံလို့ သိရှိရကြောင်း ဟယ်ရီက ပြောပြတယ်။ သူနဲ့ ရွန်တို့ဟာ ပင့်ကူနောက် လိုက်ပြီး တောမြစ်သစ်တောထဲ ဝင်သွားတဲ့အကြောင်း၊ အရက်ဂေါ့ဂ်က သူတို့ကို မြွေဘီလူး အသတ်ခံရတဲ့ နောက်ဆုံး လူဟာ ဘယ်မှာ အသတ်ခံရတယ်ဆိုတာ ပြောပြလို့ ငိုရှိုက်တဲ့ မားထော်ပဲ ဖြစ်မယ်လို့ တွေးမိပြီး လျှို့ဝှက်အခန်းရဲ့ အပေါက်ဟာ သူမရဲ့ သန့်စင်ခန်းထဲမှာ ရှိမယ် . . . . စတာလည်း ပြောပြတယ်။

"သိပ်ကောင်းတယ်" သူရပ်လိုက်တဲ့အခါမှာ ပါမောက္ခ မက်ဂေါ်နာဂေါက သူ့ကို ဆက်ပြောဖို့ အားပေးတယ်။ "ဒီလိုဆိုရင်၊ ဝင်ပေါက်ကို မင်းတို့ တွေ့တာပေါ့ — တစ်ခွန်းဖြည့်ပြောရမယ်။ မင်းတို့ တလမ်းလုံး ကျောင်းစည်းကမ်းတစ်ရာလောက် ချိုးဖောက်တယ် — ဒါပေမယ့် မင်းတို့ အဲဒီနေရာက ဘယ်လိုလုပ်ပြီး သေဘေးက လွတ်လာတာလဲ၊ ပေါ်တာ"

ဒါနဲ့ ဟယ်ရီဟာ ရှေ့ဆက်ပြောသွားတယ်။ သူဟာ မနားတမ်း ပြောတဲ့အတွက် အသံတောင်ပြာလာတယ်။ ဖော့ခ်စ်အချိန်မီ ရောက်လာတဲ့အကြောင်း အမျိုးအစားခွဲ ဦးထုပ်က ဓားရှည်ပေးတဲ့အကြောင်း ပြောပြတယ်။ ဒါပေမယ့် ရှေ့ဆက်ပြောတော့၊ သူ့အသံ တွန့်ဆုတ်ဆုတ်ဖြစ်လာတယ်။ သူဟာ ရှေ့မှာ



ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်းအကြောင်း မပြောခဲ့ဘူး — ဂျင်နီအကြောင်းပါနေတယ်။ အခု၊ ဂျင်နီ ဒီမှာရပ်နေတယ်။ မစ္စစ် ဝယ်စလီ ပခုံးပေါ် ခေါင်းမှီထားတယ်။ မျက်ရည်တွေဟာ တိတ်တိတ်လေး ပါးပြင်က စီးဆင်းနေတယ်။ သူတို့ သူမကို ကျောင်းထုတ်ရင် ဘယ်လိုလုပ်မလဲ။ ဟယ်ရီက စိတ်လှုပ်ရှားစွာ တွေးနေတယ်။ ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်း အစွမ်းမရှိတော့ဘူး . . . . ဟိုကိစ္စတွေဟာ ရစ်ဒေါ်က သူမကို အတင်းခိုင်းတာလို့ ဘယ်လိုသက်သေပြမလဲ။

ဟယ်ရီဟာ အလိုအလျောက် ဒမ်ဘလီဒိုးကို ကြည့်လိုက်တယ်။ ကျောင်းအုပ်ကြီးဟာ သဲ့သဲ့လေးပြုံးနေတယ်။ မီးရောင်ဟာ ၎င်းရဲ့ လခြမ်းသဏ္ဍာန် မှန်ချပ်ပေါ်မှာ လှစ်ခနဲ လက်သွားတယ်။

"ကျုပ် စိတ်အဝင်စားဆုံးက" ဒမ်ဘလီဒိုးက ညင်သာစွာ ပြောတယ်။ "ဗိုလဒီမွန့်က ဘယ်နည်းနဲ့ ဂျင်နီကို ပြုစားထားတာလဲ။ ကျုပ်တို့ရထားတဲ့ သတင်းအရ သူအခု အယ်လ်ဘေးနီးယားက တောထဲမှာ ပုန်းနေလို့ပဲ"

ဟယ်ရီရင်ထဲက အလုံးကြီးကျသွားတယ်။ တစ်ကိုယ်လုံး ပေါ့ပါးသွားပြီး ရင်ထဲနွေးထွေးသွားတယ်။

"ဘာ — ဘာလဲ ?" မစ္စစ် ဝယ်စလီက အံ့အားသင့်တဲ့ လေသံနဲ့ မေးတယ်။ "ဟိုလူ" ? ဂျင်နီကို ပြုစားတယ် ? ဒါပေမယ့် ဂျင်နီ မဟုတ်ဘူး . . . . ဂျင်နီမလုပ် . . . . ဟုတ်လား"

"ဒီနေ့စဉ်မှတ်တမ်း ဖြုတ်မွှေတာ" ဟယ်ရီ အမြန်ပြောတယ်။ နေ့စဉ်မှတ်တမ်းကို ကောက်ကိုင်လိုက်ပြီး ဒမ်ဘလီဒိုးကို ပြတယ်။ "ရစ်ဒေါ် အသက် ၁၆ နှစ်အရွယ်က ရေးတာ"

ဒမ်ဘလီဒိုးဟာ ဟယ်ရီ့လက်ထဲကနေ နေ့စဉ်မှတ်တမ်းကို ယူလိုက်တယ်။ သူ့အကြည့်ဟာ သိန်းငှက်နူတ်သီးနဲ့ တူတဲ့ နှာတံရှည်ရှည်ပေါ်က ဆင်းလာပြီး စိုထိုင်းတဲ့ မီးလောင်ထားတဲ့ စာရွက်တွေကို အာရုံစိုက်ကြည့်နေတယ်။

"သိပ်တော်တယ်" သူက အသာအယာပြောတယ်။ "သူဟာ ဟော့ဂ်ဝတ်သမိုင်းမှာ အတော်ဆုံး ကျောင်းသားလို့ ပြောနိုင်တယ်" သူက ဝယ်စလီ ဇနီးမောင်နှံဘက် လှည့်လိုက်တယ်။ သူတို့ နှစ်ယောက်စလုံး ဘာမှန်းမသိသလို ဖြစ်နေတယ်။

"ဗိုလဒီမွန့် အရင်က တွမ်-ရစ်ဒေါ်လို့ ခေါ်တာ သိတဲ့လူ အလွန်နည်း

www.burmeseclassic.com



တယ်၊ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က ဟော့ဂ်ဝပ်မှာ ကျုပ် သူ့ကို သင်ကြားဖူးတယ်၊ သူက ကျောင်းက ထွက်သွားပြီးနောက် ပျောက်သွားတယ် . . . . အနယ်နယ် အရပ်ရပ်သို့ သွားတယ်။ နေရာအနှံ့ရောက်တယ် . . . . မှော်နက်ပညာ နွံတွင်းမှာ လူပ်လေ မြုပ်လေ ဖြစ်လာတယ်။ မှော်လောကက အဆိုးဝါးဆုံး ကောင်တွေနဲ့ ပေါင်းသင်းပြီး အန္တရာယ်ရှိတဲ့ ရုပ်ပြောင်းခြင်း အကြိမ်များစွာ ပြုလုပ်ပြီးနောက် ဗိုလဒီမွန့်အနေနဲ့ ပြန်လည်ပေါ်ထွက်လာတယ်။ သူ့ကို မှတ်မိဖို့ အတော်ခက်ခဲသွားတယ်။ ဘယ်သူကမှ ဗိုလဒီမွန့်ကို ဒီမှာ ကျောင်းနေသွားတဲ့ ဉာဏ်ကောင်းတဲ့ ရုပ်ရည်ချောမောတဲ့ ကျောင်းသားအသင်းဥက္ကဋ္ဌနဲ့ ဆက်စပ်မကြည့်မိသလောက်ပဲ"

"ဒါပေမယ့် ဂျင်နီကကော" မစ္စစ် ဝယ်စလီက ပြောတယ်။ "ကျွန်မတို့ ဂျင်နီနဲ့ — သူနဲ့ ဘာပတ်သက်လို့လဲ"

"သူ့ နေ့စဉ်မှတ်တမ်း — နေ့စဉ်မှတ်တမ်းစာအုပ်" ဂျင်နီက ရှိုက်ရင်းပြောတယ်။ "ကျွန်မ စာအုပ်ပေါ်မှာ — စာရေးနေခဲ့တယ်။ တစ်နှစ်လုံးလုံးဘဲ။ သူက ကျွန်မကို အဆက်မပြတ် ပြန်စကားပြောတယ် — "

"ဂျင်နီ" မစ္စတာ ဝယ်စလီဟာ လန့်ပြီး မျက်လုံးပြူးသွားတယ်။ သူက ပြောတယ်။ "ငါ မင်းကို မသွန်သင်ခဲ့လို့လား၊ မင်းကို ဘယ်လို ပြောထားခဲ့သလဲ။သူ့ဦးနှောက် ဘယ်မှာ ရှိသလဲဆိုတာ မသိရင် အမှီခို ကင်းကင်း တွေးတောနိုင်တဲ့ အရာဟူသမျှကို မယုံနဲ့၊ ထိုစဉ်က ဘာဖြစ်လို့ နေ့စဉ်မှတ်တမ်းတို အမေနဲ့အဖေကို မပြတာလဲ။ အဲဒီလို သံသယဖြစ်စရာ အရာဟာ မှော်နက်ပညာရဲ့ ပြုစားမှုတွေ ပါနေမှာ သေချာတယ်"

"ကျွန်မ — ကျွန်မ မသိဘူး" ဂျင်နီဟာ ဝမ်းနည်းစွာ ငိုနေတုန်းပဲ။ "အမေ ကျွန်မကို ပေးတဲ့ စာအုပ်တစ်အုပ်ထဲမှာ ဒင်းကို တွေ့တာ။ ကျွန် . . . ကျွန်မက တစ်ယောက်ယောက် ညှပ်ထားပြီး မေ့သွားတာလို့ ထင်တာ. . ."

"မစ်ဝယ်စလီ၊ကျောင်းဆေးရုံကို ချက်ချင်းသွားသင့်တယ်" ဒမ်ဘလီဒိုးက ဆင်ခြေတက်လို့မရတဲ့ လေသံနဲ့ ပြောတယ်။ "ဒါဟာ သူမအဖို့ နာကျင်တဲ့ ဒုက္ခပဲ။ ကျောင်းက သူမကို အပြစ်မပေးပါဘူး။ သူမထက် အသက်ကြီးပြီး သူမထက် ဉာဏ်ပညာရှိတဲ့ မှော်ဆရာတွေတောင် ဗိုလဒီမွန့် ပြုစားခံရတယ်။ "သူက အဝဆီ အလှမ်းကျဲကျဲသွားပြီး တံခါးကို ဖွင့်လိုက်တယ်။ "အိပ်ရာထဲမှာ နားနေပါ။ ချော့ကလက် ပူပူတစ်ခွက်ကြီးလဲ သောက်ဖို့



လိုမယ်ထင်တယ်။ အဲဒါ ကျုပ် စိတ်ကို သက်သာအောင် လုပ်တဲ့နေရာမှာ အသုံးကျတယ်လို့ ကျုပ်တော့ ယူဆတာပဲ" သူက ပြောပြီး ဂျင်နီကို ခေါင်းငုံ့ကာ ချစ်ခင်စွာ မျက်စိမှိတ်ပြတယ်။ "မဒမ်ဖွမ်ဖရေ မအိပ်သေးဘူးဆိုတာ မင်းတွေ့လိမ့်မယ်။ သူမ ခုနက မင်ဒရိတ်ဆေးရည် လိုက်တိုက်နေတယ် — မြေဘီလူး ဒုက္ခပေးထားတဲ့ လူတွေ အချိန်မရွေး နိုးလာလိမ့်မယ်လို့ ကျုပ်ပြောရဲတယ်"

"ဒီလိုဆိုရင်၊ ဟာမီးလဲ ဘာမှမဖြစ်တော့ဘူးပေါ့" ရွန်က ဝမ်းသာစွာ ပြောတယ်။

မစ္စစ် ဝယ်စလီဟာ ဂျင်နီကို ခေါ်သွားတယ်။ မစ္စတာ ဝယ်စလီက နောက်ကလိုက်သွားတယ်။ သူ့ကြည့်ရတာ စိတ်ထိခိုက်နေတဲ့ ပုံပဲ။

"ခင်ဗျား သိလား၊ မီနာဗာ" ပါမောက္ခ ဒမ်ဘလီဒိုးက တွေးရင်း ပါမောက္ခ မက်ဂေါ်နာဂေါကို ပြောတယ်။ "ကျုပ်ထင်တယ်၊ ဒီကိစ္စတွေကို ညစာစားပွဲ ပြုလုပ်ပြီး ဂုဏ်ပြုရမယ်။ မီးဖိုချောင်ကို သွားပြောပေးလို့ရမလား"

"ရတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြတ်သားစွာ ပြောပြီး သူမလည်း အဝဆီလျှောက်သွားတယ်။ "ပေါ်တာနဲ့ ဝယ်စလီကို ရှင်ပဲ ဖြေရှင်းဖို့ထားခဲ့ပြီ၊ ဟုတ်လား"

"ဒါပေါ့" ဒမ်ဘလီဒိုးကပြောတယ်။

သူမ သွားပြီ။ ဟယ်ရီနဲ့ ရွန်ဟာ ဒမ်ဘလီဒိုးကို မတည်မငြိမ်ကြည့်နေတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါက ခုနက ပြောသွားတဲ့ အဓိပ္ပာယ်က ဘာများလဲ။ သူ တို့ကို ဖြေရှင်းမယ်၊ သူ တို့ — အပြစ်တော့ — မပေးပါဘူးနော်။

"ကျုပ် မင်းတို့နှစ်ယောက်ကို တကယ်လို့ ကျောင်းစည်းကမ်း နောက်ထပ် ချိုးဖောက်ရင် မင်းတို့ကို ကျောင်းမထုတ်လို့ မရဘူးလို့ ပြောဖူးတာ မှတ်မိတယ်" ဒမ်ဘလီဒိုးက ပြောတယ်။

ရွန်က ထိတ်လန့်လို့ ပါးစပ်ကြီး ဟနေတယ်။

"ဒါက ဘာကို ဖော်ပြသလဲဆိုတော့ ကျုပ်တို့ထဲက အတော်ဆုံး လူပဲ ဖြစ်ပါစေ တစ်ခါတစ်ရံလဲ ပြောတဲ့စကား ကတိမတည်နိုင်ဘူးပေါ့" ဒမ်ဘလီဒိုးက ပြုံးစိစိနဲ့ ဆက်ပြောတယ်။ "မင်းတို့ နှစ်ယောက်စလုံး ကျောင်းတို အထူးအကျိုးပြုဆုရရှိတယ်။ ပြီးတော့ — ကျုပ်စဉ်းစားပါရစေဦး — ဟုတ်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ခင်းတို့ နှစ်ယောက် ဂရစ်ဖင်းဒေါ်အတွက် အမှတ် (၂၀၀) စီရတယ်"

ရွန့်မျက်နှာဟာ ချက်ချင်း ပန်းရောင်တောက်တောက် ဖြစ်သွားတယ်။ လော့ဟတ်က အများကို ပေးတဲ့ ချစ်သူများနေ့ ပန်းလိုပဲ။ သူ့ပါးစပ်လဲ ပိတ်ထားလိုက်ပြီ။

"ဒါပေမယ့် ဒီလို တုန်လှုပ်ချောက်ချားစရာကောင်းတဲ့ စွန့်စားမှုအတွေ့အကြုံနဲ့ ပတ်သက်ပြီး တို့အထဲက လူတစ်ယောက်ဟာ တစ်ချိန်လုံး ငြိမ်နေတယ်" ဒမ်ဘလီဒိုးက ပြောပြန်တယ်။ "ခင်ဗျား ဘာကြောင့် ဒီလောက် နှိမ့်ချနေတာလဲ၊ ဂစ်ဒရိုင်း"

ဟယ်ရီဟာ လန့်ခုန်တယ်။ သူဟာ လော့ဟတ်ကို လုံးဝမေ့ထားတယ်။ သူ လှည့်ကြည့်တယ်။ လော့ဟတ်ဟာ အခန်းရဲ့ တစ်ဒေါင့်မှာ ရပ်နေပြီး မျက်နှာပေါ်မှာ မရေရာတဲ့ အပြုံးနဲ့ပဲ။ ဒမ်ဘလီဒိုး သူ့ကို မေးတဲ့အခါမှာ လော့ဟတ်က နောက်လှည့်ပြီး ဘယ်သူ့ကို ပြောနေသလဲလို့ ကြည့်တယ်။

"ပါမောက္ခ ဒမ်ဘလီဒိုး" ရွန်က အမြန်ပြောတယ်။ အောက်က လျှို့ဝှက်အခန်းထဲမှာ မထင်မှတ်ပဲ ကိစ္စတစ်ခု ဖြစ်ခဲ့တယ်။ ပါမောက္ခ လော့ဟတ် —"

"ဘယ်လို၊ကျုပ်က ပါမောက္ခ ?" လော့ဟတ်ဟာ အနည်းငယ်တုန်လှုပ်စွာ ပြောတယ်။ "ဘုရား၊ ဘုရား ကျုပ်က ကျုပ်သိပ်အသုံးမကျဘူး ထင်နေတာ"

"သူက မေ့ပျောက် ကျိမ်စာချဖို့ လုပ်တာ၊ ဒါပေမယ့် မှော်ကြိမ်လုံးက နောက်ကို ပွင့်ထွက်သွားတယ်" ရွန်က ဒမ်ဘလီဒိုးကို တိုးတိုးရှင်းပြတယ်။

"ဘုရား၊ ဘုရား" ဒမ်ဘလီဒိုးက ပြောရင်း ခေါင်းခါတယ်။ မုတ်ဆိတ်ရှည်ရှည် ဖြူဖြူဟာ အနည်းငယ် လှုပ်နေတယ်။ "ဂစ်ဒရိုင်း၊ ခင်ဗျား ကိုယ့်ဓားနဲ့ကိုယ် ထိုးမိပြီ ?"

"ဓား ?" လော့ဟတ်က နားမလည်ပဲ ပြောတယ်။ "ကျုပ်မှာ ဓားမရှိဘူး။ ဟိုကောင်လေးမှာတော့ ရှိတယ်" သူက ဟယ်ရီ့ကို လက်ညှိုးထိုးပြတယ်။ "သူ ခင်ဗျားကို ငှားပေးလိမ့်မယ်"

"ကျေးဇူးပြုပြီး၊ မင်း ပါမောက္ခ လော့ဟတ်ကိုလည်း ဆေးရုံလိုက်ပို့နိုင်မလား" ဒမ်ဘလီဒိုးက ရွန့်ကို ပြောတယ်။ "ကျုပ် ဟယ်ရီနဲ့ စကားနည်းနည်း ပြောချင်သေးတယ် . . . ."

လော့ဟတ်ဟာ ပေါ့ပါးစွာထွက်သွားတယ်။ ရွန် တံခါးပိတ်တဲ့အခါမှာ



ဒမ်ဘလီဒိုးနဲ့ ဟယ်ရီကို သိလိုစိတ်နဲ့ ကြည့်လိုက်တယ်။

ဒမ်ဘလီဒိုးဟာ မီးဖိုဘေးက ကုလားထိုင်တစ်လုံးဆီ သွားတယ်။

"ထိုင်၊ ဟယ်ရီ" သူက ပြောတယ်။ ဟယ်ရီထိုင်လိုက်တယ်၊ စိတ်ထဲမှာ မပြောပြတတ်အောင် လှုပ်ရှားနေတယ်။

"ပထမဦးဆုံး၊ ဟယ်ရီ၊ ကျုပ် မင်းကို ကျေးဇူးတင်ရမယ်" ဒမ်ဘလီဒိုးက ပြောရင်းမျက်စိထဲမှာ အရောင်တောက်နေတယ်။ "မင်း အောက်က လျှို့ဝှက်အခန်းထဲမှာတုန်းက ကျုပ်ကို လုံးဝသစ္စာရှိကြောင်း ဖော်ပြတာ သေချာတယ်။ ဒီလို သစ္စာရှိမှ ဖော့ခ်စ်ကို မင်းအနား ခေါ်ယူလို့ရတာ"

အဲဒီ ဇာမဏီငှက်ဟာ ဒမ်ဘလီဒိုးရဲ့ ဒူးပေါ် တဖျတ်ဖျတ်ပျံလာတယ်။ သူက ရင်းကို အသာပွတ်သပ်ပေးတယ်။ ဟယ်ရီဟာ ဒမ်ဘလီဒိုးရှေ့မှာ သဘာဝမကျစွာ ပြုံးလိုက်တယ်။

"ဒီလိုဆိုတော့ မင်း တွမ်-ရစ်ဒေါ်နဲ့ တွေ့တာပေါ့" ဒမ်ဘလီဒိုးက တွေးရင်းပြောတယ်။ "သူစိတ်အဝင်စားဆုံးက မင်းပဲလို့ ကျုပ်တွေးကြည့်လို့ရတယ် . . . ."

ရုတ်တရက်ကြီး၊ ဟယ်ရီ့ အကြာကြီးကတည်းက သိချင်တဲ့ တိုးစူ သူ့ပါးစပ်ထဲက ထွက်သွားတယ်။

"ပါမောက္ခ ဒမ်ဘလီဒိုး . . . . ရစ်ဒေါ်က ကျွန်တော် သူနဲ့ သိပ်တူတယ်လို့ ပြောတယ်။ ထူးခြားတဲ့ တူညီမှု ရှိတယ်တဲ့၊ သူက ပြောတယ် . . . ."

"သူက ဒီလိုပြောတယ် ?" ဒမ်ဘလီဒိုးက ပြောတယ်။ ထူထည်းတဲ့ ငွေရောင်မျက်ခုံးမွေးအောက်က မျက်လုံးဟာ တွေးတောရင်း ဟယ်ရီကို ကြည့်နေတယ်။ "မင်းကကော ဘယ်လိုတွေးလဲ၊ ဟယ်ရီ"

"ကျွန်တော် သူနဲ့ တူတယ်လို့ မထင်ဘူး" ဟယ်ရီက ပြောတယ်။ မူလက အသံဒီလောက် ကျယ်ကျယ်ကြီး မပြောချင်ဘူး။ "ကျွန်တော် ပြောလိုတာက၊ ကျွန်တော် — ကျွန်တော် ဂရစ်ဖင်းဒေါ်မှာ၊ ကျွန်တော်က . . . ."

ဒါပေမယ့်၊ သူငြိမ်သွားတယ်။ သံသယနဲ့ စိုးရိမ်စိတ်ဟာ သူ့ခေါင်းထဲ ပြန်ခေါ်လာတယ်။

"ပါမောက္ခ" ခနနေတော့ သူက ပြောပြန်တယ်။ "အမျိုးအစားခွဲဦးထုပ်က ကျွန်တော့်ကို ပြောတယ် — ကျွန်တော် စလေးသရင်းမှာဆိုရင် သိပ်ကို ထူးချွန်မှာတဲ့။ တချိန်တုန်းက အားလုံးက ကျွန်တော့်ကို စလေးသရင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆက်ခံသူလို့ ထင်နေကြတယ် . . . . ကျွန်တော် မြွေမာဂစကားပြော တယ်လို့ . . . ."

"ဟယ်ရီ၊ မင်းမြွေမာဂစကား ပြောတတ်တာဟာ။ ဒမ်ဘလီဒိုးက အေးဆေးစွာ ပြောတယ်။ "ဗိုလဒီမွန့်က မြွေမာဂစကားပြောတတ်လို့။ သူက ဆလာဇာ-စလေးသရင်းရဲ့ နောက်ဆုံးဆက်ခံသူ။ ကျုပ်မမှားဘူးဆိုရင်၊ သူ မင်းကို အမာရွတ်ဖြစ်အောင် လုပ်ခဲ့တဲ့ ညမှာ သူ့မှာရှိတဲ့ ပညာတစ်ချို့ကိုလဲ မင်းကိုယ်ပေါ် ကျန်နေရစ်ခဲ့တယ်။ သူက တမင်လုပ်တာ မှုတ်ဖူး၊ ကျုပ်အသေ အချာ ပြောဝံ့တယ် . . . . . ."

"ဗိုလဒီမွန့်က သူ့အစိတ်အပိုင်းတချို့ ကျွန်တော့်ဆီ ထားခဲ့တယ် ?" ဟယ်ရီက အံ့ဩလို့ ပါးစပ်အဟောင်းသား ဖြစ်နေတယ်။

"ဒီတိုင်းဖြစ်တာသေချာတယ်"

"ဒီလိုဆိုတော့ ကျွန်တော် စလေးသရင်းမှာ နေသင့်တာပေါ့" ဟယ်ရီက ဒမ်ဘလီဒိုး မျက်နှာကို မျှော်လင့်ချက်မဲ့စွာ ကြည့်နေပြီး ပြောတယ်။ "အမျိုးအစားခွဲ ဦးထုပ်ဟာ ကျွန်တော့်ကိုယ်ပေါ်က စလေးသရင်းရဲ့ ပညာ တချို့ကို မြင်တယ်ထင်တယ်၊ ၎င်းက . . . ."

"မင်းကို ဂရစ်ဖင်းဒေါမှာ ထားတယ်' ဒမ်ဘလီဒိုးက မှန်မှန်ပြောတယ်။ "ကျုပ်ပြောတာ နားထောင်၊ ဟယ်ရီ။ မင်းဟာ စလေးသရင်း ကျောင်းသား ရွေးချယ်တဲ့ နေရာမှာ အထူးအလေးထားတဲ့အရည်အသွေးတွေ အကြောင်း တိုက်ဆိုင်လို့ မင်းမှာ ရှိနေတယ်။ သူ့မှာ ရှိတဲ့ ရှားပါးတဲ့ အရည်အသွေးတွေ၊ မြွေမာဂစကားတတ်တာ . . . . ဉာဏ်အမြော်အမြင် ရှိတာ . . . . သတ္တိ ကြံ့ခိုင်တာ . . . တရားဥပဒေသတ်မှတ်ချက်တွေပေါ် တစ်စုံတစ်ရာ အလေး မထားတာ" သူက ပြောတယ်။ ငွေရောင်မုတ်ဆိတ်တွေ အနည်းငယ်လှုပ်ခါနေ ပြန်တယ်။ "ဒါပေမယ့်၊ အမျိုးအစားခွဲ ဦးထုပ်က မင်းကို ဂရစ်ဖင်းဒေါမှာ ထားတယ်။ ဘာဖြစ်လို့ ဒီလိုဖြစ်တာလဲဆိုတာ မင်းသိလား၊ ကောင်းကောင်း တွေးကြည့်ပါ"

"၎င်းက ကျွန်တော့်ကို ဂရစ်ဖင်းဒေါမှာ ထားတာဟာ" ဟယ်ရီက စိတ် ကုန်တဲ့ လေသံနဲ့ ပြောတယ်။ "ကျွန်တော်က စလေးသရင်းကို မသွားဘူးလို့ ပြောလို့ . . . ."

"ဒီအတိုင်းပါပဲ" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့မျက်နှာ အပြုံးပေါ်လာ



ပြန်တယ်။ "ဒါက မင်းနဲ့ တွမ်-ရစ်ဒေါ်ကို အများကြီး ကွာခြားသွားစေတယ်၊ ဒါဟာ ကျုပ်တို့ ရွေးချယ်ခဲ့တာ ဟယ်ရီ။ ကျုပ်တို့ရဲ့ အစစ်အမှန်ကို ဖော်ပြ တာဟာ ကျုပ်တို့မှာ ရှိတဲ့ စွမ်းရည်ထက် ပိုအရေးကြီးပါတယ်" ဟယ်ရီဟာ ခုံပေါ်မှာ ငြိမ်နေပြီး ငိုင်သွားတယ်။ "ဟယ်ရီ၊ မင်းသက်သေလိုချင်သေးရင် မိမိ ဂရစ်ဖင်းဒေါနဲ့သာ ဆိုင်တယ်လို့ လုံးဝယုံကြည်။ မင်း ဒါကို သေချာ ကြည့်ဖို့ အကြံပေးတယ်"

ဒမ်ဘလီဒိုးဟာ ထပြီး ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ စာပွဲပေါ်ကနေ သွေးပေနေတဲ့ ငွေဓားရှည်ကို ယူလိုက်ပြီး ဟယ်ရီ့ကို ကမ်းပေးတယ်။ ဟယ်ရီ က ဘာမှန်းမသိပဲ ၎င်းကို တစ်ဖက်လှန်လိုက်တယ်။ ပတ္တမြားဟာ မီးရောင် အောက်မှာ တောက်ပနေတယ်။ ဒီနောက် သူမြင်တွေ့ရပြီ။ အနှောင့်နဲ့ ကပ်နေတဲ့ နေရာမှာ နာမည်တစ်ခု ထွင်းထားတယ်။

ဂေါ့ဒရစ်ခ် - ဂရစ်ဖင်းဒေါ

"ဂရစ်ဖင်းဒေါစစ်စစ်ကမှ ၎င်းကို ဦးထုပ်ထဲက ဆွဲထုတ်လို့ရတာ၊ ဟယ်ရီ" ဒမ်ဘလီဒိုးက တိုတိုပဲ ပြောတယ်။

တစ်မိနစ်လောက် ဘယ်သူမှ စကားမပြောဘူး။ ဒီနောက်မှာ ဒမ်ဘလီ ဒိုးက ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ စာပွဲက အံဆွဲတစ်ခုကို ဖွင့်လိုက်ပြီး ငှက်မွေး ကလောင်နဲ့ မင်အိုးကို ယူလိုက်တယ်။

"ဟယ်ရီ၊ မင်း အခုလိုအပ်တာက အစာစားပြီး ကောင်းကောင်းအိပ် ဖို့ပဲ။ မင်း ထမင်းစားပွဲ ပါဝင်ပါ။ ကျုပ်ကတော့ ဒီမှာ အက်ဇ်ခါဘန်ကို စာတစ် စောင်ရေးမယ် — ကျုပ်တို့ရဲ့ တောလိုက်ကွင်းအစောင့် ပြန်လာသင့်ပြီ။ ကျုပ်အလုပ်ခေါ် ကြော်ငြာတစ်ခု ရေးပြီး 'ကြိုဟောသူများနေ့စဉ်'မှာ ထည့်ရ ဦးမယ်" သူက တွေးရင်း ပြောတယ်။ "ကျုပ်တို့ မှော်နက်ပညာ ကာကွယ်တဲ့ အတတ်သင်ဖို့ ဆရာအသစ်တစ်ယောက် လိုပြန်ပြီ။ ဘုရား၊ ဘုရား၊ ဒီဘာသာ သင်တဲ့ဆရာဟာ ကုန်တာသိပ်ကို မြန်လွန်းတယ်။ မဟုတ်ဖူးလား"

ဟယ်ရီထလိုက်တယ်။ အပေါက်ဝဆီလျှောက်သွားတယ်။ သူတံခါး လက်ကိုင်ကို ကိုင်လိုက်ရုံရှိသေးတယ်။ တံခါးကို ရုတ်တရက် တအား တွန်းဖွင့် တာခံရပြီး ဘမ်းခနဲ နံရံပေါ် ဝင်ဆောင့်သွားတယ်။

လူးရှပ်စ်-မော်ဖိုင် ဒေါသနဲ့ အဲဒီမှာ ရပ်နေတယ်။ တုန်တုန်ယင်ယင် နဲ့။ သူ့ချိုင်းကြားညှပ်ထားတာက ဒေါ့ဘီပါပဲ။ တစ်ကိုယ်လုံး ပတ်တည်း

www.burmeseclassic.com

www.burmeseclassic.com



ပတ်ထားတယ်။

"မင်္ဂလာညချမ်းပါ၊ လူးရှပ်စ်" ဒမ်ဘလီဒိုးက အေးအေးဆေးဆေး ပြောတယ်။

မော်ဖိုင်ဟာ အခန်းထဲ ပြေးဝင်လာလိုက်တာ ဟယ်ရီ ကျွမ်းပြန်ကျသွားမလို့ နည်းနည်းလိုတယ်။ ဒေါ့ဘီဟာ ကြောက်လန့်ပျာလောင်စွာ နောက်ကလိုက်လာတယ်။ ခါးကွေးပြီး သခင့်ဝတ်ရုံရှည် နောက်ကျောက အဆက်အစပ်ကို ကြည့်နေတယ်။ မျှော်လင့်ချက်မရှိ အကူအညီမဲ့ ကြောက်ရွံ့ပုံ ပေါ်နေတယ်။

"ကောင်းပြီ" လူးရှပ်စ်-မော်ဖိုင်က ဒမ်ဘလီဒိုးကို အေးစက်စက် စိုက်ကြည့်နေပြီး ပြောတယ်။ "ခင်ဗျား ပြန်လာပြီ။ ဒါရိုက်တာ အဖွဲ့က ခင်ဗျားတာဝန်ကို ယာယီရပ်ထားတယ်၊ ခင်ဗျားကတော့ ကိုယ့်ဖာသာ ဟော့ဂ်ဝပ်ကို ပြန်လာတယ်ပေါ့"

"အော၊ ဒီလိုပါ၊ လူးရှပ်စ်" ဒမ်ဘလီဒိုးဟာ အေးအေးပဲ ပြုံးနေပြီးပြောတယ်။ "ဒီနေ့ပဲ၊ တခြား ဒါရိုက်တာ ဆယ့်တစ်ဦးနဲ့ ကျုပ်အဆက်အသွယ်ရတယ်။ အမှန်အတိုင်း ပြောရရင်၊ ထိုစဉ်က ဇီးကွက်တွေ တစ်ကောင်ပြီးတစ်ကောင် ပျံလာတော့ မိုးသီးကြွေကျသလိုပဲ။ သူတို့က အာသာ-ဝယ်စလီရဲ့သမီး အသတ်ခံရတယ် ကြားတော့ ကျုပ်ကို ချက်ချင်းပြန်လာစေချင်ကြတယ်။ သူတို့က ဒါတွေအားလုံးပြီးတော့၊ ကျုပ်သာလျှင် ဒီအလုပ်နဲ့ အတန်ဆုံးလို့ ထင်ကြပုံရတယ်။ သူတို့က ကျုပ်ကို ထူးဆန်းတဲ့ ပုံပြင်လဲ ပြောပြသေးတယ်။ သူတို့ထဲက တချို့က ခင်ဗျား သူတို့ကို ခြိမ်းခြောက် ပြောဆိုတယ်လို့ ထင်တယ်။ သူတို့က ကျုပ်ကို အလုပ်က ယာယီနားထားဖို့ သဘောမတူရင် ခင်ဗျားက သူတို့အိမ်သားတွေကို ကျိန်စာချမယ်လို့ ပြောတယ်တဲ့"

မစ္စတာ မော်ဖိုင်ရဲ့ မျက်နှာဟာ ခါတိုင်းထက်ပိုပြီး ဖြူယော်နေတယ်။ ဒါပေမယ့် သူ့မျက်လုံးထဲမှာ ဒေါသမီး တောက်နေတုန်းပဲ။

"ဒါဖြင့်ရင် — ခင်ဗျား ဟိုတိုက်ခိုက်မှုတွေကို တားဆီးသလား" သူက သရော်ပြီး ပြောတယ်။ "ခင်ဗျား တရားခံကို မိပြီလား"

"ကျုပ်တို့ မိပြီ" ဒမ်ဘလီဒိုးက ပြုံးပြီး ဖြေတယ်။

"အော် ?" မစ္စတာ မော်ဖိုင်က ဟောက်မေးတယ်။ "ဘယ်သူလဲ"

"အရင်တစ်ခါက လူပဲ၊ လူးရှပ်စ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါပေ



မယ့်၊ ဗိုလ်ဒီမွန့်ဟာ ဒီတစ်ကြိမ်မှာ တခြားတစ်ယောက်ကတဆင့် လှုပ်ရှားတာ။ သူ့နေ့စဉ်မှတ်တမ်းက တဆင့်"

သူက အလယ်မှာ အပေါက်ကြီး ပေါက်နေတဲ့ စာအုပ်အနက်ကလေးကို မြှောက်ပြပြီး မစ္စတာ မော်ဖိုင် ဘယ်လို တုန့်ပြန်လဲဆိုတာ သေချာကြည့်နေတယ်။ ဟယ်ရီကတော့ ဒေါ့ဘီကို ကြည့်နေတယ်။

အဲဒီ အိမ်မွေးမှင်စာလေးရဲ့ အပြုအမူဟာ အလွန်ထူးဆန်းတယ်။ ၎င်းရဲ့ မီးသီးလောက်ကြီးတဲ့ မျက်လုံးနှစ်လုံးဟာ လေးနက်တဲ့ အဓိပ္ပာယ်နဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။ တစ်ဖက်ကလဲ အဲဒီနေ့စဉ်မှတ်တမ်းကို လက်ညှိုးထိုးလိုက်၊ မစ္စတာ မော်ဖိုင်ကို လက်ညှိုးထိုးလိုက် လုပ်တယ်။ ဒီနောက် လက်သီးနဲ့ မိမိခေါင်းကို တအားထုတယ်။

"ဒီလိုကိုး . . . ." မစ္စတာ မော်ဖိုင်က ဒမ်ဘလီဒိုးကို ဖြည်းဖြည်းပြောတယ်။

"ပညာသားပါတဲ့ အစီအစဉ်" ဒမ်ဘလီဒိုးက ပုံမှန်အသံနဲ့ ပြောရင်း မစ္စတာ မော်ဖိုင်ရဲ့ မျက်စိကို စိုက်ကြည့်မြဲကြည့်နေတယ်။ "တကယ်လို့ ဒီဟယ်ရီ —" မစ္စတာ မော်ဖိုင်က ဟယ်ရီ့ကို အလျှင်အမြန် တစ်ချက်တင်းတင်း ကြည့်လိုက်တယ် — "နဲ့ သူ့သူငယ်ချင်း ရွန်တို့ ဒီနေ့စဉ်မှတ်တမ်းကို မတွေ့ခဲ့ရင်၊ အမလေး — ဂျင်နီ-ဝယ်စလီ ခေါ်စာခံဖြစ်ရတော့မှာ။ ဘယ်သူကမှ သူမဟာ မိမိသဘောအတိုင်း လှုပ်ရှားတာ မဟုတ်ဖူးလို့ သက်သေပြနိုင်မှာ မဟုတ်ဖူး . . . ."

မော်ဖိုင် စကားတစ်ခွန်းမှ မပြောဘူး။ သူ့မျက်နှာဟာ မျက်နှာဖုံးစွပ်ထားသလို ဖြစ်သွားတယ်။

"တွေးကြည့်စမ်းပါ" ဒမ်ဘလီဒိုးက ဆက်ပြောတယ်။ "အဲဒီလိုဆိုရင် ဘယ်လိုအခြေအနေဖြစ်မလဲ . . . . ဝယ်စလီမိသားစုဟာ ဂုဏ်သိက္ခာအရှိဆုံး မှော်ဆရာမျိုးရိုးတစ်ခု။ တွေးကြည့်စမ်းပါ၊ တကယ်လို့ အာသာ-ဝယ်စလီရဲ့ သမီးအရင်းက မတ်ဂေါ်မျိုးရိုးကလာတဲ့ လူကို တိုက်ခိုက်သတ်ဖြတ်တယ်ဆိုရင် ဝယ်စလီနဲ့ ၎င်းရဲ့ မတ်ဂေါ်ကာကွယ်ရေး ဥပဒေကို ဘယ်လို ဝယ်ချိုးတ် မလဲ။ တော်သေးတာက ဒီ နေ့စဉ်မှတ်တမ်းကို တွေ့ရှိလို့၊ ရစ်ဒေါ်ရဲ့ မှတ်ဉာဏ်ဟာလဲ ၎င်းအပေါ်ကနေ ပယ်ဖျက်ပစ်လိုက်ပြီ။ နို့မို့ရင် ဘယ်လို အကျိုးဆက်ဖြစ်မလဲဆို့ ဘယ်သူ သိမှာလဲ . . . ."

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ မော်ဖိုင်က မိမိကိုယ်မိမိ အတင်းစကားပြောခိုင်းတယ်။

"တကယ့်ကို သိပ်ကံကောင်းတာပဲ" သူက သဘာဝမကျစွာ ပြောတယ်။

သူ့ကျောဘက်မှာ ရှိတဲ့ ဒေါ့ဘီဟာ နေ့စဉ်မှတ်တမ်းကို လက်ညှိုးထိုးလိုက်၊ လူးရှပ်စ်-မော်ဖိုင်ကို လက်ညှိုးထိုးလိုက်၊ ဒီနောက် မိမိခေါင်းကို တအားထုလိုက် လုပ်နေတုန်းပဲ။

ဟယ်ရီ ရုတ်တရက် နားလည်သွားတယ်။ သူက ဒေါ့ဘီကို ခေါင်းညိတ်ပြတယ်။ ဒါနဲ့ ဒေါ့ဘီ နံရံဒေါင့်ကို ဆုတ်သွားတယ်။ တခါ မိမိနားရွက်ကို ဆွဲပြီး ဒဏ်ခတ်တယ်။

"ဂျင်နီ ဒီစာအုပ်ကို ဘယ်လိုရတယ်ဆိုတာ ခင်ဗျား မသိချင်ဘူးလား၊ မစ္စတာ မော်ဖိုင်" ဟယ်ရီက ပြောတယ်။

လူးရှပ်စ်-မော်ဖိုင်ဟာ သူ့ဘက်လှည့်လိုက်တယ်။

"အဲဒီ ငအမလေး-ငင်းကို ဘယ်လိုရတယ်ဆိုတာ ကျုပ်က ဘာလို့ သိရမှာလဲ" သူက ပြောတယ်။

"အဲဒါ၊ ခင်ဗျား သူမကို ပေးလို့" ဟယ်ရီက ပြောတယ်။ "လှပခြင်းနဲ့ အမည်းကွက် စာအုပ်ဆိုင်မှာတုန်းက ခင်ဗျား သူမရဲ့ ရုပ်ပြောင်းဖတ်စာအုပ်ကို ကောက်ပြီး နေ့စဉ်မှတ်တမ်း စာအုပ်ကို တိတ်တိတ်လေးညှပ်ထည့်လိုက်တယ်၊ ဟုတ်တယ်မှုတ်လား"

မော်ဖိုင်ရဲ့ ဖြူဖပ်တဲ့ လက်နှစ်ဖက် လက်သီးဆုပ်ထားတာ သူမြင်ရတယ်။ ဒီနောက် လက်ဖြေလိုက်တယ်။

"သက်သေပြစရာရှိလား" သူက အသံသြသြနဲ့ မေးတယ်။

"အော၊ ဘယ်သူကမှ သက်သေမပြနိုင်တော့ပါဘူး" ဒမ်ဘလီဒိုးက ဟယ်ရီ့ကို ပြုံးပြုံးကြီး ကြည့်ပြီး ပြောတယ်။ "အခု၊ ရစ်ဒေါ်ရဲ့ နေ့စဉ်မှတ်တမ်းဟာ စာအုပ်ထဲက ပျောက်သွားပြီ။ ပြီးတော့၊ လူးရှပ်စ်၊ ကျုပ် ခင်ဗျားကို တစ်ခု သတိပေးမယ်၊ ဗိုလ်ဒီမွန့် ကျောင်းသားဘဝက ပစ္စည်းအဟောင်းတွေကို လိုက်ဖြန့်မနေနဲ့တော့။ ဒီပစ္စည်းတွေ အပြစ်မဲ့သူတွေလက်ထဲ ကျရောက်သွားပြန်ရင်၊ အနည်းဆုံး အာသာ-ဝယ်စလီကတော့ ၎င်းတို့ဟာ ခင်ဗျားဆီက ထွက်လာတာဆိုတာ စုံစမ်း စစ်ဆေးလို့ရမှာ သေချာတယ် —"

လူးရှပ်စ်-မော်ဖိုင်ဟာ ခနလောက် ငိုင်ရပ်နေတယ်။ သူ့ညာလက်



လှုပ်လိုက်ပြီး မှော်ကြိမ်လုံးကို ဆွဲမလို လုပ်လိုက်တာ ဟယ်ရီ သေချာမြင်တယ်။ ဒါပေမယ့် သူ့ကိုယ့်ကို ထိန်းလိုက်တယ်။ လှည့်ပြီး ၎င်းရဲ့ အိမ်မွေးမှင်စာလေးကို ပြောတယ်။

"တို့ သွားမယ်၊ ဒေါ့ဘီ"

သူက တံခါးကို လှည့်ဖွင့်တယ်။ အိမ်မွေးမှင်စာလေးဟာ ဂမန်းဝတန်း ပြေးထွက်လာတယ်။ မစ္စတာ မော်ဖိုင်က သူ့ကို ကန်ထုတ်လိုက်တယ်။ စင်္ကြံတလျှောက်မှာ ဒေါ့ဘီရဲ့ အော်သံကြားနေရတယ်။ ဟယ်ရီဟာ ရပ်နေရင်း ခနစဉ်းစားနေတယ်။ ဒီနောက် သူအကြံရသွားတယ်။

"ပါမောက္ခ ဒမ်ဘလီဒိုး" သူက လောလောပြောတယ်။ "ဒီ နေ့စဉ်မှတ်တမ်းကို မစ္စတာ မော်ဖိုင်ကို ပြန်ပေးလို့ရမလား ခင်ဗျား"

"ရတာပေါ့၊ ဟယ်ရီ" ဒမ်ဘလီဒိုးက အေးဆေးစွာ ပြောတယ်။ "ဒါပေမယ့် မြန်မြန်လုပ်မှ ညစာစားပွဲ ရှိတာ မမေ့နဲ့ဦး"

ဟယ်ရီက နေ့စဉ်မှတ်တမ်းကို ဆွဲယူလိုက်ပြီး ရုံးခန်းက ပြေးထွက်သွားတယ်။ ဒေါ့ဘီ နာကျင်လို့ အော်ဟစ်သံ ကွေ့ချိုးသွားပြီး ကြာလေဝေးသွားလေပဲ။

ဒီစီမံကိန်း အောင်မြင်မလားဆိုတာ တွေးရင်း ဟယ်ရီဟာ ခြေထောက်က ဖိနပ်တစ်ဖက်ကို ချွတ်ပစ်ကာ ကပ်စေးနေတဲ့ ခြေစွပ်နံနံစော်စော်ကို ချွတ်ပြီး နေ့စဉ်မှတ်တမ်းကို အထဲထည့်လိုက်တယ်။ ဒီနောက်၊ သူဟာ မှောင်မည်းတဲ့ စင်္ကြံအတိုင်း ပြေးသွားတယ်။

သူတို့နှစ်ယောက် လှေခါးက ဆင်းမယ်လုပ်တုန်းမှာ သူလိုက်မှီသွားတယ်။

"မစ္စတာ မော်ဖိုင်" သူက ဟောဟဲဟောဟဲနဲ့ ပြောတယ်၊ ခြေလှမ်းတို တန့်လိုက်တယ်။ "ကျွန်တော့်မှာ ခင်ဗျားကို ပေးဖို့ ပစ္စည်းတစ်ခုရှိတယ်"

သူက အဲဒီနံနံစော်စော် ခြေစွပ်ကို လူးရှပ်စ်-မော်ဖိုင်ရဲ့ လက်ထဲ ထည့်လိုက်တယ်။

"ဒါ ဘာလဲ —"

မစ္စတာ မော်ဖိုင်ဟာ နေ့စဉ်မှတ်တမ်းပေါ်က ခြေစွပ်ကို ဖယ်ပြီး ပစ်ချလိုက်တယ်။ ဒေါသနဲ့ ပျက်စီးနေတဲ့ နေ့စဉ်မှတ်တမ်းကို ကြည့်ပြီး ဟယ်ရီ့ကို လှည့်ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ရီ-ပေါ်တာ၊ တစ်နေ့နေ့မှာ မင်းလဲ မင်းမိဘလို နိဂုံးချုပ်ရလိမ့်မယ်" သူက တိုးတိုးပြောတယ်။ "သူတို့ဟာ ထိုစဉ်က မဆိုင်တာ ဝင်ပါတတ်တဲ့ ငတုံးတွေပဲ"

သူလှည့်ထွက်မယ်လုပ်တုန်းမှာ

"မြန်မြန်လာ၊ ဒေါ့ဘီ။ ကြွားလား၊ မြန်မြန်"

ဒါပေမယ့် ဒေါ့ဘီက မလှုပ်ဖူး။ သူဟာ ဟယ်ရီရဲ့ စေးကပ်တဲ့ ခြေစွပ်နံနံစော်စော်ကို အမြင့်ကြီး မြှောက်ပြီး စိတ်လှုပ်ရှားစွာ ကြည့်နေတယ်။ အဲဒါ အနဂ္ဃတန်ဖိုးရှိတဲ့ အရာလိုပဲ။

"သခင်က ဒေါ့ဘီကို ခြေစွပ်တစ်ဖက်ပေးတယ်" အိမ်မွေးမှင်စာလေးက အံ့ဩစွာပြောတယ်။ "သခင်က ခြေစွပ်ကို ဒေါ့ဘီကို ပေးတယ်"

"ဘာ ?" မစ္စတာ မော်ဖိုင်က စိတ်ဆိုးစွာ ပြောတယ်။ "မင်း ဘာပြောတယ်"

"ဒေါ့ဘီ ခြေစွပ်တစ်ဖက်ရပြီ" ဒေါ့ဘီက မယုံနိုင်ပဲ ပြောတယ်။ "သခင်ပစ်ချတာ၊ ဒေါ့ဘီ ဖမ်းမိတယ်။ ဒေါ့ဘီ — ဒေါ့ဘီ လွတ်လပ်သွားပြီ"

လူးရှပ်စ်-မော်ဖိုင်ဟာ နေရာတွင် ငိုင်ရပ်ပြီး အိမ်မွေး မှင်စာလေးကို စိုက်ကြည့်နေတယ်။ ဒီနောက် သူက ဟယ်ရီ့ဆီ ပြေးသွားတယ်။

"မင်းကြောင့် ငါ့အိမ်စေ ဆုံးရှုံးသွားရပြီ၊ ငနဲလေး"

ဒါပေမယ့် ဒေါ့ဘီက အော်တယ်။ "ဟယ်ရီ-ပေါ်တာကို မထိနဲ့"

ဒိုင်းသံကြီးနဲ့အတူ မစ္စတာ မော်ဖိုင် နောက်သို့ လဲကျသွားတယ်။ သူဟာ ဂယိမ်းဂယိုင်နဲ့ ခြေခါးထစ်တွေ ကျော်ပြီး ဆင်းပြေးသွားတယ်။ နောက်ဆုံးမှာ အောက်လှေခါးထိပ်မှာ လဲကျသွားတယ်။ သူမနည်းထရပ်တယ်။ မျက်နှာကြီးမည်းပြီး မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ ဒါပေမယ့် ဒေါ့ဘီက သွယ်လျတဲ့၊ ခြိမ့်ခြောက်နိုင်စွမ်းရှိတဲ့ လက်ချောင်းကို ထောင်လိုက်တယ်။

"ခင်ဗျားသွားတော့" သူအောက်ဘက်ရှိ မစ္စတာ မော်ဖိုင်ကို လက်ညှိုးထိုးပြီး ကြမ်းကြုတ်စွာ ပြောတယ်။ "ခင်ဗျား ဟယ်ရီ့ကို ဘယ်တော့မှ မထိနဲ့။ ခင်ဗျားသွားတော့"

လူးရှပ်စ်-မော်ဖိုင်မှာ တခြားနည်းလမ်းမရှိတော့ဘူး။ သူဟာ သူတို့နှစ်ယောက်ကို ဒေါသနဲ့ ကြည့်လိုက်ပြီး၊ မြုံထည်နဲ့ ကိုယ်ကို တင်းတင်းပတ်ကာ အလျင်အမြန် ပျောက်သွားတယ်။



"ဟယ်ရီ-ပေါ်တာက ဒေါ့ဘီကို လွတ်မြောက်စေတယ်" မှင်စာလေးက စူးရှတဲ့ အသံနဲ့ ပြောရင်း ဟယ်ရီ့ကို မော့ကြည့်တယ်။ လရောင်ဟာ အနီးရှိ ပြတင်းပေါက်က ဝင်လာတယ်။ ၎င်းရဲ့ ပြူးပြူးဝိုင်းဝိုင်း မျက်လုံးကို ထိုးနေတယ်။ "ဟယ်ရီ-ပေါ်တာက ဒေါ့ဘီကို လွတ်လပ်သွားစေတယ်"

"ငါ ဘာမှ မလုပ်ပါဘူး၊ ဒေါ့ဘီ" ဟယ်ရီက သွားဖြဲရယ်ပြီး ပြောတယ်။ "မင်း ငါ့ကို ကတိပေး။ ငါ့ကို ကာကွယ်ဖို့ မကြိုးစားနဲ့တော့"

မှင်စာလေးရဲ့ အညိုရောင် မျက်နှာပေါ်မှာ ရုတ်တရက် အံ့ပြုံးပန်းပွင့်သွားပြီး သွားတွေ ပေါ်လာတယ်။

"ငါ့မှာ မေးစရာ တစ်ခုတည်းရှိတယ်၊ ဒေါ့ဘီ" ဒေါ့ဘီဟာ တုန်ယင်တဲ့ လက်နဲ့ ဟယ်ရီ့ ခြေအိတ်ကို စွပ်တဲ့အခါမှာ ဟယ်ရီက ပြောတယ်။ "မင်း ငါ့ကို ပြောဖူးတယ်၊ ဒါတွေအားလုံး ဟိုနာမည်တောင် မခေါ်ဝံ့တဲ့ လူနဲ့ မဆိုင်ဘူး။ မှတ်မိလား။ ဒါပေမယ့် — "

"ဒါက အချက်ပြသဘောပါ။ ဆရာ" ဒေါ့ဘီရဲ့ မျက်လုံးကြီး ပိုပြူးလာတယ်။ ဒါဟာ မပြောလဲ သိရမယ်ဆိုတဲ့ သဘောလိုပဲ။ "ဒေါ့ဘီက ခင်ဗျားကို အချက်ပြတာ။ မှော်နက်ဘီလူးကြီးဟာ သူနာမည် မပြောင်းခင်တုန်းက သူ့နာမည်ကို ခေါ်လို့ရတယ်။ သူ့နာမည်ကို ကြိုက်သလို သုံးနိုင်တယ်၊ သိပြီလား"

"နားလည်ပါပြီ" ဟယ်ရီက မပြောချင် ပြောချင် ပြောလိုက်တယ်။ "ကောင်းပြီ၊ ငါသွားတော့မယ်။ သူတို့ ထမင်းစားပွဲ ကျင်းပနေတယ်။ ငါ့သူငယ်ချင်း ဟာမီးလဲ နိုးရော့မယ် . . . . "

ဒေါ့ဘီက လက်ဆန့်ပြီး ဟယ်ရီ့ ခါးကို ဖက်တယ်။ သူ့ကို တအားညှစ်လိုက်တယ်။

"ဟယ်ရီ-ပေါ်တာဟာ မူလက ဒေါ့ဘီ သိတာထက် ကြီးမြတ်တယ်" သူက ငိုရှိုက်ရင်း ပြောတယ်။ "သွားတော့မယ်၊ ဟယ်ရီ-ပေါ်တာ"

ဒေါ့ဘီလည်ချောင်းထဲကနေ ရှိုက်သံကြီး ထွက်လာပြန်တယ်။ ဒီနောက် ပျောက်သွားတယ်။

ဟော့ဂ်ဝပ်က ညစာစားပွဲကြီးအချို့ ဟယ်ရီတက်ရောက်ဖူးတယ်၊ ဒါပေမယ့် ဒီနေ့လောက် ထူးခြားဆန်းကြယ်တာ မရှိသေးဘူး။ အားလုံး ညဝတ်

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီတွေ ဝတ်ထားပြီး ဂုဏ်ပြုအစီအစဉ်ဟာ တစ်ညလုံး လုပ်သွားတယ်။ မမေ့နိုင်စရာ မြင်ကွင်းတွေ အများကြီးပဲ။ ဟာမီးက သူ့ဆီပြေးလာတယ်။ ပါးစပ်ကလည်း "နင် အနက်ကောက်လို့ရပြီ၊ နင်အနက်ကောက်လို့ရပြီ" လို့ အော်နေတယ်။ ဂျတ်စတင်ဟာ ဟာ့ဖ်ဖတ် စာပွဲက ပြေးလာပြီး သူ့လက်ကို ဆွဲကာ မဆုံးနိုင်အောင် တောင်းပန်တယ်။ အစက သူ့ကို သံသယမဖြစ်သင့်ဘူးလို့ ပြောတယ်။ နံနက်လင်းအားကြီး သုံးနာရီမှာ ဟက်ဂရစ် ရောက်လာတယ်။ ဟယ်ရီနဲ့ ရွန်ရဲ့ ပခုံးကို တအားပုတ်တယ်။ သူတို့ မခံနိုင်လို့ အချိုစားတဲ့ ပန်းကန်ပြားထဲ လဲကျသွားတယ်။ သူနဲ့ ရွန်ရရှိတဲ့ အမှတ် (၄၀၀)ဟာ ဂရစ်ဖင်းဒေါ်ကို ဒိုင်းဆုကာကွယ်ရာမှာ အောင်မြင်မှုရစေတယ်။ ပါမောက္ခ မက်ဂေါ်နာဂက မတ်တတ်ရပ်ပြီး သူတို့ကို ပြောတယ်။ "ကျောင်းက အားလုံးကို ပြုစုတဲ့အနေနဲ့ စာမေးပွဲ ပယ်ဖျက်လိုက်တယ်" (အိုး မလုပ်ပါနဲ့ ဟာမီးကပြောတယ်။) ဒမ်ဘာလီဒိုးက ကြေညာတယ်။ "ကံမကောင်းစွာပဲ လာမယ့်ကျောင်းပတ်မှာ ပါမောက္ခ လော့ဟတ် မလာနိုင်တော့ဘူး၊ သူဟာ တခြားသွားပြီး သူ့မှတ်ဉာဏ်ကို ပြန်ရှာရမှာမို့" ဒီသတင်းကို ကြားရတော့ အားလုံး ဝမ်းသာအားရအော်ကြတယ်။ ဆရာတစ်ချို့လဲ ကောင်းတယ်လို့ အော်ကြတယ်။ ဒီလောက်များများ စိတ်လှုပ်ရှားစရာတွေထဲမှာ ဘယ်ဟာက အပြောင်မြောက်ဆုံး အလှပဆုံးလဲဆိုတာ ဟယ်ရီတကယ်မသိဘူး။

"စိတ်မကောင်းစရာပဲ" ရွန်က ယိုဒိုးနတ်မုန့်တစ်ခုလှမ်းယူရင်း ပြောတယ်။ "ငါကတော့ ကြာလေ လော့ဟတ်ကို နှစ်သက်လေပဲ"

နွေရာသီကျောင်းပိတ်ဖို့ ကျန်ရှိနေသေးတဲ့ အချိန်ပိုင်းဟာ လင်းလက်တဲ့ နေရောင်အောက်မှာ ကုန်ဆုံးခဲ့တာ ဖြစ်တယ်။ ဟော့ဂ်ဝပ် ပုံမှန်ပြန်ဖြစ်သွားပြီ။ ပြောင်းလဲမှု နည်းနည်းလေးပဲ ရှိတယ်။ မှော်နက်ပညာ ကာကွယ်ရေးအတတ် ဘာသာရပ် ပယ်ဖျက်လိုက်တယ်။ ("ငါတို့ ဒီဘက်မှာ လက်တွေ့ အများကြီး ရှိပြီပဲ" ရွန်က ဟာမီးကို မပျော်မရွှင် ပြောတယ်။) လူးရှပ်စ်-မော်ဖိုင်ကို ကျောင်းဒါရိုက်တာအဖွဲ့က ထုတ်ပစ်လိုက်တယ်။ ဒွာခိုလဲ ကျောင်းမှာ အရှင်သခင်လို မော်မော်ကြွားကြွား လျှောက်သွားမနေတော့ဘူး။ ဒါနဲ့ ဆန့်ကျင်စွာပဲ အခု သူဟာ တနေကုန် မျက်နှာကြီးပုပ်ပြီး ရင်ထဲမှာ ရန်ငြိုးတွေ ပြည့်နေသလိုပဲ။ တခြားတဖက်မှာ ဂျင်နီ-ဝယ်စလီဟာ ပြန်ပြီး မူလအကိုင်း



သွက်လက်ပျော်ရွှင်နေပြီ။

ချက်ချင်းဆိုသလိုပဲ သူတို့ ဟော့ဂ်ဝပ် အထူးအမြန်ရထားစီးပြီး အိမ်ပြန်ရတော့မယ်။ ဟယ်ရီ၊ ရွန်၊ ဟာမီး၊ ဖရက်၊ ဂျော့နဲ့ ဂျင်နီတို့ဟာ အခန်းတစ်ခန်း ယူကြတယ်။ သူတို့ဟာ ကျောင်းမပိတ်ခင် မှော်ပညာသုံးခွင့်ရတဲ့ နောက်ဆုံးနာရီအချို့ကို အပြည့်အဝအသုံးချကြတယ်။ သူတို့ဟာ စနတ်ပျောက် ဖောက်တမ်းကစားတယ်။ ဖရက်နဲ့ ဂျော့တို့ရဲ့ နောက်ဆုံးဘိတ် ဖစ်လစ်ဘတ်စတာ ပျောက်မီးပန်းကို ရှို့ကြတယ်။ မှော်ပညာနဲ့ တဖက်က လက်နက်ကို ဖြုတ်တာ အပြန်အလှန်ကစားကြတယ်။ ဒီမှော်ပညာနဲ့ ပတ်သက်ပြီး အခု ဟယ်ရီဟာ အလွန်ကျွမ်းကျင်နေပြီ။

မီးရထားကြီး မင်းကြက်ခြေဘူတာ ရောက်ခါနီးမှာ၊ ဟယ်ရီ ရုတ်တရက် တစ်ခု သတိရမိတယ်။

"ဂျင်နီ — ဟိုနေ့က မင်း ဖတ်စီ ဘာလုပ်နေတာ မြင်လဲ။ သူက မင်းကို ဘယ်သူ့မှ မပြောရဘူးလို့ ပြောတယ် ?"

"အော၊ အဲဒါလား" ဂျင်နီက တခစ်ခစ် ရယ်တယ်။ "ဒီလိုပါ — ဖတ်စီ ရည်းစားတစ်ယောက်ထားတယ်"

ဖရက်လက်ထဲက စာအုပ်တစ်ထပ် ဂျော့ခေါင်းပေါ် ပြုတ်ကျသွားတယ်။

"ဘာ ?"

"ရာဗင်ခလောက အတန်းခေါင်းဆောင်၊ ဖန်နလော့-ခလီယာဝါတာလို့ ခေါ်တယ်" ဂျင်နီက ပြောတယ်။ "မနှစ်က နွေကျောင်းပိတ်ရက်မှာ သူက သူမဆီ စာတွေအများကြီး ရေးတယ်။ သူဟာ ကျောင်းက နေရာအမျိုးမျိုးမှာ သူမရဲ့ ချိန်းတွေ့တယ်။ တစ်နေ့မှာ ကျွန်မ ကျောင်းခန်းအလွတ် တစ်ခုထဲမှာ သူတို့ နမ်းနေတာနဲ့ သွားတိုးတယ်။ ဒါတော့ — နင်တို့လဲ သိပါတယ် — အတိုက်ခိုက်ခံရပြီးနောက် သူ သိပ်စိတ်မကောင်းဖြစ်သွားတယ်။ နင်တို့ သူ့ကို မကျဲ့ရယ်ပါဘူးနော်၊ ကျဲ့ရယ်မလား" သူမက ပူပင်စွာ ပြောတယ်။

"အိပ်မက်မက်တာတောင် ဒီလိုမတွေးပါဘူး" ဖရက်က ပြောတယ်။ ဒါပေမယ့် သူပျော်နေပုံ ကြည့်ရတာ သူ့မွေးနေ့ ကြိုတင်ရောက်လာသလိုပဲ။

"ဘယ်နည်းနဲ့မှ မကျဲ့ရယ်ပါဘူး" ဂျော့က ဖြေရင်း တိတ်တိတ်လေး ခိုးရယ်နေတယ်။

ဟော့ဂ်ဝပ် အထူးအမြန်ရထား ဖြည်းဖြည်းနဲ့ နှေးလာတယ်။ နောက်

www.burmeseclassic.com



ဆုံးရပ်သွားတယ်။

ဟယ်ရီက မိမိရဲ့ ဇာက်မွေးကလောင်နဲ့ သိုးရေစက္ကူကို ယူထုတ်လိုက်ပြီး ရွန်နဲ့ ဟာမီးဘက် လှည့်လိုက်တယ်။

"ဒါဖုန်းနံပတ်လို့ ခေါ်တယ်" သူက ရွန့်ကို ပြောတယ်။ နံပတ်ကို ကသောကမြော နှစ်ကြိမ်ရေးပြတယ်။ ဒီနောက် သိုးရေစက္ကူကို နှစ်ခြမ်းဖြဲပြီး သူတို့နှစ်ယောက်ကို ပေးလိုက်တယ်။ "မနှစ်က နွေမှာ ငါမင်းအဖေကို တယ်လီဖုန်း ဘယ်လိုသုံးရတယ်ဆိုတာ ပြောပြတယ်။ သူနားလည်မှာပါ။ ဒါစလီတို့အိမ် ငါ့ဆီကို ဖုန်းဆက်၊ ကောင်းလား။ နှစ်လလုံးလုံး ဒါလီနဲ့ပဲ စကားပြောရတာ မခံနိုင်တော့ဘူး ......"

"နင့် အဒေါ်နဲ့ ဦးလေး နင်ဒီနှစ်လုပ်တဲ့ ကိစ္စအကြောင်းကြားပြီးနောက်" ဟာမီးက ပြောတယ်။ ဒီချိန်မှာ သူတို့ ရထားက ဆင်းကာ ကြပ်သိပ်တဲ့ လူစီးထဲဝင်လိုက်ပြီ မှော်ပညာစီရင်ထားတဲ့ နံရံဆီသို့ သွားကြတယ်။ "နင့်အစား ဂုဏ်ယူကြမှာ၊ ဟုတ်လား"

"ဂုဏ်ယူမယ် ?" ဟယ်ရီက ပြောတယ်။ "နင်ရူးများနေလား၊ သူတို့က ငါသေဖို့ သီသီလေး လိုတော့တာ လေးငါးခါတောင် ရှိပြီး သေဘေးက လွတ်လာတယ်လို့ ကြားရင် သိပ်ကို စိတ်ဆိုးကြမှာ ....." ဒီနောက်၊ သူတို့အတူတကွ ဝင်ပေါက်ကို ဖြတ်ကျော်ပြီး မတ်ဂေါ်ကမ္ဘာထဲ ပြန်ရောက်သွားကြတယ်။

ကြည်ကြည်မာ
ဒီဇင်ဘာ၊ ၂၀၀၂

www.burmeseclassic.com